www.burmeseclassic.com

# သျှစ

## ကျွန်တော်ချစ်သော မိန်းမပျို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အကြိမ် - ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

သျှင်မ ၈၉၅.၈၃
ကျွန်တော် ချစ်သော မိန်းမပျို/ သျှင်မ၊ ရန်ကုန်၊
ရွှေသမင်စာပေ၊ ၂၀၁၄။
၃၈၄ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ကျွန်တော် ချစ်သော မိန်းမပျို



## အခန်း (၁)

"ဒီမှာ ထိုး ရှိလား ဟင် .."
"မရှိဘူး .. ကွမ်းယာလည်း မရောင်းဘူး .."
"ရှင်!..."
ပေဖူး ကြောင်အမ်းအမ်းလေး ဖြစ်သွားၡ၏။ ထိုစဉ် မုန့်ဆိုင်၏ ...တ်ထဲကနေ ဆက်ထိုး ထွက်လာကာ ...
"ပေဖူး .. ဘာလဲ .."
"ငါ နင့်ဆီ လာတာ .."
"ကျွတ်!..."
သူ့မျက်နှာ တော်တော် ကြည့်ရဆိုးအောင် ရှုံ့မဲ့နေမှာ သေချာ...ပြီးတော့ ပေဖူး ရဲ့လက်လေးကို ဆွဲခေါ်လာခဲ့တာလည်း ညင်...သာသာ ရှိမှာ မဟုတ် ...၊
"နင် ဘာဖြစ်လို့ ငါ့ကို တစ်ထိုးတည်း ထိုး နေရတာလဲ .. ပြော... ...သို့ အဖျားဆွတ် မခေါ်ဖို့ ပြောပေါင်းလည်း များလှပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"ငါ နှုတ်ကျိုးနေလို့ပါ .."

ပေဖူး က ရင်ခွင်ထဲမှာပိုက်လာသည့် လွယ်အိတ်လေးကို ဆက်ထုံး ကို ထိုးပေး၏။

မျက်လုံးတွေကလည်း ဆက်ထုံး ရဲ့ တစ်ကိုယ်လုံးကို ခေါင်းဖြီး ထားပုံကအစ ဖိနပ်အထိ သေချာ ပြုံးဖြဲကြည့်သည်။

"ဘာလဲ ..၊ ဘာဖြစ်နေလို့လဲ .."

"မဖြစ်ပါဘူး .. ပြေပါတယ် ..၊ ဒါပေမယ့် ဖိနပ်က နည်းနည်း ယောင်းနေသလားလို့ .. နင် ခေါ်စာဥ ကို မှာလိုက်တာ ဖိနပ် မပါဘူး လား .."

ဆက်ထုံး က ဖိနပ်ကို ငုံ့ကြည့်ပြီး ခါ;နှစ်ဖက်ထောက်ကာ ..

"မပါဘူးလေ .. နင်က ငါ့ကို ပိုက်ဆံမှ အချိန်မီ မပေးတာ .."

"ဟုတ်လား .. အဲဒါကြောင့်လား .."

"ဟုတ်တယ် ..၊ အဲ့ဒါကြောင့် .."

"ဖြစ်ရလေ ထုံး ရယ် .."

"ခေါ်ပြန်ပြီ ဒီ ထုံး .."

"လူတွေရှေ့မှာမှ မဟုတ်တာ နင်ကလည်း .. ငါတို့ ငယ်ငယ် တည်းက ဒီတိုင်း ခေါ်လာတာ .."

ကဲ .. ရှိစေတော့ဆိုသည့် ဆရာကြီးမျက်နှာနှင့် ဆက်ထုံး က မျက်မှောင်ကုတ်ကြည့်၏။

တိုနံ့နံ့ ဆံပင်လေးက ပါးလည်း ပါးသည် ..၊ အတိုအစွ အပြတ် တွေနဲ့ အဖျားတွေလည်း နီ၏။

ဒါကို ကျစ်ဆံမြီးလေး နှစ်ဖက် ခွဲကျစ်ထားကာ ကော့ကော့ထား ကား ကျစ်ဆံမြီးလေးက ပခုံးမှာလည်း မထောက် ..၊ ရင်ဘတ်ပေါ်လည်း မရောက် ..။

အသားလေး ဖြူတာပဲ ရှိသည်။ မျက်ခုံးက အရောင်အဆင်း မရှိ





ချက်နက်အိမ် ပြည့်နေပေမယ့် ပြူးသလို ဖြစ်နေသည့် မျက်လုံးကလည်း လေ ..။

ဘယ်တုန်းကမှ ပြောင်ပြောင်ရောင်ရောင် ဝတ်စား ပြင်ဆင်မနေ တတ်သော သူမကို ကြည့်လိုက်တိုင်း ခပ်နွမ်းနွမ်း ထဘီတိုတို .. အင်္ကျီ ရင်ဇေ .. ရင်ဖုံး ပွပွ ..။

သူမ၏ ဖွံ့ထွားသော ကိုယ်လုံးကလေးကတော့ ကြည့်ပျော် ရှုပျော် မို့ သူ့အတွက် သက်ပြင်းချဖွယ် ရှိနေသေးတာပါ ..။

"ပေဖူး .. နင် ဒီပုံစံနဲ့ ရွာပြင်ထွက်လာတယ် .. ဟုတ်လား .."

"ငါ .."

လူကို ရွံ့မဲ့မဲ့ စေ့စေ့စပ်စပ် ကြည့်နေတည်းက ထုံး ဆီက တစ်ခုခု တဲ့ရဲ့သံ လာတော့မယ်ဆိုတာ ပေဖူး သိသည်။

ဒါပေမယ့် ပြောလိုက်တော့လည်း မျက်နှာငယ်လေးနှင့် ကိုယ့် ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိပြန်ကာ ...

"ငါ အင်္ကျီရော .. ထဘီရော လဲလာပါတယ် ..၊ အစုတ်နဲ့ တူနေလို့ သား ဟင် .."

"ဒါဆိုရင်တော့ နင်ကိုက အရောင်မထွက်တာ နေမှာပေါ့ .."

ပြောရက်လိုက်တာဆိုသည့် မျက်ဝန်းလေးတွေ သူ့ဆီ ရောက်လာ ပေမယ့် ဆက်ထုံး က သနားရမှန်း မသိ ..၊

"အေးပါ .. ငါက တောမှာ ကျန်ခဲ့မယ့်လူပါ ..၊ နင်က မြို့ကို သွားမှာ .. နင် အရောင်ထွက်နေဖို့ပဲ လိုတာပါ .."

"အံမာ .. ပြောပုံက လူကို ရွဲ့သလို ချိတ်သလို .."

"မရွဲ့ပါဘူး ထုံး ရယ် .. ငါ အဲဒီလို မပြောတတ်တာ နင် သိရဲ့ သားနဲ့ .."

"အင်းပါ .. ကဲ .. အခု ဒါ ဘာတွေလဲ .."

"ဟိုလေ .. ပိုက်ဆံရယ် .. နင့်အတွက် ပုဆိုးရယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!... ပုဆိုး ဟုတ်လား .."

"ဟုတ်တယ် .."

ပုဆိုးကလွှာမှာ ပေဖူး ရဲ့မျက်နှာလေးက တက်ကြွ ဝင်းပလာခဲ့လျက် ...

"အဲ့ဒါ ငါ့အဖေရဲ့ ဘန်ကောက်ပုဆိုး သိလား ..၊ ပြီးတော့ .."

"ဘာလဲ .. ပြောင်ပြောင်လက်လက် .. တရှမ်းရှမ်း မြည်နေတဲ့ မင်းတုန်းမင်းလက်ထက်က တောင်ရှည်ပုဆိုးကြီးလား .."

"မင်းတုန်းမင်း လက်ထက်ကတော့ မဟုတ်ပါဘူး နင်ကလည်း.. အဖေ့ လက်ထက်ကပါ .."

"ကျွတ်!..."

"အဖေ့ကို ငါတောင် မြင်ဖူးတာ မဟုတ်ဘူး .. ခုကျမှ ဆွေမျိုးပေါ်လာပြီး အဖေတို့ .. အဲမေတို့ရဲ့ အမွေတွေ ငါ ရတဲ့ဥစ္စာ .. ဒါပေမယ့် မင်းတုန်းမင်းလက်ထက်က ဘန်ကောက်ပုဆိုးဆိုတာ ရှိလို့လား .."

"ဟုတ်ပါပြီ .. ရပါပြီ .. ထားလိုက်တော့ ..၊ အဲဒီ ဘန်ကောက်ပုဆိုး ကိစ္စ .."

"ပန်းရောင်လေး သိလား .. အဟုတ်ကို လှတာ ..၊ ငါ့မှာလည်း အမေ့ရဲ့ ချိတ်ထဘီ ရှိ .."

"ဘာလဲ .. အဲဒီထဘီပါ ဒီထဲ ထည့်လိုက်တာလား .."

"ဟင့်အင်း .. မထည့်မိဘူး .. နင်က လိုချင်လို့လား .."

မေးပုံက တအံ့တသြ ..၊

ဆက်ထုံး စိတ်တိုသွား၏။

"ဟုတ်တယ် .. ငါ မိန်းမယူရင် ထည့်တောင်းချင်လို့ ..၊ ခုတော့ မလိုချင်သေးပါဘူး .."

"ဘာ!... ထုံး .. နင်က မိန်းမယူမယ် ဟုတ်လား ..၊ နင်ပဲ ငါ နင်နဲ့ .."





"ဆက်ထုံး ရေ .. ရထား လာပြီဟ .."

"ဟင် .. အေး .."

"ထုံး .."

လှည့်ထွက်ခါနီးမှာ လက်မောင်းကို ဖမ်းဆွဲထားလိုက်သဖြင့် ထုံး ပြန်လှည့်ကြည့်၏။

ပေဖူး မျက်ရည်တွေ စေ့နေလျက် ...

"သင်တန်းတွေ တက်ရင် ကြိုးစား နော် ထုံး .."

"အင်းပါ .."

"နင် ရည်မှန်းတဲ့အတိုင်း ကုမ္ပဏီကြီးတစ်ခုမှာ အရာရှိကြီးတစ်ယောက် ဖြစ်အောင် ကြိုးစား .."

"အင်းပါ .."

ရထားဥသြသံက သံရှည်ကြီး ဆွဲလာ၏။ ဒီနားချုပ်စပ် ရွာလေးတွေရဲ့ဘူတာအဖြစ် သတ်မှတ်သော 'ညောင်ပင်အို'ဘူတာသည် နောက်တိုးဘူတာမို့ ရထားသံ ကြားတာနှင့် ကလေးတွေ လူကြီးတွေ ပြေးထွက်ကြည့်သူ ကြည့် .. အော်ဟစ် ခုန်ပေါက်ပြီး နှုတ်ဆက်ကြ .. လက်ပြကြနှင့် ဆူညံနေတော့သည်။

"ဟေ့ .. ဆက်ထုံး .. လာလေကွာ .."

မြို့မှာ ကျောင်းအတူတက်ခဲ့ကြသည့် သူငယ်ချင်းတွေပဲ အတူတူသွားကြမှာမို့ သူတို့တွေက ညောင်ပင်ရိပ်က ထွက်သွားကြရင်း လှမ်းခေါ်နေကြ၏။

"စိတ်ချပါဟာ .. ငါ သွားတော့မယ် ..၊ ဒီထဲမှာ ပိုက်ဆံ ဘယ်လောက်ပါလဲ .."

"တစ်သိန်း .."

"အေး .. ပြီးရော .. ငါက နင် လွှတ်လို့ သွားရတာနော် .. ငါ ဟိုမှာ ငွေလိုတယ်ဆိုရင် တန်းပို့ဖို့ ပြင်ထား .."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ .. ငါ ပို့ပေးပါ့မယ် .."

"တော်ကြာ နင့်ကြီးတော် အသစ်စက်စက်ကြီးကြောင့် ဘာကြောင့် ညာကြောင့်နဲ့ မပို့ဘဲနေရင် ငါက မြို့ကြီးပေါ်မှာ မျက်စိသူငယ် နားသူငယ်နဲ့ .."

မျက်နှာသေလေးနဲ့ ညည်းပြလိုက်တာနှင့် ပေဖူး မျက်လုံးလေး အဝိုင်းသားနှင့် စိုးရိမ်တကြီး ဖြစ်သွားသည်။ ပြီးတော့ သူ့မလက်မှာ စွပ်ထားသည့် ရွှေလက်စွပ်လေးကို ကမန်းကတန်း ချွတ်၍ သူ့လက်ထဲ ထည့်ပေး၏။

"ဒါလေး ယူသွားလိုက် သွား .. လိုရမယ်ရ ဆောင်ထားပေါ့ .. ရွှေရှိရင် ငွေရှိသလိုပဲလေ .. မနေ့ညကလို ငါ့ဘက်မှာ တစ်ခုခု ခက်ခဲနေရင် နင် ဒုက္ခရောက်လိမ့်မယ် .."

"အေး .. ဒါဆို .. ငါ သွားပြီနော် .."

"နင့်အထုပ်ကြီး ပေးလေ .. ငါ ရွက်ခဲ့မယ် .."

"နေပါစေ .. ရတယ် .."

အနက်ရောင် ခရီးဆောင်အိတ်ကြီးကို သူ့ပခုံးပေါ် ဆွဲတင်ကာ ပေဖူး ထပ်လာပေးသော လွယ်အိတ်လေးကို ဒီတိုင်း လက်က ဆွဲလိုက်၏။

ပေဖူး သည် သူ့ဘေးကနေ တတွတ်တွတ် မှာလို့မဆုံးဘဲ ခလုတ်တွေလည်း တိုက်ရှာ၏။

ရထားဘီးတွေ လုံးဝ ရပ်တန့်သွားတာနှင့် သူ့ခြေလှမ်းတွေ အခြေးတစ်ပိုင်း သွားကာ ခြေနင်းပေါ် ခြေထောက်တင်ခါနီးမှ ...

"ပေဖူး .. နင် တစ်ယောက်တည်း ပြန်မှာလား .."

"ဟင် .. အဲ .. မဟုတ်ပါဘူး ..၊ ဒေါ်ဖော့ တို့ ဒီရွာထဲ ခဏဝင်နေကြလို့ပါ .."

ရွာစဉ် ရွာဆက်က နည်းနည်း ဝေးသည်။





ထုံး နဲ့ ပေဖူး တို့ရဲ့ရွာ က အတွင်းပိုင်းမှာဖြစ်ကာ ရွာဆက်ပြတ်သွားသည့် အလယ်မှာ ထန်းတောနှင့် ထန်းရည်ဆိုင်တွေသာ ရှိ၏။

ပြီးတော့ ခုချိန်ပြန်လျှင် ညနေခင်းမို့ ထန်းတောမှာ ထန်းရည်သမားတွေနဲ့ စည်ကားနေမယ့်အချိန် ...၊

"ကျွတ်!... အဲ့ဒါတွေ နင့်ကို ငါ ပြောနေတာ .."

နောက်လှည့်ကြည့်လိုက်ပေမယ့် ရွာက လှည်းကြဲ လူကြဲ ဘယ်မှာမှ မမြင်သည်မို့ ခြေနင်းခုံပေါ် လှမ်းထားသည့် ခြေထောက်က နောက်ပြန်ရုပ်ပြီး ဖြစ်ကာ ...

"ဒေါ်ဖော့ တို့က ဘယ်မှာလဲ ..၊ ဘယ်သူမှ မရှိဘဲနဲ့ နင် ထွက်လိုက်လာတာမို့လား .."

"မဟုတ်ဘူး – သူတို့ ပါလာပါတယ် .. ဘကြီးစိုး တို့ အလှူကို လာကြတာလေ ..၊ ရွာထဲမှာပါ ဆိုမှ .."

ဘူတာနားကရွာမှာ ဆွေမျိုးရှိသူတွေက ရထားကို အမြင်ဆန်းနေတုန်းကတော့ ဒီရွာမှာ တမင်လာပြီး ရထားကို စောင့်ကြည့်တတ်ကြ၏။

ရွာခြံစည်းရိုးနဲ့ ခေါင်းမိုးစွန်းတွေကို လှမ်းမြင်ရပေမယ့် ဆက်ထုံး မယုံဘဲ ဖြစ်နေကာ ...

"တောက်!... နင် လုပ်လိုက်ရင် ဒီတိုင်းချည်းပဲ ..၊ လာခဲ့ .."

"ထုံး .. ဘာလုပ်တာလဲ ..၊ ဟိုမှာ ရထားထွက်သွားလိမ့်မယ် .."

"ပြေးလိုက်လို့ ရတယ် .."

"ဟော့ကောင် .. ဆက်ထုံး .. ဆက်ထုံး ဘယ်ကိုလဲဟ .."

"ဆက်ထုံး ရထားထွက်တော့မယ် .."

ရထားပေါ်ကနေ သော်ဇင် တို့ လှမ်းခေါ်ကြတာ ဆူညံသွားသည်။ ပေဖူး လည်း အတင်း ရုန်းနေပေမယ့် ဆက်ထုံး က လက်ကို ဆွဲပြေးနေတာ ဆံပင်တွေပါ လွင့်နေ၏။

"ထုံး .."



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေနဲ့ အဝိုတွေ .."

"နင် ရထားထွက်သွားလို့ ကျန်ခဲ့တော့မယ် .."

အိတ်ကြီးကို ဖြုတ်ချပစ်ခဲ့ပြီး ဆက်ထုံး က ရွာထိပ်အိမ်ကို ဦး ကညင်ချိုး၏ ဆိပ်ဆုံးအိမ်ကြီးက ဒီရွာရဲ့ လူကြီးအိမ် ဖြစ်သည်။

ပြီးတော့ လူကြီးသမီးက သူနဲ့ ရင်းနှီးသည့် သူငယ်ချင်းမက ရှည်းစားမကျ ...၊

သူမတို့လက်ထဲ ထည့်ပေးခဲ့ဖို့ စိတ်ကူးနှင့် ပြေးနေရင်း ရွာထဲက ခေါ်ဆော့ ရဲ့ မြေးပေါက်စ နှစ်ယောက် ရထားကြည့်ဖို့ တလုံးလုံး ပြေးထွက်လာကြတာ မြင်လိုက်ရ၏။

"ဟိုမှာ .. ဟိုမှာ ထုံး တွေ့လား .. ပူစူး တို့ မောင်နှမ .. သူတို့ အသွား ရွာထဲမှာ ရှိပါတယ် ဆို .. ရပ်ပါတော့ .."

ဆက်ထုံး တကယ် မြင်လိုက်ရမှ တုံ့ခနဲ ရပ်၏။

ပြီးတော့ လက်ကိုလွှတ်ကာ ချာခနဲ ပြန်လှည့်ပြေးရင်း လက်နောက်ပြန် ခါပြ၍ ...

"ပြန် .. ပြန် .. ထပ်လိုက်မလာနဲ့တော့ .."

"အေးပါ .. နင် မီအောင် ပြေး .."

ဟု ပြန်အော်ပြောကာ ပေဖူး က သူ့စကား နားထောင်ကာ အတိအကျ ပြေးလိုက်လာ၏။

ပြီးတော့ ဘီးလှိမ့်စပြုနေသည့် ရထားပေါ်ကို အိတ်ကြီး လွှဲတင်လိုက်ကာ ဆက်ထုံး ပြေးတက်သွားလျှင် ...

"ထုံး .. နင် ငါ့ကိုပဲ ယူမှာမို့လား ဟင် .. ဟုတ်လား .. ငါ့ကိုပဲ နော် .."

"အေး .. အေး .."

သူ့ကို ရထားပေါ်ကနေ ဆီးကြို ဆွဲထားကြသည့် သော်ဇင် တို့က ဝိုင်းရယ်ကြ၏။





ဆက်ထုံး မျက်နှာ နီနီနှင့် ရှုံ့မဲ့နေကာ ...

"ပြန်တော့ .."

အပေါ်ကနေ ခေါသနှင့် ပေါင်း၍ အသံကုန် အော်ဟစ်လိုက်မိ၏။ တော်တော်ကို တုံးတဲ့ ပေဖူး ...၊

ထဘီအောက်နားစတွေ ခြေသလုံးတစ်ဝက်ထိ လုံးတက် လွင့်ပျံနေအောင် ပြေးလိုက်နေတာ ရထားပေါ်ကလူတွေအားလုံး ရယ်ကုန်ကြပြီ ...၊ ရှက်ရမှန်းလည်း မသိ ...၊

ယူမယ်ပြောတိုင်း ယူစရာလား ...၊

ကိုယ့်ရုပ်ကိုလည်း မှန်ထဲ ပြန်မကြည့် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ကိုယ့်ပုံစံကိုလည်း မှန်ထဲ ပြန်ကြည့်ဦး ပေဖူး .."

"လာပြန်ပြီ .. ငါက ဘာဖြစ်နေလို့လဲ .."

သူငယ်ချင်းတွေက တစ်ယောက်ကိုတစ်ယောက် လက်တို့ မဲ့ရွဲ့နေကာ လှူစုံအောင် မေးငေါ့ပြီးကာမှ ...

"နင်က လှမှ မလှဘဲ ပေဖူး ရယ် .. ပြီးတော့ ရှစ်တန်းတောင် မအောင်ခဲ့ဘူး .."

"အဲ့ဒါ ဘာဖြစ်လို့လဲ .. ငါ့လောက်တောင် အတန်းမကြီးတဲ့ ငါ့လို အပျိုတွေ ရွာထဲမှာ အများကြီးပဲ .."

"အေး .. နင့်လောက် အတန်းမကြီးလည်း နင့်ထက်တော့ လှကြတာပဲ .."

ပေဖူး ကိုယ့်ပါးကို စမ်းမိရင်း မျက်နှာလေး ငယ်သွားသည်။ ဒီအချိန်ဟာ ရွာတိုင်းမှာ ရှင်ပြုပွဲရှိတာမို့ အပျိုတွေ စုရုံး ပေါင်းစည်းမိကြတဲ့အချိန် ဖြစ်သည်။

သူငယ်ချင်းတွေ ဆုံမိတာနှင့် ပေဖူး ပြောဖြစ်တာက ဆက်ထုံး အကြောင်း ...၊





ဒီအကြောင်း ပါလာတိုင်းပဲ သူမနဲ့ ဆက်ထုံး မလိုက်ဖက်ဘူးဆိုတာ ကြားရမြဲပါ ...၊ ထိုအခါ အလှူအတွက် အခွံသင်နေသည့် လက်ထဲက ဘူးသီးလုံးကြီးကိုပါ ငုံ့ကြည့်မိ၏။

ကြက်သားမှာ ဘူးသီးကို အရောအနှောအဖြစ် ထည့်ကြသလိုမျိုး ဘယ်အလှူမှာဖြစ်ဖြစ် သူမ ဘယ်တုန်းကမှ ကွမ်းတောင်ကိုင် မဖြစ်ခဲ့...။

"ငါတို့ရွာက ကွမ်းတောင်ကိုင် .. ပန်းတောင်ကိုင်တွေကိုတောင် ဆက်ထုံး က စလိုက်နောက်လိုက် အပျော်အပျက်ရယ် .."

"မိပုံ ရယ် .. ဒါတော့ မပြောပါနဲ့ .. 'ရွာနားက မြက် ရွာနွားခေါ်' ဆိုတဲ့ စကားပုံ ရှိတဲ့ဟာ .."

"ဒါဆို .. မလှမပနဲ့ ပေဖူး ကျမှ လက်ထပ်မယ်.. ယူမယ်နဲ့ ဖြစ်တာကျတော့ရော .."

"အဲ့ဒါက .."

နုဆွေ မဖြေတတ် ဖြစ်သွားသည်။ ဘာဖြစ်ဖြစ် ပြောရဲဆိုရဲရှိကာ သတ္တိလည်း ကောင်းသော မိပုံ က အတင်းပြောတာလည်း ဝါသနာပါလေသည်။

"ငါက ကိုယ့်လူဘက်က နစ်နာမှာစိုးလို့ ပြောနေတာ ...၊ ဆက်ထုံး က လူလည် သိရဲ့လား ...၊ လောလောဆယ် အမွေရပြီး ချမ်းသာလာတဲ့ ပေဖူး ကို ညာစားတာ .. မြို့မှာ ခေါ်တာ ဘာတဲ့ .. ဟိုဥစ္စာ .. ပိုင်းလုံးသုပ်သွားတာ .."

"မဟုတ်ပါဘူးဟာ .. ငါတို့က မိဘတွေ ရှိစဉ်တည်းက သူငယ်ချင်းတွေဥစ္စာ .. ထုံး က ငါ့ကို ချစ်ပါတယ် .."

"တော်စမ်းပါ .. နင်ပဲ ယုံနေ .."

"ဟုတ်တော့ ဟုတ်တယ် ပေဖူး .. နင့်ကြီးတော်ကြီး စိတ်ဆိုးတာလည်း မပြောနဲ့ .. နင်က ကိုယ်ရတဲ့ အမွေလေးကိုတောင် လက်မှုအောင် မကိုင်ဘူး .. ဘာဖြစ်လို့ ဆက်ထုံး ကို ပေးလွှတ်လိုက်ရတာလဲ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း .. ဆက်ထုံး ဆိုတဲ့ကောင်က ရုပ်လေးချောချောနဲ့ ပညာလေးက တတ်တော့ မိဘမဲ့တာ .. ဆင်းရဲတာ .. လက်ကြောမတင်းတာ ဘာဆိုဘာမှ မပေါ်လွင်တော့ဘဲနဲ့ သူ့ဆို ရွာထဲက အပျိုတိုင်းက ကြိုက်ပြီးသားပဲ .."

"သူက ငါ့ကို ချစ်လို့ ဘယ်သူ့ကိုမှ မချစ်တော့တာပေါ့ .."

"သူ ပြောတာလား .."

"အင်းလေ .."

"ခစ် .. ခစ် .. ခစ် ..."

မရယ်ချင်ဘဲ ပါးစပ်ပိတ် ရယ်နေသေးသည်။ မိပုံ တို့က သူများကို ကဲ့ရဲ့ရှုတ်ချဖို့ဆို အကွက်ဈေးအောင် မြင်ပြီးသား ..၊

"ဟဲ့ .. ဘူးသီးအခွံခွာတဲ့အဖွဲ့ ပြီးပြီလား .."

"ပြီးတော့မယ် အရီး .."

"မြန်မြန်လုပ်ကြ .. လုပ်စရာတွေ အများကြီး ရှိသေးတယ် .."

ဒေါ်သိုစိမ့် က ပျာယီးပျာယာ လာကြည့်ပြီး လှည့်ထွက်သွားကာမှ ပေဖူး ကို ငုံ့ကြည့်ပြီး ပြန်လှည့်ရပ်ကာ ...

"ဟဲ့ .. ပေဖူး သူဌေးဖြစ်သွားပြီဆို .. ငါ့အလှူမှာ ရွှေတွဲလွဲ ငွေတွဲလွဲနဲ့ လာတော့မယ် ထင်နေတာ .. ဘယ့်နှယ် ဒီပုံစံပဲလား .."

"ဩော် .. ဟိုလေ .."

ပေဖူး က ကဲ့ရဲ့ မေးငေါ့တာတွေကိုလည်း ဂရုမစိုက်ရှမှန်း မသိ ပြန်ရှဲ့ဖို့ဆိုတာ ဝေး ..၊

မိပုံ က တခစ်ခစ် ရယ်ကာ ...

"သူဌေးဖြစ်သွားတာက သူ မဟုတ်ဘူး အရီး ရဲ့ .. ဆက်ထုံး .. ဆက်ထုံး သူဌေးဖြစ်သွားတာ .. ဟား .. ဟား .. ဟား ..."

ပြောလိုက်တာ တိုးတိုးသက်သာ မဟုတ် ..၊ ဆောမှာ အလုပ်လုပ်နေကြတဲ့ အုပ်စုတွေအားလုံးပဲ လှမ်းကြည့်ကြ၏။





ပြီးတော့ တချို့က မျက်နှာလေး ငုံ့နေသည့် ပေဖူး ကို သနားကြ တချို့က မဲ့ရွဲ့ ခေါင်းခါ၏။

တချို့ကတော့ တဟားဟား ထရယ်ကြလေသည်။ ဒေါ်သိုစိမ့် တော့ မိပုံ တို့ကို မပြောဖို့ လက်ကာပြရင်း ...

"ငါ မေးမိတာတောင် မှားပြီ .. တော်ကြပါတော့အေ .. သူ နာနာရှိလို့ သူ့ပစ္စည်း သူ ပေးတာပဲ .."

ပြောပြီး ထွက်သွား၏။ နုဆွေ ကလည်း တံတောင်နဲ့ တို့လိုက်ပြီး နား ကပ်ကာ ...

"နင်ကလည်း မပြောပါနဲ့ .. ပေဖူး သနားပါတယ် .."

"ဟဲ့ .. ငါကလည်း သနားလို့ ပြောတာပဲ .. အဲလိမ်ခံရတာ ခံရ မသိရင် ဒီတိုင်း နွားဖြစ်သွားမှာပေါ့ .."

ထပ်ပြောလိုက်တာလည်း ကျယ်ကျယ်လောင်လောင် ..၊

ပေဖူး မျက်ရည်ဝဲနေပါပြီ ..၊

"ဟဲ့ .. ပေဖူး .."

"ရှင် .."

ကြီးတော် အသံ ကြားလိုက်တာနှင့် လှည့်မကြည့်ရသေးခင် ထူး ဖြစ်ကာ ...

"ကြီးကြီး .."

"ဟုတ်တယ် .. ထစမ်း .. ထစမ်း .."

"ကြီးကြီး ဘာလုပ်မလို့လဲ ဟင် .."

ခေါ်လှဌေး က ဘာမှမပြောဘဲ ပေဖူး ထရပ်နေတာကို စိတ်မရှည် လက်ကို ဆောင့်ဆွဲပြီး ခေါ်ထုတ်လာခဲ့၏။ အားလုံး ဝိုင်းဝန်း နေကြသည့် မျက်လုံးတွေက လွန်မြောက်လာကာမှ ...

"ဒီလောက်ထိ ဝိုင်းရယ်နေကြတာ ညည်းကို လှောင်ပြောင်နေ လို့များ နည်းနည်းလေးမှ မခံစားမိဘူးလား ပေဖူး .. ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



"ခံစားမိပါတယ် .."

"ခံစားမိရင်လည်း ညည်း ပြန်ပြောလေ .. ကိုယ်ထင်ရာ ကိုယ်လု[illegible] ပြီးရင်လည်း ရဲရဲရင့်ရင့်ပေါ့ အေ .."

"ကျွန်မမှ မပြောတတ်တာ .."

"ဘာ!..."

"သူတို့က ကျွန်မ ဘာပြောပြော ရယ်ကြမှာပဲ ..၊ ပြီးတော့ [illegible] လည်း မယုံကြဘူး .."

"ဟဲ့ .. မယုံနိုင်စရာတွေပဲ ညည်း လုပ်နေတာ .. ဘယ်သူကရော [illegible] ယုံမှာလဲ .."

ဒေါ်လှမြွေး နောက်ထပ် ပေဖူး ကို ထပ်ဆွဲခေါ်ခဲ့ကာ ကိုယ့်အိမ်ရှေ့ [illegible] ကို ရောက်မှ စပါးကျီရှေ့က ခုံတန်းမှာ ထိုင်ချလိုက်ပြီး ...

"ထိုင်စမ်း .. ဒီမှာ .."

တပေါင်းလပြည့်တော့မှာမို့ လက ထိန်ထိန်သာနေသည်။ အိမ်ေ[illegible] မှာ ရေနံဆီမီးခွက်၏ နီကြင်ကြင်မီးရောင်က ဖွေးထိန်နေသောလရော[illegible] နှင့် ခြားနားစွာ ရှိနေခဲ့လျက် ...

"သူများတွေအိမ်မှာ မီးစက်မီးတွေ ဖွေးထိန်နေတဲ့အချိန် ငါတို့[illegible] မီးဖိုးပေးစရာ မရှိလို့ ရေနံဆီ တစ်ရာဖိုးကို နှစ်ညခံအောင် ချွေတာ[illegible] နေရတယ် .."

ဒေါ်လှမြွေး ပြောချင်တာတွေ စလာပါပြီ ..၊ ဟိုမှာ တစ်မိးလု[illegible] ဝိုင်းဝန်းပြောဆိုတာ ခံနေရတာကို မခံမရပ်နိုင် ဆွဲခေါ်လာပေမယ့် သူ[illegible] လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ပြောချင်တာတွေ ရင်ထဲမှာအပြည့် ..

"ဟောဒီမှာ စပါးကျီကို ကြည့်ပါဦး .."

ရေနံဆီမီးခွက် ..၊ ပြီးတော့ စပါးကျီကြီးက သက်သေဖြစ်လာ[illegible] ကာ ...

"ညည်းလက်နဲ့ ပုတ်ကြည့်ပါဦး .. ဒီမှာ .."





စပါးကျီကို လက်ပြန် တဘုန်းဘုန်း ပုတ်ပြသည်။

"ဒီ စပါးကျီကို ခေါင်းရင်းမှာ မထားတော့ဘူး ..၊ နောက်ဖေးကို [illegible]ရွှေ့တော့မယ် .."

"ဒီလောက် အကြီးကြီးကို နောက်ဖေးရွှေ့ရင် လူတွေ အများကြီး [illegible]ခေါ်ရမှာပေါ့ .."

"ဟုတ်တယ် .. ခေါ်ရပလေ့စေ .. စပါးကျီကြီး ထားပြီး စပါး [illegible]စ်စေ့မှ မရှိတာ ..၊ အားလုံးလည်း သိနေကြတာပဲ .. ရှက်နေလည်း [illegible]ဘာမှ မထူးဘူး .."

"ကျွန်မက ရှက်လို့ မဟုတ်ပါဘူး .. စပါးကျီက နွားချေးတွေနဲ့ပဲ [illegible]ကျက်တော် လေးတာ ..၊ ဒါကြီးကို .."

"ဟဲ့ .. ပေဖူး .."

"ရှင် .."

"ညည်းကို ဒီစပါးကျီ ရွှေ့ဖို့ ပြောပြနေတာ ..၊ လူ ဘယ်နှစ်[illegible]ယောက်နဲ့ ရွှေ့ရမလဲ တိုင်ပင်နေတာ မဟုတ်ဘူး .."

"ဟင် .."

ပြန်ကြည့်တဲ့ပုံကို လရောင်အောက်မှာ မြင်နေရတာ ဒေါ်လှမြွေး [illegible]သည်းတွေ ယားနေမိ၏။ အပျိုလေးဖြစ်ပြီး လှလှပပလေး ပြင်ဆင် [illegible]ဆိုင်ဖို့လည်း မလုံးပမ်း ..၊

မိဘမဲ့ ဆင်းဆင်းရဲရဲနဲ့ ရုန်းကန်လာခဲ့ရတဲ့ဘဝမှာ နာကျင်မှု [illegible]ပြည့်နဲ့ ကြိုးစားပါလား ..၊ ရသမျှလေးကို ကျစ်ကျစ်ကုပ်ကုပ် စု [illegible]ဆောင်းပါလား ..။

ခုတော့ မအေဘက်က ဘိုးဘွားအမွေလေး ပေးတဲ့ လူကြီးတွေက [illegible]ပေးဖော်ရတာဆောင်မှ ဝမ်းသာအားရ စုဆောင်း သိမ်းဆည်းရမှန်း [illegible] ..။

"ဟိုက ပေးလိုက်တဲ့ ရွှေလက်ကောက် သုံးရန်စလုံး ညည်း ရောင်း



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်တယ်ဆို .. ငါ့ကို မညာနဲ့နော် .. ညည်းကို ရောင်းပေးတဲ့ မ
ကိုယ်တိုင် ငါ့ကို ပြောတာ ..”

“ဒါဆိုလည်း ဘာလို့ မေးနေသေးလဲ ကြီးကြီး ရယ် ..”

“မယုံနိုင်လို့ပေါ့အေ .. ဘာလဲ .. အခု အဲဒါတွေ အကုန်လုံး
ပေးလိုက်တာလား ..၊ အားလုံး ဆက်ထုံး နောက် ပါသွားပြီလား ..”

ဒေါ်မှုး က လည်ပင်းလေး ကုတ်လိုက် .. နဖူးခြစ်လိုက်နှင့် မျက်နှာ
က မော့လာမထို .. တစ်ဖက်လှဲတော့မလိုလို ..၊

“ပေဖူး ..”

“ရှင် ..”

“ငါ မေးနေတာလေ ..”

“... ... ... ...”

“ငါ သိပြီ .. ငါ နားလည်သွားပြီ ..”

ဒေါ်လှရွှေး သူမဘာသာပဲ သဘောပေါက်သွားရကာ ဒေါသတွေ
ထွက်လွန်းသဖြင့် အသံတွေပါ တုန်၏။ တစ်ရွာလုံးလည်း ပြောနေကြ
သည် ..၊ သူမကိုယ်တိုင်လည်း မြင်တွေ့နေရသည်။ ဒါပေမယ့်
ဒီလောက်ထိတော့ မဟုတ်လောက်သေးဘူးပဲ ထင်ထားခဲ့၏။

“ညည်းကို ပက်ပက်စက်စက်တွေ ငါ ပြောမိတော့မယ် ပေဖူး..
မိန်းကလေးတစ်ယောက်ဖြစ်ပြီး ယောကျ်ားလေးတစ်ယောက်အပေါ်မှာ
ပိုးကြေးပန်းကြေးနဲ့ .. ညည်း မရှက်ဘူးလား ..”

“ပိုးကြေးပန်းကြေး မဟုတ်ပါဘူး ကြီးကြီးရယ် .. ထုံး က ကျွန်မ
ကို တကယ်ချစ်တာပါ ..”

“သြော် .. သြော် ...”

“သူနဲ့ ကျွန်မ လက်ထပ်ရင် တင့်တောင့်တင့်တယ် ဖြစ်ဖို့အတွက်
မြို့မှာ အရာရှိဖြစ်အောင် ကြိုးစားဖို့ သွားတာ ..”

“ညည်း အဘိုးအဘွားတွေ ပေးခဲ့တဲ့ အမွေတွေနဲ့ပဲ ညည်း ဆင်းရဲ





ချ တင့်တောင့်တင့်တယ် ပြန်နေလို့ ရနေပြီ ..၊ သူ့လိုလူကို ဘာ
အားကိုးတာလဲ ..၊ ဒီလောက်တောင် ကြိုက်နေရင်လည်း ကိုယ့်ရှိတာ
တွေ အကုန်လုံး ပုံပြီး တင်တောင်းလိုက်ပါတော့လား ..၊ အဲ့ဒါကမှ
ရှက်မရှိတဲ့မိန်းမ ဖြစ်ရုံအပြင် မရှိဘူး ..”

“ကြီးကြီးရယ် .. ကျွန်မက ..”

“အခု ညည်းအဖြစ်ကို ညည်း သိရဲ့လား..၊ ယောကျ်ားတစ်ယောက်
ကို ပိုးကြေးပန်းကြေး လိုက်ကြိုက်နေတာ..၊ ဟိုက ပစ္စည်းတွေကို လိမ်
ယူသွားတာ.. ညည်းမှာ မိန်းမတို့ဂုဏ်ကျက်သရေ ဘာမှ မရှိတော့ဘူး..”

“ကျွန်မမှာ ဂုဏ်ကျက်သရေ ဘာတစ်ခုမှ မထိခိုက်ပါဘူး ကြီးကြီး
ရယ် .. ထုံး က ကျွန်မကို လက်ဖျားနဲ့တောင် မထိခဲ့ဖူးပါဘူး ..”

“ဘယ်ထိမလဲ .. ညည်းပုံစံက ထိချင်စရာမှ မရှိတာ ..”

ဒေါသထွက်တော့ ကိုယ့်တူမမျက်နှာ ငဲ့ဖို့လည်း သတိမရ ..၊

“မိုက်လိုက်တဲ့ မိန်းမ ..”

ဒေါ်လှရွှေး စိတ်တွေတိုကာ ထဘီ ထ‘မ’လိုက် .. ဖင်ရွှေ့ထိုင်လိုက်
နှင့် နေမထိ ထိုင်မသာ ဖြစ်နေရင်း ...

“ငါကတော့ စပါးကျီကို ဖြည့်မယ် .. မီးဖိုး ပြန်သွင်းမယ် .. ဒီ
အိမ်မိုးတော့ အိမ်ခေါင် လုံအောင် သွပ်အုပ်လေးနဲ့ ခေါင်ရိုက်နိုင်ပြီပေါ့..၊
အနဲ့ မီးနဲ့ ငါတို့ ပြည့်ပြည့်စုံစုံ နေနိုင်ပြီ ထင်ခဲ့တာ ..”

“ကြီးကြီးရယ် .. ကျွန်မမှာ ရှိပါသေးတယ် ..”

“ရှိတာတွေလည်း ညည်း ဟိုကောင်ကို ပုံပိုးဦးမှာပဲမို့လား ..”

ဆက်ထုံး ဆိုတဲ့ ကောင်လေးဟာ အစကတော့ ဟန်ဟန်ပန်ပန်
နေနိုင်တဲ့ မိသားစုပါပဲ ..၊ နောက်တော့ မိဘတွေ မရှိကြတော့ဘဲ ဘိုးအေ
ထံသူက လယ်ယာကျွဲနွားတွေနဲ့ ဖက်ရန်းပြီး ကျောင်းထားလက်စနှင့်
ဆယ်တန်းကို ကျောင်းပြီးတဲ့အထိ ထားခဲ့သည်။

ဆေးမှုး ဖြစ်လာတော့မှာလိုလို .. ကျောင်းအုပ်ဆရာ ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



မလိုလိုနှင့် ရပ်ကျိုးရွာကျိုး သယ်ပိုးနိုင်မယ့် သားကောင်းပုံစံ ဟန်ရေး ပြခဲ့တာတွေလည်း ရှိသေးသည်။ ပြန်ရောက်လာတော့လည်း ဘွဲ့လေး တစ်ခုနှင့် ဟိုယောင်ယောင် .. ဒီယောင်ယောင် ..။

ခုဆို သူ့ရဲ့ ပညာသင်စရိတ်တွေနှင့် ဘိုးအေခများ ကျန်းမာရေး ကလည်း မကောင်းတော့ အိမ်ကြီးပြောင်ပြောင် ဝမ်းခေါင်ခေါင် ဖြစ်နေ ခဲ့ပြီ ..။ ဦးဘငွေ ဆိုသည့် လူကြီးခများ ဘုန်းကြီးကျောင်းမှာပဲ ကပ္ပိယ လုံးလုံး ဖြစ်နေရှာ၏။

"ကံလေးကလည်း ကောင်းပါ့ .. သူ့အတွက် ပူဇော် ပသမယ့်လူ တွေက ရှေ့မင်းပြုတ်တော့လည်း နောက်မင်း တက်လာတာပဲ ..၊ ရန်ကုန် ကို တက်သွားတာ ညည်းအားကိုးနဲ့ပဲ ဆိုတာလည်း ငါ မသိဘူး မှတ်နေ သလား ပေဖူး .."

"သူ .. သူက ပေဖူး အကြံပေးလို့ .."

"တော်စမ်း .."

ဒေါ်လှငွေး ပတ်ဝန်းကျင်ကြားမှာလည်း မေ့ကာ အော်ပစ်လိုက် သည်။

"အေးပေါ့ .. ညည်းအမေရဲ့ ဘိုးဘွားက ပေးခဲ့တာတွေပဲ ညည်း လက်ထဲကိုမှ ထည့်လို့ရမယ်ဆိုပြီး ခရီးသွားနေတာကိုတောင် မရမက စောင့်ပြီး ပေးခဲ့တာ .. ငါနဲ့မှ မဆိုင်ဘဲ .."

"ကြီးကြီးကလည်း အဲလို .."

"ဟုတ်တယ် .. ညည်း အဲဒီတိုင်း လုပ်နေတာ ..၊ ငါက ဖအေ ဘက်က အဒေါ်ဝမ်းကွဲပဲ .. ညည်း ဂရုစိုက်စရာလူ မဟုတ်ဘူးဆိုတာ အခု နားလည်ပါပြီ .."

"မဟုတ်ပါဘူးဆို ကြီးကြီးရယ် .."

ပေဖူး ဒါထက် ပိုပြီးတော့လည်း မပြောတတ် ..၊ သူမ အဲဒီ မလေးမစားသဘောနဲ့ လုပ်ခဲ့တာ မဟုတ်မှန်း ကိုယ့်ဘာသာ သိသည်





ပြီးတော့ ဆက်ထုံး ကို ယုံကြည်နေမိတဲ့စိတ်သည်လည်း ဘယ် တ်ဝန်းကျင် လေတိုက်လို့မှ ယိုင်လဲ ပျောက်ပျက်သွားမှာ မဟုတ်တာ သချာနေ၏။

'ပညာတတ်ပေမယ့် ကိုယ်နဲ့ သင့်လျော်တဲ့နေရာ လိုတယ် ..'

'အလုပ်လုပ်တယ်ဆိုတာ ငွေအရင်းအနှီးရှိမှ ဖြစ်တာ ..'

'ဘွဲ့ရ ပညာတတ်ဖြစ်ပြီး ငါက မြောင်းဖော် .. မြေတူး လိုက်နေ င် ကိုယ်က လုပ်နိုင်ရင်တောင်မှ အမြင်တော်မလား ..၊ ပြီးတော့ ငါ သည်း ရှက်တယ် ..' တဲ့ ..။

ဆက်ထုံး ပြောခဲ့သမျှ အားလုံး ဟုတ်နေတာပဲ ..၊

မြို့တက် အလုပ်လုပ်ဖို့ သူ စိုင်းပြင်းနေခဲ့တာ ကြာပြီ ..၊ ဒါပေမယ့် ဦးဘငွေ က ဒီလိုမျိုး အိမ်ယာမြေ ရောင်းချပြီး ကိုယ့်ရပ်ရွာက ခွန့်ခွာ အလုပ်ရှာတာမျိုးကို ခွင့်မပြု ..။

ဒါတွေလည်း ရွာထဲက လူတွေ သိကြတာပင် ..၊

အလုပ်လုပ်ချင်နေတဲ့လူကို သူမ အလုပ်လုပ်ဖို့ အရင်းနှီး ထုတ်ပေး ာ မှားသွားလို့လား ..၊

ဒါ ဘယ်လိုမှ မမှားနိုင်ပါ ..။

ဆက်ထုံး ဆိုသည့် ယောကျ်ားဟာ ချမ်းချမ်းသာသာနှင့် မြင့်မား ည်ဝါစွာ နေထိုင်သွားရမယ့် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော င်သားလေး တစ်ပါး ..၊

ထို့ကြောင့် သူမ ယုံကြည်သည် ..၊

သူ ကြိုးစားနေမှာပါ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"သူ့အချစ်ကို ရဖို့ ငါ ဘယ်လိုပဲ ကြိုးစားရပါစေ .. မရရအော ကြိုးစားမယ်လို့ ဆုံးဖြတ်ပြီးသား .."

"မင်းကလည်းကွာ .. မေဝသုန် က မာနကြီးတာ ရာဇဝင်တွ တယ် .. ထူးထူးမြတ်လေး ကိုပဲ စိတ်အေးလက်အေး ချိန်လိုက်ရင် ရော .."

"ငါက မာနကြီးတာကိုမှ စိတ်ဝင်စားတာ .."

ပြောနေရင်း ဂီတာကို သေချာပိုက်၍ အဆောင်ကို မော့ငေးသည် ပြီးတော့ သူငယ်ချင်းတွေ အားလုံး၏ စကားသံတွေကို လွှမ်းအော သီချင်းတစ်ပုဒ် ဆိုပစ်လိုက်သည်။

.. ရေပတ်လည်ဝိုင်းလျှက်ရှိတဲ့ ကုန်းမြေကိုတော့ .. ဗထာဝီထဲ ဖတ်ဖူး တာ ကျွန်းတဲ့ ခေါ်သည် ..

.. ကျောင်းတက်လို့ သီချင်းတွေ ဆိုကာ ဂီတာတီးကြတဲ့အခါ -

အပေါင်းအသင်းများ ဝိုင်းနေသူကို .. ကြွေးများနဲ့ ဝိုင်းနေသူကို -

.. ဆက်ထုံး တဲ့ ခေါ်သည် ..





သူငယ်ချင်းတွေ နောက်ပိုတ်ကို ကျကျနန ဝိုင်းအော်ကြတော့ သီချင်းဆိုရင်း ဆက်ထုံး က ရယ်သည်။

သီချင်းသံက အဆောင်ထဲက မိန်းမလှလေးတွေဆီထိ ပျံ့လွင့်ကာ အရင်ဆုံး ခေါင်းထောင်သွားသူက ထူး ပဲ ဖြစ်၏။

ပြီးတော့ မအိပ်သေးသည့် သူငယ်ချင်းတွေက ပြုံးစိစိနှင့် မျက်စ ပစ်ကာ ...

"ကြားတယ်မို့လား .. ကြော်ငြာနေတာ .."

"အေးလေ .. ကြွေးတွေ ဝိုင်းနေတာ ငါတို့က မသိတာ ကျနေတာ ပဲ .."

"ဝိုင်းပေ့စေ .. ကြွေးတင်ရင် ဘုရင်ဆပ်မယ်ဆိုတဲ့အတိုင်း သူ့ ကြွေး တင်သမျှ ထူးထူးမြတ် က ဆပ်ပေးနိုင်တယ် .."

ပြောပြီးတော့ ယုံး က တခစ်ခစ် ရယ်၏။

ဆွဲဆောင်မှုအပြည့်နှင့် သီချင်းသံက သူငယ်ချင်းတွေပါ ဝိုင်းဆိုနေ သဖြင့် ဟာသဖြစ်နေပေမယ့် ဆက်ထုံး ဘယ်လိုနေနေ သဘောကျနေ တတ်သည့် ထူး ကတော့ အလေးအနက် ခံစားလို့ပါ ...။

.. အိုကိုမှာ ကျောင်းတက်တုန်းက .. တွေ့ခဲ့တဲ့ အပျိုလေး ..

ကာလာတွေ အမျိုးမျိုးဆိုးတော့ ချစ်မိတာပေါ့ ..

.. စီးပွားရေးတွက်တာ ပိုင်တဲ့ သူတို့အသိုင်းအဝိုင်းက .. ဆင်းရဲတဲ့ ကျွန်တော့်ကို မယူဖို့ .. နွမ်းပါးတဲ့ ကျွန်တော့်ကို မယူဖို့ .. ဖျက်ကြ တယ် နော် ..

"ဖဲ့ .. ဟဲ့ .. အိုကိုဆိုရင်တော့ သေချာပြီ ထူး .. နင့်ကို ဆိုနေတာ မဟုတ်တော့ဘူး .."

"ဟုတ်တယ် .. အဲ့ဒါ ဝသုန်နဲ့ ကိုပဲ .."

"ဟိုကဖြင့် အိပ်နေလိုက်တာ သိုးလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"မသိုးရင်လည်း ခေါင်းထောင်ကြည့်မှာ မဟုတ်ပါဘူးဟာ .. ဝသုန် က ထူး ကြိုက်နေမှန်း သိလို့ သူက တမင်တကာ အထာကြီးနဲ့ နေပြချင်တာ ..၊ စိတ်ထဲက သဘောကျနေပေမယ့် ဘယ်တော့မှ ဝန်ခံမှာ မဟုတ်ဘူး .. ငါ ပြောရဲတယ် .."

သူငယ်ချင်းတွေက ခန်းဆီးလေးတွေ အသာ 'မ' ကာ ချောင်းကြည့်လိုက် .. ခေါင်းချင်းဆိုင်လိုက်နှင့် ...

ထူး ကတော့ ပြတင်းတံခါးတစ်ချပ်ကို ဖွင့်လိုက်ပြီး လက်လေးထောက်၍ ပေါ်တင်ပဲ လှမ်းကြည့်ကာ ...

"စပို့ရှပ်ရဲရဲ .. ဂျာကင်အနက်လေးနဲ့ မျက်နှာဖြူဖြူလေးက ထင်းနေတာပဲ .. ချောလိုက်တာ ဟယ် .."

"ကြည့်လုပ်ဟေ့ .. သွားရည်တွေ အတန်းလိုက် ကျကုန်လို့ လျှပ်စီးလက်တယ် ထင်ပြီး သီချင်းမဆုံးခင် ထပြေးကုန်ကြဦးမယ် .."

ပြောကြပေမယ့် ထူး က လှည့်မကြည့်ဘဲ ရယ်ကာ ...

"တကယ် အရမ်းချောတာပဲ .. အရပ်ကမြင့်မြင့်နဲ့ အဆီပို မရှိတဲ့ ကိုယ်က လမ်းလျှောက်တာကအစ မိတယ် .. ဝသုန် ငါ့ကို ပြိုင်ချင်တာနဲ့များ ပြန်မကြိုက်ဘဲ နေနိုင်တာ အံ့သြမိတယ် .."

"ဒါကတော့ ရှမ်းကြိုက်မှ နွားချောတာလေ .. နင့်က စိတ်ဝင်စားနေတော့ နင့်မျက်လုံးထဲမှာ မိုးကျရွှေကိုယ် ဖြစ်နေတာပေါ့ ..၊ သူများမျက်လုံးထဲမှာ ဒီလောက် ဟုတ်ချင်မှ ဟုတ်မှာပေါ့ .."

နွဲ့ယိမ်း က ကွယ်ရပ်လေးမှာ ကုတ်ကတ်ရပ်ရင်း ထူး နဲ့ စကားလာပြောကာ ...

"နင်လည်း သူ့အတွက်နဲ့ တိုက်ကြီးပေါ်က ခုန်ဆင်းလာပြီး အဆောင်မှာ လာနေရ ..၊ ညတိုင်း ဂီတာသံ မျှော်ရနဲ့နော် .."

"ငါက ပျော်နေတာ .."

"ငါတို့ကတော့ မျက်ခုံးလှုပ်နေပြီ .."





"ဟုတ်တယ် .. အန့်တီစုစု က အဆောင်မှူးသာဆိုတယ် ဗိုလ်မှူးထက်တောင် တင်းကျပ်သေးတာ ..၊ အခု စောသေးလို့နော် .. ရှစ်နာရီကျော်မှ သီချင်းလာဆိုရင် ဟိုနေ့က သက်ထား ရဲ့လူလို ထွက်ပြီး မောင်းထုတ်ခံရမှာ သေချာတယ် .."

"ဟုတ်တယ် .."

ဒါကျတော့ ထူး ကလည်း သိနေပြန်ကာ ...

"သူ့ကလည်း ငါ ဒီလောက် အခွင့်အရေးတွေ ပေးနေတာတောင်မှ ဝသုန့်ကိုပဲ မဲနေတယ် .."

"နင်ကလည်း ဒီလိုလူကိုမှ မလျှော့သောဇွဲနဲ့ မျှော်လင့်နေတာ ကိုး .."

"ဒါကတော့ ရည်းစားရှိနေတဲ့လူတောင်မှ လက်မထပ်ရသေးရင် မှန်းခွင့် ရှိသေးတာပဲ .. သူတို့က ချစ်သူတွေလည်း မဟုတ်ဘူး .. ကိုယ့်ဘာသာကိုယ် ချစ်တာ ဘာဖြစ်လဲ .."

"သူ ပြန်မချစ်တော့ ကိုယ်က မိန်းကလေးသိက္ခာ ကျတာပေါ့.."

"ပြန်မချစ်နိုင်လောက်အောင်တော့ သူနဲ့ ငါ မစိမ်းပါဘူးဟာ .. ဝသုန် က ငါ့ထက် အရင် ဆုံစည်းခဲ့တဲ့သူ .. ပြီးတော့ လူဆိုတာ မရရင် ပိုလိုချင်တယ်လေ .. ဝသုန် က သူ့ကို ပြန်မကြည့်လို့ မရမက လိုချင်နေတာ ဖြစ်မှာ .."

"အဲဒီတော့ နင့်ကိုလည်း အဲဒီလို ဖြစ်လာအောင် မာနလေးနဲ့ နေလိုက်ပါလား ထူး ရယ် .. ငါ ကြားတာတော့ ဆက်ထုံး က တော်သား ဖြစ်တဲ့အပြင် ဘုန်းကြီးက ကျောင်းထားပေးခဲ့တာဆိုလား ဘာလား .. ဆက်တော်ကို အဖြစ်ဆိုးတာ နော် .."

သူငယ်ချင်းတွေက သတင်းပေးနေပေမယ့် ထူး က အဆောင်ရှေ့ ကိုပဲ ငုံ့ကြည့်နေကာ နောက်ထပ် ပြောင်းသွားသည့်သီချင်းကို သဘောတွေ ကျနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



- တောင်ပံခတ်သံ အချက်တိုင်းမှာ .. ချစ်တယ် .. ချစ်တယ် ဆိုတဲ့
ရိုက်ချက်များ —
- ရွှေနားတော် အပါးဆီ .. ပဲ့တင်ပြည့်တီးလို့ –
— ချစ်တယ် .. အရမ်းပဲ ချစ်နေပြီ –

"ကျွတ် .. အရမ်းဂွတ်ဒ်တယ် .."

"ကဲ .. နည်းနည်းပါးပါးပဲ ဂွတ်ဒ်ပါ .. လာစမ်းပါ .. ဒီကို .."

"အေးလေ .. ဒီလောက်ဆိုရင်လည်း ဟိုက သိနေပါပြီ .."

"ဟင် .. ဘာကိုလဲ .."

"နင် .. အရမ်း .. အရမ်း .. အရမ်းကို ကြွေချင်နေပါပြီဆိုတာ.."

"ဟား .. ဟား .. ဟား ..."

"ဟဲ့ .. ဖြည်းဖြည်း ရယ်စမ်းပါ ထူး ရယ် .. ငါတို့တော့ အဆောင်ကနေ မောင်းထုတ်ခံရတော့မှာပဲ .."

ထူး က ရယ်ရင်း ဒီဘက် လှည့်လာကာ ...

"အဲ့ဒီတော့လည်း 'ထူးထက်'အိပ်ရာစီမံကိန်းမှာ ကြိုက်တဲ့အခန်း လက်ညှိုးထိုးလိုက် .."

"ဆောက်လို့ဖြင့် မပြီးသေးဘဲနဲ့ .."

"ပြီးတာနဲ့ နင်တို့ ရမှာ မဟုတ်တော့ဘူးလေ .. ခုတည်းက ရွေးထား .. နင်တို့တွေ အလုပ်မရသေးမချင်း လုံးဝ ဖရီး .."

"ဟွန်း .."

နွဲ့ယိမ်း က နှုတ်ခမ်းလေး မဲ့နေ၏။

'ထူးထက်'ဆောက်လုပ်ရေးက အိမ်ရာတွေ နေရာ တော်တော်များများမှာ ရှိသည်။ အဲဒီ သူဌေးသမီးလေးက နာမည်မကျော်သော လှိုင်နယ်မြေ အနီးအပါးက အဆောင်လေး တစ်ခုထဲမှာ ရောက်နေခဲ့တာ ဘာအတွက်မို့လို့လဲ ..၊





မေဝသုန် က ဒီအဆောင်ပိုင်ရှင်ရဲ့ သမီးပေမယ့် ထူး နဲ့ဆို အဆင့်အတန်းချင်းက မိုးနဲ့ မြေ ..၊ ဒါပေမယ့် သင်တန်းမှာတည်းက အလှချင်းပြိုင်နေသော သူမနဲ့ ထူး နဲ့က ပြိုင်ဘက်တွေလို ဖြစ်နေကြ၏။

ခုလို သူမတို့အဆောင်မှာ ထူး က လာငှားနေတော့ ပိုဆိုးသွားသည်။ ထူး နဲ့သာမကဘဲ ကျန်သည့် သူမတို့အားလုံးကိုပါ မပြောနိုင်မဆိုနိုင် ဖြစ်လာခဲ့တဲ့အထိ ..။

"နင့်နဲ့ ဝသုန့် ကိုတော့ ငါ အံ့ဩနေပြီ ထူး ရေ .. တကယ်ပါပဲ.."

"ဟုတ်ပ .. ဟိုက တည်တည်တင်းတင်းပုံစံနဲ့ ကြိတ်ကြိုက်တယ်.. ဒီတစ်ယောက်က အေးဆေး မထိတထိပုံစံနဲ့ ခလုတ်တိုက်နေတယ် .. ဒါဖြင့် ဝသုန့် ကိုရော .. နင့်ကိုပါ ခေါင်းချင်း ပြေးတိုက်ခိုင်းချင်တော့တယ် .."

"အေးလေ .. ဝသုန် ကလည်း ကိုယ့်အဆောင်မှာ နေတဲ့လူကို မျက်သူကြီးကျနေတာပဲ .. ထူး ကလည်း ဂရုကို မစိုက်ဘူး ..၊ တစ်ခါတစ်ခါကျတော့လည်း အဆောင်ပိုင်ရှင်ရဲ့သမီးသာဆိုတယ် ငါ ဝသုန့်ကို ကြည့်လို့ မရဘူး သိလား .."

"ဘယ်သူ့ကရော ချစ်နေလို့လဲ .."

ထူး က လက်လေးပိုက်၍ မေးခွန်းထုတ်နေ၏။ ပြီးတော့ ကြည်ဖြူ အိပ်ရာသားမှာ ဝင်ထိုင်လိုက်ပြီး ပြတင်းတံခါးရဲ့သားမှာ ရပ်နေသည့် နွဲ့ယိမ်း ကို လှမ်းကြည့်ကာ ...

"ငါ့ရဲ့ သည်းခံမှုအပေါင်းမှာ အချစ်တွေ ပါတယ်ဟ .. ငါ သူ့ကို သည်းခံနေတာ မဟုတ်ဘူး မျိုသိပ်နေတာ .."

"အကြောင်းက ဘာလဲ ..၊ အချစ်ခဲလေးကို နည်းနည်းပေးပါဆိုပြီး သူ့ဆီက ပြန်တောင်းချင်လို့လား .."

"ဟာ!... နင်တို့ရဲ့ ထူးထူးမြတ် က အဲဒီလောက် ကြောင်ပါ့မလား ကြည်ဖြူ ရယ် .. ဒီမျက်နှာကို ကြည့်စမ်းပါဦး .."



www.burmeseclassic.com

www.burmeseclassic.com



"မြင်တယ်လေ .. အဲဒီလို ကြောင်တောင်တောင်တွေ လုပ်နေတဲ့ ရုပ်ကြီးပဲဟာ .."

"ဟား .. ဟား .. ဟား ..."

"ခစ် .. ခစ် ..."

ပါးစပ်တွေပိတ်ပြီး အတိုးဆုံး ကြိတ်ရယ်နည်းနှင့် ရယ်ကြသည့်ထဲမှာ ထူး ရဲ့အသံသာ အကျယ်ဆုံး ..။

"တကယ်ပါပဲ .. ဒီလောက် မုန်းစရာကောင်းနေတဲ့လူကို ဘယ်လို ခန္တီပါရမီတွေနဲ့ ပြည့်စုံနေလို့ သည်းခံနိုင်ရတာလဲ .."

"ဩော် .. ကြည်ဖြူ ရယ် .. သွားမြှောက်ပေးနေပြန်ပြီ .. ဘာမှ မဖြစ်တာ ပိုမကောင်းဘူးလား ..၊ သူက သူ့ဗွေးသမီး နော် .. ငါတို့ပဲ ခေါင်းနဲ့ ဆင်းရမှာ ..၊ ဒီနေရာက ကျောင်းနီး ဈေးနီး လုံလုံခြုံခြုံနဲ့ ဘယ်လောက် အဆင်ပြေလဲ သိလား .."

"ဘာလဲ .. အဆောင်ပိုင်ရှင် ဒေါ်စုစု က ကြော်ငြာမယ် ငှားထားတာလား .."

"မော်ဒယ်လ်လို့ ပြောစမ်းပါတာ .."

"ပြောစရာလား .. နင့်ပုံစံဆိုရင် မော်ဒယ်လ်လို့ ပြောရမှာ မဟုတ်ဘူး .. မယ်တော်လို့ပဲ ရမှာ .."

"ဟယ် .. ကြည့်စမ်း မိကြည်ဖြူ .."

"ဟုတ်တယ်လေ .. လူလေးက ဝဝလုံးလုံး .. ဆံပင်တိုတိုထားပုံနဲ့ ဝတ်ပုံစားပုံတွေက ကိုရီးယားကားတွေထဲက ဒေါ်ကြီးတွေ ဒီဇိုင်း .."

"တော်ပြီလား .."

"တော်ပါပြီ .. ငါကတော့ နင် အဲ့ဒီဆံပင်တိုတို ဖြစ်သလို ခပ်ဖွဖွ ပုံစံကြီးကို မြင်နေရတိုင်း ပြောနေမှာပဲ .."

ပြောနေကြရင်း စကားက လိုရင်းကို မရောက်တော့ဘဲ ရန်ဖြစ်ခြင်းနဲ့ အဆုံးသတ်၏။





"နင်တို့ မေးခွန်းတွေ မေးနေတာနဲ့ သူတို့တောင် ပြန်သွားကြပြီ .."

ထူး က နှမြောတသစွာ ပြောရင်း ပြတင်းပေါက်နားမှာ သွားပြီး ရှုံ့မဲ့နေကာ ...

"သူ့ရဲ့ 'ကောင်းကင်က အချစ်ငှက်' သီချင်းလေး ငါ့ရင်ထဲမှာ ကျန်နေခဲ့ပြီ .."

"သူ့ရဲ့ အချစ်ငှက် မဟုတ်ပါဘူးဟာ .. ရိန်မိုး ရဲ့ အချစ်ငှက်ပါ"

"ငါကတော့ .. သူဆိုတဲ့အသံကို ပိုကြိုက်တယ် .."

"သူ့ကိုပဲ နင် ချစ်နေတာကို .."

"သူ့ကြောင့် အရာရာကို သည်းခံနေတာပါ ဆိုမှ .."

"လာပြန်ပြီ .."

"ဟုတ်တယ် .. နင်တို့က မမေးပေမယ့် ငါ ပြောပြမယ် .. ဒါ ငါ့ရဲ့ပညာရပ် တစ်ခုပေါ့နော် .."

"အေးပါ .. ကြားရမှ စိတ်ချမ်းသာမယ်ဆိုတော့လည်း နားငြီးခံ ဆေးရတာပေါ့ .."

"ငါလည်း ဒေါသထွက်တာပေါ့ဟာ .. ဒါပေမယ့် ငါ သူ့ကို ဒီ့ထက်မခံချင်အောင် အပြိုင်အဆိုင်တွေ လုပ်လိုက်ရင် ဆက်ထုံး ကို သူ အဖြေပေးလိုက်မှာ .."

ဒါ ဘယ်သူမှ မစဉ်းစားမိတဲ့အချက်ပါလား ..၊ မထူးဆန်းတာမို့လို့ ဆူးခြားပြီး ထည့်မတွေးမိကြတာကို ထူး က ကြိုတွက်မိနေသည်။ ...ယိမ်း နဲ့ ကြည်ဖြူ တို့ ပခုံးတွေ တွန့်မိကြကာ ဘာမှ မပြောနိုင် ...။

"သူ ငါ့ကို ရွံ့ချင်စိတ် ဖြစ်မလာအောင် ထိန်းချုပ်နေရတာ .. ...ဝမာ သူ့ရှေ့မှာဆို ငါ ဆက်ထုံး ကို အရမ်းချစ်နေပေမယ့် ချောလို့ ကြည့်တာမျိုးလောက်ပေါ့ .. နောက်ပြီး သူ့ကို ဒေါသအရမ်းထွက်မိ...ရင်လည်း မသိလိုက်သလိုမျိုး .. အမှတ်တမဲ့ ကျော်ဖြတ်ခဲ့လိုက်တဲ့ပုံစံ ...ပေါ့ .."

www.burmeseclassic.com



"အဲ့ဒါ ဟုတ်တော့ ဟုတ်မယ် .. ဒါပေမယ့် ဒီအန္တရာယ်ကို နင် သိပ်ကြာကြာ ကာကွယ်နိုင်မှာ မဟုတ်ဘူး နော် .. ငါ ထင်တာတော့ နင့်ကို သူ အလွယ်တကူ ရွဲ့ပြီး ကြိုက်ပစ်လိုက်လို့ ရနေတာပဲ .. နင် ဆက်ထုံး ကို သဘောကျနေမှန်း သိကတည်းကလေ .."

ကြည်ဖြူ က ခုကျမှ စိတ်ဝင်တစား ဝေဖန်ပြနေကာ ...

"နင်ကသာ ဆက်ထုံး ကို ဆင်ကန်း တောတိုး ကြိုက်နေတာ..၊ မေဝသုန် က သချ်ာသုန် လို့တောင် နာမည်ထွက်နေသေးတာ .. ဆက်ထုံး ရဲ့ အဆင့်အတန်းကို သိနေမှာပေါ့ .. သူကိုယ်တိုင်က ကြိုက်ဖို့ မစဉ်း တာလည်း ဖြစ်နိုင်တာပဲ .."

"အေးလေ .. ဖြစ်နိုင်ချေတွေကတော့ အများကြီးပေါ့ဟာ .. ဒါပေ မယ့် သူ ငါ့ကို သိပ်မုန်းသွားအောင်တော့ ငါ မလုပ်ဘူး .."

ပခုံးတွန့်၍ လက်ဖဝါးလေးတွေ ဖြန့်ပြရင်း ထူး က မဲ့သည်။

"ငါ မတတ်နိုင်လို့ အရှုံးပေး လက်လျှော့နေခဲ့ရတာ ဒီတစ်ခါပဲ ရှိသေးတယ် ..၊ ဟွန်း .. အဲ့ဒါအချစ် .."

ဟုတ်ရှာပေမည် ..၊

ထူးထူးမြတ် ရဲ့ ရည်းစားများသော သမိုင်းမှာ ချစ်ကျွေချေ့ရဲ့လို့ ဖြစ်ခဲ့တာကလည်း ဒါ ပထမဆုံးပဲဆိုတော့ ..၊





## အခန်း (၄)

"ဟိတ် .."

တစ်ယောက်တည်း ထိုင်နေတုန်းမှာ အနားရောက်လာသူကို ...နဲ့ မော့ကြည့်လိုက်သည်။

တီရှပ်အဖြူ အနီကွက် စင်းကျားနှင့် ဂျင်းနံ့ဘောင်းဘီ နက်ပြာ ...င်က ဖြူဝင်းနေသော မျက်နှာကို ပို၍ ချောမွေ့နေစေ၏။

ဘယ်အချိန်ဖြစ်ဖြစ် ကြည့်လိုက်တိုင်း ချောနေတာပဲမို့ ဆက်ထုံး ...တ်ထားထား အမြဲတမ်း အဆင်ပြေနေတာပင် ..၊

"တစ်ယောက်တည်း ပျင်းနေသလားလို့ .."

"ဘယ်သူလဲ .."

"မင်း .."

"တို့က .."

"ပြီးတော့ ကိုယ်ပေါ့ .."

ပြောပြီး ရယ်ကာ ဘေးမှာ ဝင်ထိုင်လိုက်တော့ ဝေသုန် တစ်ဖက်ကို ...လိုက်သည်။

"ကိုယ် ပျင်းနေတော့ မင်းကိုလည်း ပျင်းနေသလားလို့ပါ .."



www.burmeseclassic.com

www.burmeseclassic.com



"တို့မှာ ပျင်းချိန် မရှိဘူး .."

"ဟုတ်မှာပေါ့ .. အမြဲတမ်း ပီကေဝါးနေရတာ .."

"ဟွန်း .."

ဝသုန် က အနားလေးတွေ တွန့်နေသည့် ကျောမရောက်တရောက် ဆံပင်တွေကို လှလှပပလေး ကိုင်တွယ် ပွတ်သပ်နေရင်း ပြုံး၍ ..

"ဒါဆို ရှင်လည်း ပီကေဖြစ်ဖြစ် .. ဘာဖြစ်ဖြစ် ဝါးနေလိုက်ပါ လား .."

"ကိုယ်က ပီကေရော .. တခြား ဝါးစရာတစ်ခုခုကိုရော ဘာ မကြိုက်ဘူး .."

"ဘာကြိုက်လဲ .."

"အရမ်းလှတဲ့ ကောင်မလေးတွေကို ကြိုက်တယ် .."

"အဲဒီထဲမှာ တို့ ပါနေတာလား .."

"ထိပ်ဆုံးကပဲ .."

ဆက်ထုံး က ဘေးတိုက်ကနေ ဝသုန့် မျက်နှာလေးကို စိုက်ကြည့် သည်။

"ကိုယ့်ကို ဘာလို့ အဖြေမပေးသေးတာလဲ .."

"မ‌ပေးချင်လို့ပေါ့ .."

"ကိုယ်က မင်းဆီကို ကားနဲ့ လာနေတဲ့ ဟိုတစ်ယောက်လော မချမ်းသာပေမယ့် ပိုချစ်နိုင်ပါတယ် .."

"ချစ်နေရုံနဲ့လည်း မပြီးဘူးလေ .."

"လောလောဆယ် ချစ်နေကြရင် ပြီးပါတယ်ကွာ .. မင်းအတွင် ကိုယ်က ဘဝလက်တွဲဖော် ဖြစ်နိုင်တာ .. မဖြစ်နိုင်တာ မင်း စဉ်းစား အချိန်မှာ မင်းက ကိုယ့်အတွက် အရာရာကို စွန့်လွှတ်စွန့်စားပြီး ခ တော့ဖို့ စိတ်ကူးတွေ ဖြစ်လာရင် .."

"ဟွန်း .."





ပခုံးလေး တွန့်သွားအောင် ရယ်လိုက်သည့်လှောင်ပြုံးကို ဆက်ထုံး ဂရုမစိုက် ...၊

"ကိုယ်ကလည်း မင်းနဲ့တွဲနေရင်း မင်းအတွက် ဘာမဆို ကျော် သွားအောင်မြင်အောင် ကြိုးစားတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်တွေ ရင့် န်လာရင်တော့ .."

"ဘာတွေ ဖြစ်လာမလဲ .."

"ကိုယ်တို့ ရိုးမြေကျ လက်ထပ် ပေါင်းသင်းသွားမှာပေါ့ .."

"ဪ .. အဲဒီလို ဆုံးဖြတ်ချက်တွေ ကိုယ်စီ ဖြစ်လာမှ ပေါင်းကြ ယ် ..၊ ခုတော့ တွဲဖြစ်ကြရုံပေါ့ .. ဟုတ်လား .."

ဆက်ထုံး က ခေါင်းညိတ်သည်။

"ချစ်နေကြတဲ့လူတိုင်းရဲ့ ခေါင်းထဲမှာ အိမ်ထောင်ရေး ပလန်နဲ့ ကို အချစ်ထက် အရင် ချခင်းရေးဆွဲမယ်လို့ ကိုယ် မထင်ဘူး .."

"လူတိုင်း မဟုတ်ပေမယ့် ဟုတ်တဲ့လူတွေလည်း ရှိမှာပေါ့ က်ထုံး ရယ် .. အထူးသဖြင့် မိန်းကလေးတွေ တတ်ကျွမ်းသင့်ဆုံး က အိမ်ထောင်ရေးပုစ္ဆာပဲ .."

"တစ်ဘာသာပဲ ဂုဏ်ထူးထွက်နေလည်း စာမေးပွဲ မအောင်နိုင်ဘူး န် .. ကိုယ်တို့ ဘဝစာမေးပွဲမှာ ဘာသာရပ်တွေ အများကြီးပဲ .."

"ဝသုန် ကတော့ ရှင့်ကိုယ်ရှင် ကာကွယ်ဖို့အတွက် နေပြောက် နေတဲ့ ထရံကြားတွေကို စက္ကူလိုက်ကပ်နေပြီး ဖာနေတယ်လို့ ထင် ပဲ .."

"ဖာထေးရအောင် ကိုယ်က နေပြောက်ထိုးတဲ့ ထရံမျိုးနဲ့ နေဖူး မဟုတ်ဘဲ .."

ပြောလိုက်တော့ ဝသုန် လှည့်ကြည့်ပုံက တစ်ခုခုကို ဝမ်းသာ က်သွားသလိုမျိုး ...၊

"ရှင်က တောသား ဆို .."



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. ဟုတ်တယ် .."

မျက်ဝန်းတွေ အေးခနဲ ဖြစ်သွားပြီး တောင့်မတ်ထားသည့် ကိုယ်

က မသိမသာ လျှော့ကျသွား၏။ ပြီးမှ ...

"ရှင်က တောမှာ တိုက်နဲ့ ကားနဲ့ နေတာပါလို့ ကြွားချင်လို့လား

"ယော .."

ဆက်ထုံး ၏ လျောင်ပြုံးနှင့် ရယ်သံသွဲ့သွဲ့က ဝသုန့် မျက်နှာလေ

ကို စူပုတ်ပုတ်လေး ဖြစ်သွားစေခဲ့၏။

"ဘာရယ်တာလဲ .."

"ခုနကပဲ ကိုယ် ပြောခဲ့တာလေ .. မင်းဆီ လာနေတဲ့လူလောက်

မချမ်းသာဘူးဆိုတာ .."

"ဆက်ထုံး .."

"ပြောလေ .."

"ရှင်က အဲဒီ ရွှေဆိုင်ပိုင်ရှင်ရဲ့သားကို မယှဉ်သာပါဘူး ပြော

ပေမယ့် သူ့ကို ထည့်ပြောနေတာကိုက ယှဉ်နေတာနဲ့ အတူတူပဲ

ဝသုန် ကြားထားတာ ပြောရမလား .."

"အင်း .. ပြောပါ .."

"ရှင်က မိဘမဲ့ .."

"ဟုတ်တယ် .."

"ရှင့်ကို ဘုန်းကြီးက ကျောင်းထားပေးတာ .."

"မဟုတ်ဘူး .."

"ဒါဆို ပြောလေ .."

"ကိုယ့် ဦးလေးပါ .."

"သူကတော့ ချမ်းသာတယ်ပေါ့ .. ရှင်က သူနဲ့ နေတာလား

"တစ်ခုချင်း မေးလေ .."

"အဟွန်း .."





မိဘတွေ မရှိတော့တဲ ပြည့်စုံသည့် ဦးလေးသားချင်းတွေက မွေး

ထားသည်ဆိုရင်လည်း သိပ်တော့ မဆိုးသေးပါ ..၊ သူမ တကယ်

တော့ ဝဏ်ပကာသနကို မက်မောလွန်းလို့ ရွေးချယ်နေတာ မဟုတ်ပေ..။

ကိုယ့်ဘဝ ဒီ့ထက်ပိုပြီး မြင့်မားထည်ဝါမသွားခဲ့ရင်တောင် ဆိုးရွား

ခဲ့ကျသွားမှာကို ကြောက်သည်။

ထို့ကြောင့် ဆက်ထုံး ဘဝမှာ သူမ ရွေးချယ်လောက်စရာ ကောင်း

လေး တစ်ခုခုတော့ ရှိစေချင်ရာ ..၊

"ဒါဆို အရင်မေးတာ အရင်ဖြေ .."

"ဦးလေးက ကိုယ်နဲ့ပဲ နေတာ .."

တစ်ခုကိုပဲ ဖြေပေမယ့် မေးခွန်းနှစ်ရပ်စလုံး ပါသွားပြီဖြစ်၏။

သုန့် က နားမလည်နိုင် ..၊

"ဝသုန့် ကို အထင်မလွဲဘူးဆိုရင် နောက်ထပ် မေးချင်တာတွေ

ပေးပါလား .."

"မေးလေ .."

"မညာနဲ့နော် .. နောက်မှ ပေါ်လာရင် ခွင့်မလွှတ်ဘူး .."

"အင်းပါ .."

"ရှင့်ဘဝကို အမှန်အတိုင်း ပြောပြ .."

"ကိုယ်က ဘာများ ညာနေတာရှိလို့လဲ ဝသုန် .. သိချင်တာကို

င်းစဉ်တပ်ပြီး မေးလေ .. ဘဝတစ်ခုလုံးကို ပြောပြမှ မင်းက ကိုယ့်

ကို စိတ်ကြိုက် မွှေနှောက်ပြီး ရွေးချယ်မယ်ဆိုရင်တော့ မင်း ကိုယ့်

နားမလည်သေးဘူး ဝသုန် .. ကိုယ် လိုချင်တာ ရွေးချယ်မှုတစ်ခု

တ်ဘူး .. အချစ် .."

"ဒါဆိုရင်တော့ ချစ်တမ်းကစားနေကြတဲ့ မိန်းမပျိုးတွေပဲ ရှင်

င့်တာပေါ့ .."

"ဟား .. ဟား .. ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



ဆက်ထုံး က ကျောမှီမှာ လက်တင်ထားရင်း မျက်နှာမော့ ရယ်၏။ ဒါပေမယ့် ရယ်သံသည် ခြောက်ကပ်ကပ်နိုင်လျက် ...

"အင်း .. ဒါဆို .. ကိုယ် မှားသွားတာ ထင်တယ် .."

ပြောပြီး နေရာမှ ထရပ်လိုက်လျှင် ဝသုန် မျက်နှာလေး နီရဲနေကာ ပေါင်ပေါ်မှာ တင်ထားသည့် ပန်းရင့်ရောင် ချည်သားအိတ်လေးကို လက်ဖဝါးနှစ်ဖက်ထဲမှာ စိတ်ရှိလက်ရှိ ဖိဆုပ်ထားခဲ့၏။

"ကျေးဇူးတင်ပါတယ် .. မင်းသာ ဒီလိုစကားတွေ မပြောတတ်ရင် ကိုယ်က မင်း စိတ်ညစ်အောင် ဘယ်လောက်ထိ ထပ်ရှုပ်နေမိဦးမလဲ မသိဘူး .."

ဝသုန် အံ့ကြိတ်၍ လှည့်ကြည့်နေလျှင် ဆက်ထုံး က နောက်ပြန် တစ်လှမ်းချင်း လျှောက်ရင်း လက်တစ်ဖက်မြှောက်၍ တာ့တာ လုပ်သွား၏။

ထိုအဖြစ်သည် စိမ်းလန်းစိုပြေ၏ အမိုးရိပ်နှင့် ခုံတန်းလေးတစ်ခု ပေါ်မှာ ဖြစ်ခဲ့ပေမယ့် သင်တန်းမှာ နာမည်ကြီးသွားခဲ့လေသည်။

ဝသုန် ကို ဆက်ထုံး က တစ်ယောက်တည်း ထားခဲ့ပြီး လက်ပြ နှုတ်ဆက်သွားခဲ့ခြင်း ...။





အခန်း (၅)

"ဟိတ် .."

"ဟင်!..."

အနားမှာ ကပ်ခေါ်လိုက်တော့ လှည့်ကြည့်မိကာ ...

"ဪ .. ထူး .."

"ဟုတ်တယ် .. ဘာတွေ ဝယ်နေတာလဲ .."

"သူငယ်ချင်း မွေးနေ့လေ .. ဘာလက်ဆောင်ပေးရင် ကောင်းမလဲ ဟင် .."

ထူး က ဆက်ထုံး ရပ်ကြည့်နေသည့် အရုပ်မလှလှလေးတွေကို ကြည့်ရင်း လက်လေးပိုက်၍ ...

"ကြည့်ရတာ .. သူငယ်ချင်းဆိုတာ မိန်းကလေး ထင်တယ် .."

"ဟုတ်တယ်လေ.. မင်းကို မဖိတ်ဘူးလား.. သမုဒယ ရဲ့မွေးနေ့.."

"ဖိတ်တာပေါ့ .. ဒါနဲ့ ဆက်ထုံး နဲ့ သမုဒယ က ရင်းနှီးသွားတာ လားတယ် နော် .."

"ကိုယ် ပရိုပို့စ် လုပ်ထားတာ .."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါလည်း မြန်တာပဲ .."

"အဟွန်း .."

ဆက်ထုံး က ရယ်လိုက်ပြီး ထွေး ကို ပြန်ငဲ့ကြည့်သည်။ လပြည့်ဝန်ပလာစာကို သူ တစ်ခါမှ မလာခဲ့ဘူးပါ ..၊ သူမ ကိုယ့်နောက်က ပါလာတာလား .. ဘယ်သူတွေနဲ့ လာတာလဲ ..။

"ဘာလိုက်ရှာတာလဲ ဆက်ထုံး .."

"ဩော် .. မင်းမှာ အဖော်တွေ ပါလာသလားလို့ .."

"ပါတော့ ဘာလုပ်မလို့လဲ .."

"ကိုယ်က ပြန်တော့မှာ .."

"မပြန်နဲ့ဦးပေါ့ .. ထွေး က ခုမှ လာတာ .."

"တစ်ယောက်တည်း လာတာလား .."

"ဟုတ်တယ် ..၊ ဘာလဲ .. ယူ့နောက် လိုက်လာတယ် ထင်လို့လား .."

"မထင်ပါဘူး .. ထင်စရာလား .."

"ဟင်!..."

နှစ်ယောက် အတူတူ လျှောက်ကြည့်နေမိရင်း စကားပြောဖြစ်ကြကာ ...

"ယူ့စကားက ဘာလဲ ..၊ ထင်စရာလားဆိုတာ .."

"ဩော် .. ကိုယ့်လိုလူက ဒီလို ထင်စရာ ဘာရှိလို့လဲ .."

ထွေး က သဘောပေါက်သွားသည့် မျက်နှာလေးနှင့် ခေါင်းညိတ်နေကာ ...

"ဝသုန် က ငြင်းလိုက်လို့ ယူ တော်တော် ခံစားသွားရတဲ့ပုံပဲ .."

"မင်း သိတယ်မို့လား .."

"သိတာပေါ့ .. တစ်ဆောင်တည်း အတူတူ နေကြပဲဟာ .."

"အဲဒီမှာ မင်း တစ်ခါတလေ သွားအိပ်တာ မဟုတ်ဘူးလား .."





"ဟင့်အင်း .. တစ်နှစ်စာ ပေးထားတာ .."

"မင်းက 'ထွေးထက်'အိမ်ရာရဲ့ .."

"ဟုတ်တယ်လေ .. ဘာဖြစ်လို့လဲ .. သူငယ်ချင်းတွေနဲ့ နေချင်လို့ နေတယ် .. တစ်စုံတစ်ယောက်ကို မြင်ချင်လို့ နေတယ် .. ဘာဖြစ်လို့ပဲ နေနေ မရဘူးလား .."

"ရတာပေါ့ .."

"ဒါပေမယ့် အဲ့ဒီတစ်စုံတစ်ယောက်ကတော့ မရပါဘူး .. ပေးနေတာလည်း မသိဘူး ..၊ လိုချင်နေမှန်းလည်း မသိဘူး .. ခုထိပဲ .."

ထွေး က ပခုံးလေးတွန့်ကာ ...

"ဘာမှကို ဖြစ်မလာဘူး .."

ဆက်ထုံး က သူမ မျက်နှာလေးကို စူးစိုက်ကြည့်နေပြီး ခပ်ယဲ့ယဲ့ ပြုံးသည်။ ထွေး က ဘာမှမသိသည့် မျက်ဝန်းလေးနှင့် ...

"ယူ့ကို မချမ်းသာဘူးဆိုပြီး ဝသုန် က ငြင်းလိုက်တာလား ..၊ ဒါမှမဟုတ် သူ ပြောတဲ့ စကားထဲမှာ ရှင် မခံနိုင်တာ ပါသွားလို့ နောက်ဆုတ်လိုက်တာလား .."

"အဲဒီလိုတွေ ဘာဖြစ်လို့ ထင်တာလဲ .."

"သူတို့ ပြောနေကြသလို ယူက လက်ပြသွားတယ်ဆိုရင်တောင် ဘယ်သူ့ဘက်က စတာ ဖြစ်နိုင်သလဲဆိုတာ တွေးကြည့်တာပေါ့ ..၊ သူ့ကို ချစ်လို့ ကြိုးစားနေတဲ့သူက ဘယ်လိုလုပ် ဆောရီး လုပ်သွားမှာလဲ ..၊ ဝသုန် က ငြင်းလိုက်တယ်ဆိုရင်လည်း မချစ်ရင် နေပေါ့ဆိုပြီး ယူ ချက်ချင်းထပြီး နှုတ်ဆက်မှာလား .."

"ဘယ်ဆက်မလဲ .."

"အဲဒီတော့ ထွေး ပြောတာ မမှားဘူးမို့လား .."

"မမှားဘူး .. တော်လွန်းလို့ အံ့ဩဖို့တောင် ကောင်းနေတာ .."

"အဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



"တို့အကြောင်း တော်တော် အချိန်ပေးပြီး စဉ်းစားထားတာပဲ.."

"တမင် အချိန်ပေးစရာကို မလိုဘူး .. ခေါင်းထဲမှာ အမြဲရှိတယ်"

မျက်လုံးချင်းဆုံသွားပြီး ပြိုင်တူရယ်မိကြသည်။ ထူး ခေါင်းလေး ငုံ့သွားရင်း ...

"ဒါတောင် ရှင် ရှေ့မဆက်နိုင်သေးဘူးလား ဆက်ထုံး ရယ် .."

"ဒီ့ထက် ဘာတွေ လမ်းခင်းပေးရဦးမလဲ .."

"ဘာလိုနေသေးလို့လဲ .."

ရင်ထဲမှာ အသံတိတ်စကားတွေ ဆိုနေခဲ့မိသည်။ ဆက်ထုံး က တစ်နေရာမှာ ရပ်တန့်သွားကာ ...

"လှေကားထိပ်တောင် ရောက်လာပြီ .. ဘာမှလည်း မဝယ်ရသေးဘူး .."

"ဝယ်လေ .. ဆက်ထုံး က ဘာဝယ်မလို့လဲ .."

"ခုန အရုပ်လေးတွေထဲကပဲလေ.. ဈေးကြီးတာတွေတော့ မတတ်နိုင်ဘူး .."

"ဘာဖြစ်လဲ ဆက်ထုံး ရယ် .. အဲ .. ခေါ်ရတာ သိပ်မချောဘူး .. ယူ့ကို ဆက် လို့ပဲ ခေါ်မယ်လေ .. ရလား .."

"ကြိုက်သလို ခေါ် .."

ထုံး လို့ပဲ အစကနေ ဦးဆွေးဆံမြည့်တဲ့အထိ ခေါ်သွားမှာ သေချာနေခဲ့သော ပေဖူး ကို သတိရသွားသေးသည်။

အဲဒီလိုမျိုး သူများတွေ ခေါ်သလို ခေါ်ပါတော့လား လှလှပပ ..၊

အလကား ချေးထုပ် ..၊

"ဆက် .."

"ဟင် .."

"သန်ဘက်ခါ တို့ မွေးနေ့ .."

"ဟင်!... ဟုတ်လား .."





"ယူ ဘာလက်ဆောင်မှ ပေးဖို့ မလိုဘူး .. လူပဲ ရောက်အောင် လာရင် ရပြီ .."

"ဟာ .. အဲဒီလိုကြီးတော့ .."

"စိတ်ဆိုးဖို့ အကြောင်းနှစ်ချက် ရှိတယ် .. တစ်အချက်က လက်ဆောင်ပစ္စည်းပါလာရင် စိတ်ဆိုးမယ် ..၊ နှစ်အချက်က လုံးဝ မလာဘဲနေရင် စိတ်ဆိုးမယ် .."

ဝမ်းသာလိုက်သည့်ဖြစ်ခြင်း ..၊

ဆက်ထုံး မအီမလည်ကြီး ပြုံးနေပေမယ့် ရင်ထဲမှာ ခုန်ပေါက်နေခဲ့၏။

ဘယ့်နှယ် ရန်ကုန်မှာ သင်တန်းကတစ်ဖက် မွေးနေ့တွေက တစ်ဖက်ပါလား ..၊

ကိုယ့်မွေးနေ့က တစ်နှစ်မှ တစ်ခါ .. အဲဒါကလည်း ရွာပြန်ရောက်နေတာပဲဆိုတော့ တစ်ခါမှလည်း မလုပ်ဖြစ်ခဲ့ပါ ..။

ဘာဖြစ်လို့လဲဆိုတော့ မွေးနေ့က နိုဝင်ဘာ နှစ်ဆယ့်လေးရက်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"မင်း ခုကစပြီး ကံကောင်းပြီ ထင်တယ်ကွ .."

"တော်ပါပြီကွာ .. ထူး ကို ငါ အစတည်းက မစားကောင်းတဲ့ အသီး ဆိုပြီး ဖယ်ထားခဲ့တာ .."

"ဘာဖြစ်လို့လဲ .."

"သူ ဒီလောက် ချမ်းသာတာ .. ငါနဲ့ မဖြစ်ဘူး .."

"ဖြစ်အောင် လုပ်ပေါ့ကွာ .."

"ဘာ!..."

"ဩော် .. ဒီခေတ်ကြီးမှာ အဆင့်အတန်းကြောင့် ကွဲကွာသွားကြတယ်ဆိုတာ .."

"မရှိတော့ဘူးလား .."

"ရှိတော့ ရှိပေမယ့် .."

"တော်ပြီ ရာဇ .. ငါက ပျော်ပျော်ပဲ နေချင်တာ .. ငါ့ကိုယ်ငါ ဘာမှမဟုတ်တဲ့ တောသားဆိုတာကိုတောင် မေ့ထားချင်တဲ့သူ ..၊ ဒါကို တူးဆွ ချိုးနှိမ်လာမှာမျိုး မဖန်တီးချင်ဘူး .."





ရာဇ နဲ့ မန တို့ ညီအစ်ကိုက ကျောင်းမှာ သိပ်မရင်းနှီးခဲ့ကြဘဲ သင်တန်းကျမှ ငယ်သူငယ်ချင်းလို ရင်းနှီးလာခဲ့ကြတာ ဖြစ်သည်။

သူတို့ကလည်း လူချမ်းသာတွေ မဟုတ်ကြပေမယ့် မိဘတွေက ကိုယ်ပိုင်လုပ်ငန်းနဲ့ အရှိန်အဝါနဲ့ပဲ ဖြစ်သည်။

"မင်းကလည်း ဘဝမှာ ပျော်စရာတွေချည်း ဖြစ်နေမှာမှ မဟုတ်တာ .. ခုပဲ ကျောင်းသားဘဝကို ကျော်ဖြတ်ခဲ့ကြပြီ ..၊ သင်တန်းတွေ တက်ပြီးရင် ငါတို့ အလုပ်လုပ်ကြရမှာ မဟုတ်ဘူးလား .."

"မလုပ်ပါဘူး .."

"ဟာ!..."

"ဒါဆို သင်တန်းတွေတက်ပြီး မင်း ဘာလုပ်မှာလဲ .."

"သင်တန်းတက်တာက သူများတွေ တတ်သလို ကိုယ်လည်း တတ်ထားချင်လို့ ..၊ ပြီးတော့ ပျော်ရတယ် .."

"ပြီးတော့ရော .."

"ဒါပဲ .."

"ဆက်ထုံး .."

"ဘာလဲ .."

"မင်း မိန်းမ မယူတော့ဘူးလား .."

"ယူတော့ .."

"မင်း လုပ်ကျွေးရမှာ .."

"လုပ်ကျွေးချင်စိတ် ဖြစ်လာမှ ယူမှာပေါ့ကွ .."

"ကောင်းတယ် .."

ရာဇ က အားပါးတရ ထောက်ခံ၏။ မန က မျက်မှောင်ကုတ်ဘာ ...

"ဘာကောင်းတာလဲ .."

"ဟား .. ဒီ့ထက်ကောင်းတာတောင် ဒီလောက် မကောင်းဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"ဒီ့ထက် မကောင်းတာတောင် ဒီလောက် မဆိုးဘူး လုပ် .."

"ဟား .. ဟား .. ဟား ..."

ညီအစ်ကို နှစ်ယောက်ကို ကြည့်ပြီး ဆက်ထုံး က ရယ်နေ၏။ မနု က ရှုံ့မဲ့မဲ့နှင့် ကြည့်၍ ...

"ဆက်ထုံး .. မင်း ပေါ့တော့တော့ လုပ်မနေနဲ့ .. မင်းက ကိုယ့်ကိုယ်ကိုယ် အပြားလိုက် .. ဒေါင်လိုက် ဘယ်လိုပစ်ချနေနေ အပြားဖြစ်ဖြစ် .. ဒေါင်လိုက်ဖြစ်ဖြစ် အိတ်ထဲ ပြေးကောက်ထည့်ချင်နေတဲ့ မိန်းကလေးတွေ ရှိသေးတယ် .."

"အဲ့ဒီတော့ .."

"မင်း သူတို့ကို ထည့်တွက်ရမှာလေ .."

"မတွက်ပါဘူး .. အသည်းကွဲတယ်ဆိုတာ ခဏတစ်ဖြုတ်ပဲ ..၊ ခလုတ်တိုက်မိလို့ ခြေမ ကွဲတာလောက်တောင် မခံစားရဘူး .."

"ဒါပေမယ့် သူတို့က မင်းကို မက်မောလာရင် မင်းရဲ့ အထက်ပါ အောက်ပါ အရည်အချင်းတွေကို တခမ်းတနား ရေးဖွဲ့ပြီး သူတို့ရေးတဲ့ အိမ်ထောင်ရေး ပရိုဂရမ်မှာ .."

"တော်စမ်းပါကွာ .."

"အံမာ .. တော်လို့ ရမလား .."

"တော်ဆို တော်လိုက်တော့ မနု .. ငါလည်း နားငြီးတယ် .."

ရာဇ က ခပ်တည်တည် ပြောပြီး ဆက်ထုံး သီချင်းရေးတဲ့ စာအုပ်ကို ဆွဲယူ၍ အိပ်ရာထဲမှာ ဝင်လှဲလိုက်သည်။

"ငါက မင်းကို ပြောတာမို့လို့လား .."

မနု က မကျေမနပ် ရေရွတ်နေရင်း စပ်ဖြဲဖြဲ ပေါ့ပျက်ပျက် လုပ်နေသည့် ဆက်ထုံး ကို ကြည့်၍ မဲ့သည်။ သူတို့ကတော့ ကဗျာသမား စာပေသမားတွေလို ခပ်ပိန်ပိန် မှန်ကြောင်လေးတွေပါ ..။

အလယ်တန်းကျောင်းမှာတည်းက မျက်မှန်တပ်လာခဲ့ကြတာ ..၊





ခုဆို ပုလင်းဖင် ဖြစ်နေပြီ ..၊ အမြွှာညီအစ်ကိုပီပီ နှစ်ယောက်စလုံး မှန်ကြောင်တွေမို့လို့ လူသိလည်း များပါပေသည်။

ဒါကို ရာဇ က အေးဆေးနေလိုက်ပေမယ့် သူကတော့ တစ်ခါ တစ်ခါ သိမ်ငယ်မိတာ အမှန် ..၊

ဆက်ထုံး ကျတော့ ရုပ်ချောပြီး စည်းစိမ်ဥစ္စာ မရှိ ..၊

ဒါကိုလည်း ဆက်ထုံး ဆိုတဲ့ကောင်က အေးဆေးပါပဲ ..၊ လူတွေ ဘာဖြစ်လို့ ရောင့်ရဲနိုင်ကြတာလဲ ..။

ရောင့်ရဲနိုင်သူတွေက အေးချမ်းကာ မရောင့်ရဲနိုင်သော သူ့လိုလူကတော့ ...

"မင်းတို့ကိုတော့ ပြောကို မပြောချင်တော့ဘူး .."

"နားအေးတာပေါ့ကွာ .."

"ရာဇ .. ငါ မင်းကို မပြောဘူး .."

"မင်းတို့ ဆိုတာ ငါ ပါတာပေါ့ .."

"ကဲ .. ဒီသီချင်း အပြီးသတ်လိုက်ဦးမယ် .. ခဏ တိတ်တိတ်နေပေး .."

ဆက်ထုံး က ရာဇ လက်ထဲက စာအုပ်ကို ဆွဲယူပြီး ဂီတာရှိရာ လျှောက်သွားသည်။ ဒါကိုလည်း မနု က လိုက်ကြည့်နေကာ ...

"ဒီ သီချင်းတွေ ရေးတာကရော .. ဘာလဲ .. အပျော်ပဲလား .."

"ဟုတ်တယ် .."

"ဟုတ်မနေနဲ့ .. မင့်သီချင်းတွေကို ဆောင်းသခင် တို့အဖွဲ့ ဆိုသွားတာ တော်တော် နာမည်ကြီးသွားတာ နော် .."

"ကောင်းတာပေါ့ကွ .."

"နာမည်ကြီး အဆိုတော်တွေဆီ ရောင်းပေးမယ် ပြောတာလည်း အမေ့တလျှော့နဲ့ .."

စာကြည့်စားပွဲမှာ ထိုင်လိုက်ပြီး ဆက်ထုံး က ရယ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



“မမေ့လို့ ငါက လိုက်ကြည့်နေရမှာလား ..၊ ကိုယ်လည်း ပေါ့ပေါ့ပါးပါးပဲ အပျင်းပြေ ရေးနေတာ .. သူတို့လည်း ရပ်ကွက်ထဲက ဘာပွဲညာပွဲလေးတွေမှာ အပျော် ဆိုကြတာပဲ ..”

“အပျော်လို့တော့ မပြောနဲ့ ဆက်ထုံး .. အလှူမင်္ဂလာဆောင်တွေ ရပ်ကွက်ထဲမှာ လုပ်ရင်း သူတို့ တီးဝိုင်းကို ပိုက်ဆံနဲ့ ငှားရတာ ..”

“မနု ရာ .. မင်းက ဘာလဲ ..၊ ဆက်ထုံး ကို ကြည့်ပြီး အားကျနေတာလား .. ဒါမှမဟုတ် အားမလိုအားမရ ဖြစ်နေတာလား ..”

“နှစ်ခုစလုံး ဟုတ်တယ် ..”

ရာဇ က မေးပြီး မနု က ဝန်ခံနေ၏။

“ငါ ဒီကောင့်ကို အားကို မရဘူး .. ကိုယ့်ကိုယ်ကိုယ် ဘဝအာမခံချက် ရှိအောင် လုပ်ရတော့မယ် .. ပျော်ပျော်နေတတ်တာက နေပေါ့.. ဒါပေမယ့် ဘဝဆိုတာကို မေ့လို့ မရဘူး ..”

“အင်း .. မင်းပဲ သင်ပေးလိုက်ပေါ့ ..”

“သင်ပေးလို့ ရရင်လည်း အကောင်းသား .. ရုပ်ကိုက ကြည့်ပါလား .. ဟိုမှာ ..”

“ကြည့်နေတာပဲ .. ဒီကောင် ချောတောမောတောပါ ..”

“ရာဇ ..”

“ဘာတုံး ..”

“ငါ အကောင်းပြောနေတာ ..”

“ငါလည်း အကောင်းပြောတာပဲ .. ဘာလဲ .. မင်း သူ့သီချင်းတွေကို နှမြောလို့လား ..၊ ဒါဆို အဖေ့ကို ပြောပေးလိုက် .. စီးရီးထုတ်ပေးလိုက်ပါလို့ ..”

“မတည့်အောင် စမလာနဲ့ ..”

ညီအစ်ကိုချင်း အပြောမတည့် ဖြစ်ကြပြီဆို အကြီးဖြစ်သည့် ရာဇကပဲ ရယ်ကျဲကျဲနှင့် အဆုံးသတ်ကာ ...





“ဒီကောင်က တကယ့်ဆိုက်ကို ..”လို့ မကြားအောင် ပြောနေ ..၊

“ခုလည်း မင်း ကြည့်လေ .. ထူးထူးခြားခြား က အသေရရ အရှင်ရရ ...နေတာကို ..”

“မင်းက ကြားထဲက နှမြောနေတာလား ..”

“ဟုတ်တယ် ..”

ဆတ်ခနဲ ခေါင်းညိတ်ပြီး ဝန်ခံကာ ...

“သူက...ပြီး နှမြောရမှာ .. ကိုယ့်ဘာသာ ဆင်းရဲတော့ ဘာဖြစ် ..၊ လူမစွမ်း နတ်‘မ’တဲ့ .. ဘာဖြစ်ဖြစ် ရင်ဆိုင်မယ်ဆိုတာလည်း ...ဘူး .. နောက်ပြန်ဆုတ်မလား .. ရှေ့တိုးမှာလား ..၊ ဒီကောင်က ...လည်း မဆုတ်ဘူး .. ရှေ့လည်း မတိုးချင်ဘူး ..”

“သူ့ဘာသာသူ ဘာဖြစ်လဲ ..”

“အခု သမုဒယ ကလည်း အဖြေပေးချင်လွန်းလို့ ဖြစ်နေပြီ ..”

“ကဲ .. ဆက်ထုံး .. အဲ့ဒါကိုတော့ မင်း ဖြေလိုက်တော့ ..”

“ဘာဖြေရမှာလဲ ..”

ဆက်ထုံး က စားပွဲမှာ ဂီတာနဲ့ စာအုပ်နဲ့ ညှိနေရင်း လှည့်မကြည့်...န်မေး၏။

“မင်းရဲ့ အပျော်တွေကို အတည်ဖြစ်နိုင် မဖြစ်နိုင် ..”

“စဉ်းစားတဲ့အလုပ်ဆို ဘာမှ မလုပ်ဘူး ..”

“ကောင်းတယ် ..”

မနု က နေရာမှ ထကာ လွယ်အိတ်ကောက်လွယ်ရင်း အိပ်ရာ...င်းက လက်ဆောင်ဘူးကို မြင်သွားပြီး သေချာ သွားကိုင်ကြည့်

သူ့...ဆားမှာမို့ ဆက်ထုံး က လှည့်ကြည့်ကာ ...

“အဲ့ဒါ ဒီည ထူး ရဲ့ မွေးနေ့အတွက် ..”



www.burmeseclassic.com

www.burmeseclassic.com



"လက်ဆောင်တွေကိုတော့ ရက်ဆက် ဝယ်နေတာပဲ .. ရှာ
ငွေပို့နေရတဲ့ ဘကြီးခမျာ သနားစရာပဲ .."

"ပူမနေပါနဲ့ကွာ .. မင်း ပြောသလို ငါ့ဘာသာ ကိုယ့်ဘုန်း ကို
ကံနဲ့ပါ ..၊ ကြွေးတင်ရင် ဘုရင် ဆပ်လိမ့်မယ် .."

"လုပ်ပေါ့ .."

"ဟား .. ဟား .. ဟား ..."

ရယ်နေသည့် ဆက်ထုံး ရင်ထဲမှာ ဘာမှမရှိတဲ့ ဗလာတော့ မဟု
ခဲ့ပါ ..၊

ဒါပေမယ့် ဘာလို့ ပြောရမှာလဲ ..၊

ယောက်ျားလည်း ယောက်ျားမို့ အတွက်ရှိကြတာပဲ .. ရှိတိုင်း
ပြောနေရရင် သိက္ခာကျမှာပေါ့ ..။

ကိုယ့်အတွေးနဲ့ကိုယ် ရယ်သံက မစဲနိုင်ဘဲ ဖြစ်နေခဲ့၏
စေတနာတွေထားပြီး အားမလိုအားမရ ဖြစ်နေတာကို သိသည်။

"ကိုယ်က မချမ်းသာလည်း ချမ်းသာတဲ့မိန်းမကို ယူလိုက်
ချမ်းသာတာပဲ .."

"သီချင်းတွေ ဒီလောက်ရေးနေရတာ အကုန်လုံး ဖရီးချည်
မလုပ်နဲ့လေ .. ပညာရပ်တိုင်းမှာ တန်ဖိုးဆိုတာ ရှိတယ် .."

စသဖြင့်သော အကြံပေးခြင်းတွေ နှစ်နဲ့ချီ၍ ပြောလာခဲ့တာ
ထိ ..၊

"မွေးနေ့သွားဖို့ အဝတ်စားရော အဆင်သင့် ရှိရဲ့လား .."

သူပဲ ဆက်ထုံး အတွက် ပူနေပြန်၏။

သူ့အကြောင်း တွေးနေတုန်းမို့ ဆက်ထုံး က လန့်သွားသလို
ခနဲ လှည့်ကြည့်ကာ ...

"ရှိတယ် .. ဝယ်ပြီးသွားပြီ .."

"ဟွန်း .. မရှိလို့ပဲ .."





"ဘယ်သူက မရှိဘူး ပြောလို့လဲကွ .. ကိုယ့်ဘုန်း ကိုယ့်ကံနဲ့ပါ
ဦး .."

"အင်းပေါ့ .. ဖုန်းက ဟန်းဆက်က မကောင်းဘူး .. ကံကတော့
ခေါ်နေတယ် .."

"အဲ့ဒါ မင်းပဲ သိတာ ဟော့ကောင် .. ရေလေးဘာလေး ဖြည့်ပေး
လိုက်တော့ .."

ရာဇ လှမ်းအော်တော့ အပြင်ကို ခြေလှမ်းကျွံနေပြီးမှ ခန က
လှည့်ကြည့်၏။

"သွားလေ .. ငါက အကြံပေးတာပါ .."

ရာဇ စပ်ဖြီးဖြီး ပြောကာ စာအုပ်နဲ့ မျက်နှာ ကွယ်လိုက်ပြီး ...

"အဲဒီကောင် တကယ် ဆိုက်ကို ကွ .."

"ကြားသွားဦးမယ် .."

"မကြားတော့ဘူး .. သွားပြီ .."

ပြောပြီးမှ သေချာအောင် စာအုပ်ဖယ်ပြီး ကြည့်လိုက်သေးသည်။
တော့ ...

"ဘယ်လောက်ထိလဲ မင်း သိလား .. အမေ့ကိုတောင် ချမ်းသာ
ဘူး ဆရာကျတာ .."

"ဟုတ်လား .."

"ဟုတ်လိုက်တာမှကွာ .. ဒေါ်လေးတို့ ဘုရားဖူးလာသွားပြီး
ဘူး ငါတို့နဲ့ မောင်နှမဝမ်းကွဲတွေ လာလည်ကြတာလေ ..၊ လာ
ကတော့ သူတို့ကိစ္စလေးတွေနဲ့ပေါ့ကွာ .. ဒါပေမယ့် အိမ်မှာပဲ
ရက်လောက် ကြာတယ် .. အဲ့ဒါ အမေ့အမျိုးတွေ လာကြတာ
နှစ်ဘည်းမှာ ဘယ်နှစ်သုတ် ရှိပြီ ဘာညာ .."

ရာဇ ရှုံ့မဲ့ပြောပြီး ထထိုင်လိုက်တော့ ဆက်ထုံး တဟားဟား ရယ်



www.burmeseclassic.com

www.burmeseclassic.com



"ဒါတင် မကသေးဘူး .. အမေ ရှေ့ဝယ်တာတွေ လျှော့ပါလား တစ်ဖက်က ကုန်နေရင် တစ်ဖက်က ပြန်လျှော့ရမှာ ဘာညာသာရ… တွေနဲ့ အိမ်စရိတ် တွက်ပြနေတာကွာ .."

"ကောင်းတာပေါ့ကွ .. မင်းအမေဆိုရင် ပီတိတွေ ဖြာနေနိုင်တယ် .."

"ဘာဆိုင်လို့လဲ .."

"သားတစ်ယောက် .. သမီးတစ်ယောက် ရသလိုပဲ ဆိုပြီးတော့"

"ခွေးကောင် .."

ရာဇ က ဆဲတော့ ဆဲပြီး တခွိခွိ ရယ်နေကာ ...

"အဲ့ဒါ ဟိုကောင် ကြားသွားရင် မင်း နာပြီ .."

"ပြန်မပြောနဲ့လေ .. ဒါက လျှို့ဝှက်ချက် .."

"မင်းကရော ဘာတွေ လျှို့ဝှက်ထားသေးလဲ .. ငါ့ကို ပြော… ဟေ့ကောင် .. မသိဘူးလို့တော့ မထင်နဲ့ .. မသိချင်ယောင် ဆောင်… တာ .."

"ကျေးဇူးပဲကွာ .. ဆက် ဆောင်နေလိုက်စမ်းပါ .."

"အများကြီး မမေးဘူး .. တစ်ခုပဲ ဖြေ ... သမုဒယ ကိုလား ထူးထူးမြတ် ကိုလား .."

"ဘာလုပ်ဖို့လဲ .."

"မင်းဘာသာ လုပ်ချင်ရာ လုပ်ပေါ့ကွ .. ဒါပေမယ့် တစ်ယော… ပဲ ရမှာ .. နှစ်ယောက် မရဘူး .."

"ဟေ့ကောင် .."

"ဟုတ်တယ်လေ .. သမုဒယ က အဖြေပေးဖို့ ချိန်းတယ် .. အ… ထူးထူးမြတ် .."

"မင်းဆိုရင် ဘယ်သူ့ကို ရွေးမှာလဲ .."

"ငါက မင်းမှ မဟုတ်တာ .."





"ဟုတ်ဟုတ် မဟုတ်ဟုတ် ကြားဝင် စဉ်းစားပေးကွာ .."

"သမုဒယ က ရုပ်ရည်ရော .. ဘက်ခ်ရောင်းန်ရော သိပ်မကောင်း… ဘူး .. ထူးထူးမြတ် က ရည်းစားများတယ် .."

"ငါ ရွေးစရာ ကျန်သေးလား .."

"ထောက်ပြတာလေ .. မင်း ဘာကို လက်ခံနိုင်သလဲ စဉ်းစား… ဆဲ့ .."

"ငါကတော့ .."

"ထူးထူးမြတ် ကို သာနေတယ် မို့လား .."

"ဟုတ်တယ် .."

သူ ဝန်ခံလိုက်သည် ...၊ ထူး ကို အရှမ်းချမ်းသာလွန်းလို့ ဖယ်ထားခဲ့… ဆမယ့် ထူး တစ်ယောက်သာ ကျောက်ခဲသလဲ ပါချင်ရာပါ သိမ်းကျုံး… ပြောင်ယူမည့်သူ ဖြစ်သည်။

ကျန်တာတွေက ပြုံးပြုံးပြုံ ဆန်ခါတင် ရွေးချယ်ချင်ကြတာ… ဝင်း၀ သေချာ၏။ 'ချစ်သလား .. ချစ်တယ်' ဆိုတဲ့ အမေးအဖြေလေး… …ရုပ်အတွက် အရည်အချင်းမှတ်တမ်းနှင့်တကွ အိမ်ထောင်ရေး ပရို… …ရမ်ကို တစ်ခါတည်း အောက်ပွတ်ထွက်အောင် ရေးချင်တဲ့သူတွေ ...၊

သူ့ဘက်ကတော့ မှတ်တမ်းနှင့်တကွသော ကောင်းနိုးရာရာ အရည်… …ချင်းများနှင့် ပတ်သက်၍ ဘာမှ မရှိတဲ့သူပါ ...၊

ဒီအတွက်လည်း သူကိုယ်တိုင် ဝမ်းမနည်းခဲ့ဘူးသလို .. သူများ… …မြန်း ကြေးထူလာလို့ ဦးနှောက်ခြောက်ခံရမှာလည်း မလိုချင် ...၊

ချစ်ရင် ချစ်တယ် ...၊ ဖြစ်ရင် ဖြစ်တယ် ...၊ ဒါပဲ အဓိက ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဒက်ဒီ .. သူက သမီးသူငယ်ချင်း ဆက်ထုံး တဲ့ .."

"အေး .. အေး .."

"သူတို့က ရာဇ နဲ့ ခနေ .. အမြွှာညီအစ်ကိုလေ .."

"ဟုတ်လား.. တခြားအမြွှာတွေလို ခွဲမရအောင် တူတာမျိုး မဟုတ် ပါလား .."

"ဟုတ်ကဲ့ .. ဒါပေမယ့် မှန်ကြောင်လေးတွေ ဖြစ်နေတာကတော့ တူပါတယ် .."

ရာဇ က ခနေ ရဲ့ မျက်မှန်ကို လှမ်းကြည့်ရင်း သူ့မျက်မှန်ကို ကိုင်ပြသည်။ ထူး ရဲ့အဖေ ဦးအောင်ထက် က အားလုံးကို တရင်းတနှီး လာနှုတ်ဆက်သည်။

သူတို့သာမကဘဲ ထူး ရဲ့ သူငယ်ချင်းတွေ အားလုံးကို တစ် ယောက်မှ မကျန်အောင် ဖော်ရွေစွာ ပြုံးပြ၏။

မိတဆိုးသမီးလေးမို့ ဘယ်လောက်ထိ အလိုလိုက် ယုယထားခဲ့ တယ်ဆိုတာလည်း သိသာလွန်းကာ ...





"အားမနာကြနဲ့ သားတို့ သမီးတို့ နော် .. လွတ်လွတ်လပ်လပ် ကြ .. အေးဆေးမှ ပြန် ..၊ အန်ကယ်လ်က အလုပ်ကိစ္စလေး ပြော ရှိလို့ .. အိမ်ထဲ ခဏဝင်ရဦးမှာ .."

နှုတ်ဆက်ပြီး ဧည့်သည်တွေကို ဦးဆောင်၍ အိမ်ထဲ ဝင်သွား၏။ ထဲမှာ စားပွဲဝိုင်းတွေ ရှိသလောက် စိုပြည်နေကာ မိန်းကလေး သူငယ် င်းတွေနဲ့ ယောကျ်ားလေး သူငယ်ချင်းတွေက တစ်ဝက်စီလောက် နေ၏။

လူကြီး ပရိသတ်တွေကတော့ ထိပ်ဆုံးစားပွဲမှာပဲရှိကာ အဖြူရောင် ယ်ကျပ်လေးနဲ့ ပုလဲလုံးရှည်ကို ဆွဲထားသော ထူး ရဲ့ လှုပ်ရှားမှုတွေ တိုင်း လိုက်ကြည့်ရင်း စကားပြောကြ .. စားသောက်ကြနှင့် ..၊

"ဟဲ့ .. ထူး ရယ် .. တော်ပါပြီ .. နောက်ထပ်တစ်မျိုး လာမချနဲ့ တော့ .. ငါတို့ မစားနိုင်တော့ဘူး ..၊ ဘယ်မှာလဲ .. သီချင်းဆိုမှာက ယ်သူလဲ လို့ .."

ကျွတ်စီ ကျွတ်စီ အသံတွေကို ခနေ က အရင်ဆုံး ကြားလိုက်ကာ ဆက်ထုံး ကို စားပွဲအောက်ကနေ ခြေထောက်နဲ့ လှမ်းတို့ကာ ...

"ဆက်ထုံး .. မင်းတော့ ထိပေါက်ပြီ .."

"ဘာလဲ .."

ထူး ကို မြင်လိုက်သဖြင့် ခနေ က ဘာမှမပြောဘဲ နေလိုက်၏။

"ဆက် .."

"ဟင် .."

ဆက်ထုံး ရဲ့ နောက်ကနေ ကျောမှီမှာ လက်တင်ရင်း ရှေ့ကို ငုံ့ တော့ သူမ ရင်ဘတ်က ပုလဲကုံးက ဆက်ထုံး ရဲ့ပခုံးစွန်းတစ်ဖက် ခုံကျ၏။

"ထပါဦး .. တို့မွေးနေ့အတွက် သီချင်းတစ်ပုဒ်လောက် .."

"သီချင်း ဆိုနိုင်းတာလား .."



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ .. တို့က ယူ့အသံ အရမ်းကောင်းတာလို့ ကြားထာ
တာ .."

"ဟာ!... မဟုတ်လောက်ဘူး ထင်တယ် .. ကိုယ် ဘာမှ ပြင်ဆ
မလာခဲ့ဘူး .."

"ရပြီသားတွေပဲ ဆိုရမှာပါ .. ပြီးတော့ ဂီတာနဲ့ပဲ အဆောင်ရှေ့
လာဆိုသလို .. အဲ .. ဒါပေမယ့် .. ဒီမှာတော့ ထူး အတွက်ပဲ သီးသ
ဗီလင်နဲ့ ဆိုရမှာ .."

"ကဲ .. ကဲ .. စောင့်နေရတာ ကြာနေပြီ .."

"မြန်မြန်လေး .."

မိန်းကလေးတွေ အသံတွေပဲ ထွက်လာခဲ့သည်။ ယောကျ်ားလေ
အများစု၏ ရင်ထဲမှာ ဘယ်လိုရှိမလဲတော့ မသိပေမယ့် ထိုထဲမှာ
ရဲ့ အဆက်ပေါင်းတစ်ယောက်တလေလည်း ပါနေသော်ငြား ..၊

မျက်နှာမှာတော့ အပြုံးတွေ ဖန်ဆင်းထားကြတာပဲ ဖြစ်သည
ထူး ကလည်း ဘယ်မျက်နှာကိုမှ မကြည့် ..၊ ဘာကိုမှ ဂရုမစိုက်
ဆက်ထုံး ရဲ့ဘေးမှာ လက်လေးပိုက်လိုက် .. လက်ခုပ်တီးလိုက်နှင့်

"သမုဒယ .."

"ဟင်!..."

"အဲ့တစ်ယောက် နင့်ကို ပရိုပို့စ် လုပ်ထားတယ်မို့လား .."

"ဟင့်အင်း .. ခင်တာပါ .."

"မညာပါနဲ့နော် .. ဘာလဲ .. ထူးထူးမြတ် နဲ့ တွဲနေလို့ ရင်ခံသ
တာလား .."

နောက်က မိန်းကလေးသံတွေ ကြားတော့ ရာဇ နဲ့ မနေ မျက်
ချင်း ဆုံသွားသည်။ ရာဇ က ပွင့်လင်းတတ်သူပီပီ ပြုံးစိစိမျက်နှာ
ပခုံးတွန့်ကာ ...

"အလံဖြူ ပြသွားပြီ .."





"သူတို့ ခုမှ ရောက်တာ ထင်တယ် .."

"ဟုတ်မှာပေါ့ .."

"ဆက်ထုံး တော့ နှစ်ယောက်စလုံး လွတ်တော့မှာပဲ .."

"လွတ်စရာ မရှိဘူး .. ဟိုတစ်ယောက်က မိအောင် ဖမ်းထားမှာ
ကျိန်းသေနေတာ .."

ရာဇ က ထူး ကို အကြည့်နဲ့ပြပြီး အပိုင်ပြောနေ၏။ မနေ ကလည်း
သီချင်းဝင်ဆိုနေသည့် ထူး ကို လှမ်းကြည့်သည်။

ဂီတာပိုက်၍ သီချင်းဆိုနေသည့် ဆက်ထုံး ရဲ့ဘေးမှာ သူမက
နီးကပ်စွာ ရှိနေလျက် သီချင်းဝင်ဆိုသည့်အပိုဒ်တိုင်းမှာ အသံဝင်အောင်
တိုးလိုက်သလိုလို .. အားပါသွားသလိုလိုနှင့် မျက်နှာချင်းက ကပ်လိုက်
ခွာလိုက် ..၊

'ကြယ်တွေစုံတဲ့ ည' သီချင်းက ရိုးစင်းပေမယ့် နှစ်ယောက်ပူး
ဆိုနေတော့ ပို၍ စိုပြည်နေကာ ပရိသတ်ကလည်း ငြိမ်သက်နေကြ၏။

အားလုံး နားလည်လိုက်သည်က ဒီပွဲဟာ ဆက်ထုံး နဲ့ သူမ
အတွက် ထူး တမင် စီစဉ်ထားသည့် ကြော်ငြာပွဲ တစ်ခုသာ ..၊

"ဖြောင်း .. ဖြောင်း .. ဖြောင်း ..."

လက်ခုပ်သံတွေ ထွက်ပေါ်လာကြသည်နှင့် ဆက်ထုံး မှာ တပ်ဆင်
ထားသည့် မိုက်ခရိုဖုန်းကို ထူး က ဖြုတ်ပေး၏။ သူမ၏ လှုပ်ရှားမှုတို့
သည် ဆက်ထုံး ကို မြတ်နိုးနှစ်သက်သော အမူအရာတွေ ပြည့်သိပ်နေခဲ့
လျက် ...

"ဖြောင်း .. ဖြောင်း .. ဖြောင်း .."

တစ်ယောက်တည်းသော လက်ခုပ်သံ ပေါ်ထွက်လာလျှင် အားလုံး
လှည့်ကြည့်လိုက်ကြ၏။

"ဒက်ဒီ .."

ထူး သာမကဘဲ အားလုံး အံ့သြသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထူး ရဲ့ လွန်ကဲသော ရင်းနှီးမှုတွေကို ဒီအဖေက မမြင်လိုက် .. မကြားလိုက်သလို လက်ခုပ်တီး၍ လှောက်ထွက်လာပုံက ပြုံးပြုံးရယ်ရယ် ..၊

"အသံလည်း ကောင်းတယ် .. ပါဖွန်းမန့်(တ်)လည်း ကောင်းတယ် .. အရမ်းကို အဆင်ပြေတယ်ကွ .. သမီးသူငယ်ချင်းက ဘယ်ဆိုလို့လဲ .. သီချင်းနှစ်ပုဒ် ဆိုသွားတာ .. နှစ်မျိုးစလုံးမှာ နှစ်သံ ထွက်တယ် .."

"ဟုတ်တယ် ဒက်ဒီရဲ့ .. သူ ဘယ်သီချင်းပဲဆိုဆို .. အရမ်းကောင်းတာ .."

"ထူး အဲလောက် မလုပ်နဲ့လေ .. တော်ကြာ အိမ်ကို ခြေထောက်နဲ့ မပြန်ရဘဲ လွင့်ပါသွားဦးမယ် .."

"ဟုတ်ပ .. ထူး တို့က အရမ်း သိသာတာပဲ .."

ဦးအောင်ထက် ၏ နားလည်တတ်သည့်အပြုံးကြောင့် သူငယ်ချင်းတွေက ပေါ်ပေါ်တင်တင် စနောက်လာကြ၏။

ထိုညက ကြယ်တွေစုံတဲ့ ညပါ ..၊

ပြီးတော့ အားလုံးပဲ စုံလေသည် ။





## အခန်း (၈)

"တီ .."

"လာပြီ ..၊ မင်းမဲ့ ထူး .."

"သွားလေ .. ဘာမှလည်း ပြင်ဆင်မထားပါလား .."

ရာဇ နဲ့ မနု တို့ အသံတွေပဲ ထွက်လာ၏။ ဆက်ထုံး က ပီကေပါးရင်း တီဗွီကြည့်နေရာကနေ ပြတင်းပေါက်နား ထသွားပြီး အပြင်ကို လှမ်းကြည့်သည်။

"ထူးထူးမြတ် ပါ ဆိုမှ .. ဘာလဲ ခဲသေချာဘူးထင်လို့ ပြေးကြည့်တာလား .."

"မဟုတ်ပါဘူး .. ငါနဲ့ ချိန်းမထားလို့ .."

"ချိန်းမထားလည်း လာချင်လို့ လာတယ်ပေါ့ကွာ .."

မနု က ထူး ကို ကြိုက်လိုက်ပါလား .. ယူလိုက်ပါလားလို့ အကြံဆားခဲ့ဖူးသူပါ ..၊ ဒါပေမယ့် ထူး ကို ကြည့်မရ ဖြစ်နေတာလည်း သူပဲ ဖြစ်၏။

"ဆက် .."

"တင်း .. တောင် ..."

အသံနှစ်သံ ဆက်တိုက်ထွက်လာတော့ သူ့မျက်နှာ ရှုံ့မဲ့သွားကာ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဘဲလ်သံမျိုး သေချာ မှတ်ထားရမယ် .. 'ဆက် .. တင်း .. တောင် ...' တဲ့ .."

"ဟား .. ဟား .. ဟား .. ဟား ..."

ရာဇ က ဝါးလုံးကွဲ ထရယ်၏။ ပြီးတော့ ခေါင်းညိတ်ကာ ရယ်လက်စအသံနှင့် ...

"အေးလေ .. နာမည် ခေါ်ချင်လည်း ခေါ် .. ဘဲလ်နှိပ်ချင်လည်း နှိပ်ပေါ့.. သွား.. ဟော့ကောင်.. အရမ်းကို တွေ့ချင်စိတ်စောနေတာနော်.."

"ဟော့ကောင် .. ပါးစပ်ကြီး ပိတ်ထားဦး .."

ဆက်ထုံး က ရယ်နေသည့် ရာဇ ပါးစပ်ကြီးကို သတင်းစာနဲ့ လှမ်းပုတ်ပြီးမှ စားပွဲပေါ် ပစ်ချ၍ တံခါးသွားဖွင့်သည်။

"ဘာဖြစ်လို့လဲ .. ချိန်းမထားရင် လာခွင့်မရှိဘူးလား .."

လူမလာသေးခင် ဒီလုပ်(ထ်)ရေမွှေးနံ့နှင့်အတူ စကားသံက ပြေးဝင်လာ၏။ ခနဲ က ရာဇ ဘက်မှာ ဆောင့်ခနဲ ရွှေ့ထိုင်လိုက်လျှင် မျက်နှာချင်းဆိုင်ပြီးသား ဖြစ်သွား၏။

ထူး က ကြေးညစိမ်းရောင် ဂျင်းနံ့သားကို လက်ပြတ်လည်ဟိုက်နှင့် စကက်တို တစ်ဆက်တည်း ဝတ်ထား၏။ ပခုံးတစ်ခြမ်းနှင့် ရင်ဘတ်ပေါ်မှာရော ရှေ့ခါးစပ် အောက်တစ်ခြမ်းမှာပါ ပန်းရောင်နဲ့ အဝါနုရောသော ပန်းပွင့်တွေ ကပ်ထားသဖြင့် ထင်းရှင်းနေသည့် သူမ ကိုယ်ပေါ်မှာ ရင်ခုန်အောင် လှနေလေသည်။

သူမသည် လမ်းလျှောက်မြန်သလောက် လှုပ်ရှားမှုတိုင်းက အချိုးကျ လှပနေကာ ...

"အဟမ်း .. အဟမ်း .."

ဆက်ထုံး ငေးနေတာကို အမြင်ကတ်ကတ်နှင့် ခနဲ က ချောင်းဟန့်သံကြီး အကျယ်ကြီး လုပ်ပြကာ ...

"ထိုင်လေ ထူး .. ရောက်လာတဲ့ပုံက ကိစ္စတစ်ခုခု ရှိနေတဲ့ပုံပဲ.."





"ဟုတ်တယ် .. ခနဲ ကမှ နားလည်တတ်သေးတယ် .. တကယ်ပါပဲ .."

ထူး က ထိုင်ချလိုက်ပြီးမှ ခပ်ဖြည်းဖြည်း ပါလာသည့် ဆက်ထုံးကို ပြန်မော့ကြည့်ကာ ...

"ဘယ်လိုလဲ .. မစဉ်းစားရသေးဘူးလား .."

"အင်း .. အဲ့ဒါကို စဉ်းစားနေတုန်းပဲ .."

တစ်ယောက်က ဘာကို မေးလို့ တစ်ယောက်က ခေါင်းကုတ်ပြီး အီလည်လည် ဖြေတာ .. ဘာတွေလဲ ..။

"တွေ့လား.. ဒီကတော့ သူ စိတ်ပါလာအောင် ပြောလိုက်ရတာ.."

"ဟမ်!..."

ရာဇ မျက်ခုံးတွေ ပင့်တက်သွားသည်။

"လုပ်ပါ ဆက် ရယ် .. ဒါက အားလုံးအတွက် အဆင်ပြေမှာပေါ့ .. ငယ် တို့ လုပ်တာက ဆက် ကောင်းဖို့ပါ .."

"အဲ .."

"ဟော့ကောင် .. ဘာဖြစ်နေတာလဲ .."

ရာဇ နဲ့ ခနဲ အတိုင်အဖောက်ညီစွာ အသံတွေ ထွက်လာကြလျှင် ဆက်ထုံး လန့်သွားသည်။ ဒီကောင်တွေ မဟုတ်မဟုတ်တွေးပြီး နောက်ကြတော့သည်။

"မင်းကလည်း ဒီလောက်တောင် ဈေးကိုင်နေရသလားကွ .. ကိုယ် ကောင်းဖို့ပဲဥစ္စာ .. လုပ်လိုက်ပေါ့ .."

"အေးလေ .. ထူး ကိုယ်တိုင် ဒီလောက်တောင် စည်းရုံးနေတာများ ငြင်းဖို့လို့ပဲ .."

"ခနဲ .."

"ဟင် .."

"မင်းတို့ တိတ်တိတ်နေစမ်းပါ .."



www.burmeseclassic.com

www.burmeseclassic.com



"အို .. တိတ်တိတ်မနေခိုင်းပါနဲ့ .. ဒီထိ တမင်လာတာ သူတို့ရှေ့မှာ ပြောချင်လို့ .."

"ကဲ .."

ရာဇ က နှုတ်ခမ်းမဲ့ပြီး ဆရာကြီး လုပ်ပြ၏။ ထူး က သူမဘာသာ စကားလုံးတွေ အရှိန်ကောင်းနေကာ ...

"ဆက် ကို ပြောနေတာ မနေ့ကတည်းက သိလား .. ဒက်ဒီကိုယ်တိုင် သူနဲ့လုပ်ဖို့ စပြောတာလေ .."

"သားအဖ နှစ်ယောက်စလုံးလား .."

"အင်းပေါ့ .. တို့က ပြောထားလို့ ဆက်ထုံး ဆိုတာကို ဒက်ဒီက နာမည်နဲ့ ရင်းနှီးနေတာ ကြာပြီ .. သီချင်းဆိုတာကို ကြားလိုက်မှ အလုပ်အတွက်ပါ အဆင်ပြေမှာကို တွေးမိတာလေ .."

"ဩော် .. သီချင်းဆိုဖို့လား .."

"ဟုတ်တယ် .."

ရာဇ တို့ မျက်နှာတွေက ခပ်တည်တည်မို့ ဘယ်အဖြစ်ထိ နောက်ပြောင်နေကြမှန်း ထူး က မရိပ်မိပေ ...၊ ဒီစကားကျမှ ဆက်ထုံး က ရာဇ တို့ကို ထပ်မနောက်ဖို့ လက်သီးကြိမ်း ကြိမ်းကာ ဆိုဖာမှာ ဝင်ထိုင်လိုက်၏။

"ဟုတ်တယ် .. ဒီလိုလေ .."

နာမည်ကြီး အဆိုတော်တစ်ယောက်က ဗီစီဒီတစ်ချပ်စာ မပြည့်သေးဘဲ ကျန်းမာရေး ထိခိုက်ပြီး အနားယူနေရသည်။ ဒါကို အဆိုတော်ကိုယ်တိုင်က လူသိမခံချင်သည့် ပြဿနာနှင့် အကုန်လုံး ဦးနှောက်ခြောက်နေကြရသည်။

"အဲဒီ အဆိုတော်ရဲ့သီချင်း နှစ်ပုဒ်စာလောက် လိုနေတာ ရာဇရဲ့ .. ဆက် ရဲ့အသံက သူ့အသံနဲ့ ခွဲမရအောင် တူတယ်လေ .. ပြီးတော့ ဆက် က ကိုယ်တိုင် သီချင်းရေးနေတဲ့သူ .. ဘယ်ကီးနဲ့ပဲလာလာ သူ





နိုင်တယ်.. စမ်းကြည့်ရုံလေးပါ..၊ အဲဒီသုံးပုဒ်တည်း.. ဒါက အစပဲလေ.. အောင်မြင်သွားပြီဆိုရင် ဆက် ကိုယ့်ဟာကိုယ် ရှေ့ဆက်တိုးရုံပဲ .."

"ဒါလည်း မဆိုးပါဘူး .."

"ဘာလဲ .. အဲ့ဒါက ပိုက်ဆံရမှာလား .."

"ဩော် .. ရမှာပေါ့ .. ဆက် အတွက် အကျိုးရှိဖို့ပါဆို .. ထူး က ကိုယ့်လူ ရဖို့ပဲ အမိက တွေးတာပါ .."

"ခင်ဗျားအဖေက တေးသံသွင်း လုပ်တာမှန်း ခုမှပဲ သိတော့တယ်.."

"ဒက်ဒီ့လုပ်ငန်းတော့ မဟုတ်ပါဘူး .. အန်တီသက် တို့ လုပ်တာပါ .. ဒါပေမယ့် ဒက်ဒီက ဝါသနာပါတယ်လေ .. တစ်ခုခုဆိုရင် အန်တီသက် က ရောက်ရောက်လာပြီး တိုင်ပင်တော့ ဒက်ဒီနဲ့လည်း ဆက်သက်နေတာမျိုးပေါ့ .."

"အင်း .."

ခုကျမှ ရာဇ တို့ မျက်နှာတွေမှာ အတွေးကိုယ်စီနှင့် တည်တည်တဲ့တဲ့တွေ ဖြစ်ကုန်ကြကာ ...

"ဒါပေမယ့် နောက်ကွယ်က ဆိုတာကြီးက သိပ်မကိုက်ဘူး .."

"ဩော် .. မနေ ကလည်း ယူတို့ကို အားကိုးပြီး ဒီထိ လိုက်လာပြောတာမှပဲ .. လုပ်ပါ .. ဆက် ကို ဝိုင်းပြောပေးပါဦး .."

"ဒါဆိုရင် ကိုယ် တစ်ခု မေးလို့ ရမလား .."

"မေးလေ .. ဆက် .."

ဆက်ထုံး က လူလည်ကြီး မျက်နှာမျိုးနှင့် စကားပြောဖို့ကို အရှိန်ယူနေသေးသည်။ ပြီးမှ ရာဇ တို့ကို ဝေခနဲ လှမ်းကြည့်လိုက်ရင်း နှာခေါင်းတစ်ချက် ကုတ်၍ ...

"မင်းက တို့ကို အကျိုးဖြစ်ထွန်းစေချင်လို့ တိုက်တွန်းနေတာလား.. မင်းအဖေါ်အတွက် အဆင်ပြေဖို့လား ...၊ အဲ့ဒါကို အရင် သိချင်တာ.."



www.burmeseclassic.com

www.burmeseclassic.com



ရာဇ နဲ့ မနဲ စပ်ဖြဲဖြဲ မျက်နှာတွေ ဖြစ်ကုန်ကြသည်။ ထူး မျက်နှာလေးကလည်း ပန်းနုရောင်လေး သမ်းသွားကာ ...

"တို့သာ အဲဒီလို လူကြီးတွေရဲ့ စီးပွားရေးတွေအပေါ် စိတ်ဝင်စားတတ်နေရင် ယူနဲ့ ခုလို ရင်းနှီးခင်မင်နေကြတဲ့အဆင့်တောင် ရောက်မှာမဟုတ်ဘူး .."

"သင်တန်း အတူတူ တက်နေကြတည်းက မြင်တွေ့ ရင်းနှီးနေကြတာပဲကွာ .. မေးတာကို တည့်တည့်ပဲ ဖြေစမ်းပါ .."

ရာဇ တို့ ခေါင်းကုတ် နှာခေါင်းရှုံ့တွေ ဖြစ်ကုန်ကြကာ တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြကာ ...

"မနဲ ငါတို့ သွားမှ ထင်တယ် .."

မနဲ က ခေါင်းမညိတ် ခေါင်းမခါ မျက်နှာနှင့် ဆက်ထုံး တို့ကို ကြည့်သည်။ ပြီးမှ နေရာမှ ခပ်လေးလေး ထကာ ...

"တားမယ့်လူ မရှိဘူးဆိုတော့လည်း သွားရတော့မှာပေါ့ .."

"ကဲပါ .. မြန်မြန်သွားပါ .."

"ဆက် ကလည်း ဘာမှန်းလည်း မသိဘူး .."

ဆက်ထုံး က တွန်းလွှတ်နေသည်။ ထူး က ရှက်နေ၏။

"ကဲ .. ဘာမှန်း မသိသေးဘူး တဲ့ ..၊ သိအောင် ပြလိုက်ဦး .."

"ဟော့ကောင် .."

"ပြောပြလိုက်ဖို့ ပြောတာ .."

ရယ်သံတွေက အချစ်၏ ရင်ခုန်သံများနှင့် ရွှင်မြူးနေခဲ့၏။





အခန်း(၉)

"သော်ဇင် .. ဒါ မင်း လုပ်တဲ့ ရုံးလား .."

"အေး .. ဟုတ်တယ် .. စက်ရုံက ဟိုဘက်မှာလေ .. ငါတို့က ဒီမှာပဲ လုပ်ရတာ .."

"သူရိန်လင်း ရော .."

"သူတို့က ဒီမှာ မလုပ်တော့ဘူး .."

နှစ်ယောက်အတူတူ သစ်ပင်ရိပ်က ခုံဝိုင်းမှာ ထိုင်လိုက်ကြကာ...

"ဒီကောင်တွေက လစာ ပိုရတဲ့အလုပ်ကိုပဲ မဲရှာနေကြတာကွ..
တာ လိုမယ်ဆိုလည်း လိုလောက်ပါတယ်ကွာ .. အိမ်မှာ သက်ကြီး
ိုနဲ့ ကလေးပေါက်စနဲ့ အိမ်ထောင်ကွဲနေတဲ့ အစ်မတွေနဲ့ စားမယ့်
ပ်တွေက အများကြီး ..၊ ငါကတော့ အမေကလည်း မုန့်ဆိုင်နဲ့
ား လူမမာ အငယ်အမွှားလည်း မရှိဘူး.. ပြီးတော့ အလုပ် တစ်ခုပြီး
ရ ပြောင်းရတာ ငါက ဝါသနာကို မပါတာ .."

သူ့အကြောင်းတွေ အားပါးတရ ပြောနေပြီးမှ ဆက်ထုံး ခေါက်
ခြင်းကို သတိရသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .. ရွာကို လှူကြဲပြါးစရာ ရှိလို့လား .. ငွေဆိုရင်ဆေ ရတယ် .. ပစ္စည်းပစ္စယ လေးလေးလံလံတွေဆိုရင်တော့ ငါ့ကို မသေ နော် .. ဟိုကောင်တွေဆီ သွား.. ငါက ပစ္စည်းသယ်ရမှာလောက် ဖု တာ မရှိဘူး .."

ဆက်ထုံး က ရယ်ကာ ကိုယ့်ပေါင်ကို ပုတ်၍ ...

"ဘာမှ မပေးဘူး .. စာလေး တစ်စောင်တည်း .."

ပြောပြီး တစ်ခုခုကို စဉ်းစားသလို လုပ်နေသေးသည်။ ပြီးမှ -

"ငါ ပိုက်ဆံ မှာနေတာ.. ပေဖူး မှာ ငွေ ရှိသေးရဲ့လား မသိဘူး

"ဘာလဲ .. ငွေမှာမယ့် စာလား .."

"အေး .. ဟုတ်တယ် .."

"ဟား .. ဆက်ထုံး ရာ .. မင်းကတော့ .."

သော်ဇင် ရှုံ့ရှုံ့မဲ့မဲ့ဖြစ်သွားကာ ခေါင်းတခါခါနဲ့ ကြည့်၏။

ဆက်ထုံး ကလည်း ခေါင်းကုတ်နေတာပဲ ဖြစ်ကာ ...

"ငါလည်း မမှာချင်ပါဘူးကွာ .. ဒါပေမယ့် မှာရဦးမှာပဲ .. သင်တန်းက မပြီးသေးဘူး .."

"မင်းကွာ .. သင်တန်းတက်ချင်လည်း အလုပ်တစ်ဖက်နဲ့ တ လို့ ရတာပဲ .."

"ငါမှ အလုပ် မလုပ်ချင်တာ .."

"ခုချိန်ထိ မင်း ပြောတုန်းပဲလား .."

"ခုချိန်ထိကို မလုပ်ချင်တာ ဘယ်လိုလုပ်ရမလဲ .."

"ဟ.. ဒါပေမယ့် ပေဖူး က မိန်းကလေးကွ.. မင်း သူ့ကို တက ယူမှာလည်း မဟုတ်ဘူး .. ယူမယ်ဆိုဦးတော့ မိန်းမတစ်ယောက်ဆီ ငွေနဲ့ မင်း သုံးဖြုန်းနေတာ ဘယ်လောက် သိက္ခာကျသလဲ .."

"ပေဖူး နဲ့ ငါ့အတွက်မှာ အဲဒီလို အကန့်တွေ မရှိပါဘူးကွာ ဒီအရွယ်ကျမှ ငါ့ကို ချစ်တယ် ကြိုက်တယ်တွေ ဖြစ်လာတာ .. ဒ





ငါက ဟိုးငယ်ငယ်လေးတည်းက တကယ့် မောင်နှမတွေလို နေလာကြ တာပဲ .."

"ဒါပေမယ့် ဟုတ်မှ မဟုတ်တာ .."

"ငါကတော့ သူ့ကို မိန်းကလေးတစ်ယောက်လို့လည်း မမြင်ဘူး.. မရိုးမသားလည်း မတွေးမိခဲ့ဘူး .."

"ဒါဆို ဘယ်လိုမြင်သလဲ ပြောပါဦး .."

"ငါ့ညီမလေး .. အဲ့ ဒါမှမဟုတ်ရင် သူငယ်ချင်းအရင်းကြီးပဲကွာ.. အဲ့ဒါကြောင့် သူ့ဆီက ယူသုံးနေတာကို ငါ လိပ်ပြာသန့်တယ် .."

"ဒါဆို သူ့ကို လက်ထပ်မယ်ဆိုပြီး ဘာလို့ လိမ်နေတာလဲ .."

"လက်ထပ်မယ့်ဘဝကို ထူထောင်မယ်ဆိုမှ ကြိုးစားဖို့တွေ .. စု ဆောင်းဖို့တွေ ပါလာမှာပေါ့ .. ငါ တောမှာ မနေချင်တာ မင်း သိသား နဲ့ .."

"သိတယ် .. မြို့က မပြန်ချင်လို့ ကျောင်းပြီးတာတောင် မာစတာ ထပ်တက်တယ် .. တောမှာ ပံ့ပိုးပေးနေရတဲ့ ဘိုးအေကို တက်တက် ပြောင်အောင် နှိပ်စက်တယ် .. တောပြန်လာရပေမယ့် ယောင်တောင် ပေါင်တောင် လုပ်နေပြီး အခု ပေဖူး ကြောင့် မြို့ကို ပြန်ရောက်နေပြီ.. ရည်းစားတွေ ဘာတွေရော ဘယ်နှစ်ယောက် ချိန်းနေပြီလဲ ပြောပါဦး.."

"အခု ပြန်ရောက်ကာမှ တစ်ယောက်မှ မရှိသေးပါဘူး .. ဒီလိုပဲ ချိန်လိုက်တိုင်း လွဲနေတာ .."

သော်ဇင် က စိတ်ပျက်သည့်မျက်နှာနှင့် ကြည့်ကာ မျက်စောင်းလည်း ထိုး၏။

"ရည်းစားထားမယ်ဆိုလည်း မီလီယံနာ ဘီလီယံနာတွေ ရအောင် ချိတ်ထားလိုက် .. ဒါမှ မင်း ဘာမှ မလုပ်ရဘဲ ဒူးနှန့်စားရမှာ .."

"ဒူးမနန့်ဘဲ စားလို့ရတယ် မိုလား .."

"ဘာ!..."



www.burmeseclassic.com

www.burmeseclassic.com



"ဒူးနန့်ရတာလည်း ပျင်းစရာပဲကွ .."

"သွားသေလိုက်တော့ .."

"ဟား .. ဟား .. ဟား .. ဟား ..."

ဆက်ထုံး တအားရယ်နေတော့ သော်ဇင် လိုက်ရယ်မိကာ လက် သီးဆုပ်ကြီး အကြီးကြီး ရွယ်၏။

"ခွေးသူခိုး .. ငါ ထိုးမိတော့မယ် .."

ရွာမှာဆို အချစ်ဆုံး သူငယ်ချင်းတွေပါ ..၊ ဒါပေမယ့် ကျောင်း ရောက်ပြီဆိုတာနှင့် သူတို့နဲ့ ဆက်ထုံး က ခပ်ကင်းကင်း ခပ်ခွာခွာ နေသည်။

သူတို့တွေက တက္ကသိုလ်ကျောင်းသားဘဝကနေ အခု အလုပ် လုပ်နေကြတဲ့အချိန်ထိ ဒီပုံစံ .. ဒီအယူအဆ .. ဒီတောမှ ဒီတောမို့ ဘာတစ်ခုမှကို မပြောင်းလဲကြပေ ..။

ဒါကြောင့် သူကလည်း ပြောင်ပြောင်ပဲ ပြောထားခဲ့၏။

"မင်းတို့ကို မြင်တာနဲ့ တောကော်လီတွေမှန်း လူသိတယ်ကွာ .. ငါ့နား မလာစမ်းပါနဲ့ .. ဝေးဝေး နေ .."လို့ ..။

"ခွေးသူတောင်းစား .. မလာဘူး မင်းအနားကို .."

မိုးမွှန်အောင် အဆဲခံလိုက်တာနှင့် ထိုပြဿနာမျိုး နောက် မတက် တော့ပေ ..။

တကယ်က အရမ်းချစ်ကြပေမယ့် အသွင်မတူကြတာမို့ သွားလာ နေထိုင်ရင်း သူ့အလိုလို လမ်းကွဲသွားခဲ့တာ ဖြစ်သည်။

မုန်းသွားကြတာ မဟုတ်ဘဲ ချစ်ခင်ခြင်းမပျက် တစ်လိုင်းစီ နေ ဖြစ်ခဲ့ကြတာမျိုး ..၊

ရွာကို ပြန်ကြမယ်ဆို အတူတူ ..၊ မြို့ကို ပြန်တက်ကြမယ်ဆို လည်း အတူတူပဲဖြစ်ကာ အတူမပြန်ဖြစ်သောအခါမျိုးမှာလည်း ခုလိုမျိုး ဆုံဖြစ်ခဲ့သည့်နောက် ..၊





"မင်းမှာ ဖုန်းရှိတယ်ဆို .."

"ဘယ်သူ ပြောတာလဲ .."

"သူရိန်လင်း ပြောတာ .. မင်း အိတ်ထဲမှာ ဖုန်း တွေ့လိုက်တယ် ဆို .."

"MP4 ပါကွာ .. သီချင်း နားထောင်ရုံပဲ .."

"ဆက်ထုံး .."

"ပြော .."

"ငါ့ကို သူရိန်လင်း သေချာပြောတာနော်.. အဲ့ဒါ ဖုန်းမှ ဖုန်း.."

"ဟုတ်ရင် ဟုတ်မှာပေါ့ .. ငါ့မှာ ဟန်းဆက်တော့ ရှိတယ်လေ.. ရှိန်တာပေါ့ .."

သူ အမျိုးမျိုး လီးလွှဲပြောနေတာကို ယုံပုံတော့ မပေါ်ပေမယ့် သော်ဇင် က ထပ်မမေးတော့ပေ ..။

"မင်း ဟိုအမြွာနှစ်ကောင်ရဲ့တိုက်မှာ လိုက်နေတာ ဆို .. အဆင် ပြေလား .."

"ပြေပါတယ် .. အဆောင်ခ သက်သာသွားတာပေါ့ .."

"အလကားဆိုတာ အမြဲတမ်း မကောင်းဘူးကွ .. ရတိုင်း ယူတာ လည်း မကောင်းဘူး .. မင်း အလုပ်မလုပ်ချင်ရင် စက်ရုံမှာ စာရင်းစစ် ကို စောင့်မလား .. အစောင့်သက်သက် မဟုတ်ဘူး .. ညဘက် စာရင်း စစ်ပေးရမယ် .. အလုပ်ပြီးသွားရင် ဆက်စောင့်ရမယ် .. လစာ ကောင်းတယ်ကွ .. နေစရာ စားစရာ အပြီးပဲ ..၊ မင်းနဲ့ အဆင်ပြေမယ်လို့ တွေးမိတာက ည ကိုးနာရီကျမှ အလုပ်လုပ်ရမှာကွာ .. အလုပ်ပြီးတဲ့ အချိန်ကတော့ မမှန်ဘူးပေါ့ .."

"မဆိုးပါဘူး .."

"လုပ်မလား .. လစာက ငါ့ထက် သာမှာကွ .. ငါတို့က မာစတာ တက်ခဲ့တော့ .."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါကွာ … ညစောင့်က ညစောင့်ပဲဟာ …"

"ဟော့ကောင် … အစောင့်က သက်သက်ရှိတယ်ကွ … အဲ့ဒီစာရင်းအင်းတွေကြောင့် ပညာတတ်တဲ့လူကို ခေါ်တာ … အဲ့ဒါ ဘဏ္ဍာရေးမှူးခန့်တာနဲ့ အတူတူပဲ …"

"နေပေ့စေ … မလုပ်ဘူး …"

"ပျင်းတာပဲလား …"

"အေး …"

"မတွေ့ဖူးဘူး … အဲ့ဒီလောက် ပျင်းတာ …"

"ဒါဆိုလည်း တွေ့ဖူးအောင် ကြည့်ထားကွာ … မှတ်မိပြီဆိုရင် ငါ ပြန်မယ် …"

"ဟော့ကောင် …"

တကယ်ပြန်ဖို့ပြင်တော့ သော်ဇင် က လက်ကို ဆွဲထား၏။

"မင်း အခု ဘာလုပ်နေလဲ … တစ်ခုခု ပြောဦးလေကွာ …"

"မင်းကို စာလာပေးတယ်လေ …"

"အဲ့ဒါကို မေးတာ မဟုတ်ဘူး …"

သူ ဘာလုပ်ရမယ်မှန်း သူကိုယ်တိုင်လည်း ဝေခွဲမရသေးပေ … သေချာတာကတော့ သူများအလုပ်မှာ စားဆိုမှ စား … နားဆိုမှ နား … ပုံမှန် အချိန်မှန် ဒါ တစ်ခုပဲ လည်ပတ်နေရတာမျိုးကို မကြိုက် …၊

ပြီးတော့ ကိုယ့်အရည်အချင်းကို သူများက သတ်မှတ်တာမျိုး မလိုချင် …။

"ငါတို့ လစာတိုးတော့မှာကွ …"

လို့ ပြောပြီး ပျော်ရွှင်ကျေနပ်နေကြသည့် ဝန်ထမ်းတွေကို သူ စိတ်ပျက်၏။

ကိုယ့်အရည်အချင်းရှိသလောက် ကိုယ့်ဘာသာ ကြိုးစား ထုတ်ဖော်ရမှာ မဟုတ်ဘူးလား …၊





သူ့အကျင့်ကလည်း စိတ်ထဲ ရှိတာတွေကို ထုတ်ပြောပြတာမျိုး သနာ မပါပေ …၊

ထိုအခါ သူ ပြောသမျှက အနှစ်မရှိသော ပေါ့ပျက်ပျက်စကားတွေသာ ဖြစ်နေခဲ့ရလျက် …

"ငါ သီချင်းဆိုဖို့ ရှိတယ်ကွာ … ပြီးတော့ နောက်ပိုင်းမှာ ငါ့သီချင်းတွေကို ဘယ်သူ့မှ အလကား မပေးတော့ဘူး …"

"မင်းက နာအောင်မြင်အောင် လုပ်နိုင်လို့လား …"

"မဟုတ်ဘူး … ငါ လိုအပ်တဲ့ငွေကို ငါ ဘယ်လို ရှာမလဲဆိုတာ ကြည့်ရုံပဲ …"

"ဖြစ်ရလေ …"

"ဟုတ်တယ် …"

"လူတိုင်းသာ အဲဒီလို လိုအပ်တိုင်း ရနေရင် ဆင်းရဲခြင်းဆိုတာ ဘယ်ပါ့မလားကွ …"

"လိုအပ်တိုင်းတော့ ဘယ်ဟုတ်မလဲကွ … တော်ပါပြီကွာ … ငါ့စိတ်ထောင် ကီးမကိုက်သေးဘူး … အဲ့ဒီစာကို ပေဖူး ကို သာ ပေး …"

ပြောပြီး စာကို ထုတ်ယူကာ သော်ဇင့် လက်ထဲ ထည့်လိုက်၏။

"မင်းတို့ သင်္ကြန်ပြီးမှ ပြန်လာမှာလား …"

"အေးလေ … ဘာဖြစ်လို့လဲ …"

"ငါက သင်္ကြန်မှာ သုံးဖို့ လိုချင်တာ …"

"မင်းကလည်း ဆက်ထုံး ရာ … ရန်ကုန်မှာ သင်္ကြန်ကျတာ ကုန်ရကုန်နဲ့ … ရွာကိုပဲ ပြန်လိုက်ခဲ့ပါလား …"

"မလိုက်ချင်ပါဘူး …"

"ဟင်း …"

သော်ဇင် က သက်ပြင်းရှည်ကြီး ချ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ထင်တယ် .. ခုလောက်ဆို ပေဖူး မင်းကြောင့် တော်တေ အပြောခံနေရလောက်ပြီ .."

"ဖြစ်လာနိုင်တာတွေ သူ အကုန် သိပါတယ်ကွာ .. သူ့ဘာသာ ရင်ဆိုင်မယ်လို့ ကတိပေးပြီး သူကိုယ်တိုင် လွှတ်တာ .."

"အဲ့ဒါက မင်းနဲ့ သူ တစ်ချိန်မှာ လက်ထပ်ကြမှာပဲ ဆိုပြီးတေ မို့လား .."

"လက်မထပ်နိုင်ဘူးဆိုတာလည်း ငါ သူ့ကို ပြောပြမှာပါ .."

"ဟား!..."

သော်ဇင် မျက်လုံးကြီး ပြူးထွက်လာ၏။

ဆက်ထုံး မျက်နှာပေါ်မှာ အကြင်နာတရားကို ရှာဖွေကြည့် ရှိကို မရှိတာလား ..၊ သူပဲ ကန်းနေတာလားဆိုတာ စဉ်းစားဖွယ် ဖြစ် ခဲ့၏။

"ဆက်ထုံး .."

"ဘာလဲ .."

"မင်း ပေဖူး ကို တကယ်ကို သနားကြင်နာစိတ် မရှိတာလား"

"ရှိပါတယ် .."

"မဟုတ်ဘူးလေ .. ငါ ပြောတာက သူက မျှော်လင့်နေတာ မင်းက ဒီတိုင်း တကယ်ပြောမှာလား .. ဒါဆို မင်း သူ့ကို ညာ ပိုက်ဆံတွေ .."

"ငါ ပြန်ဆပ်လိုက်ရင် ပြီးပြီ .."

"ဟား!..."

"ဘာဖြစ်နေတာလဲ ရုပ်က .."

"မင်းတော့ လူယုတ်မာ ဖြစ်နိုင်ချေတွေ များနေပြီ .."

"ဖြစ်ပေ့စေပေါ့ .. သူ့ပိုက်ဆံ ငါ ပြန်ဆပ်တဲ့အချိန်မှာ ရှင်း မှာပဲ .."





"ဒါဆို မင်းက ပိုက်ဆံရှာဖို့တော့ အစီအစဉ် ရှိသေးတာပေါ့ .."

"ရှိတယ် .."

"လောလောဆယ်တော့ မင်း နေစရာတောင် မရှိသေးဘူးနော်.."

"ငါကရော သူ့အကြွေးကို လောလောဆယ် ဆပ်မှာမှ မဟုတ်တာ .."

"မင်းကွာ ...တကယ်ကို ရက်စက်နိုင်တဲ့ကောင် .."

"မင်းကရော ဘာဖြစ်နေတာလဲ ..၊ ပေဖူး ကို တော်တော်ကြောင်တဲ့ ကောင်မလေးဆိုပြီး မင်းတို့တောင် ဟာသလုပ်ခဲ့သေးတာ .."

"မင်းက ဟာသ လုပ်နေတာမှ မဟုတ်တာ .. သူ့ဆီက အထုပ်အထည်နဲ့ ခွာချနေတာ .."

"သူ ပေးတာပါ ဆိုမှ .."

"ကဲပါ .. အဲ့ဒါတွေ ထားပါတော့ .."

ဒီနားမှာပဲ ပတ်ရှုပ်နေသဖြင့် သော်ဇင် က ခေါင်းကုတ်ရင်း ရှုံ့မဲ့နေ၏။

"မင်းတို့ချင်း ကျေနပ်နေကြရင် ပြီးတာပဲ .. ဒီစာပဲလား .. ဘာ ပြောပေးရဦးမလဲ .."

"ကြည့်ကျက်ပြောလိုက်ကွာ .."

"မင်း ရည်းစားထားနေတယ်လို့တော့ မပြောရဘူးမို့လား .."

"ထားမှ မထားရသေးတာ .."

"အေးနော် .. ငါ့ကို ဘာလိုလို မဖြေနဲ့ .. ရည်းစားထားတယ်ဆိုတာ သေချာသိလို့ကတော့ ပြောပြီးသားပဲ .."

"ဟား .. ဟား .. ဟား .. ပေဖူး ကို ကြောက်နေရမယ်ဆိုရင် ငါလား .. မင်းလို ပါးစပ်မလုံတဲ့ကောင်ရှေ့မှာ ဒီလိုတွေ လာပြောနေ ပါ့မလား .."

"အေးပါ .. မင်း လုပ်ပါ .."



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်လှိုင်းတွန့် ရေးရေး ခပ်ထူထူနှင့် ဆက်ထုံး က ဆံပင်ကို ကုတ်ထောက်ကျော်အောင်လည်း ထားသေးသည်။

အလယ်ခွဲမှန်း ဘေးခွဲမှန်း မသိအောင် နဖူးပေါ် ပြန့်ကျနေသည့် ဆံပင်တွေနှင့် မျက်ခုံးထူထူက ကြည့်လို့ ကောင်း၏။

အဖြူရောင်ဆွယ်တာပေါ်မှာ ဂျင်းနီဂျက်ကက် ထပ်ဝတ်ထားကာ ဘောင်းဘီရှည်နဲ့ မြင်ရတိုင်း ဂျင်းနီဘောင်းဘီအပြာကိုတော့ ဝတ်ခဲ့တဲ့ သူ ဖြစ်သည်။

ဂျင်းတော့ ဂျင်းတွေပေမယ့် အပြာကို သိပ်မဝတ် ...၊

ကိုယ့်သူငယ်ချင်းပုံစံကို ကြည့်ပြီး သော်ဇင် သဘောတော့ ပေါက်လာပါသည်။

ဆက်ထုံး ဆိုတဲ့ ကောင်ကိုက သူတို့နဲ့ မတူဘဲ တစ်သွေးတစ်မွေး ကြီးပြင်းလာသူပါ။ ဘယ်နားရောက်ရောက် ပေါ်လွင်သည်။ ဘယ်လို နေနေ လူကြည့်ခံရ၏။

အထူးသဖြင့် ပေါ်လွင်နေတာက ပါးလျားမြင့်မားသည့် အရပ် အမောင်းပဲ ဖြစ်၏။ ထိုအခါ ပေဖူး ကို သတိရရင်း သနားစိတ်တော့ ဖြစ်မိလေသည်။

မြို့မှာတောင် ဒီလောက်ထိ လူသိများပြီး ဆွဲဆောင်မှုရှိတဲ့ ယောကျ်ား အဖြစ် သတ်မှတ်ခံထားရတဲ့သူ ...၊

ဆက်ထုံး ကို စိတ်ကူးယဉ်နေတာ နင်တော့ မှားပြီ ပေဖူး ...၊

သတိတော့ ပေးချင်ပါရဲ့ .. ဒါပေမယ့် ...၊





## အခန်း(၁၀)

"ဒါပေမယ့် ဘာဖြစ်လို့လဲ ဟင် .. ပြောပါ .. ကိုသော်ဇင် ရဲ့ .."

"နင်လည်း စာဖတ်ပြီးပြီမို့လားဟာ .."

ပေဖူး က စာကို ပြန်ငုံ့ကြည့်ပြီး ခေါင်းခါသည်။

"စာထဲမှာ .. စာထဲမှာ .. သူက ကျွန်မဆီက ယူတဲ့ ပိုက်ဆံတွေကို သချာ မှတ်ထားတယ်တဲ့ ..၊ အဲ့ဒါက ဘာလဲ .. ကျွန်မက သူ့ကို ချေးထားတာမှ မဟုတ်တာ .. သူနဲ့ ကျွန်မ လက်ထပ်ကြဖို့ တိုင်ပင်ပြီး သူ့ကို ကျွန်မပဲ လွှတ်လိုက်တာ .."

"မသိတော့ဘူးဟာ .. ငါတို့တလည်း ရန်ကုန်ရောက်တာနဲ့ သူ့ အလုပ် သူလုပ် .. ကိုယ့်အလုပ် ကိုယ်လုပ်ကြတော့ နီးနီးနေတာလည်း မဟုတ်ဘူး .. ခဏခဏလည်း တွေ့ဖြစ်ကြတာ မဟုတ်ဘူး .."

"သူ ဒီစာ ပေးသွားတုန်းက ကိုသော်ဇင့် ကို ဘာမှ မပြောခဲ့ဘူး ဘား .."

"ပြောတော့ ပြောတယ် .. ဒါပေမယ့် .."

လာပြန်ပြီ 'ဒါပေမယ့် ..' ...၊

သော်ဇင့် စကားထဲက ဒါပေမယ့်ကို ပေဖူး ဆက်လက် မျှော်လင့်နေမိ၏။ သော်ဇင် သည် ခုနကလိုပဲ ပြောရခက်နေသည့်ပုံစံနှင့် ခေါင်း ပွတ် ကုတ်ပွတ် ရှိနေရင်း ...၊



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ငါတို့ချင်း ရယ်စရာတွေ ပြောရင်းဟိုပြောမိ .. ဒီပြောမိ ပါလာတာ .. ဘာပြောတာလဲဆိုတာ ငါ မသိတော့ဘူး .."

ပေဖူး မျက်နှာလေး ညှိုးကျသွားရှာ၏။ ပန်းရောင်အပွင့်နုပ် ရှိန်သားရင်စေ့လေးနှင့် အမြဲ မြင်ရတတ်သော ကျစ်ဆံမြီး သေးသေးကော့ကော့လေးတွေ ပခုံးနှစ်ဖက်မှာ ချထားသော ပေဖူး ..၊

ဖြူနုနု ချွေးစိုနေသော မျက်နှာလေး အပြောင်သားနှင့် လက်တစ်ဖက်မှာလည်း ခမောက်က တစ်ဖက် ..၊ အထည်ထုပ်ကြီးက တစ်ဖက်..။

"နင် ဘယ်က ပြန်လာတာလဲ .."

"မတရုတ်မ စက်ဆိုင်ကပါ .. ချုပ်ပြီးသား အင်္ကျီတွေ ပန်းထိုးဖို့ယူလာတာ .."

သူ မေးတာကို ဖြေလိုက်ပေမယ့် ပေဖူး မျက်နှာလေးက စိတ်နဲ့လူနဲ့ ကပ်ပုံလည်း မပေါ် ..၊

"ကိုသော်ဇင် .."

"ဟင် .."

"သူ သင်တန်း မှန်မှန်တက်ရဲ့လား ဟင် .."

'မသိဘူး'လို့ စိတ်ထဲက ဖြေလိုက်မိပေမယ့် ...

"တက်တယ် ထင်ပါတယ် .."

"သူ ပြောတဲ့ သင်တန်းတွေ သူ အကုန်တက်နိုင်ရဲ့လား ..၊ အချိန်တွေ အရမ်းကြာမှာ စိုးလို့ပါ.. ပြီးတော့ ကျွန်မ ပို့တဲ့ပိုက်ဆံနဲ့ မလောက်ငှမှာလည်း စိုးတယ် .. ဒါပေမယ့်လေ .."

ပေဖူး မျက်နှာလေး မကောင်းသဖြင့် သော်ဇင် က လိုက်ကြည့်နေကာ ...

"ဘာဖြစ်လို့လဲ .."

"ဘာမှ မဟုတ်ပါဘူး .."

သူမ ခေါင်းခါလိုက်ပေမယ့် တမင်တကာ ဖုံးကွယ်ခဲ့တာမှန်း





သူ သိလိုက်သည်။

"ပေဖူး ဘာလုပ်နေတာလဲ .. အိမ်ထဲ မဝင်ဘဲနဲ့ .."

"ဟော .."

"နင့်ကြီးတော် ခေါ်နေပြီ .. ငါ သကြန်ပြီးမှ ပြန်မှာပါ .. နင်ဆီးလိုက်စရာရှိရင် ပြင်ထားလေ နော် .."

သော်ဇင် ချက်ချင်း ထွက်ခွာသွားသည်။ စာကိုလည်း ဖြန့်လျက်သားကြီး ကိုင်ထားခဲ့မိသဖြင့် ပေဖူး ဘယ်လိုမှ သိမ်းဆည်းကာကွယ်ချိန်ရလိုက် ..။

"အဲ့ဒါ ဟိုအကောင် ပေးလိုက်တဲ့စာ မို့လား .."

"ဟုတ် .. ဟုတ်ပါတယ် .."

"ငါ့ကို ပေး .."

"ကြီးကြီး မဖတ်ပါနဲ့ .."

စာကို ပေါ်တင်ပဲ လက်နောက်ပစ်၍ ဝှက်ထားလိုက်မိသည်။ ဒေါ်လှမွေး က အတင်းတော့ လိုက်မလုပါ ..၊ သို့သော် ဒေါသတွေအကြီးအကျယ် ထွက်သွားသည့် မျက်နှာနှင့် ခါးနှစ်ဖက်ထောက်၍ ...

"အေးပါ .. မဖတ်ပါဘူး .. ဖတ်စရာလည်း မလိုဘူး .. ညည်းဆီကိုရေးတောင်းတဲ့စာပဲဆိုတာ သိပြီးသား ..၊ ဒီကောင့်ကို ညည်း ဒီတိုင်းဆက်ပြီး ပံ့ပိုးသွားရင်တော့ ငါ ယောဂီဝတ်သွားတော့မယ် ပေဖူး .."

"ကြီးကြီးရယ် .. အဲ့လိုတော့ မလုပ်လိုက်ပါနဲ့ .."

"လုပ်မယ် .. အသက်အရွယ်ကြီးပြီ .. အိုစာမင်းစာမှ မရှိဘဲ တစ်ကောင်ကြွက်ဘဝနဲ့ ဇရပ်ပေါ်မှာတော့ အသေမခံနိုင်ဘူး ..၊ ညည်းသိခုတော့ သတိထားပေါ့ အေ .."

ဒေါ်လှမွေး က ခံစားချက်အပြည့်နဲ့ ပြောနေကာ ခြံကျယ်ကြီးနဲ့ အိမ်ကို ပြန်ငဲ့ကြည့်လိုက်သေးသည်။ ပြီးမှ ...

"ဦးဘငွေ က ကပ္ပိယလုပ်သွားသလို .. ငါလည်း ယောဂီဝတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆန်ခံစားလို့ ရတယ် .. ဒါပေမယ့် ဆက်ထုံး လိုတော့ ညည်းဘ
သားသားနားနား ကျန်ခဲ့မယ် မထင်နဲ့ .. ဟိုက ယောက်ျားလေး ..”

ဒေါ်လှမွေး ထဘီတစ်စ ‘မ’ ရင်း အိမ်ထဲဘက် ပြန်လှည့်သွားသည်။ မေဖူး မျက်လွှာချထားလျက်နှင့် မျက်ရည်တွေ ဝေ့လာခဲ့၏။

ရင်ထဲမှာ လှိုက်ဟာ ဆို့နင့် ကျန်ရစ်တာဟာ ကြီးကြီး ပြောသွား တာတွေကြောင့် မဟုတ်ပါ ..၊ ဆက်ထုံး ၏ သံယောဇဉ်နည်းပါးသော စာထဲက စကားလုံးတွေကြောင့် ဖြစ်သည်။

စာကို နောက်ပစ်ကွယ်ထားရာကနေ မျက်နှာရှေ့ ရောက်အောင် ပြန်ဖြန့်ယူရင်း ငုံ့ကြည့်မိ၏။

မေဖူး ...

ငါ အဆင်ပြေတယ် .. သင်တန်းကတော့ များများတက်လေ အောင်လက်မှတ်တွေ များများကိုင်နိုင်လေဆိုတော့ အလုပ်ကောင်းရဖို့ အတွက် သင်တန်း တစ်ခုပြီးတစ်ခု တက်ရမှာပဲ ..၊ ငါ နင့်ကိုလည်း နှိပ်စက်သလို မဖြစ်ချင်ပါဘူး ..။

နင့်ဆီက ယူခဲ့တဲ့ ငွေရော .. ထပ်ယူရတာတွေရော ငါ စာရင်းနဲ့ အတိအကျ မှတ်ထားတယ် .. အဆင်ပြေတာနဲ့ နင့်ကို ပြန်ဆပ်မှာပါ ..၊

ခုလည်း နှစ်သိန်းလောက်တော့ လိုတယ် .. နင် အဆင်မပြေရင် မပို့ပါနဲ့ ..၊

သံယောဇဉ်များစွာဖြင့် ...
ဆက်ထုံး

နောက်ထပ် ပြန်ဖတ်မိကာမှ မျက်ရည်က ပေါက်ခနဲ ကြွေ
အသိမိတ်ဆွေတစ်ယောက်ဆီကနေ ငွေချေးတာမျိုး နင်ပဲ
ရက်တယ် ထုံး ရယ် ..၊

သူမမှာတော့ တစ်သိန်း လိုတယ်ဆို .. နှစ်သိန်း ပို့ ..၊







ပြီးတော့ ဒီငွေ ပြန်ဖြည့်ထားနိုင်ဖို့ အင်္ကျီတွေ ချုပ်ရ .. ပဲ အငှား လိုက်ရွေးရနှင့် လူလည်း ကုလားထိုင်ပုံ ပေါက်နေပါပြီ ..။

ထို့ပြင် ရွှေထည်ပစ္စည်းတွေ တစ်ခါသွားရောင်းလိုက် .. ပြီးတော့ ပေါင်လိုက် ..၊ ပြီးတော့ ကြီးကြီး မသိအောင် မှသာဝါဒတွေ ပြောပြီး ရှောင်ရ တိမ်းရ ..၊

“မေဖူး ရေ .. ဟော့ .. ခြံထဲမှာ နေပူပူနဲ့ မတ်တတ်စုံရပ်ပြီး ဘာလုပ် နေတာလဲ ..”

“ဟင်!... သဲ့သဲ ..”

စာက တစ်ဖက် .. အထည်ထုပ်က တစ်ဖက်နှင့် မျက်ရည်ကို သုတ်ချိန် မရလိုက်ပေ ..၊

သဲသဲ က ခြံထဲဝင်လာပြီး ဖြန့်လျက်သား စာကို ငုံ့ကြည့်ပြီးမှ မျက်နှာဆီ ရောက်ကာ ...

“ဆက်ထုံး ဆီက စာလာတာလား ..”

“အင်း ..”

“နင် ငိုထားတာလား ..၊ ဘာဖြစ်လို့တဲ့လဲ .. မိန်းမယူသွားပြီတဲ့ လား ..”

“မဟုတ်ပါဘူး ..”

အကောင်းဆုံးအဖြေကို ပြောဖို့ စဉ်းစားရင်း စာကို ဆွဲယူ ဖတ် လိုက်မှာစိုးကာ ဒီတိုင်း ဖြစ်သလို လိပ်၍ ရင်ဘတ်ကြားထဲ ထည့်ထား လိုက်သည်။

သဲသဲ ကတော့ စာကို စိတ်ဝင်တစား လိုက်ကြည့်နေလျက် ...

“တစ်ခုခုတော့ တစ်ခုခုပါပဲ .. မညာပါနဲ့ မေဖူး ရယ် .. ငါတို့က နင့်ဘက်က မခံနိုင်ကြတဲ့လူတွေပါ .. နင်နဲ့ ဆက်ထုံး အကြောင်းကို သိတဲ့လူတိုင်း ဒီကောင် ဘယ်လိုအချိုး ချိုးသွားတယ်ဆိုတာ သိကြ တယ် ..”



www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် ကိုယ်တစ်ယောက်တည်း မသိလို့ အညာခံရတာလား ..၊ ဒါကို သူမ လက်မခံနိုင်ပေ ..၊ ထုံး ဒီလောက်ထိ ယုတ်မာသွားမယ့်သူ မဟုတ်ဘူးဆိုတာ ဘယ်သူယုံယုံ မယုံယုံ သူမ ယုံကြည်နေသည်။

"ပေဖူး .."

"ဟင် .."

"ဘာ ငိုနေတာလဲ .. စာထဲမှာ ဘာတဲ့လဲ .."

"ဘာမှ မဟုတ်ပါဘူး ဆိုမှ .."

"ဒါဆို နင့်မျက်နှာက မျက်ရည်တွေက ပျော်လို့ ကျနေတာလား.."

"ကြီးကြီး ဆူသွားလို့ပါ .."

"ဟုတ်လား .. ဒီစာ လာတာ သိသွားလို့လား .."

"အင်း .."

ဒီအဖြေကို ကြားမှ သဲသဲ သက်ပြင်းချ၏။

"လာပါဟာ .. နေပူလိုက်တာ .. ငါလည်း ငါ့အကျီပန်းထိုးဖို့ ပုံစံ လာပြတာ .. ဒီထဲမှာ အဝါနုလေးက ငါ့အကျီလေ .."

သဲသဲ ပြောတာတွေကို သူမ စိတ်မပါပေ ..၊ နှစ်ယောက်အတူတူ အိမ်အောက်ထဲ ဝင်လာခဲ့ကြရင်း ပေဖူး စက်ချုပ်တဲ့ အခန်းလေးထဲမှာ ထိုင်မိကြကာမှ ...

"နင် ဘယ်လိုပုံစံ လုပ်ချင်လို့လဲ .. ငါ့ကို ပြခဲ့လေ .."

"ထားလိုက်ပါဟာ .. အဲဒါ အရေးမကြီးပါဘူး .."

ပေဖူး က အထည်ထုပ်ကို ဖြည်ဖို့ လုပ်သည်။ သဲသဲ က ဆားကို တွန်းထားလိုက်၏။ ပြီးတော့ ...

"ငါ ပြောမယ် ပေဖူး .."

ဆက်ထုံး နဲ့ ပတ်သက်သော အကြောင်းအရာကိုပဲ ပြန်ဆက်၍—

"ကြီးကြီး ဆူနေတာကိုလည်း အပြစ်မြင်မနေပါနဲ့ဟာ .. နင်ထ ဆက်ထုံး နဲ့ ပတ်သက်ရင် ထင်ရာတွေ လျှောက်လုပ်နေတာ .."





"ထင်ရာတွေ မဟုတ်ပါဘူး သဲသဲ ရယ် .. ထုံး ကလည်း အားလုံး ထင်သလောက် မဆိုးပါဘူး .."

"သူ့ကို လူဆိုး လူယုတ်မာလို့ မပြောပါဘူး .. ဒါပေမယ့် နင်က အရမ်း'အ'လွန်းတော့ သူ့အတွက် အကွက်ရသွားတာပေါ့ .. နင့်ကို သူ လိမ်ညာလှည့်စားသွားတာတော့ အမှန်ပဲ ပေဖူး .. နင့်ဆီကို သူ ပြန်လာမယ်လို့ နင် ထင်နေသလား .."

"ပြန်လာမှာပါ .."

"အေးပေါ့ .. ဒီလို ယုံကြည်နေလို့လည်း နင် ပေးကမ်းနေတာ ပေါ့ .. ရှင်းရှင်းပဲ ပြောမယ်ဟာ .. နင့်မှာ အသားဖြူတာလေးပဲရှိတာ..၊ အပြင်အဆင် အလှအပ ဘာမှမရှိဘူး .. လှတဲ့လူတွေတောင်မှ ပြုပြင် မွမ်းမံယူမှ ပိုလှလာကြတာ .. နင့်မှာ ဘာအရောင်မှမှ မထွက်နိုင်ဘဲနဲ့.."

"အဲ့ဒါတွေပဲ ငါ ကြားနေရတာ ထူနေပါပြီ သဲသဲ ရယ်.. ဆက်ထုံး က ငါ့ထက် ချောတယ် .. ငါက .."

"မဟုတ်ဘူး .. နင့်ထက်ချောတာ မဟုတ်ဘူး ပေဖူး .. နင်တို့ နှစ်ယောက် လိုက်ကို မလိုက်ဖက်တာ .."

ပေဖူး ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်။

"ငါ့ကို စိတ်မဆိုးနဲ့နော် .. အားလုံးက နင့်ကို သနားနေကြတာ အဲဒါကြောင့်ပဲဟ .. ဆက်ထုံး က ငယ်ငယ်တည်းက မြို့မှာ အသွား အလာ ရှိခဲ့တယ် .. မိဘကလည်း ရွာမှာ ချမ်းသာတဲ့စာရင်း ဝင်ခဲ့တာ လေ .. ပြီးတော့ မြို့မှာ ကျောင်းသွားတက်တယ် .. သူ့ဘဝတစ်ပိုင်း တက်က မြို့မှာ ရှိခဲ့တာ .."

"အဲ့ဒါကြောင့် ငါနဲ့ မထိုက်တန်တာလားဟင် .."

"နှိုင်းယှဉ်ပြတာလေဟာ .. သူ့ရဲ့ အပြင်အဆင် .. နေထိုင်ပုံကအစ ငါတို့ရွာသားတွေနဲ့ ဘယ်မှာများ တူတာ ရှိလို့လဲ .. ပြီးတော့ ငါ့ကို ဘော်ဇင် တို့ ပြောပါတယ် .. ဆက်ထုံး က မြို့မှာလည်း ရှုပ်တား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ..၊ အဲ့ဒီလိုလူမျိုးက တောမှာ ချွေးတလုံးလုံးနဲ့ လူရုပ်မပေါ်အောင် အလုပ်လုပ်နေရတဲ့ နင့်ကို လက်ထပ်မယ်ဆိုတာ ဖြစ်နိုင်ပါ့မလား .. နင်တို့က သမီးရည်းစားတွေဆိုရင်တောင် ဟုတ်တုတ်တုတ် ..”

သဲသဲ တကယ့်စေတနာတွေနဲ့ ပြောနေတာလား ..၊ တမင်တကာ နှိုင်းယှဉ် ဖွဲ့ချနေတာလား မသိတော့ပါ ..၊ ဒါပေမယ့် ပေဖူး ရင်ထဲမှာ တဆစ်ဆစ် နာကျင်လာခဲ့တာတော့ သေချာ၏။

“စဉ်းစားကြည့်ပေါ့ ပေဖူး ရယ် .. အခု နင့်ကို နင့်အဘိုးအဘွား တွေဘက်က အမွေလာပေးခဲ့တဲ့ ရွှေတွေရော .. လယ်နဲ့ နွားတွေပါ သူ့ကြောင့် နင် အမှည့်ခြွေ ခြွေပစ်နေတာ အဓိပ္ပာယ်ရှိရဲ့လား ..၊ ကြီးကြီး ဘက်ကိုလည်း ပြန်တွေးပေးပါဦး .. သူ့မှာ လူကြီးဖြစ်နေပြီ .. နင် ဘာလုပ်လုပ် မပြောနိုင်ဘူးလေ ..”

“ကြီးကြီးက အထင်လွဲနေတာပါ .. ငါ ဆုံး ကို အရာရှိ အရာခံ တစ်ယောက် ဖြစ်စေချင်တာကလွဲရင် ကြီးကြီး နဲ့ အတိုက်အခံလုပ်ဖို့ ဘယ်တော့မှ စိတ်မကူးဘူး ..”

“ဆက်ထုံး ကို ဘာဖြစ်စေချင်တာ .. ညာဖြစ်စေချင်တာတွေ လည်း ခေါင်းထဲက ထုတ်လိုက်စမ်းပါ ပေဖူး ရယ် .. သူ ဒီတစ်ခါ သွားတာ ပြန်မလာတော့ဘူးနော် .. အဲ့ဒါကို ငါ သေချာ ပြောရဲတယ်.. ရွာမှာ သူ့အိမ်ရုတ်ကြီးကလွဲရင် သူ့အတွက် ငဲ့ညှာတွယ်တာစရာလူ မရှိတော့ဘူး .. မက်မောစရာ ဘာအမွေအနှစ်မှလည်း မကျန်ခဲ့ဘူး .. နင့်ဆီက အရချိုင်ပြီး အပြီးလစ်တာ ..”

“ငါကတော့ အဲ့ဒီလို မထင်ဘူးဟာ ..”

“ဒုက္ခပါလား ပေဖူး ရယ် ..”

“သဲသဲ .. နင် .. နင် ငါ့ကို ခင်ရင် တစ်ခုလောက် ကူညီပါလား ဟင် ..”

“လုပ်ပြန်ပြီ .. ဘာလဲ .. မျက်ခုံးတွေတောင် လှုပ်လာပြီ ..”





သဲသဲ က ဟိုကြည့် ဒီကြည့် အိမ်ပေါ်ကို မော့ကြည့်လိုက်နှင့် ...

“ပြောလေ .. ဘာလဲ ..”

“ငါ့ကို နင့်အမေဆီမှာ ဒါလေး ပေါင်ပေးစမ်းပါ ..”

“ဟင် .. ဘာလဲ ..”

အတွင်းခံအင်္ကျီ၏ ရှေ့ကာမှာ တပ်ထားသည့် အိတ်ထဲကနေ ဆွဲ ထုတ်လိုက်တာ ခေါင်းဘယက်ကြီးက ရွှေတွေ ဝင်းဝင်းစက်စက်နှင့်..၊

“ဘုရား!... ဘုရား ..”

“ဘုရား မတပါနဲ့ဟာ .. အဲ့ဒါ သုံးကျပ်ခွဲတောင် ရှိတယ် .. ငါ့ နှစ်သိန်းပဲ ပေးပါလို့ နော် ..”

“ပေဖူး ရယ် .. ဒီလောက်ဟာကြီးကိုများ ယောက္ခမ မသိအောင် မ ပိုက်ဆံခိုးသလိုပဲ .. ထိုးသိပ်ထည့်ထားလိုက်တာ ..”

“ရော့ပါ .. လုပ်ပါဟာ .. ငါ့ကို ဆုံးမစကားတွေလည်း မပြော တော့ .. နင် ငါ့ကို တကယ် သနားတယ်ဆိုရင် ဒါ ငါ့ဝဋ်ကြွေးလို့ပဲ သောထားပြီး ရွာထဲမှာလည်း လျှောက်ပြီး မောင်းမခတ်ပါနဲ့.. ကြီးကြီး လည်း မသိပါစေနဲ့ ..”

“ပေဖူး .. နင် ဒါလည်း ဆက်ထုံး ကို ပေးဖို့ပဲ ဟုတ်လား ..”

“ဟုတ်တယ် ..”

“သိုကြီး တို့ ညီနောင်ကိုလည်း စပေါ်ယူပြီး ဦးကြီးလှ တို့ လယ် ကွက် အငှားပေးထားတယ် ဆို ..”

“အင်း ..”

“အမလေး ဒါဆို ကြီးကြီး ပြောနေတာတွေ တကယ် ဟုတ်တာ ဖြစ်ရလေတယ်ဟယ် .. ဦးကြီးလှ တို့က လယ်တွေ အလုပ်သမား တစ်ပုံတစ်ပင်နဲ့ နွားတွေကို အသေခိုင်းတာ .. ပြီးတော့ အဲ့ဒီလို ယှဉ်ခိုင်းတဲ့ နွားတွေဆိုရင် လုံးဝကို အညှာအတာ မရှိဘူးဆိုတာ ည်ကြီး ..”



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ သဲသဲ ရယ် .. နှင်ကလည်း ထုံး ကို ရန်ကု
သွားပါ .. အလုပ်ရှာပါလို့ ငါပဲ လွှတ်လိုက်တာ .."

"အဲ့ဒါကြောင့် သူ သုံးဖြုန်းသမျှ နှင်က တာဝန်ယူရမယ်ပေါ့.."

"ငါကလည်း .."

"နှင်တော့ သွားပြီ ပေဖူး .. ရှုံးသွားပြီ .. ဆက်ထုံး ရဲ့ ချော‌ော
မောတောစတိုင်လ်မှာ နှင် သွက်သွက်ခါ ရှုံးသွားတာ .."

"ငါတို့ချင်းက သံယောဇဉ်ချင်း နီးစပ်ခဲ့ကြတာပါဟာ .. နောင်
ဆုံး သူ ငါ့ကို လိမ်သွားတယ်ဆိုရင်တောင် မောင်နှမ သံယောဇဉ်နဲ့
သူ့အတွက် ငါ ဆက်ပြီး ဖြည့်ဆည်းပေးသွားမှာ .."

"ကြည့်စမ်းဟယ် .."

"တကယ် ပြောတာ သဲသဲ .. ငါ အချစ်ရှုံး ရှုံးတာ မဟုတ်ဘူး
ချစ်တာမှန်ပေမယ့် သံယောဇဉ်ကြီးခဲ့လို့ ခိုင်မြဲခဲ့တာပါ .. သူ ဘယ်
စိတ်ပဲရှိရှိ ထုံး က နုတယ် .. သူ့ရုပ်ရည် သူ့အကျင့်စရိုက်နဲ့ တော
သူ ပျော်နိုင်မှာ မဟုတ်ဘူး .."

"ဟဲ့ .. အဲဒါတွေ တွေးပြီး ပြုစုပျိုးထောင်ပေးရအောင် နှင်
သူ့အမေလား .."

"ငါတို့တွေက ငယ်သူငယ်ချင်း .."

"အနေသာကြီးပါဟာ .. အဓိပ္ပာယ်မရှိတော့ဘူး တကယ်ပဲ .."

လက်ထဲရောက်နေပြီဖြစ်သည့် ခေါင်းဘယက်ကြီးကို ငုံ့ကြည့်ရင်း
သဲသဲ ကရုဏာဒေါသနှင့် ညည်းညူနေတာ မပြီးနိုင် ...

"ငါက သူ့အမေလို ပူပင်နေတာ မဟုတ်ပါဘူး သဲသဲ ရယ် ..
သူ ငါ့ကိုယူရင် သူ မနေချင်တဲ့နေရာ ငါ့ကြောင့် နေနေရမှာ စိုးလို့ပါ.."

"လာပြန်ပြီ ဒါပဲ .."

"ဘယ်သူမှ မသိကြပေမယ့် သူ ငါ့ကို သေချာ ပြောသွားတာ ..
ငါလည်း သူ့ကို ယုံတယ် .."





"ဪ .. ငါ ပြောရသမျှတွေက အလကားပေါ့ .."

"ဟင့်အင်း .. အလကား မဖြစ်ပါဘူး .. နှင် ပြောတာတွေ ငါ
တ်ထားပါတယ် .."

ပြောလိုက်တော့လည်း ပျာပျာသလဲ ဖြေရှင်းရှာသည်။ သဲသဲ ဖေ
င်စိတ်လည်း ကုန်ပါ၏။ ဘယ်လို ခေါင်းမာသည့် လူမျိုးလဲ ...

"ငါကလေ သူ ငါ့ကို ငြိငြင်ရမယ့်အကြောင်း ဘာမှ မရှိစေချင်
ဘပါ .. သူက ဒီရွာမှာ မနေချင်ဘူးဆိုရင် သူ နေချင်တဲ့ မြို့ပေါ်မှာ
ငါကို လုပ်ကိုင် ကျွေးမွေးစရာအလုပ်ရှိမှ ဖြစ်မှာလေ .. အဲ့ဒါကြောင့် *
သူကို အခု ငါက ထောက်ပံ့နေတယ်ဆိုပေမယ့် ငါ့ဘဝအတွက် ဝမ်းစာ
ဘာမျိုးပါ .."

"အမလေးတော် ဒါမျိုးကျတော့ စကားတတ်လှချေလား မိန်းမ
ယ် .."

"မဟုတ်ရပါဘူးဟယ် .. ငါ့စိတ်ထဲ ရှိတဲ့အတိုင်း ပြောတာပါ...
ကြီးကိုလည်း ငါ တောင်းပန်မှာပါ ... ခုလိုမျိုး ငါ သေချာ ရှင်းပြ
က်ရင် .."

"အေးပေါ့ .. နားလည်မလား ထရိုက်ခံရမလား .. ရှင်းပြကြည့်
ပေါ့ .."

သဲသဲ က ကွပ်ပျစ်ပေါ်ကနေ ဆင်းဖို့ ဖိနပ်စီးလိုက်တော့ ပေဖူး
အထည်ထုပ်ကို ကမန်းကတန်း ဖြေ၍ ...

"နှင် အင်္ကျီပန်းထိုးဖို့ ပြမလို့ဆို .."

"မပြတော့ပါဘူး .. နှင် ထိုးရင် လှမှာပါ .. ငါ့အင်္ကျီက အဝါဆို
တော့ အရောင်ထင်းထင်းလေးနဲ့ ပန်းထိုးပေးနော် .. မပေါ်မှာစိုးလို့ .."

"ထင်းနေတာထက် ယဉ်နေတာက ပိုလှပါတယ် သဲသဲ ရယ် ..
ရောင်နုပေမယ့် ပေါ်တဲ့အရောင်လေးတွေ ထိုးပေးပါ့မယ် .."

"အေးပါ .. ကဲ .. နှင့်စိတ်ကြိုက်သာ လုပ်လိုက် .."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး လှည့်ထွက်သွားသေးသည်။ အိမ်အောက်က ထွက်ပြီး
သတိတရ ပြန်လှည့်လာကာ ...

"နင်က ကိုယ့်ဘာသာတော့ လှအောင် မပြင်တတ်ပေမယ့် အင်္
ထဘီတွေ ပန်းထိုးတဲ့နေရာမှာတော့ ရှယ်ပဲနော် .. နင့်လက်ရာတွေ
ပြည်မြို့ပေါ်က ဆိုင်တိုင်း ကြိုက်တယ်တဲ့ သိလား .."

ရွာထဲက စက်ချုပ်ဆိုင်ကနေ အင်္ကျီ ထဘီတွေမှာ ပန်းထိုးဖို့
စီးကွင့်ထိုးဖို့တွေ အားလုံး ရှိသမျှ ပေဖူး တစ်ယောက်တည်း ဒိုင်ခံ
ထိုးပေးခဲ့သည်။

မြို့ကြီးပြကြီးတွေမှာ စီးကွင့်ထိုးတာ .. ကျောက်တပ်တာ
ခုမှ ခေတ်စားလာပေမယ့် ပေဖူး က ငယ်ငယ်လေးတည်းက စီးကွင့်
တာလည်း မသိ.. ၊ ကျောက် .. ပုလဲ ဆိုတာလည်း သိလို့ မဟုတ်ဘဲ

အကောင်းစား အင်္ကျီ ထဘီ အဟောင်းအစုတ်တွေကနေ ပြီး
ပြက်ပြက် တို့လို့တွဲလောင်းလေးတွေ မြင်မြင်သမျှကို စိတ်ရှည်လက်ရှ
ဖြုတ်ယူသည်။ ပြီးတော့ ကိုယ့်အင်္ကျီလည်ပင်းဝ လက်ဝလေးတွေ
လှအောင် ပြန်တပ်၏။

ကတ္တီပါ ပုံတော်ဖိနပ်ကအစ လှုလှပပလေးတွေ လိုက်ထိုးတ
သည့်အကျင့်က ပေဖူး ဒီလို အလှဆင်တတ်မှန်း တစ်ရွာလုံး သိနေခဲ့
ဖြစ်သည်။ ခုတော့ ဒီဝါသနာလေးနဲ့ ပေဖူး ဝင်ငွေကောင်းနေပါပြီ

"အပျိုကြီးက ပိတ်စပေါပေါလေးတွေ ကလေးအင်္ကျီတွေ ချုပ်
နင့်ကို ပန်းတွေ ထိုးခိုင်းတာနဲ့ မြို့ပေါ်မှာ ဆိုင်တွေ လိုက်တင်
မျက်နှာပန်းလှနေတာဟ .. ခုတောင်မှ အိမ်နေရင်းဝတ် အင်္ကျီ
တွင်တွင်ကျယ်ကျယ်ချုပ်ပြီး ဆိုင်တွေမှာ ဖြန့်ဖို့ စဉ်းစားနေပြီ .. အဲ
နင့်အားကိုးနဲ့ သိလား .."

ပြောနေတာကတော့ ချီးမွမ်းတာပဲဖြစ်ကာ ပြောရင်းနဲ့ သ
သွားသည့်မျက်နှာက မဲ့တဲ့တဲ့ဖြစ်သွားခဲ့ပြီး ...





"အေးပေါ့ .. နင်က ကိုယ် မလှပေမယ့် သူများကို အလှဆင်ပေး
နိုင်တဲ့ဝါသနာ ပါရမီလေးလည်း ပါတယ်လေ .. ဂုဏ်ယူစရာလို့ ပြော
မလား .. ဒါက ဝဋ်ကြွေးတစ်ခုလား .."

"အေးပါ .. ဝဋ်ကြွေးလို့ပဲ ထားလိုက်ပါ .. နင် ငါ့ရဲ့ ဟိုဥစ္စာကို
လည်း လုပ်ပေးဦးနော် .."

"ဟွန်း .."

သဲသဲ က မျက်စောင်းထိုးပြီး လှည့်ထွက်သွား၏။ သွားနေရင်းနဲ့
ခြေစုံရပ်သွားပြီး ပြန်လှည့်ကြည့်ကာ ...

"ဟဲ့ .. နင် ပန်းထိုးတဲ့စက် ဝယ်မလို့ဆို .. တွင်တွင်ကျယ်ကျယ်
လုပ်မယ်ဆို .. လက်နဲ့ချည်းပဲ ဘယ်တတ်နိုင်မလဲဟ .."

"သဲသဲ ရေ .. တိုက်တွန်းမနေနဲ့ .."

ခေါင်းရင်းခြံထဲကနေ ဝဝတုတ်တုတ် ခန္ဓာကိုယ်ကြီးနှင့် ဒေါ်ဘုတ်
ဆုံ က ဆိုင်ကယ်လ်ပေါ်မှာ ခွလျက်သား ရှိကာ ...

"ဆော်ဇင် တို့ ပြန်လာကြတာ မတွေ့ဘူးလား .. ဆက်ထုံး ရဲ့
အမေလေ သူက ..၊ သားဆီကို ငွေပို့ရဦးမှာ .. ပန်းထိုးစက် ဘယ်လိုလုပ်
ဝယ်နိုင်မှာလဲ .. ခြိုးခြံချွေတာ ဆက်ထုံး ရဲ့မာဘာ .."

သူများ ပြောတာကျတော့ သဲသဲ စိတ်မကောင်းပါ။

ဘယ်သူ ဘာပြောပြော ခုခံအားမဲ့စွာ ခေါင်းလေးငုံ့၍ တိတ်ဆိတ်
စွာ နေခဲ့ရှာသော ပေဖူး ကို တစ်ရွာလုံးကလည်း ပြောလို့ကို အားမရနိုင်
ဘူး ထင်သည်။

သွားလေသူ ဟိုပုဂ္ဂိုလ်ကတော့ နားအေးပါးအေး ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

သကြိန်မှာ ကဲဖို့အတွက် ဦးထုပ်ကအစ အင်္ကျီ ဘောင်းဘီ ဖိနပ် အဆုံး တစ်ကိုယ်လုံးအတွက် နှစ်ရက်စာပဲ ဝယ်တာ နှစ်သိန်းကျော် ကျော် ကုန်သွားသည်။

"အေးပါ .. လုပ်ထားပေါ့ .. သီချင်းဆိုတာလေးက ရထားတာဆို တော့ .."

သူဌေးသားဆိုသည့် ခနု ကိုယ်တိုင်က ဒီလောက်ထိ ဝယ်တာခြမ်း တာ ဝါသနာမပါတော့ ဆက်ထုံး ဝယ်နေတာကို တကောက်ကောက် လိုက်နေပေမယ့် တလှုပ်လှုပ် ကဲ့ရဲ့နေတဲ့ပါးစပ်ကလည်း မပိတ် ..။

ရာဇ ကတော့ ပျော်ပျော်ပဲဖြစ်ကာ သူလည်း ဝယ်သည်။ ဆက်ထုံး အတွက်လည်း ရွေးပေးသည်။

"ကဲ .. ငါကတော့ ဗိုက်ဆာနေပြီ .. မင်းတို့ဘာသာ ဆက်ဝယ်ကြ တော့ .."

"ဟား .. ခနု .."

"ဘာလဲ .."





"မင်း ဗွေမဖောက်စမ်းပါနဲ့ .."

"ငါက ဗွေဖောက်တာ မဟုတ်ဘူးကွ .. ဗိုက်က ဖောက်လာတာ..။ ဒီမှာ လာကပ်ကြည့်ပါလား သံစုံမြည်နေပြီ .."

ဆက်ထုံး က သူ့လက်မောင်းကို လာပြန်ဆွဲကာ ...

"မနေခဲ့နဲ့ .. တော်ကြာ ဆိုင်မှာ မင်းကို လာပြန်ရွေးစရာ မရှိလို့ ဒန်းကန်ဆေးပြီး ကြွေးဆပ်နေရလိမ့်မယ် .."

"ဘာ!..."

ခနု ဘာသံကြီး ထွက်လာတော့ ရာဇ က စပ်ဖြဖြမျက်နှာနှင့် သူ ယူထားသည့် ခနု ရဲ့ပိုက်ဆံအိတ်လေးကို ထောင်ပြသည်။

"လိုမယ်ထင်လို့ ခဏ ဆောင်ထားတာ .."

"ရာဇ .. မင်း .."

"ဆောင်ထားရုံပါ ဆိုမှ .."

"ဟော့ကောင် နော် .. အဲ့ဒါ မင်း ငါ မသိဘဲ ယူတာ ခိုးတာပဲ.."

"ညီအစ်ကိုချင်းပဲကွာ .. လာပါ .. မင်းက ဝယ်တာခြမ်းတာ ဝါသနာမပါဘူး .. ငါတို့က ပါတယ် ..။ ပြီးတော့ ဈေးဝယ်ရင်းနဲ့ မျက်စိ အစာဝသေးတယ် .. တကယ့် အလန်းတွေချည်းပဲ .."

ပတ်ဝန်းကျင်ကို အာသာငမ်းငမ်း လိုက်ကြည့်ပြီး ရာဇ က သူ့ သဘောကို သရုပ်ဖော်သည်။

ခနု ခပ်ကြိတ်ကြိတ် တက်ခေါက်၍ ...

"အဲ့ဒါလေးတွေပါ မေးကြည့်ပါလား .. ဒစ်ကောင့်(တ်) ရလား လို့ .."

"သကြိန် ပရိုမိုးရှင်း လုပ်ပါ .."

"သက်သက်သာသာ အတူတူပဲ .."

"မတူဘူးကွ .. ဒစ်ကောင့်(တ်) ချတာတွေက ဝွမ်းနေတာတွေ.."

"ကဲ .. ဆက်ထုံး ရာ .."



www.burmeseclassic.com

www.burmeseclassic.com



ခနနဲ့ ခွန်းတုံ့ပြန်တိုက်ရင်း ဆက်ထုံး အသံကျယ်လာတော့ ရာဇ က ပြန်လှည့်ဆွဲသည်။ ခန က ခပ်တိုးတိုး ဆဲကာ ဆက်ထုံး မျက်နှာကို လက်သီးနဲ့ ရွယ်၏။

"ဘာလဲ .. မင်း ပိုက်ဆံအိတ် ငါ ယူထားတာ မဟုတ်ဘူး .. လက်သီးရဲ့ဒါရိုက်ရှင်ကို ပြောင်းလိုက် .."

ပြောတဲ့အတိုင်း ခန ရဲ့လက်သီးက ရာဇ ဆီ တန်းခနဲ ချိန်ပြီးဖြ ကာ ...

"ရာဇ .. ငါ သတိပေးထားတယ် နော် .. ငါ့ပိုက်ဆံ လုံးဝ မသုံး နဲ့ .."

ထိုစဉ် ဖုန်းခေါ်သံကြောင့် ဆက်ထုံး က ဖုန်းထုတ်ပြီး လှည့်ထွက် သွားလျှင် ...

"ဒီမှာပဲ ပြော .. ဟော့ကောင် .. ငတို လျှို့ မလုပ်နဲ့ .."

ရာဇ က လက်ကို အမိအရ ဆွဲထားသဖြင့် ဆက်ထုံး ဒီတိုင်း ကိုင်လိုက်ရကာ ...

"ဟလို .. ပြောလေ ထူး .."

"... ... ... ..."

"ကိုယ် မြောက်ဥက္ကလာထိပ်က ဂမုန်းပွင့်မှာ .."

"... ... ... ..."

"ဟုတ်တယ် .. အပြန်ဝင်နေတာ .. မြို့ထဲ ပြန်ရောက်ရင် အချိ မရှိတော့ဘူးလေ .."

"... ... ... ..."

"ဒီလိုပဲ .. အပျော်း .. ဘယ်လို ကဲရမလဲလို့ မဏ္ဍပ်တွေ လျှောက် ကြည့်ရင်းနဲ့လေ .."

"... ... ... ..."

"ကိုယ် မဏ္ဍပ်မထိုင်ဘူး .. သူငယ်ချင်းတွေနဲ့ လျှောက်လည်မှာ





"... ... ... ..."

"ဟာ!.. မဟုတ်ပါဘူးကွာ .. မင်းကို ဟိုရက်တည်းက ပြောထား သားပဲ .. မဏ္ဍပ်မှာ ထိုင်ရင် ပျင်းစရာကြီး .."

"... ... ... ..."

"ခုလား .. အင်း .. ကိုယ်တို့ ပြန်တော့မှာလေ .. ဝယ်လို့ ပြီးပြီ.."

"... ... ... ..."

"ကမ္ဘာအေးဘုရားရှေ့မှာ .. နေဦး .. မင်း လာမလို့လား .. လူတွေ အရမ်းများတယ် နော် .. ပါကင်လည်း ကျပ်တယ် .."

"... ... ... ..."

"ကိုယ်တို့ လာမှာပဲဟာ မင်း မလာနဲ့တော့လေ .. နေဦး .. ထူး.."

ခေါ်နေရင်း လည်ပင်း နင်သွားသည့် ရုပ်ကြီးနဲ့ ကျန်ခဲ့တော့ ရာဇ တို့က မဲ့ကာ ...

"သိတယ် .. စောင့်ရတော့မယ်ဆိုတာ .."

"ဟုတ်ပကွာ .. အဲဒီတစ်ယောက်က တကယ် ကဲကို ကဲပါတယ်.. ဖမနိုင် .. ဖမနိုင်လေးမှန်း သိသာပါ့ .."

"မိမနိုင် .. ဖမနိုင် မဟုတ်ဘူးလား .."

"အမေမှ မရှိတာကွာ .."

ရာဇ က ရှုံ့တွတ္တ ပြောကာ နာရီပင့်ကြည့်၏။

"သေချာတယ် .. အိမ်ကို ကိုးနာရီ ဆယ်နာရီမှ ပြန်ရောက်တော့ မှာ .."

"မနက်ဖြန် စောစောထ .. ပိတောက်ပန်းခူးပြီး သင်္ကြန် ကြိုမလို့ ဟာ .."

"အေးလေ .. စောစော မထနိုင်ဖို့ လုံးဝ သေချာသွားပြီ .."

"ညည်းလိုက်ကြတာကွာ .. မင်းတို့ကလည်း ခိုကျနေတာပဲ .. ဖောပါကွာ .. နာရီဝက်လောက်ပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မြင်တောင် မြင်နေရပြီလား .. မန္တလေးကနေ တလွှားလွှားနဲ့ ပြေးလာနေတာ .."

"ဟား .. ဟား .. ဟား ..."

"မရယ်နဲ့ကွာ .."

"မင်းတို့ ဘာစားမလဲ .. ငါ ကျွေးမယ် .."

"အံမယ် .. ခုမှ .."

"ခုမှ ပြောမှာပေါ့ .. ထူးထူးမြတ် လာရင် ဟိုက ရှင်းသွားမှာကိုး.."

"ဟား .. ဟား .. ဟား ..."

"ရှပ်ကြီးကိုက .."

"တစ်ယောက်က ကဲကဲ .. ဟိုက သည်းသည်းနဲ့ .."

"ငါလား .. လုံးဝ ကဲဖို့ မစဉ်းစားဘူး .. အဲ့ဒါတော့ ယုံ .."

"ဘာလို့ ယုံရမှာလဲ .. မင်းက ဂန့်ဒူးမို့လို့လား .."

"နှာဘူးဆိုပြီး အထင်သေးမှာ စိုးလို့ .."

အစ်အောက်ထုတ်နေသည့် ရာဇ မျက်နှာကြီးက ချက်ချင်း ပြုံးကျသွားကာ အားလုံးတွေကို ကြည့်၍ အနားကပ်လာ၏။ ပြီးတော့ ...

"တချို့မိန်းကလေးတွေကျတော့လည်း ဂန်ဒူးကြီးလား မသိပါဘူးဆိုပြီး ရွံ့ရွံ့မဲ့မဲ့လေးတွေ ညည်းကြတာ ရှိတယ် နော် .."

"ဘာဆိုင်လဲ .."

"မှုမှုတတ တွေး .."

"ဟုတ်တယ် ဆက်ထုံး .. သူ့ကို ဆရာတင်ထား ..၊ သူက လက်သီးဆုပ်မလား .. လက်ဝါးဖြန့်မလား .. နှစ်မျိုးလုံး ရတယ် .."

"အံမာ .. မနု .."

"ကိုင်ဇာ သီချင်းလေ .. သတိရလို့ ဆိုပြတာ .."

"တော်ပါကွာ .. စကားများပြီဆို မဆုံးတော့ဘူး .. လာ .. အပေါ်ပြန်တက်မယ် .."





"နေဦး .."

မနု က အောက်နဲ့ အပေါ်ကို ပြန်ကြည့်နေကာ ...

"ထူးထူးမြတ် ကို ဘယ်မှာ ချိန်းထားတာလဲ .. ဒီရှေ့မှာလည်း ဘာကာရီ ရှိတယ်နော် .. လွဲနေဦးမယ် .."

"ဘယ်မှာမှ မချိန်းရသေးဘူး .. သူ လာရင် အပေါ်တက်ခဲ့လို့ ပြောလိုက်ရင် ရပြီ .."

ဆိုင်ထဲ ဝင်ထိုင်ခဲ့ကြတဲ့အထိ မနု က မေးချင်တာတွေ မကုန်နိုင်ဘဲ ဆက်ထုံး ရဲ့ဘေးမှာ ကပ်ထိုင်၏။

"မင်းက သီချင်း ဆက်ဆိုပေးဦးမှာလား .."

"မသိသေးပါဘူးကွာ .. လောလောဆယ်တော့ ကိုယ့်ငွေကို ကိုင်သုံးနိုင်တဲ့ ဖီလင်လေးက မဆိုးဘူး .."

"ရှဲဒိုး ဖြစ်နေတာကတော့ ဆိုးတယ်ကွ .."

"မင်း သီချင်းတွေကို ဘယ်သူမှ သံသယမရှိကြဘူးနော် ဆက်ထုံး.. ကိုယ့်အရည်အချင်းကို လျှော့မတွက်နဲ့ .. မင်းပုံစံကြည့်ရတာ ကိုယ့်အရည်အချင်းကိုလည်း တန်ဖိုးထားပုံ မပေါ်ဘူး .."

"တန်ဖိုးမထားတာ မဟုတ်ပါဘူး .. ငါ အဆိုတော်တစ်ယောက် ဖြစ်ရမယ်လို့ တစ်ခါမှကို ရင့်သန်ခဲ့ဖူးတာ မဟုတ်တော့ အဲ့ဒီအတွက်.."

ဆက်ထုံး က ပခုံးတွန့်လိုက်ပြီး ...

"သိပ်ရင်မခုန်ဘူး .."

"အစက ဟုတ်ခဲ့ရင်လည်း အခု မဟုတ်နဲ့တော့လေ .. ရင်ခုန်လို့ ပြီပဲဟာ .. ကိုယ်ပိုင်သံစဉ်တွေနဲ့ ကိုယ့်စီးရီးကို ထုတ်ဖို့ ခေါင်းထဲ ထည့်ကြည့်ပါလား .."

"ခေါင်းထဲ ထည့်လိုက်တိုင်း ဖျတ်ခနဲ ထဖြစ်လာရင်တော့ ကောင်းတာပေါ့ကွ.. ဘဝတစ်ခုက ပရိုဂရမ်မာတစ်ယောက်လက်ထဲက ဆော့ဖ်ဝဲ တွေလို မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



အလေးအနက်စကားတွေ ထွက်လာတော့ မီးရောင်အောက်က ဆက်ထုံး မျက်နှာကို ရာဇ က သေချာ လိုက်မော့ကြည့်သည်။

မနု ကတော့ သူ စားချင်တာတွေချည်း သွားယူလာကာ လောလောဆယ် စကားဝိုင်းထဲက နုတ်ထွက်နေခဲ့သည်။

"ဒါပေမယ့် ဦးအောင်ထက် ကလည်း မင်းကိုဆို ကန့်သတ်ချက်မရှိ အိုခေနေတာနော် .. အဲ့ဒါ မင်းကိုယ်မင်း မသိတဲ့ အရည်အချင်းတွေကြောင့်ဆိုတာ ခေါင်းထဲ ထည့်ထား .. မင်းမှာ အညတရ တောသားဆိုပေမယ့် ရုပ်ရည် ပညာ ဘာမှ မချို့တဲ့ဘူး .. ငွေရှိရှိ မရှိရှိ .. ပညာတတ်ရင် လူရာဝင်တယ်ကွ .. ဒါကိုချည်း ထည့်တွက်ပြီး တစ်ထစ်လျှော့နေဖို့ မလိုဘူး .."

"ဘယ်သူက လျှော့မယ် ပြောလို့လဲ .."

"မင်း ခေါင်းထဲမှာ အကိုက်နေသလားလို့ ပြောနေတာ .."

"ဘာရယ် .."

"ခုခံအား ကျဆင်းနေတာလေ .. ဘာဖြစ်ဖြစ် ငါ့မှာ ငွေမှ မရှိတာ ဆိုတာနဲ့ပဲ .."

ဆက်ထုံး က မနု ယူချလာသည့် မုန့်တစ်ခုကို ယူကာ ဘစ်ကိုက်ကိုက်လိုက်ပြီး ဝါးနေကာ ...

"အရာရာကို ငွေကပဲ ဆုံးဖြတ်သွားတာ မဟုတ်လို့လား .."

"အဲ့ဒါကြောင့် မင်း ဆုံးဖြတ်လို့ ရတာတွေကို ပြောပြနေတာလေ.. မင်း အဲဒီအဆိုတော်အတွက် သူတို့ နောက်ထပ် ပြောလာရင် ရှဲဒိုး ဆိုမပေးနဲ့တော့ကွာ .. ကိုယ်ပိုင်စီးရီးထုတ်ဖို့ အဖေ့ကို ငါ ပြောကြည့်မယ် .."

"မလုပ်စမ်းပါနဲ့ကွာ .. ငါကိုယ်တိုင် အဆိုတော် ဖြစ်ဖို့အတွက် တစ်ခါမှ စိတ်ကူးမရှိခဲ့ပါဘူး ဆို .."

"အခု ရှိကြည့်လိုက်ပေါ့ကွ .."





မနု က အေးဆေး စားသောက်နေပြီဆိုမှ ဝင်ပြောဖော် ရလာကာ...

"တချို့ မင်းသား မင်းသမီးတွေတောင်မှ မရည်ရွယ်ခဲ့ဘဲနဲ့ အသိုင်းအဝိုင်းကြောင့်.. အခြေအနေကြောင့် တစ်ခုခုနဲ့ ပတ်သက်ခဲ့ရင်း ပရိသတ်ရှေ့ကို ရောက်လာခဲ့ကြတာ .. နောက်တော့လည်း ငါဟာ ပရိသတ်အတွက်ဆိုတာတွေ ဖြစ်လာကြတာပါပဲ .."

သူတို့က ပြောနေကြပေမယ့် ဆက်ထုံး က အေးဆေး ..၊

"မင်း သီချင်းဆိုရင် ချက်ချင်း ကျော်ကြားလာမှာ သေချာတယ်..၊ သံလည်း ပြောစရာ မရှိဘူး .. ရုပ်ရည်က .."

"ဟား .. ဟား .. ဟား ..."

ဆက်ထုံး ရယ်လိုက်တော့ မနု အသံ တိတ်သွားသည်။ ပြီးတော့ တ်တိုသွားသည့် မျက်နှာကြီးနှင့် ...

"ဘာရယ်တာလဲ .."

"ငါ ဘာမှ မတွေးခဲ့ဘူးတာတွေ မင်းတို့ ပြောနေလို့ ရယ်ချင်တာ.. .. ဟား ..."

"ပြော .. ငါတို့ကို လှောင်နေတာပေါ့ .."

"လှောင်ရာလားကွ .. ငါက သီချင်းတွေကို ချစ်တယ် .. ဒါပေ ယ့် ကျော်ကြားဖို့ မဟုတ်ဘူး .."

ရယ်နေသည့် မျက်နှာသည် ချက်ချင်းပဲ တည်တည်ကြည်ကြည် သွားခဲ့လျက် ...

"ထုတ်ဝေသူတွေ .. ဖြန့်ချိရေးတွေနဲ့ လုံးထွေး လှုပ်ရှားနေကြရတဲ့ ညာရှင်တချို့ရဲ့ ရင်နာသံတွေလည်း ငါ ကြားခဲ့ဖူးတယ် .. ငါကိုယ် အနုပညာရှင် မဟုတ်ခဲ့ပေမယ့် အဲဒီလောကရဲ့ လုပ်ထုံးလုပ်နည်း ကို မကြိုက်ဘူး .. အဲဒါနဲ့ ပတ်သက်ပြီးတော့ပဲ အနုပညာသည် ယောက်ဖြစ်ဖို့ဆိုတဲ့ စိတ်ကူး ငါ့ရင်ထဲကို ဘယ်တုန်းကမှ မထည့်ခဲ့ -"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ဒါကတော့ သူက သူ့ခံစားချက်နဲ့ သူပဲ .. မင်း ဒီတိုင်း လိုက်ခံစားဖို့ မလိုပါဘူး .."

"တစ်စုံတစ်ခုရဲ့ လွှမ်းမိုးမှုကို မကြိုက်တာ ထင်တယ် .. ငါက ဆင်းရဲတာကို မကြိုက်သလို သူများ ချမ်းသာတာကိုလည်း အထင်မကြီး ဘူး .. အဲ ငါကိုယ်တိုင် ချမ်းသာချင်တာတော့ လုံးဝ အတိအကျပဲ .."

"ဘာမှမရှိတဲ့ ဘဝကနေ ခုန်တက်ပြီး ချမ်းသာသွားဖို့ကျတော့ စိတ်ကူးယဉ်တယ်ပေါ့ .."

"မယဉ်ပါဘူး .. ငါ အခု အလုပ်လုပ်ဖို့ စိတ်ကူး ရှိနေပြီ .."

"ဟင်!..."

ကြားသား မိုးကြိုးပါလား ..၊

ရာဇ တို့ တအံ့တဩ ဖြစ်ကုန်ကြ၏။ ဒါပေမယ့် ချမ်းသာ ဆိုတာ လွယ်မလား ..၊

ပြောစရာတွေ ရှိလာပေမယ့် ထူး ရောက်လာတော့ မပြောဖြစ် လိုက် ..၊

ချစ်နေကြတာတော့ သည်းသည်းလှုပ်ပါ ..။





အခန်း (၁၂)

အဆင်ပြေတာတွေက ခါတ်ရိုက်ခါတ်ဆင် မလိုဘဲ အားလုံး ဆောဆော ရောက်ရှိလာခဲ့၏။ ဆက်ထုံး အဲတွက် လိုတရခါတ်လုံး ဆောင်ထားလေသလား ထင်ရအောင် အဆင်မပြေဘူးဆိုတာ မရှိ ..၊

"အလုပ်လုပ်ရတာ အဆင်ပြေလား ဆက် .."

"ပြေတာပေါ့ .."

"နာမည်ကျော်နေတာ သိတယ် နော် .. ကောင်မလေးတွေ ဝိုင်း ဘာပဲ တဲ့ .."

"ကိုယ်က မင်းမှ မင်းပါ .."

"သွားပါ .."

ဖုန်းကိုင်ရင်း ရယ်နေတော့ မနု က လှည့်ကြည့်သည်။ ရာဇ က ပြီး ထွက်လာကာ ဘေးမှာ လာထိုင်၏။ သူတို့အတွက်က ဘယ် နှုန်း ဘယ်သူမြှော်နေနေ ဒီလိုပဲ ပွားကပ်နေထိုင်ရင်း ပြောနေကျ ..၊

"အိုခေ .. လာခဲ့မှာပေါ့ .. အိမ်ကိုတော့ မဟုတ်ဘူး နော် .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မဖြစ်ဘူး ထင်တယ်.. ဒက်ဒီက အရေးကြီးနေ့သည့် ဆိုရင် အပြင်မှာ ချိန်းတတ်တာ မဟုတ်ဘူး ဆက် ရဲ့ .."

"ဟာကွာ .. ကိုယ်က အထူးနေ့သည်မှ မဟုတ်တာ .. မင်းရဲ့ သူငယ်ချင်းလေ .."

"ဆက် နော် .. ပြောပုံက .."

"ဟုတ်တယ်လေ .."

"ဘာ ဟုတ်တာလဲ .. ဆက် က ထူး ရဲ့ချစ်သူလေ .. ထူး ရဲ့ အိမ်ထောင်ဖက်အဖြစ် ဒက်ဒီနဲ့ တွေ့ရမှာ .."

"ထူး .. အဲ့ဒီလိုကြီးတော့ မလုပ်နဲ့ဦး .. ကိုယ် တကယ် အဆင်သင့် မဖြစ်သေးဘူးကွ .."

"ဘာကိုလဲ .."

"မင်းအဖေနဲ့ တွေ့ရင် သူ ကျေနပ်အောင် ဖြေနိုင်ဖို့တွေ .."

"ဆက် ကို ဒက်ဒီက နားလည်ပြီးသား .. ဘာမှ မမေးဘူး .."

"ဒါဆို ဘာလို့ ခေါ်တွေ့နေမှာလဲကွာ .. မကြာခဏ မြင်တွေ့ရင်းနှီးနေတဲ့လူတွေပဲ .. မတွေ့ဘူးတဲ့လူတွေမှ မဟုတ်တာကို .."

"ဆက် .. ဘယ်လို ဖြစ်နေတာလဲ .. ယူ နော် .. ပေါ်ပြူလာဖြစ်လာလို့ ထူး ကို ဂရုမစိုက်ချင်တာလား .."

"ဖြစ်စရာလား ထူး ရယ် .. ကိုယ် သီချင်းဆိုနေတဲ့ ရက်စထရန့်ကလည်း မင်းတို့ဆွေမျိုးပဲ .. မင်း ကူညီထားတာတွေလေ .."

"အဲ့ဒါ ထည့်မပြောနဲ့ .. ဘယ်မှာဖြစ်ဖြစ် ဆက် က အောင်မြင်မှာပဲ .. အဲ့ဒါကြောင့် သူများနောက် ပါမသွားအောင် ကိုယ့်အိတ်ထဲ ကောက်ထည့်ထားရတာ ..၊ အန်တီသက် ဆီမှာပဲ သီချင်းဆိုပေးပါ ဆိုတော့လည်း မဟုတ်ဘူး .. ဟိုက ခြောက်လလောက်နေရင် ကိုယ်ပိုင် စီးရီး ထုတ်ပေးပါ့မယ် ပြောထားတာတောင်မှ .."

"ဆောရီးပါကွာ .. မင်း အရမ်း ကြိုးစားပေးထားတာကို သိပါ





.. ကိုယ့်အတွက်က ကြီးကျယ်တဲ့ ကျော်ကြားမှုဆိုတာ မှန်းကျပ် .. အောင်မြင်ဖို့ ကြိုးစား စိုက်ထုတ်ရတာ .. အောင်မြင်ပြီးနောက် စည်း ရှန်းကန်ရတာ .. အဲ့ဒါတွေကို မကြိုက်ဘူး .. အဟွန်း .. တ အဲ့ဒီလိုလူဆိုတော့ အန်ကယ်လ် သဘောကျပါ့မလား .."

"သဘောကျမယ် ထင်တာတွေပဲ ပြောပေးပေါ့ ဆက် ရယ် .. သဘောမကျနိုင်တာတွေပဲ ရွေးချယ်မပြောဘူးဆိုရင် ကျေနပ် .."

"ဘာလဲ .. ကိုယ့်ကို ငေါ့နေတာလား .."

"ငေါ့တာတော့ မဟုတ်ပါဘူး .. ဆက် က ထူး ကို အလေးအနက် သလိုပဲ .."

"လုံးဝ အလေးအနက်ထားတဲ့ ချစ်ရဆုံး ချစ်သူလေးပါ .."

"သွားပါ .."

"တကယ်ပြောနေတာ .. ဘယ်တော့ တွေ့ရမှာလဲ ပြော .."

"ထူး မအားသေးဘူး ဆက် ရဲ့ .. ဒက်ဒီ ခိုင်းထားလို့ ပြင်ဦးလွင် းရဦးမှာ .. ဆက် လိုက်ခဲ့ပါလား .."

"ဟာ .. ကိုယ် ခရီးသွားရတာ ကြောက်တယ် .. အဲ့ဒါကြောင့် ဆောင် အရေးတကြီး အကြောင်းမရှိရင် ပြန်ကို မပြန်ဘူး .."

"မဟုတ်ဘူးလေ .. တစ်နေကုန် တစ်ညလုံး ကားကြီးစီးသွားနေ မကြိုက်တာမို့လား .. အခု ငုတ်တုတ်ထိုင်ပြီး ပျင်းစရာကောင်း သွားရမှာမှ မဟုတ်တာ .. ကိုယ့်ချစ်သူနဲ့ ကိုယ်ပဲ .. ပြီးတော့ ားမောင်းသင်ထားတယ်လေ .. လေ့ကျင့်ပြီးသား ဖြစ်သွားတာ

"ဆော့ပါပြီကွာ .. ဒီမှာလည်း သီချင်းတောင်းထားတာတွေ နဲ့တစ်နေ့ ကြွေးပဲ တင်ကျန်ခဲ့တယ် .. မအားလို့ပါ .. ဆောရီး

www.burmeseclassic.com



"ဟွန်း.. မွန်းကျပ်တာကို မကြိုက်ဘူးဆိုပြီးတော့ ခုတော့ ပရိသ
အတွက်ဆိုတာတွေ ပါလာပြီလား .."

"မဟုတ်ပါဘူး .."

"ဟုတ်ပါတယ် .. ပရိသတ်က ကောင်မလေးတွေ ဖြစ်နေ
ဝိုပြီး ငဲ့ညှာသင့်တာပေါ့ .."

"မဟုတ်ပါဘူး ထူး ရာ .. ကိုယ့်မှာ ချစ်သူ မင်းပဲ ရှိတယ်

"အဲ့ဒါကို မှတ်ထား နော် .. မမေ့ရဘူး .."

"အင်း .."

"ဒီည သီချင်းဆိုပြီးရင် Cafe 47 ကို လာခဲ့ ..၊ ဆက် အတ
ဟန်းဆက်ကောင်းတာလေး ဝယ်ထားတာ ပေးမလို့ .."

"ဟုတ်လား .. ကိုယ် ဝယ်ထားတာတောင် မကြာသေးဘူး

"သိသားပဲ .. လွှင့်ပစ်လိုက်တော့ ..၊ ကောင်းလည်း မကောင်
နဲ့ .."

"ကောင်းပါတယ်ကွာ .. တစ်သိန်းခွဲတောင် ပေးထားတာကို

"မရဘူးကွာ .. ဆက် အတွက် Note 3 ဝယ်ထားတယ် .. အဲ့
ကိုင်ရမယ် .. ဟန်းဆက် ကောင်းကောင်းကိုင်မှ နေရာတဲကာ
အဆင်ပြေတာ .. ဒါပဲနော် .. အပြင်သွားစရာ ရှိသေးတယ် .. မ
တော့မယ် .."

ဖုန်းချသွားတော့ အနားကပ်နေသည့် ရာဇ က အားလုံး ကြ
ရကာ ...

"အဆင်ပြေတဲ့လူများကျတော့လည်း .. အင်း .."

"ဘာလဲ .. 'အင်း ..'ဆိုတာကြီးက .."

"ဩော် .. ဘာမလုပ်ချင်ဘူးဆိုလည်း မလုပ်နဲ့ .. ညာမလုပ်
ဘူးဆိုလည်း မလုပ်ရဲ့ .. လုပ်ချင်တာ လုပ်မှာပဲဆိုတော့လည်း အဆ
ပြေလို့ .."





ဆက်ထုံး က ရယ်ရင်း မေ့ရာပေါ်က ဆင်းလာကာ ...

"အဲ့ဒါပေါ့ကွ .. 'လိုလျှင်မရ မလိုလျှင် ရ၏' တဲ့ .."

"အဲ့ဒီတော့ ဘာဆိုင်လဲ .."

"မင်းတို့ ငါ့ကြည့်ပြီး လိုချင်လောဘတွေနဲ့ မချင့်မရဲ ကြိတ်ဖြစ်နေ
ကြတာမို့လား .."

"အံမာ .."

ရာဇ မျက်နှာကြီးကို ကြည့်ပြီး ဆက်ထုံး က အသံထွက်အောင်
ရယ်သည်။

"ဖုံးကွယ်မနေပါနဲ့ကွာ .. လောဘကြီးလေ မရလေ ဖြစ်နေလိမ့်
မယ် .. မချင့်မရဲစိတ်တွေ နည်းနည်း လျှော့ .."

"ခွေးကောင် .. လူကို ကျော်သပ်ပြီး ဆရာကြီးအထာနဲ့ .."

"ဟား .. ဟား .. ဟား ..."

"ဆက်ထုံး .."

"ဟင် .."

"ရယ်နေရင်း အူတက်သေဦးမယ် .. ဒီမှာ လာကြည့် .."

"ဘာလဲ .."

ခနု က ဖွင့်ထားသည့် လက်ပ်တော့ပ်ကို 'မ' ယူလာပြီး ဆက်ထုံး
ကြည့်နေရာထိ လာထိုင်လိုက်ကာ ...

"မင်း ငါ့ကို အပ်ထားတာ .. ဆယ့်ရှစ်သိန်း ပြည့်နေပြီကွ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"ဘဏ်မှာ အပ်လိုက်တော့လေ .. များလာကာမှ ငါ သိမ်းမပေး
နိုင်တော့ဘူး .. တာဝန်ကြီးတယ် .."

"နေဦးလေ .. အဲ့ဒီပိုက်ဆံ စုတုန်းက ကြွေးဆပ်ဖို့လို့ မင်း ပြောခဲ့
တာ မဟုတ်လား .."

ရာဇ က မေးပြီး ရှေ့တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ထုံး က ခေါင်းညိတ်ကာ ...

"ဟုတ်တယ် .. ဒါက ကြွေးအေးပါ .. ခုန မင်းပဲ သိမ်းထား
ကွာ .. ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဘဏ်မှာ စာအုပ်လေးကိုင်ပြီး သွား
ရမှာ စိတ်ရှုပ်လို့ .."

"ဒါပေမယ့် သွားတန်းစီလိုက်ရင် ကိုယ့်ပိုက်ဆံ အလုံး
မလျှော့ ပြန်ရတယ်လေ .. သူများ ခိုးသွားရင် ဘယ်စာအုပ်နဲ့ သွား
စီလို့မှ ပြန်ရမှာ မဟုတ်ဘူး .."

"ဘာလဲ .. မင်းက ဘဏ်လုပ်ငန်း အကျိုးဆောင်လား .."

ဆက်ထုံး က နေရာမှ ဆတ်ခနဲ ထရပ်ကာ အင်္ကျီကို လှန်ခွ
လိုက်သည်။

"ရေချိုးတော့မလို့လား .."

"ဟုတ်တယ် .. မင်းတို့ ဒီနေ့ အိမ်ပြန်ကြမှာဆိုရင် မနက်
ကြီး ငါ့ကို လာမနှိုးနဲ့နော် .."

"ဘယ်သူကရော အစောကြီး ထလာမှာမို့လို့လဲ .. မင်းလည်း
တစ်လော ရွာက သူငယ်ချင်းတွေဆီ မသွားတော့ဘူးနော် .."

"သူတို့ အလုပ်တွေ ပြောင်းသွားကြပြီ ထင်တယ် .. မသိ
ဘူး .."

"ဖုန်းနံပါတ် တောင်းထားပေါ့ကွာ .. ငါ ထင်တာက မင်း
ဆပ်ရမှာ သူတို့ကို မှတ်နေတာ .."

"အေးလေ .. ရွာကို ပို့ရမှာလားလို့ .."

"ရွာတော့ ရွာကိုပဲ .. ဒါပေမယ့် တမင် မပို့သေးတာ .."

ဘာဖြစ်လို့ မပို့သေးတာလဲဆိုတာကို ရာဇ ကလည်း ထ
ပါ။ ဒါပေမယ့် သူကတော့ ရင်ထဲမှာ ဆက်ပြောနေခဲ့သည်။

ဒီငွေတွေကို ကြွေးဆပ်ပါသည် ပြောလိုက်လျှင် မေ
ကဆုန်ပေါက်၍ ပြေးလာနိုင်၏။





သူမဆီက သူ ယူသုံးခဲ့တဲ့ပုံစံက ချေးငှားကြတာမျိုး မဟုတ် ...၊

"မင်း ထူး ဆီမှာလည်း အပ်ထားသေးတယ်ဆို .."

"ငါက ဘာကိစ္စ အပ်ရမှာလဲ .."

"မသိဘူးလေ .. မင်းပဲ အရစ်ကျနဲ့ တိုက်ခန်းဝယ်မလို့ ဆိုပြီး
တော့ .."

"ဟုတ်တယ်လေ .. ဦးအောင်ထက် ရဲ့ အစီက စီးပွားရေးက
ဒါတွေပဲ .. မင်း ဆိုရင်တော့ .."

"တော်ပါကွာ .. မျက်နှာသိ ချေးမဝယ်နဲ့ တဲ့ .."

"ဟာ!... မင်း ဒီလိုတော့ မပြောနဲ့လေ.. ဒီစကားရှိတာ မှန်ပေမယ့်
ထူး တို့ကိုပဲ မင်း အားပေးရမှာပေါ့ကွ .. စီးပွားရေးသမားတွေ ရောင်း
အားကောင်းအောင် အပြိုင်အဆိုင် ကြိုးစားနေကြတာ .. မင်းက .."

"ငါကတော့ အဲ့ဒီလို မမြင်ဘူး .."

တစ်ခါတလေကျတော့ ဆက်ထုံး ခေါင်းမာပုံက ဒါဆိုမှ ဒါ ...၊

"ငါ့ကို မြင်လိုက်တာနဲ့ ညာတာဖို့တွေ .. ဖေးမဖို့တွေ ဖြစ်နေတာ
ကြိုက်ဘူး .. ငါ တိုက်ခန်း လိုချင်နေတယ်ဆိုရင် ထူး နဲ့ပတ်သက်ပြီး
တော့ပဲဖြစ်ဖြစ် ဦးအောင်ထက် က လျှော့လျှော့ပေါ့ပေါ့တွေ ထည့်စဉ်း
စားတော့မှာ .."

"အဲ့ဒါ မကောင်းဘူးလား .."

"မကောင်းဘူး .."

"မင်းအတွက် ဒီလောက် ဝဲလ်ကမ်း ဖြစ်နေကြတာ သမီးကိုယူပြီး
သောက္ခမတော်လိုက်ရင် ပြီးပြီ .. ခုမှ ဘာမာနတွေပြပြီး အချိန်ကုန်ခံ
နေလို့လဲ .."

အမြင်ကတ်ပုဒ်မနှင့် မေးသည့်မျက်နှာက မဲ့ချိတ်ချိတ် ဖြစ်နေကာ
ခုန လောက် ချက်ခေါင်းမထိုးတတ်ဘဲ ရာဇ မျက်နှာက ရယ်စရာကြီး
ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခနှ ကတော့ အမြင်ကတ်တာ မဟုတ်ဘဲ စိတ်ဝင်စားသည့်ပုံစံနှင့် ...

"မင်းက ထူး ကို မလိုချင်ဘူးလား .."

"လိုချင်တာပေါ့ .."

"ဒါနဲ့များ .."

"ဘာ ဒါနဲ့များလဲ .. ရိုးရိုးကျင့် မြင့်မြင့်ကြံ တဲ့ .."

"အဲဒီတော့ ဘာတွေ ကြံထားတာ ရှိလို့လဲ .."

"မကြံပါဘူး .. ကြံဖို့လည်း မလိုဘူး .. ပန်းကို ငါက ခူးယူဖို့မှ မလိုတာ .. ငါ့ရင်ခွင်ထဲ သူ့အလိုလို ကြွေကျလာမှာ သေချာပြီးသား.. ဒါပေမယ့် ခုတည်းက ရသမျှ အခွင့်အရေး အကုန်ယူပြီး သူတို့ကျေးရွာနဲ့ မကောင်းရာ·မကောင်းကြောင်း လူတစ်ယောက်တော့ အဖြစ်မခံနိုင်ဘူး.."

"ဒါလည်း ဟုတ်တာပဲ .."

"ဒီတစ်ခါတော့ မင်း တော်သွားပြီ .."

"တော်သွားတာ မဟုတ်ဘူးကွ .. ဒီကောင် ခုနောက်ပိုင်းမှာ လူတော်လူကောင်းလေးပုံ ပေါက်နေတာ .."

ညီအစ်ကိုနှစ်ယောက်ထံမှ ကြားရခဲ့သည့် ချီးမွမ်းသံကြောင့် ရေချိုးခန်းဆီ သွားနေရင်း ဆက်ထုံး က ရယ်၏။

"ပိုက်ဆံစုရမှန်းလည်း သိလာတယ် .. အလုပ်လုပ်ရမှန်း သိ - ချမ်းသာရာ ချမ်းသာကြောင်း ကြိုးစားရဖို့လည်း သိ .."

"အေးပေါ့ကွ .. မင်းရဲ့ ပို့ချမှုတွေ အောင်မြင်လာတာပါ .."

"အမာ .. ရာဇ .. ငါက စေတနာနဲ့နော် .. မိတ်ဆွေကောင်းဆိုတာ မကောင်းမြစ်တား ကောင်းရာညွှန်လတ် အတတ်သင်စေ .. ပေးဆေနိုးရင်း ထိမ်းမြား .."

"ဟား .."

ရာဇ အကျယ်ကြီး ထအော်ဝစ်ကာ ...





"မသိတဲ့လူက မတတ်တဲ့လူကို ဆရာကြီး လာလုပ်နေတယ်ကွာ.. ဒါတွေ ငါ သိပြီးသားတွေပါဆိုပြီး ယောင်တောင်ပေါင်တောင်နဲ့ နားဆောင်နေတာ .."

"ဘာတုံးကွ .."

"ဟုတ်တယ် .. မင်းမှာ အဲဒီဝတ္တုရားတွေ ရှိတယ် .. ဆက်ထုံးက မင့်သား .. မင်းက သူ့အဖေ .."

"ဟား .. ဟား .. ဟား ..."

ဆက်ထုံး ရဲ့ ရယ်သံကြီး ရေချိုးခန်းဘက်က ပျံ့လွင့်လာ၏။ ခနှတ်နှာခီနီနှင့် မျက်မှန်ကို ပင့်ကာ ...

"ခွေးဝဲစား .."

"ဟာ .. ငါ့ကို ကြည့်စမ်း .."

"ဆဲလိုက်ရရင် မကောင်းဘဲ ရှိတော့မယ် .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"နွားတစ်ကောင်က ပိုးထိတယ် .."

"ဟင်!... ဟုတ်လား .."

"တစ်ကောင်က နေမကောင်းဖြစ်ပြီး သေသွားတယ် .."

"ဖြစ်ရလေဟယ် .."

"သူများတွေ ပြောကြတာကို ကျွန်မ နားမထောင်မိလို့ပါ .. နွား
တွေကို ခိုင်းဖို့ပဲ သိပြီး ဂရုစိုက်ရမှန်း မသိဘူး .."

ပြောပြတဲ့လူက မျက်ရည်လည်နေတော့ ဒေါ်သန်းနှစ် နဲ့ သဲ
တို့လည်း မျက်ရည်ဝဲ့ကြ၏။ အနားမှာ တမင်ရောက်လာကြပြီး န
ထောင်နေတဲ့ ဒေါ်ယုံ တို့ မြေးအဘွားလည်း သက်ပြင်း တချချနဲ့ပ

"ဒါနဲ့ နေပါဦး ပေဖူး ရယ်.. ညည်း ကိုယ့်အဒေါ်ကို တားပါလ
အေ .."

"မရပါဘူး ဒေါ်ကြီးသန်း ရယ် .. အစတည်းက ကြီးကြ
ယောဂီဝတ်မယ်ချည်းပဲ ပြောနေတာ .."

"လုပ်သွားတာလည်း အပြစ်မပြောနဲ့ သန်းနှစ် ရေ့ .. လူကြီးဖြ
ကိုယ့်ကို လူမထင်မှတော့ လူကြီးဖြစ်ရတဲ့လူက ဘယ်မျက်နှာနဲ့
မလဲ .."





ထိုင်နားထောင်နေသည့် ဒေါ်ယုံ က ကရုဏာဒေါသနဲ့လား .. လူကြီးချင်းမို့ ကိုယ်ချင်းစာပြီး ပေဖူး ကိုပဲ ဒေါသတွေ ထွက်နေတာလားတော့ မသိ ..။

သနပ်ဖက်ဆေးလိပ်ကို မီးညှိရင်း အားပါးတရ ရှုံ့ချ၏။

"မကြိုက်လည်း ပြောရမှာပဲ ပေဖူး .. ညည်းသာ ငါ့သမီးဆိုရင် ဆံပင်နှစ်ဖက်ဆွဲပြီး တံတားကြီးပေါ်ကနေ သွားပစ်ချမိမလားပဲ .. ကိုယ့်မှာ တက်တက်ပြောင်အောင်များ ယောကျ်ားတစ်ယောက်ကို ထောက်ပံ့ရတယ်လို့ .."

"ဟုတ်ပ ပေဖူး ရာ .. နင် ဒီလောက်လည်း ရုပ်မဆိုးပါဘူး .. ရှက်ကြမ်းရေကျိုလောက်ပေမယ့် မြို့သူတွေလို ပြင်ကြည့်လိုက်ပါလား.. ဖူးဖူးစင်အောင်ကို လှသွားမှာ .. ဘာဖြစ်လို့ ဆက်ထုံး ဆိုတဲ့ကောင်ကိုပဲ တတမ်းတမ်း ဖြစ်နေရတာလဲ .. ငါတို့ကတော့ နင့်ကိုပဲ ကိုယ့်ရွာသူလို သတ်မှတ်တော့တယ် ..၊ ဒီကောင်က ကိုယ့်ရွာကို ခင်ရမှန်းလည်း မသိဘူး .. ရွာမှာလည်း မျော်တာ မဟုတ်ဘူး .."

သဲသဲ က ပြောပြီးသား စကားတွေကိုပဲ ပြန်ပြော၍ မျက်ရည်ကျနေသည့် ပေဖူး ရဲ့မခုံးလေးကို ဖက်ထားလိုက်သည်။

"ကဲပါဟာ .. ငါတို့လည်း နင့်ကို မြင်တိုင်း ဒီအကြောင်းတွေပဲ ပြောပြီး အပြစ်တင်မိနေကြတာ .. ဒေါ်ကြီးယုံ ကလည်း မပြောပါနဲ့တော့ .."

"မပြောဘူးလို့ နေတာပါအေ .. ကဲ .. ကဲ .. လာ မိပူစူး .. ပြန်မယ် .."

ဒေါ်ယုံ က ပြောရင်း နေရာမှ ထကာ ...

"ပြောလိုက်ရင်လည်း နားလည်သွားသလိုလို .. နာခံသွားသလိုလိုပဲ .. ပြီးတော့ ပြန်မပြော နားမထောင် .. ခုလည်း ကြည့်ပါဦး .. အဲဒီကောင်မလေး နောင်ကြဉ်မယ် မှတ်လို့လား .."



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားရင်းနဲ့ အသံကို ချန်ရစ်ခဲ့၏။ ဒေါ်သန်းနှစ် က သက်ပြင်းချ၏။ သဲသဲ က နှစ်သိမ့်ပြုံးနှင့် ငုံ့ကြည့်၍ ...

"နင် အခု ဘာလုပ်မှာလဲ .."

"ငါ .."

"ငါတို့ဆီမှာ ပေါင်နှံထားတဲ့ပစ္စည်းတွေကိုတော့ လုံးဝ အတိုးမထားတော့ဘူး နော် .."

ဒေါ်သန်းနှစ် က ဝင်ပြောရှာ၏။

"ညည်းမှာလည်း အားကိုးမဲ့နေပြီဆိုတော့ ငါတို့ဘက်က နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းပေါ့အေ .. ကြိုက်တဲ့အချိန် လာပြန်ရွေး .. အစက သတ်မှတ်ထားခဲ့တဲ့ အတိုးတွေပါ အားလုံးဖြုတ်ပြီး အရင်းတိုင်းနဲ့ ပြန်ပေးမယ် .."

"ဟုတ်ကဲ့ပါ .. ကျေးဇူးတင်ပါတယ် ဒေါ်ကြီးသန်း ရယ် .. ဒါပေမယ့် လောလောဆယ်တော့ ပြန်ရွေးဖို့ နေနေသာသာ တစ်ယောက်တည်း ဘယ်လို စခန်းသွားရမယ်မှန်းတောင် မသိပါဘူး .."

"အင်း .. ခက်တာက ပိုက်ဆံလေး ရှိနေတုန်းကသာ အိမ်လေးဘာလေး ပြင်ပြီး လိုအပ်တာ ဝယ်ဖြည့်ထားရင် ခုဆို အေးဆေးနေနိုင်တာပေါ့ ..၊ ခုတော့ အိမ်က မိုးမလုံ လေမလုံနဲ့ပဲ ရှိသေးတာ .. အိမ်တာဝန်က တစ်ဖက် .. စားဖို့ ရှန်းကန်ရမှာက တစ်ဖက်နဲ့ .."

"အမေကလည်း.. ပေဖူး က စက်ချုပ်တတ်တာပဲဟာ.. ပန်းလည်းထိုးတတ်တယ် .. သူ့ တစ်ဝမ်းတစ်ခါးတော့ ကျောင်းနိုင်ပါတယ်.."

"ဟဲ့ .. လူဆိုတာ စားဝတ်နေရေးဆိုတဲ့ အရေးသုံးပါး ရှိတယ်လေ .. စားစရာရှိနေရုံနဲ့ ရပ်တည်လို့ ရသလား .."

"တစ်ယောက်တည်းဆိုရင် သမီးတို့ သွားအိပ်ပေးလို့ ရတာပဲ .. မိုးမလုံတာကလည်း ခေါင်းရင်းက ယိုရင် ခြေရင်းကပ်အိပ် .. ခြေရင်းကမလုံရင် ခေါင်းရင်း ပြန်တိုး .. ဒီလိုပဲ အဆင်ပြေအောင် နေဦးပေါ့ .."





"အေးပါ .. ငါ နေတတ်ပါတယ် သဲသဲ ရယ် .. ပြန်တော့မယ်နော် .."

"ဟင်!..."

မျက်နှာလေး နီရဲနေပြီမို့ အိမ်ပြန်ရောက်ရင်တော့ ပေဖူး ခေါင်းအုံးပေါက်အောင် ငိုတော့မယ်မှန်း သဲသဲ သိလိုက်၏။

"ပေဖူး .. နင် တစ်ခုခုလုပ်ဖို့ စိတ်ကူးပေါ်လာရင် ငါ့ကို အချိန်မရွေး ခေါ်နော် .. ငါတို့ ဝိုင်းတိုင်ပင်ကြတာပေါ့ .."

ခေါင်းညိတ်ပြီး လှည့်ထွက်လာခဲ့စဉ်မှာ မျက်ရည်တို့ကြောင့် သွားနေကျလမ်းကလေးက မြင်ကွင်းထဲမှာ ကျယ်ကျယ်ပြန့်ပြန့်ကြီး နီးကပ်လာသည်။

ပြီးတော့ ခုန်ပေါက် လှုပ်ခါနေသလိုလို ..၊ ထို့နောက် နဂိုအတိုင်း ပြန်လည် ကြည်လင်သွားခဲ့၏။

မျက်ရည်တွေ ပြည့်တက်လာတိုင်း မြင်ကွင်းတို့က ဝေဝါး ပြောင်းလဲကုန်ကာ မျက်ရည်စက်တို့ ကြွေဆင်းသွားခဲ့တိုင်း အားလုံးက အရင်အတိုင်း ..၊

ပေဖူး နှုတ်ဖျားမှ ရှိုက်သံလေး သဲ့သဲ့ ပွင့်ထွက်လာခဲ့ပြီး ...

ငါ့အတွက်ကတော့ အရင်အတိုင်း ဘာမှ ပြန်မဖြစ်နိုင်တော့ဘူး ဆင်တယ် ထုံး ရယ် ..၊

ဒါတွေ နင်ကတော့ မသိဘူး ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၄)

.. မင်း မသိလိုက်ဘူး .. မင်း မသိခဲ့ဘူး .. ဒါတွေ .. ပြောမပြရက်ဘဲနဲ့
တစ်ဖွဲ့တစ်နွဲ့ ...
.. ခမ်းနားခဲ့တဲ့ အချစ်တွေဟာ .. အရင်လို .. အရင်တိုင်း ...
.. မင်း မသိခဲ့တာတွေ .. မသိရင်လည်း ရှိပါစေ .. တင်း .. ရှိပါစေ..
.. တင်း ... ခမ်းနားခဲ့တဲ့ အချစ်တွေနဲ့ .. သာ အရင်အတိုင်း ..

"ဖြောင်း .. ဖြောင်း .. ဖြောင်း ..."

လက်ခုပ်သံတွေ ဆူညံသွားသည်။

ဆက်ထုံး စင်ပေါ်က ဆင်းလိုက်တာနှင့် ထူး နဲ့ မိန်းကလေး ငါးယောက်လောက်က ဝိုင်းဖွဲ့ စောင့်နေကြလျက် ...

"အမှတ်တရအနေနဲ့ ဟိုဝိုင်းမှာ အတူတူ လိုက်ထိုင်ရမယ်နော်.."

"ဟုတ်တယ် .. ဆု တို့က ဘာမှမစားသေးဘဲ ကိုဆက် ကို စောင့်နေတာ .."

"ကဲ .. လာပါ ဆက် ရယ် .. အဲဒါ ထူး ရဲ့ သူငယ်ချင်းတွေပါ.. ဟိုတစ်နေ့ညက ရက်စထရန့်မှာ ဆက် ဆိုသွားတည်းက အရမ်းကြိုက်နေကြတာ .."





"ကိုယ် ဒီည တကယ် မအားတော့ဘူး ထူး ရဲ့ .. အားလုံးကို ...ာရီးပါဗျာ.. မိတ်ဆွေတစ်ယောက်ရဲ့မင်္ဂလာညစာခံပွဲ သွားရမှာမို့ပါ.."

"ဟိုမှာ သွားဆိုရမှာလား .."

"မဟုတ်ပါဘူး .. ဒါပေမယ့် ဒီပွဲကလည်း မသွားလို့ မဖြစ်တဲ့ ...လေ .."

"ဟာ .. မရဘူး .. ထူး က သူငယ်ချင်းတွေကို အာမခံထားတာ.. ...တ် နော် .. ဟိုကို ပြီးမှပဲ သွား .. မီအောင် ထူး လိုက်ပို့ပေးမယ် .."

ဆက်ထုံး သည် ထူး နဲ့ မိန်းမလှလေးတွေ အလယ်မှာ အားနာမှု ...နှင့် လူးလူးလိမ့်လိမ့် ရောယောင်ပါသွားခဲ့လျှင် ကားပေါ်က စောင့် ...ကြသည့် ခနဲ့ နှင့် ရာဇ တို့ လည်ပင်းရှည်ကြည့်ပြီး ရှုံ့မဲ့နေကြ၏။

"မင်း မြင်လား .."

"မြင်တယ် .. ပါသွားပြီ .."

ခနဲ့ က ခေါင်းကို တဗျင်းဗျင်း ကုတ်ပစ်ရင်း ညည်းညူကာ ...

"ကြာမှာစိုးလို့ ငါတို့တ ဆင်းလိုက်မသွားဘဲ နေတယ် .. သူက ...ာပြီး ကျောက်ချဖို့ လုပ်နေတယ် .. ကောင်းရော .."

"အဲဒီ ထူးထူးမြတ် ဟာ ဆက်ထုံး ကိုဆို သိပ်နိုင်ချင်တာပဲ .. ...တော့သာ ဆက်ထုံး က ဂရုမစိုက်ဘူး .. မချစ်ဘူးနဲ့ .. သူငယ်ချင်း ... စုမိတိုင်း အရှက်မရှိ လျှောက်ပြော .. ပြီးတော့ သူ ဖြစ်ချင်သလို ...နဲ လုပ်ယူသွားတာချည်းပဲ .. ပြီးခဲ့တဲ့ ဖရိုက်ဒေးတုန်းကလည်း ...ကြောင့်ပဲ ဟိုတယ်လ်ရှီးပွဲတစ်ခု မသွားလိုက်ရဘူး .."

"မင်းကလည်း တော်ကီ ထိုင်ပွားနေတယ် .. အဖေ့ဆီ ကား ...နိမီ ပြန်ပို့ပေးရမှာ .. ဘယ်လို လုပ်ကြမလဲ .."

သွားလာစရာ ပွဲတစ်ခုခုရှိတိုင်း ရာဇ တို့က အိမ်ကကားကို ...င်းယူလာတတ်ကြကာ အိမ်မှာ အသုံးရှိသေးလျှင် ညတွင်းချင်း ပြန် ...ကြသည်။ အေးဆေးဆိုရင်လည်း မနက်ကျမှ ပြန်မောင်းပို့ကြတာ



www.burmeseclassic.com

www.burmeseclassic.com



“… … … …”

“ဟား!… ပြဿနာပဲ .. အဲ့ဒါ မြို့လယ်ခေါင်ကြီးမှာ ပြောင်ပြောင်လိမ်တာ အဖေ .. ဆက်ထုံး မှာ ဘာညီမမှ မရှိဘူး .. ဆွေမျိုးလည်းဘူး .. ဒီကောင်က တစ်ကောင်ကြွက် ..”

“… … … …”

“ဗျာ!… အဖေ လိုက်ပို့ခိုင်းလိုက်တာလား .. ကျွန်တော်တို့က အင်းလျားလိတ်မှာ မဟုတ်ဘူး ..”

“… … … …”

“ဟာ!… အဖေ့ .. နေဦး .. အဖေ့ ..”

“ဖြည်းဖြည်းခေါ်ဟ .. အဖေက မင်းရှေ့မှာ မရှိဘူး ..”

“သွားပြီ ရာဇ .. ရှုပ်ကုန်ပြီ ..”

“ဘာလဲဆိုတာ မပြောဘဲနဲ့ ဘယ်က ပေဖူးလွှာ လဲ .. စာဆိုလည်း အီးမေးလ်ဆိုလည်း အီးမေးလ်ပေါ့ .. ပေဖူးလွှာ ဆိုပြီး ကဗျာသံနဲ့ ..”

“ရာဇ .. ဟော့ကောင် .. ပေဖူးလွှာ ဆိုတာ စာ မဟုတ်ဘူးကွ .. ည .. ကောင်မလေး တဲ့ ..၊ တောသူ ကောင်မလေး.. အခု အိမ်ကိုနေတာ ..”

“ဘာ!… ဘာပြောတယ် ..”

နောက်ထပ် ခနနည်းတူ ရာဇ ဖင် ကြွခနဲ ဖြစ်သွား၏။

“သူက ဘာကိစ္စ အိမ်ရောက်နေတာလဲ .. ငါတို့နဲ့ ပတ်သက်ဆိုပြီး ညာပြီးတော့လား ..”

“မဟုတ်ဘူး .. ဆက်ထုံး ရဲ့ညီမ ဆိုပြီး ရောက်နေတာ ”

“ရှုပ်ကုန်ပြီ ..”

“အဲ့ဒါပဲ ..”

ခန ဖုန်းကိုင်ထားရင်း ဒေါ်ခံပွဲဆီ လှမ်းကြည့်မိ၏။





ဖြစ်၏။ ဒီညက အဖေ သေချာမှာလိုက်တာမို့ ဖင်တကြွကြွရှိရင်း နာ ငံ့ကြည့်မိတာ ခဏ ခဏ ..၊

“ကဲ .. မင်း ပြန်မောင်းသွားလိုက်တော့ ခန .. ဒီပုံဆို ထူး သူ့ကားနဲ့ လိုက်ပို့မှာပဲ .. ငါ စောင့်နေခဲ့မယ် .. မင်း ပြန်မလာ မလာနဲ့တော့ ..”

“ငါ မပါရင် ဖြစ်လား ..”

တကယ်ဆို ပွဲက သူတို့ပွဲ ..၊

ဆက်ထုံး နဲ့က ခင်ခင်မင်မင်အဆင့်ထက် ပိုခဲ့တာ မဟုတ် ဒီပွဲမှာ ဆက်ထုံး ကို သီချင်းဆိုခိုင်းပြီး အလုပ်အကိုင်အတွက် အလ အလာကောင်း ရှိသူတွေနဲ့ ဆက်သွယ်မိအောင် ဖန်တီးဖို့ ဖြစ်သည်

အဲဒီ ထူးထူးမြတ် က ဘွားခနဲ ပေါ်ပေါ်လာပြီး ရှုပ်လိုက်တို ရှင်းလို့ မနိုင် ..၊

“ဟလို ..”

နှစ်ယောက်စလုံး ဘာလုပ်ရမယ် တိုင်ပင်နေကြစဉ် အိမ်က ဝင်လာသဖြင့် ခန က ကိုင်လိုက်ရင်း …

“အဖေ့ ..”

“… … … …”

“ဟင်!… ဗျာ .. ဘယ်လို .. အဖေ ဘာပြောလိုက်တာလဲ

ခန တစ်ကိုယ်လုံး ဓာတ်လိုက်သွားသလို ကော့ခနဲ တုန်သ သဖြင့် ဘေးကနေ ရာဇ ပါ မျက်လုံးပြူးသွား၏။

“ဘာလဲဟ ..”

အနားကပ်လိုက်ပြီး မေးပေမယ့် ခန ပြူးတူးပြဲတဲနှင့် ဖုန်းကိုင် သူ့ကို ဘာမှလည်း ပြန်မဖြေ ..၊

“ပေဖူးလွှာ .. ဟုတ်လား .. မဆိုင်ဘူး အဖေ့ .. ကျွန်တော် ဘာမှ မဆိုင်ဘူး ..”



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ဒီည မင်္ဂလာပွဲ သွားစရာ ရှိပါတယ်ဆိုမှ .. နော
ဖိတ်တဲ့လူက သူ့ပွဲကို အရင်လာရမယ်လို့ ဂျီကျခဲ့တာ ဖြစ်သည်။

ဘာတွေ ဘယ်လောက် အရေးကြီးကြီး ထူးထူးမြတ် အသံ
တာနှင့် ဆက်ထုံး တို့ ပျာသွားတတ်တာ ကြိမ်စကြာနဲ့ ရိုက်ခေ
အတိုင်း ..၊ ထို့ကြောင့် ဒီပွဲကို အရင်ဝင်ပြီးမှ ဟိုကိုသွားကြဖို့ အစီအ
က ပထမအဆင့် ပြောင်းသွားခဲ့သည်။

"သူ့ညီမဝမ်းကွဲ ကွာ .. ကိုယ်နဲ့ သိတာလည်း မဟုတ်ဘဲနဲ့
"အဲ့ဒါ မင်းကို သီချင်းဆိုခိုင်းဖို့ နောက်ထပ် အစီအစဉ်တွေ
လာမှာ နော် .. မထင်မှတ်တဲ့ ကြန့်ကြာမှုတွေ ရှိလာနိုင်တယ် ..

သူတို့ ဒီတိုင်း သတိပေးထားခဲ့သည်။

ခု ကားပေါ်က ဆင်းသွားတဲ့အချိန်ထိလည်း 'ဟော့ကောင် .. သီ
ဆိုခိုင်းလည်း မြန်မြန်လုပ် ..'လို့ လှမ်း သတိပေးလိုက်ပါသေးသည်

"ဟော့ကောင်ရေ .. ကြာဖို့ အကြောင်းရှိလာရင် ငါတို့ စော
တယ်သာ ပြောလိုက် .."လို့တောင် သင်ပေးလိုက်သေး၏။

"ကျွတ်!... ဖုန်းဆက်လိုက်ကွာ .. ဟိုကောင်မလေးကို အ
ကားပေါ်တင်လွှတ်လိုက်ပြီတဲ့ .. အဖေကလည်း တစ်မျိုး .."

"အဲမာ .. မင်းက ဘာလဲ .. မလွှတ်လိုက်လို့ အခန်းထဲ ထည့်
ပေးထားပါလို့များ အဖေ့ကို မှာချင်သေးလို့လား .. အလိုလိုကာမှ မိ
တော်က သဝန်တိုတတ်ပါဘိသနဲ့ .."

သူတို့မှာ မိထွေးနဲ့ နေရပေမယ့် မိထွေးဖြစ်သူက သဘော
မဆိုးလှပါ ..။ တစ်ခုရှိတာက အဖေ့ကိုတော့ သဝန်တိုတတ်လွန်
မကြာခဏ ပြဿနာတက်ရတဲ့အထိပင် ..။

မတတ်နိုင်တော့ပေ ..၊

"ဟလို .."

"... ... ... ..."





"ဟလို့ .. ဆက်ထုံး မင်း ကြားရလား .."

ဖုန်းဖွင့်လိုက်တာကို သိနေလျက်နှင့် ညွှန့်ခံပွဲက ဆူညံသံတွေသာ
းထဲမှာ ဆူညံပွက်ထနေ၏။ မနု က ဖုန်းပြောနေကာ ရာဇ က
းပေါ်ကဆင်း၍ ဆက်ထုံး မြင်အောင် ကိုယ်ယောင်ပြနေခဲ့သည်။
ဒါလည်း ဓနု အသံက ဆက်ထုံး နဲ့ ကောင်းကောင်းပြောလို့ ရ
ည့်ပုံ မပေါ်သေး ..၊

"နေဦး ခဏ .."

ရာဇ ဓနု ကို လက်ကာပြခဲ့ပြီး ညွှန့်ခံပွဲအစပ်ထိ တိုးတက်ခဲ့သည်။
တော့ ဆားက ပတ်လျှောက်လိုက်တာနှင့် ဖုန်းကိုင်ရင်း ထရပ်လိုက်
ည့် ဆက်ထုံး ကို မြင်လိုက်ရ၏။

"ဟော့ကောင် .. ဖုန်းကိုင် .."

အသံကို မကြားနိုင်မှန်း သိပေမယ့် ပြောလည်း ပြောမိကာ လက်
းနဲ့ လက်မ ကား၍ နားထောင်ဖို့ အမူအရာပါ လုပ်ပြလိုက်မိသည်။

"ဟိုဘက် သွားလေကွာ .. မကြားရတာ နေရာရွှေ့လိုက်ပါလား.."

အားမလို အားမရဖြစ်ကာ အမူအရာတွေ လုပ်ပြနေရင်း အသံနှင့်
ရောလက်ပါ ပါကုန်၏။

"တောက်!... ဒီလောက် လက်ပံပင် ဆက်ရက်ကျနေတာ .. ဝေး
သွားဘဲနဲ့ ကြားရပါ့မလား မစဉ်းစားဘူး .. ဒီမိန်းမနားကကို မခွာ
ဖြစ်နေတာ .."

ဆက်ထုံး ကျတော့ ဖုန်းကိုင်ရင်း ထထွက်လာခဲ့ပေမယ့် နောက်က
ချင်းသံကြောင့် ဘာကိုမှ သဲသဲကွဲကွဲ မကြားရဘဲ မှောင်ရိပ်နားထိ
က်လာခဲ့၏။

"ဟလို .."

"ဟော့ကောင် .. မကြားရသေးဘူးလားကွ .. ငါ ပြောနေရတာ
ခေါင်းထွက်တော့မယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်း ပြောနေတာ ခနနလား .. ရာဇ က ငါ့ကို ဘာတွေ လုပ်
နေတာလဲ .."

"မင်း လျှောက်မေးမနေနဲ့ .. အိမ်မှာ ကွိုင်တက်နေပြီ .. ခုရ
ချင်း ပြန်ထွက်ခဲ့တော့ .."

ဆက်ထုံး က ရယ်လိုက်ရင်း ...

"အေးပါ .. ခုပဲ ထတော့မလို့ပါ .. မင်းတို့ကလည်းကွာ .. ငါ
ပြန်စေချင်တာများ မီးသတ်ဥသြဆွဲပြီး ညှော်ခံပွဲထဲ ဝင်လာတော့မ
မှတ်ရတယ် .. ရာဇ ဖြစ်နေတဲ့ပုံကို ကြည့်ဦး .."

"ဆက်ထုံး .."

"အေးပါ .. ဒါပဲမို့လား .. သုံးမိနစ်ပဲ စောင့် .."

"ဆက်ထုံး .. ဟော့ .. မင်းရဲ့ဓာတ်ရှပ်နော် .. ငါတို့နဲ့ မဆိုင်ဘူ

"ဘာ!..."

"အခု မင်း တစ်မိနစ်မှ သွားပြန်ထိုင်ဖို့ မစဉ်းစားနဲ့ .. မင်းရဲ့
ဆိုပြီး အိမ်မှာ တောသူတစ်ယောက် ရောက်နေတယ် တဲ့ .."

"ဟင်!..."

"အေး .. အဖေ့ဆီ တည့်တည့်ကြီး ရောက်သွားလို့ အဖေက
ကို အင်းယားလိတ်ခ်မှာထင်ပြီး အဲ့ဒီကို ပို့လိုက်ပြီ .."

"ခန .. ခန .. နေဦး .. အဲ့ဒီတစ်ယောက်က ဘယ်သူတဲ့လဲ

"ပေ ဖူး လွှာ .."

ဆက်ထုံး အသံ လုံးဝ တိတ်ကျသွားကာ ဖုန်းကိုင်သည့်လက်
တွဲလွဲကျ၏။

လုပ်ချလိုက်ပြီ ချေးထုပ်မ ...။





အခန်း (၁၅)

တစ်ခါတလေ ကြည့်ဖြစ်ခဲ့သော ဗီဒီယိုဓာတ်လမ်းတွေထဲမှာ မြင်
သည့် ညှော်ခံပွဲနဲ့တူသော အပြင်အဆင် ခမ်းနားမှုမျိုးကို သူမရဲ့ရှေ့
းလေးမှာ မြင်နေရသည်။

သစ်ပင်လှလှလေးတွေမှာ မီးလုံးတွေ ချိတ်ဆွဲထားကာ မြက်ခင်း
မ်းလေးပေါ်မှာ ညရဲ့အလှနဲ့ ပြီးပြည့်စုံနေသလိုပင် ...။

ဒါ ဘာလဲ ...။ မွေးနေ့ပွဲလား .. မင်္ဂလာပွဲလား ...။

စားပွဲတိုင်းမှာ ရှိနေကြသူတွေကို ငေးရင်း ကိုယ့်ရဲ့ လာရင်းကိစ္စ
အတစ်ဖြုတ် နောက်ရောက်သွားခဲ့၏။

ပြီးတော့ မြင်နေရသည့် ကားလမ်းတစ်ဆုံးမှာ ဆင်စွယ်နှစ်ရောင်
ာက်အဦးကြီးက ခေတ်မီ ခမ်းနားစွာ တည်ရှိနေကာ ကားတွေ
ားကြတာကိုလည်း မြင်နေရ၏။

ကိုယ့်ကို လာပို့တဲ့ကားကတော့ ဘာဖြစ်လို့ ဒီနားမှာပဲ ချထားခဲ့
လဲ ...။

လှည့်ကြည့်လိုက်တော့ ကားက မရှိတော့ပေ ...။

"ဒီမှာ .. ဒီမှာ .. ဦးလေး .."



www.burmeseclassic.com

www.burmeseclassic.com



ကားတွေနောက်က လိုက်သွားရင်း မျက်စိရှေ့မှာ ဟိုလျှော ဒီလျှောက်လုပ်နေသူတစ်ယောက်ကို အလျင်စလို လှမ်းခေါ်လိုက် သည်။

'ဦးလေး ..' အခေါ်ခံလိုက်ရတည်းက တင်းတင်းမာမာ အဆင် သဏ္ဍာန်နှင့် လှည့်လာသည့်မျက်နှာကို ပေဖူး သတိမထားမိ ..။

"ထုံး တို့ ဒီထဲမှာ ရှိတယ်ဆိုလို့ .."

"ဘာ!..."

"ထုံး .. အဲ .. မဟုတ်ဘူး .."

"ဘာတွေ လာမေးနေတာလဲ ..။ မင်္ဂလာဆည်ခံပွဲမှာ ထုံး လာဖော အောင် မင်း အံရိပ်သုံးပါး နားမလည်ဘူးလား .."

"ရှင်!... မ .. မဟုတ်ပါဘူး .."

"သွား .. သွား .."

"ကျွန်မက ဒီက .. ဟို .."

"ဖိတ်စာမပါဘဲလည်း ဝင်လို့ မရဘူး .. သွား .."

ခွေးမောင်းတာမျိုးလား ..။ သူတောင်းစား နှင်တာမျိုးလား ..။

လူချင်း မတူသလိုမျိုး ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်စွာ ခံစားလိုက် ပေမယ့် ပြောလိုက်မိတဲ့စကားတွေကိုက ကိုယ့်ဘာသာ အမြီးအမောင် မတည့်တာကို သိနေသည်။

လိုရင်းကို တန်းတန်းမတ်မတ်ရောက်အောင် ပြောပြဖို့ ကြိုးစ ရင်း ထိုလူနောက်ကိုပဲ အတင်းလိုက်နေမိသလို ဖြစ်နေကာ ...

"ဦးလေး .. ဦးလေး ရယ် ခဏလေး နေပါဦး .."

ဦးလေးလို့ ခေါ်လိုက်တာကိုက မောင်းထုတ်ခံရခြင်း၏ အကြောင် ရင်းမှန်ဆိုတာ သူမ မသိသရွေ့ ..။

"ဟေ့ .. မင်းကို လူလို ပြောနေတာ မကြားဘူးလား .."

"အေးမောင် .. ဘာဖြစ်နေတာလဲ .."





"ဟာ .. ဆရာ .."

လူကြီးတစ်ယောက် ရောက်လာတော့ ချက်ချင်းပဲ မြေပြင်မှာ ခင်းပေးတော့မယ့်အတိုင်း ထိုလူ ရိုကျိုးသွားပုံကို ပေဖူး အံ့သြ ၏။

"သူက ဘယ်သူလဲ .."

ကြည်ပြာနုရောင် ဟိုတုန်းက ကီမိုနိုအထူစားနှင့် မြန်မာအကျီ လေးကလည်း ကျောက်ပွင့်လေးတွေနဲ့ ပန်းထိုးထားသဖြင့် ကြည့် ပျော်လေးပါ ..။

ဒါပေမယ့် မသေမသပ်ဆံပင်တွေ ပွနေကာ ကျစ်ဆံမြီး သေး လုံးလုံးလေးတွေ ကားကားနှင့် ...

"ကျွန်မ .. ကျွန်မက ဒီကို လာတာ .. အဲ .. ဟိုလေ .. ဒီက .."

"သားနဲ့ သိလို့လား .."

"ထုံး .. ထုံး .."

"ဟော့ .. မင်း ဘယ်လို မိန်းကလေးလဲ .."

မြို့ကလူတွေ ထုံး ဆိုတဲ့အသံ ကြားတာနဲ့ ဘာတွေ ဖြစ်နေကြကာ ..။ အေးမောင် ဆိုသူ ထအော်မှ လူကြီးက လက်ကာပြလိုက်ကာ ...

"ပြော .. ပြော .. စကားဆုံးအောင် ပြောပါစေ .."

ဒီလူကြီးကတော့ သဘောကောင်းပါလား ..။

ပေဖူး ဝမ်းသာသွားကာ ကိုင်ထားသည့် ပိုက်ဆံအိတ်လေးကို နှစ်ဖက်ထဲမှာ ဆုပ်ကိုင်ပြီး တောင်းပန်သလို ခေါင်းလေးငုံ့၍ ...

"ကျေးရူးတင်ပါတယ် ဘဘကြီးရယ် .."

"ဟော့ .. ဒါ ဦးလေးအရွယ် .. အဘအရွယ် မဟုတ်သေးဘူး .. ယ်လို ဖောက်မှန်းကမ်းမှန်း မသိတဲ့ မိန်းကလေးလဲ .."

အေးမောင် ဆိုသည့်လူကြီးရဲ့ စကားကြောင့် ပြဿနာ ထိုက ာမှန်း ပေဖူး ရိပ်မိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဆရာဆိုသည့် လူကြီးက အေးမောင် ကို လှည့်ကြ...
ကာ ...

"မင်း ပါးစပ် ပိတ်ထားလို့ မရဘူးလား .."

"ဟုတ်ကဲ့ ဆရာ .."

ထိုအခါကျမှ ခေါင်းငုံ့ပြီး ခြေလှမ်းပါ ဆုတ်သွား၏။

မြင်ကွင်းကို ဆက်ထုံး အပေးတည်းက လှမ်းမြင်သည်။ ...
မောင်းနေသည့် ဓနု နဲ့အေးမှာ ထိုင်နေသော ရာဇ က ပြုံးပြုံးကြည့်...
ကြကာ ...

"ဟိုရှေ့မှာ အန်ကယ်လ် ဦးခန့်ကျော် နဲ့ စကားပြောနေတာ တော...
လေးကွ .."

"မင်းကလည်း အိမ်က ကားနဲ့ လိုက်ပို့တဲ့ဥစ္စာ .."

"မင်းကလည်း .. အဖေက တယုတယ ဂရုစိုက် ပို့ပေးတာ...
မဟုတ်တဲ့ဥစ္စာ .."

"ကဲ .. မင်းကလည်းတွေ မလဲတာတွေ ထားစမ်းပါ .. အဲဒီ...
ရပ်နေတာ ပေဖူးလွှာ ပဲ .."

"ဟင်!..."

ကားသည် လမ်းဘေးမှာပဲ ကပ်ရပ်သွားခဲ့ကာ ...

"ဆက်ထုံး တကယ် ဟုတ်တယ်နော် .."

"ဩော် .. မေးနေ .. ဟိုမှာ ဆင်းသွားပြီ .."

ရာဇ က တံခါးဖွင့်ဆင်းရင်း ချက်ချင်း နောက်က လိုက်သွား...

"ဟယ်!... ဟိုမှာ .. ဟိုမှာ .. ထုံး .. အဲ .. ဆက်ထုံး ဆိုတာ ..

ပေဖူး သည် သူ့ကို မြင်တာနှင့် ဝမ်းသာအားရလေး လက်ညှိုး...
အော်သည်။

ဦးခန့်ကျော် က ရာဇ နဲ့ ဆက်ထုံး တို့ကို သိနေသဖြင့် အပြုံး...
ဆီးကြို၏။





"ရာဇ ရေ .. ဒီမှာ မင်းသူငယ်ချင်းရဲ့ညှဲ့သည်ကွ .."

"ဟုတ်ကဲ့ အန်ကယ်လ်ကျော် .. ဒီမှာလေ ဆက်ထုံး ရဲ့သူငယ်ချင်း
ရုပ်ချွေရုပ်မျိုးတွေပေါ့ .."

"ဟုတ်လား .. သူက ထုံး ဆိုတော့ ရုတ်တရက် ဘယ်သူမှန်း
မသိဘူး .. ဆောရီးပါကွာ .."

ဦးခန့်ကျော် က ဆက်ထုံး ကို ရယ်ပြရင်း တောင်းပန်သည်။
လူကို အမှောလိုက်ခေါ် .. လိုက်မေးတာတွေက ပြဿနာမဟုတ်ပါဘူး..
ဒါပေမယ့် အဲ့ဒီ 'ထုံး ..' ဆိုတာကြီးကို ပေဖူး ဘယ်တော့ အစွဲချွတ်မှာလဲ..၊

မကျေနပ်သည့် မျက်လုံးကြီးကြောင့် ပေဖူး ရဲ့ ဝမ်းသာအားရ
မျက်နှာလေး တည်သွား၏။

ဒီမျက်လုံးကြီး၏ ကျေနပ်ရခြင်းအကြောင်းကိုလည်း ချက်ချင်း
သိလိုက်ကာ အနားမှာ ဘာရပ်ပေမယ့် ရုတ်တရက် မထိကိုင်ရဲ ..၊

"ဆက်ထုံး လို့ ငါ မေးမလို့ပါ ..၊ လွှတ်ခနဲ မှားသွားတာ .."

သူတို့ရဲ့ ရှိရင်းစွဲပြဿနာကို ဒီဘက်မှာ ရှင်းနေရသလို ရာဇ နဲ့
ဦးခန့်ကျော် တို့ကလည်း ဘာတွေ ပြော၍ ရယ်နေကြသည် မသိ ..၊
...နေ ရောက်လာတော့ ရယ်သည့်လူတစ်ယောက် ပိုတိုးသွားသည်။

ဒီဘက်ကို လှည့်ကြည့်ပြီး ရယ်နေကြတည်းက ပေဖူး အချိုးမပြေ
...ဘာတွေအကြောင်းပဲ ဖြစ်မှာပါ ..။

"နင်က ဒီထိ ဘာလိုက်လုပ်တာလဲ .."

"ထုံး ကလည်းဟယ် .. ငါ့ကို အမောဆို့အောင် မပြောပါနဲ့ ..
အဲ့ဒီမျက်နှာကြီးနဲ့ .."

"ဩော် .. ခင်ဗျား လိုက်လာရင် ပန်းပေါက်ပေါက်ကြဲပြီး ကြိုပါ့
...ယ်လို့များ ငါ ပြောမိခဲ့သလား .."

"ထုံး .."

"တော်တော့ .. အဲဒီ ထုံး .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ထုံး ရယ် .."

"ပေဖူး .."

"ဟော့ကောင် .."

မနု အနားရောက်လာကာ ပေဖူး ရဲ့လက်မောင်းကို ဆောင့်ကိုင်ပစ်လိုက်မိသည့် သူ့လက်ပေါ်ကနေ ထပ်ကိုင်ပြီး လက်ကို ဖြုတ်ချပစ်၍...

"အိမ်ကျမှ ရန်ဖြစ်ကြ .."

"လာကြလေ .. မင်းတို့သူငယ်ချင်းက မျှော်နေတာ ကြာလှပြီ.."

"မင်းတို့ သွားကြတော့ ငါ မလိုက်တော့ဘူး .."

"ဟင်!..."

ရာဇ တို့သာမက ဦးခန့်ကျော် ပါ မျက်နှာပျက်သွားကာ သူတို့ဆီကို လှည့်လျှောက်လာရင်း ပြုံး၍ ...

"ဆက်ထုံး ကို သီချင်းဆိုခိုင်းဖို့ဆိုလား ပြောသံ ကြားတယ်နော်.. လူငယ်တွေ မင်းတို့ကို စောင့်နေကြတယ် ..၊ အဲဒီထဲမှာ သတို့သား သတို့သမီးပါ ပါတယ် .."

ဆက်ထုံး ရဲ့အကြည့်တွေ ရာဇ တို့ဆီ တစ်လှည့်စီ ရောက်၏။ ဒါ ဒီအဖွဲ့ရဲ့ တိတ်တဆိတ် အစီအစဉ်မှန်းလည်း သိလိုက်၏။ ပြောတုန်းကတော့ ဒီလို အတည်ကြီး စီစဉ်ထားတာ မဟုတ်သလိုလို ..၊

"ငါတို့ကို ကျော်ကျော် က စပြောတာ .. သူ ပြောလို့ ငါက မင်းနဲ့ လာခဲ့မယ်လို့ ပြောခဲ့တာ .."

ဆက်ထုံး ကြည့်တာကို သဘောပေါက်ကာ ရာဇ က အလိုအလျောက် ရှင်းပြခြင်းဖြင့် ...

"ကဲ .. လာပါကွာ .. ဘာဖြစ်လဲ .."

"ဟုတ်တယ် ရာဇ .. ပြန်ပေ့စေတော့ .."

မနု က အခြေအနေကို အကဲခတ်ပြီးဖြစ်ကာ ဆက်ထုံး နဲ့ ပေဖူး အဆင်မပြေတာကိုလည်း နားလည်နေ၏။





"သူ့မိတ်ဆွေက ခရီးဝေးက လာရတာလေကွာ .. ပြန်နားချင်မှာပေါ့ .. ဆက်ထုံး ပြန်ပါစေ .."

"ရတယ်လေ ထုံး .. ငါက ဘာမှ မဖြစ်ပါဘူး .. နင် သွားစရာရှိတာ သွားပါ .."

"မသွားတော့ဘူး .."

နှုတ်ဖျားက အပြေပြစ်ဆုံး ပြောလိုက်ရပေမယ့် အလိုက်ကမ်းဆိုးသိသော ပေဖူး ရဲ့မျက်နှာကိုတော့ စိတ်ထဲကနေ လက်သီးဆုပ်ကြီးကြီးနှင့် ချိန်၍ အားပါးတရ ကြိမ်းဝါးနေပြီဖြစ်ကာ ...

"လာ .. ပြန်မယ် .."

စိတ်လိုက်မာန်ပါ ဦးဆောင်၍ ခြေလှမ်းပြင်ပြီးမှ ...

"ဆောရီးပါ အန်ကယ်လ် .. ကျွန်တော်လည်း သီချင်းဆိုပေးဖို့ အစီအစဉ် ရှိပါတယ် .. သူက ခုမှ ရွာကနေ ရောက်လာတာ .."

"ဩော် .. အေး .. ရပါတယ်ကွာ .. နောက်မှပေါ့ .."

ဦးခန့်ကျော် က ပေဖူး ကို လှမ်းကြည့်ပြီး ရယ်ကာ ...

"အန်ကယ်လ် ထင်လိုက်ပါတယ် .. နယ်က လာတာမှန်း သိသာနေတော့ လိပ်စာမှားပြီး ရောက်လာတယ်လို့လေ .. ဒါပေမယ့် ထုံး ကို ဘာကို ဘာမှန်း မတွေးမိလိုက်ဘူး .."

ထုံး လို့ တစ်ခါပါလာတိုင်း ပေဖူး မျက်နှာလေး ငယ်သွားသလို ဆက်ထုံး မျက်နှာက ပိုမိုကြီးထွားသွား၍ နီရဲလာ၏။

"ဆက်ထုံး .. ရော့လေ .."

မြောက်ခနဲ လွင့်လာသည့်အရာကို ဖမ်းယူလိုက်တော့ ကားသော့..၊

"မလိုပါဘူးကွာ .."

ဆက်ထုံး က ပြန်ပစ်ပေးလိုက်သဖြင့် မနု မျက်လုံးပြူးသွားကာ...

"ဟော့ကောင် .. ပြန်လျှောက်ရမှာ အဝေးကြီးကွ .."

"ရတယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သန္နင့် ခြေလှမ်းတွေက ဘယ်မျက်နှာကိုမှ မကြည့်တော့ဘဲ ဒီတိုင်း လှည့်ထွက်လာခဲ့မိသည်။

ဘာဖြစ်ဖြစ် မပြောမဆို လုပ်တတ်လွန်းတာ သူမပဲ ဖြစ်သည်။ ဟိုက မျက်နှာလွှဲခဲပစ်လို့ လွှတ်လိုက်တာ ကြည့်ဦး ..။

ဖုန်းဆက်ပြောဖော်တော့ ရသေးလို့သာ တော်သေးသည်။ မဟုတ်ရင် ဒီလိုနေရာမှာ သူမ တစ်ယောက်တည်း ဘာလုပ်မှာလဲ ..။

အင်းယားလိတ်ခ်ဟိုတယ်လ်ကို ရောက်ဖို့ ကမ္ဘာအေးလမ်းမကြီးပေါ်ကနေ ချိုးကွေ့ဝင်ချတဲ့ ခရီးက နီးသလား ..။ ပြီးတော့ အလယ်မှာ DJ Bar က ခံနေသေးသည်။

ပြောလိုက်ရရင် မကောင်းဘဲ ရှိတော့မည် ..။





အခန်း (၁၆)

"ငါ့မှာ ဘာမှ မရှိတော့ဘူး ထုံး ရဲ့ .. ကြီးကြီးကလည်း ရိပ်သာမှာ ယောဂီဝတ်သွားတယ် .. ငါ့နွားတွေလည်း သေကုန်ပြီ .. လယ်တွေကလည်း ထန်းနှစ်ပင်ညီနောင်နဲ့ မလွတ်လို့ ခိုက်တယ်ဆိုပြီး ဘယ်သူမှ မလုပ်ချင်ကြဘူး ..၊ ငှားလို့ မရ .. ရောင်းလို့ မရနဲ့ .."

"အဲ့ဒါနဲ့ပဲ နင့်မှာ လုပ်ကိုင်စားစရာ မရှိတော့ဘူး .."

"ရှိတော့လည်း မွဲသွားပြီလား .. ခုတော့ သိပြီလားနဲ့ ငါ့မှာ ကဲ့ရဲ့ခံနေရတာ အိမ်ပြင်တောင် မထွက်ဝံ့ဘူး .."

"အံမာ .. ငါ နင့်ဆီက မွဲလောက်အောင် ဘာမှ မယူရသေးဘူးနော် .."

ထရုပ်တော့မလို ကိုယ်က ကြွခနဲ ဖြစ်ပြီး ထအော်သဖြင့် ခနတစ်ခုခု ပြောမိတော့မလို ဖြစ်သွားသည်။ ရာဇ က မျက်ရိပ်ပြပြီး ခေါင်းခါ၏။

အချိန်ကပဲ ည ဆယ့်တစ်နာရီကျော်နေပြီ ဖြစ်သည်။ ဆက်ထုံး အင်းယားလိတ်ခ်ကနေ ထွက်သွားတည်းက ရာဇ နဲ့ ခနု လည်း ဖင်မကျနိုင် ဖြစ်နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လက်ဖွဲ့ပေးပြီးတာနှင့် ခဏလေးပဲထိုင်ကာ စားစရာတွေလည်း မျိုမချနိုင်ခဲ့ပေ ..၊ ကျော်ကျော် နဲ့ သတို့သမီးကိုတော့ ဆက်ထုံး ဧည့်သည်ရောက်နေလို့ ပြန်သွားရကြောင်း ပြောပြရသည်။

ဦးခန့်ကျော် ကိုယ်တိုင် ဝင်ပြောပြတော့ အဆင်ပြေသွား၏။

ဘယ်လောက်ထိ မြန်သလဲဆိုလျှင် သူတို့ ပြန်ရောက်လာကြတော့ ဆက်ထုံး တို့နဲ့ ရှေ့ဆင့်နောက်ဆင့် ..၊

"နင်ကိုက ငါ့နောက်ကို လိုက်လာချင်လို့ တစ်နေ့ အခါရှစ်ဆယ်လောက် ကြံစည်နေတာ .."

"ငါ့ကို မစွပ်စွဲနဲ့ နော် ထုံး .."

"ဟုတ်နေတာကို ပြောတာ .."

"ငါ့မှာ ဘာမှ အားကိုးစရာ မရှိတော့လို့ .."

"အားကိုးစရာ မရှိတိုင်း ငါ့ကို သတိရရအောင် ငါက နင့်ယောက်ျားမှ မဟုတ်တာ .."

"ထုံး နော် .."

"တော်တော့ .. အဲဒီ ထုံး .."

အော်ပစ်လိုက်ပြီး ထရပ်တော့ မျက်တောင်လေးခတ်ရင်း လိုက်မော့ကြည့်ပုံက စိတ်မချမ်းသာစရာ ..၊

"ကဲ .. အေးဆေး ပြောကြစမ်းပါ ထုံး ရာ .."

"အေးလေ .. မင်းတို့က ငယ်သူငယ်ချင်းတွေမို့လား .. အခု ဘာတွေ ရှုပ်ထွေးနေကြတာလဲ .. ငါတို့ကို ပြောနိုင်ရင် ပြောပြ .."

"ဘာမှ မရှုပ်ထွေးဘူး .. ငါ ကြွေးဆပ်စရာရှိတယ်ဆိုတာ သူ့ကိုပဲ .."

"အဲ့ဒီတော့ မင်းလည်း စုထားပြီးပြီမို့လား .. ပေးလိုက်ပေါ့ကွာ.."

"ပေးနေတာပဲ .. ပေးနေတာကို အားမရနိုင်ဘူး ဖြစ်နေတာ သူ.."

ရာဇ တို့ရဲ့အကြည့်တွေ ပေဖူး ဆီ ရောက်သွားကြသည်။





သူမကတော့ မျက်ရည်တွေ ဝေ့သီလျက် ဆက်ထုံး မျက်နှာကိုပဲ ငေးနေကာ ...

"အဲဒီပိုက်ဆံတွေကို ငါက .."

"ဘာပြောဦးမလို့လဲ .. နင်နဲ့ ငါ ဘာမှမဆိုင်ဘဲနဲ့ ငါ ယူသုံးနေတာ ချေးတာပဲပေါ့ ..၊ အဓိပ္ပာယ်မရှိ လျှောက်ပြောမနေနဲ့ .."

ဆက်ထုံး စကားအဆုံးမှာ ပေဖူး ရဲ့ မျက်ရည်နှစ်စက် ပေါက်ခနဲ ကြွေဆင်း၏။

ရာဇ တို့ ဘာမှလည်း မသိကြဘဲ ဘယ်သူ့ဘက်က ဘယ်လို ဝင်ရှင်းရမှန်းလည်း မသိ ..၊

"ဖယားတွေ ရှုပ်မှာစိုးလို့ .. လိပ်စာလည်း မပြောဘူး .. ဖုန်းနံပါတ်တောင် မပေးဘဲ ထားတာ .. အဲ့ဒါ နင့်ကို မဟုတ်ဘူး .. ရွာက ဟိုကောင်တွေနဲ့တောင် အဲဒီလောက်ထိ မပတ်သက်ချင်တာ .. လာမယ့်လာတော့ ဗြဟ္မာကြီးဦးခေါင်းက အထုပ်လိုက် ရောက်လာတယ် .."

ပေဖူး ရင်ဘတ်လေး ကြွခနဲ ဖြစ်သွားအောင် ရှိုက်၏။ ဘာသံမှတော့ မထွက်ပေ ..၊

"နေပါဦး .. နင့်ကို ရာဇ တို့အိမ်ထိ ဘယ်သူ လမ်းညွှန်လိုက်တာလဲ .."

သူ မေးပေမယ့် ပေဖူး ကလည်း ဖြေဖို့ မျက်ရည်တွေ သုတ်နေရင်း အားယူနေသော်ငြား ...

"မင်းရဲ့ သော်ဇင် တို့ပဲ နေမှာပေါ့ကွာ .. သူတို့က ငါတို့အိမ်ကိုတော့ သိကြတာပဲဟာ .. ဒီတိုက်ခန်းကိုပဲ မသိတာ .. ဟိုရောက်ရင် ဒီရောက်မှာပဲလို့ တွက်မှာပေါ့ .."

"အေးလေ .. အခု ဟိုအိမ်မှာလည်း ကွိုင်ပူပြီး ကျန်ခဲ့ပြီ .. ဟိုတယ်လ်မှာ ဒီတိုင်း ချပစ်ခဲ့တာ .. သင်း ကံကောင်းလို့ .."

ရာဇ မျက်ခုံးနှစ်ဖက် မသိမသာ မြင့်တက်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ထုံး .. မင်း ငါ့အဖေကို တင်းနေတာတော့ မဟုတ်ပါဘူး နော် .."

"တင်းတာ မဟုတ်ဘူး .. ဟိုမှာလည်း ရှော့ခ် ရှိတယ်လေ .. ငါ ဆိုလည်း ဒီတိုင်း လုပ်မှာပဲ .. ကိုယ့်သားသမီးနဲ့ မပတ်သက်တဲ့လူလည်း ဖြစ်တယ် .. ပြီးတော့ အန်ကယ်လ်က အစတည်းက ငါ့ကို သိပ်ကြည် တာမှ မဟုတ်တာ .."

ရာဇ နဲ့ ခနု တို့က မိတွေးနဲ့ နေရပေမယ့် အစတုန်းက အဆင်ပြေ နေကြတာပဲ ဖြစ်သည်။ ဆက်ထုံး နဲ့ ပေါင်းမိကာမှ လွတ်လွတ်လပ်လပ် နေချင်တာတွေ ဘာတွေ အကြောင်းပြပြီး ဖအေပိုင်သမျှ တိုက်ခန်းတွေ မှာ ဟိုပြောင်းနေ .. ဒီပြောင်းနေ ..၊

ဤသို့သော မကျေလည်မှုအပေါင်းက ညအချိန်မတော်မှာ အထုပ် အပိုးတွေနဲ့ ရောက်သွားခဲ့သည့် ပေဖူး အပေါ်မှာ စုပုံ၍ ...

"ဘာလုပ်လုပ် အချိုးကို မပြေတာ သူပဲ .."

ရှင်းပြခြင်းသည် အပြစ်တင်ခြင်းနှင့်သာ လက်စသတ် ပိတ်၏။

"အေးပါ .. မင်းတို့ ကျေနပ်နပ် မနပ်နပ် အဖေ့ကိုယ်စား ငါ တောင်းပန်တယ်ကွာ .. အဲဒီကိစ္စအတွက် .."

"မတောင်းပန်ရပါဘူး .. အန်ကယ့်လ်ဘက်က မှန်တယ် .. ဟိုတယ်လ်မြက်ခင်းပြင်မှာ ညဘက်ကြီး ဘာမှန်းညာမှန်းမသိ ရောက် သွားတဲ့အထိ ဖြစ်တာကို ဒေါသထွက်တာရော .. ငါ မှားသလား .. အဲ့ဒီတော့ မှားနေတာက သူပဲ .."

လက်ညှိုးမထိုးပေမယ့် မျက်ခုံးတွေက သူမ မျက်နှာလေးဆီ စုပြုံ ရောက်တာ တန်းခနဲ ..၊

"အဲ့ဒီ သော်ဇင် ဆိုတဲ့ကောင်က ဘာလဲ ..၊ ညကြီးမင်းကြီး မိန်း ကလေးတစ်ယောက်တည်းကို တောက်!... ရန်ကုန်ကို ဘာထင်နေလဲ မသိဘူး .."





"ထုံး .. ထုံး ရယ် .. သူတို့ကို မပြောပါနဲ့ .."

ဖုန်းထုတ်ကိုင်လိုက်တာ မြင်သည်နှင့် ပေဖူး ထပြေးဆွဲမတတ် ဆီးကာ ...

"သူတို့က လွှတ်တာ မဟုတ်ပါဘူး .. နေ့လယ်တုန်းက တိုက် တစ်ခန်းကို သွားမေးသေးတယ် .. နင်တို့ ပြောင်းသွားကြပြီဆိုလို့ ပြန်လာတာ .. အဲ့ဒါ မနက်ဖြန်မှ စုံစမ်းပေးမယ်လို့ ပြောပါတယ်.. .."

"ဩော် .. ဒါဆို နင့်ဘာသာ တမင် ခိုးထွက်လာတာပေါ့ .."

ကြောက်လန့်သွားသည့်မျက်နှာလေး ဖြစ်ပေမယ့် ခေါင်းညိတ်ဖော် ညီး ရသေးသည်။ ရာဇ တို့ ပေဖူး ကို ကြည့်နေကြတာ ထူးဆန်း ကွာပါလိုပင် ..၊ ပြီးတော့လည်း ခေါင်းညိတ်မိ .. သက်ပြင်းချမိ ..၊

ပေဖူးလွှာ ဆိုတာ ဒီလိုလေးလား ..၊

"သူတို့ ယောက်ျားလေးဆောင်က ဝန်ထမ်းယောက်ျားလေးတွေ များကြီးပဲ .."

ဒီမှာတော့ ယောက်ျားတွေ မရှိဘူးလား ..၊

ခနု နဲ့ ရာဇ တံတွေးတွေ မျိုချရင်း ကိုယ့်ကိုယ်ကိုယ် ဘဝပြောင်း သွားလို့တောင် တွေးမိလာ၏။

"ငါ အဲ့ဒါနဲ့ ညနေတုန်းက သူတို့ ပြန်မရောက်ကြသေးခင် ထွက် လာတာ .."

"ဒါဆို .. တစ်ညနေလုံး လမ်းပေါ်မှာ လိမ့်နေတာပေါ့ .."

"ကုန်သည် ဦးမြတ်ဆွေ ရဲ့လိပ်စာအတိုင်း လိုက်ရှာတာပါ ..၊ နေ အချိန်ရရင် ထွက်ရှာပေးမယ်လို့ ပြောပြီး ကိုသော်ဇင် ငါ့ကို တပ်ပြထားတာ .. အခု အဲ့ဒါကို ယူလာပေမယ့် .."

"အဖေက အဘွားတို့အိမ်မှာလည်း နေဖူးခဲ့တယ်လေ .. အဲဒီမှာ ည်း ပွဲရုံ ထောင်ပေးထားတာကိုး .."



www.burmeseclassic.com

www.burmeseclassic.com



ခနှ က ဝင်ဖြေပေးသည်။ ပေဖူး က ကမန်းကတန်း ခေါင်း
ညိတ်၏။

"ဟုတ်တယ် .. ဆန်အိတ်တွေ သယ်နေကြတဲ့ အလုပ်သမားထဲက
တစ်ယောက်က သူဒွေးက ဒီမှာ မနေဘူးလို့ ပြောတယ် .. သူပဲ လိပ်စာ
ပြောပြလိုက်လို့ .."

စကားရပ်ပြီး မျက်လုံးက ဆက်ထုံး ဆီ ရောက်၏။

"ကောင်းတယ် .. တောသားရဲ့တော့ ဆွဲထုတ်ဆိုတာ ဒါမျိုးပဲ.."

"ထုံး ရယ် .. ငါ့ကို နင် အဲ့လောက် မပြောပါနဲ့ .."

"နင် ငါ့အကြောင်း မသိဘူးလား .. ပြောစရာ လုပ်လာရင် ပြော
မှာပဲ ..၊ မြို့ကြီးပြကြီးကို ရောက်ဖူးတာလည်း မဟုတ်ဘဲနဲ့ ညနေက
မိုးချုပ်တဲ့အထိ .."

"ငါ နင့်ကို တွေ့ချင်လွန်းလို့ .."

"အသည်းအသန် တွေ့ချင်စရာ ဘာရှိလို့လဲ ..၊ အခိပ္ပာယ်ကို
ဘူး .. မသမာသူလက်ထဲ ကိုယ့်ယို့ကားယား ပါသွားရင် ဘယ်သူမှတော
သိလိုက်မှာ မဟုတ်ဘူး .."

"ကဲ .. ကဲ .. ပေဖူးလွှာ ကလည်း မျက်ရည်တွေ ထပ်မကျ
တော့ ..၊ ဒီကောင်က စိုးရိမ်ပြီး ကရုဏာဒေါသတွေ ဖြစ်နေတာပါ.."

"မဟုတ်ဘူး .. ဘာကရုဏာဒေါသမှ မဟုတ်ဘူး .. သူ့ကိုယ်
တောင် ဂရုစိုက်ရမှန်း မသိတာ ငါက ဘာကို စိုးရိမ်ရမှာလဲ .."

"ဒါပေမယ့် ငါ ဒီထိရောက်လာပြီးမှတော့ နင် မဆူပါနဲ့တော့
ဟာ .."

"ရောက်လာပြီး မတွေ့ပါဘူးလို့ ထားရအောင် ငါတောင် ဒီကော
တွေနဲ့ ကပ်နေရတာ .."

"ဟင်!..."

ပေဖူး က တိုက်ခန်းကျယ်ကြီးကို အထူးတဆန်း မော့ကြည့်က





"နင်ပဲ အဆောင်ငှားနေတာ ဆို .. ငါက အဆောင်လခအတွက်.."

"အဆောင်လခ တစ်လ နှစ်သောင်းနဲ့ ဒီလိုတိုက်မျိုးနဲ့ နေရ
သော ..၊ ခေါင်းလေး ဘာလေး သုံး .."

"သူမှ မသိတာကွာ .. မင်းတို့ကလည်း ငါတို့ ဘာဝင်ပြောရမှန်း
မသိတော့ဘူး .."

"ဘာမှမပြောနဲ့ .. ထော်လော်ကန့်လန့်ကြီး ဖြစ်လာတဲ့ကိစ္စ ဘယ်
တွေးတွေး .. ဘယ်ဘက်ကမှ အဆင်ပြေဖို့ မရှိဘူး .."

"သြော် .. မင်းကလည်း .. သူလည်း သင့်တန်းလေးဘာလေး
တက်ပြီး အလုပ်တစ်ခုခု ဝင်လုပ်ရင် .."

"ရှစ်တန်းတောင် မအောင်တာ ဘာလုပ်လို့ ရမှာလဲ .."

"ဟင်!..."

"ဒီက တစ်လမ်းကျော်မှာ စားသောက်ဆိုင်ရှိတယ် .. အဲ့ဒီမှာ
ကန့်သွားဆေး .."

"ဆက်ထုံး .. မင်းကလည်း .."

ပြောလွန်းလို့ ဘေးက ကြည့်နေရတဲ့ ရာဇ တို့တောင် ပေဖူး ကို
လာပါပြီ ..၊

ဆံပင်တွေ နီကြင်ကြင် ထိုးထိုးထောင်ထောင် ပွပွနှင့် ငိုချင်လာ
ကျစ်ဆံမြီး ကော့ကော့ကားကားလေးတွေကိုပဲ မညှာမတာ ဖိသပ်
ရှာသည်။ သူမခမျာ ကြည့်ပျော်ရှုပျော်လေးပေမယ့် ဒီဆံပင်ကြောင့်
ဆိုးနေရှာတာ ..၊

"ဒီမှာ ပေဖူး .. နင့်ကို ငါ တစ်ခါတည်းပဲ ပြောလိုက်မယ် .."

ဆက်ထုံး ဆိုတဲ့ သတ္တဝါကလည်း ပြောရက်နေလိုက်တာ ..၊
ကလမ်းဆရာတွေ ပယောဂ ထုတ်နေတဲ့အတိုင်း ..၊

တကယ် ရှားပါသည် ..၊ ပေဖူး သည် စီရင်ချက်ကျခံရတော့မည့်
ခံတစ်ယောက်နှယ် ရှိကာ သူကတော့ ..၊



www.burmeseclassic.com

www.burmeseclassic.com



"ငါက လက်ထပ်တော့မှာ .."

"ဟင်!..."

"အဲဒီတော့ နင် ငါ့ဆီ ရောက်လာပြီး ဟိုလိုလို ဒီလိုလို လုပ်နေ တာတွေက ရှာကလူတွေလည်း တောင်ထင်မြောက်ထင် ထင်မှာပဲ .. ငါ့မှာလည်း .."

"ထုံး .."

ကွဲရှနေသော အသံတုန်တုန်လေးနှင့် ပေဖူး တအား အော်[illegible] သည်။ ဒါပေမယ့် အသံက ဘယ်လိုမှ ကျယ်ကျယ်လောင်လောင် မ[illegible] ခဲ့ဘဲ ...

"နင် အဲလောက်ထိ ပြောဖို့ မလိုဘူး .."

တစ်ခါမှ မမြင်ဘူးခဲ့သော ဒေါသတွေနှင့် မျက်နှာလေးကို ဆက်[illegible] က စိုက်ကြည့်၏။

"သူများတွေ ဘာပြောပြော ငါ ဂရုမစိုက်ဘဲ နေနိုင်တယ် .. [illegible] အဲဒီလိုလူပဲဆိုတာ ငါ့မျက်လုံးနဲ့ မြင် .. ငါကိုယ်တိုင် ခံစားလို[illegible] ရပြီဆိုတာလည်း ငါ လက်ခံခဲ့ပြီးပြီ .."

ပြောပြီး သုတ်မနိုင်သည့်မျက်ရည်တွေကို ဖြစ်သလို ပွတ်ဆွဲပစ်[illegible]

"ငါ အဲလောက် သိက္ခာမမဲ့ပါဘူး .. မောင်းထုတ်ခံရတဲ့အထိလည်း ငါ မျက်နှာမပြောင်သေးဘူး .."

နောက်ထပ် မျက်ရည်သုတ်ရပြန်ကာ ...

"ပြောပါ .. ငါ ထွက်သွားရင် နင် မပြောလိုက်ရဘဲ နေလိမ့်မယ်[illegible] အားရအောင် ပြော .."

ရာဇ တို့ လှမ်းကြည့်တော့ ဆက်ထုံး မျက်နှာလွှဲပြီး တိတ်ဆိ[illegible] နေ၏။

"ဒါပေမယ့် ဒီညတော့ ငါ ဒီမှာ အိပ်လို့ရတယ် မို့လား .."

"မရဘူး .."





"ဟမ်!..."

ပေဖူး အသံတောင် မထွက်နိုင်ရှာ ..၊

ရာဇ တို့ သံစုံမြည်သွားကာ တကယ့်ကို တအံ့တဩ ..၊

"ဆက်ထုံး .."

"အခန်းပို မရှိဘူးလေ .. ငါလည်း အပြင်ထွက် အိပ်မပေးနိုင်ဘူး.."

"ဟား!... ဒါဆိုလည်း ငါတို့ .."

"မင်းတို့ကလည်းကွာ .. ယောကျ်ားလေးတွေ အိပ်တဲ့ အိပ်ခန်း [illegible]တာ မမြင်အပ်တဲ့ ဟိုပစ္စည်း ဒီပစ္စည်း .."

"နေပါစေ .. ငါ ဒီဧည့်ခန်းထဲမှာပဲ အိပ်မယ် .. ရတယ် .."

သူမမှာ ပိုက်ဆံအိတ်ပြားလေးတစ်လုံးပဲ ပါကာ နှစ်ယောက်တွဲ [illegible]အခုံကို လှမ်းကြည့်ပြီး နေရာယူဖို့ သတ်မှတ်၏။

"နေဦး.. နေဦး.. စောင် ခေါင်းအုံးတွေတော့ အပိုတွေ ရှိပါတယ်.."

ခုန ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ ပေဖူး ရှေ့မှာပဲ ဆက်ထုံး [illegible]ာ ဖြတ်လျှောက်ရင်း လက်ကို ကြိတ်ဆွဲလာခဲ့၍ ...

"ဆက်ထုံး .."

"မေးမနေနဲ့ .. အဲဒီကောင်မလေးကို အခန်းထဲ ဝင်ထားလိုက်ရင် [illegible]ညလုံး မအိပ်မနေ ငိုနေတော့မှာ .."

"သြော် .. ဒါတော့ သိနေတယ် .. ဟုတ်လား .."

ဆက်ထုံး က ကိုင်ထားသည့် ခုန လက်ကို ဖယ်ချသည်။ ရာဇ [illegible]ဘားမှာ ရောက်လာကာ ...

"ဆက်ထုံး .. မင်းကို ငါ မပြောချင်တော့ဘူး .."

"မပြောနဲ့တော့ .."

"ပြောချင်လွန်းလို့ မပြောချင်တော့တာကွ .."

"ဘာကြောင့်ဖြစ်ဖြစ် မပြောနဲ့တော့ နားငြီးတယ် .."

"မရဘူး .. ငါကတော့ ပြောမှာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ခနေ က သူ့လက်မောင်းကို ဖျန်းခနဲ ရိုက်ကာ ...

"မင်း သူ ငိုနေမှာ စိုးရိမ်တယ်ဆိုတဲ့ အကြောင်းပြချက်ကတော့ မဟုတ်သေးဘူး .."

"ဘာ!... ငိုနေမှာ စိုးတယ် .. ဟုတ်လား .."

ရာဇ မေးလိုက်တော့ ခနေ က ကြားဖြတ်ပြီး ခေါင်းညိတ်ပြကာ

"ဟုတ်တယ်ဟေ့ .. အဲ့ဒါ ဧည့်ခန်းဆိုဖာပေါ်မှာ အိပ်စေခဲ့ခြင်း အကြောင်းပဲ .."

"မင်းကွာ .."

"ဟေ့ကောင် ရာဇ .. မင်းတို့ မသိပါဘူးကွာ .. ပေဖူး အကြောင်း တစ်ရွာလုံး သိတယ် .. အိမ်အောက်မှာ ဘယ်ကလာ မွေးမှန်းမသိ ခွေးတွေကို သူ့အဒေါ်က ဘုန်းကြီးကျောင်း ပို့ပစ်လို့တဲ့ .. အဲ့ဒီညနေ စပြီး ခွေးတွေအိပ်ခဲ့တဲ့နေရာမှာ ငုတ်တုတ်ထိုင်ပြီး ထိုင်ရာမထ ငို နောက်နေ့ အရုဏ်ဆွမ်းချက်ချိန်ရောက်မှ အပြီးသတ်တယ် .."

"ဟေ့ကောင် .. ဟုတ်လို့လားကွာ .."

"သြော် .. ငါက မဟုတ်တာ ပြောစရာလား .. တစ်ခုခု ခံစားပြီး အသေအကြေ .. အထူးသဖြင့် မျက်ရည်ထိုင်ကျနေပြီလားဆို အဲ မျက်ရည်တွေကို ပြန်မျိုချပြီး အာဟာရပြီးနေသလား မှတ်ရတယ် ဘာမှ မစားမသောက်တော့ဘဲ ငိုတာ .."

ရာဇ မျက်ခုံးတွေ ပင့်ရင်း ခေါင်းကုတ်၏။ ခနေ က ရယ်နေကာ

"ဒါဖြင့် ဆိုဖာပေါ်မှာဆို မငိုတော့ဘူးပေါ့ .."

"ထင်ရတာပဲ .."

"လူမရှိရင်တော့ ငိုမှာပဲ ထင်တယ် .."

"မပြောတတ်ဘူး .."

"ငိုပဲ ငိုပါစေဦးကွာ.. ငါတို့အခန်းထဲမှာ အဲကွန်းနဲ့ ...၊ မိန်းကလေး တစ်ယောက်ကို အပြင်မှာ သိပ်ရမှာ သဘာဝမကျပါဘူး .."





ရာဇ က ဒါကိုပဲ ထပ်ရစ်သည်။

"ငါ့အခန်းထဲ ထည့်လိုက် .. ငါ အပြင်မှာ အိပ်မယ် .. သူ့ဘာသာ သွားအောင်တော့ မငိုနိုင်ပါဘူး .."

"မသေနိုင်ပေမယ့် ပြတင်းပေါက်ကနေ တွယ်ဆင်းသွားမှာပဲ .."

"ဟမ်!... ဘယ်လို .."

"မနက်ကျမှ ငါ့ကို မင်္ဂလာပါ နှုတ်ဆက်ပြီး ပြန်မယ်လို့ ထင် နေ့ ...၊ ခုနက ဘီလူးပြုံး ပြုံးသွားတာ .. ပြီးရင် ထင်ရာလုပ်မှာပဲ .. င်းတို့ အေးဆေး နေကြစမ်းပါ .."

"ဟ .. မင်း!..."

"မနက်ကျရင် ထွက်မသွားဖို့လည်း စောင့်ပြောပေးဦး .."

"ဘယ်လို!..."

ဒီတစ်ခါ သူတို့ မျက်စိလည်ရသည့်အလှည့် ...၊

ဆက်ထုံး က မျက်မှောင်ကုတ်ထားသည့် မျက်နှာကြီးနှင့် ဆံပင် ကို ဖွပစ်ကာ အခန်းထဲ လှည့်ဝင်သွားရင်း ...

"ငါ စိတ်တိုမိလို့ ပြောပစ်လိုက်တာ .. သူ ဒီက ထွက်သွားလည်း ကို ပြန်မှာ မဟုတ်ဘူး .."

"မင်းက ကြိုသိနေတာတွေ များလှချေလား .."

"မွေးလာတည်းက တစ်ရက်တည်း တစ်နေ့တည်း နာရီလည်း တူပဲ .. အချိန်ပဲ ကွာတာ .."

"ဘာလဲကွ .. ရှုပ်ကုန်ပြီ .."

"ကြာသပတေးနေ့ တစ်ရက်တည်းပဲလေ .. ငါက မနက် ကိုး ရီ .. သူက ည ကိုးနာရီ .."

"သြော် .."

"ဘာဖြစ်လို့ မင်းက ဆက်ထုံး ဖြစ်ပြီး သူက ပေဖူး ဖြစ်နေရ လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .."

"မင်းက အင်္ဂါနာမည်ကြီး .."

"ငါ့ရဲ့ အကျိုးဆေးနံက အင်္ဂါ ဖြစ်နေလို့ .. အင်္ဂါနဲ့ မှည့်ထားတာ"

ဟိုတုန်းကတော့ မိသားစုအခြေအနေချင်းက အကွာကြီးပဲ ဖြစ်သည်။ ဆက်ထုံး တို့က ပြည်မြို့ပေါ်ထိ တက်ပြီး ရောင်းဝယ်ဖြန့်ဖြူးနိုင်ကြတဲ့ ကုန်သည်စာရင်းဝင်တွေ ဖြစ်သည်။

သိပ်တော့ မဟုတ်ပေမယ့် တောမှာတော့ လူချမ်းသာပဲ ဖြစ်၏

ပေဖူး တို့က ဆက်ထုံး တို့အိမ်မှာ လယ်ယာ၊ ကုန်ထမ်း အခပ်သိမ်း အားကိုးရသော အလုပ်သမား မိသားစု ..၊

ဆက်ထုံး ရဲ့မိဘတွေက အဆင့်အတန်း မခွဲခြားသည့်ပြင် အဆေချင်းကလည်း ငယ်သူငယ်ချင်းတွေမို့ တခြား အလုပ်သမားတွေထက် ရင်းနှီးကြ၏။

ထို့ပြင် ဆက်ထုံး ရဲ့မိဘတွေက အိမ်ထောင်ပြုတာ နောက်ကျ[illegible] မယ့် ကိုယ်ဝန်ရှိတော့ အတူတူပဲမို့ ကလေးနှစ်ယောက်ကို တစ်ရက်တည်းမှာ နေ့နဲ့ ညပဲ ခြားပြီး မွေးခဲ့ကြ၏။

သို့သော် ဆက်ထုံး ကို မွေးပြီး တစ်လမကြာခင် မိခင်က ဆုံးသွားခဲ့ကာ ဖအေဖြစ်သူက လူယုံလုည့်စားပြီး ပစ္စည်းတွေ ဆုံးရှုံးခဲ့ရ၏။

ထိုမှစ၍ ဇနီးကလည်း ဆုံးခဲ့သည်မို့ အသောက်အစားလေး ဖြစ်လာခဲ့၏။ နောက် သိပ်မကြာလိုက်ဘဲ ဆက်ထုံး လူမမယ်လေးမှာ ဖခင်ကလည်း ဆုံး၏။

ပေဖူး ရဲ့ဘဝကလည်း သိပ်တော့ မထူးပါဘူး ..၊ သူ့မ မိဘရဲ့ [illegible] သည့်အကြောင်းတွေ တူညီလာတော့ ဆက်ထုံး နဲ့ ပေဖူး က ရွာထဲမှာ ကံတူအကျိုးပေး နှစ်ယောက်အဖြစ် ကျော်ကြားလာခဲ့၏။

ထို့ပြင် ကလေးနှစ်ယောက်၏ သံယောဇဉ်တွေကလည်း တစ်ယောက်ရှိတဲ့နေရာမှာ တစ်ယောက်ကို တွေ့သည်ဆိုတာမျိုး ..၊





ကိုယ့်အိမ်မှာနေလည်း အတူတူ .. သူ့အိမ်ကို လိုက်သွားတာက တစ်မျိုး ..၊ အပြင်ရောက်နေကြပြီဆိုလည်း အတူတူ .. တစ်ယောက်တစ်နေရာစီ ရောက်နေကြတယ်ဆိုတာ မရှိသလောက် ..။

ဒါတွေကို လူကြီးတွေရဲ့ပါးစပ်ထဲမှာ ပြောစမှတ် ဖြစ်ကျန်ခဲ့တဲ့ အတိတ်အကြောင်းတွေအရ သူတို့မှာ မကြားချင်တဲ့အဆုံး ..၊

"ဒါပေမယ့် အခုကျတော့ ဆက်ထုံး က ပေဖူး ကို သိပ်နိုင်တာ.."

ဆိုသည့် ဝေဖန်သံတွေပါ ထပ်ဆင့် ပါခဲ့လျက် ...

"သေချာတယ် .. မင်းက အင်္ဂါနဲ့ထွန်းနေလို့ လူလည်ကျတတ်နေတာ ဖြစ်မှာ .."

"ဟင်!..."

စိတ်က အတိတ်ကို ရောက်သွားသည့် မျက်တောင်တစ်ခတ်မှာ နေ ကလည်း ဒါကိုပဲ ကောက်ခနဲ ဝေဖန်၏။

"အင်္ဂါ စိတ်ပုပ် အကျင့်ယုတ် တဲ့ .."

"ဟော့ကောင် .."

"ဟုတ်တယ် .. ငါတို့ကလည်း ကြားသပတေးပဲ .. ငါက မင်းခနေ.. သူက မင်းရာဇ ..၊ နာမည်တွေ စီးရင် ကလေး ချူချာကယ်ဆိုပြီး [illegible]င်းတွေ ဖြတ်ထားပြီး ခေါ်နေကြတာ .."

"ဟုတ်လား .. ငါက သင်္ကြန်စာလည်း ရောင်းမှာ မဟုတ်တော့ ဂြိုဟ်စီးဂြိုဟ်နင်းတွေ မသိဘူး .."

"အေးပေါ့ .. မကောင်းတရောင်း ပြောဖို့တွေပဲ သိတာ .."

"အရေးထဲမှာ မင်းတို့က ရန်ဖြစ်နေကြသေးတယ် .."

ရာဇ က သူ့ဟာသူ စောင်နဲ့ ခေါင်းအုံးတွေ သွားယူလာပြီး ပွစိပွစိ ရေရွတ်သွား၏။

ဆက်ထုံး က ရှုံ့ချိတ်နေသည့်မျက်နှာကို တည်တည်တံ့ပြင်ကာ နောက်က ပြန်ပါလာရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အေးဆေးအိပ် နေ့ာ် .. သူများအိပ်ကာမှ ပြတင်းပေါက်ကနေ တွယ်ဆင်းပြီး ထွက်သွားဖို့လည်း စိတ်မကူးနဲ့.. ရန်ကုန်မြို့ကို မကြောက်ရင်တောင် ဥပဒေက ညှာမှာ မဟုတ်ဘူး .."

"ဘာလဲ .. ငါ့ဟာငါ ပြေးချင်လို့ ပြေးမှာတောင် ဝရမ်းနဲ့ လိုက်ဖမ်းဦးမှာလား .."

"ဖမ်းမှာပဲ .. ဒီအိမ်မှာ ညအိပ်ပြီး ပိုင်ရှင်တွေကို အသိမပေးဘဲ ခိုးထွက်သွားရင် နင့်ရဲ့ မရိုးသားမှုကို ပိုင်ရှင်က ကြိုက်သလို ပုဒ်မတပ်လို့ ရတယ် .."

ဟင်!...

ဒါတွေထိ သူမ တွေးမိပုံမပေါ်ဘဲ မျက်ရည်ဝဲနေဆဲ မျက်ဝန်းလေးတွေ ပို၍ ပြူးကျယ်သွား၏။ ထိုမျက်ဝန်းတွေ သူတို့ဆီ ရောက်လာတော့ ရာဇ တို့ မျက်နှာတွေ ဟိုလွှဲ ဒီလွှဲနှင့် ...

"ဒီကောင်မလေး ဆက်ထုံး ပြောတဲ့အတိုင်းပဲ ထွက်ပြေးဖို့ စီစဉ်နေတာလား .."

ဒါဆိုရင်တော့ ဆက်ထုံး မလွန်ဘူးပဲ ..။





အခန်း (၁၇)

"ထုံး .."

"ဘာလဲ .."

အင်္ကျီကိုယ်ချပ်နဲ့ ထွက်လာတာ မြင်သားနဲ့လည်း နောက်မှာကျန်ခဲ့ဘဲ ကပ်လိုက်လာ၏။

ငယ်ငယ်တုန်းက မြစ်ဆိပ်ထိ ခိုးသွားပြီး ရေ အတူဆင်းကူးကြဘာကို မမေ့နိုင်တာလား ..။

ဒါမှမဟုတ် ရေချိုးခန်းကို သွားနေမှန်းကို မသိတာလား ..။

"ငါ ဒီမှာနေမယ်ဆိုရင် နင်က ကျေနပ်ရဲ့လား ဟင် .."

"နေပေါ့ .. နင့်ကို ဟိုကောင်တွေက တားနေကြတယ်မို့လား.."

"ဒါပေမယ့် ငါက နင်ရှိလို့ နေတာလေ .. နင့်မျက်နှာကြီး ရှစ်ခေါက်ချိုး လုပ်ထားရင် .."

"ပူမနေနဲ့ .. ဆယ့်ငါးခေါက်လောက် ချိုးထားလည်း နင် မြင်ချင်မှတောင် မြင်ရမှာ မဟုတ်ဘူး .. ငါက နေ့လယ် ခဏလေးပဲရှိဘာ .. ဆိုလည်း ဆယ်နာရီ .. ဆယ့်တစ်နာရီ .. တစ်ခါတလေ ပြန်သာခဲ့တာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!... ဟုတ်တယ် ..."

"ဟုတ်တယ် .. နင့်ကို ညတုန်းက ဟိုကောင်တွေ ပြောပြတယ် မို့လား .. အခု သီချင်းဆိုရင်းနဲ့ အဆင်ပြေနေတာ .."

ကိုယ့်ရဲ့ပံ့ပိုးမှုနဲ့ သင်တန်းတက်တာတွေက အလကားလို့ ပြောလိုက်တာလား ..၊

ဒါမှမဟုတ် သင်တန်းတွေ တက်နေတယ်ဆိုတာ တကယ်ရော ဟုတ်ရဲ့လား ..၊

အခန်းတစ်ခုရှေ့ ရောက်မှ ပြန်လှည့်ကြည့်ပြီး မျက်နှာချင်းဆိုင် ဖြစ်သွားတော့ ဆက်ထုံး ရဲ့မျက်နှာကို အဖြေရှာသလို မော့ငေးနေမိသည်။

"သူက အဆိုတော်ဖြစ်ဖို့သာ စိတ်ကူးမရှိတာ .. သီချင်းဆိုနေတာကတော့ တကယ့်ကို စူပါ ဖြစ်နေပြီ" တဲ့ ..။

ရာဇ နဲ့ ခနု တို့က ညဦးနက်သန်းခေါင်ထိ သူမနဲ့ စကားလာပြောရင်း အားပေးကြသည်။

ညတည်းက သူတို့ကြောင့် သူမရဲ့သောကတွေ လျော့ပါးခဲ့ရသလို တစ်ယောက်နဲ့တစ်ယောက်လည်း ရင်းနှီးခဲ့ကြသည်။

ခေါင်းလေးတစ်ချက်တောင် ထောင်ကြည့်ဖော်မရဘဲ အခန်းတံခါးပိတ်၍ အေးဆေး အိပ်စက်နေခဲ့သော ထုံး ရဲ့ ချစ်ခင်ရင်းနှီးမှုကတော့ ..၊

"အခု ဘာလုပ်မလို့လဲ .. ငါ ရေချိုးခန်းထဲ ဝင်တော့မလို့ .."

ငေးမောရင်း ကျောက်ရုပ်လေးလို ငြိမ်သက်သွားခဲ့ပြီးမှ ဆက်ထုံးရဲ့ စိတ်မရှည်သံကြောင့် ပခုံးပေါ် ဆောင်တင်လာသည့် အင်္ကျီမပါသော ကိုယ်ကို သတိထားမိသည်။

"ဒါဆိုလည်း ခဏနေပါဦး ထုံး ရယ် .."

"ဘာပြောမှာလဲ ပြော .."





နံရံမှာ ကျောကပ်မှီလိုက်တော့ အစွန်းအမြောက် မထင်သော ဖြူဝင်းသည့်မျက်နှာနှင့် ရင်ဘတ်ပြေပြေက ဟိုတုန်းက အင်္ကျီရင်ကွဲလေးအတွင်းမှာ ချွေးတစိုစို ရှိနေတတ်သည့် ရင်ဘတ်သေးသေးလေးနဲ့ လုံးဝ ခြားနားသွားခဲ့ပြီဆိုတာကို သိသာစေပြန်သည်။

"နင် မိန်းမယူတော့မယ်ဆိုတာ ငါ ယုံပါပြီ .."

ဒါကို သိထားစေချင်လို့ ညက တစ်လုံးတည်း ပြောချလိုက်ပေမယ့် ပြန်မေးလိုက်တော့ မျက်နှာပူသွားသည်။

ငိုထားသည့် မျက်နှာ မို့အစ်အစ်လေးက မျက်ရည်တွေ ဝေ့လာပြန်တာ ..

"ဒါပေမယ့်ဟာ .."

ပြောရင်း ငိုသံ ပါလာကာ မျက်နှာလေး ငုံ့သွားသည်။

"ညတုန်းကတော့ ငါ လိုက်လာတာကို စိတ်ဆိုးပြီး တမင် ပြောနေတယ်ပဲ ထင်တာ .."

"အဲ့ဒါ အခု တကယ်မှန်း သိပြီမို့လား .. ဒါပဲလား .. ငါ ရေချိုးချင်ပြီ .."

တကယ်က နားထောင်နိုင်စွမ်း မရှိတော့တာ ဖြစ်သည်။

ကိုယ်တိုင် ကတိပေးခဲ့သည် ..၊ ဒီပါးစပ်ကြီးနဲ့ပဲ ပေါ်တင် ဖျက်ခဲ့ရသည် ..၊ ဒါ မကောင်းမှုပဲဆိုတာ သိပေမယ့် ပြောလည်း ပြောဖြစ်ခဲ့သည့်တိုင် နှစ်ခါ သုံးခါဆိုရင်တော့ ...

"သွားတော့ .. သွားတော့ .."

သူမကိုလည်း နင်ကာ ရေချိုးခန်းဘက် ပြန်လှည့်လိုက်မိ၏။

"ထုံး .."

"ဘာလဲဟာ .. မပြီးသေးဘူးလား .."

သူမကို လှည့်ရင်ဆိုင်ပေမယ့် မျက်လုံးချင်းကတော့ ဆုံမိလိုက် ... ဆုံမိလိုက် ..၊



www.burmeseclassic.com

www.burmeseclassic.com



"နင် တကယ် မိန်းမယူသွားမယ် ဆိုရင်လည်း အဲ့ဒီအချိန်ထိ..

သူမ ငိုသံလေးနှင့် နှုတ်ခမ်းသားလေးတွေ နီရဲ တုန်ယင်နေကာ...

"ဒါမှမဟုတ် ငါ့ကို နင် ဘယ်တော့မှကို မချစ်တော့ပါဘူးဆိုတာ သေချာတဲ့အထိလေ .."

ခုတော့ မသေချာသေးလို့ မျှော်လင့်နေဦးမယ့်သဘောလား ..၊

"ငါ နင်နဲ့ နေမယ် .. နေရမယ်မို့လား ဟင် .. နင် ငါ့ကို ကျွေး မထားနိုင်ရင်လည်း ငါ့ကို ပြန်ဆပ်မယ်ဆိုတဲ့ ပိုက်ဆံတွေကို ချွေတာ စားပြီးတော့ .. ငါ .."

"အဲဒါတွေ မလိုပါဘူး .. အခု နင် လိုက်လာတာ ဘယ်လိုမှကို မသင့်တော်လို့ ပြောနေတာ .."

"ရွာမှာ ငါတို့နှစ်ယောက် ဘယ်သူ့အိမ်မှာဖြစ်ဖြစ် နေကြတာပဲ ကိုယ့်အိမ်ကိုတောင် မေ့နေခဲ့ကြတာ .."

"အဲ့ဒါ ကလေးတုန်းကလေ .."

"ကလေး မဟုတ်ကြတော့ပါဘူး ထုံး ရယ် .. ဒါပေမယ့် ငါ မောင်နှမတွေလို အရမ်းချစ်ခဲ့ကြတာ .."

"နင်ကပဲ စပြီး ငါနဲ့ ယူမှာ .. ငါက နင့်ကိုပဲ ယူမှာနဲ့ စဖော ပြန်တာလေ .. အဲဒီစကားတွေကစပြီး နင်နဲ့ ငါ အရင်လို မဟုတ် တော့တာ .."

"ထုံး ရယ် .."

"ငါ နင့်ဆီက ငွေယူပြီး ထွက်ပြေးချင်တဲ့အထိ စိတ်ကူးတွေ လာတာလည်း အဲဒီ လူပြောသူပြောတွေကြောင့်ပဲ .. နင့်ကိုလ အဲ့ဒါတွေ မပြောပါနဲ့ တားတာ ရလို့လား ..၊ မိန်းကလေးဖြစ်ပြီး ကစပြီး ချစ်တာတွေ ပြောရတာ ပျော်စရာ ကောင်းနေလို့လား ..

"ထုံး ရယ် .. နင့်ကို သူများတွေက ချောတယ် .. ကြိုက်တယ် ဖြစ်လာတော့ ငါက နင်နဲ့ အရင်းနှီးဆုံးနေတဲ့သူပဲ .. သူတို့နဲ့ ပြ





"အနိုင်လုပြောရင်း အဲ့ဒါတွေ ပြောခဲ့တာပါ .."

"ဒါဖြင့် စိတ်ထဲက ပါလို့ မဟုတ်ဘူးပေါ့ .. ဒါဆို ပြီးတာပဲ ..၊ အခု .."

"အခုက တကယ် ချစ်တာ .."

"ဘာ!..."

"နင်ကပဲ ငါတို့ လက်ထပ်လို့ရအောင် အလုပ်လုပ်ရမယ်လို့ စ ပြောခဲ့တာ .."

"အဲ့ဒါ ခု ပြောပြပြီးပြီလေ .. ရွာက ထွက်သွားဖြစ်ရင် ပြီးရောဆိုပြီး ပြောခဲ့တာ .. နင် လျှောက်ဖွလို့ လူတိုင်း ပြောနေကြကာမှ မထူးတော့ ဘူးဆိုပြီး .. ဟာကွာ .. ကျွတ်!... အဲ့ဒါက စပြီး မှားခဲ့တာပဲ .."

ကိုယ့်ဘာသာ ပြောနေရင်း စကားထဲက တရားပါလာသည်။ ဆက်ထုံး မျက်နှာ ရှုံ့မဲ့သွား၏။

"ဟုတ်တယ် .. ဒါပေမယ့် နင် မှားတာ မဟုတ်ပါဘူး .. ငါ းသွားတာပါ .. နင်ကလည်း ငါ့ကို ချစ်နေတာပဲလို့ ထင်ပြီး လူပျိုများ းက ပြောမိတာတွေကို ရင်ထဲ ထည့်ခဲ့မိတာ .. ဒါပေမယ့်ဟာ .. နင့်ကို .."

"မေ့လိုက်တော့ ပေဖူး .."

"ဟင်!..."

သူ ပေဖူး ရဲ့မျက်နှာလေးကို ပိုနီးအောင် တိုးကာ ...

"နင့်ဘဝလည်း သူညာ .. ငါ့မှာလည်း ခြေသလုံး အိမ်တိုင် .. နဲ့ ငါ ဘယ်လိုပေါင်းမလဲ .. နှုတ်ခမ်းပဲ့ချင်း မီးမှုတ်တာမျိုး .. ရှုတာတွေ ထောင်းထောင်းထသွားမယ် .. မီးတောက်လာမှာ တ်ဘူး .."

"အဲ့ဒါတွေက .."

"ရေးစာဆို ရှိခဲ့တာတွေက လက်တွေ့ထဲကနေ ရှိခဲ့တာ ပေဖူး..



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီတော့ ငါက 'လူနေ ချုံကြား စိတ်နေ ဘုံဖျား'ဆိုတဲ့ ကောင်မျိုး ...၊ ဆင်းရဲခြင်းကို ထာဝရ ဖက်တွယ်သွားဖို့ လုံးဝ စိတ်ကူးမရှိဘူး .."

"ငါက သူဌေးသမီးဆိုရင်တော့ နင် ချစ်ရင် ချစ်မှာပေါ့ .. ဟုတ်လား .."

"မသိဘူး .."

တမင်တကာ တွန့်ကုတ်ထားသည့် မျက်ခုံးထူထူတွေကို ပေဖူးက ငေးကြည့်နေလျက် ...

"နင့်ကို ညာရက်တယ်လို့ ငါ ဘယ်တော့မှ မပြောဘူး ထုံး .. ဘာဖြစ်လို့လဲဆိုတော့ ငါမှ စိတ်ဆိုးလို့ မရတာ .."

အပြောနဲ့ လက်တွေ့ ညီစေချင်တာလား .. တကယ် စိတ်ပိုင်းဖြတ်လိုက်နိုင်တာလားတော့ မသိ ...၊

သူမ မျက်ရည်တွေကို လက်နှစ်ဖက်စလုံးနဲ့ ဘယ်ရောညာရော ပွတ်ဆွဲသုတ်လိုက်ပြီး မျက်နှာလေး မော့၏။

"ငါတို့ အဲ့ဒါကို မပြောတော့ဘူးလေ .. နင်လည်း ငါ့ကို အတူနေခွင့်တော့ ပေးမယ် မို့လား .."

"အဲ့ဒီတော့ ဘာဖြစ်လဲ .."

"ဒီမှာ .. နင်က ကပ်နေရတာဆိုရင် နောက်ထပ် ငါက ထပ်နေ မကောင်းတော့ဘူးလေ .. ငါတို့ အဆောင်တစ်ခုခုမှာ .."

"ဟား!... ပြောနေရင်း နင် ပေးပြန်ပြီ .."

"ဘာဖြစ်လို့လဲ .."

"နင်နဲ့ ငါ နှစ်ယောက်တည်း အဆောင်မှာနေရင် လူတွေ ဘာလို ထင်မလဲ .."

"ငါတို့မောင်နှမလို့ ပြောထားရင် ရတာပဲ .."

"ညာတယ်ဆိုတာ ဖြောင်ဖြောင်ညာတာနဲ့ လျှို့ဝှက်ကြီးစွာ ညာတာ နှစ်မျိုးရှိတယ် .. အဲ့ဒါမျိုးက ဘယ်လိုညာခြင်း အမျိုးအစား





တော့ မသိဘူး .. ဒါပေမယ့် ငါ ဒါမျိုး ညာဖို့ထိတော့ သတ္တိမရှိဘူး ပေဖူး.. ပြီးတော့ ငါက ယောကျ်ားလေး .. နင်နဲ့ ငါ ဘယ်သူ ပိုနစ်နာမလဲ .."

ပေဖူး မျက်နှာလေး ငိုင်ကျသွားသည်။

"ဒီမှာ နင့်ပါးစပ်လေး ပိတ်ပြီး အေးဆေးနေပေးရင် ရပြီ .. ဘယ်မှ သွားနေဖို့ မလိုဘူး .. အားနာစရာလည်း မလိုဘူး .. လိုအပ်လာလည်း ငါပဲ အားနာမယ် .. နင် နေသာသလို နေလိုက် .."

နေသာသလို ဘယ်လိုနေရမလဲ ...၊

လောလောဆယ်မှာတော့ မနေသာပေမယ့်လည်း သူမ ဒီတိုင်းပဲ နေရလေသည်။

ရေချိုးခန်းတံခါးကို ပိတ်လိုက်တာ ဂျိမ်းခနဲ ...၊



www.burmeseclassic.com

## အခန်း (၁၈)

"ဟာ!... မွှေးလိုက်တာကွာ .. ဘယ်ကလဲ .."

"အနံ့ .. ဒီအနံ့ .. ငါတို့ အိမ်ထဲက .."

အပြင်က မေးသံတွေ အနံ့ခံပြီး ခန့်မှန်းနေတာတွေကို ကြားကာ ပေဖူး ပြုံးလိုက်မိသည်။

ဒီမီးဖိုချောင်ကို လိုက်ပြတုန်းက ညီအစ်ကိုနှစ်ယောက် ပြောသွားခဲ့တာ တစ်မျိုး ..၊

"အဲ့ဒီမှာ အိုးခွက်ပန်းကန် မီးဖိုကအစ အားလုံး ရှိတယ် .. ဒါပေမယ့် ဖုန်တော့ တက်နေလိမ့်မယ် .. ငါတို့က ချက်မှ မစားတာ .. တို့ ညီအစ်ကိုက အိမ်မှာ လမ်းကြုံတယ် .. အဘွားအိမ်မှာလည်း ကြုံတယ် .. မကြုံလည်း ကြုံအောင် လှည့်ဝင်တာဆိုတော့ ဒီမှာ ချက်ဖို့မှ မလိုဘဲ .."

"ဟုတ်တယ် .. အပြင်မှာ စားဖြစ်တယ်လည်း သိပ်မရှိဘူးဟ .. ဆက်ထုံး က ပိုဆိုးတာပေါ့ .. ညမှုညတာ ဗိုက်ဆာရင်တောင် ဆာတယ်ပဲ ထိုင်ညည်းနေတာ .. မနေနိုင်တဲ့လူက ခေါက်ဆွဲလေး ဘာလေး ထပြုတ်ပေးမှလေ .."





"နင်ကတော့ သွားလာနေရမယ့်လူမှ မဟုတ်တာ ချက်ရမှာပေါ့ .. ... ယောက်စာပဲ ချက် .. ငါတို့ သုံးယောက်က အိမ်ကပ်မယ့်လူတွေ ...တ်ဘူး" တဲ့ ..။

သူတို့ ပြောခဲ့တာတွေကို ပြန်တွေးရင်း ပြုံးနေမိဆဲ ..၊

"ပေဖူး ဘာတွေ ချက်နေတာလဲ .."

"မွှေးနေတာပဲ .. စားသောက်လာခဲ့တာတွေတောင် ဘယ်ရောက် ...ပြီလဲ မသိဘူး .."

မီးဖိုခန်းထဲကို အလျှိုအလျှို ဝင်လာကြကာ နှာခေါင်းတွေ ရှုံ့မှုပ်နှင့် ...အိုးဒန်ခွက်တွေနား ကပ်၏။

"မနက်က ထုံး အပြင်မထွက်ခင် ဟိုဘက်လမ်းအခြမ်းက မီနီ ...ကက်လေးကို ပြခဲ့တာလေ .. အဲ့ဒီမှာ အလွယ်ရတာလေးပဲ ဝယ်ခဲ့ ...ယ် .. ပုစွန်ရယ် .. မှိုရယ် .. ကန်စွန်းရွက်လေးရယ် .. ပြီးတော့.."

"အေးပါ .. အဲ့ဒါကို ဘယ်လို ချက်လိုက်တာလဲ .."

"ရေတ်သီးစိမ်းနည်းနည်းနဲ့ ပုစွန်ကို အချိုမပျောက်အောင် ချက် ...တယ် .."

"ဟုတ်လား .. ပုစွန်နံ့က မွှေးလှချေလားဟ .."

"နံ့နံ့ပင်အုပ်ရင် ထုံး က မကြိုက်လို့ ပင်စိမ်းလေး တစ်ရွက် နှစ် ...ခတ်ထားလို့ပါ .."

'ထုံး က မကြိုက်လို့' ဆိုတော့ ခနု က နှာခေါင်းရှုံ့၏။

"ပြီးတော့ အစပ်ပြေအောင်လို့ မှိုနဲ့ ကန်စွန်းရွက်လေးကို အချို့ ...ထားတာ .."

"ကြော်တာ မဟုတ်ဘူးလား .."

"ရေတ်သီးစိမ်းက စပ်မှာလေ ခနု ရဲ့ .. စပ်ပြီဆိုရင် ထုံး က ...သောက်ပါဆိုလည်း မကြိုက်ဘူး .. အဲ့ဒါနဲ့ သူ့ကို ဟင်းချိုတွေ ...င်းတိုက်ရင်းနဲ့ သူလည်း ဟင်းချို ကြိုက်နေတာ .."



www.burmeseclassic.com

www.burmeseclassic.com



ပါလာပြန်ပြီ ထုံး ...၊

မနု က နှုတ်ခမ်းပါ မဲ့လျှင် ရာဇ က ရယ်နေ၏။ ပြီးတော့ ပုစွန်ဟင်းကို ဖွင့်ကြည့်ပြီး ပြန်ချလိုက်ကာ ...

"ကိုယ့်အတွက် ကိုယ် ချက်တာပဲဟာ .. ထုံး ကြိုက်ကြိုက် မကြိုက် ကြိုက်ပေါ့ ... သူ စားမှာလည်း မဟုတ်ဘဲနဲ့ .."

မနု ပြောချင်သည့်စကားကို သူပဲ ပြောပေးလိုက်၏။

"ကိုယ့်အတွက် ချက်တာပေမယ့် အားလုံးစာ မှန်းပြီး ပိုချက်ထား တာပါ ...၊ အပြင်မှာပဲ စားကြတာမို့လို့ တမင်ကို ပိုချက်လိုက်တာ အချိန်မတော် ဆာတဲ့အခါ မရှိရင် ပိုပြီး ရင်ပူတယ် .."

"အေး .. ဒါတော့ ဟုတ်တယ် .. တစ်ခါတစ်ခါ ညဥ့်နက်မှ ယောက်စလုံး တက်ညီလက်ညီ ဆာကြတာလေ .. ကားရှိရင် ပြဿ မရှိဘူး .. ကားမရှိတဲ့အခါ ထွက်လို့လည်း မလွယ် .. ဆာကလ ဆာနဲ့ .. တကယ် လူသတ်ချင်စိတ် ပေါက်လာတာ .."

"ငါကတော့ ညဥ့်မနက်ပေမယ့် ခုတည်းက ဆာနေပြီ .. နင် မစားသေးဘူးလား .."

"ဟော့ကောင် .. မိုးချုပ်ခါနီးကမှ စားခဲ့တာ .."

"အခု မိုးချုပ်နေပြီ .."

"ရပါတယ် စားလေ .. စားပွဲမှာ သွားထိုင်နေ သွား .. ငါ ခူး မယ် .."

ရင်းနှီးသွားတော့ နင်တွေ ငါတွေနဲ့ပဲ ဖြစ်သွားခဲ့ကာ ငယ် ကြီးဖော်တွေလို ပွင့်လင်းနေကြ၏။

"ဒါဆိုရင်တော့ ငါလည်း စားမှာပေါ့ .. ဘယ်လိုလဲ .. အမြည်း သာပါ .. ဟဲ .. ဟဲ .."

ရာဇ က အကျီလက်စတွေ ဆွဲတင်ကာ လက်က ဇွန်း ခက် တွေဆီ လှမ်းပြီး ဖြစ်နေ၏။





ထမင်းဝိုင်းမှာ နှစ်ယောက်တည်းနှင့် စိုပြည်နေကာ ပေဖူး ဘိုပါ တင်းစားခိုင်းနေသေးသည်။

"မဆာသေးလို့ပါ .. ရေလည်း ချိုးချင်သေးတယ် .. ဒါနဲ့ ဒီမှာ လွယ်ရဲ့လား ဟင် .."

"လွယ်တယ် .. ညဘက် ရေလာတဲ့အချိန် တစ်နာရီလောက်တော့ တွေ့ရောက်တာပေါ့ .. ရေတင်ပြီးရင် လုံးဝ အေးဆေး .."

"ပေဖူး .. နင် မဆာသေးတာ ဟုတ်ရဲ့လား .. ဆက်ထုံး ကို တိတ်မျှော်လင့်မနေနဲ့နော် .. ဒီကောင်က စောစော ပြန်လာတဲ့ညဆိုတာ မရှိဘူး .."

"သူ အရက်တွေ ဘာတွေတော့ မသောက်ဘူးမို့လား ဟင် .."

"ဟာ .. အဲ့ဒါတော့ လုံးဝ ကင်းတယ် .. ဒီကောင်က တချို့ လေမှာ ထူးဆန်းတယ်ဟ .. သူ့ပါးစပ်က အကြားမတော် ဖြစ် သောက်အောင် ပြောနေတတ်တယ် .. ရင်ထဲမှာကျတော့ တစ်မျိုး .."

ထမင်းတစ်ဇွန်းထည့်လိုက် .. ဝါးလိုက် .. ပါးစောင်မှာ ကပ်ထား ကိုက်နှင့် စကားလည်း ပြောနိုင်သေးသည်။

ညီအစ်ကိုနှစ်ယောက်စလုံး ခင်ဖို့ကောင်းကြတာကို ပေဖူး ဝမ်းသာ သည်။

"ဘယ်လိုပြောရမလဲ .. ဥပမာဟာ ချမ်းသာမှ ဖြစ်မယ် .. သူဌေး ဖြစ်အောင် သူဌေးသမီးကို ရမှ ဖြစ်မယ် ဘာညာ .."

"ပြောတဲ့အတိုင်း ဖြစ်အောင် လုပ်ခဲ့တာပဲ ရာဇ ရယ် .."

"အဲ့ဒါ နည်းနည်းတော့ လွဲနေတယ် နော် .."

"ဟင် .. ဘာလွဲတာလဲ .."

"အခု သူ လက်ထပ်မယ့် ထူးထူးမြတ် ဆိုတဲ့တစ်ယောက်က ချမ်း သာတယ် .. ဒါပေမယ့် သူ တမင်တကာ ကြံစည်တဲ့စိတ်ကူးနဲ့ ဒီလို ဖြစ်အောင် လုပ်နိုင်ခဲ့တာ မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ ကူညီခဲ့လို့လဲ .."

"ဘယ်သူမှ မကူညီဘူး .. ဒါပေမယ့် ထူး ကလည်း အရ
ပွင့်လင်းတယ်ဟာ .. ဒီကလည်း လိုအပ်နေတယ် .."

"ဟော့ကောင် .. တော်ပြီလေကွာ .. ပေဖူး မစားရသေးဘူး .."

"ဟမ်!... အေး .. ဟုတ်သား .."

ထမင်းအုပ်ကို လက်လှမ်းပြီးမှ ပြန်ချ၍ ရာဇ က ရယ်သည်။

"စကားပြောရင်းနဲ့ ဝင်လို့ ဝင်မှန်းမသိ ဖြစ်သွားတာ .."

"ဩော် စားပါ .. ထမင်းအိုးထဲမှာ ရှိသေးတဲ့ဟာ .."

"တွေ့လား .. အဟုတ်ကို ပိုချက်ထားတာ .. ပေဖူး နင် တေ
တယ် .."

ရာဇ က တကယ် ထပ်ထည့်ပြီး မ့လုံမလဲ ရယ်နေသည်။ ခ
က ထမင်းလက်စသတ်ပြီး ရေထည့်သောက်ရင်း ...

"တခြားယောက်ျားလေးတွေ ဗိုက်ရွဲလာရင် ဘီယာဗိုက် တဲ့
သူ့ဗိုက်ကိုတော့ ခေါင်းစဉ် တော်တော်ရှာရဦးမှာ .."

"ဒါက စင်းပဲလ်ဗိုက်လေးလေ .. သေရည်သောက်စား လုံးဝက
ပြီး ရိုးရိုးစင်းစင်းလေးနဲ့ မို့တက်နေတာ .."

"ဒီလောက် ဖောင်းနေတာက မို့တက်တာလား .."

"ခနဲ နော် .. ထမင်းစားပြီးစ ဘယ်သူမဆို ဗိုက်ပူတာပဲ .."

"မင်းက မပြီးသေးဘဲ ပူနေတာ .. အချိန်တိုင်း အဲဗားကို ပူတာ

လူက ထောင်ထောင်မောင်းမောင်းကြီးမို့ မသိသာပေမယ့် ရာ
က ဗိုက်ရွှဲချင်သည်။ ခပ်ဖိုင့်ဖိုင့်ကိုယ်ကလည်း အလှမပျက် ဝတေ
ဆိုရုံ ...၊

"မင်း ဘာပြောပြော လာမယ့် ဆန်းဒေးမှာ ကောင်မလေးက
ကို အဖြေပေးတော့မှာ .."

"ဟုတ်တယ် .. အဲ့ဒီကောင်မလေးကို ဟိုလတုန်းက မျက်မှန်ဆိ





မှာ ငါ တွေ့တယ် .. မင်းကို မီးစိမ်းပြထားတဲ့ ကောင်မလေးဆိုပြီး ငါ
ကဲခတ်လိုက်တာ .."

မနု က ခပ်တည်တည် မျက်နှာနှင့် တကယ်ပဲ ပြောနေသလိုလို...၊

"ဆက်ပြောလေကွာ .."

ရာဇ ခမျာလည်း အဟုတ်ကြီး ရင်ခုန်နေရှာ၏။

"မျက်မှန် ပါဝါတိုးစရာ မရှိတော့လို့တဲ့ .. သူ့မျက်လုံးက အဝေး
ပဲ .. ဒါပေမယ့် အနီးဆို မမြင်ဘူး .."

ရာဇ နှုတ်ခမ်း မဲ့ခနဲ ဖြစ်သွားကာ ...

"ကိုယ့်ရဲ့ မရီးလောင်းပဲကွာ .. အဲ့ဒါတောင် တုတ်လေးဘာလေး
မပေးခဲ့ဘူးလား အဆင်ပြေအောင် .."

"ပေးတာပေါ့ .. ဒါပေမယ့် သူက တုတ်လှမ်းဆွဲဖို့လည်း မမြင်
း .."

"သူတောင်းစား .."

ဒေါသထွက်သွားသည့် မျက်နှာကြီးက ပေဖူး တအားရယ်နေတာ
င်တော့ အရှိန်ပြန်ကျ၏။ ထိုအခါကျမှ မနု က တခွိခွိ ရယ်ကာ ...

"စား .. စား .. ငါ ပြောနေလို့ ထမင်းလုတ် ပြုတ်ကျရင် ငါ
ကြီးလိမ့်မယ် .."

"ကြီးနေပြီ .. အစီစိမှာလည်း ချိုးကပ်ဦးမှာ .. လာမယ့်နှစ်
ကြိန်စာမှာတောင် မင်းအတွက် ကြိုတင်ဟောကိန်း ပါလာဦးမှာ
ည့်နေ .."

"ကဲပါ.. တော်ကြပါတော့ .. ငါက စကားပြောစရာ ရှိလို့ ..
မချိုးသေးဘဲ ထိုင်နေတာ .."

ဒါတောင် မနု က စမ်ဖြဲဖြဲမျက်နှာကြီးကို အရှိန်တော်တော်သပ်
ပုံ ရှိကာ ...

"ဘာလဲ ပြော .."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဟာ .. ငါလည်း အိမ်မှာ တစ်နေကုန် ကျန်ခဲ့ရတာ .. နင်တ ကို ဘာမှလည်း မကူညီနိုင်ဘူး .. ကိုယ့်ဘာသာ အကျိုးရှိတာ လုပ် လားဆိုတော့လည်း ဘာအလုပ်မှ မရှိဘူး .."

"ဒီတော့ အလုပ်လုပ်ချင်တယ် .. ဒါပဲမှလား .."

"ဟုတ်တယ် .. ငါ့ပညာအရည်အချင်းနဲ့ ဘာအလုပ်မှလည် ဝင်တိုးဖို့ မဖြစ်နိုင်တော့ ငါ ရောက်တဲ့ညက ထုံး ပြောသလို ဒီနားဂ စားသောက်ဆိုင်မှာပဲ .."

"ဟာ!... ဟာ .. အဲ့ဒါတော့ မလုပ်နဲ့ .. ဒီကောင် ပြောတိုင် အဟုတ် မမှတ်နဲ့နော် .."

"ဟုတ်တယ် ပေဖူး .. ဆက်ထုံး က စိတ်ထဲရှိတိုင်းလည်း ထု ပြောနေတတ်တာ မဟုတ်ဘူး .. ပြောတိုင်းလည်း စိတ်ထဲကစကား ယုံလို့ မရဘူး .. မနေ့က နင့်ကို ဂတ်စ်မီးဖိုသုံးနည်း သင်ပေးနေတ တောင် ငါတို့ကို ဘာပြောသွားတယ် မှတ်လို့လဲ .."

ညီအစ်ကိုနှစ်ယောက်စလုံး ခေါင်းတခါခါ ငြင်းဆန်လျက် ..

"အိမ်မှာ တစ်ယောက်တည်း ကျန်ခဲ့မယ့်လူကို ဒါကြီးနဲ့ ဒု ရောက်အောင် လုပ်နေတာလား တဲ့ .."

"ဟုတ်ပ .. အိမ်ထမင်း အိမ်ဟင်း စားချင်နေပြီဆိုရင်လည်း မိန်း ယူကြပါလား တဲ့ .."

"အယ်!..."

"ဟုတ်တယ် .. ဒီတိုင်း ပြောတာ .."

"အဲ့ဒီကောင် တကယ်ကို ပြောမကောင်း ဆိုမကောင်းရယ် ပါရမီထူးလေးကတော့ ရှိပါ့ဗျား .. တတိုင်းရ ကြံတိုင်းအောင်ပဲ .."

ခနေ တို့က ဆက်ထုံး ကို ချစ်လည်း ချစ်ကြပုံပါ ..၊ ပြောဟ ဆဲဟယ်နှင့် ဘယ်တော့မှလည်း နာကျင်တဲ့စကား မပြောကြပေ ပြီးတော့ ရာဇ က ပြောသေးသည်။





"မိန်းကလေးတွေ မပြောနဲ့ ငါတို့ယောကျ်ားချင်းတောင်မှ ဒီကောင်နဲ့ ခင်ခင်မင်မင် ဖြစ်ကြပြီဆိုတည်းက သူ့နောက်ပဲ တတန်းတန်း ပါနေတော့တာ .. သူ့မှာ ဘာမှ မပြည့်စုံဘူးဆိုပေမယ့် သူ သွားလေရာ အရိပ်လုပ် အမိုးကာပေးမယ့်သူ ရှိတယ် ..၊ သူများတွေအတွက် လိုချင်လွန်းရင် မရဘူးတဲ့ ..၊ သူကတော့ လိုချင်စိတ်လေး ဝိစိကွေးလောက်ပဲ ဝင်လိုက် .. မကြာခင် ရတာပဲ .."

"လိုချင်ရင် ထိုင်ညည်းနေတယ် မကြိုးစားဘူး .. ဒါပေမယ့် သူ့ ရှေ့ ရောက်လာတာပဲ .. ဒြပ်ရှိဒြပ်မဲ့ ဘာဖြစ်ဖြစ် .."

"ဟုတ်တယ် ခနေ ရဲ့ .. သူ့ကိုယ်သူတော့ ကံက ကောင်းနေတာပဲ လို့ အဘိုးငွေ ခဏ ခဏ ညည်းတယ် .. အိမ်မှာ စီးပွားပျက်သွားတာ သပ်သပ် .. သူ့အတွက်ဆို အားလုံး ဖြည့်ဆည်းပေးနေရတာပဲ တဲ့ .."

"နင်ရော ပါသေးလား .."

"ပါတာပေါ့ .. ဒါပေမယ့် .."

ပြောချင်ပေမယ့် စကားထဲက အမှားပါသွားမှာစိုးသဖြင့် ပေဖူး ဘရိတ်ပြန်အုပ်သည်။

"ဒါနဲ့ ပြောစရာ ရှိသေးတယ် သီလား.. နေဦး .. ပန်းကန် အရင် ဆေးလိုက်ဦးမယ် .."

"ဟာ .. အရင် ပြောစမ်းပါ .. ဒါတွေ ဘယ်အချိန် ဆေးဆေး.."

ပေဖူး က ထမလို့ ပြင်ပြီးမှ ပြန်ထိုင်သည်။ ဒါပေမယ့် လက်က အငြိမ်မနေဘဲ ပန်းကန်တွေကို တစ်ခုပြီးတစ်ခု ထပ် .. ငှယ် သိမ်းနေရင်း ...

"ငါ့မှာ ရွှေတိုရွှေစလေးတွေ ပါသေးတယ် .. အဲ့ဒါလေးတွေ .."

"ဘာလဲ .. ရောင်းခိုင်းမလို့လား .. မလုပ်နဲ့နော် .."

"မဟုတ်ပါဘူး .. ငါ့လက်ဝတ်လက်စားလေးနဲ့ မိဘပစ္စည်း လက်ကျန်လေးတွေပါ .. ငါ ဘာမှလည်း ဝတ်မထားချင်ဘူး .. ငါ့တာငါ



www.burmeseclassic.com

www.burmeseclassic.com



လည်း မသိမ်းချင်လို့ပါ .. အဲ့ဒါလေးတွေ ယူထားပေးပါလား ဟင်.."

ရာဇ က ရေသောက်နေပြီးမှ ဖန်ခွက်ကို ပြန်ချကာ ...

"အဲ့ဒါတွေ ဒီကောင်က ဝါသနာပါတယ် .. သူ့ကို မေး .."

ခနု ကို တာဝန်ပေး၏။ ခနု ကလည်း ခေါင်းညိတ်ကာ ...

"ပေးလေ .. ငါ့မှာ အပေါ်စား မီးခံသေတ္တာလေးတော့ ရှိတယ်.. မီးခံ မခံတော့ မသိဘူး .. ကီးကတော့ စိတ်ချရတယ် .."

"ရတယ် .. ယူထားပေးမယ်ဆို ပြီးရော .. ခဏလေး နော် .. ခု သွားယူပေးမယ် .."

"ကဲပါဟာ .. နောက်မှ ပေးလည်း ရတယ် .. ခု ပေးမယ်ဆိုလည်း အဲ့ဒါတွေ ထားခဲ့စမ်းပါ .. စကားထိုင်ပြောနေတော့လည်း လက်က အငြိမ်မနေဘူး .. ခု ပန်းကန် ထဆေးနေတယ် .. စကားပြောရတာ အရသာ မရှိလိုက်တာ .."

"ပြီးပါပြီ .. ခဏလေးပဲ .. ပန်းကန်တွေ ပိုးလိုးပက်လက် ဖြစ်နေမှာ စိုးလို့ .."

အလုပ်လုပ်နေတာ လေတိုက်သွားသလိုပင် ..၊

အားလုံး ပြီးစီးပြီး သူတို့ရှေ့ကို ပြန်ရောက်လာတော့ လက်ထဲမှာ ကတ္တီပါရှုံ့အိတ်လေးတစ်လုံး ပါလာ၏။ ပြီးတော့ စားပွဲပေါ် အသာလေး သွန်ချလိုက်ကာ ...

"ဒီမှာ .."

"အံမယ် .. အိတ်လေးက သေးသေးနဲ့ .. ထွက်လာတော့ မနည်းပါလား .."

"ပြောတော့ ရွှေတိုရွှေစ တဲ့ .."

"အဲ့ဒါတွေက ငါ့အမေဘက်က အမွေပါဟာ .. အမေက မိဘသဘောမတူတဲ့ အဖေ့ကို ယူပြီး ဆင်းဆင်းရဲရဲနဲ့ပဲ ဆုံးသွားခဲ့ရှာတာ.. ဒါတွေကို အဘွား ဆုံးသွားမှ ရွာလူကြီးတွေနဲ့ ရှေ့နေတစ်ယောက်နဲ့





ငါ့ကို လာပေးတာ .."

"လက်ကောက် ငါးကွင်းရယ် .. ဆွဲကြိုးရှည် တစ်ကုံးရယ် .. ဒါက ဘာလဲ ဘယက်လား .."

"မဟုတ်ဘူး .. အဲ့ဒါကို လည်တုံလို့ ခေါ်တယ် .. လည်ပင်းမှာ ကပ်ဆွဲလိုက်ရင် တုန်နေလို့လေ .. ငါ ဆွဲပြရမလား .."

"နေ .. နေ .. စိန်တွေတော့ မဟုတ်ပါဘူး နော် .."

"ဟုတ်တယ် .. အဲ့ဒါ သေချာကြည့်ဦး ရာဇ .. ငါက ပတ္တမြား အကြောင်းသာ နည်းနည်းပါးပါး သိ .. ဟင်!..."

ပြောနေတုန်း ခနု မျက်လုံးပြူးသွားကာ လက်စွပ်ယောက်ျားကွင်း ကြီးတစ်ကွင်းကို မြင်လိုက်သဖြင့် ဖျတ်ခနဲ ယူကြည့်လိုက်သည်။

"ရာဇ .. ပေဖူး .."

"ဟင် .."

"ဘာလဲကွ .."

"ဒါ လုံးချောကြီးပဲကွ .. နည်းတာကြီး မဟုတ်ဘူး .."

"ဘာလဲ .."

"ဒီလက်စွပ်ထဲက ပတ္တမြား .."

ပေဖူး က လက်စွပ်ကို ကြည့်၍ ခေါင်းညိတ်ကာ ...

"ငါလည်း အဲ့ဒါ ဘယ်လောက်တန်သလဲ မသိပါဘူး .. ဒါပေမယ့် ရှေ့နေကတော့ ပြောသွားတယ် .. ဒီလက်စွပ်ကတော့ တန်ဖိုး အကြီးဆုံး ဖြစ်မယ်တဲ့ .. သူက ပစ္စည်းစာရင်းနဲ့ပဲ လာအပ်သွားတာ ဆို .. သေးသေးမွှားမွှား စိစစ်ပြီး ပြောထားခဲ့တာ မဟုတ်ဘူး .."

"အေး .. ငါလည်း တန်ဖိုးတော့ မဖြတ်နိုင်ပါဘူး .. ဒါပေမယ့် ဒန့်တာတော့ အမှန်ပဲ .. နင် ဒါကြီးကို သေချာ သိမ်းရမှာ နော် .. ခု ငါတို့ကို ချပေးသလို လူတိုင်းကို ယုံယုံကြည်ကြည် ချမပေးလိုက်နဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"မပေးပါဘူး .."

ဒီစကားကို ပေဖူး လက်လွတ်စပယ် ပြောလိုက်တာ မဟုတ်ပါ..၊ ဆုံစည်းခဲ့ကြတဲ့ ပဋ္ဌာန်းဆက်တွေပဲ နှီးစပ်ကြတာလား မသိပေမယ့် ကြီးကြီးလက်ထဲကိုတောင် သူမ ဒီပစ္စည်းတွေကို အထုပ်လိုက် ထိုးအပ်ခဲ့တာ မဟုတ် ..။

ဒါ ကြီးကြီး ပြောသလို အဖေဘက်က တော်စပ်တဲ့အဒေါ်မို့ စိမ်းသက်တာ ဟုတ်သလား မဟုတ်ဘူးလားလည်း မသိပေ ..၊

ပစ္စည်းအကြောင်း .. ငွေအကြောင်းတွေချည်း ပြောနေတတ်ကာ သူ့ကို မအပ်နှံလို့ ဒေါသတွေ ထွက်နေတာ မြင်လေ ပေးချင်သည့် စိတ်ကူးတို့က ပျောက်ကွယ်လေ ..၊

သူမရယ် .. ဆက်ထုံး ရယ် .. ရာဇ တို့ ညီအစ်ကိုရယ်က ဘယ်လို ရေစက်တွေနဲ့ ဆုံစည်းခဲ့လို့လဲ ..၊





အခန်း (၁၉)

"ထုံး .."

လက်ဖက်သုပ်ပန်းကန်လေးနဲ့ ထွက်လာတော့ ဆက်ထုံး က လက်ကာပြကာ ...

"မင်းကို ချစ်လို့ ပြောနေတာပေါ့ ထူး ရာ .. ခရီး ခဏခဏ သွက်နေတာ လေယာဉ်နဲ့ဆိုလည်း ဟုတ်သေးတယ် .."

"... ... ... ..."

"ပြီးရောလေ .."

"... ... ... ..."

"ကိုယ်လား .. ကိုယ်က ဘာမှ ပြောင်းလဲဖို့ မရှိဘူး .."

"... ... ... ..."

"အဟွန်း .. စိတ်မချရင် ကိုယ့်နားမှာပဲ လာနေလေ .."

"... ... ... ..."

"စွေ့စပ်တာတွေ .. ကြောင်းလမ်းတာတွေ ဝါသနာ မပါဘူး .. သက်ထပ်ကြဖို့ပဲ လိုတာ .."

"... ... ... ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ .. ကိုယ်ပဲ လိုတာ .. မင်းမှာ ဘာလိုအပ်ချက်မှ မရှိပါဘူး .."

"... ... ... ..."

"ဩော် .. ကဲ .. ငေါ့စရာလား .."

မတ်တတ်လေး ရပ်ငေးနေရင်း ကြာတော့မှ သတိဝင်လာကာ သူ့ရှေ့မှာပဲ ပန်းကန်ကို ချထားလိုက်ပြီး ပြန်မတ်လိုက်လျှင် ဆက်ထုံးက လက်ကို ဖမ်းဆွဲထားပြီး ...

"ဒါပဲ .. အင်း .. ဗွတ်ဒ် နိုက် .."

ဖုန်းပြောနေရင်း လက်ကို ဆွဲထားလျက် ရယ်နေသေးသည်။ နောက်ထပ်၍ 'ဗွတ်ဒ်နိုက်' လုပ်ပြီးမှ ဖုန်းကို ဘေးမှာ ချထားလိုက်၏။

"ပြောစရာ ရှိလို့ .."

"ငါ့ကိုသား .."

"နင့်ကို ပြောမှာမို့လို့ နင့်လက်ကို ဆွဲထားတာပေါ့ .. ထိုင်စမ်းပါ"

ဒီနေ့ည ကိုးနာရီခွဲတည်းက ပြန်ရောက်လာသဖြင့် သီချင်းရေးစရာလည်း ရှိသေးတယ်ဆိုလို့ လက်ဖက်ဝင်သုပ်နေတာပါ ...၊

အနားမှာ စာအုပ်နဲ့ ဘောလ်ပင်နဲ့ .. ပြီးတော့ ဂီတာ တစ်လက်ရယ် ...၊ ထိုအရာတွေကို ဘေးမှာထားကာ ဒီမှာ ထိုင်လိုက်တည်းက ပြောနေခဲ့တဲ့ ဖုန်း ...၊ မိနစ် လေးဆယ်လောက်တော့ ရှိနိုင်၏။

"နင့်ကို ငါ သော်ဇင် တို့ဆီက ခရီးဆောင်သေတ္တာ သွားယူမပေးတော့ အခု ဘာတွေ ဝတ်နေလဲ .."

"ဒီနားက လွယ်လွယ်ကူကူ ဝယ်လို့ရတဲ့ အင်္ကျီတွေ ဝယ်ဝတ်တာပေါ့ .."

ဝယ်ဝတ်တယ်ဆိုလို့ ကြည့်လိုက်တော့ ရယ်ရီမိတ်ဘလောက်စ် ပွပွကြီးတွေ .. ပြီးတော့ တစ်ခါမှ မဝတ်ခဲ့ဖူးတဲ့ စကက်အရှည် ဆွဲသားကပ်ကပ်လေး ...၊ အင်္ကျီကပွပွ .. စကက်က ကျပ်ကျပ်ကပ်ကပ်နှင့် ...





"ဘာပုံပေါက်နေလဲ .. ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်မိရဲ့လား .."

"ငါက ရပါတယ် .. နင်ပဲ လှနေဖို့ လိုတာ .."

"ဘာ!..."

"နင်က အဆိုတော်လေ .. လူရှေ့ ထွက်နေရတာ မဟုတ်ဘူးလား .."

စိတ်တိုသွားပေမယ့် ပေဖူး က စိတ်ဆတ်သူ မဟုတ်ပေ ..၊ ဒီလိုဆိုတာ ငေါ့တာတွေလည်း သိပ်မကျွမ်းကျင်တာကို သိနေသဖြင့် ...

"အပိုတွေ ပြောမနေနဲ့ .."

ခွင့်လွှတ်ထားလိုက်ရပေမယ့် မျက်နှာက မှုန်ကုတ်ကုတ် ဖြစ်သွားခဲ့လျက် ...

"ဆံပင်တွေ ဖြတ်ပစ်လိုက် .."

"ဖြတ်ပြီး ဘာလုပ်ရမှာလဲ..၊ ငါ့ဆံပင်တွေက အရောင်မရှိ အဆင်းမရှိ .. တိုတာ ပြတ်တာတွေနဲ့ ဒီ့ထက် တိုလိုက်ရင် ကတုံးတုံးရဖို့ပဲရှိတော့တယ် .."

"နင့်ကို ဘယ်သူက ကတုံးတုံးရအောင် လုပ်မှာလဲ ..၊ ငါနဲ့ ထူးနဲ့ လက်ထပ်ဖြစ်မလား မသိဘူး .."

"အစတည်းက လက်ထပ်ကြဖို့ပဲ မဟုတ်ဘူးလား .."

ပေဖူး အသံပြောင်းသွားတော့ ဆက်ထုံး က စိုက်ကြည့်သည်။ မျက်ခမ်းစပ်လေးတွေ ချက်ချင်း ရဲတက်လာတာ မီးရောင်အောက်မှာ ထင်ရှားစွာ မြင်နေရလျှင် ...

"ငါတို့တွေ သူငယ်ချင်းလိုပဲ နေလိုက်ရအောင် ပေဖူး .. နင် ဘာတ်အောင် ကြိုးစားပါ .."

ပေဖူး မျက်နှာလေး ငုံ့သွားသည်။ သေချာပါသည် ..၊ သူမ ငိုပြီ ထင်တာ ..။

"ပေဖူး .."



www.burmeseclassic.com

www.burmeseclassic.com



ဆက်ထုံး က ပေဖူး ရဲ့လက်မောင်းလေးကို ကိုင်လှုပ်ပြီး ခေါ်ကာ--

"နင့်ကို ကောင်းစားစေချင်တယ် .. အဲ့ဒါ စေတနာမှန်နဲ့ ပြောတာ ..၊ မျက်စိအောက်မှာ မရှိခင်တုန်းက ငါ့ရင်ထဲမှာ ဘာမှ မရှိပေမယ့် အခု နင် ငါ့ဆီကို ရောက်လာတော့ ဒီ့ထက် တိုးတက် ကောင်းစားအောင် ကြိုးစားပေးဖို့ ဆန္ဒတွေ ရင်ထဲကို ရောက်လာတယ် .."

"ငါ ယုံပါတယ် .. ဒါပေမယ့် နင့်ကိုယ်နင်ပဲ ကြိုးစားပါ ထုံးရယ် .. ငါက စိတ်ပဲ ချမ်းသာချင်တာ .."

"လူမချမ်းသာဘဲ စိတ်ချမ်းသာတယ်ဆိုတာ အလကားပြောတာ-ပြည့်စုံမှုမရှိဘဲ လိုအပ်ချက်တွေနဲ့ ပြည့်နှက်နေရင် အဲ့ဒီလူ ဘယ်လိုမှ စိတ်ချမ်းသာစွာ မနေနိုင်ဘူး .."

"ဟုတ်ပါတယ် .. အခု ငါ လက်တွေ့ မြင်နေရတာပဲဟာ .."

ပေဖူး က သူ့ကို စိုက်ကြည့်ပြီးပြောတော့ ဆက်ထုံး က ခေါင်းညိတ်သည်။ ပြီးတော့ သူမရဲ့ ပါးပြင်ပေါ်က မျက်ရည်တွေကို မလိုလားစွာ မျက်နှာလွှဲမိရင်း ...

"နင်လည်း ပထမလိုအပ်ချက်အဖြစ် ဒါကို မတောင့်တသေးလို့ပါ ..၊ နင် ချစ်တဲ့သူကို ပိုင်ဆိုင်ပြီးတဲ့အခါ နောက်ဆပ် လိုအပ်ချက် ဘာလဲဆိုတာ သိလာလိမ့်မယ် .."

"သိသိ မသိသိ ငါ ဂရုမစိုက်ဘူး ထုံး .. ဟန်ဆောင်မှုကင်းတဲ့ ကလေးလေးတွေမှာတောင် လိုချင်တာကို ခြေဆင်းငိုပြီး ပူဆာတဲ့ ကလေး ရှိသလို မရရင်လည်း ငေးကြည့် ငြိမ်သက်နေရုံနဲ့ အလျှော့ပေးသွားတဲ့ကလေး ရှိတယ် .."

"အဲဒီတော့ နင်က အလျှော့ပေးနိုင်တဲ့ ကလေးလား .."

ဆက်ထုံး မျက်နှာက အလျှော့မပေးနိုင်သည့် အရှုတ်ဆန်ခြင်းများ လွှမ်းမိုးလာခဲ့လျက် ...

"ငါကတော့ နီးပဲ .."





ပခုံးနှစ်ဖက် တွန့်၍ အပြတ် ကြေညာသည်။

"လိုချင်တာကို ထိုင်ငေးနေရုံနဲ့ မရဘူး .. ကလေးအရွယ်တုန်းက ဘာကို ပူဆာရတာ .. အခု ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက် ငါတို့ ဘယ်သူ့ဆီမှာမှ ပူဆာလို့ မရဘူး .."

အဝါရောင် စပို့ရှပ်လက်တိုကို ပခုံးပေါ်ထိ လိပ်တင်ထားကာ စစ်ဆောင် ကွာတားဘောင်းဘီပွပွနှင့် ဆက်ထုံး မျက်နှာက မီးရောင်နှင့် ဖြူဝင်းနေ၏။

နေရာမှ ထရပ်လိုက်ကာ စားပွဲပေါ်က ဖုန်းကို ပြန်ငုံ့ကောက်ကိုင်သော့ အကျီထဲကနေ လက်ခနဲ ကျော်လွှန်လာသည့် ပိရမစ်ဆွဲသီးလေးနှင့် ပလက်တီနမ်ကြိုးကို ပေဖူး သေချာ မြင်လိုက်သည်။ ပြန်မတ်လိုက်သော့ ကြိုးက ရင်ဘတ်ထဲ ပြန်မဝင်ဘဲ အကျီပေါ်မှာ တင်နေဆဲဖြစ်ကာ...

"နင့်ကို ချမ်းသာစေချင်တယ်.. ငါလည်း မဆင်းရဲချင်ဘူး .. ငါတို့နှစ်ယောက် ချမ်းသာဖို့က ငါနဲ့ နင် ပေါင်းလို့ မရခြင်းပဲ .."

ထိုအချိန်မှာ မနု နဲ့ ရာဇ တို့ အိမ်ထဲ ဝင်လာကြပြီဖြစ်ကာ အထဲကို ဆက်ထွက်သွားဖို့ ပြင်နေရင်း သူတို့နဲ့ မလှမ်းမကမ်းမှာပဲ ခြေလှမ်းတုံ့နေးနေကြသည်။

ပြီးတော့ မနု က သက်ပြင်းချလိုက်ပြီး သူတို့နဲ့ တြိဂံအနေအထားဖြစ် လာဝင်ထိုင်၏။ ဆက်ထုံး နဲ့ ပေဖူး ကတော့ ဘယ်သူ ရောက်လာသည်ကိုမှ လှည့်လည်း မကြည့် ..၊ ဂရုလည်း မစိုက် ..။

"ဘာဖြစ်လို့လဲဆိုတော့ နင်လည်း ဘာမှ မဟုတ်သလို ငါကလည်း မဟုတ်တဲ့ကောင် .."

"ဟုတ်ပါတယ် .. အဲ့ဒါတွေ တော်ပါတော့ ထုံး ရယ် .. ငါ နင့်ကို ဘာများ ထပ်ပြောမိလို့လဲ .."

"မပြောပေမယ့် ငါ မိန်းမယူမယ့်စကား ပါလာတိုင်း နင် မျက်နှာညိုကျနေတာ အဲ့ဒါ ဘယ်လိုလုပ်မလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှ မလုပ်နဲ့ .. နောက် မကျစေရဘူး .."

ပြောနေရင်း မျက်ရည်သုတ်ရှာသည်။

"ငါလည်း နင့်ကို မျက်ရည်ခံထိုးတာ မဟုတ်ပါဘူး .. အဲ... မျက်ရည်က ဘာဖြစ်လို့ ထွက်ထွက်လာမှန်းကို မသိတာ .."

"နေဦး .."

ပေဖူး ထရပ်လိုက်တော့ ဆက်ထုံး က လက်ကို ပြန်ဆွဲထားကာ...

"အခု ဒီမှာပဲ ထိုင်နေလိုက် .."

"ဘာလုပ်မလို့လဲ .. မီးဖိုချောင်ထဲမှာ သိမ်းရဦးမယ် .."

"မသိမ်းလည်း နင့်ကို ဘယ်သူမှ အလုပ်မဖြုတ်ဘူး .. ပြန်ထိုင်..."

ပေဖူး က တောင့်တောင့်လေး ရပ်နေတော့ ပခုံးနှစ်ဖက်ကို ဆ... ခနဲ ဆွဲယူကာ ဆိုဖာပေါ်မှာ ထိုင်လျက်ဖြစ်သွားအောင် အတင်းဖိချ...

"ပြောလိုက်ရင် ဒါပဲ .. ကွယ်ရာမှာ သွားမငိုနဲ့ .. ဒီမှာပဲ ငို ... အောင် ငိုသွား .."

ပြောပြီး ပေဖူး ဘေးမှာပဲ ဆောင့်ခနဲ ပြန်ထိုင်သည်။ မျက်... ကတော့ မကျေမနပ် ရှုပွပွနှင့် ...

"ဟော့ကောင် .. ဖုန်းလာနေတယ် .."

"သိတယ် .."

ဆိုဖာပေါ် ဒီတိုင်း ပစ်ချပြီးမှ ချက်ချင်း ပြန်ကောက်ရကာ...

"ဟလို .."

"... ... ... ..."

"ဪ .. အဟွန်း ဆောရီးဗျာ .. ဘယ်သူလဲ မသိဘူး .."

"... ... ... ..."

"ဟုတ်ပါတယ် ဆက်ထုံး ပါပဲ .."

"... ... ... ..."

"ဟာ!... အင်း .. မိုးမမ .. အဲ .."





"... ... ... ..."

"ဟုတ်တယ် .. သိပြီ .. မိုးမမကောင်းကင် .. အဟွန်း .. နာမည်က ...ည်းနည်းရှည်နေလို့ .."

"... ... ... ..."

ဖုန်းပြောနေသည့် သူ့ရှေ့ကို မျက်နှာနောက်ကနေ ရေသန့်ဘူးကြီး ...ဝင်လာ၏။ မော့ကြည့်လိုက်တော့ ရာဇ က ...

"ရေသောက်ဦး .. နောက်တစ်ခါ အဲဒီနာမည် အစအဆုံးခေါ်ရင် ...လိုမှာ .."

"ဟား .. ဟား .. ဟား ..."

သူ တအားထရယ်လိုက်တာနှင့် တစ်ဖက်က သူမ နှုတ်ခမ်းစူသွား ...သား မသိ ...

"ဆောရီး .. ဆောရီး .. မိုး ကို ရယ်တာ မဟုတ်ဘူး .."

ပေဖူး နားမထောင်ချင်တော့သဖြင့် နေရာမှထလိုက်လျှင် ဆက်ထုံး ...ဖျတ်ခနဲ ဖမ်းဆွဲကာ ...

"ကိုယ် အိပ်ရာထဲ ရောက်နေပြီ မိုး .."

"... ... ... ..."

"အင်း .. ဒီနေ့ သိပ်နေမကောင်းတာနဲ့ သီချင်းတောင်းတာတွေ ...း မဆိုနိုင်ခဲ့ဘူး .."

"... ... ... ..."

"ဒီရက်ပိုင်း ခရီးမထွက်ချင်သေးဘူး .."

သူ ဖုန်းပြောနေတာကို ကြည့်ရင်း ပေဖူး လက်ကို ရုန်းနေပေမယ့် ...ထုံး က မလွှတ် ...၊

"အင်း .. ဟုတ်ပြီ .. အိုခေ .. အိုခေ .. ဂွတ်နိုက် .."

ဖုန်းချပြီးတော့ စိတ်တိုနေသည့် မျက်နှာကြီး ပေဖူး ဆီ ဒိုင်းခနဲ ...လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်လို့ အသည်းအသန် ရှန်းနေရတာလဲ .."

"မင်းကလည်း မင်း ပြောနေတာကို ကိုယ့်ကိစ္စ မဟုတ်ဘဲ ထိ
ကြည့်နေရတာ ကိုယ်ချင်းစာပေါ့ကွ .."

မနေ မပြောချင်ဘဲ ပြောရသည့်မျက်နှာနှင့် မျက်စောင်းကလည်း
ရွယ်ထားသေးသည်။

"မင်းကို အဆိုတော်လုပ်ဖို့ တိုက်တွန်းမိတာ ခု တွေးမိရင်
ရင်တုန်တယ် ..၊ တကယ် .. အဆိုတော် မဖြစ်သေးဘဲနဲ့တောင်မှ
လိုက်တဲ့ ဖုန်းတွေက .."

"ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပဲ .."

"အေးပါ .. မင်းပဲ ကုသိုလ်ပါရမီတွေ ရှိနေတာ ..၊ ကဲ .. ဘာ
တဲ့ .. ခု ပြောလို့ရပြီ ပြောလိုက် .."

"ငါတို့ ရှောင်ပေးရမှာလား .."

ရာဇ က နောက်ကနေ မေးရင်း လျှောက်လာသည်။

"ဘာကို ရှောင်ပေးရမှာလားလဲ .. မလိုဘူး .."

"မလိုရင်လည်း ပြောကွာ .. နားထောင်ပေးမယ် .."

"ငါ လက်ထပ်ဖြစ်တော့မှာ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"လက်ထပ်မယ်ချည်းပဲ ကြားနေရတာ နှစ်နဲ့ချီတော့မယ်
ထက် စိတ်ဝင်စားစရာ ပြောစမ်းပါ .."

"လက်ထပ်ဖို့က သူ့အဖေဆီ ငါ့ကို ခေါ်သွားလိုက်ရင် ပြီးသွာ
လို့ သူ ပြောနေတာပဲ .."

"အဲဒီတော့ မင်းက အခု သူ့အဖေနဲ့ သွားတွေ့တော့မယ်ပေ

ဆက်ထုံး က ခေါင်းခါလိုက်ပြီး လက်ဖက်သုပ်ပန်းက
ကောက်ယူလိုက်သည်။

"မတွေ့ပါဘူး .."





ပြောပြီးတော့ တစ်ဇွန်း ခပ်စားသည်။ စားနေရင်း ပေဖူး ကို လှည့်
ကြည့်၏။

"အရမ်းကောင်းတာပဲ.. ပြောဖို့စကားတွေတောင် ပျောက်ကုန်ပြီ"

"ဟုတ်လား .. ဒါဆိုလည်း ပန်းကန်လေးဘာလေး ချ .. ထောက်ခံ
ဆိုတယ်မို့လား .."

"အေးလေ .. ဂေါ်ဖီနဲ့ ခရမ်းချဉ်သီးလေးတွေ နိုင်းချင်းပဲ .. ပြီးရင်
ပေး .."

လက်ဖက်ပန်းကန်က သုံးယောက်လက်ထဲမှာ အနားမရတော့
..၊ တကယ်ဆိုရင် ဒီလို မျက်နှာစုံညီစွာ ရှိနေကြတဲ့ ညမျိုးမှာ
က်ဖက်သုပ်ပန်းကန်ကို အလယ်မှာချပြီး ရယ်စရာတွေပြောရင်း
ည်နေရမှာ ဖြစ်၏။

ဒါပေမယ့် ပေဖူး မျက်နှာလေးက ငေးနေလျက် တုတ်တုတ်မှ
..၊ ပါးပြင်လေးထက်မှာ မျက်ရည်တို့ မကုန်မစင် သုတ်ထားတာ
ည်း မြင်နေရကာ ...

"ပေဖူး ရေ .. ငါ မနေ့က ဝယ်လာတဲ့ နာနတ်သီးလေး လုပ်ပါ..
ည်းလောက် မစ်ရှိတ် လုပ်လိုက်စမ်းပါ .. ဒီမှာ ရေတ်သီးစိမ်းလေး
းချင်လို့ .."

သားမှာ ကပ်ပုံပေးထားသည့် ရေတ်သီးစိမ်းတောင့်ကို ထောင်ပြပြီး
င်တကာ လမ်းဖွင့်ပေးလိုက်တာ ဖြစ်သည်။ သူမဘာသာ လွှတ်
လပ်လပ် နေပါစေပေါ့ ..၊ ဒီကောင်ကိုက ပေဖူး ကိုဆို သိပ်နိုင်..၊

"ဘာလိုက်ကြည့်တာလဲ .. ငါ တမင် လွှတ်လိုက်တာ .."

ပေဖူး ထသွားတာကို လိုက်ကြည့်သည့် ဆက်ထုံး မျက်နှာက
ဘက် လှည့်လာ၏။

"သိတယ် .. အဲဒီလို လုပ်ဖို့ မင်း ဝါသနာပါမှန်း .."

"ပါတာ မဟုတ်ဘူးလေ .. မင်းက နိုင်လွန်းတော့လည်း ဒီဆို



www.burmeseclassic.com

www.burmeseclassic.com



ထ .. ထိုင်ဆို ထိုင်မှ .. ကြည့်ရဆိုးလွန်းလို့ ..”

“ဆိုးမနေနဲ့ ခနု .. ဒီကောင် ထင်ရာတွေ လုပ်တယ် .. ပြီးတော့ ပေဖူး မျက်ရည်ကျရင်လည်း မကြိုက်ဘူး ..”

“ငါကတော့ အနိုင်ကျင့်နေတာလို့ပဲ ထင်တယ် ..”

“မဟုတ်ဘူး .. သံယောဇဉ်တွေ ..”

“တော်စမ်းပါကွာ .. ပင်ပန်းနေရတဲ့အထဲ ..”

“ပင်ပန်းပေမယ့် မေးစရာ ရှိသေးတယ် .. အမှတ်တမဲ့နဲ့ အဲ့ဒါ ငါတို့ မမေးဖြစ်ခဲ့ဘူး ..”

“ဘာလဲ ..”

“ပေဖူး က မင်းကို တစ်ဖက်သတ်ချစ်နေတာလား .. ဒါမှမဟုတ် အစတုန်းက ချစ်ခဲ့ဖူးတာလား ..”

“တစ်ခုမှ မဟုတ်ဘူး ..”

“မဟုတ်ရင် မင်းတို့ ငါတို့ ဝင်လာကာစက ရှင်းနေကြတာ ဘာပြဿနာလဲ .. နင်နဲ့ ငါ ပေါင်းလို့ မဖြစ်ဘူးဆိုတာ ..”

ဆက်ထုံး မျက်နှာပျက်သွားပြီး ဆိုဖာမှာ ပက်ခနဲ မှီလိုက်၏။

ထိုစဉ် ဝင်လာသည့်ဖုန်းကို အသံဖျောက်ပစ်လိုက်ပြီး ...

“သူ့ကို လက်ထပ်မယ်လို့ ငါ ကတိပေးထားခဲ့တာ ..”

“ဟမ်!...”

“ဘယ်လို!...”

အဖြစ်တွေ ဤသို့ ရှိခဲ့တာကို ပြောပြရင်း ဆက်ထုံး မျက်နှာ ရှုပ်ထွေးခြင်းများနှင့် ရင့်ရော်နေကာ ...

“နှစ်ယောက်စလုံး မှားခဲ့တာ ..”

“မင်းက စမှားတာ ဆက်ထုံး .. ခုထိလည်း မင်းပဲ မှားတာ ..”

“ဟုတ်တယ် .. သူ့ခမျာ မင်းကို မျှော်လင့်ပြီး ပိုက်ဆံတွေ ပုံပေး ဒီထိ စွန့်စားပြီး လိုက်လာ ..”





“သူ့ခေါင်းထဲကို အဲလောက် အလေးအနက်ကြီး ထည့်လိုက်မယ်လို့ ထင်ကို မထင်တာ .. အဲ့ဒါ ငါ ညာပြောတာ မဟုတ်ဘူး .. သူနဲ့ ဘာမှ တကယ့်ကို ပြောမနာ ဆိုမနာ ချစ်ခဲ့ကြတဲ့ သူငယ်ချင်း .. သူငယ်တည်းက ငါတို့နှစ်ယောက်တည်းပဲ .. ဘယ်သူနဲ့မှလည်း ပေါင်းရောနှောခဲ့တာ မရှိဘူး ..”

“အဲဒါတွေက ဘာမှ မဆန်းဘူးလေ ..”

“ဟုတ်တယ် .. ဆန်းနေတာက သူ ငါ့ကို ချစ်နေတယ်ဆိုတာပဲ”

“မင်းက သူငယ်ချင်းလိုပဲ ဆိုပေမယ့် သူ့ဘက်က ချစ်နေတယ် ဆိုတာရော ချစ်ခွင့် မရှိဘူးလား ..”

“နောက်ပြီး မင်း သူ့ကို မျှော်လင့်ချက်တွေပေးပြီး စိတ်ကူးယဉ် တတ်အောင် ပုတ်နှိုးခဲ့တာ ..”

ခနု တို့ ပြောနေတာတွေကို စကားလုံးတိုင်း သူ မချေပနိုင် ..။ ပေမယ့် ...

“ငါနဲ့ သူ့အတွက်မှာ ညာတာလိမ်တာတွေက အဆန်းမှ မဟုတ်တာ .. သူပိုင်တာ ငါပိုင်တာ ဆိုတာမျိုး ခွဲခြားမရတော့တဲ့အထိ ဘယ်သူ့ကြောင့် ဘယ်သူ့ဟာ ဘယ်လိုပဲ ကျိုးပဲ့ ပျက်စီးနေနေ ..”

“ခု ကျိုးပဲ့ ပျက်စီးရတာက ပစ္စည်း မဟုတ်ဘူးကွ ..”

“မသိဘူး .. သူနဲ့ ငါ ဘာမှမဟုတ်ကြဘူး .. ရှေ့ဆက်လည်း ဖြစ်ကြဖို့ မရှိဘူး .. အဲ့ဒါကို ငါ သိထားသလို သူ သိမှာပဲပဲ ထင်ခဲ့တာ ..”

မသိတဲ့လူကလည်း ကလေးငယ်လေးတစ်ယောက် အိုးပုတ် မက် သည့်မျိုး ..။

အဲဒီပြဿနာကို ဘယ်လိုလုပ်မလဲ ..။

“ဒါပေမယ့်ကွာ မင်း သူ့ရှေ့မှာပဲ ထူး နဲ့ လက်တပ်မှာကြီးကတော့ မဖြစ်သင့်ဘူးကွ ..”



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ .. ငါတို့ကတော့ ရွာက လိုက်လာတဲ့ သူငယ်ချင်းကောင်မလေးပဲ ထင်ခဲ့တာ .. မင်းကို ချစ်နေတယ်ဆိုတာ သိသာပေမယ့် ဒီအကန့်တွေထိ မသိခဲ့ဘူး .."

"ငါကလည်း ဒီလိုဖြစ်ဖို့ ရည်ရွယ်ခဲ့တာမှ မဟုတ်တာ .. သူ့ကျေး ပြန်ဆပ်ရင် ပြီးပြီပဲ တွက်ခဲ့တာလေ .. လိုက်လာလိုက်တော့ ရှုပ်ကုန် တာပေါ့ .. ဒါပေမယ့် ငါ ထူး ကိုပဲ လက်ထပ်မှာ .. ထူး က ငါ ရွေး ချယ်ထားတဲ့ ငါ့ဘဝ လက်တွဲဖော်ပဲ .."

"မင်းပဲ ဦးအောင်ထက် နဲ့ သွားမတွေ့ဘူး ဆို .."

"မတွေ့ချင်ဘူး ပြောလိုက်တုန်းက သူ့သမီးကိုရော သူ့ကိုပါ ငါလို လူနဲ့ ဖြစ်သင့် မဖြစ်သင့် ချွဲခြားကြည့်ပြီးသားဖြစ်အောင် လုပ်ခဲ့တာ - တကယ်လို့ 'ဟင့်အင်း' ဆိုလည်း ဝမ်းနည်းဖို့တော့ မရှိပါဘူး .. ဒါက ငါ့ဘဝပဲ .."

"ခု ဘာတဲ့လဲ .."

"သူ့ဘက်က ငါ ဘယ်လိုနေနေ မီးစိမ်းပဲ ပြနေတာ .. အဲဒါ ကြောင့် သူ ဒီတစ်ခါ မန္တလေးက ပြန်လာရင် ဟိုတယ်လ်တစ်ခုမှာ သူတို့သားအဖနဲ့ ငါ တွေ့ပြီး ဒင်နာ စားကြဖို့ .."

"ဘယ်သူ စီစဉ်တာလဲ .."

"ထူး .."

"သူ့အဖေကလည်း မင်းရှိရာကို လာမယ်ပေါ့ .."

"ဟုတ်တယ် .."

"ဒါဆို ငါ တစ်ခု ပြောမယ် ဆက်ထုံး .. အဲဒီလူကြီးနဲ့ တေး သွင်းပိုင်ရှင် ဒေါ်သက်ချို နဲ့က မောင်နှမအရင်း နော် .."

"အင်း .."

"အထူးသဖြင့် ကိုယ့်အိမ်ထောင်နဲ့ကိုယ် ဖြစ်သွားကြရင် ဘယ် မောင်နှမမှ သိပ်မတွေ့ဖြစ်ကြတော့ဘူး .. အခု မင်း ဟိုအဆိုတော်





အတွက် ရှုဒိုးလုပ်ပေးလိုက်တည်းက သူတို့မောင်နှမ အရမ်း ပူးတွဲနေကြတာ .."

"ဟွန်း .."

ဆက်ထုံး က ရယ်သည်။ ပြီးတော့ လက်ဖက်သုပ်ပန်းကန်ကို လှဒ လက်ထဲက ဆွဲယူလိုက်ရင်း ...

"သူတို့ဘာသာ ဘယ်လိုနေနေ ဘာတွေကြံကြံ ကိုယ် လုပ်ချင်မှ ဖြစ်တာ .."

"မင်း သိတယ်ပေါ့ .."

"ဘာလို့ မသိရမှာလဲ .. ဒီမှာ ခန .. ဆင်းရဲတဲ့လူတစ်ယောက်ကို လက်ခံပေးနိုင်ဖို့အတွက် ငါ့ဘက်က ဘာတွေပြန်ရနိုင်မလဲဆိုတာ သူတို့ တွက်နေမှာပေါ့ .. ဒါပေမယ့် ဆက်ထုံး က ငတုံးမှ မဟုတ်တာ .."

"အချစ်နဲ့တွေ့ရင်တော့ တုံးရင် တုံးသွားမှာပေါ့ .. ဒါမျိုးက နွံနစ်သလိုပဲ .. ပိုနစ်မယ်မှန်း သိပေမယ့် ရုန်းတော့ ရုန်းကြည့်ကြတာပဲ .. ဘယ်လိုလူမှ အလကား ငြိမ်မနေဘူး .. ဒါပေမယ့် နစ်သွားတာပဲကွ.. လည်မျိုထိ တက်လာမှ မရုန်းဘဲ နေကြည့်ဦးမယ်ဆိုလည်း မရတော့ဘူး .."

"ငါကတော့ ရတယ် .. ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို နွံမှာနစ်မယ့်လူက ငါ ဘယ်တော့မှ ဖြစ်မှာ မဟုတ်လို့ပဲ .."

ယုံကြည်မှုအပြည့်နှင့် ပြောပြီး လက်ဖက်သုပ်တွေ တစ်ဇွန်းပြီး တစ်ဇွန်း ခပ်စားနေကာ ...

"ဟား!..."

လှက ဆတ်ခနဲ တောင့်သွားကာ မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့သွားပြီး ...

"အား!... သေပြီ .. ငရုတ်သီးစိမ်း .. အား .."

"ဟာ!... ဒီကောင် အသည်းအသန်ကွာ .."



www.burmeseclassic.com

www.burmeseclassic.com



"လာပြီ .. လာပြီ ထုံး .."

ခနေ ပါးစပ်ပြင်လိုက်တုန်းပဲ ရှိသေးသည်။ ပေဖူး နာနတ်သီး မစ်ရှိတ် သုံးခွက်နှင့် ဗန်းလေး ကိုင်ရင်း ပြေးလာသည်။

"ရော့ .. ရော့ .. အေးအေးချိုချိုလေးရယ် .. သောက်လိုက် .."

"အား .. သေပါပြီကွာ .. ငရုတ်သီးတွေ ဒီတိုင်း ထည့်ထားရလား ပေဖူး .. ချေးထုပ် .."

"အံမာ .. ဘေးမှာ သုံးလေးတောင့် သပ်သပ်တင်ထားတာကို - ကိုယ့်ဘာသာ အငတ်လို လုံးထွေး စားသောက်ပြီးတော့ .."

"ငါ ပန်းကန်နှုတ်ခမ်းမှာ ကပ်တင်ထားတာပါ ထုံး ရယ် .."

မစ်ရှိတ် တစ်ဝက်ကျော်ကျော်ကုန်အောင် သောက်ပစ်လိုက်ပြီ တာ့တောင် ပါးစပ်က ပြနေတုန်း ...

"ဟား .. အား .. ကောင်းလိုက်တာ .."

"အံမာ .."

"အေးပေါ့ .. အစပ်လေးပြီးတော့ အချိုလေး တည်းလိုက်ရ စိုပြည်သွားတာကိုး .. မစ်ရှိတ်လုပ်နိုင်းထားမိတာ ငါ့အပြစ် .."

"ဟား .. ဟား .. ဟား ..."

နှုတ်ခမ်းဖျားတို့မှာ ချွေးစများနှင့် ရယ်နေသည့် ဆက်ထုံး ငေးကြည့်မိရင်း ပေဖူး မျက်နှာလေးပါ ပြုံးလာ၏။

သူ ပျော်ပါစေ ..။





အခန်း (၂၀)

"အန်ကယ့်လ်သမီးကို ပျော်စေချင်တယ် .. သမီးအတွက် ပုံပိုးရဲ ရင် အန်ကယ့်လ်ဘက်က အရာရာ အဆင်သင့်ဖြစ်နေချင်တယ်.. ယ် အဲ့ဒါတွေကို အိမ်ထောင်ရေးဆိုတဲ့ ဘဝတစ်ဆစ်ချိုးထိ ယ်လ် ပံ့အောမပေးနိုင်သေးဘူးလေ .."

"ဟုတ်ကဲ့ .."

"ကောင်းလေး .. ဒါတွေ သိမ်းသွားလို့ ရပြီ .."

အောင်ထက် က စားသောက်ပြီးတာတွေကို သိမ်းခိုင်းလိုက် ည်။ ပြီးမှ ...

"မင်းအကြောင်း သမီးက ပြောပြထားပါတယ် .. အဲ .. မင်းရဲ့ ာတ် အယူအဆပေါ့ .. မင်း ပညာတတ်တစ်ယောက် ဖြစ်တာက ပြီး ကျန်တာ ဘာမှ မရှိတာတွေ .."

"ဟုတ်ကဲ့ .. ကျွန်တော် ပြောနိုင်တာတွေ အားလုံး သူ့ကို ပြော သားတာပါ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ယောက်ျားတစ်ယောက်ဟာ ငွေကြေးစည်းစိမ် ပါမလာရင်လည်း အရည်အချင်းရှိဖို့ လိုတယ် ..၊ အရည်အချင်း ရှိပေမယ့်လည်း ဖွဲ လုံ့လရှိမှ တိုးတက်တာ .. အန်ကယ်လ်ကတော့ မင်းမှာ ဘာမှ မရှိတာတွေကို သိပ်ထည့်မတွက်လို့ မင်းနဲ့ တွေ့ဖို့ လာတဲ့အထိ သမီးအတွက် ဆုံးဖြတ်ခဲ့တာ .."

ဆက်ထုံး ဘာမှမပြောဘဲ နေလိုက်သည်။ ကိုယ့်ကို ခေါ်နေတာ အကြိမ်ကြိမ် ..၊

ကိုယ် မသွားလို့ သူက လာရတဲ့အဖြစ်က ရှင်းနေတာပဲမို့ ...

"ရှင်းရှင်းပြောရရင် အန်ကယ်လ်တို့ သားအဖအတွက်က ချမ်းသာတဲ့ လူတစ်ယောက် ထပ်ရဖို့ မဟုတ်ဘူး .. တို့ သားအဖ ချစ်ခင်မပျက် စည်းစည်းလုံးလုံး နေရဖို့ပဲ .. ဒီထက် အဓိကက အန်ကယ့်လ် သမီးကို ဂရုစိုက် နားလည်ဖို့ .."

ဦးအောင်ထက် က ဆက်ထုံး ကို စိုက်ကြည့်သည်။ ဆက်ထုံး က ခေါင်းမညိတ် ခေါင်းမခါ ..၊ ပန်းခရမ်းရောင်နုနု ရှပ်အင်္ကျီလက်တို မွမွနှင့် ဘောင်းဘီရှည်အနက်သည် တော်ရုံလူ တွဲဖက် ဝတ်ခဲမှာပါ..။

ဒါပေမယ့် ဝင်းထိန်သော မီးရောင်အောက်မှာ ဆက်ထုံး ဆိုသည့် လူငယ်ကတော့ မင်းသားတစ်ပါးလို မဟာဆန်ဆန် ချောမွေ့နေခဲ့၏။

ကော့ထင်းနေသည့် နှာတံ .. မထူမပါး နှုတ်ခမ်းအစုံသည် တင်းတင်းစေ့လျက် ..၊ ဤလူငယ်ကို ခြေသလုံးအိမ်တိုင် အညတရတစ်ယောက်ပါလို့ ပြောရင် ရုတ်တရက် အံ့သြသွားလိမ့်မည်။

ဝင်းမွန်နေသည့် အသားအရေကိုက ကြည့်စင်နေကာ နေထိုင်ပုံက အဆင့်အတန်း ရှိသည်။ သမီး မိတ်ဆက်ပေးတုန်းက ဤသူငယ်ဟာ သမီး ပြောပြနေသည့် ဆက်ထုံး ဆိုတာမှန်း သိလိုက်ရတာတောင် သူ မယုံနိုင်..၊ ဘာပဲဖြစ်ဖြစ် လူတစ်ယောက်ရဲ့အဆင့်အတန်းဟာ သူ့မျက်နှာ သူ့ဟန်ပန်တွေမှာ ရှိနေတာပဲလို့ လက်ခံပြီး ကျေနပ်ပေးခဲ့မိသည်။





ခု ထပ်သိရတာက ဤလူငယ် မာန တော်တော်ကြီးသည်ဟူ၍..၊

"အဟမ်း .."

စကားစ ပြတ်သွားတာကို ချောင်းဟန့်၍ ပြန်စယူလိုက်ကာ ...

"ပိုရှင်းအောင် ပြောရရင်ကွာ .. မင်းမှာ ဂုဏ်ဓန မရှိတာ အန်ကယ်လ် ပိုတောင် သဘောကျသေးတယ် .. အန်ကယ့်လ်မှာက သမီး ရှိပေမယ့် သား မရှိသေးဘူးလေ .. အန်ကယ့်လ်လုပ်ငန်းတွေနဲ့ အန်ကယ့်လ်သမီးလေးကို ဂရုစိုက် ကြင်နာပေးနိုင်မယ့်သူ .. သားလို ယုံကြည်အားကိုးရမယ့်လူပေါ့ .."

"ဟုတ်ကဲ့ .. အန်ကယ်လ် ဘာပြောချင်တာလဲ မသိဘူး .. ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောလို့ ရပါတယ် .."

"အင်း .. အခု အန်ကယ်လ် ပွင့်လင်းနေတာ .. မင်း ပွင့်လင်းဖို့ပဲ ပြောနေတာလေ .."

"ကျွန်တော့်ဘက်က အန်ကယ်လ် ပြောခဲ့သလိုပဲ ဘာမှကို ထပ်ပြောဖို့ မရှိတော့ဘူး ထင်လို့ပါ ..၊ အန်ကယ်လ်နဲ့ လာမတွေ့ရဲခဲ့တာလည်း အဲ့ဒါကြောင့်ပဲ .. နောက်တစ်ခုက အသွင်မတူရင် အိမ်သူမဖြစ်ဘူး ဆိုတာတွေ .. အဆင့်အတန်းမတူတဲ့လူချင်း မငြိဘူးဆိုကဲ့စကားတွေ.. အဲ့ဒါတွေကြောင့် ကျွန်တော့်ဘက်မှာ .. အဲ .."

"ပြောပါ .. ဆက်ပြောပါ .."

"တစ်မိသားနဲ့ တစ်မိသား ပေါင်းဖက်ကြတာမှာ အခု စကတည်းက ကျွန်တော့်ဘက်က ဘာမှ မပေးနိုင်ခဲ့ဘူးဆိုတော့ နောက်ထပ် မပေးနိုင်တာတွေ ဘာတွေ ဖြစ်လာမလဲဆိုတာ .."

"မင်း အဲ့ဒါတွေ ထိုင်တွေးပြီး အန်ကယ့်လ်ဆီ မလာရဲတာလား.."

"အန်ကယ်လ် မေးလာရင် မဖြေနိုင်တဲ့ ကျွန်တော့်ဘက်က မရှိတာတွေကြောင့်ပါ .."

"အခု မင်းဘက်က ဘာတွေ ဖြစ်စေရမလဲဆိုတာ အန်ကယ်လ်



www.burmeseclassic.com

www.burmeseclassic.com



ပြောတာရော မင်း လက်ခံရဲ့လား ..”

“အဲဒါတွေကို ထူး နဲ့ ကျွန်တော်ပဲ ဆွေးနွေးလိုက်ရင် မရဘူးလား အန်ကယ်လ် ..”

ဦးအောင်ထက် မျက်မှောင်ကုတ်သွားသည်။

“ဒီလိုပါ .. ကျွန်တော့်ဘက်က သမီးရှင်တစ်ယောက် ကျေနပ်လောက်စရာ ဘာမှ မပေးနိုင်ပေမယ့် ကျွန်တော်ချစ်တဲ့သူအတွက်တော့ အများကြီး ပေးနိုင်ပါတယ် .. ဒါပေမယ့် ဘာတွေ ပေးနိုင်မလဲဆိုတာက သူ ဘာတွေဖြစ်ချင်မလဲဆိုတာ ကျွန်တော်တို့ချင်း သိနေမှ ဖြစ်မှာလေ..”

ဦးအောင်ထက် မျက်နှာ အနည်းငယ် တည်သွားသည်။

ဆွေးနွေးခြင်းက နွေရာသီလယ်ကွင်းတွေလို အက်ရာထင်အောင် မဟုတ်ပေမယ့် ခြောက်ကပ်ကပ်နှင့် ပြီးခဲ့၏။

“ပြောစမ်းပါ ဆက် ရယ် .. ဒက်ဒီနဲ့ အဆင်မပြေခဲ့ဘူးလားလို့..”

“ပြေပါတယ် ..”

“ဒက်ဒီ မျက်နှာ သိပ်မကောင်းသလိုပဲ ..”

“မသိဘူးလေကွာ .. ကိုယ့်ဘက်က ပြေပေမယ့် သူ မပြေဘူး နေမှာပေါ့ ..”

“ဟာကွာ .. ဆက် က တကယ်ပဲ ..”

အပြင်ကနေ စောင့်နေရတာ အအေးတွေ မျိုချနေရတာတောင် ပူပူလောင်လောင်တွေ မျိုနေရသလိုပါ ..။

“ဆက် ..”

“ဟင် ..”

“ညဘက်ကြီး ကားကို ဖြည်းဖြည်းမောင်းစမ်းပါ ..”

“ညဘက်လေးပဲ ကားရှင်းလို့ မောင်းရဲတာကွ ..”

“ဆက် ရယ် .. ယူ့ကျမှပဲ ညဘက်ကျမှ မောင်းရဲရတယ်လို့ - ဒီကားက ဘယ်က ကားလဲ ..”





“ငှားလာတာပေါ့ .. ဘာလဲ ကိုယ် ဝယ်လာတယ် ထင်လို့လား..”

“ဟုတ်တယ်လေ .. ယူ တိုက်ခန်းတောင် ဝယ်နိုင်နေတာပဲဟာ..”

“အစုတ်လေးပါကွာ .. ကိုယ်ပိုင်နေရာလေးတစ်ခု ရှိထားရင် ပြီးတာပဲ ဆိုပြီးတော့ ..”

ကားထဲမှာ မျက်နှာကို သေချာ မမြင်ရပေမယ့် ထူး က လှည့်ကြည့်သည်။

“ဆက် ကို တို့ သိပ်တောင် မယုံတော့ဘူး ..”

“ဘာဖြစ်လို့လဲ ..”

“ယူ့မှာ မိန်းမလှလေးတွေလည်း ပေါတယ်လေ .. အခု စီးပွားရေး နောက်ကို လိုက်နေပြန်ပြီ ..”

“ဘယ်ကလာ စီးပွားရေးနောက် လိုက်ရမှာလဲ ..”

“ယူ အချိန်ဆွဲနေတာကတော့ သိသာတာပဲဥစ္စာ .. ထူး ကသာ ဆက် ကို စိတ်မချလို့ နီးစပ်ဖို့ ကြိုးစားနေရတာ .. အခု ဒက်ဒီကိုယ်တိုင် က ခေါ်တွေ့တဲ့အထိ အဆင်ပြေနေတာတောင် ဆက် က မတည့်အောင် ပြောလာခဲ့တယ် ..”

“လုပ်ပြီကွာ .. ကိုယ် ဘာပြောခဲ့လို့လဲ .. မင်းက ဘာတွေသိလို့ ဘပ်အပ်ပြောနေတာလဲ ..”

“ဘာတွေ ပြောခဲ့မှန်း မသိပေမယ့် ယူနဲ့ ဒက်ဒီ ထွက်လာကြတော့ ကိုယ့်ဒက်ဒီမျက်နှာပေါ်က စာကိုတော့ တို့ ဖတ်နိုင်တယ် ..”

“ဒါဆို မင်းဒက်ဒီက တို့ကို သဘောမကျဘူး ဖြစ်သွားတယ်ပေါ့”

“အဲလိုမဟုတ်ဘူး .. သဘောကျပြီးသားလူကို ဆက် က မကျစရာ ပြောလို့ ..”

“ဒါဆိုရင်တော့ မင်း ကိုယ့်ကို သက်သက် ရိုးမယ်ဖွဲ့တာပဲ .. ကိုယ် ဘာမှ လွန်လွန်ကျူးကျူး မပြောခဲ့ဘူး .. သူက မင်း စိတ်ချမ်းသာ စေချင်တယ် .. ကိုယ် ဘာလုပ်ပေးနိုင်မလဲလို့ မေးတာ ..”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဆက် ဘာဖြေလိုက်သလဲ .."

"မင်းနဲ့ပဲ ပြောချင်တယ်လို့ ပြောလိုက်တယ် .."

"ဟား!..."

ထူး မျက်နှာလေး ရှေ့ပြန်လှည့်ကာ စိတ်ပျက် လက်လျှော့သွ

သလို မှိုကျသွား၏။

"ကိုယ် ပြောလိုက်တာ မှားလို့လား ထူး .. မင်းအတွက် ကို

ဘယ်လို ပျော်အောင်ထားပါ့မယ်ဆိုတာတွေက စာချုပ်စာတမ်းနဲ့ လ

မှတ်ထိုး ကတိပြုရမှာမှ မဟုတ်တာ .. မင်းသဘော ကိုယ့်သဘော

နှစ်ရပ် ညီမျှမှ ဒါက အလိုအလျောက် ဖြစ်လာမှာလေ .. အဲဒါ

ကိုယ်က မင်းနဲ့ပဲ ပြောဖို့ လိုတာ မဟုတ်ဘူးလား .."

"မိဘကတော့ မလိုအပ်တာတွေကိုလည်း ကြားချင်တာပဲ ဆက်

အခု ဆက် မှာ လိုအပ်တာတွေ ဘာမှမရှိပေမယ့် ဒက်ဒီက လက်ခံ

သလို .."

"လက်ခံမယ်လို့တော့ အန်ကယ်လ်က မပြောသေးပါဘူး .."

"ဩော် .. ဆက် ကလည်းကွာ .."

"သူက ကိုယ့်ဆီက ကတိကဝတ်ကို လိုချင်တာ .. ကိုယ်ကတော

လူက ကလေကချေဆန်ရင် ဆန်မယ် .. ကိုယ် မပေးနိုင်တဲ့ကတိ

လွယ်လွယ်နဲ့ မပေးချင်ဘူး .."

"ဘယ်လို .. ဆက် က ကတိမပေးနိုင်ဘူး ဟုတ်လား .. အ

ထူး ကို အဲဒီစကား ပြောလိုက်တာလား .."

"နားထောင်ဦး ထူး .. ခဏ သည်းခံပြီး နားထောင် .."

ကားက လမ်းဘေး မှောင်ရိပ်စပ်စပ်နားမှာ တုံ့ရပ်သွား၏

ဆက်ထုံး က ဒီဘက်ကို လှည့်ကာ ထူး ရဲ့လက်ဖဝါးလေးကို ဆွဲ

လိုက်ပြီး ...

"ပေးတယ်ဆိုတာကလည်း လိုလိုလားလား ယူချင်တဲ့လူက လ





ခံမှ ဖြစ်တာ .. အဲဒီလိုမျိုး ပေးတာယူတာတွေကို နားလည်ခြင်းလို့

ခေါ်တာလေ ..၊ ကိုယ်ကချည်းပဲ နားလည်ပေးပါ့မယ်လို့တော့ ကတိ

ပေးနိုင်ဘူး .. မင်းနဲ့ ကိုယ် စပြီး ချည်နှောင်ကြတည်းက ကိုယ့်ဘက်

က အားနည်းတာပါ .. မင်းအတွက် ကိုယ့်ဘက်က ဘာမဆို ဖြစ်စေနိုင်

ခဲ့တောင် ဒီအားနည်းချက်ကြောင့် ကိုယ် ပေးဆပ်သမျှ ဘာမှ အရာ

ရောက်မှာ မဟုတ်ဘူး .."

"အဲဒီတော့ ယူက ဘာကို ဆိုလိုတာလဲ .."

"ကိုယ် ပေးသလောက် ပြန်ရမှ ဖြစ်မှာ .."

ဆက် တွေ ယူတွေနဲ့ ရှုပ်ယှက်ခတ်အောင် ခေါ်နေသော ထူး ရဲ့

စကားသံလေးတွေ ခဏတော့ တိတ်ကျသွား၏။ ပြီးမှ ဆတ်ခနဲ ပြန်

လှည့်ကြည့်ကာ ...

"ဆက် ကို ထူး က အနိုင်ကျင့်နေတာနဲ့ တူနေလို့လား .."

"မတူပါဘူး .."

"မချစ်ဘဲနဲ့ အပျော်ရည်းစားထားနေတာနဲ့ရော တူနေသလား ..

ပြောစမ်းပါ ဆက် ရဲ့ .."

"ကျွတ်!..."

"ဒီ့ထက် ဘယ်လောက်တောင် ချစ်ပြရဦးမှာလဲ .. ဆက်ပြောသမျှ

ထူး ကချည်းပဲ ခေါင်းညိတ်ခဲ့ရတာလေ .. ခုချိန်ထိ ထူး ဖြစ်စေချင်တာ

ဆက် ဘာများ လိုက်လျောခဲ့သေးလို့လဲ .."

"အဲဒီ အဖုအကျိတ်တွေက မင်းနဲ့ ကိုယ် လက်ထပ်ပြီးမှ အကြီး

ကြီး ထဖြစ်လာရင် ဘယ်လိုလုပ်မလဲ .."

"ဘာ အဖုအကျိတ်မှ မရှိဘူး .. ဆက် အရမ်း အသည်းမာလွန်းလို့

ပြောပြတာ .. အခု တိုက်ခန်းဝယ်လိုက်တာကို ကြည့်ဦး ..၊ ထူး တို့

အားအဖမှာ တိုက်တာ အိမ်ရာတွေ ပွလို့ .. ဒက်ဒီက ထူး ချစ်တဲ့သူ

ဆိုရင် အိမ်က ခွေးကလေး ကြောင်ကလေးတွေကိုတောင် လျစ်လျူရှုခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ဘူး ..”

“အဲဒီတော့ မင်းရဲ့ချစ်သူအဖြစ်နဲ့ တိုက်ခန်းတစ်ခန်း တောင်းယူလိုက်ရုံပဲလို့ ပြောတာလား ..”

“တောင်းစရာ မလိုပါဘူး ဆက် ရယ် .. ယူ့ကို အရမ်းကို ပေးချင်လွန်းလို့ ထူး က ပြောပဲ ပြောနေခဲ့တာ ..”

“ဒါပေမယ့် အခု ကိုယ် ဝယ်ထားလိုက်တာရော ဘာများ ပြဿနာကြီးကျယ်သွားလို့လဲ ထူး .. မင်းဆီက အလကား မယူချင်တာ ကိုယ်မှားနေသလား ..”

“မမှားပေမယ့် အခုလိုမျိုး ယူ့မှာ ပိုင်ဆိုင်မှုတွေ ရှိလာတာကို ထူး မကြိုက်ဘူး ..”

“ဘာ!...”

“ကြောက်တယ် ဆက် ရယ် .. အဲ့ဒါ စိတ်ရင်းနဲ့ပြောတာ သိလား .. ဆက် ကို သူများ အထင်ကြီးသွားကြမှာ လုံးဝကို မလိုချင်ဘူး .. သူများတွေထဲကနေ ထူး ကို ရွေးချယ်တာမျိုး မဟုတ်ဘဲ ထူး က ဆက် ရဲ့ ရင်ခွင်မှာ သီးသန့်အဖြစ်နဲ့ နေရာ ရထားချင်တာ ..”

“မင်း ပြောတာပါပဲ .. တကယ်တမ်းကျတော့ ယောကျ်ားတစ်ယောက်က အရည်အချင်း မပြနိုင်ရင် အမြီးပုံတဲ့ ငါး .. အတောင်ကျိုးတဲ့ငှက်တွေလိုပဲ ကိုယ် ဘယ်လိုပဲ ပေါ့ပျက်ပျက် နေနေ ‘ငါ’ဆိုတဲ့ မာနကိုတော့ မချနိုင်ဘူး ..”

“အဲဒီမာနတွေကို တို့အပေါ်မှာတော့ မထားပါနဲ့ကွာ .. ယူ့ကိုတို့ ဘယ်လောက်ချစ်သလဲဆိုတာ ပြောပြလို့တောင် မရနိုင်ဘူး ..”

ထူး ရဲ့စကားသံတွေက တုန်ယင် လှိုက်လှဲနေကာ ယူတွေ တို့တွေမှလွဲလျှင် အားလုံး လေးလေးနက်နက် ..။

“ဟိုတစ်နေ့က ယူ ဝယ်သွားတဲ့ တီရှပ် သုံးထည်ကရော ..”

“အဲ့ဒါ ရွာက ရောက်နေတဲ့ သူငယ်ချင်းအတွက်ပါ ..”





“အဲဒီ သူငယ်ချင်းကိုရော ဘယ်တော့ ခေါ်လာမှာလဲ ဆက် ..

င်နှမဆိုရင်တောင် တော်သေးတယ် .. သူငယ်ချင်းဖြစ်ရုံလောက်နဲ့ ဲ့နဲ့ လာနေတာက သိပ်တော့ မကျဘူး သိလား .. ထူး က ဲ ထွက်နေရလို့ မပြောဖြစ်တာ ..”

ဘေးကနေ ဖြတ်သန်းသွားလာနေကြသည့် ကားမီးရောင်တွေ င့် ထူး ရဲ့မျက်နှာလေးကို သူ မြင်နေရသည်။ ပြီးတော့ ပြုံးလိုက်

“မင်းလောက် မလှပါဘူးဆိုမှ ထူး ရယ် .. သူက ပုံဆိုးပန်းဆိုး ါ .. ပြီးတော့ မင်း ပြောဖြစ်ဖြစ် မပြောဖြစ်ဖြစ် သူ့ကို ကိုယ့်ဆီ မောင်းထုတ်လိုက်ဖို့က မဖြစ်နိုင်ဘူး ..”

“ဘာဖြစ်လို့လဲ ..”

“ရွာကလူတွေကိုက ရွာသားချင်း စောင့်ရှောက်ပေးဖို့ ပြောထား ာ ..”

အခြေအနေကလည်း ဒီတိုင်း ဖြစ်နေတာပဲမို့ မုသားမကင်းရုံတော့ ိုက်မိသည်။

“ကိုယ်တို့ မိဘချင်းကလည်း ကျေးဇူးမကင်းတွေလေ .. ခနယ်တိုင်ကလည်း လိုလိုလားလား လက်ခံခဲ့ကြတာဆိုတော့ ဘာမှ နေနဲ့ ..”

“မှုရတယ် ဆက် ရဲ့ .. ဆက် က .. ဟင်း ...”

ပြောနေရင်း သက်ပြင်းချပစ်လိုက်တော့ ဆက် က ရယ်ကာ ...

“ပြောလေ .. ဆက် က ဘာဖြစ်လဲ ..”

“မသိဘူးကွာ ..အဲဒီသူငယ်ချင်းဆိုတာကိုလည်း စိတ်မချနိုင်ဘူး.. းရင် မုန့်ဝယ်သွားရ .. အကျႌအဝတ်စား ဝယ်သွားရနဲ့ တော်ကြာ ှောက်ရမယ့်တာဝန်က တစ်သက်လုံးစာ ဖြစ်သွားရင် ဘယ်လို လဲ .. ဆက် နော် ..ဝယ်ထားတဲ့တိုက်ခန်းမှာ သွားမနေရဘူး..”



www.burmeseclassic.com

www.burmeseclassic.com



"မနေပါဘူး .."

"ကောင်မလေးတွေ သီချင်းတောင်းတိုင်းလည်း ဆိုမပေးနဲ့ ..

"ဒါကတော့ မဖြစ်ဘူး ထင်တယ် .. သူတို့က ကိုယ့်ရဲ့ ထမင်း
တွေ .."

"ပြီးတော့ သီချင်းဆိုတဲ့ ကောင်မလေးတွေက အရမ်း ပေး
တာ .. ရင်းရင်းနှီးနှီး မနေနဲ့ ..၊ မထူးပါဘူးကွာ .. တို့နှစ်ယော
စေ့စပ်ထားလိုက်ရအောင် .."

"ကိုယ်က မစေ့စပ်ချင်လို့ မဟုတ်ပါဘူး .. အန်ကယ့်လ်
သိက္ခာကို ထည့်တွေးပေးတာ .. မင်းအတွက် အရမ်း တန်ဖိုးကြီးေ
မယ့် အန်ကယ့်လ်အတွက် အမှိုက်ဖြစ်နေမယ်ဆိုရင် သူ့ခေါင်းပေ
အမှိုက်ကြီးဆိုပြီး လူကဲ့ရဲ့ခံရမှာပေါ့ .."

ထူး က သက်ပြင်းလေး ချ၍ ငြိမ်သွားပြီးမှ ...

"ဆက် က ဒက်ဒီ အထင်သေးမှာစိုးလို့ ပစ္စည်းစုဆောင်းနေ
တော့ မဟုတ်ဘူးမို့လား ဟင် .. ငါ သူဌေးဖြစ်မှ သူ့သမီးကို ယူ
ဆိုတာမျိုး .."

"အဲဒီလို တကယ်ဆိုရင် မင်းအတွက် ပိုတောင် ကောင်း
တယ်လေ .."

"မကောင်းပါဘူး .. မလိုချင်ဘူး အဲ့ဒါတွေ .."

"ဟွန်း .."

"လက်ထပ်ကြဖို့က ဒက်ဒီ ခုတစ်လောမှာ အလုပ်တွေနဲ့
တယ် ဆက် ရဲ့ .. ထူး ကို တစ်ခါမှ မခိုင်းဘူးဘဲနဲ့တောင် အခု နို
ရပြီ .. အဲ့ဒါကြောင့်ပါ .. ဒက်ဒီက သဘောမတူလို့ မဟုတ်ဘူး
ကိုတော့ အကြွင်းမဲ့ ယုံပါ .."

"ယုံပါ့မယ် .."

"ဆက် နော် .. ပြောင်ချော်ချော်နဲ့ .. ဟွန်း .. မုန်းစရာကြီး





"ဟား .. ဟား ..."

ဆက် က ရယ်ကာ ရှေ့ပြန်လှည့်၍ ...

"ဒါဆို မောင်းလို့ ရပြီ နော် .."

"ရပြီ .."

ကားလေးက လမ်းပေါ် ပြန်ဖုံ့တက်ရင်း ဆက်လက် ပြေးလွှားသွား
၊ ထူး က သီချင်းဖွင့်လိုက်ပြီးမှ လက်လေးပိုက်၍ နားစွင့်ထား၏။
သီချင်းသံ ထွက်လာတော့ မျက်နှာလေးက ပြုံးအိသွားကာ
က်ထုံး ကလည်း လှည့်ကြည့်၏။ ပြီးတော့ ရယ်သံနှင့် ...

"တမင် ရွေးဖွင့်လိုက်တာလား .."

"နိုး .. တို့ရဲ့စိတ်ကြောင့် ယူ့ကို သိစေချင်တာတွေ သူ့အလိုလို
လာတာ .."

"ဩော .. ဩော ..."

နှစ်ယောက်၏ ရယ်သံတွေကြားထဲမှာ သီချင်းလေးက စူးရှနေ၏။

♪ .. သွားစမ်းပါ ပြောရင် .. အဲ့ဒီ လာခေါ်စေချင်လို့ .. လာမခေါ်နဲ့ ပြောရင်
အမြန်လာပြီး ခေါ် ...

- ဒီတစ်ခါတော့ ပြတ်ပြီ ပြောနေပြီဆို .. အဲ့ဒီ မင်းကို တကယ် မပြတ်ဘူး..

- အရမ်းမုန်းတာပဲ ပြောရင် ရင်ခုန်နေလို့ ..

- ဘာမဆို 'အင်း' လို့ ပြောရင် စိတ်ဆိုးလို့ ..

- ဒါတွေ မသိဘဲနဲ့ မင်းနဲ့ ငါရယ် .. ရှေ့ဆက်ပြီး ဘယ်လို ပေါင်းရမလဲ ငါ
သိဘူး .. ♪



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ပေဖူး .."

ခေါ်သံကြားလိုက်သည်နှင့် ရာဇ နဲ့ ခနေ တို့ ခေါင်းထောင်သွား သည်။ ပြီးတော့ မျက်လုံးချင်း ဆုံ၏။

"ပေဖူး .. ဘာလုပ်နေလဲကွာ .. ဒီမှာ ခေါ်နေတာကို .."

ကိုင်လာသည့်အထုပ်တွေကို စားပွဲပေါ် တင်လိုက်ကာ ခြေထော က ခြေအိတ်နှစ်ဖက်ကို ချွတ်ရင်း ဖိနပ်စင်ကို ခုန်ဆွ ခုန်ဆွ ပြန်သွား သည်။

ပြီးတော့ ဖိနပ်ထဲမှာ ခြေအိတ်တွေကို ထည့်ပြီးမှ ပြန်လှည့်ကြ လိုက်လျှင် ...

"ပေဖူး က ဘာလုပ်နေလို့လဲ .."

"မရှိဘူး .."

"ဟမ်!..."

အထဲကို ပြန်လှည့်ဝင်လာသည့် ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွား သည်။ ရာဇ က ခေါင်း တွင်တွင်ကုတ်နေကာ ခနေ က မျက်မှန်ဖြုတ် မျက်နှာကို လက်ဝါးနဲ့ ပွတ်နေရင်း ...





"မင်းရဲ့ ပေဖူး အလုပ်လုပ်နေတာကွ .."

"ဘာ!... ဘာပြောတယ် .."

ဆက်ထုံး ရာဇ နားကို ခြေတစ်လှမ်းတည်းနဲ့ ရောက်သွား၏။

"ဘယ်မှာ လုပ်တာလဲ .. ငါ့ကိုလည်း ဘာမှ မပြောဘူး .. သူ့ကို ဘယ်သူက လုပ်ခိုင်းလို့လဲ .. ဘာပိုးတွေ ဝင်သွားတာလဲ .."

"ဟ .. နေပါဦး ဆက်ထုံး ရာ .. မင်းကလည်း မင်းပဲ .. ပြောပြီး တော့ မေ့သွားပြီလား .."

"ငါက ဘာပြောမိလို့လဲ .."

"သူ့အရည်အချင်းနဲ့ စားသောက်ဆိုင်မှာ ပန်းကန်ဆေးဖို့ပဲ ရမယ် ဆိုတာ .."

"တောက်!..."

"အဲ့ဒါ .. သူ အဲ့ဒီဆိုင်မှာပဲ .."

"ငါ့ကို ရွဲ့တာပေါ့ .."

"ဟာ!... ဟော့ .. ဆက်ထုံး အဲ့လို မဟုတ်ပါဘူးကွာ .."

ဆက်ထုံး ခြေလှမ်းကို အမီလိုက်ပေမယ့် အိမ်ရှေ့ဆင်းသွားမှ မီ သည်။

"မင်းက ဘယ်လိုဖြစ်တာလဲကွ .. သူလည်း အိမ်မှာ ပျင်းလို့ နေ မှာပေါ့ .. ငါတို့နှစ်ယောက်စလုံး တားတာ ဘယ်လိုမှကို တားလို့ မရ ဘူး .. မင်း မသိပါစေနဲ့တဲ့ .. အဲ့ဒီအလုပ်က ဂုဏ်တော့ မရှိပေမယ့် သူ အဲဒါမျိုးက စပြီး လုပ်မှ .."

"မရဘူး .. မလုပ်ရဘူး .."

လက်ကို ဖြုတ်ချပစ်ခဲ့သည်။ ရာဇ က အတင်း ပြန်ဆွဲပေမယ့် နဲ့ ရောက်လာပြီး သူ့လက်ကို ထပ်ဆွဲထားကာ ...

"သွားပေ့စေ .. ငါတို့ တားလို့မရတာကို ဆက်ထုံး သွားမှ ကိစ္စ ပြတ်မှာ .. အဲ့ဒီကောင်မလေးကိုက ဘာလေးမှန်း မသိဘူး .. ရွဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မှန်း သိနေတာတောင် သူ မရှဲ့ပါဘူးလို့ ရှင်းပြရခက်အောင် လုပ်ပဲ လုပ်တတ်တယ် ..."

"ဘာဖြစ်ဖြစ်ကွာ .. ဆက်ထုံး က ပေဖူး ကိုဆို အမြဲတမ်း ပြုံးပြုံးပြုံး သဘောက်သဘောက်နဲ့ လုပ်တာ .. သူ့ခမျာ မျက်နှာငယ်ရှာပါတယ်.. ဘာလုပ်လုပ် မှားပဲ မှားနေတော့လည်း မှားလို့ ပြင်လေ ပိုမှားလေ ဖြစ်မှာပဲ ..."

"မင်းက ပေဖူး ကို သနားနေတာလား ရာဇ .. ထားလိုက်စမ်းပါ.. သူတို့ချင်း သံယောဇဉ်ကို ယုံကြည်လိုက် .."

"ဘာ!..."

"တစ်ခါတလေမှာ သံယောဇဉ်က အချစ်ထက် အဆိပ်ပြင်းတတ်တယ် .."

အဆိပ်ပြင်းမပြင်းတော့ မသိပေ ..၊ သိပ်မကြာလိုက်သော အချိန်အတွင်းမှာပဲ ပေဖူး ရဲ့လက်တစ်ဖက်ကို ဆွဲ၍ ဆက်ထုံး ပြန်ရောက်လာသည်။

"လွှတ်ပါတော့ .. ငါ့လက်တွေ နာနေပြီ .."

"တောက်!..."

ပေဖူး လက်ကို ဆွဲကိုင်လာသည့် သူ့လက်ကို သူ ပြန်နမ်း၍ ခါပစ်လိုက်ရင်း ဆက်ထုံး က တက်ခေါက်၏။

"အဲ့ဒီမှာ အိုးကြီးခွက်ကြီးတွေ 'မ ..' 'တင် ..' ဆေးကြောနေရတာကျတော့ ပျော်တယ် ဟုတ်လား .."

"ငါ ပန်းကန်ဆေးတာ မဟုတ်ဘူး ထုံး .. ချက်ပြုတ်တဲ့နေရာမှာ ဝင်လုပ်တာ .. အဲ့ဒါလည်း ဟင်းအိုးတိုင်းကို ချက်ရတာ မဟုတ်ဘူး.."

"တော်တော့ .."

"နင့်အမိန့်ချည်းပဲ ငါ့ကို နာခံစေချင်တာလား .. ငါ တစ်နေကုန် အိမ်ထဲမှာနေပြီး နင် ပြန်လာတာကို သိတဲ့အခါ သိ .. မသိတဲ့အခါ





သိ .. အတူတူ စုံစုံလင်လင် ရှိနေကြတော့လည်း နင့်အလုပ် နင်လုပ်.. တစ်ခါတစ်ခါ ဖုန်းတွေပြောပြီး နင် သာယာနေတာ .."

"သာယာချင်သလား .. ရတယ် .. ဖုန်းဝယ်ပေးမယ် .. ပြောရမယ့်လူလည်း ရှိစေရမယ် .. နောက်ထပ် ဘာအလုပ်မှ ထွက်လုပ်ဖို့ စိတ်ကူးနဲ့ .."

"တောက်!..."

"ခွမ်း .."

"ဘုန်း .."

"ဟ!..."

"ကုန်ပြီ .."

ဝင်လာကာစက ဆွဲကိုင်လာသည့် စားပွဲပေါ်က အထုပ်တွေကို ဆွဲလွဲ လွှင့်ပစ်၍ ဝုန်းဒိုင်းကြဲအောင် လုပ်ထွက်သွား၏။ အကျီ ထဘီတွေနှင့် .. အသုံးအဆောင်ပစ္စည်းတချို့လည်း ပါသည်။

ပြီးတော့ ဟမ်ဘာဂါတွေရော .. ဘဲကင်တွေပါ အားလုံး ထွက်ကျပြန့်ကြဲကျန်ခဲ့လျက် ...

"တော်တော်ရမ်းတဲ့ ကောင်ကွာ .. နမြောစရာ .."

"ကဲ .. ငိုမနေပါနဲ့ဟာ .. ငါတို့ ပြောသားပဲ .. ဒီကောင် သိရင် နင် မလွယ်ဘူးလို့ .."

ပေဖူး က မျက်ရည်လက်စတို့ကို မသုတ်အားဘဲ တံမြက်စည်းနဲ့ အမှိုက်ကေါ်ပြားလေး ပြေးယူသည်။ အားလုံးကို လှည်းကျင်း ရှင်းလင်းရင်း ငိုနေလိုက်တာ ပခုံးလေးနှစ်ဖက်ပါ တုန်နေရှာ၏။

"မျက်နှာသစ်ပြီး ပြန်ထွက်ခဲ့ .. အပြင်မှာ ထမင်းသွားစားမယ်.."

ပြန်ထွက်လာတော့ ဘာမှ မပြောဆိုခဲ့သလို မျက်နှာနှင့် ပေဖူး ကိုပဲ အမိန့်တွေ ထပ်ပေးနေ၏။ သူ့ကိုယ်သူတော့ ဒါက ချော့ခြင်းမည် သိမ့်မည် ...၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အခန်းကို ခေါင်းလှည့်သွားပြီးမှ သူ့ရဲ့ ချော့ခြင်း မည်မည်မမည်မည် ကျေနပ်ဖို့ အဆင်သင့်ဖြစ်နေခဲ့သည့် ပေဖူး ကလည်း ခြေ ရပ်၍ မျက်ရည်သုတ်၏။

ဒါပေမယ့် မျက်နှာလေးကတော့ ငိုမဲ့မဲ့လေးပဲ ရှိနေကာ ...

"ငါ မစားတော့ပါဘူး .."

"မရဘူး .. ငါ ဒီတိုင်း ဆွဲခေါ်သွားရမှာလား .."

ပေဖူး ငြိမ်သွား၏။ ခနဲ က ရယ်ကာ ...

"ငါတို့ကိုတော့ ဆွဲခေါ်စရာ မလိုပါဘူးကွာ .. ငါတို့ ဒီလောက် မရိုင်းပါဘူး .. လိုက်ခဲ့ရမှာလား .. တစ်ခွန်းသဲ ခေါ်လိုက် .."

"မလိုက်နဲ့ .."

"ဟာကွာ .. ဒီလောက် ကျွေးချင်မနေပါနဲ့ .. တော်ရုံဆိုင်လောက် ဆို ရပါတယ် .."

"မရဘူးတဲ့ .. ရှယ်ကို ကျွေးချင်နေတာ .. ဟိုမှာ ရပ်ကြီးက .."

ရာဇ တို့ ဝိုင်းနောက်နေကြသဖြင့် ဆက်ထုံး က ရယ်ကာ အကျႌ လက်စတွေ ခေါက်တင်နေရင်း ...

"ဒီလောက်တောင် စကားတွေ ခေါ်နေတော့လည်း လိုက်ခဲ့ကြပေါ့ ကွာ .. တစ်ဖြုံ နှစ်ဖြုံတော့ မမျိုနဲ့ပေါ့ .."

ခနဲ တို့ ရှည်ထွက်သွားသည့် လည်ပင်းတွေကို လက်တွေနဲ့ ပွတ် သပ်နေကြ၏။

အဲ့ဒီလို ကြင်ကြင်နာနာ ပြောတတ်တဲ့ကောင် ဆိုတော့လည်း - ဘာပဲဖြစ်ဖြစ် သူတို့ကလည်း လိုက်ဖို့ အသင့် ...။





အခန်း (၂၂)

BURMESE CLASSIC

"ဘယ့်နှယ် လက်ကို အတင်းဖက်ထားတာလဲ .."

"ကြောက်လို့ပေါ့ .."

စက်လှေကားထိပ်ကို ရောက်မှ လက်မောင်းတစ်ဖက်က လွှတ် ငြိမ်းချမ်းသာခွင့် ရ၏။

ကိုယ့်ချစ်သူနဲ့တောင် လူမြင်ကွင်းထဲမှာ ဒီလောက်ထိ ပူးကပ် ဖက်တွယ်မသွားခဲ့ဖူးပါ ...။

"နောက်ထပ် ဒီလှေကားမျိုး ထပ်တက်ရဦးမှာလား .."

"တက်ရမှာ .. တက်ဖြစ်အောင်ကို ခေါ်သွားဦးမှာ .."

"ထုံး ရယ် .. နင်ကလည်း ငါ မတက်တတ်တော့ နင်ပဲ အရှက်ကွဲ မှာ .."

"အံမာ .. လူကို ခြိမ်းခြောက်နေသေးတယ် .. မကွဲအောင် တက်.. ဒီတစ်ခါ လက်ကို လာဆွဲရင် ပြန်တွန်းလွှတ်လိုက်မှာ .."

"တွန်းပေါ့ .. လဲရင်တော့ ဆွဲမှာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



သူ ဝယ်ပေးထားသည့် စတိုင်လ်ဘောင်းဘီလေး တကားကား အပေါ်ထပ် ဂျက်ကက်ခိုပြာရောင်ဖျော့ဖျော့လေးနှင့် အတင်း ဖြည်ချနိုင်း ခဲ့ရသည့် ကျစ်ဆံမြီးရာတွေနဲ့ ဆံပင်တွန့်တွန့်ကော့ကော့လေးတွေရယ်.. ရယ်တော့ ရယ်ဖို့ ကောင်းနေသည်။

ဒါပေမယ့် ချစ်ဖို့လည်း ကောင်းပါ၏။

လူလေးက ဖြူဖြူသွယ်သွယ် .. အရပ်အမောင်းလေးလည်း မဆိုး လှဘဲ စက်လှေကားပေါ် လှမ်းလိုက်တာနှင့် ခြေကားယား လက်ကား ယား ..၊

ပြီးတော့ မျက်လုံးက ပြူးခနဲ ဖြစ် .. ပြီးတော့ ရင်ဘတ် ဖိလို ဖိ.. ဟိုငေးဒီငေးနှင့် ခလုတ်တိုက်လို တိုက် ..၊

"ဩော် .. ဒုက္ခပါပဲ .. ကိုယ့်ခြေထောက် ကိုယ်တောင်မှ .."လို့ ညည်းတာက ရှိသေးသည်။

နောက်ထပ် စက်လှေကားခြေရင်းတစ်ခု ထပ်ရောက်လာတော့ ဘာသံမှ မထွက်ဘဲ ဘောင်းဘီဒူးစနှစ်ဖက်ကို ပြန်ဆွဲထားကာ ခြေ ထောက်လေးကို ကြွလိုက်သည်။ ပြီးတော့ ထိုခြေထောက်က မြေမကျဘဲ တဆဆနှင့် ...

"ရပြီ .. တက်တော့ .."

ဝမ်တီန်ပေးပြီး သူသာ ရှေ့ကဖြစ်ကာ ပေဖူး ပါမလာခဲ့ ...၊

ဤနည်းလမ်းများနှင့် သူမ ဆက်ထုံး နားကို ရောက်လာတော့ လက်ဖျားလေးတွေ အေးစက်နေကာ ...

"မျက်နှာကြီးက ဘာဖြစ်တာလဲ ..၊ ငိုချလိုက်တော့မလို့လား .."

"မငိုပါဘူး .."

ပြောတာ ငိုသံလေး ပါနေ၏။

"နင် ငါ့ကို တမင် ဒုက္ခပေးနေတာ သိလို့ ဝမ်းနည်းတာ .."

"အဲ့ဒါ ဒုက္ခပေးတာ မဟုတ်ဘူး .. သွားရဲလာရဲရှိအောင် ပညာ





တွေ့ပေးနေတာ .. ဒီလိုနေရာတွေ ခေါ်ထုတ်မလာရင် နင်က နီးစပ်ရာ ထမင်းဆိုင် ရောက်မှာလေ .."

"ဒါဆို ဒီထိ ရောက်လာလို့ ရတယ်ပေါ့ .."

"ရတယ် .. ဒီလိုနေရာမှာဆိုရင်တော့ အမိုက်ကောက် သန့်ရှင်း ရေးပေါ့ .."

"ဟင်!... ဒီလောက် ပြောင်နေတာကို အမှိုက်ကောက်ရတာ ရှိ တယ် .. ဟုတ် .."

"ပေဖူး .."

"ဟင် .."

မော့ကြည့်လိုက်တော့ ဆက်ထုံး မျက်နှာကြီးက တင်းနေကာ ...

"နင် ငါ့လက်သီးစာ မိတော့မယ် သိလား .."

ပေဖူး က သူ့ကိုယ်သူ ဘာပြောမိမှန်းတောင် သိပုံ မပေါ် ..၊

ကြိမ်းမောင်းခံလိုက်ရမှ နှာခေါင်းလေး ရှုံ့ကာ မျက်နှာလွှဲပစ်၏။ ပြီးတော့ ပါးစပ်က ပွစိပွစိ ဘာတွေ ရွတ်ဖတ် ပွားများနေမှန်း မသိ..။

"ဒီထဲ ဝင်မယ် .."

"ဟင် .."

အထဲမှာ ယောကျ်ားတွေရော မိန်းမတွေရော ထိုင်နေတဲ့ထဲမှာ ရော.. ညှပ် ဖြောင့် ကောက်ပေးနေကြသည့် မတ်တတ်တွေထဲမှာရော..၊

"ထုံး .. နင် ငါ့ဆံပင်တွေကို .."

"သူ့ဆံပင်တွေကို စတက်ပ်လေး လုပ်ချင်တယ် .."

"ဟော့ ကိုဆက် .."

ဆံပင်ဖြောင့်နေသည့် မိန်းကလေးတစ်ယောက်က လှမ်းခေါ်တော့ ဆက်ထုံး က ထိုဆီ လျှောက်သွားသည်။

"လာ့ .. ညီမ .."

ပေဖူး ကိုတော့ တစ်ယောက်က ခေါ်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို အခန်းထဲ ခေါ်သွားတော့ ပေဖူး အားကိုးတကြီး လှမ်းကြည့်မိသည်။

ကောင်မလေး တစ်ယောက်နဲ့ စကားပြောနေရင်း ဆက်ထုံး က တစ်ချက်ပဲ လှည့်ကြည့်ပြီး မျက်နှာပြန်လွှဲသွား၏။

"တော်တော် ရက်စက်တဲ့ ထုံး .. ငါ့ကို ထားခဲ့ပြီး သူက အဲဒီ တစ်ယောက်နဲ့ ပါရင် ပါသွားဦးမှာ .."

စိတ်တို့သည် ဆက်ထုံး ဆီကနေ လူကို ပက်လက်လှဲခိုင်းလိုက်ခြင်းမှာ စုပြုံ ပူလောင်သွား၏။

"ဒီပေါ်မှာလား ဟင် .."

"ဟုတ်တယ် .. ဟိုပေါ်ကနေ တက်လိုက်လေ .. ခေါင်းလျှော်ရအောင် .."

"ခေါင်းလျှော်ရမယ် .."

"အင်း .."

ပေဖူး က ပြုံးပြုံးပြပြ ပြန်မေးနေကာ ဖြေတဲ့လူကလည်း ကြောင်တောင်တောင် အံ့ဩဟန်နှင့် ...

"ဆံပင်ဖြတ်မှာကို ဒီလိုလည်း လုပ်ရသလား .."

"အင်း .. ညီမက နယ်ကလား .."

"မဟုတ်ဘူး .. ရွာက .."

သူမက ရယ်လိုက်ကာ ခုမှ သဘောပေါက်သွားပုံ ပေါ်၏။ ပြီးတော့ ဆံပင်ကို လေပူတွေနဲ့မှုတ်ကာ ညှပ်ပေးတာက တစ်ယောက်..။

ထိုမှစ၍ ပေဖူး ရဲ့ သဘောကျခြင်းတွေ စတင်လာခဲ့သည်။

ဘယ်လိုလုပ်လုပ် လှဖွယ်မမြင်သော ဆံပင်တွေက နားသယ်စပ်နားမှာ ဆံမြိတ်ဖျားလေးတွေ စဖြစ်ကာ ပါးရိုးအောက်မှာ တစ်ထပ် ..။

ပြီးတော့ ပခုံးနဲ့ ထိစပ်ခြင်းမှာ အရင်လို ကော့ကော့ထောင်ထောင်တွေ မဟုတ်တော့ဘဲ ...





"ကြိုက်လား .."

"အင်း .. ကြိုက်တယ် .."

"ညီမရဲ့ ဆံပင်တွေက သဘာဝအရောင်ဆိုတော့ ပိုလှသွားတာ ..."

ဆံပင်ညှပ်ပေးနေသည့် အမျိုးသမီးက ပြုံးနေကာ ဆံပင်တွေကို ...ိုင်နေတာ တယုတယ ..။

"ကျွန်မက ဒီဆံပင်တွေကို ဘာလုပ်လုပ် မလှတော့ပါဘူးလို့ ထင် ...းတာ .."

"ဘာမှမလုပ်လို့ မလှတာလေ .. ပြီးတော့ ညီမ ဆံပင်တွေက ...မ ပြောသလို မပျက်စီးပါဘူး .. ဂရုမစိုက်တဲ့ ပန်းပင်လိုပေါ့ .. ဆံပင် ...တာ သူ့ကို အမြဲတမ်း ဂရုစိုက်နေရတယ် .. ဟဲ်ရှံစတိုင်လ်ဆိုတာ ...တစ်ယောက်ရဲ့ အလှအပကို ဖန်ဆင်းတာပဲကွ .."

"ဟုတ်တယ် နော် .."

မှန်ထဲကနေ ဆံပင်ညှပ်ပေးနေသည့် အမျိုးသမီးရဲ့ မျက်တောင် ...်တွေ ကော့နက်နေတာကို သတိထားကြည့်မိသည်။

ပြီးတော့ ခရမ်းရောင်နုနု ဆိုးထားသည့် နှုတ်ခမ်း .. နီမြန်းနေသည့် ...ံ့နှစ်ဖက်ကအစ တော်တော်ကို လှသည်လို့ ထင်မိ၏။

ထို့ပြင် သူမက ကိုယ့်လိုပဲ ဆံပင်တွေက အုန်းခွံရောင် ရဲရဲ ..။

သူရော ဆေးဆိုးထားတာလား ..။ ကိုယ့်လို နဂိုရောင်လား ..။

နောက်ဆုံး တစ်ယောက်တည်း တွေးနေရတာ အားမရနိုင်ဘဲ ဖြစ် ...ကာ ...

"အစ်မ မျက်တောင်တွေက အရမ်းလှတာပဲ နော် .."

"အပွန်း .. ဒီလောက်တော့ မလှပါဘူး .. မက်စ်ကာရာနဲ့ ဆွဲထား ... .. ညီမလည်း လုပ်ကြည့်ပါလား .. မျက်တောင်လေးတွေ ပိုလှသွား ...ပေါ့ .. နေထရယ်အလှက ကောင်းပေမယ့် သိပ်မလှရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်ပေးရတာပဲလေ .. မဟုတ်ဘူးလား ..”

သူမ သင်ပေးလိုက်တဲ့ အလှပြင်နည်းတွေကို ပေဖူး သေချာ မှတ်ထားမိသည်။

ကိုယ်လည်း မိန်းကလေးပဲမို့ လှခွင့်ရမယ်ဆိုရင်တော့ လှချင်သည်။

ပြီးတော့ ဆက်ထုံး မျက်နှာကို မတော်နိမ်ရာဘဝကနေ မော့ငေးမည့်အစား ကိုယ်လည်း သူ့လိုပဲ လှတပတလေး ရှိနေချင်၏။

“ဘာလဲ ပြုံးတုံ့တုံ့နဲ့ ..”

“အဟွန်း ..”

ပြောလိုက်မှ ပန်းလေး ကုတ်ကျသွားအောင် ရယ်ကာ ...

“ထုံး ငါ လှတယ်နော် ..”

“လှလားလို့ မေးစမ်းပါ ..”

“နင်က မလှဘူး ပြောမလို့ မို့လား ..”

“လှမှ မလှတာ ..”

အတူတူ လျှောက်လာကြရင်း ဂရုစိုက်ကြည့်သည့် အကြည့်ဆေး တစ်ချက်တောင် ရောက်မလာတာကို ပေဖူး စိတ်တိုမိသည်။

တကယ်ဆို ဒီက ပြုပြင်ပြောင်းလဲပြီး အပြင်ထွက်လာတာ ဇာတ်လမ်းတွေထဲကလို မျက်လုံးကြီး ပြူးသက် စူးစိုက်ပြီး ခဏ ငေးပါဦးလား ..။

သူမ တကယ်ကို မလှသေးတာလား ..။

မှန်ချပ်ကြီး တစ်ချပ်ရှေ့က အဖြတ်မှာ တုံ့ခနဲ ရပ်ပြီး ကိုယ့်ကိုကိုယ် ကြည့်မိ၏။

ထိုအခါ ဆက်ထုံး က ဆတ်ခနဲ ပြန်ဆွဲသွားကာ ...

“အဲ့လောက် မတုံးနဲ့ .. ကိုယ့်လမ်း ကိုယ်လျှောက် ..”

“ဟဲ့ မှန်ထောင်ထားလို့ ကြည့်တဲ့ဥစ္စာ ..”





ဆက်ထုံး က ဘောင်းဘီအိတ်ထဲ လက်တွေ ထည့်ထားရင်း ပေဖူး ပခုံးနဲ့ တိုက်ပစ်လိုက်ကာ ...

“မှန်မြင်တိုင်း ကြည့်စရာလား .. ပြောရင် နားမထောင်ဘူး .. ပြောဖို့ပဲ ..”

“ဒါဆို နေရာတကာမှာ မှန်တွေ ထောင်ထားပြီး ဘာလုပ်တာလဲ..၊ ဖမ်းတာလား ..”

“မဟုတ်ဘူး .. ငတုံး ဖမ်းတာ ..၊ အခု တစ်ကောင် မိသွားပြီ ..”

“ထုံး နော် .. နင်ကိုက ငါ့ကိုဆို တုံးတယ် .. တစ်တယ်ချည်း ချင်တာ ..”

“တုံးတာ တစ်တာပဲဟာ ..”

ပြောနေတုန်း မှန်ကြီးတစ်ချပ်ရှေ့ကို ရောက်လာ၏။ မျက်လုံးက ဆီကို ထောင့်ကပ် ရောက်သွားကာ ခိုးချောင်ခိုးဝှက်မို့ အာရုံတွေ ...သွားပြီး ...

“အ!...”

“ဟာ!... ဆောရီး ..”

ရှေ့ကတစ်ယောက်နဲ့ တိုက်ပစ်လိုက်မိတာ အင့်ခနဲ ..။

သူ့မေးဖျားနဲ့ ပေဖူး ရဲ့ နဖူးလေး ဆောင့်မိကာ နဖူးကို အုပ်ရင်း ...က်ပြန်ယိုင်သွားလျှင် တစ်ဖက်လူက ပျာပျာသလဲ လှမ်းဆွဲ၏။

“ဆောရီးပါဗျာ ..”

“ရတယ် .. ရတယ် ..”

ပေဖူး မျက်နှာလေး မဲ့နေတော့ ထိုလူက မေးဖျားဆီကို လက်ပြင် ...တိုးလာလျှင် ...

“ရပြီ .. လုံလောက်နေပြီ ..”

ပေဖူး လက်ကို ဆွဲ၍ ဒီဘက်ကို ယူလိုက်ကာ ဆက်ထုံး မျက်နှာ ...န်ကုပ်ကုပ် ..။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ လူရှယ်က ဆက်ထုံး ကို သတိထားမိသွားပြီး ...
တောင်းပန်ဖို့ ဟန်ပြင်၏။

သူ့မျက်လုံးထဲမှာ ဆက်တုံး ရဲ့ ကောင်မလေးကို သူ ဆွဲမိ ကို...
ခဲ့သည်ဟု ...၊

"အဲ့ဒါ ငေးဦးလေ .. အရသာ ရှိသွားလား .."

"ရှိမလား ဟဲ့ .. နာလိုက်တာ .."

ရွှဲ့မေးလို့ မေးမှန်းလည်း မသိဘဲ နဖူးကို ပွတ်နေတာ မပြီးနိုင်...

"ဘူးသီးထွက်တော့မလား မသိဘူး .. သူလည်း နှုတ်ခမ်းပေါ်...
သွားမှာ သေချာတယ် .."

"ဆေးသွားထည့်ပေးလိုက်ပါလား .."

"အံမာ .. နှစ်ယောက်စလုံး ငေးလို့ တိုက်မိတာ ဘာလို့ ငါ...
ဆေးထည့်ပေးရမှာလဲ .."

ကျွတ်!...

မရွဲ့နဲ့တော့ ဆက်ထုံး ...၊ မှားသွားပါတယ် ပြောပြီး တောင်း...
လိုက် ...၊





အခန်း (၂၃)

"စားသောက်ဆိုင်က ခြံထဲမှာနော် .. အရမ်းလှတာပဲ ...၊ ဟိုလေ..
...င်တို့နောက်ကို လိုက်လာတုန်းက တွေ့ခဲ့တဲ့ မင်္ဂလာဆောင်အတိုင်း
.."

Blue Night ရက်စထရန့်ကို ပေဖူး သဘောတွေ ကျနေ၏။ ဒီဆိုင်
...ဆက်ထုံး သိချင်းဆိုသည်လို့ ပြောထားပေမယ့် သူမက ခုမှ ရောက်
...ာမို့ ...

"ငါတို့က ဘယ်ကနေ ရပ်ကြည့်ရမှာ ဟင် .."

"အထဲ ဝင်ထိုင်ရမှာပေါ့ .. စားသောက်ဆိုင်က ဟိုဘက်မှာ .."

မျက်နှာစာဘက်ကို ရောက်တော့ ခြံတစ်ဖက်ခြမ်းမှာ ခင်းကျင်း
...ည့် စတော့ချ်နဲ့ အခမ်းအနား ကို မမြင်ရတော့ပေ ...၊

"ငါက စားသောက်ဆိုင်ထဲမှာပဲ ဆိုရတယ် မှတ်နေတာ .. ခြံကြီး
အကျယ်ကြီးပဲ နော် .. ဟိုတိုက်ကြီးက စားသောက်ဆိုင် ဟုတ်
.."

www.burmeseclassic.com



"အင်း .. သူ့နောက်မှာ တည်းခိုခန်းလေးတွေလည်း ရှိတယ် ရက်စထရန့်ဆိုပေမယ့် မိုတယ်လောက် အဆင့်ရှိတယ်လို့ ပြောတာပဲ ဒီမှာ သီချင်းဆိုတဲ့ အဆိုရှင်တွေကလည်း အားလုံး တော်တယ်ဟ ငါ နှစ်ခါ သုံးခါ ရောက်ဖူးတယ် .."

မနု က သေချာ ရှင်းပြပြီး ရှေ့ကနေ ပတ်လျှောက်သွား၏။ အဆ မှာ နေ့မှန်း ညမှန်း မသိအောင် လင်းထိန်နေသည့် မီးရောင်နှင့် ပြင်ဆ ထားတာတွေက ပေဖူး ကို ရင်ခုန်သံတွေ မြန်လာစေ၏။

"မနု .. ထုံး က ဘယ်မှာလဲ .. ငါတို့ကို မောင်းထုတ်နေဦးမယ်

ထုံး က သူတို့တွေကို လှမ်းမြင်လိုက်တည်းက မျက်လုံးက ဆေ ဆီ တန်းရောက်သွားတာ ဖြစ်သည်။

မနု ဆိုတဲ့ကောင် ပေဖူး ကို ဘာလို့ ခေါ်လာတာလဲ ..၊

ရောက်တဲ့နေရာမှာ ထူးထူးဆန်းဆန်းတွေချည်း ဖြစ်နေတတ် သူမပုံစံက မသိတဲ့လူတွေတောင် သတိထားကြည့်လာကြတာ ဖြ သည်။

ပြီးတော့ ဒီလိုနေရာမှာဆို ပိုဆိုးပြီ ..၊

ပြီးတော့ ဒီည ထူး လာမှာ ဘယ်လိုလုပ်မလဲ ..၊

♫ .. ကြယ်တွေမပါတဲ့ ကောင်းကင် .. လေပြည်မလာတဲ့ ညရဲ့လွမ်းမြင်
.. ဇီရဲ့ အမြင်အာရုံတွေထဲ နေရာတကာမှာ မှောင်မိုက်လို့ .. အိုး
ဘေးသွားတွေလည်း မလှနိုင်ပြီ ..
.. ဒီလိုညမျိုး မင်း ရှိမယ်ဆို .. အော်ရာတွေနဲ့ လမင်းလည်း .. မင်း
အပြုံးကြောင့် ရောက်လာမယ် ..
.. ကြယ်တွေဟာလေ လင်းလက်ဆဲ.. ကိုယ့်ကို ပြုံးလို့ ငုံ့ကြည့်နေမယ်

"ထုံး က အရမ်းတော်တာပဲ နော် .."

ငေးနေရင်း လိုက်လိုက်လှဲလှဲ ချီးမွမ်းတော့ မနု က ပြုံးသည်





ပြီးတော့ ကဏန်းပေါင်းနဲ့ ထမင်းကို သေချာ လိပ်ပြီးမှ ပါးစပ်ထဲ သွင်းကာ ..

"ငေးပဲ ငေးမနေနဲ့ .. စားစရာရှိတာ စား .. ဒီကောင်က တစ်နေ့ ပွဲထက် ပိုဆိုတာ မဟုတ်ဘူး .. ဘယ်သူတောင်းတောင်း ပြန်တာ .."

"ဘာတောင်းတာလဲ ဟင် .."

"သီချင်း .."

"ဘယ်သူတွေကလဲ ဟင် .."

"ရှေ့ဆုံးမှာ ထိုင်နေတဲ့ အပျိုကြီးမမတွေ .. မော်ဒယ်လ်လေးတွေ ဒီမှာ မမြင်ဘူးလား .."

"ငယ်ငယ်တွေက စုံတွဲတွေပါ မနု ရဲ့ .."

"ဟား .. ဟား .. ဟား ..."

မနု က အသံမကျယ်ဘဲ ပခုံးတွေ လှုပ်အောင် ရယ်သည်။

"နင် မသိပါဘူး ပေဖူး ရာ .. နင့်ရဲ့ ထုံး အခု အဆိုတော်လုပ်ချင် .. လုပ်လို့ ရတယ် .. အောင်မြင်ဖြစ်ထွန်းတဲ့အထိ တာဝန်ယူနိုင် .."

"ဘယ်သူကလဲ .."

"အဲဒီရှေ့ စားပွဲတွေမှာပါ ဆို .."

"အမျိုးသမီးတွေ ရှိတယ်လေ .. ဘယ်သူလဲလို့ .."

"အဲ့ဒီ အပျိုကြီးမမတွေပေါ့ဟာ .. စပွန်ဆာပေးချင်လွန်းလို့ လာ .. ယူပါပေါ့ .."

"အဲ့ဒါ အပျိုကြီးတွေမှန်း နင်က ဘယ်လိုဖြစ်လို့ သေချာနေတာ .. သူတို့နဲ့ ခင်လို့လား .."

"မခင်ပေမယ့် ခုခေတ်မှာ တစ်ယောက်တည်းဆိုရင် အပျိုပဲ .. င်နဲ့ ပျိုပျို .. ယရစ်နဲ့ပဲ ပြိုပြို .. ကဲ .. စားစမ်းပါဟာ .. နင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်မရှည်အောင် တုံးတာပဲ ..”

“ဪ .. မသိလို့ မေးတဲ့ဥစ္စာ ဖြေရမှာပေါ့ .. နင်ပဲ ငါ့ကို ... သုတရှိအောင် ဆို ..”

“ဟုတ်တယ် .. အခု ဒီစားပွဲပေါ်ကဟာတွေ ရှင်းရရင် ဘယ်... လောက်လောက် ရှောမယ်ထင်လဲ .. ဟွန်း .. ဒီဆိုင်က တော်ရုံလူ ... လို့ရတဲ့ဆိုင် မဟုတ်ဘူး .. ငါ့မှာ နင့်ရှေ့ရေးအတွက် မဟာ့မဟာ ... စားခဲ့ရတာ ..”

“ဟုတ်လား ..”

အစက စားမလို့ဟာ ခုကျမှပဲ တကယ် လည်နင်တော့သည် ... ဒါပေမယ့် သူတို့ စားနေတုန်း ဆက်ထုံး ပြီးသွားပြီမို့ မြန်မြန်စား... မြန်မြန်ထခဲ့ရကာ ...

“မင်းတို့က ဒီထိ လိုက်ပြီး ဘာလာလုပ်ကြတာလဲ ..”

“ဒင်နာ လာစားတာပေါ့ကွ .. ဒီလောက်တော့ ငါတို့လည်း ... နိုင်တယ် ..”

ဟိုအကြောင်း ဒီအကြောင်းတွေ သိသွားတည်းက ခနု က ... ဘက်ကို လုံးလုံးရောက်သွားခဲ့မှန်း ဆက်ထုံး သိသည်။ မဟုတ်... သူ့ဗိုက်သူတောင် သထာတဲ့လူ မဟုတ် ...။

ပြီးတော့ ပေဖူး ကို ဆင်လာတာလည်း ခနု ရဲ့ တိုက်တွန်းချက်... ဖြစ်နိုင်၏။

နက်ပြာရောင်ပေါ်မှာ အပြာနုလှိုင်းလေးတွေနှင့် ခါးရှည်လက်... လည်ဟိုက် ...၊ ပြီးတော့ ဘောင်းဘီရှည်အနက်နှင့် ...၊

မျက်နှာကို သေချာကြည့်မိကာမှ ဆက်ထုံး မျက်မှောင်ကုတ်... ခဲ့သည်။

ဒီမျက်နှာထိတော့ ခနု လိုက်ပြင်ပေးတာ မဖြစ်နိုင် ...၊

“ဘာကြည့်တာလဲ .. ဘာဆူစရာ ကျန်သေးလို့လဲ ..”





“ဘာမှ မကြည့်ဘူး .. ဘာမှ မဆူဘူး .. ပဲများလာတာကို အံ့ဩ... ..”

“အဟွန်း ..”

ပေဖူး က လည်ကုပ်လေး ပွတ်၍ ရယ်ကာ ...

“လှလား ..”

“တစ်စက်မှ မလှဘူး ..”

“ဘာလို့ မလှရမှာလဲ .. လှတယ် ပေဖူး .. ဒီကောင် စိတ်ပုတ်ပြီး ...တာ ..”

သူတို့ မိုးတိုးမတ်တတ်ဖြစ်နေကြတုန်း ဆံပင်ရှည်တွေ ဖြန့်ထား... မော်ဒယ်လ်တစ်ယောက်နဲ့ ဆံတိုလေးတစ်ယောက် ရောက်လာ...

“ကိုဆက် ..”

“ဟင် ..”

“ဒီည ကိုဆက် ပေးတဲ့ သီချင်း ဆိုမယ် နော် ..”

“ရပါပြီ .. ဆိုလေ .. ဒီဂျေက ဘာပြောလဲ ..”

“သီချင်းက ကောင်းတယ်တဲ့ ..”

“မင်းဆိုဖို့ကို မေးတာ ..”

“ဪ .. မေ့အသံနဲ့ လိုက်မယ့် သီချင်းပဲတဲ့ ..”

...စကားပြောနေသည့် မော်ဒယ်လ်ကို ရုတ်တရက် တစ်ယောက်က ...လာဆွဲကာ ...

“သွားရအောင် မေ .. ဟိုမှာ တစ်ယောက် တက်သွားပြီ ..”

“အား .. နေဦး ..”

“ဟယ်!...”

...င်ပြတ်အပြာနုဝတ်စုံပေါ်မှာ ရစ်သိုင်းထားသော ဖြူဖပ်ဖပ် ပြာ... ...ပါပါးလေးက ရင်တစ်ဖက်မှာ ရင်ထိုးအကြီးကြီးနဲ့ ဒီနိုင်း...



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကပ်ဖိထားတာ ဖြစ်သည်။

ထို ပဝါကြောင့် မြန်မာဝတ်စုံပဲ ဝတ်ထားသလိုလို ယဉ်ယဉ် ဖြစ်နေပေမယ့် ပဝါက အနေမကျရင်တော့ ...

"လုပ်ပါဦး ကေသီ ရယ် .. နင်ကလည်း ဘာလို့ တအား ဆွဲ တာလဲ .."

"ဟယ်!... ဆောရီးပါ .. ဆောရီးပါ မေ ရယ် .. ငါ တမင်လုပ် မဟုတ်ပါဘူး .. ဘယ်လိုလုပ်ကြမလဲ .."

ငုံ့ကြည့်လိုက်ကာ ကေသီ က ရင်ထိုးကို ကမန်းကတန်း ယူ၏။

မေ က ပဝါကို ပုံမပျက်အောင် လက်နဲ့ ဖိထားရင်း မျက်နှာ တစ်ပြင်လုံး ချောက်ချားနေလျက် ...

"ငါ မဆိုတော့ဘူး ပြန်တော့မယ် .."

"ခဏလေး နေဦး မမေ .."

ငိုမဲ့မဲ့လေး ဖြစ်နေသည့် မေ့ ကို ကြည့်ရင်း သနားလာကာ ဖျတ်ခနဲ ဝင်လာသည့် စိတ်ကူးအတိုင်း ရင်ထိုးကို ယူလိုက်ပြီး ကြည့်ကာ ...

"ဒါလေးက ကပ်ပန်းလေးလို လုပ်ထားတာဥစ္စာ .."

ပြောပြီး သူမလက်မှာ ပြိုးပြက်လက်နေသော လက်ပတ်ကြိုး တွေကို လှမ်းကြည့်၍ ...

"ဒီလက်ကောက်လေးကတော့ မပါလည်း ရတယ်မို့လား .

ခရစ္စတယ်ကွင်းလေးမှာ အနက်နှင့် အကြည်ရောင် အလုံး တွေ .. ကြယ်လေးတွေ မျိုးစုံအောင် ပါနေကာ အားလုံး ငါးကွင်း ရှိသည်။

မေ ကတော့ ခေါင်းလေးပဲ ညိတ်ပြကာ ပေဖူး ကို ဆက် ပတ်သက်နေသူမှန်းသာ သိသည်။





ကျန်တာ ဘာမှမသိဘဲ လက်ပတ်တွေကို ဖြုတ်ခိုင်းတော့လည်း ဖြုတ်ပေးလိုက်ပေမယ့် ဘာလုပ်မယ်ဆိုတာ မသိ ..။

"ပေဖူး ဘာလုပ်မလို့လဲ .. အချိန်မရှိတော့ဘူး နော် .."

သီချင်းတစ်ပုဒ်ပြီးလျှင် နောက်လူက ဆက်တက်ရမှာမို့ ဆက်ထုံး က တားဆီးဖို့ လက်ပြင်၏။

"သူ တစ်ခုခု လုပ်ပေးနိုင်မလား မသိဘူး .. ကူညီပါ အစ်မရယ် နော် .. အဲ့ဒီမှာ လုပ်ထား .. ကေ ဟိုမှာ သွားနေလိုက်မယ် .. ရတယ်.."

ကေသီ ကတော့ အားတက်သရော အကူအညီတောင်းကာ ရုံထဲ ကို လှည့်ဝင်သွား၏။

"ရတယ် .. ဘာမှမကြာဘူး .. ခဏပဲ .."

မြက်ခင်းရဲ့အစပ်က မီးရောင်အောက်ကို ရောက်အောင်သွားကာ ပေဖူး က လက်ကိုင်ပဝါလေး ဖြန့်ခင်း၍ လက်ပတ်ကြိုးနှစ်ကွင်းကို ဖြုတ်ပစ်လိုက်၏။

ပုလဲနှင့် ကျောက်လေးတွေကို သစ်ရွက်ပုံ အဝတ်စိမ်းလေးပေါ်မှာ စိုက်တန်တာ စိုက်၍ ရစ်ခွေထားသော ဒီဇိုင်းလေးက ပုလဲတန်းကနေ အညှာထိ ပြုတ်ထွက်နေတာ ဖြစ်သည်။

ပေဖူး က လက်ပတ်တစ်ကွင်းကို ဖြုတ်၍ အတုံးလိုက် ချိတ်ကာ တစ်ကွင်းကို ဒီတိုင်း ခေါက်ပြီး ဘေးကနေ ကပ်ထားပေးလိုက်သည်။

ရင်ထိုးမှာ ပါသော တွယ်ချိတ်လေးကို ပုံစံဖျက်ကာ ချိတ်ချင်တာ နှင့် ချိတ်ထားလိုက်ပြီး မေ့ ရင်ဘတ်မှာ သူမကိုယ်တိုင် လာထိုးပေး တော့ ကလစ်သေးသေးလေးတွေနဲ့ ...

"ဒီအကျီအတွင်းသားလေးကို နည်းနည်းလေးတော့ ဖောက်မယ် နော် .. အတွင်းက ကလစ်တစ်ခုနဲ့ ကြက်ခြေခတ်ပြီး ထိန်းထားလိုက်ရင် ရပြီ .."

"အင်း .."

www.burmeseclassic.com



အချိန်သည် ကွက်တိပဲဖြစ်ကာ ရင်ထိုးလေးက ပိုတောင် လှသွားသေးသည်။

"ဒါ .. ဒါလေးက ပြုတ်ကျမလား ဟင် .."

"လှုပ်နေရုံလေးပဲ သေချာ ချိတ်ထားတာ ပြုတ်မကျဘူး .. ဒီဘက်ခြမ်းက ပုလဲတွေ ပြုတ်နေတာ မပေါ်အောင်လို့ ကပ်ထားတာ .. မမေ ခုန်တာ ပေါက်တာတွေ မလုပ်ဘူးမို့လား .. ဒီဝတ်စုံကြီးနဲ့လေ .."

"မလုပ်ဘူး .. အဲဒီလို သိချင်း မဟုတ်ဘူး .. ဒါပေမယ့် လူကြားထဲမှာ ပြုတ်ကျမှာ စိုးလို့ .."

"လုံးဝ မကျဘူး .. သွား .. သွား .. ရပြီ .."

မေ က သူမချော ပြန်တောင် စမ်းကိုင်မကြည့်ရဲရှာ ..၊ ငုံ့ကြည့်လိုက် .. လက်လေးပြင်လိုက်နှင့် ထွက်သွား၏။

"သူ့ရင်ထိုးထက်တောင် ပိုလှသေးတယ် .."

ခနု ကတော့ ချီးမွမ်းပေမယ့် ...

"အရှက်ကွဲရင်တော့ အဲ့ဒါ ပြဿနာ အကြီးကြီးနော် .. မေ က မိန်းကလေးတွေထဲမှာ စိတ်ကောက်တတ်တာ နာမည်ကျော် ..၊ ကေသီ တစ်ယောက်ပဲ သူ့ဒဏ် ခံလွန်းလို့ တည့်နေတာ .."

"အဲ့ဒီတော့ ဘာဖြစ်လဲ .. မင်းရဲ့ မေ ကျေးဇူးတွေတင်ပြီး ပေဖူး ကိုတောင် လာပြီး အလေးပြုဦးမယ် .. ကဲ .. ကဲ .. ငါတို့လည်း ပြန်မယ် .."

"ပြန်လေ .. ငါက .."

ပြောနေတုန်း ဖုန်းဝင်လာသဖြင့် ကြည့်လိုက်တော့ ထူး ရောက်နေပြီမို့ ...

"ခဏ နေကြဦး .. ထူး နဲ့ မိတ်ဆက်ပေးမလို့ .."

"ဘာလုပ်ဖို့လဲ .."

"မင်းကို မဟုတ်ပါဘူး .."





ခနု က ပေဖူး ကို လှမ်းကြည့်သည်။ ပြုံးနေသည့် ပေဖူး မျက်နှာလေး တည်တည်လေး ဖြစ်သွားကာ ...

"နင် လက်ထပ်မယ့်သူလား .."

"ဟုတ်တယ် .. ဟိုတစ်ခါ ငါတို့ လက်ထပ်ဖြစ်မယ်လို့ ငါ ပြောခုန်းကလည်း အဲ့ဒါကို ပြောမလို့ပဲ .. စကားက လိုရင်း မရောက်လိုက်ဘူး .."

"ဘာကိုလဲ .."

"သူက နင်နဲ့ မိတ်ဆက်ပေးဖို့ ပြောနေတာ .."

"အဲ့ဒါတွေ လိုလို့လား .."

ခနု က မကြည့်မလင် ဝင်မေးသည်။ သူ သိတာပေါ့ ..၊ ထူးထူးခြားခြား ပေဖူး ကို လှမ်းပြီး သဝန်တိုနေပြီဆိုတာ ...

"အဲဒီလိုမှန်း သိရင် ငါ ပေဖူး ကို ဗျူးတီဆလွန်း(န်)ကို အရင် ဝင်ပို့ပြီးမှ ခေါ်လာပါတယ် .."

ထူး ကို အဲလောက်ထိ လိုလားခင်မင်နေတာတွေ ခနု ထံမှာ ပေါ်လာသည်။ ပေဖူး ကတော့ မျက်နှာလေး ပျက်သွားပေမယ့် ဟန်ဆောင်ပြုံးလေးနှင့် နေတတ်ခဲ့ကာ ...

"ဘယ်မှာလဲ ... အခု လာနေပြီလား .."

"အင်း .. ဆိုင်ထဲမှာ .."

သူတို့တွေ ဆိုင်ထဲရောက်တော့ အဝင်ဝ စားပွဲမှာပဲ ထူး ကို မြင်လိုက်ရသည်။ လက်တစ်ခြမ်း ရင်ဘတ်တစ်ခြမ်းမှာ ဇာအထူနှင့် အဖြူဆွတ်ဆွတ်ဆွဲသားကပ်ကပ်လေးကို ဝတ်ထားသည်။

လည်ပင်းအကျယ်ကြီး ဟိုက်ထားပေမယ့် ဖွေးပြည့်နေသော ရင်ဘတ်လှလှလေးက ဘာလက်ဝတ်ရတနာမှ မပါဘဲ လှနေ၏။

ပြီးတော့ အညိုရောင် မျက်ခုံးတန်းတို့ရဲ့အောက်မှာ အဖြူရောင် ရှုးဖိနပ်က လက်နေ၏။ နှုတ်ခမ်းသားတို့က ပန်းနုရောင် ဖြူဖပ်ဖပ်လေး



www.burmeseclassic.com

www.burmeseclassic.com



စိုအိနေကာ ဘယ်လောက်လှပါသည်ဆိုတာ ဘယ်လိုပြောရမှန်း မသိလောက်အောင် ပေဖူး က ငေးလေသည်။

"ထိုင်ကြလေ .. အပွန်း .. ထူး က အိမ်ရှင်လုပ်ပြီး ဧည့်ခံနေတာ.."

"အပြင်မှာ သွားထိုင်မလား .. ညဘက်ဆို အပြင်မှာ ပိုကောင်းတယ် .."

ထိုင်လိုက်ရင်း ဆက်ထုံး က အကြံပြုလိုက်သေးသည်။ ထူး ကတော့ ပေဖူး ကို မျက်နှာကအစ ခြေဖျားထိ စူးခနဲ တစ်ချက်ပဲ စေ့ကြည့်ကာ ပြုံးလိုက်၏။

သူမ အပြုံးက 'ဒီပုံစံဆိုရင်တော့ စိတ်မချစရာ မရှိပါဘူး'လို့ မှတ်ချက်ချသွားတာမျိုး ..။

"ဒီမှာ ကောင်းပါတယ် ဆက် ရယ် .. အပြင်မှာ နှင်းကြီးတယ် .. ဒါနဲ့ သူက .."

"ရွာက ကိုယ့်သူငယ်ချင်းလေ .. ပေဖူးလွှာ တဲ့ .."

"သြော် .. နာမည်လေးက လှသားပဲ .. တို့ကို မှတ်ထားနော် .. ထူးထူးမြတ် တဲ့ ..၊ ဆက် က ပြောပြထားလား .."

"အင်း.. ပြောတယ် .. အရမ်းလှတယ်လို့လည်း ပြောပြပါတယ်.."

"သြော် .. ဂုဏ်ယူစရာပဲ .."

"မင်းတို့ နေခဲ့ကြလေ .. ငါ ပြန်မယ် .. ပေဖူး ပြန်လိုက်မလား.."

"ငါ ပြန်လိုက်သွားရမလား ထုံး .."

ထုံး ဆိုတော့ ထူး မျက်ခုံးလေး ပင့်သွားကာ ဟွန့်ခနဲ ရယ်၏။

ထိုစဉ် ပြန်ခြင်း မပြန်ခြင်းက မဖြစ်မြောက်လိုက်ဘဲ မေ နဲ့ ကေသီ သူတို့နားကို ရောက်လာကြ၏။

"ကိုဆက် .."

"ဟော .. မင်း အဆင်ပြေလား .."

"ပြေတယ် .. ဒီမှာလေ .."





မေ က ပေဖူး ကို လှမ်းပြုံးပြရင်း ဆက်ထုံး ကိုတော့ သူမ ရင်ဘတ်ဆီက ရင်ထိုးကို လက်ညှိုးလေးနဲ့ ပြန်ညွှန်ပြ၏။

ထူး မျက်နှာ ညို့ခနဲ မှောင်သွားသည်။

'မေ'ဆိုတာ သူမ ..။

ဒီဆိုင်မှာ သူမကိုပဲ ဝိုင်းပြီး အရေးပေးနေရသည်။ သူမကို သဘောကျပြီး ဆွဲမြှူ လာအားပေးနေကြတဲ့ ကက်စတန်မာတွေလည်း အများအပြားမို့ သူဌေးကိုယ်တိုင် သူမနဲ့ပတ်သက်သည့် ချို့ယွင်းပျက်ပြားမှု ဘချို့တလေကို ခွင့်လွှတ်ထားပေးနေရတာတွေ ..။

ဆိုင်ပိုင်ရှင်က ကိုယ့်ဆွေမျိုးအရင်းကြီးမို့ ဒါတွေကို ထူး သိနေခဲ့၏။ သူမကြောင့်ပဲ ဆက်ထုံး ကို ဒီမှာ ဆွဲမြှူနေမှာ ထူး မကြိုက်ခဲ့တာဖြစ်သည်။

သူမကလည်း ဘယ်သူနဲ့မှ သင့်တင့်အောင် မပေါင်းခဲ့ဘဲ ဆက်ထုံး ကိုတော့ ...

"လှတယ်နော် ကိုဆက် .. ဟိုထဲရောက်မှ ကိုယ့်ဘာသာ မှန်ထဲ ပြန်ကြည့်မိတာ .."

"အင်း .. လှတယ် .."

"ကျေးဇူးအရမ်းတင်တာပဲ သိလား .. သူ့ကို မေ ခဏ ခေါ်သွားမယ် .. ရလား ဟင် .."

ပေဖူး ဆီ ထူး ရဲ့အကြည့် ရောက်သွားသည်။ ပေဖူး နဲ့ရော ဘယ်လို ပတ်သက်သွားတာလဲ ..။

"ရပါတယ် .. သူတို့က ပြန်တော့မှာ ထင်တယ် .. ပေဖူး လိုက်သွားမလား .."

ကိုယ့်အလှည့်ရောက်မှ ပေဖူး ကျောလေး တောင့်သွားကာ ...

"ဘယ်ကိုလဲ .."

"လာပါ .. ဒီမှာပဲ ဘယ်ကိုမှ မသွားဘူး .."



www.burmeseclassic.com

www.burmeseclassic.com



မေ က ပေဖူး လက်လေးကို တရင်းတနှီး လာဆွဲသည်။ ပြန်လှည့်လိုက်တော့ ပဝါနောက်ဖျားစနဲ့ ထူး ရဲ့ခေါင်းက ပန်းခက်လေး ငြိသွား၏။ ပဝါတင်းသွားမှ မေ တုံ့ခနဲ ဖြစ်သွားကာ ...

"အဲ့ .."

ပန်းကို ထူး က လက်နဲ့ ဖမ်းအုပ်ထားလိုက်သဖြင့် ပန်းနဲ့ ငြိလျက်သား ပဝါစကိုပါ ဖိထား၏။ မေ က သာသာလေး ပြန်ဖြုတ်လိုက်ကာ...

"ဆောရီး .."

လူကို ကျေနပ်လား .. မကျေနပ်ဘူးလားလည်း မကြည့် ...၊

ပေဖူး ပခုံးလေးကို ဖက်ပြီး ထွက်သွားသည်။

"သိပ်ရိုင်းတာပဲ .. တောက်!..."

ခေါင်းကို စမ်းကိုင်ရင်း ထူး ခပ်ကြိတ်ကြိတ် တက်ခေါက်သည်။ ပြီးတော့ မျက်လုံးရူးရူးတွေက ဆက်ထုံး ဆီ ရောက်လာကာ ...

"အဲ့ဒီရင်ထိုးက ယူနဲ့ ဘယ်လို ပတ်သက်နေတာလဲ ပြောပါဦး.."

"ဘယ်လိုမှ မပတ်သက်ပါဘူး ...၊ ပေဖူး .."

"ဘယ်လိုမှ မပတ်သက်ဘဲ ယူ့ကိုပဲ သူ ပြောသွားတာ တို့ရှေ့မှာ တမင်လုပ်သွားတာ ထင်တယ် .."

ဒီဆိုင်ကလူတွေ အားလုံးနီးပါးက ဆက်ထုံး နဲ့ ထူး တို့ကို သိနေပြီးသား ...၊

ထို့ပြင် မေ နဲ့ ထူး တို့က မြွေမြွေချင်း ခြေမြင်တာမျိုး ...၊

"ယူ့ကို တို့ ပြောထားသားနဲ့ကွာ .."

ဆက်ထုံး က ဘာမှမပြောဘဲ နေလေ ထူး မကျေနပ်နိုင်လေ ...၊

"ပေဖူးလွှာ က ဒီလို အမြဲတမ်း ပါလာတတ်လို့လား .. သူတို့ချည်း ဘယ်လို သိနေကြတာလဲ .. ပုံစံက တော်တော် ရင်းနှီးကြတဲ့ပုံပဲ .."

"တစ်ခါမှ မလိုက်ခဲ့ဘူးပေမယ့် ပေဖူး က ခင်ဖို့ကောင်းလို့ နေမှာပေါ့ .."





မေ က ဘာမှမဟုတ်သလို ခပ်ပြုံးပြုံး ဝင်ဖြေကာ ...

"အဲဒီရင်ထိုးကြောင့် ကွိုင်တက်တာလေ .. ခုနလေးတင်ပဲ ပေဖူး က ဝင်လုပ်ပေးလိုက်လို့ သူ့ဟာသူ ကျေးဇူးတင်ပြီး လိုက်လာတာ .."

ထူး က သူ့ကိုကြည့်တော့ မေ က ရယ်ပြသည်။

"တကယ်ပြောတာပါ .. ဆက်ထုံး နဲ့ ဘာမှ မဆိုင်ဘူး .. နင့်ခေါင်းကပန်းနဲ့ ငြိတာက အမှတ်တမဲ့ နေမှာပါဟာ .. တမင်တကာ ဘယ်သူက လုပ်မှာလဲ .. ဒါမျိုးက တမင်ငြိနိုင်းတိုင်းလည်း ငြိလို့ရတာ မဟုတ်ပါဘူး .."

"ငါကလည်း တမင် လုပ်သွားတာကို ပြောချင်တာ မဟုတ်ဘူး.. ဆောရီးတစ်ခွန်းနဲ့ နေရာတကာ မလုံလောက်ဘူးဆိုတာ နားမလည်လို့ .."

"ဒါကတော့ နင့်အတွက် ဆက်ထုံး က အဓိကဖြစ်သလို သူ့ရဲ့ အရေးကြီးကလည်း ပေဖူး ကို ခေါ်ဖို့ ဖြစ်နေတော့ ကြားကိစ္စက အရေးမကြီးဘူး ဖြစ်သွားတာ နေမှာပါ .. ငါက ဆရာကြီးလုပ်တာ မဟုတ်ဘူးနော် .. နင်တို့ချင်း ညှိမရ ဖြစ်သွားမှာစိုးလို့ .."

ဆက်ထုံး ကို မေးဆတ်ပြပြီး ပြောတော့မှ ထူး မျက်နှာလေး ပြေကျသွားကာ ...

"ညှိလို့မရစရာ မရှိပါဘူး .. ဒီက မေးတာကို သူက ဘာမှ မဖြေဘဲ နေတော့ .."

"မင်းဘာသာ ဒေါကန်နေတာ .. ကိုယ့်ကို တိုက်ရိုက်မေးတာမှ မဟုတ်ဘဲ .. ပြောတော့လည်း ဆုံးအောင် နားမထောင်ဘူး .."

"ဒါကတော့ စိတ်တိုနေတာကိုး ဆက် ရဲ့ .. ဆက် ကိုရော ပေဖူး ကိုပါ အံ့သြနေမိတာလည်း ပါတယ် .."

"ဘာဖြစ်လို့လဲ .."

"ဘယ်လိုပြောရမှန်းတောင် မသိဘူး .. ယူတို့ သုံးယောက်ဖို့မှာ



www.burmeseclassic.com

www.burmeseclassic.com



လာပြီ ၊ တြိဂံရဲ့ အနားသုံးဖက်လို ဆုံနေကြတာ ,, ဒီလိုဖြစ်ဖို့ ဘယ်သူ ကြိုးစားတာလဲ ..”

“ဘယ်သူကမှ မကြိုးစားဘူး .. ခုန ဓန ပြောသလို အဲဒီရင်ထိုး ကြောင့် သူတို့ သိသွားကြတာ ..”

“ထူး ကို တစ်မျိုးမထင်ပါနဲ့ ဆက် ရယ် .. ထူး က နေရာတကာ သဝန်ကြောင်နေတာ မဟုတ်ပါဘူး.. ဒါပေမယ့် မေ ဆိုတဲ့တစ်ယောက်က အရမ်းချမ်းသာခဲ့တဲ့ အသိုင်းအဝိုင်းက အထည်ကြီးပျက်တစ်ယောက်..”

“အဲ့ဒါကြောင့် သဝန်တိုစရာ အကြောင်း ရှိလို့လား ..”

“သူက နေတတ် စားတတ်တယ်လေ .. ပြီးတော့ လှတယ် .. ဟွန်း ..”

မရယ်ချင်ဘဲ ရယ်လိုက်ရင်း ဆံပင်သပ်နေ၏။ ပြီးမှ ...

“မိန်းမချင်းဆိုတာ မြွေမြွေချင်း ခြေမြင်တာပဲ .. ဘာလဲ .. ဆက် ကို သဝန်တိုပါတယ်ဆိုရင်ရော ထူး ဘက်က တိုခွင့်မရှိဘူးလား ..”

“ဒါတွေပဲ ထိုင်ရှင်းနေရရင် ပျော်စရာ ကောင်းဦးမလား ..”

“ဟင်!...”

“ခုပဲ ကြည့် ..”

“ခု ထူး လာတာက ပေဖူးလွှာ နဲ့ စကားပြောကြည့်ချင်လို့လေ.. သူ ခေါ်သွားတော့ မပြောရတော့ဘူး ..”

“ပေဖူး နဲ့ ပြောရခြင်း မရခြင်းကရော ဘာအရေးကြီးလို့လဲ ထူး.. သူ့ကို မင်း ကြည့်ချင်တယ်ဆိုတာ အခု ကြည့်ပြီးသွားပြီ .. ကိုယ်တို့ ဒီမှာ ဆက်ထိုင်မလား .. တစ်နေရာသွားချင်လား .. ဒါမှမဟုတ် ပြန်ကြ မှာလား ..”

“ဆက်ထိုင်ချင်ပေမယ့် ဆက် က ပင်ပန်းနေတဲ့ပုံ ပေါက်တော့ မထိုင်တော့ပါဘူး .. တစ်နေရာ သွားဖို့လည်း အချိန်မရတော့ဘူး .. ဒါပေမယ့် မပြန်ချင်သေးဘူး ..”





“မျက်စိလည်သွားပြီ ..”

ဓန က ပြောပြီး ထိုင်ရာက ထရပ်သည်။

“ငါ မြက်ခင်းပြင်ပေါ် လျှောက်ကြည့်လိုက်ဦးမယ် .. ပေဖူး ဒီ ...က်လာရင် ဟိုဘက်မှာလို့ ပြောလိုက်ကွာ .. ငါ့ဆီ တန်းလာရင် ...ည်း ငါတို့ ပြန်နှင့်လိုက်မယ် .. ဖုန်းမဆက်တော့ဘူး ..”

ဓန က ထူး ကို နှုတ်မဆက်တော့ဘဲ ထွက်ခွာသွား၏။

“ဆက် ကို အကြံတစ်ခု ပေးချင်တယ် ..”

“ပေဖူး အတွက်လား...”

“ဟုတ်တယ် .. သူ့ကို အလုပ်တစ်ခုခုထဲ သွင်းပေးမလား .. သူ့ ...က်ရော ဆက် တို့အတွက်ပါ လွတ်လွတ်လပ်လပ် ရှိတာပေါ့ ..”

ဆက်ထုံး ငြိမ်သွားသည်။ အလုပ်တစ်ခုခု ရဖို့ဆိုတာ သိပ်တော့ ...ည်းပေမယ့် ပေဖူး ရဲ့ ပညာအရည်အချင်းနဲ့ ရနိုင်မယ့် အလုပ် ...တွေ သူ မခိုင်းချင် ...။

ဒါကို ထူး ကိုလည်း ရှင်းမပြချင်သည်မို့ ...

“မဖြစ်ပါဘူးကွာ .. တော်ကြာ တို့က တာဝန်မယူချင်လို့ ချက် ...း အလုပ်သွင်းပေးလိုက်တယ်လို့ အထင်လွဲကုန်ကြမှာ ..”

“ဒါပေမယ့် ဆက် ရယ် .. ဘာမှလည်း သွေးတော်တာ မဟုတ် ... .. သူလည်း ကလေးမှ မဟုတ်တော့တာ .. အလုပ်မလုပ်ချင်ရင် ...ည်လာပြီး ပြန်မှာတဲ့လား သူက ..”

“သူ ပျော်သလောက်တော့ နေမှာပေါ့ ..”

“ဒါဆို ယောကျာ်းလေးတွေနဲ့ မသင့်တော်တာကျတော့ ရွာကလူ ...က ထည့်မတွေးကြဘူးလား .. အခု တို့ ပြောနေတာတွေက သဝန် ...့ မဟုတ်ဘူး နော် .. သူ့ကို မြင်လိုက်တည်းက တို့ စိတ်မချရ ...က်စရာ မဟုတ်ဘူးဆိုတာ နားလည်တယ် .. ပြီးတော့ ဆက် ကို ...း ယုံတယ် ..”



www.burmeseclassic.com

www.burmeseclassic.com



"ယုံတယ်ဆိုပြီး သူ့အကြောင်းချည်းပဲ .. ဘာဖြစ်လို့ ခေါင်း ထည့်နေတာလဲ .."

"ဆက် ကလည်းကွာ .. ပြောရ ခက်လိုက်တာ .."

"ပြောရခက်တာက ကိုယ် မဟုတ်ဘူး ထူး .. မင်းက ခက် တာ .."

"ဘာဖြစ်လို့လဲ .."

"အဲဒါ ကိုယ့်ကိုယ်ကိုယ် ပြန်မေးလေ .. လက်ထပ်ဖို့ကျ ခု မဖြစ်သေးဘူးတဲ့ .. ဒီမှာ မဖြစ်နိုင်တာတွေကျတော့ ဖြစ်လာမ ဆိုပြီး အရမ်း တွေးပူနေတယ် .. တစ်ယောက်နဲ့တစ်ယောက် ယုံကြ တယ်ဆိုရင် ဒါတွေက ပြောနေစရာအကြောင်း မရှိဘူး .."

"ယုံကြည်တာက လူကိုလေ .. ဒါပေမယ့် အဲဒီလူကလည်း အ အနေ အချိန်အခါပေါ်မှာ ရပ်တည်နေတဲ့လူ .."

"ဘာဖြစ်ဖြစ် မင်း ကိုယ့်ကို မယုံဘူး ဖြစ်နေတာပေါ့ .."

"မဟုတ်ပါဘူး ဆက် ရာ.. မျက်နှာကြီးကလည်း ဖြစ်နေလိုက်တာ

"မဟုတ်ဘူးဆိုရင် ပေဖူး ကိစ္စရော .. တခြား မိန်းကလေးတွေ ပတ်သက်တာရော .. နောက်ထပ် ကိုယ်တို့ ဘာမှ ထပ်မပြောကြေ မင်းဘက်က အိုခေ လား .."

"ဒါကတော့ .."

"ရက်(စ်) အော် နိုး ကွာ .."

"ကဲ .. ကောင်းပါပြီ .. မျက်နှာကြီးကို ပြင်လိုက်စမ်းပါ .."

နည်းနည်းတော့ ပြေသွားပေမယ့် ဆက်ထုံး မပြုံးနိုင်သေး ..

"ကိုယ် မင်းကို လက်ထပ်ကြမယ်လို့ ပြောခဲ့ပေမယ့် မြန်မြ လက်ထပ်မယ်လို့ နားမပူခဲ့ဘူး .."

"နားပူရင်လည်း ထူး က ပိုတောင် ကျေနပ်ဦးမှာ .. ဆက် မယုံ လား .."





ထူး က ချစ်စဖွယ်လေး ရယ်နေလျက် ...

"လက်မထပ်နိုင်သေးတာကို တွင်တွင် ချော့နေရတဲ့အဖြစ်လေး ရင်ခုန်ချင်တယ် .. ဆက် က ဒါကို သိတတ်ခြင်းလို့ ယူဆပေမယ့် ကတော့ ဆက် ဒီလို နားမပူခဲ့တာ လက်ထပ်ချင်စိတ် မပြင်းပြသေး များလားဆိုပြီး စိုးရိမ်မိသေးတယ် .."

"ပြင်းပြနေပါပြီဆိုတာကို ခေါင်းခါရတာ ဂုဏ်ယူတယ်ပေါ့ .."

"သဘာဝက ဒီတိုင်း ဖြစ်ရမှာ မဟုတ်ဘူးလား ဆက် ရဲ့ .. အခု ပ်ထားချင်တာကို တို့က နားပူနေရတယ် .. ယူက အေးဆေး .."

ပြောပုံလေးကို သဘောကျသွားကာ ဆက်ထုံး က ရယ်သည်။ တော့ သူမ မျက်နှာလေးကို တောင်းပန်သလို ကြည့်မိရင်း ...

"အဲဒီတိုင်းပဲ ကိုယ် နေတတ်တာကွာ .. တော်ရုံလောက်ကို လွှတ် သေးစမ်းပါ .. မင်းနဲ့ ကိုယ် တွေ့တိုင်း ရင်ခုန်စရာလေးတွေပဲ ပြော ဖြစ်တာပေါ့ .."

ထူး က ပြုံးပြပြီး ခေါင်းညိတ်သည်။

ဒါပေမယ့် ရင်ထဲမှာတော့ မကောင်း ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ခုနက ဖုန်းပြောနေတာ ဘယ်သူလဲ .."

"ပေဖူး လေ .."

"ပေဖူး .."

"ဟုတ်တယ် .. ဖုန်းကိုင်တတ်အောင် သင်ပေးနေတုန်း မေ့ ဆီ ခေါ်ကြည့်မယ်ဆိုပြီး သူ့ဟာသူ ခေါ်တာ .."

"မေ့ ဆီကို .."

"ဟား .. ဟုတ်တယ်ကွာ .. ခုမှ တစ်ရေးနိုးလာပြီးတော့ .."

"မနု .. ဟော့ကောင် နေဦး .."

"နေတယ် .. ဘယ်မှ မသွားဘူး .. ရေသောက်မလို့ .."

ပေဖူး ကို လိုက်ရှာတာလည်း မတွေ့ ...।

ခုတစ်လော ပေဖူး ဆိုင်ကို လိုက်လာတာ နှစ်ခါ ...।

နှစ်ခါစလုံး သူ့ဆီကို လာပေမယ့် မေ တို့ မိန်းကလေးတစ်ဦး ပြောဆိုရယ်မောရင်း အချိန်ဖြုန်းသည်။ မနေ့ကလည်း နေ့လယ်ပိုင်း မေ တစ်ခေါက် ရောက်လာသေးသည်။





ရာဇ တို့ ညီအစ်ကိုလည်း ထူး ကလွဲလျှင် အားလုံးကို ချစ်ခင်စရာ သတ်မှတ်ပြီးသား ဖြစ်နေသလား မသိ ...। မေ့ ကိုလည်း လိုက်လံ ကြ၏။ ထူး အိမ်မှာ ဝင်ထွက်နေတုန်းကတော့ ခပ်တန်းတန်းရှယ်...।

"မေ တို့နဲ့ ပေဖူး က ဘာဖြစ်လို့ ဒီလောက်တောင် ရင်းနှီးနေကြ လဲ ...। ဘာလဲ .. သီချင်းဆို သင်နေတာလား .."

"ဘယ်သိမလဲကွ .. မင်း သိချင် မေးကြည့်ပါလား .."

မနု က ရေဘူးကိုင်ပြီး ပေစောင်းစောင်း ကြည့်သည်။

"မင်းကတော့ ထူး ရဲ့ ကိုယ်ရံတော်ကြီးဖြစ်ပြီး သီချင်းတောင် န် မဆိုနိုင် .. အိမ်ပြန်မကပ်နိုင်နဲ့ .."

"ဘာဆိုင်လဲ .."

"မဆိုင်ပါဘူး .. ဒါပေမယ့် ပေဖူး က အိမ်မှာရှိရင် မင်းရဲ့ခြေရိပ် က်ပဲ လိုက်ကြည့်နေတာလေ .. သူ့မှာ အပေါင်းအသင်းနဲ့ သွားလာ ည်ပဟ်စရာနဲ့ ဖြစ်သွားတာ မကောင်းဘူးလား .."

"မကောင်းဘူး .."

"ဘာဖြစ်လို့လဲ .."

"အဲဒီလို သွားလာနေတာကို မကြိုက်တာ .."

"မင်းက ဘာအမိန့်နဲ့ တားချင်လို့လဲ .."

"မနု အဲဒီကောင်မလေးကို မင်း ထောင်ပေးမနေနဲ့ .. ပေဖူး က ကြိုက်တတ်ဘူး နော် .."

"အဲ့ဒါ ကောင်းတာပေါ့ကွ .."

"တစ်ခုခုဆို သိပ်ခေါင်းမာတာ .."

"ဒါလည်း ကောင်းတာပဲ .. စိတ်ပျော့တာ လူဖြစ်ရှုံးတယ် .."

"ကျွတ်!..."

မနု က ရယ်လိုက်ပြီး ရေသောက်ပြီးမှ ရေဘူးကိုင်လျက်နှင့် သူ့ ် လှည့်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပေဖူး ကို မင်း ပူမနေနဲ့ .. သူ့ကို မေ တို့က ခင်ကြတယ် .. မေ တို့ ကိုယ်တိုင်ကလည်း ဂျယ်လေးတွေမှ မဟုတ်ဘဲ .."

"ဟ .. ငါက အဲဒီလို ပြောတာ မဟုတ်ဘူး .. ဒါပေမယ့် မေ တို့နဲ့ ပေဖူး ရဲ့စရိုက်က တခြားစီ .."

"အခုက စရိုက်တူဖို့ ညှိကြတာလည်း မဟုတ်ဘူး .. ပေဖူး က သူတို့က အလှအပအကြောင်းတွေ သင်ပေးတယ် .. ပေဖူး က သူတို့ အတွက် ဝတ်စုံလေးတွေမှာ လိုအပ်ချက်ကြည့်ပြီး ပြင်ပေး ဆင်ပေး ဒီလောက်ပဲ .."

"သူ့ဟာသူတောင် လှအောင် မပြင်တတ်တဲ့သူကို .."

"အခု ပေဖူး ပြင်တတ်နေပါပြီကွာ .. မင်းဘာသာ လမ်းကြောင်း တွေများပြီး သတိမထားမိတာပါ .."

"သတိထားကြည့်တော့ရော ငါ ရှာကြည့်တိုင်း သူ မရှိဘူး .. မင်းနဲ့ ပါသွားတယ်ဖြစ်လိုက် .. ရာဇ ခေါ်သွားတယ်ဖြစ်လိုက် .. ဆိုင်ကို ရောက်လာတော့ မေ တို့နဲ့ .."

"မင်းနဲ့ ရှိနေလို့ရော ရလို့လား .. ခုတစ်လောကျမှ မင်းက မသွားရင် ဟိုက လာတယ် .. ဆက် နဲ့ ထူး ခွဲလို့ကို မရတော့ဘူး .. ဆက်ထုံး နာမည်ကို ဆက်ထူး လို့ ပြင်လိုက်ပါလား .."

သူနဲ့ ထူး ဒီလောက်တောင် လူအမြင်ကပ်စရာ ဖြစ်နေခဲ့သလား .. ဒါပေမယ့် ခနု တို့ မသိသည့်အချက်က အမြတ်များများတင်မည့် လုပ်ငန်းတစ်ခုမှာ နေရာရအောင် ဦးအောင်ထက် နဲ့ အဆင်ပြေဖို့ သူ ကြိုးစား နေတာ ဖြစ်သည်။ ဒီကိစ္စမှာ ထူး ကို အသုံးချသလိုလည်း မဖြစ်ချင်ပေ။

ထို့ကြောင့် သူမ စိတ်ချမ်းသာအောင် အစစ ဂရုစိုက် လိုက်လျော ပေးနေမိသည်။ ကိုယ့်ဘက်က ကိုယ် ဖြစ်ချင်တဲ့အတိုင်း နေလာခဲ့တာ တွေ များပြီမို့ သူမဆန္ဒကို ဦးစားပေးနေခဲ့တာပါ ..၊ ဒီအချိန်ကာလ အတွင်းမှာ ပေဖူး ဘယ်လောက်ထိ ခြေလှမ်းကြဲနေခဲ့သလဲ ..။





"ဒီမှာ ဆက်ထုံး .. မင်းကသာ မသိတာ .. ပေဖူး က အနုပညာ ..စိ ရှိတယ်ကွ .."

"ဘာ!... အခု သူက ဘာလုပ်မလို့တဲ့လဲ .."

ဆက်ထုံး ပြူးပြူးပြဲပြဲ ထဖြစ်သွားသည်။ သီချင်းဆိုမလို့ဆိုရင် ..ဘယ်လိုမှ ခွင့်မပြုနိုင် ..၊

"ဘာဖြစ်သွားဘာလဲ .. ဘာလုပ်နေတယ် ထင်လို့လဲ မင်းက .."

"ဒါဆိုလည်း ပြောလေကွာ .."

"ဘာမှမဟုတ်ပါဘူး .. ငါက စကားစရုံပဲ ရှိသေးတယ် .. မင်းက ..ပဲ ထင်ကြေးပေးနေတယ် .."

ခနု စိတ်မရှည်နိုင် ဖြစ်လာကာ ...

"ငါ ပြောချင်တာက ပေဖူး က သူ့ကိုယ်သူ မပြင်ဆင်တတ်ပေ.. သူများကို ပြင်ဆင်ပေးရတာ ဝါသနာပါတယ်ကွ .. ဟိုတစ်ည ..ာအဖြစ်မှာ ပေဖူး ကို မေ တို့က ခင်သွားကြတယ် .. လေးစား ..ာယ် ..၊ နောက်ထပ် ပေဖူး အကြံပေးတာတွေကို သဘောကျပြီး ..င်နာ လုပ်ပါလား .. ငါ့ဒီဇိုင်နာ လုပ်ပါလားဆိုတာမျိုးတွေပေါ့.."

"အဓိပ္ပာယ် မရှိ .."

"ဟုတ်တယ် .. ဒါပေမယ့် အခု ပေဖူး က အကျႌဒီဇိုင်းဆန်းလေး ..ဖော်ထုတ်ပေးတဲ့အထိ သူတို့ကို ကူညီနေတာကွ .."

"ဘာမှ ဖြစ်လာမှာ မဟုတ်ဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် ဒီဇိုင်နာလို့ ..မယ် ..၊ အလကား .. အဲ့ဒါ ခိုင်းလို့ကောင်းလို့ ခိုင်းနေတာ .."

"မေ တို့က ခင်ကြတာပါကွာ .. မင်းကလည်း .."

"မင်းကို ဘယ်လို အာမခံသွားလို့လဲ .."

"ဒီလောက်တော့ အကဲခတ်လို့ ရတယ် ဆက်ထုံး .. ငါကတော့ .. အဲ့ဒီလို အပေါင်းအသင်းဆုံလာတာ .. သွားလာ တက်ကြွနေတာ ..ို သဘောကျတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. သဘောကျစရာပဲ .. ဒါပေမယ့် သူများ မြေ
ပေးတိုင်း ကွေးအောင် ကမှာမျိုးတော့ မလုပ်ရဘူး .. သူ့ကို ငါကိုယ်တိ
အိမ်ထောင်ဖက် ရှာပေးတော့မယ် .."

"ဟမ် .. ဘာ!..."

ခနှ မျက်လုံးပြူးလာတော့ ဒီတစ်ခါ သူ့အလှည့်ဆိုသည့် မျက်
နှင့် ဆက်ထုံး က ခပ်တည်တည် ...

"ဟုတ်တယ် ခနှ .. ငါ အပြင်မှာ အလုပ်ရှုပ်နေတိုင်း ဖျတ်
ဖျတ်ခနဲ သတိရပြီး ရင်ပူသွားတတ်တာကို ဖိစီးမှုတစ်ခုလို ခံစားလာ
တယ် .. အဲဒီ ဖိစီးမှုကို ငါ ဖယ်ရှားမှ ဖြစ်မှာ .."

"ဘာက ဖိစီးမှုလဲ .."

"ပေဖူး ဘာလုပ်နေလဲ ဆိုတာမျိုး .."

"သူလည်း ကလေးမှ မဟုတ်တာ .. မင်း ဒီလို ပူနေဖို့ မလိုပါ
ကွာ .. ယောကျ်ားပေးစားမယ်ဆိုတာ ပိုတောင် မလိုသေးတယ် ..
လက်ခံမှ ဖြစ်မှာ .."

"လက်ခံအောင် ပြောရမှာပဲ .. ငါ သူ့ကို မထားခဲ့ရက်ဘူး ..
က ကျေနပ်ပေးနိုင်တယ်ဆိုပေမယ့် သူ့ကို ကြောင်တောင်ကြည့်
လက်ထပ်သွားရမှာကျတော့ စိတ်မလုံသလိုပဲ .. ပြီးတော့ကွာ .."

ပြောရင်း စိတ်ရှုပ်လာသလို ဆိုဖာမှာ ထိုင်ချလိုက်ကာ ...

"ငါ သူ့အတွက် စိတ်ပူနေတယ် .. ဝါးစပ်က ဘာပြောနေ
သူ့စိတ်နဲ့ပဲ ငါ ထူး နဲ့ ဘယ်လို အဆင်ပြေနေနေ အပျော်သက်သ
ရင်ခုန်သံ ဖြစ်မလာဘူး .. အပျော်တစ်ဝက် အပူတစ်ဝက်နဲ့ .."

"ဒါကတော့ မင်းတို့ရဲ့ သံယောဇဉ်က နည်းခဲ့တာမှ မဟုတ်
ကွာ .. မျက်နှာလွှဲခဲပစ်ကြီး ထားခဲ့ရမှာ မခံစားရဘဲတော့ ဘယ်နေ
ပြီးတော့ သူ့မှာ အားကိုး မရှိတော့ဘူးလေ .."

"ဟုတ်တယ် .."





"ဟုတ်ပေမယ့် အိမ်ထောင်ချပေးဖို့ မင်းကိုယ်တိုင် လုပ်မယ်ဆိုရင်
တော့ မင်း တော်တော် ရက်စက်ရာကျမှာ နော် .."

ဆက်ထုံး က ခနှ ကို ကြည့်သည်။ ခနှ က ခေါင်းညိတ်၍ ...

"ငါ အတည်ပြောနေတာ .. သူ ခုမှ မင်းနဲ့ပတ်သက်တဲ့ ဆုံးရှုံး
ရခြင်းကို ခံသာအောင် ကုစားနေတုန်း .."

ဆက်ထုံး သက်ပြင်းရှည်ကြီး ချသည်။ အဲ့ဒါကြောင့် ...

"သူ့မှာ ပညာအရည်အချင်းလည်း ရှိတာ မဟုတ်ဘူး .. ဘာအလုပ်
လုပ်စားဖို့မှ ငါ ခွင့်မပြုနိုင်ဘူး ခနှ .. ဘယ်သူက တကယ်ခင်ပါတယ်
ပြောလည်း ငါ စိတ်မချဘူး .. အဲ့ဒါ သူ့ကြောင့် ငါ သိက္ခာကျမှာ
စိုးရိမ်မိတာလား .. သူ့ကို သနားတာ သက်သက်လား ငါ့ကိုယ်ငါလည်း
မသိဘူး .."

"သနားတာ မဟုတ်ဘဲ ချစ်နေတာလား သေချာလည်း ပြန်တွေး
ပါဦး မင်းသားရယ် .."

ရာဇ က ဘယ်နေရာမှာ ရောက်နေမှန်း မသိဘဲ သူ ပြောချင်တာ
ကျတော့ အသံနှင့်အတူ ထွက်လာတတ်တာ အကျင့်တစ်ခုလို ဖြစ်နေ
ခဲ့သည်။

ခုလည်း လက်ထဲမှာ လက်သည်းညှပ်ကိုင်လျက် .. တစ်ဖက်မှာ
ဂျာနယ်တစ်စောင်နှင့် ...

"'ရှာနားက မြက် .. ရှာနွား မစား' ဆိုတာလို နီးကပ်လွန်းလို့
မမြင်တာ ဖြစ်နေနိုင်တယ် ဆက်ထုံး .. မင်း စဉ်းစားဦး .."

"မဖြစ်နိုင်တာတွေ လျှောက်ပြောနေပြန်ပြီ .."

"ဘာလို့ မဖြစ်နိုင်ရမှာလဲ .. ရည်းစားနဲ့ အတူရှိနေတဲ့အချိန်
အားလုံးကို မေ့နေကြတာပဲကွ .. အဲဒီအချိန်မှာ အမေကိုပဲ သတိရရ ..
အဖေကိုဖြစ်ဖြစ်ကွာ .. ဒါမှမဟုတ် ရည်းစားဟောင်း ရည်းစားပြိုင်
သတိတရ ဖြစ်လာတဲ့သူပေါ့ .."



www.burmeseclassic.com

"ဘာဖြစ်လဲ .. အဲ့ဒီတော့ .."

"အဲဒီတစ်ယောက်ဟာ ရည်းစားထက် ပိုလိုအပ်တဲ့လူပဲ .."

"ဟွန်း .."

"မင်း ခုတော့ မဲ့ထားဦးပေါ့ .. ငါကလည်း ငါ့အတွေ့အကြုံအရ ပြောပြတာဆိုတော့ ဒါက ဖြစ်နိုင်ချေလေ ..၊ အေး .. မင်း တကယ် လိုအပ်နေတာက မင်းဘေးက ရည်းစား မဟုတ်ပါလားဆိုတာ သိလာ တဲ့အခါမှာသာ နောင်တရစရာ မကျန်စေနဲ့ .."

"ဘာမှ ရစရာ မရှိဘူး ရာဇ .. ပေဖူး ကို ငါ ဘယ်တုန်းကမှ သူငယ်ချင်းထက် ပိုတဲ့ ခံစားချက်မျိုး မဖြစ်ခဲ့ဘူး .."

"အေးပါ .. သေချာတယ်ဆို ပြီးတာပဲ .."

"ဒါပေမယ့် မင်းဘက်က အဲဒီလို ရှင်းတယ်ဆိုပြီး သူ့ကို အာထာ ပါဝါတွေ မသုံးပါနဲ့ကွာ .."

"မောင်နှမစိတ်နဲ့ ကြည့်မယ်ဆိုရင် သုံးသင့်ရင် သုံးရမှာပဲ .. ငါ အခု စဉ်းစားထားတာ နှစ်ယောက် ရှိတယ် .."

"ဟား .. ဆက်ထုံး မင်း တကယ်လား .."

"တကယ် .."

ရာဇ တို့ မျက်လုံးချင်း ဆုံသွားကြသည်။

သေချာပါသည် ..၊ ပေဖူး ငိုပွဲဆင်ရလိမ့်ဦးမည် ..။

ဒီကောင်မလေး တစ်နှစ်ပတ်လုံး ပြဿဒါးလား ..၊





## အခန်း (၂၅)

"ဘယ်လို ဖြစ်နေကြတာလဲ .."

"ဒီမှာလည်း ဓားဇာက်တွေ .. ပန်းထိုးစက်တွေနဲ့ပါသား .."

ရာဇ နဲ့ ခနေ တို့ ဆင်ထားပြီးသား အပ်ချုပ်စက်တွေကို ကြည့်လိုက် .. မျက်ရည်ပေါက်ကြီးတွေ ကျလျက် အသံတိတ် ထိုင်ငိုနေသည့် ပေဖူး ကို ကြည့်လိုက် ..၊

"ပေဖူး ဘာဖြစ်နေတာလဲ .."

"ဟိုကိစ္စ ပြောနေတာ .."

"ဘယ်ကိစ္စ .."

မေးမိပြီးမှ သတိရကာ ခနေ အလျင်အမြန် ဘရိတ်အုပ်၏။

ဆက်ထုံး က ဂီတာကို ပိုက်လျက် ထွက်လာရင်း ...

"ငါက သူ့အတွက် ပြောနေတာ .."

ဂီတာကို ပိုက်ထားပေမယ့် တီးချင်တဲ့ပုံ သည်း မပေါ်ပေ ..၊ ဆက်ထုံး စေတနာနဲ့ စီစဉ်နေတာကို သိသည်။

ပေဖူး ကိုလည်း သနားကာ သူတို့လည်း ခေါင်းကုတ်ရုံပဲ တတ်နိုင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်ပြုဖို့လား .."

"ဟုတ်တယ် .."

ဒီတစ်ခါ မျက်ရည်သုတ်၍ ပေဖူး က ဝင်ဖြေတာ ဖြစ်ကာ ...

"ငါ ကလေးမှ မဟုတ်တာ .. ပြီးတော့ သူက ငါ့အဖေလည်း မဟုတ်ဘဲနဲ့ .."

ရာဇ မျက်နှာ ပြုံးစိစိ ဖြစ်သွားသည်။

ပေဖူး က ဖိခနဲ နှပ်ညှစ်လျှင် ဆက်ထုံး က တစ်ရှုးထုပ် ကမန်းကတန်း ထုတ်၍ ...

"လျှောက်ခါမပစ်နဲ့ .. နေဦး .."

သူကိုယ်တိုင် တစ်ရှုး နှစ်စ သုံးစ ထုတ်ယူပြီး ကမ်းပေးတာ အပြေးအလွှား ...၊ ပြီးတော့ ...

"နှပ်ညှစ်ပြီးမှ တစ်ရှုးရှာတဲ့အကျင့်ကို ဖျောက်စမ်းပါ .. နင် မရှုံ့ဘူးလား .."

"မရှုံ့ပါဘူး .."

ငိုနေရင်း တစ်ရှုးနဲ့ သုတ်ချေရင်းနဲ့ ပြန်လည်း ဖြေနိုင်သေးသည်။

"သူများ ရှုံ့မှာကို တွေးမိပေမယ့် ညှစ်ပြီးမှပဲ သတိရတာ .."

မခ မျက်နှာ ရှုံ့မဲ့သွားသည်။

ဒီမေးခွန်းအတွက် ပြည့်ပြည့်စုံစုံ ဖြေပေးတာ ကျေးဇူးတင်ပါသည် ကျေးဇူးရှင် ...၊

"ပြီးရော .. ငါ့ကို အမိန့်ပေးဖို့ဆို နင့်မှာ အကြောင်းပြချက်တွေက နိုင်လုံနေတာပဲ .. ငါ့ကို ယောက်ျားပေးစား .. ငါ လက်ခံမယ် .. ဒါပေမယ့် ဒီလုပ်ငန်းကို ခြောက်လ တစ်နှစ်တော့ လုပ်ဦးမယ် .. ဒါမှ ငါ့မှာလည်း အလုပ်နဲ့ အကိုင်နဲ့ လူ အထင်မသေးမှာ .."

"ခြောက်လ တစ်နှစ်တောင် ဟုတ်လား .. ငါက လက်ထပ်တော့မှာ .."





"ထပ်ပေါ့ .. နင် မယူခင် ငါ့ကို မဖြစ်မနေ ပေးစားဖို့ စီစဉ်ရှာလောက်အောင် ငါက မျက်စောင်မခတ်ရဲအောင် ကဲနေတဲ့ မိန်းမလား.."

"ကဲ .. မကဲ .. အခု ဒါတွေ အိမ်ပေါ် ရောက်လာပြီ .."

အပ်ချုပ်စက်တွေဆီ သူတို့အကြည့်တွေ ရောက်ကုန်ကြ၏။

"ဒါတွေက နင် ဝယ်လာတာလား ပေဖူး .."

"ဒါတွေ လုပ်တတ်လို့လား .."

"လုပ်တတ်တယ် .. စက်နဲ့ လုပ်တာကတော့ ခုမှ သင်နေတုန်းပဲ.. ဒါတွေကို မေ က ထူထောင်ပေးတာပါ .."

ဆက်ထုံး က ဂီတာကို ဖျတ်ခနဲ ရင်ခွင်ထဲက ခွာ၍ ...

"သူက ဘယ်လောက် ချမ်းသာနေလို့လဲ .."

"သူ့ဦးလေးဝမ်းကွဲရဲ့ အိမ်သုံးစက်မှုကနေ အာမခံပြီး ယူပေးထားတာ .. အခု သူက အိပ်မက်ဆုံရာမှာ အောင်မြင်သွားလို့ စီးရီးထုတ်ပေးဖို့ သချာနေပြီလေ .. သူ့အတွက် ဝတ်စုံတွေကို ငါပဲ စီစဉ်ပေးရမှာ .."

"အဲ့ဒါ ခိုင်းတာပဲ .. ကောက်ရိုးကျွေးပြီး နို့ညှစ်တာ .."

"ခိုင်းတော့လည်း ဘာဖြစ်လဲ ထုံး ရဲ့ .. ပညာတတ်တဲ့လူတွေတောင် သူ့ကို ငွေပေးနိုင်တဲ့လူက ခိုင်းတာ ခံရတာပဲ .. ငါက ပညာမှ မတတ်တာ .. ပြီးတော့ ဒါက တက်လမ်းရှိတယ် .. မေ က ငါ့ဝါသနာကို သက်သက် ကူညီတာ .. ငါ့ဘက်က သစ္စာရှိရမှာက သူ့အတွက် သီးသန့် အကန့်လေး ပိုထည့်ပေးရုံပဲ .."

"ပေဖူး .."

"ဘာလဲ .."

"နင့်ကို ငါ အဲ့ဒါတွေ လုပ်ခွင့် မပြုနိုင်ဘူး .. ငါ လက်ထပ်သွားရင် နင် ဒီမှာ ဆက်နေဖို့လည်း အဆင်မပြေနိုင်ဘူး ...၊ တခြားမှာ နင် တစ်ယောက်တည်း လိမ့်နေမယ်ဆိုတော့ရော နင့်မှာ ဘယ်လောက် သတ္တိရှိသလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို .. နင် လက်ထပ်သွားတာနဲ့ ငါက ဘဝပျက်ပြီပေါ့ .."

"မျက်မှာစိုးလို့ စိတ်ချရအောင် စီစဉ်တာ .. နင် ကိုငြိမ်းချမ်းအောင် နဲ့ .."

"ငါ မလိုချင်ဘူး .."

"ဟိုကပဲ လိုချင်ပါစေဦး နင့်ကို .."

"ဒါဆိုလည်း မပေးစားနဲ့ပေါ့ .."

"ပေဖူး .. ငါ နင့်အတွက် လုပ်နေတာ .."

"နင်က ငါ့အဖေမှ မဟုတ်တာ .. ငါ့အတွက် အိမ်ထောင်ပြုပေးဖို့ ဝတ္တရားတွေ ကျေစရာ မလိုပါဘူး .."

"အဖေ မဟုတ်ပေမယ့် အစ်ကိုကြီးတော့ အဖအရာ .. ငါ့ကို အစ်ကိုလို သဘောထား .."

"အစ်ကိုကြီးတော့ အဖအရာ မဟုတ်ဘူး .. အဖိအရာ .."

"ဘာ!..."

"နင်က ငါ့ကို ဖိနှိပ်ချုပ်ချယ်နေတာ .."

"ချယ်ရမှာပဲ .. နင် ကြိုက်ကြိုက် မကြိုက်ကြိုက် .."

"အဲဒီ နင် ကြိုက်ကြိုက် မကြိုက်ကြိုက်ဆိုတာကြီးကို ငါတို့ကိုလည်း ရှင်းပြစမ်းပါဦး .."

အမြင်မတော် ဖြစ်လာတော့ ရာဇ က ကြားဝင်သည်။

"ဟိုမှာလည်း မျက်ရည်နဲ့မျက်ခွက် ဖြစ်နေပြီ .. နင် ကြိုက်ကြိုက် မကြိုက်ကြိုက် စီစဉ်မှာပဲဆိုတဲ့ အိမ်ထောင်ရေးက မင်းအတွက်လား– သူ့အတွက်လား .."

"သူ့အတွက်ချည်းပဲ ငါ စဉ်းစားနေတာ ရာဇ .. ပြောလိုက်တိုင်း ဘယ်တော့မှ နားလည် လက်ခံသွားတယ် မရှိဘူး .."

"အေး .. အဲဒါပဲ .. အိမ်ထောင်ပြုရမှာက 'သူ' .. မင်း မဟုတ်ဘူး– မင်း အတင်းပေးစားတဲ့လူနဲ့ သူက ပေါင်းရမှာ .."





"အဲ့ဒါလည်း ငါ တွက်ပြီးသားပဲ .."

"တွက်ရမှာကလည်း မင်းအလုပ် မဟုတ်ဘူး ဆက်ထုံး .. ခက်တာပဲကွာ .. ပြောဆိုကောင်းတဲ့ကိစ္စလည်း မဟုတ်တော့ .."

"နေဦး ရာဇ .. လောလောဆယ်မှာ သူက ပေဖူး ရဲ့အုပ်ထိန်းသူ ဖြစ်နေတာဆိုတော့ သူ့မှာလည်း ပြောခွင့်ရှိတယ် .. ဒီလိုလုပ်ကွာ .."

မနု က ဆက်ထုံး နဲ့ ပေဖူး ကို ကြည့်၍ ...

"လက်ထပ်တယ်ဆိုတာလည်း တစ်ယောက်သဘောကို တစ်ယောက် ရင်းနှီးနားလည်ဖို့ အာညာတွေ လိုအပ်တယ်မို့လား .. မင်း လက်ထပ်ပြီးတဲ့နောက်မှာ သူ့ကို တစ်ယောက်တည်း မထားခဲ့ချင်ဘူး ဆိုပေမယ့် အိမ်ထောင်တစ်ခုကို ထူထောင်ကြဖို့က မင်း ဖြစ်စေချင်သလောက်တော့ မြန်မြန်ဆန်ဆန် မရနိုင်ဘူး .."

မနု က လူကြီးတစ်ယောက် လေသံနှင့် ရှင်းပြနေသည်။ ပြီးမှ...

"အဲ့ဒီတော့ တစ်နည်းပဲ ရှိတယ် .. သူ့ကို စိတ်ချလက်ချ မထားနိုင်ခဲ့ရင် မင်း လက်ထပ်ဖို့ အချိန်ကို ထပ်ရွှေ့ .."

မျက်ရည်ကျနေသည့် ပေဖူး မျက်နှာလေး ဝင်းထိန်သွားသည်။

"အဲ့ဒါ ဟုတ်တယ် .."

မမျှိုမသိပ်နိုင် ကောက်ခနဲ ထပြောတော့ ဆက်ထုံး မျက်လုံးတွေက ရူးခနဲ ..။

"ဘာ ဟုတ်တာလဲ .."

"ငါမှ ယောကျ်ားမယူချင်သေးတာ .."

ပေဖူး မျက်နှာလေး ပြန်ငုံ့သွား၏။

"ငါတို့က အကောင်းဆုံး အကြံပေးတာပါ ဆက်ထုံး ရာ .."

"တော်ကြစမ်းပါကွာ .. ဒီမှာ ရူးချင်နေပြီ .."

အဖေဖြစ်နေရတဲ့ သတို့သားလောင်းရဲ့မျက်နှာက တကယ် ငိုချင်ကြိုက်တော့မယ့်အတိုင်း ..။



www.burmeseclassic.com

www.burmeseclassic.com



"ရှုးလောက်အောင် ခေါင်းရှုပ်မခံချင်ရင်လည်း ပေဖူး ကို သူ့ ဘာသာ နေတတ်သလို နေပစေတော့ပေါ့ကွ .. ခုတောင် သူ့နယ်ပယ်နဲ့ သူတော့ .."

"ဘာနယ်ပယ်လဲ .. အဲဒီနယ်ပယ်ကိုပဲ မကြိုက်တာ .."

"ဒါဆို ငါက ဘယ်လိုလူတွေနဲ့ ပေါင်းရမှာလဲ ပြော .. နင် ငါ့ကို အပြင်မှာ ဘာလုပ်တာမှ မကြိုက်ဘူး .. အခု သွားဖြစ် လာဖြစ်တာ တောင်မှ မနု တို့ ခေါ်ခေါ်ထုတ်သွားလို့ ..၊ နင့်ကိစ္စ .. နင့်ချစ်သူထက် နင် ဘာကိုများ ဂရုစိုက်လို့လဲ .."

"ငါ့ကိစ္စနဲ့ ငါ နေချင်လို့ပဲ ဝေးဝေးလံလံမှာ လာနေတာပဲ .. ကိုယ်နဲ့ မပတ်သက် မသက်ဆိုင်တာဆို စိတ်ကို မဝင်စားဘူး .."

"အေး .. ဒါဆို မပတ်သက်ဘူးလို့ပဲ သဘောထားလိုက်တော့.."

ပေဖူး အသံလေး စူးလာကာ မနု ဘက်ကို လှည့်၍ ...

"မနု .. ငါ့ကို မိန်းကလေးဆောင်တစ်ခုခု ရှာပေးစမ်းပါ .. ငါ ဘာသာ မိန်းမဖော်တွေနဲ့ နေလို့ ရတယ် .."

"ရပါလိမ့်မယ် စောင့်နေလိုက်ဦး .."

"ဘာလို့ မရရမှာလဲ .."

ဆက်ထုံး က အပ်ချုပ်စက်တွေကို ခါးထောက်ကြည့်ပြီး မဲ့ရွဲ့ကာ

"ဒါတွေ တဒိုင်းဒိုင်း နင်းချုပ်နေမှာကို ဘယ်အဆောင်ကမှ လက်ခံမှာ မဟုတ်ဘူး.. ပိုက်ဆံပေါ်ရင် ကိုယ့်ဘာသာ တိုက်ခန်းငှားနေလိုက်.."

"အေး .. ပိုက်ဆံ မပေါ်ပေမယ့် ငါ ငှားနိုင်တယ် .."

"မငှားရဘူး .. ဘယ်မှာမှ သွားနေဖို့ စိတ်မကူးနဲ့ .. တောက်! စေတနာကို နားမလည်ဘူး .."

"ဘာ စေတနာလဲ .. ငါ လိုချင်ချင် မလိုချင်ချင် ဒီယောက်ျားကို ယူရမှာပဲဆိုတဲ့ စေတနာလား .."

"ပေဖူး .. နင် ငါ့ကို မစော်ကားနဲ့ နော် .."





"စော်ကားမှာပဲ .."

"ကဲ .. ဟော့ .."

"ဆက်ထုံး တော်တော့ .."

ပေဖူး ပခုံးလေးနှစ်ဖက်ကို ဆောင့်ခါပစ်လိုက်တော့ ရာဇ က ာ်ထုံး ရဲ့ လက်တွေကို လာဖြည်ချကာ ...

"မင်းတို့ကလည်း သူငယ်ချင်းတွေလိုလို .. လင်မယား ရန်ဖြစ်နေ ိုလို .."

"မဟုတ်ဘူး .. ခွေးနှစ်ကောင် ကိုက်နေတာနဲ့ တူတာ .."

ဆက်ထုံး က စိုက်ကြည့်နေရင်း နောက်ပြန်ဆုတ်၏။ ပေဖူး က ကြည့်နေပေမယ့် မျက်ရည်တွေ လည်ကာ ...

"ငါ နင့်ကို မယူဘူးဆိုရင် ပြီးတာပဲမို့လား .. ငါ့ကို .."

"မပြီးဘူး .. ဘာတွေ လုပ်ပြီးတော့မှ ကြီးကျယ်ပြဖို့ စိတ်မကူးနဲ့.. .. အခု ငါ့ဘက်က ပြန်လျှော့မယ် .. နင့်ကို ဖွတ်မပေးစားဘူး .. မယ့် နင် သူနဲ့ စကားပြောကြည့်ရမယ် .."

"မင်း ပြောတာ ဘယ်သူလဲ ဆက်ထုံး .."

"မင်းတို့ သိပါတယ် .. အန်ကယ်လ် ဦးမြတ်ဆွေ ရဲ့မိတ်ဆွေ .. ခြံက ကုန်သည် ဦးလှလှ ရဲ့ သား .."

"ဩော် .."

"ကိုချမ်း .. ကိုချမ်း .."

"ကိုငြိမ်းချမ်းအောင် လား .."

"ဟုတ်တယ် .. သူ့ကို ငါ အပြင်မှာ တစ်ခါ ကူညီလိုက်ဖူးတယ်.. ာ်လောကလည်း ကားဝယ်ဖို့ ရောက်လာလို့ ငါနဲ့ သူ တစ်နေကုန် .."

"အင်း .. ဒီလူက အသက်နည်းနည်းကြီးပေမယ့် .."

"ငါ့ထက် ငါးနှစ်ပဲ ကြီးတာ .. လူပုံက ရိုးရိုးအေးအေးမို့လို့ လူကြီး



www.burmeseclassic.com

www.burmeseclassic.com



စတိုင်လ် ဖြစ်နေတာပါ .. အားလုံး စဉ်းစားပြီးပြီ .. သူနဲ့ဆို အဆင်ေ
စရာ ဘာမှမရှိဘူး .. အမေ နဲ့မ ဘာမှ မရှိတော့ဘူး .. သားအဖ သူ့အ
သူလုပ် .. ကိုယ့်အလုပ် ကိုယ်လုပ်ပဲ .. အားလုံး သူ့ခြေ သူ့လက် ရှိုးလ
ရိုးတယ် .. တော်လည်း တော်တယ် .."

"ဟုတ်ပါတယ် .. ရုပ်ရည်လည်း သန့်ပါတယ် .. အဲဒီ သားအ
အဖေက သိပ်လေးစားတာ .. အလုပ်လုပ်တာ စကားမှန်တယ် .. က
တည်တယ် တဲ့ .. မဆိုးပါဘူး ပေဖူး ရာ .. နင် မြင်လိုက်ရင် ပထ
တော့ လေးစားခင်မင်သွားမှာပဲ .. ဒီလူဆိုရင် မဆိုးဘူးဟ .."

ရာဇ ကပါ ထောက်ခံပြီဆိုတော့ ပေဖူး ဘာသံမှ မထွက်ေ
ပေ ...

"ဒါဆိုရင် ပေဖူး ဒီမှာ စက်ချုပ်ပါစေ .. အားလုံးကို အတူ
စီးမျောသွားလို့ ရတာပဲကွ .."

စကားပြောနေတုန်း ဖုန်းသံကြားတော့ အမှတ်တမဲ့ ကိုယ့်အိတ်
လက်က ရောက်သွားမိသည်။ ဒါပေမယ့် ထုတ်ကိုင်လိုက်တော့ ပေ

ခုကျမှ ဟိုနေ့က ခနဲ ပြောသော ပေဖူး ကို ဖုန်းကိုင်တတ်အေ
သင်ပေးနေသည်ဆိုတဲ့စကားကို အမှတ်ရသည်။ ဖုန်းကိုင်တတ်အေ
သင်ပေးတယ်ဆိုတာ ဖုန်းဝယ်လိုက်လို့လား ...

ဒီထိ သူ ဘာဖြစ်လို့ မသိလိုက်တာလဲ ...

"ဟလို .."

"... ... ... ..."

"ရှင် .. ဟုတ်ကဲ့ .. ဘယ်သူလဲ မသိဘူး .."

"... ... ... ..."

"သြော် .. အစ်ကိုဘုန်းနိုင် .. ဟုတ်ကဲ့ .. ရုတ်တရက် မမှတ်မိ
ပါ .."

ပေဖူး ဖုန်းပြောရင်း မျက်ရည်သုတ်၍ ထသွားသည်။





ဆက်ထုံး က နောက်ကနေ လက်ကို ဆောင့်ခနဲ ပြန်ဆွဲကာ ...

"ဒီမှာပဲ ပြော .."

မျက်လုံးလေး ဝိုင်းသွားပေမယ့် ပေဖူး နောက်ထပ်တစ်လှမ်းမှ
ဆပ်မတိုးတော့ပေ ... နေရာမှာပဲ မတ်တတ်လေး ရပ်နေရင်း ဆက်ပြော
နေရကာ ...

"အဲ့ဒါတွေ မေ နဲ့ လုပ်လိုက်လို့ ရတယ်ဆိုလို့ .."

"... ... ... ..."

"သြော် .. ဟုတ်ကဲ့ပါ .. လာခဲ့ပါ့မယ် .."

"... ... ... ..."

"ဟုတ်ကဲ့ပါ .."

ဖုန်းချလိုက်ပြီးတော့ သူမကို ဝိုင်းကြည့်နေကြသည့် မျက်လုံး
ိုးစုံကို ပေဖူး တအံ့တသြ ပြန်ကြည့်ကာ ...

"ဘာ .. ဘာကြည့်နေကြတာလဲ ဟင် .."

"နင့်ကို ယောကျ်ားလေးတစ်ယောက်က ဖုန်းဆက်တယ်ဆိုတော့
ံသြသွားလို့ပါ .."

"အစ်ကိုဘုန်းနိုင် ဆိုတော့ နင်နဲ့ ခင်နေတဲ့ပုံပဲ .."

ရာဇ နဲ့ ခနဲ ရဲ့ မေးခွန်းကို မဖြေသေးဘဲ ပေဖူး က ဆက်ထုံး
ကြည့်သည်။ ဆက်ထုံး ကတော့ ထိုမေးခွန်းမျိုး မလာခဲ့ဘဲ ...

"ဒီဖုန်း ဘယ်သူ ဝယ်ပေးတာလဲ .."

"သူ့ပိုက်ဆံနဲ့ ငါ ဝယ်ပေးတာ .."

"နင် ကြွေးဆပ်ထားတဲ့ ပိုက်ဆံတွေနဲ့ မဟုတ်ဘူး .. ငါ အဲ့ဒါတွေ
လုံးဝ မထိရသေးဘူး .."

ခနဲ နဲ့ ပေဖူး ကို ဆက်ထုံး က ကြည့်ကာ ...

"ကောင်းပါတယ် .. အဆင်ကို ပြေနေတာပဲ .."

ပြောပြီး ချာခနဲ လှည့်ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ကျန်ခဲ့ကြ၏။ ပြီးတော့ ရာဇ က မနု ပခုံးကို ဖြန်းခနဲ ရိုက်ကာ ...

"အဲ့ဒါ မင်းပဲ .. ဒီကောင် ဒီလောက်ဖြစ်နေတာ့ သိရဲ့သားနဲ့ -"

အပြစ်တင်ခြင်းနှင့် လှည့်ထွက်သွား၏။ ထိုအခါ မနု ၏ ရှုံ့မဲ့မဲ့မျက်နှာက ပေဖူး ဆီ ကူးစက်ကာ ...

"နင်က ဘာဖြစ်လို့ ဒီကောင့်ရှေ့ကျမှ ဟိုကောင့်ဖုန်းကို သွားပြောတာလဲ .."

"ငါ ဒီမှာပဲ ရပ်ပြောနေတာ .. ဘယ်မှာ သွားပြောလို့လဲ .."

"ဟား .."

"ပြီးတော့ စက်ပစ္စည်းတွေ ဝယ်ဖို့ရှိနေတာ ပြောတာ .. ဘာလည်း မဟုတ်ဘဲနဲ့ .."

"အေး .. မဟုတ်တာတွေပဲ ထိုင်တွေးပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်မရှိတာတွေ ရှုတ်နေ .. အထဲမှာ နင့်ဘိုးတော် တင်းနေပြီ .. တော်ကြာဒီဖုန်းကြောင့် ယောကျ်ား မြန်မြန်ရသွားမှ ငါ့ကြောင့်လို့ မပြောနဲ့ -"

ပေဖူး ဖုန်းကို ပြန်ထောင်ကြည့်မိသည်။

ဘာဆိုင်လို့လဲ ...၊





အခန်း (၂၆)

နာရီ ကြည့်လိုက်တော့ လေးနာရီခွဲနေပြီ ...၊ သူ နာရီကြည့်တိုင်း ရာဇ ခမျာလည်း ဖင်ကျိန်းနေရှာပါ၏။

"မနု နဲ့ ပေဖူး ဘာလို့ ဒီလောက် ကြာနေရတာလဲ .."

"လာပါလိမ့်မယ်ကွာ .. မနု က မင်းကို ကူညီရာလည်း ရောက်အောင်လို့ပါ .. အကောင်းဘက်က တွေး .."

"ငါ့ကို ကူညီချင်ရင် ပေဖူး အိမ်ထောင်ပြုချင်လာအောင် ပြောဆိုဆုံးရင် လုံလောက်တယ် ရာဇ .. ဘာဖြစ်လို့ ဗျူးတီဆလွန်းကို ခေါ်သွားရတာလဲ ...၊ တစ်ဖက်ယောကျ်ားက သူ့ဆီကို ဒီလောက် ပြင်ဆင်လာမှန်း သိရင် အထင်သေးသွားမှာပေါ့ .."

"ဒီလောက်ထိလည်း မနု မတုံးသေးပါဘူးကွာ .. အခုက ပေဖူး ကိုယ်တိုင်ကလည်း ပြင်ပြင်ဆင်ဆင် လုပ်သွားချင်လို့ ပြောလာတာလေ.. မင်းပဲ ဟိုကပဲ ကြိုက်ပါစေဦးလို့ မခံချင်အောင် သွားပြောတာကိုး .."

"ပေဖူး မှာ အဲဒီလို ဆတ်ဆတ်ထိ မခံတတ်တဲ့ မာန မရှိဘူးနော် .. ရှိစေချင်လို့ တမင် ပြောနေတာတောင် ခေါသကို မပွက်တတ်ဘာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒေါသဆိုတာ လူတိုင်းမှာ ရှိပါတယ်ကွာ .. သူ မာနမထားခဲ့တာ မင်းတစ်ယောက်ကိုပဲ နေမှာပါ .."

ထိုစဉ် ဖုန်းလာကာ ...

"ဟလို ကိုချမ်း .."

"... ... ... ..."

"ရတယ် .. ရတယ် .. ဒီမှာလည်း ပေဖူး ကို ခေါ်ထားတာ မရောက်သေးလို့ ခုပဲ ပြောနေကြတာ .."

"ဘာတဲ့လဲ .."

ဖုန်းချလိုက်တာနှင့် ရာဇ က ကပ်မေးသည်။

"သူ ဘဏ်မှာ ကြာသွားလို့တဲ့ .. အခုလည်း ကားတွေ ပိတ်နေလို့တဲ့ .."

"အတော်ပဲပေါ့ .."

ဆက်ထုံး တစ်ခုခု ပြောမလို့ ပြင်လိုက်စဉ် ဖုန်းဝင်လာခဲ့ပြီး ...

"ဟလို .."

"... ... ... ..."

"ထူး .."

"... ... ... ..."

"ဆောရီးကွာ .. ကိုယ် ဒီမှာ ဧည့်သည်နဲ့ ချိန်းထားလို့ .. မင်း ဘာသာပဲ သွားလိုက်တော့နော် .."

"... ... ... ..."

ဖုန်း နားထောင်ရင်း မျက်မှောင်ကြီး ကုတ်ကျသွားသည့် ဆက်ထုံး ကို ရာဇ က အကဲခတ်နေ၏။ ပြီးတော့ ထိုမျက်နှာက ပို၍ ပုပ်သိုးသိုး ဖြစ်လာကာ ...

"ပေဖူး ဧည့်သည်ပါ .. ဒါပေမယ့် ကိုယ် ရှိနေမှ ဖြစ်မှာ .."

"... ... ... ..."





"ရောက်လာပြီ .. ဒါပဲနော် .. ညကျမှ ပြန်ခေါ်မယ် .."

ရာဇ က ဆိုင်အဝင်ဝကို လှမ်းကြည့်ပြီးမှ သူ့ဘက် ပြန်လှည့် ... ..

"လာလည်း မလာသေးဘဲနဲ့ .."

"လာလာ မလာလာ .."

"ရည်းစားနဲ့ ဖုန်းပြောတာ မင်းမျက်နှာက ဘာဖြစ်နေတာလဲ .."

ဆက်ထုံး က ဆိုင်အဝင်ဝကို ကြည့်နေရင်း နှုတ်ခမ်းမဲ့မလို မျက် ... ...

"မေးခွန်းတွေ ဆောင်ကျော်လာရင် ငါ မကြိုက်ဘူး .."

"ဘာတွေ မေးလို့လဲ .. ဘယ်ကဧည့်သည်လဲ .. ဘညာတွေ .."

"အင်း .."

"ဒါကတော့ မင်းကို စိတ်မချလို့ ဖြစ်မှာပေါ့ကွာ .."

ဆက်ထုံး မျက်နှာက ဒါကို ကျေနပ် ဂုဏ်ယူသွားတာမျိုး မဖြစ်ဘဲ ... ခုံးတွေ ပို၍ ကုတ်ကျသွား၏။

အချစ်ခံရတာ နေရာတကာမှာ မကောင်းဘူးဆိုတာ ကသိ ... အောက် ဖြစ်လာသည့်စိတ်က စကားပြောလာသည်။

ဟိုအစတုန်းကထက် အများကြီး ပိုကဲလာသည့် ထူး ရဲ့ ချစ်ခြင်း ... ရယူလိုခြင်း .. သိမ်းပိုက်ချုပ်ကိုင်လိုခြင်း စသည့် လောဘတွေနှင့် ... ဘာသာ လောင်မြိုက်နေခဲ့သည်။

ကိုယ့်အပေါ် ကူးစက်လာခဲ့ခြင်းကတော့ ဘာသွားသွား .. ဘာလုပ် ... နေရာတကာ သိချင် .. ပြောချင်လာခြင်းတွေပဲ ဖြစ်လေသည်။

ဒါတွေကို စိတ်တိုင်းမကျလို့ ပြောမိပြန်ရင်လည်း သူမလောက် ... ...တတ်တာ သူမပါပဲ ...။

စိတ်တို့သည် ရှေ့ကိုလည်း မကျေနပ် .. နောက်ပြန်ကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျေနပ်ဖွယ် မမြင်ဘဲ မျက်လုံးက ဟိုရောက်ဒီရောက် ဖြစ်
စဉ် ...

ပေဖူး ...၊

သူ့မျက်လုံးတွေ ဆိုင်အဝင်ဝဆီမှာ စူးစိုက်သွားခဲ့၏။

ခဲပုပ်လိုလို .. ဗေဒါရောင်လေး လက်နေသည်လို့လည်း ထ
သော ဝတ်စုံလေးက သိပ်တော့ မဆန်းပါ ...။

ဒါပေမယ့် လည်ပင်းဘောကျယ်လေးနှင့် အင်္ကျီရင်ဘတ်ပေါ
အဖြူရောင် ချည်သားဇာပန်းတို့နှင့် အလှဆင်ထား၏။

ပန်းတို့၏ မညီမညာ အောက်ဖျားလေးတွေမှာ ပုလဲနဲ့ ကျေ
ပွင့်လေးတွေ လှုပ်လီလှုပ်လဲ့ တွဲလွဲခိုနေကြကာ ကောက်ကွေ့ကြော
ထင်းနေသော ကိုယ်ပေါ်မှာ ခြေလှမ်းလိုက်တိုင်း နွဲ့ခါနေကြသည်

ထဘီထက် ပို၍ ပုံကျလှပသော စကက်ရှည်က ခြေဖမိုးပေ
အိနွဲ့စွာ ဖေးတင်နေကြကာ ဒေါက်မြင့်ကြီး စီးထားပေမယ့်
ခြေလှမ်းပုံက စမတ်ကျနေ၏။

ပြီးတော့ ဆံပင်တွေ ...၊

သူ ညှပ်ပေးထားသည့် ဆံပင်တွေက ခပ်ပွပွ ဖြစ်နေပါပြီ ...၊
တော့ ဖြောင့်ထားသလိုမျိုး သူမရဲ့ ပါးရိုးလေးတွေကနေ ရင်ဘတ်
မရောက်တရောက်ထိ နွဲ့နွဲ့လေး လင်းလက်နေကြ၏။

သူ့မျက်စိကို သူ မယုံနိုင် ...၊

ဒီလောက်မြင့်တဲ့ ဖိနပ်ကို စီးထားပြီး ဒီလို ကိုယ်ကျပ်ဝတ်စုံ
သူမ ဝင်လာပုံက ဒါမျိုး ဝတ်နေကျ .. သွားနေကျပုံစံမျိုး ...။

ဒီလိုတွေ အဆင်သင့်ဖြစ်နေအောင် ဘယ်သူ ပုံစံသွင်းပေးထာ
လဲ ...၊ ဘယ်တုန်းတည်းကလဲ ...။

"ဟိုမှာ ပေဖူး တို့ရယ် ဆက်ထုံး .. ကိုချမ်း ပါ ပါလာတာ
ဘယ်မှာ ဆုံလာကြတာလဲ မသိဘူး .."





ကိုယ့်ရှေ့က ဝင်လာကြတာကို သူ ပေဖူး ကို မြင်၏။ ကိုချမ်း ဆိုကာမှ ပေဖူး ရဲ့ဘေးမှာ ခနနဲ့ မဟုတ်သော ငြိမ်းချမ်းအောင် ကို သူ သတိထားမိလိုက်သည်။

ဒီမှာ ဆုံမှ မိတ်ဆက်ပေးရမှာဆိုပြီး သူ ဒီမှာပဲ စောင့်နေခဲ့တာ..၊

ပန်းချင်းယှဉ် လျှောက်လာကြတော့ ဆော်တော့်ကို ရင်းနှီးနေပြီးသား ပုံစံတွေနှင့် ...

"ကိုချမ်း တို့ ဘယ်မှာ ဆုံလာကြတာလဲ .."

ရာဇ က မေးပြီး နောက်က ပါလာသည့် ခနကပဲ ရှေ့ကိုရောက်အောင် တိုးလာပြီး ...

"ပါကင်မှာ တွေ့တာလေ .. ကိုချမ်း က ငါ့ကို အရင်မြင်ပြီး နှုတ်ဆက်တာ .."

ဒီတိုင်း ပုံမှန်လေသံနှင့် ပြောပြကာ မျက်နှာကြီး မဲ့၍ နှာခေါင်းကို ပွတ်သပ်ပြသည်။

ပြီးတော့ ငြိမ်းချမ်းအောင် ဆီကို မျက်လုံးနဲ့ ပြ၏။

ရာဇ တို့ သဘောပေါက်လိုက်ကြသည်။

သွားအဖြီးသားနှင့် ငြိမ်းချမ်းအောင် မျက်နှာကြီးက စားပွဲမှာ တစ်ဝိုင်းတည်း ထိုင်မိကြတာတောင် မျက်လုံးတွေက ပေဖူး ဆီက မခွာနိုင် ...၊

ခုံအောက်ကနေ ရာဇ က ဆက်ထုံး ခြေထောက်ကို လှမ်းတို့၏။ ပြီးတော့ လက်မ ထောင်ပြသည်။

ဆက်ထုံး က မျက်မှောင်ကုတ် မပြောဘဲ ရှိနေလျက် ...

"တွေ့လာခဲ့ကြပေမယ့် ငါတို့ကို ထပ်ပြီး မိတ်ဆက်ပေးပါဦး .. ခုနက မနဲ့ ခေါ်လိုက်တာ 'ပေဖူးလွှာ'လို့ ခေါ်တာ မဟုတ်ဘူးလားလို့ .."

ဆက်ထုံး မျက်နှာ ထိုအခါကျမှ ပြုံးဖော်ရလျက် ...

"ပေဖူး လို့ပဲ ခေါ်ကြတာလေ .."



www.burmeseclassic.com

www.burmeseclassic.com



"ပေဖူး .. အင်း .. ခေါ်ရတာတော့ လွယ်ပါတယ် .. ဒါပေမယ့် ပေဖူးလွှာလေး က ပိုလှတာပေါ့ .. ငါက ဒီနာမည်လေး ကြားပြီး စိတ်ဝင်စားသွားတာ .."

"ဟွန်း .. ရတယ်လေ .. ကိုချမ်း အဆင်ပြေသလို ခေါ်ပေါ့ .. ပေဖူး .."

ပြောနေရင်း ပေဖူး ကို ခေါ်၍ ...

"ကိုငြိမ်းချမ်းအောင် ဆိုတာ သူပဲလေ .. ငါတို့ ခေါ်ကြသလို ကိုချမ်း လို့ပဲ ခေါ်ပေါ့ .."

"ရပါတယ်ကွာ .. ခုန သူ ခေါ်သလို 'ကိုကြီး'ဆိုတာလေးနဲ့ အဆင်ပြေပါတယ် .."

ဆက်ထုံး မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ရာဇ လည်း အံ့ဩသွားကာ မနေ ကို မေးခွန်းတွေနဲ့ လှမ်းကြည့်၏။

မနေ က မသိမသာ ပခုံးတွန့်ပြရင်း မျက်နှာလွှဲသွားသည်။

စားစရာတွေ မှာကြမယ်ဆိုတော့လည်း အသွက်ဆုံးက ငြိမ်းချမ်းအောင် ပဲ ဖြစ်ကာ ...

"ကြိုက်တာ မှာနော် .. ဘယ်နှစ်မျိုးဖြစ်ဖြစ် .. စားပွဲနှစ်လုံး ဆက်ရင် ဆက်ရပါစေ .. အဟွန်း .. ပေဖူးလွှာ ဘာကြိုက်လဲ .."

"ရပါတယ် .."

"မစားတဲ့အသား ဘာရှိလဲ .."

"ရတယ် .. မရှိပါဘူး .."

"အားမနာပါနဲ့ .. ကိုယ်တို့ချင်းက ဒီထက် ရင်းနှီးဖို့တောင် လိုသေးတာ .."

ဘယ်သူကမှ ရင်းနှီးစေအောင် ဖန်တီးပေးဖို့ မလိုဘဲ သူ့တစ်ယောက်တည်း လှိုင်ဘောလည်နေ၏။

ဆက်ထုံး မျက်နှာမှာ ရှုံ့တွ မှုန်ကုပ်နေတာတော့ မဖြစ်ပေမယ့်





ပြေပြစ်အောင် ထားနေသည့်ကြားကနေ နှုတ်ခမ်းတွေ ဖိပိတ်လိုက်ငုံး မေးရိုးတစ်ဖက်မှာ တင်းခနဲ လှုပ်ခတ်သွားတာက သိသာလာသည်။

ပေဖူး ကို ကြည့်လိုက်တိုင်း ပြုံးနေသည့် မျက်နှာကြောင့် သူ့မျက်နှာမှာ မတင်းပေမယ့် ပန်းနုရောင် ခပ်ရင့်ရင့် ဖြစ်နေခဲ့၏။

သူမ မျက်နှာလေးကတော့ နုတာရင့်တာ ဘယ်ကာလာမှ အပိုအလို မရှိဘဲ ညိုလက်လက်လေးနှင့် ပြေပြစ်နေသည်။

နှုတ်ခမ်းသားလေးတွေမှာ ဇေဒါရောင် သမ်းနေသော အညိုဖျော့နှုတ်ခမ်းနီကြောင့် ပိုလှနေ၏။

မျက်နှာလေး တစ်ပြင်လုံးမှာ မျက်ခုံးတန်းလေးတွေနဲ့ နှုတ်ခမ်းအစုံကသာ ထင်းနေလျက် .. ပြင်ဆင်ထားမှန်းလည်း မသိသာ ..။

သူကတော့ နေ့မြင် .. ညမြင် မြင်နေခဲ့တဲ့လူမို့ မျက်တောင်ဖျားလေးတွေ ပို၍ ရှည်ကော့နေတာကိုပါ သတိထားမိ၏။

ဒီလောက်တောင် လှနေစရာ လိုလို့လား ..။

အကြည့်က မနေ ဆီ ဒိုင်းခနဲ ရောက်သွားသည်။ ထိုအခါ သူ့ကို ဘယ်တုန်းက ကြည့်နေမှန်း မသိသော မနေ က မျက်လုံးချင်း မဆုံမိအောင် ပြေးလွှား ရှောင်ထွက်သွား၏။

"ရတယ် .. ကျွန်မ ဝနေပြီ .."

"နည်းနည်းလေးပဲ ရှိသေးတာကွာ.. ကိုယ့်ကို ရှက်နေတာလား.."

"မဟုတ်ပါဘူး .."

"မကြိုက်တာ ပါလို့လား .. ညီမက ဘာမှမပြောတော့ ဒီလိုပဲ မှန်းပြီး မှာလိုက်ရတာ .. နောက်ကျမှပဲ ညီမ ကြိုက်တာ .. မကြိုက်တာတွေကို ဒီက သူငယ်ချင်းတွေမှာ မေးကြည့်တော့မယ် .."

"သေချာ သိရင်တော့ ခင်ဗျား လန့်သားမှာပဲ ကိုချမ်း .."

"ဟုတ်လား .."

မနေ က ရယ်ကာမောကာဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြိုက်တတ်တာ .. မကြိုက်တတ်တာတော့ မသိဘူး .. အသန့်အပြန့်တော့ အသေကြိုက်တာနော် .. အိုးခွက်ပန်းကန်တွေဆို မှန်တောင် ကြည့်လို့ရတယ် .. ဘာမှ ဆေးစရာရှိရင် ဆိမ်ဖောက်ထိုး လုပ်ပြီး ရေပိုက်နဲ့ ထိုးမလား မသိဘူး .."

"ဩော် .. ဟုတ်လား .. ဟား .. ဟား .. ဟား ... ကောင်းတာပေါ့ .. ပေဖူးလွှာ က အဆက်ရှိရာ အချင်းရော ပြည့်စုံတဲ့ မိန်းကလေးပဲ .."

ဒါက ဘယ်လို ကစားပွဲမျိုးလဲ ..၊

ဘယ်ဒိုင်လူကြီးမှ မပါဘဲ ကိုယ်တိုင် ကစားပြီး ကိုယ့်ဘာသာ အမှတ်ပေးနေသည်။

မှတ်သားထိုက်ပါ၏။





## အခန်း (၂၇)

ဒီနေ့ အပြင်သွားစရာရှိလို့ ပြင်ဆင်ထားပြီးမှ ထိုင်စောင့်နေတာ ဆက်ထုံး က လုံးဝ ထွက်မလာပေ ..၊

"စာရေးထားခဲ့ပေါ့ဟာ .. ချိန်းထားတာဆိုရင် သွားလိုက်ပေါ့ .."

ရာဇ တို့ သင်တန်းမသွားခင် တိုက်တွန်းသွားသေးသည်။ ဒါပေမယ့် ပေဖူး မသွားချင်ပါ ..၊ စာပဲ ရေးခဲ့ရေးခဲ့ .. ဘာလုပ်လုပ် ပြန်လာတာနဲ့ အဆူခံရမှာကို သိနေ၏။

နာရီလေး ပင့်ကြည့်မိတုန်း အိမ်ရှေ့က ဘဲလ်သံကြောင့် ထွက်လာခဲ့မိသည်။ တံခါးအပြင်မှာ ရပ်စောင့်နေသူက ထူးထူးမြတ် ..၊

ထူး ကလည်း ပေဖူး ကို လှမ်းမြင်လိုက်တာနှင့် စူးစိုက် ငြိမ်သက်သွားသော မျက်လုံးတွေက ကျွတ်ကျမတတ်ပင် ..၊

အဝါနုနဲ့ ရှားရင့် ကန့်လန့်စင်း စပို့ရှပ်လေးကို သူမ သိနေသည်။

ဒါ ဆက် ရဲ့အင်္ကျီ ..၊

ဟိုအရင်တွေတုန်းကဆို ဒါလေး ဝတ်ထားပြီး ဘယ်ရောက်နေနေ ထင်းနေတတ်သည့် သူ့ရဲ့ အရပ်မြင့်မြင့်နှင့် စမတ်ကျပုံကို သူမ ဆေးရော ခဲ့ရတာ ..၊



www.burmeseclassic.com

www.burmeseclassic.com



ဆက် ရဲ့အင်္ကျီကို ပေဖူး ဘာလို့ ယူဝတ်ထားတာလဲ ..။

ပြီးတော့ ဆံပင်တွေ ဖြောင့်ထားလိုက်တာ ပျော့လက် တုန်အိနေတော့သည်။ မျက်နှာပြင်လေးက ဝင်းနုချောမွေ့နေဂွာ ဟိုတစ်ခါ မြင်လိုက်ရတုန်းကနဲ့ တခြားစီ ..။

ဒီကာလလေးအတွင်းမှာ သူမ ဒီလောက်ထိ ပြောင်းလဲသွားအောင် ပြင်တတ် ဆင်တတ်သွားသလား ..။

"မထူး .. လာလေ .."

တံခါးဖွင့်လိုက်တာတောင် ရှေ့ဆက်မတိုးဘဲ ရပ်ကြည့်နေသဖြင့် ပေဖူး က ဖိတ်ခေါ်ရသည်။

"ဆက် ရှိသလား .."

"ထုံး .. အင်း .. ရှိတယ် .. ရှိတယ် ..၊ ခုထိကို မနိုးသေးတာ .."

ထူး က လွယ်ထားသည့် အိတ်ကြိုးမှာ လက်မလေး ပြန်ချိတ်ထားရင်း လျှောက်ဝင်လာ၏။

ပြီးတော့ အထဲမှာ မျက်လုံးကစားကာ ...

"ခုနေ တို့ရော .."

"သင်တန်းသွားကြတယ် .. မထူး ထိုင်ဦး နော် .. ကျွန်မ စားစရာ သွားလုပ်ဦးမယ် .."

"မလုပ်နဲ့ .. မလုပ်နဲ့ .."

ချာခနဲ လှည့်လိုက်ပြီးမှ ထူး ရဲ့ ခါးခါးသီး ငြင်းသံကြောင့် ပေဖူး ပြန်လှည့်ကြည့်မိသည်။

ထူး မျက်နှာလေးက အထက်စီးဆန်ဆန် အကြည့်တို့ဖြင့် ...

"မင်းလည်း ဧည့်သည်ပဲဟာ .. တို့ကို ဧည့်ဝတ်ကျေဖို့ မလိုပါဘူး .. ပြောရရင် ဒီအိမ်က တို့အတွက် စိမ်းသက်တဲ့အိမ်လည်း မဟုတ်ဘူး .."

"ထူး ရောက်နေတာလား .."





ပေဖူး ဘာမှမပြောရသေးခင် နောက်က ဆက်ထုံး အသံကို ကြားလိုက်ရ၏။ ထူး က မျက်နှာမှာ အပြုံးတွေ ဖြစ်ထွန်းသွားခဲ့ပြီး ...

"ဖုန်း ဒီလောက်ခေါ်နေတာကို မနိုးဘူးဆိုတော့ ယူ တော်တော် အိပ်ပုတ်ကြီးတာပဲ .."

"ဟုတ်တယ် ထင်တယ် .."

ဆက်ထုံး မျက်နှာသစ်ပြီးစ မှုန်နေသည့်မျက်နှာနှင့် ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။ ထိုအခါကျမှ ထူး က ဆက်ထုံး ရဲ့ဘေးမှာ ထိုင်လိုက်ကာ ...

"အလုပ်ကိစ္စ ပေါ်လာလို့လေ .. အဲ့ဒါ ပဲခူးကို သွားရမှာ ဆက် လိုက်ပို့ပါလား .. နေ့လယ်လောက်ဆို ပြန်ရောက်မှာပါ .."

"ဒီအချိန်မှ သွားမှာကို နေ့လယ်ရောက်ပါ့မလား ထူး .."

"အပိုအလို တစ်နာရီလောက်ပါပဲ ဆက် ရယ် .. ဘာလဲ မလိုက်ချင်ဘူးလား .."

"လိုက်ချင်ပါတယ် .. ခဏတော့ စောင့် .."

ဆက်ထုံး ရဲ့အကြည့်တွေက ရှိုးကေ့စ်ပေါ်မှာ တင်ထားသည့် ပေဖူး ရဲ့ဆလင်းဘက်ခ်လေးဆီကို ရောက်သွားကာ အထဲဝင်လာတော့ ပေဖူး က မီးဖိုခန်းထဲမှာ ...

"ဘာလုပ်နေတာလဲ .."

"မထူး အတွက် နို့နဲ့ မုန့်လေ .. သူ ဘာရေ့ဖတ်စ်စားတာ စောနေခဲ့ရင် ခုလောက်ဆို ပြန်ဆာပြီပေါ့ .."

ကိတ်မုန့်ကို သေချာ လှီးနေရင်း မော့မကြည့်ဘဲ ဖြေ၏။

"သူ့အတွက် မလိုဘူးလို့ နင့်ကို ပြောလိုက်တယ်မို့လား .."

ဟင်!...

ပေဖူး အံ့ဩဟန်လေးနဲ့ မော့ကြည့်သည်။ ဒါကို ထုံး ကြားလိုက်သလား ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူမ အကြာကြီး မတွေးဘဲ ဆတ်ခနဲ ပြန်ငုံ့သွားကာ…

"ဘာပဲဖြစ်ဖြစ် သူ အခု ငုတ်တုတ်ထိုင်စောင့်နေရမှာ .. ဒီတိုင်းထားရင် အားနာစရာကြီး .. နင်လည်း အေးဆေးလုပ်လို့ ရတာပေါ့.."

"နေဦး .."

ဗန်းထဲမှာ စီရီတင်ပြီး 'မ'လိုက်ကာမှ ဆက်ထုံး က ဗန်းကို ဖိထားကာ …

"အခု ဘယ်သွားမလို့ ပြင်ဆင်ထားတာလဲ .."

"ဘယ်မှာ ပြင်လို့လဲ .. မေ့ဖုန်းဆက်ထားလို့ သူ့အိမ် ခဏသွားမလို့ပါ .. လောလောဆယ် သူတို့အုပ်စုက အထည်တွေကို ပန်းထိုးပေးမှ အလုပ်ရှိမှာ .."

ပြောပြီး ဗန်းကို ပြန် 'မ'သည် …၊ ဆက်ထုံး က ဖိထားလျက်နှင့် အကြာကြီး စဉ်းစားနေပြီးမှ …

"နောက်ဆို ဘယ်သွားတယ်ဆိုတာ လိပ်စာနဲ့ ဖုန်းနံပါတ်တွေပါ တစ်ခါတည်း ချရေးထားခဲ့ .."

ပြောပြီးမှ လက်ဖယ်၏။ ပြီးတော့ သူ အရင်ထွက်သွားသည်။ ပေဖူး ချက်ချင်း မထွက်ဖြစ်သေးဘဲ ဗန်းကိုင်လျက်နှင့် ကိုယ့်ပုံစံကို ပြန်ငုံ့ကြည့်မိသည်။

ဒီအကျီလေးက အသစ်အတိုင်း ရှိနေပေမယ့် ကြာတော့ ကြာခဲ့ပါပြီ …၊

ပြောရမည်ဆိုလျှင် ထုံး ဆယ်တန်းအောင်သည့်နှစ်တည်းက အကျီလေး …၊

ထုံး ရဲ့ အောင်မြင်မှုအတွက် သူမ အပျော်ကြီး ပျော်ခဲ့သည်။ 'ဒီကောင်လေး အလကား ဦးဘဇွေ ကို ဒုက္ခပေးနေတာ'ဆိုသည့် စကားအတင်းတွေကြောင့် နှစ်ချင်းပေါက် အောင်ခဲ့သော ထုံး အတွက် သူမ ရွာထဲမှာ လျှောက်ကြွားသည်။





ရွာထဲက အကြီးဆုံး မုန့်ဆိုင်ကနေ သူ စားတတ်သည့် ပီကေနဲ့ လုံးတွေ ရှစ်ရာဖိုး ဝယ်ကျွေးရင်း …

"ငါ နင့်ကို ဝက်လက်ဘူတာနားက ခေါက်ဆွဲကြော် ဝယ်ကျွေးင်တာပါဟာ .. ငါ့မှာက ဒီ ပိုက်ဆံရှစ်ရာပဲ ရှိတာ .."

ပြောတော့ ထုံး က ရယ်နေကာ …

"အဲဒီခေါက်ဆွဲက နင် ကြိုက်တာပါ .. ညနေကျရင် သွားစားယ်လေ .. ငါ လာခေါ်မယ် .."

"ဟင်!… ဘယ်လို .."

"ရော့ .. ဒါလေး ဝတ် .."

ဆိုပြီး လက်နောက်ပစ်ထားတာကို ထုတ်ပြတော့ သူ့လက်ထဲမှာ အကျီ အိတ်လေးနဲ့ …

"နင်နဲ့ငါ ဆင်တူ ဝယ်လာတာ .. ညနေကျရင် ဆင်တူဝတ်မယ်.. ခေါက်ဆွဲ သွားစားမယ် .. အဆင်ပြေလား .."

သူမ အကျီကို ကိုင်ရင်း လက်တွေတုန်အောင် ဝမ်းသာခဲ့ရသည်။ ညနေက စက်ဘီးနဲ့ သူ ရောက်လာတော့ ပေဖူး အဆင်သင့် ဖြစ်နေ၏၊

သူမတို့နှစ်ယောက်ကို လူတွေ တော်တော် မျက်စိနောက်ခဲ့ကြည့်နေ့ပါ …၊ ပေဖူး ရင်ထဲမှာ သူ့အပေါ် လွှန့်လွှန့်ကဲကဲ တွယ်တာနေမိတွေက အချစ်ဆိုတာမှန်း သူမကိုယ်တိုင် မှန်းမသိခဲ့သေးသလို ထုံးသည်း ရွာကနေ ကြာရှည်စွာ မထွက်ခွာဘူးခဲ့သည့်အတိုင်း ပေဖူးတဲ့ ကောင်မလေးကိုသာ အခင်တွယ်ဆုံး …၊

"အမလေးဟယ် .. အကျီဆင်တူဝတ်ပြီး ရွာကို ပတ်နေတာယ်နှစ်ပတ် ရှိပြီလဲ မသိဘူး .."

"ဟုတ်ပ အေ .. သူတို့ကိုယ်သူတို့ အမြွှာမောင်နှမတွေ မှတ်နေသား မသိဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ပေဖူး ဆို သူ စာမေးပွဲအောင်တာ ကျနေတာပဲ ခုန်ပေါက်နေရော .."

ရွာထဲမှာ ချစ်စနိုးပြောတဲ့လူတွေနဲ့ အမြင်ကပ်ကြသူတွေ အသံမျိုးစုံ ထွက်လာကြသေးသည်။ ဒီအကျီနဲ့ ပတ်သက်တဲ့ အမှတ်တရတွေ အရ သူမ တစ်ခါပဲ ဝတ်ပြီး သိမ်းထားခဲ့တာ ဒီနေ့ထိ ..၊

'ထုံး နဲ့ ဆင်တူ ပြန်ဝတ်ရမှပဲ ဝတ်တော့မယ်' ဆိုပြီး သိမ်းဆည်းထားခဲ့သမျှသည် ..၊

"ဘယ်လို!... ယူနဲ့ ဆင်တူရှိတာ ဟုတ်လား .."

ထွက်လာခဲ့သည့် ခြေလှမ်းတွေက ညှော်ခန်းထဲက ထူး ရဲ့စကားသံကြောင့် နေရာမှာတင် ရပ်၏။

"ဟုတ်တယ် .. ကိုယ် စာမေးပွဲအောင်တဲ့နေ့က တစ်ယောက်တစ်ထည် ကိုယ် ဝယ်ပေးခဲ့တာ .."

"ဩော် .. ယူတို့က တော်တော်ကို သံယောဇဉ်ကြီးခဲ့ကြတာပဲ.."

"ဟုတ်တယ် .. တစ်မအေတည်း မွေးတဲ့ မောင်နှမတွေလိုပဲ .. ပေဖူး နဲ့ ကိုယ့်ကိုဆို ဘယ်လိုတွဲတွဲ .. ဘယ်လောက် ရင်းနှီးနေနေ မဟုတ်တရုတ် ဘယ်သူမှ မပြောဘူး .. မဟုတ်တမ်းတရား စွပ်စွဲမယ့်သူလည်း မရှိဘူး .. တစ်ခါတစ်ခါဆို ဘယ်သူ့အိမ်ဖြစ်ဖြစ် ညအိပ်ထိ ထမပြန်ဘဲ မိုးလင်းသွားတာတွေ ခဏ ခဏ .."

"ဘာလုပ်နေကြတာလဲ .."

"ဒီလိုပဲပေါ့ .. တခြား သူငယ်ချင်းတွေလည်း ပါတဲ့အခါ ပါတယ် .. ကစားကြ .. နားကြနဲ့ .. အချိန်မတော်မှ မာလကာသီး သွားခိုးဆီးသီး သွားကောက် .. အဖွဲ့တောင့်ရင် တောင့်သလိုပဲ ..၊ ရွာထဲက စိတ်မနှံ့လူကို သရဲခြောက်ဖို့ ညဉ့်နက်သန်းခေါင်ထိ စောင့်ရတာမျိုးတွေ .."

ထူး မျက်နှာလေး အနည်းငယ် ပြေကျသွားသည်။ ဒါပေမယ့်





က မြင်လိုက်ရသည့်ပုံစံကို သတိရတော့ တင်းကျပ်မှုက အဆုံးထင်ပြနိုင် ..၊

"ပေဖူး နဲ့ ကိုယ့်ကို တစ်မျိုးတစ်မည် ထင်နေမယ်ဆိုရင်တော့ း စိတ်ပင်ပန်းမှာပဲ ထူး .. သူနဲ့ ကိုယ်က မိဘ မောင်နှမထက် င်းနှီးတဲ့သူတွေ .."

ခင်မင်တွယ်တာမှုတွေ အဆုံးစွန်ထိ မြင့်တက်လာရင် အဲ့ဒါ အချစ် သွားတာပဲ ..၊

ထူး ရင်ထဲက စကားသံတွေကို ဖွင့်ထုတ် မေးလိုက်ချင်၏။ ဒါပေ ယ် ...

"ဒီစက်တွေကရော .. ယူ ဝယ်ပေးတာတွေလား .."

"သူ့ဟာသူ ဝယ်တာတွေပါ .."

ဒီလိုမိန်းကလေးတစ်ယောက်က ဘယ်ကရတဲ့ငွေနဲ့ ဝယ်နိုင်မလဲ..၊

"သူက ဒီအိမ်မှာပဲ စီးပွားရေးလုပ်တော့မှာပေါ့ .. ဟုတ်လား .."

"ဟုတ်မယ် ထင်တယ် .."

"ဒါကျမှ ယူက သေချာ မသိဘူး ဖြစ်နေတာလား .."

"မသိဘူးလေ .. ကိုယ်က အိမ် သိပ်ကပ်တာမှ မဟုတ်တာ .. ခွတွေကို ရာဇ တို့နဲ့ တိုင်ပင်ပြီး လုပ်ကြတာ .."

ထူး မျက်မှောင်ကုတ်သွားပြန်သည်။ ရာဇ တို့ကလည်း ချမ်းသာ ာတွေပဲ ဖြစ်သည်။ ကိုယ့်ကိုကျတော့ သိပ်ဟက်ဟက်ပက်ပက် ရှိ ာ မဟုတ်ဘဲ ပေဖူး ကျမှ ခင်မင်နေကြတာလား ..။

ဘယ်လိုခံစားချက်တွေမှန်း မသိဘဲ ယောကျ်ားသုံးယောက်၏ င့်ရှောက်ဖေးမခြင်းနှင့် ရှိနေသော ပေဖူး ကို သူမ မလိုလားနိုင် ..၊ စိတ်ကူးတွေနှင့် ပူလောင်နေဆဲမှာ သူမက မျက်စိရှေ့ကို ဝင်လာ

"မထူး .. နို့ နဲ့ မုန့်လေး သုံးဆောင်ပါဦး .."



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ လာချပေးတဲ့အထိ ကြည့်နေပြီးမှ ...

"တို့ မစားဘူးလို့ ပြောလိုက်တယ်လေ .. ပြန်ယူသွား .."

"ဟင်!..."

ပေဖူး ပြန်လှည့်သွားမလို ဖြစ်ပြီးမှ ကြောင်အမ်းအမ်းလေး ပြန်ကြည့်၏။

"ဆက် .. ပြီးပြီမို့လား .. သွားမယ်လေကွာ .."

"နေပါဦး .. မင်း မသောက်ဘူးဆိုရင် ကိုယ် သောက်လိုက်မယ် ဘာမှ မစားရသေးဘူး .."

ဆက်ထုံး က နို့ ဘယ်တော့မှ မသောက်ခဲ့တဲ့သူ ..၊

"အမေ စောစောစီးစီး ထားခဲ့လို့လား မသိဘူး .. ငါ နို့မကြိုက်ဘူး" တဲ့ ..၊

ခုကျမှ နို့တစ်ခွက်လုံးကို ကုန်အောင် အေးဆေး သောက်သည် ပြီးတော့ အချိုမကြိုက်ဘဲနဲ့ ကိတ်မုန့်ကိုလည်း ယူစားသေးသည်။ ပြင် ...

"သွားစရာရှိတာ သွားနော် .. ပြီးရင် အိမ်မှာ ပြန်နေ .. ဒီ ဈေးဝယ်ရမှာမို့လား .."

ပေဖူး ကို မေးတာပေမယ့် ဖြေတာကိုလည်း မစောင့် ..၊

"ငါ့အခန်းထဲမှာ ပိုက်ဆံ ဝင်ယူသွား .. ဟိုကောင်တွေမှာ ဒီ ရေခန်းနေတယ် .."

သူ့ဘာသာ ပြောပြီး ရယ်သေးသည်။ မရယ်နိုင်တာက မိန်းက နှစ်ယောက် ..၊

"သွားမယ် ထူး .. ရပြီ .."

ထွက်လာကြတော့လည်း ကားပေါ်ရောက်ရုံ ရှိသေးသည် ဖုန်း လာ၏။

ကားကို လမ်းမပေါ် မတက်သေးဘဲ ဆောမှာ ခဏရပ်ကာ ...





"ဟလို .."

"... ... ... ..."

"အဟွန်း .."

အားနာတဲ့ ရယ်သံလား .. အားရနေတာလား မသိ ..၊

သူ ရယ်နေတာကို ထူး က အကဲခတ်နေခဲ့၏။

"ဟုတ်တယ် ကိုချမ်း .. ပေဖူး ဖုန်းပါ .. ကျွန်တော့်ဆီ ပါလာ တာ .."

"... ... ... ..."

"တမင် ယူလာတာ .. ကျွန်တော့်ဖုန်း သိပ်ပြောမကောင်းလို့ .."

"... ... ... ..."

"ဟုတ်ပါပြီ .. ပြောလိုက်မယ် စိတ်ချ .."

ပြောပြီး ကားပြန်မောင်းတော့လည်း ထူး တိတ်ဆိတ်နေမိဆဲ ..၊

နှလုံးသားထဲမှာ မိုင်းရပ်စ် ဝင်နေပြီလား ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"ကိုယ်က မဆာဘူး .. ထူး ဆာနေရင် စားလေ .."

"သိပ်တော့ မဆာပေမယ့် ဆက် နဲ့ အတူရှိနေချိန်တွေအ
ဒီလိုပဲ အကြောင်းရှာရတာပေါ့ .."

ဆိုင်ထဲ အတူတူ ဝင်ခဲ့ကြရင်း ထူး က သူ့ကို မော့ကြည့်က

"ဘာလဲ .. ဆက် က အဲဒီလို စိတ်ကူးမျိုး မရှိဘူးလို့လား .

"ရှိပေမယ့် မင်း အားတဲ့အချိန်မှပဲ တွေ့ရတာလေ .. မင်း
အချိန် အားနေမလဲ ကိုယ်မှ မသိတာ .."

"မသိရင် မေးပေါ့ .. ဆက် က သိရဖို့တော့ မကြိုးစားဘဲနဲ့
လိုက်ရင်တော့ သူကပဲ သနားစရာ ကောင်းနေသလိုလို .."

"ဟုတ်လား .. မကောင်းဘူးလား .. ကိုယ်ကတော့ ကိုယ့်
ကိုယ် သနားစရာလေးလို့ ထင်နေတာ .."

"အံမယ် .. ကြည့် .."

ပခုံးချင်းတိုက်ပြီး ရယ်မိကြသည်။ လိုရာခရီးကို သွားကြ
ခဏ ..၊ ဟိုဝင်မယ် ဒီထွက်မယ်နဲ့ ရန်ကုန်ကို ရောက်လာကြ
ညနေ လေးနာရီ ထိုးတော့မည်။





သူတို့ အပေါ်ထပ်ကို တက်ခဲ့ပြီး နေရာယူပြီးမှ ခနု ဆီက ဖုန်း
ဝင်လာ၏။

"ဟလို .."

"ဆက်ထုံး .. မင်း ဘာအူကြောင်ကြောင်တွေ လျှောက်လုပ်နေ
တာလဲကွ .."

"ဘာလဲကွာ .. ငါ ဘာလုပ်လို့လဲ .."

"အခု မင်း ကိုင်နေတာ ပေဖူး ဖုန်း .."

"ဟုတ်တယ်လေ .. ဘာဖြစ်လို့လဲ .."

"မင်းက သူ့ဖုန်းကို ဘာကိစ္စ ယူသွားတာလဲ .."

"ဘာဖြစ်လို့ပဲ ယူယူ .. အခု ဘာဖြစ်တာလဲပဲ ပြော .."

"သူ့ဆီကို ခေါ်လို့ မရဘူးပေါ့ကွ .. သူ တစ်ခုခု ဖြစ်နေလည်း
ဘယ်သူ့ကိုမှ လှမ်းပြောနိုင်မှာ မဟုတ်ဘူး .. မင်း လုပ်လိုက်တာ .."

"ဘာ!..."

ဆက်ထုံး မျက်နှာပျက်သွားသည်။ ပြီးတော့ ဖုန်းကို ဖျတ်ခနဲ
ပြန်ထောင်ကြည့်မိကာ နားမှာ ပြန်ကပ်၍ ...

"ခနု .. အခု ဘာဖြစ်လို့လဲ .."

"ပေဖူး မနက်တည်းက ထွက်သွားတာလေ .. နေ့လယ်ကတော့
မေ နဲ့ အတူတူ ရှိတယ်တဲ့ .. ပြည်လမ်းပေါ်က စားသောက်ဆိုင်မှာ
သန့်ချို စားနေတယ်တဲ့ .. ခဏနေရင် ပြန်လာမယ်တဲ့ .. ငါတို့တောင်
အိမ်ပြန်ရောက်ကာစပဲ ရှိသေးတာ .."

"အဲဒီတော့ ဘာဖြစ်လဲ ဆက်ပြော .. သူ ဘယ်ကဖုန်းနဲ့ ဆက်တာ
လဲ .."

"မေ့ ဖုန်း နေမှာပေါ့ .."

"ခုထိ ပြန်မလာဘူးလား .."

"ဟုတ်တယ် .. ဒီတိုင်း ပြန်မလာရင် အကြောင်းမဟုတ်ဘူးကွ..



www.burmeseclassic.com

www.burmeseclassic.com



သူ ဆက်ပြီးတော့ ကိုချမ်း က လှမ်းခေါ်လို့ ငါလည်း သူ ဘယ်
ရှိတယ်လို့ ပြောလိုက်တာ ..."

"ဟား!..."

"မသိဘူးလေကွာ .. သူကလည်း ဒီည ပြန်မှာမို့လို့ လန့်ချ
ချင်လို့ပါ ပြောတာကိုး .. အဲဒါကြောင့် သူလည်း အပြင်မှာပဲ လန့်ချ
နေတယ်လို့ ငါ ပြောလိုက်တာ .. ဒါဆို သူ သွားတွေ့ဦးမယ်လို့ ပြေ
တာကို ငါ ဘာတတ်နိုင်မှာလဲ .. ပြီးတော့ မင်းကိုယ်တိုင် အင်္ကျီ
လုပ်ပေးထားတဲ့လူပဲ ..."

"မင်း အဲဒီလူရဲ့ဖုန်းကို ခေါ်မကြည့်ဘူးလား .."

"ခေါ်တာ ခေါ်လို့ မရဘူးကွ .. ဆက်သွယ်မှုပြင်ပ ဖြစ်လိုက်
မအားဘူး ဖြစ်လိုက်နဲ့ကွာ .."

"ကျွတ်!..."

သူ ပြောနေသမျှကို နားထောင်ရင်း ထူး ကလည်း အခြေအနေ
ရိပ်မိသည်။

ဒါပေမယ့် မကြားသလို နေကာ စားစရာတွေ မှာလိုက်ပြီးမှ
မြန်လေးနော်'လို့ ထည့်ပြောလိုက်သေးသည်။

ပြန်ကြည့်လိုက်တော့ ဆက်ထုံး မျက်နှာမှာ အကြီးအကျယ်
ယွင်းမှု ဖြစ်လျက် ...

"မလည်မဝယ်နဲ့ကွာ .. တောက်!..."

"ဘယ်သူလဲ ဆက် .."

"ပေဖူး .."

"ပေဖူး က ကလေး မဟုတ်ပါဘူး ဆက် ရယ် .. မေ တို့လိုလူ
နဲ့တောင် ရင်းနှီးနေမှတော့ ဘာများ စိတ်မချစရာ ရှိလို့လဲ .."

"မဟုတ်ဘူး ထူး .. အခုက သူ .."

ပြောပြချင်ပေမယ့် နောက်ထပ် ရှင်းပြစရာတွေ ပွားများလာမှာ





စကားက ရှေ့မဆက်ဘဲရှိစဉ် သူ့မြင်ကွင်းထဲကို ဝင်လာကြသည့် စုံတွဲ
တစ်တွဲကြောင့် ဆက်ထုံး ရဲ့ မျက်ဝန်းတွေ မီးတောက်သွား၏။

ငြိမ်းချမ်းအောင် နဲ့ ပေဖူး ...၊

ဝင်ထိုင်လိုက်ပြီဆိုတည်းက ပေဖူး က ဒီဘက်လှည့် နေရာမို့ သူတို့
ကို တန်းမြင်သွားသည်။

ပေဖူး မျက်လုံးလေး ဝိုင်းသွားကာ သူနဲ့ ထူး ရဲ့ကျောပြင်ကို ကြည့်
၍ ငေးစိုက်နေခဲ့၏။

ထုံး နဲ့ ထူး ...၊

ဟုတ်ပါတယ် .. နာမည်တူ .. အဆင့်အတန်းတူ .. နင်တို့က
လိုက်ဖက်ပါတယ် ထုံး ရယ် .. ငါကသာ ကိုယ့်ရုပ်နဲ့ကိုယ် မတန်မရာ
ကို ချစ်ခဲ့မိတာ ...။

စိတ်ကို ဒုန်းဒုန်းချကာ မျက်နှာလွှဲလိုက်မိသည်။ ကိုယ့်ဘေးမှာ
ပျော်ယာခတ်အောင် အလိုလိုက်နေတဲ့သူ ရှိပေမယ့် ကိုယ့်အတွက် လိုအပ်
တဲ့လူက ထိုသူ မဟုတ်ဘဲ ဖြစ်နေ၏။

"ကြည်ကြည်သာသာ နေပါလား ပေဖူးလွှာ .. ညီမနဲ့ ခုလို ထမင်း
အတူစားခွင့် ရဖို့အတွက် ကိုယ် ညီမနောက်ကို တစ်နေ့လယ်လုံး
တကောက်ကောက် လိုက်နေရတာ .."

"ကျွန်မအတွက် အပင်ပန်းမခံပါနဲ့ .. ကိုကြီးကိုလည်း ကျွန်မ
တကယ် အားနာပါတယ် .."

"မလိုပါဘူး .. မင်း ပွင့်ပွင့်လင်းလင်း ပြောပြတာကို ကိုယ်က
ပိုပြီးတော့တောင် သဘောကျသေးတယ် .. ဒါပေမယ့် တစ်ခုတော့
မရှင်းဘူး .."

"ဟင် .. မေးလေ .."

"ညီမက ဆက်ထုံး နဲ့ဆို သက်တူရွယ်တူ နေမှာပေါ့ .. မောင်မင်း
မယိမ်းဆိုတော့လေ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် .."

ငြိမ်းချမ်းအောင် က နောက်ကိုလည်း လှည့်မကြည့် ..၊ ဆက်ထုံး ရှိနေတာကိုလည်း မသိပေ ..။

သူ သိချင်တာကိုသာ မေးဖို့ ဦးတည်၍ ...

"ကိုယ် အံ့သြနေတာကို သိချင်ရုံပါ..၊တခြား ဘာစိတ်နဲ့မှ မဟုတ်ဘူး .."

"ဟုတ် .. မေးပါ .. ကိုကြီးကလည်း ကျွန်မ စိတ်မဆိုးပါဘူး.."

"အဟွန်း .. ဒီလိုပါ .. အခု စကားပြောကြတော့ ညီမ အိမ်ထောင် မပြုချင်ဘူးဆိုတာ ကိုယ် သိပြီလေ .. မိဘ မရှိလို့ သူငယ်ချင်းချင်း စောင့်ရှောက်တာက မှန်ပေမယ့် ကိုယ် မချစ်တဲ့လူကွာ .. ဒါမှမဟုတ် ကိုယ် အိမ်ထောင်ပြုဖို့ ဆန္ဒမရှိသေးဘဲနဲ့ စိတ်ဆင်းရဲခံပြီး ခေါင်းညိတ်ရ လောက်အောင်တော့ .."

"အဟွန်း .."

"ဘာရယ်တာလဲ ပေဖူးလွှာ .."

"မေးသင့်တဲ့မေးခွန်း မို့လို့ပါ .. ကိုကြီး ဆက်မေးလေ .."

"ညီမက သူ့စကားတစ်ခွန်းကို အမိန့်တစ်ရပ်လို နာခံနေတာ တစ်မျိုး ဖြစ်နေသလားလို့ .."

"ဟုတ်မှာပေါ့ .. ဒါပေမယ့် ကျွန်မဘက်ကတော့ ဘာမှ ပြောစရာ မရှိပါဘူး .."

ပေဖူး မျက်လုံးတွေ ဆက်ထုံး တို့ဆီ ရောက်သွားသည်။ အလှမ်း ဝေးနေပေမယ့် ရှင်းလင်းစွာ မြင်နေရတဲ့ အနေအထားပါ ..၊ သူမကို တစ်ချက်လှမ်းကြည့်ပြီး ဆက်ထုံး က မျက်နှာလွှဲသွား၏။

သူသည်လည်း ဒေါသတွေထွက်နေတာ ရင်ထဲမှာ စပျစ်သီးလို အပြွတ်လိုက် .. အခိုင်လိုက် ..၊

"အို!... အဲ့ဒါ သော့စ်တွေလေ ဆက် .."





"ဟင်!... ဟာ .."

နှုတ်ခမ်းနဲ့ ကပ်မိပြီးကာမှ ဇွန်းကို ပြန်ရုတ်လိုက်သဖြင့် ချိုချို ချဉ်ချဉ် စပ်စပ် အရသာတွေက ရှက်စိတ်နဲ့ပေါင်းကာ ပူထူသွား၏။

"ဆက် ရယ် .. ဒီက ဘာလုပ်မှာမှန်း မသိလို့ ကြည့်နေတာ .. ရော့ တစ်ရှူး .."

နှုတ်ခမ်းကို တစ်ရှူးနဲ့ ပွတ်ပစ်လိုက်ပေမယ့် ဘယ်လိုကြီးမှန်း လည်း မသိ ..၊

"မေးမှာ ပေသွားပြီ .. လာ .. ရေ့တိုးလိုက် .. တို့ သုတ်ပေးမယ်.."

ပေဖူး ရဲ့မြင်ကွင်းထဲမှာတော့ ထူး နဲ့ ထုံး တို့ရဲ့ ကြင်နာခန်း ..၊

မျက်ဝန်းတွေကို လွှဲဖယ်ပစ်မှိကာ ...

"ကျွန်မ အိမ်ထောင် မပြုချင်သေးဘူး .. ကိုကြီး ကျွန်မကို စိတ်ကူးထားတာဆိုရင် ဖျက်ပေးပါ .."

"ဘယ်လို!..."

"သူ့ဆန္ဒကို ကျွန်မ မလွန်ဆန်ချင်ပေမယ့် ကိုကြီးကိုတော့ ပြောလို့ရတယ် မို့လား .."

"အင်း .. ပြောပါဦး .."

ငြိမ်းချမ်းအောင် က ပြုံးနေပေမယ့် စူးစိုက်နေသည့်အကြည့်တွေ မှာတော့ နားလည် စွန့်လွှတ်ဖို့တွေ မပါပေ ..။

သူမကတော့ နာကျင်လာမိကာ ပြောချင်တာတွေကို ပြောဖို့ သတ္တိက အားကောင်းလာလေ ..၊

"ကျွန်မက တောမှာတောင်မှ မိဘမဲ့ အုပ်ထိန်းသူ မရှိ ..၊ ပြီးတော့ ပညာလည်း မတတ်ဘူး .."

"အဲ့ဒါတွေကို ဆက်ထုံး က ပြောပြထားပါတယ် .. ကိုယ်က တော့ 'ပေဖူးလွှာ' ဆိုတာလေးကိုပဲ မှတ်ထားခဲ့တာ .."

"စည်းစိမ်ဥစ္စာ .. အလှအပ .. ပညာ .. ကျွန်မမှာ ဘာမှမရှိဘူး..၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး ကျွန်မကို ယူပြီးရင်လည်း အသိုင်းအဝိုင်းကြားမှာ မျက်နှာငယ်မှာပဲ ..”

“ကိုယ့်မှာ ဘာအသိုင်းအဝိုင်းမှ မရှိဘူး ..”

“ခုတောင် ကျွန်မ စိတ်ပျက်တာတွေ .. စိတ်ဆင်းရဲတာတွေ ကိုကြီး မြင်တိုင်း မေးနေတာ .. နောက်ဆိုရင် ကိုကြီး ဒီအိမ်ထောင်ရေးကို စိတ်ပျက်လာမှာပဲ ..”

“အဲ့ဒါကို ကိုယ် ဆုံးဖြတ်နိုင်ပါတယ် .. အကြံပေးနေတာဆိုရင်တော့ မလိုဘူး ..”

ပေဖူး မျက်လွှာလေး ပင့်ကြည့်တော့ ငြိမ်းချမ်းအောင် က ပြုံးပြကာ ...

“ကိုယ့်ဘက်ကလည်း မရှက်တမ်း ဝန်ခံရရင် ရည်းစားထားဖို့အတွက် .. အိမ်ထောင်ဖက်ရရေးအတွက်ဆိုတာတွေ ဘာမှ စိတ်မဝင်စားဘူး .. စိတ်ဝင်စားရင် လိုက်ပါလား ရှာပါလားဆိုတော့လည်း ကိုယ်အဲ့ဒါကို အချိန်ပေးဖို့အထိ ခေါင်းထဲမှာ အရေးတကြီး မရှိဘူး ..”

“ဒါဆိုရင် ..”

“နေပါဦး .. ကိုယ် ပြောပြဦးမယ် .. ဝန်ခံရမယ့်အပိုင်းက ခုမှရောက်မှာ ..”

ငြိမ်းချမ်းအောင် က ရှက်သလိုလို .. အားနာသလိုလို ရယ်လျက်—

“ဆက်ထုံး က စသလို နောက်သလို ပြောလာပေမယ့် ကိုယ်အရမ်း ဝမ်းသာသွားတာ .. ဒီလိုမှ အားကိုးမှုရှိရင် ကိုယ့်လိုလူက စွံမှာမဟုတ်တော့ဘူးလေ .. အဟွန်း .. ညီမကို နှိမ်ပြောတာ မဟုတ်ဘူးနော် .. ရတာယူမယ်ဆိုတဲ့စိတ်ကူးနဲ့ မဟုတ်ပေမယ့် မိန်းကလေးတစ်ယောက်ကို ရွေးချယ်ဖို့ လိုအပ်နေပြီဆိုတာမျိုးပေါ့ ..”

“ညီမကို နာမည်ကြားလိုက်တည်းက စိတ်လည်း ဝင်စားတာ မှန်တယ် .. ဒါပေမယ့် လိုက်တွေ့ဖို့ ဆုံးဖြတ်ပြီးတဲ့အထိ ကိုယ့်စိတ်





ကြိုက် တန်းဖြစ်သွားမယ်လည်း မထင်ဘူး .. ညီမ ဒီလောက် ချစ်စရာကောင်းမယ်လည်း မထင်ခဲ့ဘူး ..”

ပေဖူး က မျက်နှာလွှဲပစ်သည်။

“ပြီးတော့ အရမ်းအံ့ဩသွားတယ် သိလား .. ကိုယ် ပြောတော့မယ် စိတ်မဆိုးနဲ့ နော် ..”

“အင်း ..”

“ထူးထူးမြတ် ကို ကိုယ် သိတယ် .. ဘယ်လိုသိတာလည်း ဆိုတာတော့ အရေးလည်း မကြီးပါဘူး .. မေးမနေပါနဲ့ ..၊ မင်းနဲ့ ထူးထူးမြတ်မှာ ကွာဟချက်တွေ အများကြီး ရှိပေမယ့် ယောကျာ်းလေးတစ်ယောက်အနေနဲ့ မြတ်နိုးထိုက်တဲ့မိန်းမကို ရွေးဖို့ဆိုရင် ကိုယ်သာဆို ထူးထူးမြတ်ကို မရွေးဘူး ..”

ပေဖူး ရင်ထဲမှာ နင့်သွားသည်။ ချက်ချင်းကြီး ငိုချင်လာတာကို ဘယ်လို မျိုသိပ်ရမှန်းလည်း မသိတော့ပါ ..။

“အဲ့ဒါကြောင့် ညီမနဲ့ ဆက်ထုံး ကို ..”

“ထုံး ကို ကျွန်မ ..”

“ပြောလေ ..”

ပေဖူး မျက်နှာလေး တစ်ဖက် လွှဲကာ ...

“သူက ကျွန်မကိုမှ မချစ်တာ ..”

“ဘယ်လို!...”

သူမ မျက်ဝန်းမှာ မျက်ရည်တွေ ရစ်ဝဲလာတာမြင်လျှင် ငြိမ်းချမ်းအောင် တအံ့တဩ ဖြစ်သွားခဲ့လျက် ..၊ အခြေအနေကိုလည်း နားလည်သာသလို ရှိ၏။

“ကျွန်မကို ခွင့်လွှတ်ပါ .. ဒါပေမယ့် ဒါကို ပြောပြရမှ စိတ်လုံမှာမို့လို့ ..”

“အင်း .. ပြောလေ ..”



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မနဲ့ ထုံး က မိဘမဲ့ချင်းမို့ အရမ်းကို တွယ်တာခဲ့ကြတာ.. ဟိုးငယ်ငယ်တည်းကနေ အရွယ်တွေရောက်လာကြတဲ့အထိ ကျွန်မတို့ နှစ်ယောက်ကို မောင်နှမအရင်းတွေလိုပဲ တစ်ရွာလုံးက မြင်ကြတာ .. ‘နင်တို့တွေ ကလေးတွေ မဟုတ်တော့ဘူး ဆင်ခြင်စမ်း’လို့တောင် ဘယ် သူ့ပါးစပ်ကမှ ပြောမလာခဲ့ဖူးဘူး ..”

“ဒါပေမယ့် ..”

“ပြောလေ .. ဆက်ပြောပါ ..”

“ထုံး ကလည်း ကျွန်မကို မောင်နှမ သူငယ်ချင်းလိုပဲ ချစ်ခဲ့တာ ပါ ..၊ ဒါပေမယ့် ကျွန်မကတော့ ..”

“မင်း သူ့ကို ချစ်နေတယ်ပေါ့ ..”

“အင်း ..”

“ခုရော ..”

“ချစ်တယ် ..”

“သူက နည်းနည်းလေးမှ မင်းကို မချစ်ဘူးလား .. အခု မင်းက သူ့ဆီ ရောက်လာခဲ့တာနဲ့ ပတ်သက်ပြီးတော့ရော ..”

ပေဖူး ငေးနေမိသည်။ မျက်နှာက ရှေ့ကို မူထားပေမယ့် မျက်ဝန်း တွေကိုတော့ တိမ်းဖယ်နေရ၏။

ချစ်ကြပါစေ .. ဒါပေမယ့် သူမ မမြင်ချင် ..၊

“ကျွန်မမှာ ကြီးတော်လည်း မရှိတော့ဘူးဆိုတော့ သွေးသား မတော်ပေမယ့် မောင်နှမရင်းချာလို အရင်းနှီးဆုံးက သူပဲ ရှိတာလေ..”

“အင်း .. ဒါပေါ့ ..”

“ပြီးတော့ ကျွန်မတို့ချင်း တစ်နေ့နေ့ လက်ထပ်ဖြစ်မှာလို့ပဲ စိတ် ကူးတွေ ယဉ်ခဲ့တာ .. သူကတော့ ကျွန်မကို ဘယ်တုန်းကမှ ခေါင်းထဲ မထည့်ခဲ့ဘူးဆိုတာ သက်သေပြခဲ့တယ် ..”

“ညီမက ချစ်နေတာကို သူ မသိလို့ဆိုရင်ရော ..”





“သိပါတယ် .. ဒါပေမယ့် သူ မပြောင်းလဲနိုင်ဘူး တဲ့ ..”

ပြောနေရင်း မျက်ရည်စက်တို့ လျှောခနဲ ကြွေဆင်း၏။

ထိုအချိန်မှာ သူတို့ မှာထားသည့် စားစရာတွေလည်း ရောက်လာပြီ ဖြစ်ကာ ...

“ကဲ .. အဲဒါတွေ ပြောချင်စိတ်ရှိရင် နောက်မှ ဆက်ပြောကြတာ ပေါ့ .. အခု ထမင်းစားရအောင် ..”

ဟင်းတွေ သူကိုယ်တိုင် ပေဖူး ပန်းကန်ထဲကို တစ်မျိုးပြီးတစ်မျိုး ထည့်ပေးသည်။

“စားလေကွာ .. မင်းလည်း ကိုယ့်နောက် မလိုက်ချင်လို့ တစ်နေ ကုန် ပတ်ပြေးနေရတယ် .. ကိုယ်ကလည်း မရမက ခေါ်ထုတ်ချင်လို့ နောက်တမ်း လိုက်နေခဲ့ရတာ .. ဆာနေကြတာချင်းတော့ တူမှာပါ ..”

“ကိုကြီးက အဲ့ဒါကို စိတ်မဆိုးဘူးလား ..”

ငြိမ်းချမ်းအောင် ပြုံးလိုက်သည့်အပြုံးက စောစောက ပေဖူး ပြော သွားတာတွေဟာ အသိမိတ်ဆွေတစ်ယောက်အကြောင်း သာမန် ပြော ဆိုမိတာမျိုး ..၊

“ဘာလို့ စိတ်ဆိုးရမှာလဲ .. ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ တဲ့ ..၊ ကိုယ်က လိုချင်ပြီဆိုတော့လည်း မျက်နှာပြောင်သင့်ရင် ပြောင်ရ တာပေါ့ .. အဟွန်း ..”

သူ့ပါးစပ်ထဲ တစ်ခွန်း ထည့်လိုက်တိုင်း ပေဖူး ကို စားဖို့ တိုက် တွန်းနေကာ ထည့်ပေးနေတဲ့ ဟင်းတွေလည်း ပန်းကန်ထဲမှာ ထမင်း မမြင်ရတော့လေ ..။

“ညီမက နုနုငယ်ငယ်လေး .. သွက်လည်း သွက်တယ် .. မြို့သူ တွေ သွက်တာမျိုး မဟုတ်ဘဲ အရမ်းကို ချစ်ဖို့ကောင်းတာ .. ပြီးတော့ ဘာသူဆိုတာလည်း မသိသာဘူး .. ဥပမာ စားတာသောက်တာက အစပေါ့ ..၊ တောကလူ တော်တော်များများဆို မြို့ရောက်ရင် ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကြီးတွေမှာ မစားတတ်ကြဘူး ..၊ ဟန်ဆောင်မာန်တင်းနေကြရင်လည်း သိသာတာပဲ .. ကိုယ်လည်း တောသားပဲလေ .. ခုမှ အသားကျရုံပဲ ရှိသေးတာ .."

"ကိုကြီး ရင်ထဲမှာ ဘာမှ မဖြစ်ဘူးလား .."

"ဟင် .."

"အခု ကျွန်မ ပြောသွားတာတွေကို ..!"

"အဟွန်း .."

ငြိမ်းချမ်းအောင် က သွားတွေပေါ်အောင် ရယ်ကာ ခွန်းပေါ်မှာ ထမင်းနဲ့ ဟင်း တင်ပြီးမှ မစားဖြစ်သေးဘဲ ...

"ကိုယ့်ကို ရိုးသားစွာ ဝန်ခံတာဆိုရင် ကျေးဇူးတင်တယ် .. ဒါမှမဟုတ် စိတ်ပျက်ပြီး နောက်ဆုတ်သွားအောင်ဆိုရင်တော့ မင်း ကြိုးစားတာ အလကားဖြစ်သွားပြီ ထင်တယ် .."

ပေဖူး က ဘာမှမပြောဘဲ ငေးကြည့်နေ၏။

"ယောကျ်ားတွေရဲ့သဘောက ညာတာကို မကြိုက်တာ .. ဒီလိုကိစ္စတွေမှာ သူများပြောမှ သိရတာမျိုးပေါ့ .. အဲ .. နောက်တစ်ခုက ကိုယ့်ဘာသာ သိလိုက်တာမျိုး ..၊ အညာခံရမှန်း သိလိုက်ရင် ဘယ်ကောင်မှ ခွင့်မလွှတ်ဘူး.. အခု မင်းက ညာနေတာမှ မဟုတ်တာ .."

ပေဖူး မျက်နှာလေး ငယ်ကျသွားတော့ သူက ပြုံးနေကာ ...

"စိတ်ညစ်သွားပြီလား .. ဟွန်း .. လူ့သဘာဝဆိုတာကလည်း လွယ်လွယ်လေး ရတာထက် ပြိုင်ဆိုင် အနိုင်လုရတော့မယ်ဆိုမှ ပိုပြီး တက်ကြွလာတာမျိုးကွ .."

သူ ပြောတာတွေကို စိတ်မဝင်စားတော့သလို ပေဖူး က ထမင်း စားနေလိုက်၏။

"မင်းက သူ့ကို စွဲလမ်းနေဆဲပဲဆိုတာ အခု ကိုယ် သိရပြီ .. သူလည်း ခုချိန်ထိ ထူးထူးခြားခြား နဲ့ လက်မထပ်ရသေးဘူးဆိုတော့ ကိုယ့်





င်းထဲမှာ သတိပေးခေါင်းလောင်းသံတွေတောင် မြည်နေပြီ .."

"ဟင်!..."

"မင်းကို အမြန်ဆုံး လက်ထပ်လိုက် .. ရအောင် ယူတဲ့ .."

"အဟွတ် .. အဟွတ် .."

"ဟာ!... ဆောရီး .. ဆောရီး .."

"အဟမ်း .. အဟမ်း .. အဟွတ် .."

ပေဖူး ချောင်းမဆိုးအောင် ထိန်းနေရင်း မျက်နှာလေး တစ်ပြင်လုံး သာ၏။

တစ်ဖက်ကနေ လှမ်းမြင်နေရသည့် ဆက်ထုံး သည်လည်း ခဏ း မျက်နှာအလွှဲမှာ ဘာဖြစ်သွားမှန်း မသိလိုက်သော်လည်း ပေဖူး ချောင်းဆိုးသံကြောင့် ကိုင်ထားသည့် ခက်ရင်း လွှတ်ကျသွားတာ င်ခနဲ ..၊

အသံနှစ်ရပ် ရှေ့နောက်ဆင့် ထွက်လာပေမယ့် တစ်ဖက်ကို တစ် ် ဘယ်သူကမှ သတိမထားမိကြပေ ..၊

သူ ကြည့်လိုက်တော့ ပေဖူး သည် ပါးစပ်လေးပိတ်၍ ချောင်းဆိုး ျက် ..၊

ငြိမ်းချမ်းအောင် ခြေကားယား လက်ကားယားဟန် ဖြစ်နေကာ မှလည်း လုပ်မပေးတတ် ..။

ထို့ပြင် ကိုယ့်စားပွဲမှာ ရေ ရှိသည်။ သူတို့ဘက်မှာ ရေ မရှိ ..၊ ဆက်ထုံး ရေတစ်ခွက် ထည့်ကာ နေရာမှ ထရပ်လိုက်သည်။

"ဆက် .."

ထူး ကိုယ်တိုင် ခုကျမှ သိသွားခဲ့၏။ ဘယ်သူ သိသိ မသိသိ ထုံး က ဂရုမစိုက်တော့ပေ ..၊

ဖန်ခွက်ကို ကိုင်၍ ပေဖူး နားထိ လျှောက်သွားကာ ...

"ချောင်းဆိုးတာ ဒီလက်က ဘာလို့ ပိတ်ထားတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



ရေခွက်ကိုလည်း ချသည် ...၊ ပါးစပ်မှာ ဝိတ်ထားသည့်လက်ကို ဖယ်ချပစ်၍ ...

"ထမင်းစားတုန်း စကားပြောရင် သီးတတ်မှန်း ကိုယ့်အကျင့် မသိဘူးလား .. အဲ့ဒီမှာ ရေသောက် .."

မျက်နှာတစ်ပြင်လုံး တင်းမာခက်ထန်နေကာ ထူး ရဲ့ရှေ့မှာလည်း ဟန်မဆောင်နိုင် .. ၊ ငြိမ်းချမ်းအောင် ကိုလည်း အားနာဖို့ သတိမရ

သူ့ဒေါသကြောင့် တခြားစားပွဲက လူတွေပါ သတိထားမိကုန် လျက် ..၊ ကယောင်ချောက်ချား ထွန့်ပျက်ယွင်းနေခဲ့သမျှအတွ ထူး ကတော့ အားလုံးနီးပါး နားလည်သွားပြီ ဖြစ်၏။

ငြိမ်းချမ်းအောင် က အံ့သြဟန်ဖြစ်သွားပြီး နောက်ကို လှည့်ကြ သည်။

ထိုအခါကျမှ ထူး ကလည်း သူ့လိုပဲ ကျောခိုင်းလျက်ကနေ လှ ကြည့်နေတာကို မြင်သွားကာ ...

"သူက ဘာစကားမှ မပြောပါဘူး ဆက်ထုံး ရာ .. ငါချည်း ပြောနေတာပါ ..၊ ဆောရီးနော် ပေဖူးလွှာ .. အနှုးအညွှတ် တောင်း တယ်ကွာ .."

"ရ .. ရပါတယ် .. အဟွတ် .."

ရေခွက် ပြန်ချပြီး သီးဖို့ ပြင်ဆင်နေသေးသည်။ ဆက်ထုံး တစ်ရှုးစတွေကို မပြီးမဆုံးနိုင် ဆွဲထုတ်ယူကာ ...

"ရော့ .."

အထပ်လိုက် ပေဖူး ကို ချပေးလိုက်၏။ ပြီးတော့ အိတ်ထဲ ဖုန်းထုတ်ကာ သူမရှေ့မှာပဲ ချလိုက်ပြီး ...

"ဒီကပဲ ဆောင့်နေ.. တအောင့်ကြာရင် မနေ တို့ လာခေါ်လိမ့်မယ်.."

ပေဖူး တို့ ပြောပြီးမှ ဒီဘက်ကို လှည့်ကြည့်ကာ ...

"ကိုချမ်း .. အချိန်ရရဲ့လား မသိဘူး .."





"ဟင် .. ဘာကိုလဲ .."

"သူ့ကို အိမ်က လာခေါ်လိမ့်မယ် .. ဒီမှာပဲ ပေဖူး နဲ့အတူ ခဏ ောင့်ပေးနိုင်မလား .."

"ပေးနိုင်တာပေါ့ကွ .. ခဏ မဟုတ်ဘူး .. အကြာကြီး ရတယ်.."

အပြုံးမပျက် ပြောလိုက်ပေမယ့် ငြိမ်းချမ်းအောင် မျက်နှာက ည်းငယ် တင်းနေသယောင် ရှိ၏။

ဆက်ထုံး လုပ်လိုက်တဲ့ပုံက ပေဖူး ကို ဒီကနေ ဘယ်မှ ထပ်ခေါ်လို့ တော့ဘူးဆိုတာ ကန့်သတ်လိုက်တာမှန်း သူ နားလည်နေ၏။

ပြီးတော့ ယောကျ်ားချင်းမို့ ပိုသိသည်။

ဘာလဲ .. ငါးရဲ့နှစ်ကောင်စလုံးကို တစ်ပြိုင်နက် ဖမ်းချင်တာ း ..၊

ဒီလို ဖြစ်လာနိုင်တယ်ဆိုတာ သူ တွက်မိခဲ့တာလည်း ခုနလေး င်ပဲ .. ၊

တစ်ခုပဲ ရှိသည် ..၊ ပြိုင်ချင်တယ်ဆိုရင်လည်း တိုက်ကြရုံ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"ခွမ်း .."

"ဟာ!..."

ကိုင်ပေါက်ပစ်လိုက်သည့် ဖုန်းက ကွဲထွက်သွား၏။

"ငါ့ကို နင် မရွဲ့နဲ့ .. မေးတာကို ကောင်းကောင်း ဖြေ .."

"ငါ ရွဲ့ဖြေနေတာ မဟုတ်ဘူး .. နင် သဘောတူထားတဲ့လူပဲ
လိုက်သွားခဲ့တာ .. အဲဒါလည်း တစ်နေ့လယ်လုံး မဟုတ်ဘူး .."

"တစ်နေ့လယ်လုံး မဟုတ်ရင် ထမင်းစားပြီး ပြန်ခဲ့မယ်
နောက်ကအချိန်တွေမှာ ဘာလုပ်နေသလဲ .."

"စက်ပစ္စည်းရောင်းတဲ့ ဆိုင်တွေမှာ ငါ လိုချင်တဲ့ပစ္စည်း လို
နေတာ .."

"တစ်ယောက်တည်း ရှာနေတာလို့ ပြောချင်တာလား .."

ထိုအချိန်မှာ ငြိမ်းချမ်းအောင် လည်း အနားမှာ ရှိနေပြီဖြစ်သ

သူ ခေါ်တဲ့နောက်ကို မလိုက်ချင်၍သာ သူမ အကြောင်းရှာ
ခရီးဆန့်နေတာ ဖြစ်၏။ ဒါကို စိတ်ရှည်လက်ရှည် တကောက်ကော
လိုက်ပြီး ခေါ်နေတာ ဘယ်လို ထပ်ရှောင်မလဲ ..၊

"ငါ နင် ငြိုငြင်တာကို မခံနိုင်လို့ သိလား .."





"ဘာ!..."

"ဒီလူကို ကောင်းကောင်း မဆက်ဆံရင်လည်း နင်ပဲ ငါ့ကို အပြစ်
ာမှာ .."

"အဲဒါကြောင့် ဘယ်ခေါ်ခေါ် လိုက်နေတာပေါ့ .."

"ထုံး .. နင် .."

"ဘာဖြစ်လဲ ပြော .. ဆက်ပြောစမ်းပါ .."

"နင် နော် .."

"ကဲ ဆက်ထုံး ရာ .. မင်းက ဘာလဲ .. ဒါ ဒီလောက်ထိ ဖြစ်
လည်း မဟုတ်ဘဲနဲ့ .."

"အေးလေကွာ .. ညနေစာ ဝင်စားနေကြတာ မိုးချုပ်တဲ့အထိ
တာလည်း မဟုတ်ဘူး .. ပြီးတော့ ကိုချမ်း ကိုလည်း မင်းပဲ ယုံကြည်
သက်တွဲပေးလိုက်တာမို့လား .."

"တောက်!..."

ပခုံးနှစ်ဖက်မှာ အတင်းဖိဆုပ်ကိုင်ထားမိသည့် လက်တွေကို ဆောင့်
ပြီး တက်ခေါက်သည်။

"ငါ စီစဉ်တာကို နာခံတာဆိုရင် နင် ငါ မသိဘဲ ဘာမှ လုပ်ခွင့်
ဘူး .. ကိုချမ်း မကလို့ သိကြားမင်းပဲ ဆင်းလာလာ .."

ရာဇ နဲ့ ခနု မျက်လုံးချင်း ဆုံသွားသည်။ ပြီးမှ ...

"ဒါတော့ မင်း တရားသေ အမိန့်ထုတ်ထားလို့ မရဘူးလေ ..
သဘောတူလို့ တွဲခဲ့တာပေမယ့် မင်းရဲ့စိတ်နဲ့ တွေ့လို့မှ မရတာ.."

ရာဇ ပြောလိုက်တော့ ဆက်ထုံး မျက်နှာ တင်းနေတာက ပိုဆိုး
သည်။

"သူ့ဘဝအတွက် သူ့အမြင်လေးနဲ့ ခရီးဆက်ချင်မှာပေါ့ .. ငါက
ပြောတာပါ ..၊ မင်း ငြိုငြင်မှာ ကြောက်တာက သပ်သပ် .. ဟို
ကလူ မငြိုငြင်အောင် ထိန်းထိန်းသိမ်းသိမ်း ပြောရဖို့တွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လေ ..."

"ဒီမှာ ရာဇ .. ငါ ကိုချမ်း ကို လာပါ ယူပါလို့ မပြောရသေးဘူ
စနောက်ကြတဲ့အဆင့်ပဲ ရှိသေးတယ် .."

"မင်းပဲ ပေဖူး ကိုကျတော့ ဒီလူနဲ့ ယူကိုယူရမှာ ဆို .. အဲ့ဒီ
ပေဖူး က သူ့ဘဝလက်တွဲဖော် ဖြစ်လာမယ့်လူအဖြစ် ပေးသင့်တာ
ပေးရ .."

"ဘာလဲ .. ဘာကို ပေးရမှာလဲ .. ဘာ ပေးသင့်တာလဲ .."

"အခွင့်အရေးလေ .. တစ်ယောက်နဲ့တစ်ယောက် အကဲခတ်
ကြတုန်းကာလမှာ ဒီလိုလည်း သွားတာလာတာရှိမှ ရင်းနှီးမှာပေါ့ -

"အဲလောက်အထိ အခွင့်အရေးယူနိုင်ဖို့ ငါ စကားမကျွံခဲ့
ရာဇ .. ကိုချမ်း ဒါ သက်သက် .."

"သက်သက်တော့ မဟုတ်လောက်ပါဘူးကွာ .. သူ ပေဖူး
တကယ် သဘောကျပြီး ကောက်ကောက်ပါလာတဲ့ ပုံပါ .. နောက်
ပေဖူး က မိဘမဲ့ပေမယ့် ငါတို့သုံးယောက်ရဲ့ စောင့်ရှောက်မှုအောက်
ရှိတာ .. ငါ့အဖေနဲ့လည်း ရင်းနှီးတာပဲ .. သူ ယောင်ယောင်ရမ်းရမ်း
လည်း မွေးမှာ မဟုတ်ပါဘူး .."

ပေဖူး ကတော့ အားလုံးရှေ့ကနေ ထွက်သွားပြီဖြစ်ကာ ခန
သူတို့နားမှာ လာရပ်ကာ ...

"အခု မင်းနဲ့ ထူး နဲ့လည်း ပြဿနာ တက်လာပြီ မို့လား -"

"ငါ့ကိစ္စ ငါ ရှင်းနိုင်တယ် .. ဘာဖြစ်ဖြစ် .."

"ငါတို့က ဝိုင်းရှင်းပေးမလို့ မေးတာ မဟုတ်ဘူး .. မင်း
ဘယ်လိုဖြစ်နေသလဲ ကိုယ့်ဘာသာ ပြန်ဆန်းစစ်ဦး .."

ဆက်ထုံး ရဲ့ ဒေါသတွေက အကင်းမသေနိုင်ဘဲရှိကာ
ယောက်လျက်နှင့် ခန ဘက်ကို လှည့်လာကာ ...

"ငါ့ပုံစံ ဘာဖြစ်နေနေ အဲ့ဒါလည်း ဂရုမစိုက်ဘူး ခန ..





အံရှမ်းရိုးတယ်.. ပြီးတော့ သူ ပညာမတတ်ဘူး ..၊ ဒါကြောင့် သူ့ကို
နှိမ်မှာ .. သူများက အထင်မြင်သေးတဲ့မျက်လုံးနဲ့ ကြည့်မှာ ငါ လုံးဝ
သက်မခံနိုင်ဘူး .."

"ပြီးရောကွာ .. ကဲ .. မင်းတို့နှစ်ယောက်ကြားမှာ ဝင်ပါရတာ
ပါ ရှုးချင်လာပြီ .."

ခန နဲ့ ရာဇ က သူ့ကို နားလည်ကြဆုံး သူငယ်ချင်းတွေ ဖြစ်သည်။
ဆိုးလောက်စရာ ဆက်ထုံး ဘာတွေပြောပြော သူတို့က နားလည်
ဖို့သာ အဆင်သင့် ရှိနေကြကာ ...

"ဒါဆိုရင်လည်း အကြောင်းသိ စာတ်သိကွာ .. သူ့ကို နှိမ်လည်း
မှိမ်ဘူး .. အထင်လည်း မသေးဘူး .. တစ်သက်လုံး ရိုးမြေကျ ပေါင်း
သွားဖို့လည်း အာမခံတယ် .."

"မင်း ဘယ်သူ့ကို ပြောနေတာလဲ ရာဇ .."

"ငါလေ .. ပေဖူး ကို ငါနဲ့ဆိုရင် မင်း သဘောတူလား .."

"ဘာကွ!..."

ဆက်ထုံး မျက်နှာ နီရဲသွားသည်။ ရာဇ နှင့် မျက်နှာချင်းဆိုင်
ရာမှာ လှည့်ရပ်လိုက်ပြီး ...

"ပိုဆိုးသွားပြီ .. မင်းနဲ့ဆိုမှ ပိုဆိုးသွားတာ .."

"ဘာဖြစ်လို့လဲ .."

"စာတ်တူသား မစားရဘူး .."

"ဘာဆိုင်လို့လဲကွ .."

"ဆိုင်တယ်လို့ပဲ တွေးလိုက်တော့ ယောကောင် .. မင်းတို့ ငါတို့
အားလုံး သူ့ကို လက်ခံထားခဲ့ကြတာ မောင်လိုနှမလို စိတ်တွေနဲ့ .."

"ဒါကတော့ မင်းရင်ထဲမှာ ဒီလိုရှိတိုင်း ငါတို့ရင်ထဲမှာ ရှိချင်မှ
ရှိမှာပေါ့ .."

ရာဇ က ဆိုဖာမှာ အေးဆေးဝင်ထိုင်လိုက်ကာ မျက်နှာပူတာမျိုးပို



www.burmeseclassic.com

www.burmeseclassic.com



ခပ်လွှဲလွှဲ လုပ်ထား၍ ...

"စာတ်တူသား မစားကောင်း ဆိုတာကို ဖယ်ပြီး ဖိတ်ချင်းဖိ
ကိုယ့်အိတ် .."

"မဖိတ်ရဘူး .. ပေဖူး က ဘောလုံးတစ်လုံးလည်း မဟုတ်
ရာဇ .. ဟိုဘက်ပုတ် ဒီဘက်ပုတ် အဖြစ်မခံနိုင်ဘူး .."

"ဒါကတော့ မင်း အတွက လွန်တာပဲ ဆက်ထုံး .. မင်း
မဟုတ်လည်း တခြားကောင်တစ်ယောက် ထပ်ရှာပေးမှာပဲမို့လား
ဒါမှမဟုတ် ကိုချမ်း နဲ့ပဲ လက်ထပ်ပေးမှာလား .. ပေဖူး ကလည်း
သူ့ရင်ထဲမှာ ဘယ်လိုရှိရှိ မင်း စီစဉ်ရင် ခေါင်းညိတ်မှာပဲ .. အဲ့
ဘာဖြစ်လို့လဲ သိလား .. အဲ့ဒါ ကြောက်လို့ မဟုတ်ဘူးကွ .. မင်း
ချစ်လို့ နာကျင်နေတာ .."

"ဟုတ်တယ် ဆက်ထုံး .. ရာဇ က ငါ့ကို ရင်ဖွင့်နေတာ
ပတ်လောက် ရှိပြီ .. ငါတို့ဘက်ကဆိုရင် ပေဖူး နဲ့ လုံးဝ ရှော့ခ် မရှိ
နော် .. မင်း သေချာ စဉ်းစား .."

ရာဇ က ထိုင်ရာမှ ပြန်ထရပ်ကာ ဆက်ထုံး နားကို ရောက်လာပြီ

"ထူးထူးမြတ် ခများလည်း မင်းနဲ့ လက်မထပ်ရသေးတာပဲရှိ
သူ့အသိုင်းအဝိုင်းမှာ လူသိရှင်ကြားတွေ လုပ်ထားပြီးပြီ .. အခု ပြသ
တက်ခဲ့တယ်ဆိုရင်လည်း သူ မင်းကို မပြတ်နိုင်ဘူး ...၊ ပြန်လိုက်လာ
ပဲ .. ပေဖူး နဲ့ .. မင်း ရိုးသားပါတယ်လို့ ဒိုင်ခံ ဖြေရှင်းနေရမယ့်အ
ငါနဲ့ လက်ထပ်လိုက်ရင် .."

"ဘာလဲ .. ထူး ဘက်က သက်ာရှင်းဖို့အတွက် ပေဖူး ကို ငါ
တစ်ယောက်ယောက်နဲ့ အလျင်စလို လက်ထပ်ပေးမှ ဖြစ်တော့မယ်ဆ
ဟုတ်လား .."

"တစ်ယောက်ယောက်က ငါလေ.. မင်း ငါ့ကိုတောင် မယုံ
လား .."





"ဟား .. တော်စမ်းပါ ရာဇ ရာ .. မိန်းမတစ်ယောက်ကို ငါ့ကို
ပေးမလား .. ငါ ယူလိုက်မယ်ဆိုတာမျိုး မင်းနှမကို သူများက တောင်း
ရင် ကြိုက်လား .."

"ဟာ .. မဟုတ်ဘူး ဆက်ထုံး .. ငါက အဲ့ဒီသဘော .."

"တော်တော့ ဟေ့ကောင် .. ပါးစပ်ပိတ်လိုက်တော့ .."

"ဆက်ထုံး .."

ခနု က ကပျာကယာ ကြားဝင်ရပ်ကာ ...

"အချင်းချင်းတွေကွာ မင်းကလည်း .. စကားဆိုတာ တန်ဆာ
မဆင်ဘဲ ပြောရင် ကြားရဆိုးတယ်ကွ .. အချင်းချင်းမို့လို့ စကားပလ္လင်
မခံဘဲ ပြောလိုက်တာပါ .. ရာဇ က .."

"ရတယ် .. ငါ စိတ်ဆိုးလို့ ပြောတာ မဟုတ်ဘူး .. အဲဒီကိစ္စ
မင်းတို့ ထပ်မပြောရင် ရပြီ .."

ဆက်ထုံး က လက်ပါကာပြီး တားသည်။ ပြီးတော့ ထိုနေရာမှ
ထွက်လာခဲ့သည့်မျက်နှာဟာ မှန်တိုင်းမွှေနှောက်သွားသည့် ဥယျာဉ်ငယ်
လေးကဲ့သို့ ...

"ဆက်ထုံး .. မင်း အဲလိုတော့ မလုပ်နဲ့လေကွာ .."

ခနု နဲ့ ရာဇ တို့က သူ့နောက်ကို ပြေးလွှားလိုက်လာကြကာ ...

"ဆက်ထုံး ရာ .. ပေါ့စေလိုလို့ ကြောင်ရပ်ရေး ဆေးအတွက်
လေး ဆိုတာလိုပဲ ငါ ပြောချင်တဲ့အဓိပ္ပာယ်က .."

"ဘယ်အဓိပ္ပာယ်ဖြစ်ဖြစ် ရတယ် .. ရတယ်လို့ ငါ ပြောပြီးပြီ ..
မင်း နေခဲ့တော့ .."

ဆက်ထုံး က နောက်ဖေးခန်းထဲထိ ခြေလှမ်းကျဲတွေနဲ့ လျှောက်
သွားတာ တစ်ချက်မှ မနား ...၊

"နေပါဦးဟ.. ငါတို့က မင်းလည်း အဆင်ပြေအောင် စေတနာနဲ့.."

"ဟာကွာ .. ကဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ခွပ် .."

"အ!..."

"ဟာ!... ဟော့ .. ဆက်ထုံး .. မင်း နော် .."

ခနေ မျက်နှာ လည်ထွက်သွားကာ ကြမ်းပြင်ပေါ် ဖရိုဖရဲ လဲကျသွား၏။ ရာဇ က ခနေ ကို ပြေးထူကာ ...

"မင်းကွာ .. အချင်းချင်းတွေကို လက် ပါစရာလားကွ .."

"အချင်းချင်းတွေမှာ မပြောသင့်တဲ့စကားမျိုးတွေ ရှိတယ်ဆိုတာလည်း မသိရင် မေးမြန်းထားဦး .."

ဆက်ထုံး ရဲ့စကားသံတွေက ရှိခဲ့ဖူးသည့် ချစ်ခင် ရင်းနှီးမှုတွေပါ ပျောက်ဆုံးနေခဲ့လျက် ..၊ နောက်ပြန် နှစ်လှမ်းလောက် ဆုတ်လိုက်ပြီးမှ ချာခနဲ လှည့်ထွက်သွားသည်။ ရာဇ တို့ ဒီတိုင်း ကြည့်နေခဲ့ရကာ ..၊ သူ့ရင်ထဲမှာလည်း ဒေါသ၏အင်အားက အားလျော့ ဆုတ်ခန်းသွားသည် မရှိဘဲ ခြေလှမ်းတိုင်းက ကြမ်းတမ်းနေခဲ့သည်။

ပေဖူး ၏မျက်နှာလေးကို မြင်ယောင်ကာ သူ တစ်ဖက်သတ် ဆုံးဖြတ်ကန့်သတ်တာတွေဟာ အနိုင်ကျင့်သလိုဖြစ်ခဲ့ပြီးမှန်း နားလည်လာ၏။

'အရင်းလဲမှ အဖျား ထင်းဖြစ်သည်' တဲ့ ..။

သူမကို ဤသို့သော အထင်မြင်သေး စော်ကားသည့် စကားလုံးတွေ ပြောရဲလာကြတာဟာ သူ မကောင်းလို့ပဲဆိုတာ ပေါ်လာခဲ့သည်။

ဒါဆိုရင် သူရော ဘာလို့ ဒီလိုတွေ လုပ်ခဲ့မိတာလဲ ..၊

"ဒုန်း .."

အိပ်ခန်းထဲ ရောက်လာကာမှ ခုတင်ခြေထောက်ကို ဒုန်းခနဲ လွှဲကန်ပစ်မိ၏။ စေ့စေ့တွေးလေ ရေးရေးပေါ်လေ ..၊

တကယ်တမ်း မှားခဲ့တာ ကိုယ် ..၊





## အခန်း(၃၀)

"နှင် သိပ်မှားတယ် ပေဖူး .."

"နှင့်ရဲ့ မရိုးသားမှုတွေက ရိုးလွန်းလို့ ဖြစ်လာခဲ့တာလား .. 'အ' လွန်း .. 'ထုံ' လွန်းလို့လား .."

"အချစ်တစ်ခုကို ရဖို့ .. ကိုယ့်ချစ်သူနဲ့အတူ အိမ်ထောင်တစ်ခုကို ထူထောင်ခွင့်ရဖို့ ဒါတွေကို လွယ်လွယ်လေးလို့ နှင် ထင်နေသလား.."

မေးခွန်းတွေ မေးရင်း မှန်ထဲမှာ ကိုယ့်ပုံစံကို ပြန်ငေးနေမိသည်။ 'ဆံပင်တွေ ဖြောင့်လိုက်တော့ .. စက်ဆွဲတာက စတာပဲ" တဲ့ ..။

ဘေးခွဲ မကျတကျ ဆံနွယ်တွေက ပခုံးတစ်ဖက်စီမှာ ပျော့ပျော့နွဲ့နွဲ့ စင်းကျနေကြသည်။ ဟိုတုန်းက ကျစ်ဆံမြီးသေးသေးလေးတွေကို ဖျောက်ဖျက် ပြင်ဆင်ပစ်ဖို့ ခနေ က အကြံပေးခဲ့သည်။

အလှပြင်ပစ္စည်းတွေ ဝယ်တဲ့အထိလည်း သူ ပါ၏။ အပြင်တစ်ခါထွက်ခါနီးတိုင်းလည်း ...

"နှင့်အကျႌဒီဇိုင်းက မလန်းပါဘူးဟာ .. လဲစမ်းပါဦး" ဆိုတာတွေ ..၊

အားလုံးက စေတနာတွေ ထားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး ဖြစ်စေချင်ကြတာလည်း သူမ သိနေသည်။ ထို့ပြင် ခုနက ဖြစ်ရသည့် ပြဿနာမှာလည်း ရာဇ စကားမှားခဲ့သေမယ့် စေတနာ အမှားဆိုတာ ထုံး ကိုလည်း နားလည်စေချင်မိသည်။

ဘာပဲဖြစ်ဖြစ် ဒီလောက်ထိ ရိုင်းပင်းကူညီနေခဲ့ကြတဲ့ သူငယ်ချင်းတွေ စိတ်ဝမ်းကွဲကြရတာ ကိုယ့်ကြောင့် ...၊

'နင်ဟာ တောကျီးကန်းပဲ ပေဖူးလွှာ ရှယ် .. ဓာမဏီငှက်လို လှချင်လို့ ရမလား ..'

မျက်ရည်တို့ ဖြတ်ဆင်းနေခြင်းသည် ကျသွားရဲ့လားလို့ ထင်ရလောက်အောင် ခြောက်သွေ့ချိန် မရသော ပါးပြင်တို့မှာ ရေပူစမ်းတစ်ခု ဖြစ်ထွန်းနေပြီလား မသိ ...၊

ဆံစတို့ကို စမ်းကိုင်ရင်း ပေဖူး မှန်ရှေ့မှ ထရပ်လိုက်သည်။ မှန်ကို ကြည့်ပြီး ငိုတာ မဟုတ်ပါ ...၊ ပေဖူးလွှာ ဆိုသော မိန်းမတစ်ယောက်၏ သွင်ပြင်ဟန်ပန်တွေ ဘယ်လို ပြောင်းလဲခဲ့သလဲဆိုတာကိုသာ သိချင်တာ ဖြစ်၏။

တကယ်တော့ သူမရဲ့မျှော်လင့်ချက်တွေသာ အရောင်ပြောင်းနေခဲ့တာဖြစ်ကာ ပေဖူးလွှာ ဟာ ပေဖူးလွှာ ပဲ ဖြစ်လေသည်။

သူမတစ်ယောက်သည်သာ ဒီစင်မြင့်ပေါ် မတက် ...၊ ဒီဇာတ်ရုပ်ကို မကခဲ့ဘူးဆိုလျှင် ထုံး တစ်ယောက် သူဌေးသမီးနဲ့ လက်ထပ်ပြီး သူ လိုချင်သည့်ဘဝမျိုးနဲ့ ပျော်ရွှင်နေရမှာ ဖြစ်သည်။

ပြီးတော့ ရာဇ နဲ့ ဓနု ဆိုသော သူငယ်ချင်းကောင်းတွေနဲ့လည်း ခုလို မုန်းကြရမှာ မဟုတ် ...၊

ဒါဆို သူမ ဘာလုပ်သင့်သလဲ ...၊

အတွေးတို့ဖြင့် ချာချာလည်နေရင်း မိုးသာလင်းသွားသည်။ သူမ အိပ်လို့ မပျော်နိုင် ...၊

ဖွတ်အတင်း အိပ်ဖို့ မကြိုးစားတော့ဘဲ မျက်နှာ ထသစ်ပြီး မီးဖို





ခန်းထဲ ဝင်ခဲ့တော့ ရာဇ နဲ့ ဓနု က ဘူးတွေ .. ပုလင်းတွေ လှော်ဖွင့်ရင်း ကိုယ့်အစီအစဉ်နဲ့ ကိုယ် စားသောက်ဖို့ လုပ်နေကြ၏။

"နင် တစ်ရေးမှ မအိပ်ဘူးမို့လား .."

ဓနု က မျက်လွှာပင့်ကြည့်ပြီး တန်းမေးသည်။ အထပ်စင်ကြီး ရှေ့မှာ ရပ်၍ မုန့်ပုံး လှမ်းယူနေသော ရာဇ က သမင်လည်ပြန် လှည့်ကြည့်၏။ ပြီးတော့ ရှေ့ပြန်လှည့်သွားကာ ...

"နင့်ကို ဆက်ထုံး တစ်ခုခု လာပြောသွားသေးလား .."

"ဟင့်အင်း .."

"ဒါပေမယ့် သေချာတယ် .. သူ နင့်ကို ပြန်လာခေါ်တော့မှာ.."

"ဟင်!... ဘာဖြစ်လို့လဲ .."

"ဘာမှ မဖြစ်ပေမယ့် သေချာနေတာ .."

မုန့်ပုံးကို ပိုက်၍ စားပွဲဆီ ပြန်လျှောက်လာကာ ...

"ငါတို့လည်း အိမ်မှာ စားရတဲ့ ဘရေ့ဖတ်စ်ကို ကြိုက်တတ်နေပြီ .. အကျင့်တွေလည်း ပျက်ကုန်ပါပြီဟာ ...၊ ဒါပေမယ့် .."

ရာဇ က စကားမဆက်ဘဲ စားပွဲဘေးမှာ ခုံဆွဲထိုင်၏။ တော်တော်ကြာကာမှ မော့လာကာ ...

"သူ ဖုန်းပြောနေတာ ငါ ခိုးနားထောင်လိုက်တယ် .. ညတုန်းက သူလည်း အိပ်မှ မအိပ်တာ .. ဒီကောင်လည်း ပါးချိတ်ရောင်နေတာ အနာပြင်းနေလို့ ငါ ထိုင်ပြီး ကြပ်ထုပ်ထိုးပေးနေရတာနဲ့ ဘယ်မှာ အိပ်ရလို့လဲ .. အဲဒါကြောင့် သူ ပြောနေတာကို ကြားလိုက်တာ .."

"ဘာတွေ ပြောနေတာလဲ ဟင် .. ဘယ်သူနဲ့လဲ .."

"ထူးထူးမြတ် နဲ့ ပြောတယ်.. ပြီးတော့ သူ့တိုက်ခန်းအကြောင်း.."

"တိုက်ခန်းက ပိုက်ဆံ မကြေသေးဘူးမို့လား .."

"ဟုတ်တယ် .. ဒါပေမယ့် ပါးပါးပဲ ကျန်တော့တာ ထင်တယ်၊ ဒီကောင်က နည်းနည်းတော့ လျှို့ဝှက်တယ်ဟ .. သူ့ကို ဘယ်သူမှထင်



www.burmeseclassic.com

www.burmeseclassic.com



ထင် .. ဘယ်လို ပေဖန်ပါစေ ရှင်းတတ်တဲ့အကျင့်လည်း မရှိဘူး .. သူ အခု အရောင်းအဝယ်လောကထဲမှာ ခြေမြားနေတယ် .. ငါတို့ သူငယ် ချင်းပေမယ့် ငါတို့ထက် တော်တာတော့ သေချာတယ် ..''

ရာဇ မျက်နှာမှာ မကျေနပ်သော ဒေါသငွေ့ကို ရှာမတွေ့ပါ ..၊ မျိုသိပ်ထားလိုက်တာလား .. ခွင့်လွှတ် နားလည်ပေးနိုင်တာလား ဘာ မှန်းတော့ မသိပေမယ့် ပေဖူး ဒါကိုပဲ အဓိက ရှာဖွေနေမိ၏။

ညီတစ်ယောက်လုံးကို ထိုးကြိတ်ထားတဲ့လူအကြောင်း မကောင်း ပြောခြင်း တစ်ခွန်း မပါသေးပေ ..၊

''သူ ငွေရှာနေတာလား .. ကောင်မလေးတွေနဲ့ လိမ်နေတာလား.. ဘာမေးမေး ရေရေရာရာ သိပ်မဖြေဘူး ..၊ ညက ဖုန်းပြောနေတဲ့ပုံအရ ဆိုရင် သူ့ကို တိုက်ခန်းသော့ အပ်လိုက်ပြီ ထင်တယ် .. ခုတစ်ခေါက် အိမ်ပြန်လာရင် သူ နင့်ကို ခေါ်ထုတ်သွားတော့မှာ ..''

''ပေဖူး ..''

''ဟင်!...''

မနု က အညိုကွက်ထင်နေဆဲ ဒဏ်ရာနှင့် မျက်နှာကို ခပ်ငုံ့ငုံ့ထား ကာ ...

''ငါ ညတုန်းက စကားပြော လောသွားတယ်ဟာ .. အဲ့ဒါ ငါ မှားတာပါ ..''

ဟင်!...

ပေဖူး ရင်ထဲမှာ နင့်သွားသည် ..၊ ဒဏ်ရာတောင် မပျောက်သေးဘဲ နာကျင်ရတဲ့လူက ပြန်တောင်းပန်နေသည်။

ဒီလောက်ထိ ချစ်ကြတဲ့ သူငယ်ချင်းတွေ ..၊

''ငါတို့ကဟာ .. တကယ့် အစီအစဉ်ထဲမှာတော့ သဘာဝကျကျ ပြောပြီး သူ့ရဲ့ သဝန်တိုစိတ်ကို နှိုးဆွပေးမယ်ဆိုပြီးတော့ပါ .. ရုတ် တရက် သူ ဟန့်ဆောင်နိုင်ရင်တောင်မှ ငါတို့က နင်နဲ့ တိုင်ပင်ပြီး





တွဲပြမယ် .. ရွဲ့ကြမယ် .. ဘာညာတွေ သရုပ်ဆောင်ပြရင် သူ သဝန်တို လာမယ်ပေါ့ ..''

''ဖြစ်ရလေ မနု ရယ် .. သူ ငါ့ကို မရိုးသားစိတ် မဖြစ်ပါဘူးလို့ ပြောခဲ့ပြီးပြီပဲဟာ ..''

''ဒါပေမယ့် ..''

''သဝန်တိုဖို့ နေနေသာသာ ကိုငြိမ်းချမ်းအောင် နဲ့တောင် ယူနိုင်း နေတာ နင်တို့ မသိလို့လား ..''

''သိတယ် .. အဲဒါတွေကိုက လွဲနေတာ .. သူ နင့်ကို လက်မထပ် ချင်ဘူး .. ဒါပေမယ့် ဥပေက္ခာထားပါလား ဆိုတော့လည်း မထားနိုင် ဘူး ..''

ပေဖူး ခေါင်းလေးခါရင်း ခုံမှာ လေးတွဲ့စွာ ထိုင်၏။ ငံ့ဘာဝါ ရောင် ဂျင်းနီရှပ်လေးနှင့် မိုးပြာရောင် ဒူးကျစကတ်လေး ဝတ်ထားသော ပေဖူး မျက်နှာလေးက ကျောင်းသူလေးတစ်ယောက်လို နုငယ် ဝင်းအေး နေသည်။

ဖြူဖြူစင်စင် မျက်နှာလေးမှာ မျက်တောင်ဖျားလေးတွေလည်း ကော့တက်နေပြီး နှုတ်ခမ်းထွေးထွေးလေးမှာ ပုလဲရောင်နှုတ်ခမ်းဆိုး လေးနှင့် မြို့သူတွေ လှကြတာထက်တောင် ပိုနေပါ၏။

ထို့ပြင် ပေဖူး က ကိုယ်လုံး လှသည်။ စကတ် အတိုအရှည်၊ ဘောင်းဘီအတိုအရှည် ဘာဝတ်ဝတ် သတိထားကြည့်မိလောက်အောင် ပြေပြစ်သည်။

သူမကို သေချာကြည့်၍ မနု ကပဲ သက်ပြင်းချကာ ...

''သူ နင့်အပေါ်မှာ သူငယ်ချင်းဆိုတာထက်တော့ ပိုနေတာကို ငါတို့ အကဲခတ်မိတယ် .. ဒါပေမယ့် ဂရုမစိုက်တာကို အံ့သြတယ်..၊ ဘာကယ်တမ်းကျတော့ ထူးထူးမြတ် က ချမ်းသာတာပဲ ရှိတာပါဟာ.. သူ့မျက်နှာက ညို့အားပြင်းတယ် .. နင့်မျက်နှာက ဖြူစင်တယ် ..''



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို သေချာကြည့်ပြီး ပြောနေပေမယ့် ခနု ကိုတော့ ပေဖူး မရှက်ပါ ...။

ကိုယ့်ပုံစံကို တစ်ယောက်ယောက်က ပီပြင်အောင် ဖော်ပြပေးတာမို့ စိတ်ဝင်တစားတောင် ဖြစ်နေမိသေးသည်။

"ဆက်ထုံး က ထူးထူးခြားခြား ကို အထင်ကြီးနေတာပါ .. ချစ်တာ မဟုတ်ဘူး .."

"ငါတို့က အဲဒါကို ဖော်ထုတ်ချင်လို့ အ်ငထရီ ဝင်လိုက်တာဟ.."

နာကျင်သည့် အပြုံးယဲ့ယဲ့နှင့် ရာဇ က ဝင်ပြောသည် ...။ စိတ်ဆိုးနေတာမျိုးတော့ မဟုတ်ရှာပါ ...။

"အပြောမတတ်တော့ ဆဲတာနဲ့ တူ ဆိုသလိုပေါ့ .. သဘာဝကျကျ ပြောဖို့ကို ပါးစပ်က ဘယ်လိုမှ ပြောမထွက်ဘဲ သူ ဒီလောက် ဒေါကန် သွားမယ်လည်း မထင်ခဲ့တော့ .."

"ငါ သိတယ် ရာဇ .. အဲဒီအတွက် နင့်မှာ အပြစ်မရှိပါဘူး - ငါတို့တွေ မောင်နှမတွေလို ရိုးရိုးသားသား နေနေကြတာ ဘယ်လိုလုပ်ပြီး မရိုးသားတာတွေ ပြောလို့ ထွက်မှာလဲ ...၊ နင်တို့စိတ်ထဲမှာ ငါနဲ့ ထုံး အပေါ် ထားတဲ့ တကယ့်စေတနာကို ခု နင် ရှင်းမပြလည်း ငါ နားလည်ပြီးသားပါ .. အားလုံး ခုလို ဖြစ်ရတာ ငါ့ကြောင့် .."

"ဟာ!... အဲ့ဒါတော့ မဟုတ်ဘူး ပေဖူး .. ဘာမှ မဆိုင်ဘူး .."

"ဒီကိစ္စနဲ့ပတ်သက်ပြီး နင့်ကို အပြစ်တင်ဖို့ ခေါင်းထဲကို မထည့်ခဲ့ဘူး .. လျှောက်တွေးမနေနဲ့ .. နင့်ကို ငါတို့က သနားတာ .. ဆက်ထုံးနဲ့ ပြေလည်စေချင်တယ် ...၊ ဆက်ထုံး ကိုလည်း သူ မှားပြီးမှ မသာယာတဲ့ အိမ်ထောင်ရေးဘောင်ထဲမှာ ပိတ်မိသွားမှာ စိုးတယ် .."

"ခုတော့ အဲဒီစေတနာတွေ ထားမိလို့ အားလုံး စိတ်ဝမ်းကွဲခဲ့ရပြီမို့လား .. တကယ်တော့ ငါက အပိုရှုပ်လာခဲ့တဲ့ မလိုထုပ်ပါ ရာဇရယ် .. ဘယ်သူ့အတွက်မှ မလိုအပ်တဲ့ ချေးထုပ်ပဲ .."





"ဟာ!... ပေါက်ကရတွေ လျှောက်ပြောနေပြန်ပြီ .. ချေးထုပ်ကို ယ်သူက တသိမ့်သိမ့် တပွေ့ပွေ့ ဖြစ်နေမှာလဲ ...၊ အခု နင့်ကို ထိလို့ ဘ်ဆတ်ခါပြီး ဟိုကောင် အိမ်ပေါ်က ဆင်းဖို့ လုပ်နေပြီ .."

ရာဇ က ပြောနေရင်း ခေါင်းကုတ်သည်။

"မဟုတ်ဘူး .. အဲ့ဒါ ငါ့ကြောင့် .. သူ့ အကုသိုလ် တက်တာ .."

"ပေဖူး ရာ .. နင်လည်း တော်တော် ခေါင်းမာပါလား .. မထင်ရ တကယ် .."

ပေဖူး က ပြုံး၍ နေရာမှ ထရပ်လိုက်ကာ ...

"ငါ ပြောတာ မှားသလား မှန်သလား စဉ်းစားကြည့်ပေါ့ဟာ .. ငါ့ကို ခေါ်ထုတ်သွားပြီး တောမှာ ပြန်ထားခဲ့မှာလား ...၊ နင်တို့ပြော တိုက်ခန်းကို ခေါ်သွားမှာလား ...၊ ဘယ်မှာပဲထားထား ထူးထူးခြား သူ ပြဿနာတက်မှာပဲ .. သူတို့က မကြာခင် လက်ထပ်ကြမယ့်သူ .."

ရာဇ တို့ အသံတိတ်သွားကြတော့ ပေဖူး က ဆံပင်လေး သပ်ရင်း ည့်ထွက်လာခဲ့ကာ ...

"ဆောရီးပါဟာ .. ဒီနေ့တော့ နင်တို့အတွက် ဘရေ့ဖတ်စ် ငါ မပေးနိုင်တော့ဘူး .."

"ရပါတယ် .. လာပါဟ .. ငါတို့နဲ့ ကော်ဖီ လာသောက်ပါ ...၊ တင်းမှ နင် ပြန်အိပ်လို့ ပျော်မှာ .."

"မသောက်ချင်တော့ဘူး .. သူ ပြန်လာရင် ဘယ်လိုမုန်တိုင်းနဲ့ ာ်လာဦးမလဲ မသိဘူး .."

ပေဖူး က သူတို့ဘက်ကို ပြန်လှည့်ကြည့်ကာ ...

"သူ ပြန်လာရင် အဲဒီကိစ္စ ငါနဲ့ တိုင်ပင်ပြီး လုပ်တာလို့ ငါ ပြလိုက်မယ် .."

"ဘာ!..."



www.burmeseclassic.com

www.burmeseclassic.com



"နှင် သဝန်ကြောင်သွားမလားလို့ ညာပြောကြည့်တာပါလို့ သဘာဝကျအောင် ပြောမယ် .."

"ဟာ!... မလုပ်နဲ့ .. အဲ့ဒါက ပြီးသွားပြီ ပေဖူး .. သူ ငါ့ကို ထိုး သွားပေမယ့် အဲဒီဒဏ်ရာက ရင်ထဲရောက်သွားတာ မဟုတ်ဘူး ပြီးပြီ ငါတို့ချင်း ဘာအာဃာတမှလည်း မရှိခဲ့ဖူးဘူး .. ပြောမနေနဲ့တော့ .."

"အာဃာတ မရှိခဲ့ဘူးတာက ရှိစရာမလိုတဲ့ကိစ္စ သေးသေးလေး တွေမို့လို့ပေါ့ ရာဇ ရဲ့ .. ခု ဖြစ်သွားတဲ့ပြဿနာက သေးသေးလေး မဟုတ်ဘူး .. ငါ ဒီတိုင်းလုပ်မှ ဖြစ်မှာ .. အဲဒါကြောင့် နှင်တို့ ငြိမ်ငြိမ် နေပေးကြပါ .. ငါနဲ့ တိုင်ပင်ပြီး ဟန်ဆောင်တွဲပြဖို့လည်း နှင်တို့ စိတ် ကူးထဲမှာ ရှိခဲ့တာပဲ .. ဒါ ညာတာမဟုတ်ပါဘူး .."

ဘယ်သူမှ ဘာမှ မပြောသေးခင် ပေဖူး ထွက်လာခဲ့သည်။

နှင် ဘယ်လောက်ထိ စိတ်ရှုပ်နေရပြီလဲ ထုံး ရယ် ...၊

ငါ့ကို သနားတာက တစ်ဖက် .. ထူးထူးမြတ် ကို မစွန့်လွှတ်နိုင် တာက တစ်ဖက် ...၊

ငါ့ကို မသနားပါနဲ့ .. နှင် ငါ့ကို သနားစိတ်လေး ဝင်မိတာနဲ့ နှင် ပြန်ခံစားရမှာ မတန်ပါဘူးဟာ ...၊

နှုတ်ခမ်းသားတို့ကို ဖိကိုက်ထားပေမယ့် မျက်ရည်စက်တို့ တလိမ့် လိမ့် ပြိုဆင်း၏။

မပြေလည်ခြင်းတွေကို ဘယ်လို အဆုံးသတ်မလဲ ...၊





## အခန်း (၃၁)

ထူးထူးမြတ် ...၊

သူမ တစ်ကိုယ်လုံးမှာ ဈေးဈေးနီသောဝတ်စုံဖြင့် မျက်မှန်နက်ကို တပ်ထားသည်။ နီရဲသော နှုတ်ခမ်းလွှာတွေ တင်းပြည့်နေပုံက ဆွဲဆောင် မှုရှိ၏။

ဒါပေမယ့် ခုချိန်မှာတော့ သူမဟာ မှုဆိုးတစ်ပိုင်း မိန်းမရှိုင်း ...၊

"ကျွန်မ ပြောတာကို ရှင် ကြားပါတယ် နော် .."

ငြိမ်းချမ်းအောင် က ပြုံးလိုက်သည်။ စီးကရက်ကို ထုတ်ပြီးမှ မီးမှမလုပ်ဘဲ စားပွဲစွန်းမှာ တဒေါက်ဒေါက် ခေါက်ဆော့နေ၏။ လူ အနည်းငယ်မှ အားနှစ်ဘူး ရှိနေပေမယ့် ဘယ်သူမှလည်း မသောက်ဖြစ်ကြပေ ...။

"အဲဒီနေ့က အခြေအနေကို ရှင်လည်း မြင်နေတာပဲ .. သဘာဝ ကျအောင် ခုကို ထောက်ပြရရင် ကိုယ့်ဆီမှာ တန်ဖိုးမဲ့စွာရှိနေတဲ့ ပစ္စည်းတစ်ခု ကို သူများကတော့ အမြတ်တနိုး ဖက်တွယ်နေတယ်ဆိုရင် ဒါဟာ ကိုယ့်အတွက် စွန့်ပစ်ပစ္စည်း မဟုတ်တော့ဘူး .. နောက်ပြီး ကိုယ့်ဘာသာ တန်ဖိုးမထားပေမယ့် သူများက အဆမတန် ပေးပြီး ဝယ်လာပြီဆိုရင် အဲဒီ ဒီထက်မက တန်နေလို့ ဖြစ်မယ်ဆိုတဲ့ လောဘ ပြန်တက်လာမှာ .."



www.burmeseclassic.com

www.burmeseclassic.com



"တန်ဖိုးမထားတတ်သူက ဆက်ထုံး .."

"ဟုတ်တယ် .."

"ခင်ဗျား သတ်မှတ်တဲ့ တန်ဖိုးမဲ့ပစ္စည်းက ပေဖူးလွှာ လား .."

"ဟုတ်တယ် .."

"အဲ့ဒါ မှားတယ် .."

ငြိမ်းချမ်းအောင် မျက်နှာက တည်ကြည်လေးနက်မှုတွေ ရှိနေ... လျက် ...

"ဆက်ထုံး ရင်ထဲကို မသိဘူး .. ဒါပေမယ့် ပေဖူးလွှာ က တန်ဖိုး... မဟုတ်ဘူး .. တကယ် တန်ဖိုးရှိတဲ့ မိန်းကလေးပါ .. ခေတ်အမြင်... ပြောရရင်တော့ လူတစ်ယောက်ရဲ့ တန်ဖိုးဟာ ဘွဲ့ဒီဂရီတွေ ငွေ... ဉစ္စာတွေ ဖြစ်ရင် ဖြစ်မယ် .. နှလုံးသားရဲ့ မပြောင်းလဲသော အချစ်... အမှန်တရားကတော့ အဲ့ဒါတွေ ပါခြင်း မပါခြင်းကြောင့် တန်ဖိုး... မသွားဘူးဆိုတာ ကျွန်တော် ပြောရဲတယ် .."

ထူး ရဲ့မျက်နှာလေးက နှုတ်ခမ်းလွှာတို့ တင်းခနဲ စေ့သွား... ကြောင့် ဒေါသဖြစ်သွားမှန်း သိသာ၏။ ဒါပေမယ့် ငြိမ်းချမ်းအော... က တည်ငြိမ်စွာပဲ ရှိနေကာ ...

"ခင်ဗျား ဖုန်းဆက်တာ ဒါတွေပြောဖို့ ဖြစ်လိမ့်မယ်လို့ ကျွန်... မထင်ခဲ့ဘူး .."

"ကျွန်မကလည်း ရှင့်ကို တော်တော် အထင်ကြီးထားခဲ့တာ... ဒီလိုအမြင်တွေ ရှိနေလိမ့်မယ်လို့ မထင်ခဲ့ဘူး .."

ထူး က ကျကျနန ကဲ့ရဲ့ပေမယ့် လက်လျှော့ပြီးတော့လည်း မ... နိုင် ..၊ ထို့ကြောင့် ...

"ရှင့်ကို ကျွန်မက ပေဖူးလွှာ ကို စွန့်လွှတ်ဖို့ ပြောနေတာ မ... ဘူးဆိုတာတော့ နားကြား မမှားပါဘူး နော် .."

"မမှားပါဘူး .."





"အိုခေ .. အဲဒီတော့ ကျွန်မပဲ ဆက်ပြောမယ် .. ပေဖူးလွှာ ရဲ့ ...န်ဖိုး ရှင့်ရင်ထဲမှာ ဘယ်လောက်ရှိနေနေ ခဏာတစ်ဖြုတ်လေးပဲ ဖုံးဖိ ...သိပ်ထားရမှာ .."

"ဖုံးဖိမျိုသိပ်ရမှာက ယောကျ်ားအလုပ်မှ မဟုတ်ဘဲ .. ကိုယ် ...နေတာကို မချစ်သလို ဟန်ဆောင်ပြီး တစ်ဖက်ကို ဖိနှိပ်ဖို့ ကြိုးစား ...ာ အောက်တန်းကျတဲ့ လုပ်ရပ် .."

"ပေဖူးလွှာ ကို ရှင် ရဖို့ပဲလေ .."

ထူး က အပိုင်ပြောသည်။ မျက်လုံးချင်း ဆုံအောင် စိုက်ကြည့်နေ ...း မျက်မှန်ကို ဟန်ပါပါ ချွတ်ဖြုတ်၏။ ထိုအခါ ပြင်ဆင်ခြယ်သထား ...သည့် မျက်လုံးရိုင်းတို့က ထက်သန်မှုအပြည့်နှင့် ...

"ရှင်နဲ့ ကျွန်မ မညီညွတ်ရင် ကျွန်မတို့ လိုချင်တာတွေကို ဆုံးရှုံး ...ရမှာပဲ .."

"အခု အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားအတွက် ရင်ပူစရာတွေ ...နေလို့လား .."

"ဟွန်း .."

ထူး က ခပ်မဲ့မဲ့လေး ပြုံးကာ ...

"ကျွန်မကိုပဲ ရင်ပူတယ် ထင်နေတာလား ကိုငြိမ်းချမ်းအောင် .. ...င် တကယ် ချစ်တတ်တယ်ဆိုရင် ကျွန်မထက် မဟုတ်ရင်တောင် ...န်မလိုတော့ ရှင့်ရင်ထဲမှာ ဖြစ်နေရမှာပေါ့ .."

"ဖြစ်တယ် .. ဖြစ်နေပေမယ့် ကျွန်တော်က အချစ်ကိုပဲ လိုချင် ...ာ .. လူကို သိမ်းပိုက်ချင်တာသက်သက် မဟုတ်ဘူး .."

"စကားအလှတွေနဲ့ တန်ဆာဆင်မနေစမ်းပါနဲ့ .. လိုရင်းကတော့ ...ပဲ .."

"ခင်ဗျားနဲ့ ကျွန်တော် အဓိကလိုရင်းချင်းလည်း မတူဘူး ထင် ...ယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး .. မတူရတဲ့အကြောင်း .."

"အချစ် မေတ္တာ သစ္စာ ဆိုတာတွေကို လုပ်ကြံ ဖန်တီးမှုတွေ လိုတိုးပိုလျှော့ လုပ်လို့ မရဘူးဗျ .. အဲ့ဒါတော့ ခင်ဗျား လက်ခံ တယ် .."

"မလိုပါဘူး .. ရှင်က မျှော်လင့်ချက်မဲ့စွာ စောင့်မျှော်နေရတဲ့ ကျွန်မက ကျွန်မကို ချစ်နေတဲ့ ယောက်ျားကို ပိုင်ဆိုင်ဖို့ အလိုရှိတ အဲ့ဒါကြောင့် မတူနိုင်ဘူး .."

"သူ ခင်ဗျားကို ချစ်နေတာ လုံး၀ သေချာနေရင်တော့ ခုလို ပျာယာခတ်နေမယ် မထင်ပါဘူး .. ဟု တယ်မို့လား .."

ဒေါသက ထောင်းခနဲ ဖြစ်သွားသည်။

တောသားက လူ၀ါး၀လို့ ..။

မီးတောက်မတတ် မျက်၀န်းတွေကို ငြိမ်းချမ်းအောင် က စို ကြည့်ကာ ...

"ကျွန်တော်က တောသားပါ .. အစကလည်း မချမ်းသာ ခုလည်း အသင့်အတင့် ပြည့်စုံရုံပဲ .. ဒါပေမယ့် ဂုဏ်ပကာသ ကျွန်တော့်အိမ်ထောင်ရေးဆောင်ထဲ ထည့်သွင်း သတ်မှတ်ဖို့အထိ မ ဘူး .. ခင်ဗျားလည်း ဒီလိုပဲလေ .."

"ရှင့်ထက်တောင် ပိုဦးမယ် ထင်တယ် .."

ငြိမ်းချမ်းအောင် က ရယ်လိုက်ပြီး ဘာမှ မလုပ်ဘဲ ကိုင်ထား စီးကရက်ကို ဘူးထဲ သေချာပြန်ထည့်နေ၏။

"အဲ့ဒါကြောင့် ပြောချင်တာက ရှမ်းကြိုက်ရင် နွားချောတယ်"

"ဒီမှာ ကိုငြိမ်းချမ်းအောင် .. ရှင့်ရင်ထဲက အချစ်တွေကို တို ဘာသာ သိမ်းထားပြီး ကျွန်မ ပြောတာကိုပဲ နားထောင်စမ်းပါ .."

"ပြောကြည့်လေ .."

"ရှင် ဘယ်လောက်ချစ်ချစ် ပေဖူးလွှာ ကို ချစ်မပြပါနဲ့ .."





"ခင်ဗျား ဒါပဲ ထပ်ပြောတာ နော် .."

"ရှိသေးတယ် .."

ထူး က လက်ကာ၍ ...

"ကျွန်မတို့ စထရင်းမှာ ဆုံကြတုန်းက ရှင်နဲ့ ပေဖူးလွှာ ကို မြင် ိုက်ပြီး သူ ဘယ်လိုဖြစ်သွားသလဲ .."

"ခင်ဗျားရဲ့လူပဲ ခင်ဗျားရှေ့ကနေ သူ ထလာတာလေ .."

"အဲ့ဒါကြောင့် တန်ဖိုးတစ်ခုဟာ လိုအပ်ချက်တစ်ခုအပေါ်မှာ များကြီး ပြောင်းလဲသွားနိုင်တယ်လို့ ရှင့်ကို ပြောနေတာ .."

"ခင်ဗျားကရော .."

"ဘာလဲ .."

"ဆက်ထုံး က ပေဖူးလွှာ ကို ချစ်နေပြီလားဆိုတဲ့ သ၀န်တိုစိတ် တွေ ဖြစ်လာကာမှ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာတာလား .."

ရုတ်တရက် ထူး ဘာပြေရမှန်း မသိ ဖြစ်သွားသည်။

"ခင်ဗျားဘက်က လက်ထပ်ရဖို့ အဆင်မပြေသေးတာလို့ ကျွန် တော် ကြားခဲ့တာ မမှားဘူးဆိုရင် အခု ခင်ဗျားရင်ထဲမှာ သ၀န်တိုစိတ် တွေကြောင့် ဆက်ထုံး ကို ချက်ချင်း လက်ထပ်ဖို့ ဆုံးဖြတ်နေလိမ့်မယ်.. ဒီလိုမှ မဟုတ်ရင်လည်း ခင်ဗျား ဆုပ်လည်း စူး .. စားလည်း ရူး ဖြစ် နေပြီ .."

"ရှင်ကတော့ ဘာမှ မခံစားရဘူးလား .."

"ခင်ဗျား မျက်နှာပေါ်မှာ မြင်နေရတဲ့ သောကမျိုးတော့ ကျွန်တော့် မှာ မရှိဘူး ထင်တာပဲ .."

"ဒါဆို ပေဖူးလွှာ ကို မရလည်း ဖြစ်တယ်ပေါ့ .."

"ခြေဆင်း ငိုနေလို့ရော ရမှာမို့လို့လား မထူးထူးမြတ် ရယ် .. ဆက်ထုံး က ချောပါတယ် .. အင်းပေါ့ .. သူက ထူးလို့လည်း ခင်ဗျား ူးနေတာ ..၊ ဒါပေမယ့် အလှအပဆိုတာ အရေပြားတစ်ထောက်ပေပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာပါ ... ပျက်စီးလွယ်တယ် .. သေမလား .. ရှင်မလား သူ ပြောင်း
တာကို မြင်ရမယ် .. အချစ်က ခန္ဓာကိုယ်ရဲ့ အနက်ရှိုင်းဆုံးနေရာမှာ
ဒါကို ဘယ်သူမှ မမြင်နိုင်ဘူး .."

"စတုဿတန်း ကဗျာလေးတွေလောက်တောင် ဆွဲဆောင်မှု မ
ဘူး ကိုငြိမ်းချမ်းအောင် .. အပိုတွေ အချိန်မဖြုန်းပါနဲ့လား .."

"မခံစားရဘူးလားလို့ ခင်ဗျား မေးလိုက်တာကို ဖြေတာပါ
မခံစားရဘူးလို့ လွယ်လွယ်ဖြေပြီး ခင်ဗျား နှုတ်ခမ်းမဲ့သွားရင် ကျွန်တေ
နစ်နာတာပေါ့ .."

"ဟွန်း .."

ခုတည်းက မဲ့ပြနေခဲ့သည့် နှုတ်ခမ်းအစုံကို သူက စိုက်ကြည့်
ကာ ...

"ပေဖူးလွှာ က ကျွန်တော့်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရတ
ပဲ .."

"အဲ့ဒါတွေကို သူ့ကို ရှင် ပိုင်ဆိုင်ခွင့်ရပြီးမှ တစ်နေ့ကို အ
တစ်သောင်းလောက် ရွတ်ပြလို့ ရတယ် .."

"ဒါဆို ကျွန်တော် ဘယ်တရားမလဲ မထူးထူးမြတ် .. သူ့ဆီ
အများကြီး လိုချင်ရင် ကိုယ်ကလည်း အများကြီး ပေးထားရတယ်
ကိုယ် ပိုင်ဆိုင်ပြီးမှ မဟုတ်ဘဲ ပိုင်ဆိုင်နိုင်ဖို့အတွက် သူ့ကို အများ
ပိုင်ဆိုင်ခွင့် ပေးထားရမှာ .. အဲဒီနေ့က ကျွန်တော့်ကျောနောက်
ဆက်ထုံး ရှိနေတာ ကျွန်တော် လုံးဝ မသိခဲ့ဘူး .."

"ကျွန်မလည်း ဒီတိုင်းပဲလေ .. ရှင်နဲ့ ကျွန်မက ကျောပေးထိုင်
သူတို့ချင်းက မျက်နှာချင်းဆိုင် .."

"ကျွန်တော်တို့ မသိခင်မှာ သူတို့ချင်း သိပ်သည်းစွာ အုံဖွဲ့ ခံ
နေကြတာတွေ ဘယ်လောက်ထိ နက်ရှိုင်းနေခဲ့မလဲ ခင်ဗျားရော ကျ
တော်ရော မသိဘူး .."





"သိဖို့ မလိုဘူး ကိုငြိမ်းချမ်းအောင် .. အချစ်ဆိုတာ မျက်စိတစ်မှိတ်အတွင်းမှာ ဖြစ်ပေါ်လာတတ်သလို မျက်တောင်တစ်ခတ်အတွင်းမှာလည်း ပျောက်ကွယ်သွားနိုင်တယ် ... မမြင်နိုင်တဲ့အရာကို ဘယ်လောက်ထိ တန်ဖိုးထားပါတယ် .. တပ်မက်ပါတယ် ပြောနေလည်း အပိုပဲ ... ကျွန်မ ဆက် ကို ချစ်တယ် .. သူ့ရင်ခွင်ကို ကျွန်မ တစ်ယောက်တည်း အပိုင်လိုချင်တယ် .. အချစ်ဆိုတာ ရယူခြင်းပဲ .."

"မဆိုးပါဘူး .."

"ကိုငြိမ်းချမ်းအောင် .."

"ပြောပါ .. ကျွန်တော် နားထောင်နေတာပါ .."

"ပေဖူးလွှာ က စာပေမတတ်ဘဲ တောကြိုအုံကြားက မိဘမဲ့ အခြေမဲ့ အနေမဲ့ .."

"အင်း .. ဆက်ပြောပါဦး .."

"ရှင့်ကို ဆက် က ရိပ်ဖမ်းသံဖမ်းတော့ ပြောချင် ပြောထားမှာပါ ... ဒါပေမယ့် ပေဖူးလွှာ ကတော့ ပြောမှာ မဟုတ်ဘူး .."

"အဟွန်း .."

ငြိမ်းချမ်းအောင် က ပြုံးနေလျက် ...

"ခင်ဗျားကို ဆက် က ပြောပြတာတွေလား .."

"ပြောပြမှ သိရအောင် .. ကျွန်မက တော့်မှ မဟုတ်တာ .."

"ကိုယ်နဲ့ မသက်ဆိုင်တဲ့ သူများအတွင်းရေးအပေါ် ကိုယ့်နည်းကိုယ့်ဟန်နဲ့ သိဖို့ တိတ်တဆိတ် ကြိုးစားတာ .. သိပ်တော့ မကောင်းဘူး ထင်တယ် .."

"သိထားဖို့ လိုလို့ပေါ့ .. ဆက် နဲ့ ပတ်သက်ပြီး ကျွန်မ သိထိုက်တဲ့ အကြောင်းတွေပဲ .. ဒါကြောင့် အခု ရှင့်ကို ပြောပြနိုင်တယ်လေ .."

ငြိမ်းချမ်းအောင် က ဘာစကားမှ ပြန်မရှင်းဘဲ သူမ ပြောတာကိုသာ နားထောင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လှတာလေး တစ်ခုအပေါ်မှာ ရူးခဲ့တာက ကျွန်မ မဟုတ်ဘူး .. ရှင်ပဲ .."

"ပေဖူးလွှာ က ဖြူနုံးခနဲ့ အမြင်အရမှာတော့ ခင်ဗျားလောက် မလှဘူး ထင်တယ် .."

ထူး မျက်ခုံးတန်းလေးတွေ တွန့်သွားသည်။

"ဆက်ထုံး တောင် မရူးဘူးဆိုတော့ ကျွန်တော့်ကို ရူးတယ်လို့ ပြောတာ ခင်ဗျား မှားနေပြီ .."

"မရူးဘဲနဲ့ အသုံးချခံနေရတာဆိုရင် ရှင် သိပ်ညံ့သွားပြီ .."

"ဘာဖြစ်လို့လဲ .."

"ပေဖူး က ဆက်ထုံး ရဲ့ သံယောဇဉ်တွေ အချစ်စိတ်ကို ပြောင်းလဲသွားဖို့အတွက် သဝန်တိုလာအောင် ရှင့်ကို အသုံးချနေတာ .. ရှင်က ပေဖူးလွှာ ကို သည်းသည်းလှုပ် ချစ်ပြနေလေ.. ဆက်ထုံး သဝန်တိုလေ.. အဲ့ဒီ သဝန်တိုစိတ်ကို အဖြေရှာနိုင်ခဲ့ရင် ကျွန်မတို့ လိုချင်တာ အားလုံး ရှုံးပြီ .."

"ကျွန်တော်က မကြိုက်သလိုလို .. ကြိုက်သလိုလို ဂရုမစိုက်ချင် ယောင်ဆောင်နေလိုက်ရင်တော့ သူတို့ မနီးစပ်နိုင်ဘူးပေါ့ .."

"သိပ်ဟုတ်တာပေါ့ .. ဆက်ထုံး က ကျွန်မက ဒါဆို ဒါ .. အမြဲတမ်း ကျွန်မအလိုကို လိုက်ခဲ့တဲ့သူ .. ရှင်သာ ပေဖူးလွှာ ကို တွေ့ဖို့ မကြိုးစားနဲ့ .. သူ ခေါ်ခဲ့ရင်လည်း ခေါ်တိုင်း ပျာပျာသလဲ မသွားနဲ့.."

"ကျွန်တော်က ရွှံ့ကုန်သည်နှစ်ဦးထဲကလို လောဘကြီးလွန်းပြီး ဘာတစ်ခုမှ မရလိုက်ဘဲ ဖြစ်သွားမှာပေါ့ .."

"ရှင် သေချာပေါက် ရမှာပါ .. ဘာဖြစ်လို့လဲဆိုတော့ ပေဖူးလွှာ က ရွှေခွက်လို ရတနာမှ မဟုတ်တာ .. ဘာမှကို မက်လောက်စရာမရှိတဲ့ တောသူ .. ဘယ်သူကမှ ဘယ်တုန်းကမှ ထည့်မတွက်ခဲ့ကြတဲ့ မရှိတဲ့ တန်ဖိုးတွေကို ရှင် ကောက်ကပ် သိမ်းဆည်းပြနေလို့သာ ဒီလိုတွေ





ဖြစ်ကုန်တာ .."

ထူး ၏ သဝန်တိုစိတ်တို့သည် ကြမ်းတမ်း ရင့်သီးသော အတင်း အဖျင်းစကားတွေကို ပြောနေမိမှန်းတောင် ကိုယ့်ကိုယ်ကိုယ် သတိထား မိပုံ မပေါ် ..၊

"ဘာမဟုတ်တဲ့ တောသူတစ်ယောက်က တစ်ပတ်ရိုက်တာကို ခံရလောက်အောင် ရှင် မညံ့လောက်ပါဘူး .."

"အင်း .. ကျွန်တော် ဘယ်နေရာမှာ အသုံးချခံလိုက်ရတာလဲ ဆိုတာ ပြန်စဉ်းစားဖို့ လိုပြီဗျ .."

နားထောင်နေခဲ့တာ ကောင်းကောင်းရယ် ..၊

ထပြောလိုက်တာက ဘယ်လိုအဓိပ္ပာယ်နဲ့မှန်း မသိ ..၊

"ဆက်ထုံး က သူ့သူငယ်ချင်းမလေးနဲ့ စနောက်ခဲ့တယ် .. ကျွန်တော် သူ့ကို မြင်ပြီး သဘောကျသွားတော့ အဲဒီကောင်မလေးက သူ့မှာ ဘာမှမရှိတဲ့ မလှပတဲ့ ဘဝအကြောင်းတွေ ပြောပြပြီး သူ့ကို လက်မထပ်ပါနဲ့လို့ တောင်းပန်တယ် .."

ထူး က ငြိမ်းချမ်းအောင် ဘာပြောချင်တာလဲဆိုတာ စကားမဆုံးခင် သိရဖို့ အပြေးအလွှား စဉ်းစားနေခဲ့၏။

ဒါပေမယ့်လည်း ဘာမှန်း မသိ ..၊

"အဲဒီထိတော့ ကျွန်တော် အသုံးချမခံရသေးတာ သေချာတယ်.."

ဒီစကားရဲ့ ဦးတည်ချက်ကို နားလည်လိုက်တာနှင့် ထူး မျက်လုံးတွေ ကျဉ်းမြောင်းသွားသည်။

စူးစူးရဲရဲ အကြည့်တွေကို ငြိမ်းချမ်းအောင် က ပြန်စိုက်ကြည့်ကာ ...

"အခု ကျွန်တော့်ကို အသုံးချဖို့ ကြိုးစားနေတာ ဘယ်သူလို့ ခင်ဗျား ထင်လဲ .."

"ဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



ထူး က အေးစက်သည့် မဲ့ပြုံးနှင့် ...

"ရှင် ဒီလောက် လည်နေသားနဲ့ အလွယ်တကူ အိတ်ထဲ ကောက်ထည့်လိုက်ရုံပဲကို .. ဘာဖြစ်လို့ အပင်ပန်းခံနေသေးတာလဲ ..၊ ရှင် တဖားဖား လိုက်မနေလည်း ဆက်ထုံး က ရှင့်လက်ထဲ ထည့်မှာပဲ .. အခု ဟိုစကားပုံလို ဖြစ်နေပြီ .."

ခပ်မိန့်မိန့် လက်ပိုက်၍ ခြေချင်းချိတ်လိုက်သေးသည်။ ထူး ရဲ့ပုံစံကို ငြိမ်းချမ်းအောင် ကလည်း တည်ငြိမ်စွာပဲ ကြည့်နေခဲ့၏။

" 'ဘုန်းကြီးရှူးနဲ့ လေ့လူး'လေ .."

"ညာနေတာကို ညာနေမှန်း သိသေးတယ်ဆိုရင် ကျွန်တော် မရှူးသေးပါဘူး .. ခင်ဗျားသာ ခပ်ညံ့ညံ့ ဇာတ်လမ်းတွေထဲကလို ရလိုမှု တစ်ခုအတွက်နဲ့ ကယောင်ချောက်ချားဖြစ်ပြီး ပေဖူးလွှာ ကို သတ်ပစ်ဖို့ မားဆွဲမထွက်မိစေနဲ့ဗျ .. ရယ်စရာကြီး .."

"ဖျှန်း .."

အအေးဘူးထဲတနေ ဖန်ခွက်ထဲ သွန်ချပြီး ငြိမ်းချမ်းအောင် မျက်နှာကို ပက်ပစ်လိုက်တဲ့အထိ ထူး ရဲ့ လှုပ်ရှားမှုတွေက ဇယ်ဆက်သလို မြန်ဆန်နေကာ ...

"အဲ့ဒါ ရှင် လည်လွန်းလို့ ဆုချတာ .."

မျက်နှာက အချိုရည်တွေကို သပ်ချရင်း ဘေးလူတွေ ကြည့်နေကြတာကိုပါ ရှက်မိကာ ငြိမ်းချမ်းအောင် အံတကျိတ်ကျိတ် ကြိတ်၏။

"ကျွန်မလိုပဲ ရှင်လည်း ကိုယ်လိုချင်တာကို ရအောင်ယူမယ့်အတွက်တွေ ရှိနေသလားလို့ ဒါကို ဆွေးနွေးတာ .. ကျွန်မက .."

သူမ စကားမဆုံးမီ ဖုန်းသံကြောင့် တိတ်ကျသွား၏။

ဖုန်းသည် ငြိမ်းချမ်းအောင် အိတ်ထဲက ဖြစ်နေလျက် ..၊ တိုက်တိုက်ဆိုင်ဆိုင် ခေါ်သူက ပေဖူးလွှာ ဖြစ်နေခဲ့လျှင် ...

"ကျွန်တော်တို့ အသက်ရှည်တော့မယ်ဗျ .. ပေဖူးလွှာ ဖုန်း .."





စကားမပြတ်သေးပေမယ့် သူ ဖုန်းပြောတော့မှာမို့ ထူး က လှည့်ထွက်ခဲ့ပြီ ဖြစ်သည်။

ဒါပေမယ့် ပေဖူးလွှာ ရဲ့ဖုန်းဆိုတာ ကြားလိုက်ရလျှင် တုံ့ခနဲ ရပ်မိပြီး ဖြစ်ကာ ...

"ဟာလို .. ပေဖူးလွှာ .. ကိုယ့်ဆီကို မဆက်စဘူး .."

"... ... ... ..."

"သိပ်အားတာပေါ့ .."

"... ... ... ..."

"လာခေါ်မှာပေါ့ ..၊ ဘယ်မှာလဲ ပြောလေ .."

"... ... ... ..."

"အိမ်နဲ့ နီးနေပြီဥစ္စာ .. ဘာထူးမှာလဲ ပေဖူးလွှာ ရယ် .. ကိုယ် အိမ်ကိုပဲ လာခဲ့မယ်လေ .."

"... ... ... ..."

"စဉ်းစားမနေပါနဲ့ကွာ .. ခနေ တို့ .. ဆက်ထုံး တို့က ကိုယ်နဲ့ ရှော့ခ် မရှိပါဘူး .."

ဖုန်းပြောနေတာကို ထူး က လှည့်မကြည့်ပေမယ့် မျက်နှာလေး စောင်း၍ နားစွင့်နေ၏။ ပြီးပြီဆိုမှ ဒီဘက်ကို တည့်တည့်ပြန်ရပ်ကာ...

"ရှင် အခု အပြေးအလွှား သွားတော့မှာလား .."

"ကားက ခြေထောက်ထက် မြန်ပါတယ် .."

"ဟွန်း .. သွားပေါ့ .. ပေဖူးလွှာ ရဲ့စိတ် ဘယ်မှာလဲဆိုတာ သိလိုက်ရကာမှ ငါ ရှူးနေတာတွေက သူတို့ နီးစပ်အောင် လုပ်မိသလို ဖြစ်နေပါလားဆိုတာ ရှင် သေချာပေါက် နောင်တရမှာ .."

"ပေဖူးလွှာ ရဲ့စိတ်က ဟိုတုန်းကတည်းက ခုချိန်ထိ ဆက်ထုံး ဆီမှာပဲ ဆိုတာ သူကိုယ်တိုင် ပြောပြခဲ့လို့ အားလုံး သိပြီးသား .."

ထူး ရဲ့ မျက်ဝန်းတွေ ရှူးရဲ ကျဉ်းမြောင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ် သိချင်တာကတော့ .. ပေဖူးလွှာ ဘယ်လောက် ဘန်ဖိုးကြီးတဲ့ မိန်းမမျိုးလဲဆိုတာ ကျွန်တော် သတ်မှတ်တာ မဟုတ် ဘူး .."

ငြိမ်းချမ်းအောင် က နေရာမှ ထရပ်လိုက်ပြီး စားပွဲပေါ်မှာ လက် ပြန်ထောက်ကာ ...

"ခင်ဗျားကိုယ်တိုင် သတ်မှတ်လိုက်တာ .."

ပိုက်ဆံအိတ် ထုတ်ယူကာ စားပွဲပေါ်မှာ အအေးဖိုးတွေအတွက် ချထားလိုက်ပြီး သူမနားကို ခပ်လှစ်လှစ် လျှောက်သွား၍ ...

"ဘယ်သူ မြင့်သလဲ .. နိမ့်သလဲဆိုတာ နှစ်ယောက် ယှဉ်ကြည့် လိုက်ရင် သိတာပဲ .. ထွက်လာတဲ့အဖြေက ခင်ဗျား ပေဖူးလွှာ ထက် အများကြီး နိမ့်တယ်ဆိုတာပဲ .."

"တောက်!..."

နားထဲမှာ သံရည်ပူတွေလို ပူပြင်းစွာ စီးဝင်သွားသည်။

သူမအဖြစ်က ဘာလဲ ..၊ ကြွက်ကို ကြောက်ရတဲ့ ဆင် လား ..၊

ဒါမှမဟုတ် သိုး ကိုက်တဲ့ ကျားလား ..၊

ဘာမှမဟုတ်တဲ့ တောသားက ..၊





အခန်း (၃၂)

"ဘာပြောတယ် ပေဖူး .. ကိုချမ်း လာမယ် ဟုတ်လား .."

"အင်း .. ငါ ခေါ်လိုက်တာ .."

"ဘာလုပ်ဖို့လဲ .."

"ငါတို့ လက်ထပ်ဖို့ကိစ္စ ပြောမလို့ .."

"ဟား ..."

ခနု နေရာမှ ထလျှောက်လာပုံက ရန်ဘက်တစ်ယောက်ကို ပခုံး ချင်း ပြေးတိုက်တော့မယ့်အတိုင်း ..၊

"နင် ဘယ်သူ့ကို ရှုတာလဲ ပေဖူး .. ညကပဲ အဲဒီရှော့ခ်နဲ့ နင်နဲ့ ရော ငါတို့ရော ဘာတွေ ဖြစ်ခဲ့ကြသလဲ .."

"ဟုတ်တယ် နေ့ .. အဲဒါမျိုး ထပ်ဖြစ်မှာစိုးလို့ပဲ ငါ လုပ်မှာ .."

"ဘာဆိုင်လဲ .. အဲဒါ အကြောင်းမပြနဲ့ .. ဘာမှကို မဆိုင်ဘူး ..၊ ခင့်ကို သံယောဇဉ်ကြီးလို့ ဒီကောင် ပေါက်ကွဲတာ .. အဲဒါကြောင့် ငါ မျက်နှာ စုတ်ပြတ်သတ်သွားအောင် ထိုးလည်း ဒဏ်ရာက နာတာ သပ်သပ်ပဲ .. ငါ သူ့အပေါ် အခင်မင် မပျက်ခဲ့ .."

"မင်းက အခင်မင် မပျက်ပေမယ့် ငါကတော့ လန့်နေပြီ နေ့.."



www.burmeseclassic.com

www.burmeseclassic.com



ရာဇ က ပခုံးတွန့်လိုက်ပြီး လှမ်းပြောသည်။

"မင်းလည်း သူများကြား ဝင်ပြောတာ နည်းနည်း ဆင်ခြင်ဦး .. ဆက်ထုံး က ကျန်တာ ပြောဆိုကောင်းသလောက် ညက ပေဖူး ကိစ္စမျိုး ကိုဆို ဘယ်အချိန်ဖြစ်ဖြစ် သူ သည်းခံမှာ မဟုတ်ဘူး ..၊ ပေဖူး အဲ့ဒါ ငါ စိတ်ဆိုးလို့ ပြောတာ မဟုတ်ဘူးနော် .. ငါတို့က သူ့ကို ခင်သလို နင့်ကိုလည်း ခင်ကြတာဆိုတော့ နှစ်ဖက်စလုံး အစွန်းလွတ်အောင် ရှောင်ဖို့က မလွယ်ဘူး .."

ပေဖူး က ခေါင်းလေးညိတ်ကာ ဆိုဖာဆီ ပြန်လျှောက်သွားပြီး ထိုင်၏။

"ငါ့ကိုလည်း နင်တို့ နားလည်ပေးပါဟာ .. ထုံး ကို ငါ့ကြောင့် ဒုက္ခမရောက်စေချင်သလို .. နင်တို့ သူငယ်ချင်းတွေလည်း စိတ်ဝမ်းမကွဲ စေချင်လို့ပါ ..၊ ပြီးတော့ ကိုကြီး ငြိမ်းချမ်းအောင် က သူ သင့်တော် မယ်ထင်လို့ ရွေးချယ်ခဲ့တဲ့လူပါ .. တကယ်လည်း လူယဉ်ကျေး တစ်ယောက်ပါ .."

"အဲ့ဒီ လူယဉ်ကျေးကို ရတာနဲ့ နင့်ဘဝ ပျော်ရွှင် ချမ်းမြေ့သွားမှာလား .."

"ဘယ်သူနဲ့ပဲ လက်ထပ်ရ ထပ်ရ .. အနာဂတ်မှာ ပျော်ရမယ် .. ဝမ်းနည်းရမယ်ဆိုတာတွေကို ဘယ်သူ ကြိုသိလို့လဲ ခနေ ..၊ ငါ့လိုလူက ပိုပြီးတော့တောင် ပူစရာ မလိုသေးတယ် .. နောက်မှာလည်း မျှော်ကြည့်စရာ မရှိဘူး .. ရှေ့ကို အားကြိုးမာန်တက် သွားစရာလည်း ပန်းတိုင် မရှိဘူး .."

"အေး .. ကိုယ့်အတွေးနဲ့ ကိုယ် ဟုတ်နေ .. ကိုယ်ချည်းပဲ အဆင်ပြေနေလို့ မရဘူးဆိုတာလည်း ထည့်တွက်ရဦးမှာ ..၊ နင့်ကို လက်ထပ်ယူလိုက်တဲ့ ယောကျ်ားကရော နင့်ရဲ့ တုံ့ပြန်မှုတွေအပေါ်မှာ အမြဲတမ်း ကျေနပ် ခွင့်လွှတ်နေမှာတဲ့လား .."





"ခွင့်လွှတ်ဖို့ ကြိုးစားမှာပါ .."

ဟင်!...

"ကိုကြီး .."

မျက်လုံး သုံးစုံက အသံမကြား အရိပ်မမြင်ဘဲ အားလုံးရှေ့ကို ်လာသည့် ငြိမ်းချမ်းအောင် ထံမှာ စုပြုံသွားခဲ့၏။

ငြိမ်းချမ်းအောင် က မီးခိုးရောင် ဂျာကင်နှင့် ဘောင်းဘီအနက်နဲ့ ာ သေသပ်စွာ ဖြီးသင်ထားသော မတိုမရှည် ဆံပင်တို့က ခေါင်း ်းဆီရောင်နှင့် ပြောင်နေ၏။

ပုံတုံးလွန်းတာလည်း မဟုတ် ..၊ လူငယ်လည်း မဆန်ပေမယ့် တ်ပိုင်းတစ်ယောက်၏ တည်ငြိမ်ရင့်ကျက်မှုအပြည့်နှင့် တင့်တယ် ..၊

သူက အားလုံးကို ပြုံးပြပြီးမှ ...

"ညီမ အဆင်သင့် ဖြစ်ပြီလား .. ကိုယ် ထိုင်စောင့်ရဦးမှာလား.."

"ကိုကြီးကိုပဲ စောင့်နေတာ .."

ပေဖူး က ထရပ်လိုက်ပြီးမှ ခနေ နဲ့ ရာဇ ကို ကြည့်ကာ ...

"နင်တို့ ဘာမှ ပြောမနေနဲ့တော့နော် .. ငါပဲ ဖုန်းဆက်ပြောလိုက် .."

ခနေ က ခေါင်းမညိတ် ခေါင်းမခါနှင့် ရယ်တာလည်း မဟုတ်..၊ ည်း မပြုံးနိုင် ..။

"မင်းတို့ သူငယ်ချင်းကို စိတ်ချပါ .. ဆက်ထုံး ကို ငါကိုယ်တိုင် ာင်းလိုက်ပါ့မယ် .. ပြီးတော့ ပေဖူးလွှာ နဲ့ ငါ အမြန်ဆုံး လက် ့ရယ် .. အကြီးကျယ်ဆုံး မင်္ဂလာဆောင်ဖို့ရယ် .. ဒီကိစ္စတွေလည်း ်တို့နဲ့ပဲ တိုင်ပင်မှာ .."

သူ ရှင်းပြနေပေမယ့် ခနေ တို့ မျက်နှာတွေက စိတ်ချ ကျေနပ်သွား ျိုး မဖြစ်ကြပေ ..၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရင်ထဲမှာ ရှိနေတာက ဒီကိစ္စကို ဆက်ထုံး သဘောကျ မဟုတ်ဘူး ဆိုတာပင် ...၊

"ပေဖူး .."

"ဟင် .."

ရာဇ က အပြင်ကို လျှောက်ထွက်လာကာ ...

"ဆက်ထုံး ကို ဖုန်းဆက်မယ်ဆိုတာ ဆက်ဖြစ်အောင် ဆက်နော် နင် ထင်ရာတွေ လျှောက်မလုပ်နဲ့ .."

"အင်းပါ .."

ပေဖူး တို့ အိမ်ထဲက ထွက်လာကြတာကို မြင်သည်နှင့် ဆက် နေရာမှာပဲ ခြေစုံရပ်လိုက်သည်။

ဒီလူက အိမ်ထိ လာခေါ်တာ ဘာလဲ ...၊

တစ်ချက် စဉ်းစားလိုက်တာနှင့် ဒါ ပေဖူး ခေါ်လိုက်တာပဲဆို သူ တွက်မိသည်။ တိုက်ခန်းကနေ ကားတွေ ရပ်ထားတဲ့ဆီကို ငြိမ်းချ အောင် က ဦးဆောင်သွားကာ ပေဖူး က နောက်က ...၊

အဖြူဆွတ်ဆွတ်ပေါ်မှာ မိုးပြာရောင် သေးစင်းလေးပါသ မြန်မာဝတ်စုံ လက်တိုလေးနှင့် ဆလင်းဘက်ခ်ကလည်း အဖြူရောင်

စီးထားသည့် ဒေါက်မြင့်ဖိနပ်လေးကလည်း ဆွတ်ဆွတ်ဖြူနေ အတော်လှမ်းလှမ်းကနေ မြင်နေရတာတောင်မှ ပေဖူး ရဲ့ အရပ်အမြ ကိုယ်ဟန်သွယ်သွယ်က ထင်းနေ၏။

အလှအပဆိုတာ ဘာမှန်း ပေဖူး တို့ နားလည်သွားပြီဆိုတာ ပြောင်းလဲသွားလိုက်တာ ခုတော့ သူမလေးက မင်းကြိုက်စိုးကြိုက် နေပြီလား ...၊

ပါးစောင်ထဲမှာ ဖိကြိတ်ထားခံနေရသည့် ပီကေတစ်စ ဘယ ဖြစ်နေပြီ မသိပေမယ့် ကျိုခနဲ အံကြိတ်သံတော့ ကိုယ့်ဘာသာ ပြန်ကြ ခဲ့၏။





ထိုစဉ် လမ်းမပေါ် ဖြတ်တက်လာသော ကားတစ်စီးကြောင့် ရှေ့ သွားနေသည့် ငြိမ်းချမ်းအောင် က ပေဖူး လက်ဖဝါးလေးကို လှည့် ဆွဲလိုက်၏။

ပေဖူး နဲ့ ငြိမ်းချမ်းအောင် ပခုံးချင်း ထပ်သွားတာ မြင်လိုက်သည့် အမှာ သူ့တစ်ကိုယ်လုံး ဖျင်းခနဲ ပူလောင်သွားခဲ့သည်။

ဆတ်ခနဲ မျက်နှာလွှဲ၍ ညာဘက်ခြမ်းက ကားကြားထဲကနေ သူ ဆုတ်လာခဲ့သည်။ ထိုစဉ်မှာ အိတ်ထဲက ဖုန်းသံ မြည်လာ၏။

ထုတ်ကြည့်လိုက်တော့ ပေဖူး ...၊

ညတုန်းက သူ ပေါက်ခွဲပစ်လိုက်သည့် ဟန်းဆက်က သွားရှာပါ ...၊ ဒီဟန်းဆက်လေးက မနက်ကပဲ ဈေးသက်သက်သာသာနဲ့ ဘက်ဝယ်လိုက်တာမို့ ထုတ်ကြည့်ဖြစ်လိုက်တော့ စိတ်ခံစားမှုတွေက ဘက်အတိုင်း လျော့ပါးသွားတယ်ဆိုတာ မရှိ ..။

သူ အသံဖျောက်၍ ဒီတိုင်း ပြန်ထည့်လိုက်တော့ ပေဖူး ခေါ်နေ သည့် အကြိမ်ရေတွေအတိုင်း ဖုန်း၏ Vibration က နှိပ်စက်နေပြန် သည်။

နင် သွားချင်တဲ့နေရာကို သွားနေတာပဲ ပေဖူး ...၊ ဘာဖြစ်လို့လဲ.. လိုဘူး .. ကိုယ့်အခွင့်အရေးနဲ့ ကိုယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၃)

"ကိုယ် အခွင့်အရေးယူတာ မဟုတ်ဘူး ပေဖူးလွှာ .. ကိုယ်နဲ့ရှေ့
ရင် မင်း ဒါကို ပြောမှာပဲထင်လို့ .. ကိုယ့်စိတ်ကူး အစတည်းက ရှိထား
တာတွေကို ထုတ်ပြောခဲ့တာ .."

"ကျွန်မက အဲဒီလောက်ထိ ပြောမလို့ မဟုတ်ဘူး .."

"ဒါဆို ကိုယ့်ကို ခုပဲ တွေ့ချင်တယ်ဆိုတဲ့ အရေးတကြီးက ဘာလဲ"

ပေဖူး ငိုင်သွားခဲ့သည်။

သူမ ဒီတိုင်းပဲ လုပ်သင့်တာ အမှန်ပါ .. ဒါပေမယ့် လက်ထပ်ချင်
ဆိုတာကို တစ်ဖက်ယောက်ျားလေးက အတိအလင်း တောင်းခဲ့သော
တာ မဟုတ် ..

ပြီးတော့ သူ့အဆင့်အတန်းနဲ့ ကိုယ့်ဘဝ တူတန်လို့လား ..

လက်တွေ့ သူ ထိုင်နေသည့် ကားအကောင်းစားကြီးကပဲ လေအေး
စက်နှင့် စိမ့်နေတော့သည်။

**မျက်နှာ**ပြင်မှာလည်း တီဗွီတွေအပြင် ရောင်စုံမီးတွေ တရှပ်ရှပ်
**ပြေးလွှားနေ**တာ ဘာတွေလုပ်တဲ့ဟာတွေမှန်း မသိ ..။





ပေဖူး မျက်ဝန်းလေးတွေက သူ့ တစ်ခုခု လှုပ်ရှားတိုင်းမှာ သိမ်ငယ်
အားနာစိတ်တို့ဖြင့် မရဲတရဲ ငေးနေမိကာ ...

"နင့်ကို ငါ ကောင်းစားစေချင်တယ် ပေဖူး .. ဒါပေမယ့် ငါ့ကို
နင် ယူလိုက်ရင် တစ်ဘဝလုံး ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး .. ငါလည်း
ဘဝရ ဆင်းရဲခြင်းကို လက်မခံနိုင်ဘူး .. အဲဒီအတွက် နင့်ကို လုံးဝ
ယ်စာရင်းမှာပဲ ထားလိုက်ရတယ် .. နှုတ်ခမ်းပဲ့ချင်း မီးမှုတ်တာမျိုး
မဖြစ်ချင်ဘူး" တဲ့ ..။

မျက်ရည်က စိမ့်ခနဲ ဝေ့တက်လာ၏။

"ငါ့ကို မရွဲ့နဲ့နော် .."

"တစ်ယောက်တည်း ရှာနေတာလို့ ပြောချင်တာလား .."

"အဲဒါကြောင့် ဘယ်ခေါ်ခေါ် လိုက်နေတာပေါ့ .."

"ပြော .. ပြောစမ်းပါ .."

"ဟင့်အင်း .."

ပေဖူး ကိုယောင်ကတမ်း နားပိတ်မိကာ ဟင့်ခနဲ ငိုချလိုက်လျှင်...

"ပေဖူးလွှာ .. ညီမ ဘာဖြစ်လို့လဲ .."

ကားသည် လမ်းဘေးအတိုင်း တောက်လျှောက် ကပ်ဆင်းသွား
ပြီးမှ အရိပ်တစ်ခုမှာ ရပ်တန့်သွား၏။

"ညီမ .. ဒီမှာ ကိုယ့်ကို ကြည့်စမ်း .."

ပေဖူး မျက်ရည်တွေကို အသည်းအသန် ပွတ်သုတ်ရင်း တားဆီးဖို့
ကြိုးစားသည်။

တကယ်တမ်း သူမ သတိမထားမိလိုက်ဘဲ ရှူးရှူးနင့်နင့် ခံစား
လိုက်ရခြင်းကြောင့်သာ ..

"ရ .. ရတယ် ကိုကြီး .. ကျွန်မ ယောင်သွားလို့ .."

"ယောင်ငိုတာ ဟုတ်လား .. ညီမ ငုတ်တုတ် အိပ်ပျော်နေတာ
မှ မဟုတ်ဘဲ .."



www.burmeseclassic.com

ပေဖူး မျက်နှာလေး မဲ့ခနဲ ဖြစ်သွားတာ ငိုချင်နေသည့် ကလေး ငယ်တစ်ယောက်လို ..၊

"ဟုတ်တယ် .. ဒါပေမယ့် ဘာဖြစ်လို့ ငိုလိုက်မိမှန်း မသိဘူး"

"ဖြစ်ရလေကွာ .."

စတီယာရင်ပေါ် လက်တင်၍ သူမဘက်ကို လှည့်ထေးရင်း ပါး မို့မို့ ဖြူဖြူလေးထက်က မျက်ရည်စတို့ကို ကိုယ်တိုင် တယုတယ သုတ်ပေးချင်မိသည်။

ပြီးတော့ ပခုံးလေးကို ပွေ့ဖက်၍ ရင်ခွင်ထဲမှာ မှီနွဲ့စေကာ သူမ လေး အငိုတိတ်အောင် ချော့ချင်ပါ၏။

ပေဖူးလွှာ ဆိုသော သူမလေးသည် သူ့မျက်စိထဲမှာတော့ ဆော လို အေး၍ နူးလို ဖြူသူလေးပါ ..။

"ပေဖူးလွှာ .. ညီမ ကိုယ် မေးတာကို မှန်မှန် ဖြေပေးမလား .. တစ်ခုပဲ သိချင်နေလို့ပါ .."

"ဟုတ် .."

ထပ်ကျလာသည့် မျက်ရည်တို့ကို မျက်နှာငုံ့သုတ်ရင်း ပေဖူး ခေါင်းညိတ်ရှာသည်။

"မနေ့က မင်း ပြန်သွားတော့ ဆက်ထုံး နဲ့ ပြဿနာတက် သလား .."

ပေဖူး သူ့ကို ဖျတ်ခနဲ ကြည့်လိုက်တည်းက ဒါ မှန်သွားပြီဆိုတာ သိလိုက်သည်။

"ခုနက ခနဲ တို့ မျက်နှာတွေကို မြင်လိုက်တည်းက ကိုယ် တွေး ပါတယ် .. ဒါပေမယ့် ညီမနဲ့ ကိုယ် ဘယ်မှာမှ မသွားခဲ့တာ .. ဒင် စားဖို့ သွားကြတယ် .. အဲ့ဒီမှာ သူတို့လည်း ရှိနေကြတယ် .. ဒါပဲလေ.."

"ဒါအတွက်ချည်းပဲ မဟုတ်ပါဘူး .."

"ဟင် .. ဘာရှိသေးလို့လဲ .."





ရာဇ အပြောအဆို များယွင်းခဲ့သည့်အဖြစ်ကိုတော့ သူမ ဘယ်သူ့ ကိုမှ ပြောပြဖို့ စိတ်မကူးပါ ..၊

"ထုံး နဲ့ ကျွန်မက ငယ်သူငယ်ချင်းဆိုတော့ .."

သဘာဝကျကျ ညာဖို့အတွက် စကားတွေက ထစ်ငေါ့နေသေး သည်။ ဒီကြားထဲ နှပ်ညှစ်ချင်လာတော့ ဆက်ထုံး ကို သတိရမိပြန်၏။

တစ်ရှူးဆိုတာတွေ သောက်သောက်လဲ သုံးစွဲမလာခင်တည်းက သူမက လက်ကိုင်ပဝါ ဆောင်တတ်တဲ့အကျင့်တစ်ခု ရှိခဲ့သည်။

ဒါပေမယ့် ငိုမိသည့်အခါတိုင်း ဒီလက်ကိုင်ပဝါက ရင်ဘတ်ကြား ဒို့မဟုတ် ခါးကြားထဲမှာ ဒီတိုင်းပဲ ရှိနေတတ်ကာ နှပ်ညှစ်ပြီးကာမှ ဒီလက်ကားကားကို ပေါင်မှာ ပွတ်ပစ်ရမလို .. တင်ပါးနဲ့ သုတ်ရတော့ လို .. ကိုယ်ပေါ်မှာ တဝဲဝဲ ..၊

"ဟာ!... လက် .. လက်ကြီး နောက်ဆုတ် .. ငါ့ကို ထိမယ်နော်.. ရော .."

ဆက်ထုံး ကို့ယို့ကားယား ရှောင်ရင်း သူမကိုယ်ပေါ်က လက်ကိုင် ပဝါကို သူ့ပဲ လှမ်းဖြုတ်ပေးခဲ့တာတွေ ..၊

"လာ .. လာ ကပ်မထိုင်နဲ့ဟာ .. ငိုဖို့ အစီအစဉ်ရှိရင် အစတည်းက ဆောင်ထား နေ .. ဘယ့်နှယ် ကိုယ့်အကြောင်း ကိုယ် မသိဘူးလား .. ဘယ်တော့မဆို နှပ်ညှစ်ပြီးမှ သုတ်စရာ ရှာတယ် .. ဘာအကျင့်လည်း မသိဘူး" တဲ့ ..။

နှာခေါင်းကို လက်နဲ့ ဖိကပ်ထားရင်း ကိုယ့်ဘေးမှာ ဆက်ထုံး ရှိနေသလို နီးကပ်စွာ ခံစားမိလာခဲ့သည်။ ပြီးတော့ ငိုနေဆဲအဖြစ်ကိုပါ မေ့သွားပြီး ငေးနေခဲ့၏။

သူမ ဆက်ထုံး နဲ့ ထာဝရ ဝေးကွာခြင်းအတွက် ဆုံးဖြတ်ဖို့ အချိန် တန်ခဲ့ပြီ ..၊

"ပေဖူးလွှာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!... ရှင် .."

ဒီတိုင်း ခေါ်လိုက်တာပေမယ့် ပေဖူး ဆတ်ခနဲ ဖြစ်သွား၏။ ငြိမ်း
ချမ်းအောင် သက်ပြင်းတစ်ရှိုက်နှင့် ခေါင်းခါမိကာ ...

"ဘာဖြစ်သွားတာလဲ .. ညီမ တစ်ခုခု ဆက်ပြောမှာလားလို့ ထိုင်
နားထောင်နေတာ .."

"ကျွန်မ .."

ငြိမ်းချမ်းအောင် ဘာမေးလိုက်တာလဲ ..၊ ရုတ်တရက် သတိမေ့
ပြေးလွှား စဉ်းစားနေရစဉ် ...

"ညီမနဲ့ ဆက်ထုံး ပြဿနာတတ်ရတဲ့အကြောင်းကို ကိုယ် မေး
နေတာ .. စပ်စုချင်တာ မဟုတ်ပါဘူးကွာ .. မင်းတို့ ဘယ်လောက်
ပြင်းထန်ခဲ့သလဲဆိုတာ သိချင်လို့ပါ ..၊ ဘာပဲဖြစ်ဖြစ် ကိုယ်နဲ့ပေ
သက်ဆိုင်နေမှာပဲလေ .."

"ကျွန်မ အဲဒါတွေကို ပြန်မပြောချင်လို့ပါ .. ဘာမှ မဟုတ်ဘူး
ကိုကြီး စိတ်ထဲမှာ ထားပေးပါနော် .."

"ဟုတ်ပြီ .. ဒါဆိုရင် ညီမ အခု ဘာလုပ်ချင်လို့လဲ .. ဘယ်နေ
ကို လိုက်ပို့ပေးစေချင်လို့လဲ .. စိတ်ထဲရှိတာ ပြောချလိုက်ကွာ .. မင်း
စိတ်ချမ်းသာအောင် ကိုယ် တစ်ခုခု လုပ်ပေးလိုက်နိုင်တယ်ဆို ကျေနပ်
ပြီ .."

ပေဖူး က ငြိမ်းချမ်းအောင် မျက်နှာကို ငဲ့ကြည့်သည်။ ပြီးတော့
သတိရကာ တစ်ရှူးတစ်စ ဆွဲယူ၍ မျက်ရည်နဲ့ရောသော ဘာညာတွေ
ကိုပါ ပွတ်သုတ်ပစ်၏။

သူမကို စိုက်ကြည့်နေပြီး ငြိမ်းချမ်းအောင် က တံခါးမှန်ကို ချ
လိုက်၏။ ပေဖူး တစ်ရှူးထုပ်လေးကို လွှင့်ပစ်ပြီးမှ မှန်ပြန်တင်၍ –

"ပြောလို့ ရပြီလား .."

"ဟုတ် .."





"ဒါဆို ပြော .."

"ဟို .."

"ရဲရဲ ပြောပါကွာ .. မင်း ပြောမယ့် စကားက ကိုယ့်ရဲ့ မွေးမာတာ
အသည်းကို ရင်ခွဲယူပေးပါဆိုတာမျိုး မဖြစ်ရင် ပြီးရော .."

"ကိုကြီးကလည်း .."

ငိုထားသည့် မျက်နှာနီနီလေးနဲ့ သွားတွေပေါ်အောင် ရယ်လိုက်
တော့ ပြောင်အိအိ ပါးပြင်လေးနှစ်ဖက် မို့တက်သွား၏။

နညက်နေသည့် မျက်နှာလေးကို ငေးကာ သူမလေးရဲ့ အပြုံး
ကြောင့် ဘယ်လောက်ထိ ပီတိဖြစ်လိုက်ရသလဲဆိုတာ ငြိမ်းချမ်းအောင်
ကိုယ့်ဘာသာ သိနေသည်။

"ညီမက ရယ်နေလည်း ချစ်ဖို့ကောင်းတယ် .. ငိုနေရင် အသည်း
ယားစရာလေး .."

ဟင်!...

ရယ်နေသည့် ပေဖူး မျက်နှာလေး တို့လို့တန်းလန်းနှင့် အရယ်
ရပ်၏။ ထိုအခါ သူမ လက်ခုံနုနုလေးတစ်ဖက်ကို ငြိမ်းချမ်းအောင်
က ဖွဖွလေး ဆုပ်ကိုင်လိုက်ကာ ...

"မင်း ပြောချင်တာတွေမှာ သူတစ်ဖက်သားကို အမုန်းမပွားစေချင်
တာတွေ ပါနေလို့ ပြင်ဆင်ချက်တွေနဲ့ ထုတ်လွှင့်မှာဆိုရင်တော့ ကိုယ်
နားမထောင်ချင်ဘူး နော် .. ကိုယ် လိုချင်တာ အရှိကို အရှိအတိုင်း.."

ပေဖူး က လက်ကို ပြန်ရုန်း၍ လက်ပိုက်သလိုလေး ကိုယ်ကို
ကျုံ့ထားလိုက်၏။

သူက ပေဖူး ကို စိုက်ကြည့်ပြီး ပြုံးကာ ...

"ဒါဆို အရှိကို အရှိအတိုင်း မင်း မပြောချင်တာ သေချာသွားပြီ.."

"မဟုတ်ဘူး ကိုကြီး .. ကျွန်မ ပြောချင်တဲ့အကြောင်းထဲမှာ အဲဒါ
တွေက အဓိကမကျတော့ဘူး ဆိုတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. ပြော .."

"ကိုကြီး ကျွန်မကို ဘယ်လို သဘောထားလဲ ဟင် .."

"အစတုန်းက ပေဖူးလွှာ ဆိုတဲ့ နာမည်နဲ့ ကောင်မလေးကို မြင်ချင်ရုံပဲ .. မြင်လိုက်တော့ သဘောကျသွားတယ် .. နောက်တစ်ခါ ထပ်တွေ့တော့ မျက်စိအောက်က ပျောက်သွားမယ့်အချိန်ကို တွေးပြီး စိုးရိမ်လာတယ် ..၊ ပေးမယ်လို့ ပြောခဲ့တဲ့ သူ့ရဲ့ အုပ်ထိန်းသူ ကောင်လေး စိတ်ပြောင်းသွားရင် ငါ ရပါ့မလားလို့ စိုးရိမ်တာတွေ ထပ်ပွားလာရင်းနဲ့ ကောင်လေးကို ကောင်မလေးက ချစ်နေမှန်း သိလာတော့ .."

သူ့စကား ရပ်သွားသည်။ ပြီးတော့ သက်ပြင်းရှည်ကြီး ချရင်း ရှေ့ကို တည့်တည့်ပြန်လှည့်ထိုင်ရင်း မှီနေလိုက်၏။

"ကိုယ် မင်းကို ဆုံးရှုံးရမယ်ဆိုရင် ခံနိုင်ရည် တော်တော် မွေးရမယ် ထင်တယ် .."

"မဟုတ်ဘူးလေ .. ကျွန်မ မေးတာက အဲ့ဒါတွေ မဟုတ်ဘူး.."

"ဘာလဲ .."

"ဟို .. ကျွန်မက လက်ထပ်ဖို့ စပြောခဲ့ရင် ကိုကြီးက အဲ့ .. ကိုကြီးဘက်က လူကြီးတွေက .."

"ပေဖူးလွှာ ရယ် .."

သူမကို စူးစိုက်ငေးရင်း ခေါင်းခါနေမိတာက ချစ်စနိုးအပြုံးတွေနဲ့ပါ ..၊ ဒါပေမယ့် သူမက မျက်လုံးလေးတွေ ဝိုင်းနေအောင် စူးစိုက်နားစွင့်နေရှာ၏။

"ကိုကြီးက ဘာဖြစ်လို့ ခေါင်းခါတာလဲ ဟင် .."

မေးခွန်းနှင့်အတူ မျက်ရည်က အိခနဲ ဝေ့တက်၏။ မျက်နှာလေးကို ဖျတ်ခနဲ ငုံ့ပစ်လိုက်ရင်း ...

"ကျွန်မ .. ကျွန်မ လောဘကြီးသွားတာပါ .. ထုံး ကိုလည်း သူ ချစ်တဲ့သူနဲ့ မကွဲစေချင်ဘူး .. ညတုန်းက ခနု တို့လည်း ကျွန်မအတွက်





နဲ့ အမုန်းခံကြရတယ် .. အဲ့ဒါတွေကို မဖြစ်စေချင်လို့လေ ..၊ ကျွန်မ ကိုကြီးနဲ့ လက်ထပ်လိုက်ရင် အားလုံး အေးချမ်းသွားမှာလို့ တစ်ဖက်သတ် တွေးလိုက်မိတာ .."

"ဟွန်း .. ဆက်ပြောပါ .. ကိုယ် စိတ်ဝင်စားတယ် .."

တကယ် စိတ်ဝင်စားတာလား .. ရွဲ့ပြောနေတာလားဆိုသည့် စူးစမ်းသော မျက်ဝန်းလေးတွေက ချစ်ဖို့ကောင်းနေသည်။

သူမကို ကြာကြာမြင်ရလေ မြတ်နိုးစိတ်တွေ ဖြစ်မိလေနှင့် ငြိမ်းချမ်းအောင် သက်ပြင်းခိုးတွေပဲ ချနေမိ၏။

"ပြောလေ ပေဖူးလွှာ .. ကိုယ့်အကြောင်း ပါလာကာမှ ဘာလို့ ရပ်ပစ်လိုက်ရတာလဲ .."

"မရှိတော့ပါဘူး .. အဲ့ဒါပါပဲ .."

ပေဖူး က မျက်နှာလေး ပြန်လွှဲ၍ ...

"တကယ်တော့ ကျွန်မ အဲဒီလို စဉ်းစားမိတာက တစ်ဖက်သတ်လည်း ဆန်တယ် .. ရှက်စရာလည်း ကောင်းတယ်ဆိုတာ .."

"ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်စိတ်မှာ တွေးကာမှတော့ ကိုယ့် တစ်ဖက်တည်းအတွေးပေါ့ ပေဖူးလွှာ ရယ် .. မျက်နှာချင်းဆိုင် ဆွေးနွေးရင်တော့ ဒါက ညှိနှိုင်းတာ ..၊ ကိုယ် တွေးရင် ကိုယ် ဖြစ်ချင်တဲ့အတိုင်း တွေးကြတာ မင်း မလွန်ပါဘူး .. ပြီးတော့ မင်း အဲဒီအတိုင်း တကယ် ဆုံးဖြတ်မှာဆိုရင် ကိုယ်က ဝမ်းသာအားရ ကြိုဆိုမယ့်သူပါ .."

"ဟင်!..."

"ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း တစ်ထစ်လျှော့ပြီး မတွက်ပါနဲ့ .. ကိုယ်ချည်းပဲ သေးကျုံ့တယ် .. နိမ့်ကျတယ်လို့လည်း မထင်နဲ့ .. အားလုံးဟာ ဒီလမ်း ဒီခရီးကိုပဲ သွားနေကြတာ ..၊ မင်းရဲ့ရှေ့ .. မင်းရဲ့ အပေါ်မှာ လူတွေ ရှိနေကြသလိုပဲ .. မင်း နောက်မှာလည်း အများကြီး ရှိသေးတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ဘာကို ပြောတာလဲ .."

"မင်းမှ မျက်နှာငယ်တယ် .. မင်းပဲ ဆင်းရဲတယ် .. မင်းက အားလုံးအတွက် အရှုပ်ထုပ်ဖြစ်နေသလိုလို .. ကိုယ့်ကိုယ်ကိုယ် အထင်ကြီးဖွယ်မရှိခြင်း များစွာနဲ့ သိမ်ငယ်နေတာမျိုး .."

"အဲဒီလောက် မဟုတ်ရင်တောင်မှ .."

"မဟုတ်ဘူးလို့ပဲ တွက်လိုက်စမ်းပါကွာ.. ဒီမှာ ကိုယ် ပြောမယ်.."

ငြိမ်းချမ်းအောင် က စတိုဘောက်(င်္ဂစ်)ပေါ်မှာ လက်တစ်ဖက်တင်ပြီး ပေဖူး နဲ့ ပိုနီးအောင် တိုးလိုက်ကာ ...

"မင်းက ကိုယ့်ကိုယ်ကိုယ် အဖြည့်ခံလို့ ထင်ပြီး ကြေကွဲနေချိန်မှာ မင်းကို အရမ်းလိုအပ်နေတဲ့သူတွေက ငါတို့ ရမှ ရပါ့မလားလို့ စိုးရိမ်နေကြတာ .."

နားရှုပ်သွားသည့် ပေဖူး မျက်နှာလေးက ပကတိ ရိုးစင်းစွာ ရှိနေလျက် ...

"အဲဒါ ဘာကို ပြောတာလဲ ဟင် .."

"မင်းကို လိုအပ်နေကြတဲ့လူတွေပေါ့ .. မင်းက မသိပေမယ့် သူတို့က မင်းကို လိုအပ်နေကြတယ် .. သူတို့အတွက် အလိုအပ်ဆုံး မိန်းကလေးဟာ မင်းပဲ ဖြစ်နေတယ်ဆိုရင်.. ဒါဆို အဖြည့်ခံဆိုတဲ့ ခေါင်းစဉ် တပ်ဦးမှာလား .."

သူ စိုက်ကြည့်နေတာ ပေဖူး မနေတတ် မထိုင်တတ်နှင့် ဆံပင်တွေ သပ်လိုက် .. ကိုယ်လေး ပြင်လိုက်နှင့် ...

"ပြဿနာတစ်ခုခု ဖြစ်လာဖို့ ရှိတာကို ကြိုသိနေရင် အဲ့ဒါလောက်စိတ်ပျက်ဖို့ကောင်းတာ မရှိဘူး .. ကိုယ်ဆိုရင် အဲ့ဒါကို ထိုင်စောင့်မနေဘဲ ပြေးရင်ဆိုင်ပစ်ချင်တဲ့စိတ် ရှိတယ် .. ခုလည်း မင်းကို ဆုံးရှုံးရဖို့ရှိတဲ့ အကြောင်းတွေကို တွေးမိတိုင်း ကိုယ့်အတွက် အိပ်ပျက်ညတွေ တိုးတိုးလာတော့ .."





သူ ရှည်လျားသည့် သက်ပြင်းမောနှင့်အတူ မတ်မတ်ပြင်ထိုင်ပြီး ခတီယာရင်ပေါ်မှာ လက်တင်၏။

"အဲဒါကြောင့် ကိုယ် ကြိုပြီး သိထားချင်တာ တစ်ခု ရှိတယ်.."

စလိုက်ပြီး ပေဖူး ကို လှည့်ကြည့်ကာ ...

"မင်းက ဆက်ထုံး ကို ချစ်ပါတယ်လို့ ဝန်ခံထားတယ် .. ဆက်ထုံး မှာလည်း ချစ်သူ ရှိနေတယ် .. ဒါက အခု ကိုယ်တို့ သိထားတဲ့အတိုင်း .."

ပေဖူး က စိတ်ဝင်တစား နားစွင့်နေ၏။

"အကယ်၍သာ ဆက်ထုံး ကသာ မင်းကို ချစ်နေမယ် .. အဲ .. ချစ်လာခဲ့ရင် .. မင်းက .."

"မဖြစ်နိုင်တာတွေ ကိုကြီးရယ် .."

"ဒါကတော့ .."

"ဟင့်အင်း .. ဖြစ်နိုင်မလားလို့လည်း ကျွန်မ တွေးမကြည့်ခဲ့ဖူးဘူး .."

သူမ မျက်နှာလေးက နာကျင်ဟန်တွေ အထင်းသားနှင့် ...

"ကိုကြီးကို ကျွန်မ လိုသလို ဆွဲယူပြီး စိတ်ကူးမိတာကို တောင်းပန်ပါတယ် .. ခု .. ခု ကိုကြီးကို ခေါ်လိုက်တာကလည်း ကျွန်မကို လက်ထပ်နိုင်မလားလို့ မေးမလို့ပါ .."

ပါးပြင်လေးတွေ နီမြန်းနေကာ သူမ ခေါင်းငုံ့ရှာ၏။ ဒါဟာ ရင်ခုန်သံတွေကို ရေရွတ်ရင်း ရှက်သွေးဖျန်းတာမျိုးသာ ဖြစ်ခဲ့ပါလျှင် သူ့ဘက်က ကြည်နူးစွာ ရင်ခုန်သည့်အပျော်တွေဟာလည်း အတိုင်းအဆမဲ့ ဖြစ်ထွန်းနိုင်လိမ့်မည် ထင်၏။

ခုတော့ သူမက အရှက်သိက္ခာကြောင့်သာ မျက်နှာငုံ့ရှာခြင်းမို့ သူ ကျေနပ်လိုက်ရပေမယ့် မချင့်မရဲ ...၊

"မင်းရဲ့အပြောကို ကိုယ် စောင့်နေတာပါ .. ဆက်ထုံး ရဲ့စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



နားလည်လာလေ .. ကိုယ် မင်းကို ပိုင်ဆိုင်ချင်လေ .."

သူ ဘာအဓိပ္ပာယ်နဲ့ ပြောလိုက်တာလဲ ..၊

ပေဖူး ဖျတ်ခနဲ လှည့်ကြည့်သည်။ ငြိမ်းချမ်းအောင် က ကြည်လင်သော အပြုံးနှင့် ...

"မင်းနဲ့ ဆက်ထုံး ရဲ့သံယောဇဉ်ကို နားလည်တယ်လို့ ပြောတာ။ ခု မင်းဘက်က လိုလိုလားလား လက်ခံမယ်ဆိုတာ သိလိုက်ရတော့ ကိုယ် အရမ်းဝမ်းသာတယ် .. အမြန်ဆုံး လက်ထပ်နိုင်အောင် ကြိုးစားမယ် ..၊ ဆက်ထုံး ကတော့ ကိုယ့်ကို မိတ်ဆွေချင်းမို့ စသလို နောက်သလို ပြောခဲ့တာပဲ .. ဒါပေမယ့် သူက မင်းရဲ့အုပ်ထိန်းသူ သူငယ်ချင်း ဖြစ်နေတော့ ကိုယ်က သူ့ဆီမှာပဲ ခွင့်တောင်းရမှာပေါ့ .."

ပေဖူး ခေါင်းညိတ်လိုက်မိသည်။ သူက ပေဖူး မျက်လွှာချထားတာကို စိုက်ကြည့်ရင်း ...

"အကယ်၍ သူ စိတ်ပြောင်းသွားလို့များ 'ဟင့်အင်း'လို့ ခေါင်းခါရင် မင်း ကိုယ့်ဘက်က နေပေးမလား .."

"ဟင်!..."

"လိုအပ်လို့ မေးတာပါ .. ဖြစ်နိုင်ချေတွေ အားလုံးကို ထည့်တွက်ထားရတာလေ .. ဘယ်လိုလဲ .."

"ဟုတ် .."

ပေဖူး ရဲရဲဝံ့ဝံ့ ခေါင်းညိတ်သည်။

"ကတိပေးတယ်ပေါ့ .."

"ပေးပါတယ် .."

"အိုခေ .."

ကျေနပ်သွားသည့် ငြိမ်းချမ်းအောင် မျက်နှာက ဝင်းထိန်ကြည်လင်သွားလျက် ...

နေရာ အကျအန ပြုပြင်ထိုင်ကာ ကားပြန်မောင်းဖို့ လက်တင်





လိုက်ပြီးမှ ပြန်ငဲ့ကြည့်၍ ...

"တစ်ခု သိချင်သေးတယ်ကွ .. မင်း ဒီလိုမှ မဆုံးဖြတ်ရင် ဆက်ထုံး က သူ့ချစ်သူနဲ့ ကွဲသွားမယ့် အခြေအနေမျိုးလို့ ခုနက ပြောလိုက်တယ် နော် .."

"အင်း .. ဟုတ်တယ် .."

သူ ဆက်မေးစရာ မလိုဘဲ ပေဖူး က ခေါင်းညိတ်လိုက်ရင်း ...

"သူ ကျွန်မကို လက်ဆွဲသွားပြီး တောကို ပြန်ပို့မှာတော့ မဟုတ်ဘူး .. ဟိုမှာလည်း အားကိုးစရာ လူကြီးသူမမှ မရှိတော့တာ .."

"အဲဒီတော့ ဆက်ပြောပါဦး .."

"ထူးထူးမြတ် ကလည်း .."

ပေဖူး ဆက်ပြောဖို့ ဝန်လေးသွားမိသည်။ ထူးထူးမြတ် သဝန်တိုတတ်တယ်ဆိုတာ သိထားပေမယ့် ကိုယ့်ကိုတော့ တိုက်ရိုက် ဘာမှ မပုတ်ခတ်ခဲ့တာမို့ ကိုယ့်ဘာသာ ထင်ကြေးနဲ့ အတင်းအဖျင်းပြောတာမျိုးလည်း မဖြစ်ချင် ..၊

ထို့ကြောင့် ...

"ကိုယ့်ကြောင့် သူများချစ်ခြင်းတွေ ထိခိုက်ကုန်မှာ စိုးလို့ပါ ..၊ ကျွန်မတို့ သူငယ်ချင်းချင်း ဘယ်လို သံယောဇဉ်ကြီးခဲ့ကြတယ်ဆိုတာ ခုန တို့ ကိုကြီးတို့လိုလူတွေက နားလည်ကြပေမယ့် မိန်းမသားကတော့ သဝန်တိုနိုင်တယ်လေ .."

သဝန်တိုနိုင်တာ မဟုတ်ဘူး ပေဖူးလွှာ .. မင်းကို သူက ဆက်ထုံး ရဲ့ဘေးမှာ ရှိကို မရှိစေချင်တာ ..၊ ရှိနေတာကို မကြိုက်လောက်အောင် ထိ ဖြစ်နေတာ မင်း မသိဘူး ..။

သူများအကြောင်း ပါလာတာတိုင်း ဖော့ဖော့ပါးပါးလေးပဲ ပြော သွားတတ်သည့် မျက်နှာလေးကို ငဲ့ကြည့်ရင်း ထူးထူးမြတ် ရဲ့ [illegible] လက်တောက်နေသော မျက်ဝန်းတို့နှင့် ယှဉ်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနှစ်ယောက်ရဲ့ အေးချမ်းမှု အစစ်အမှန်ကို ဆက်ထုံး ရှာဖွေ မတွေ့ရှိနိုင်ခင် ပေဖူး ကို သူ လက်ထပ်ဖို့ ကြိုးစားရမည်။

ဘာမှ မရှိတာတွေ .. မသိတာတွေကိုပဲ ပြောပြနေသော မာယာ ကင်းသည့် ဖြူစင်သူလေးကို သူ ဘယ်လိုမှ လက်လွှတ်မခံနိုင် ..၊

ပညာတတ်တာ .. ဥစ္စာပေါတာတွေထက် သူ လိုချင်တာက သန့်စင် နုငယ်သော ချစ်စဖွယ်လေး မိန်းကလေးတစ်ယောက်ပဲ ဖြစ်သည်။

ပေဖူး ကို မြင်ကတည်းက သူ တပ်မက်ခဲ့တာပါ ..၊ ဒါပေမယ့် အချစ်ကို မရသည့်ပြင် ဘဝကိုပါ ဗီလိန်ဆန်ဆန် ရယူဖို့ထိတော့ သူ ဘယ်တော့မှ စွန့်စားမှာ မဟုတ်ပေ ..။

ဒီနေ့ သူမထံမှ လိုလားလက်ခံခဲ့သော ခွင့်ပြုမိန့်အရ ..၊





အခန်း (၃၄)

"ထုံး ပြန်ရောက်နေပြီလား ဟင် .."

သူမ မေးတာကို ရုတ်တရက် ပြန်မဖြေကြဘဲ မျက်နှာတွေက ည်း မကောင်း ..၊ ပေဖူး က နံရံကပ်နာရီကို လှမ်းကြည့်ကာ ...

"နေ့လယ်တည်းက ပြန်ဖို့ပါ .. မိုးရွာလာတာနဲ့ .."

"ဘယ်မှာ မိုးခိုနေသလဲ .."

"ကြက်ဆီထမင်းဆိုင်မှာ ဗိုက်မဆာပေမယ့် မိုးက ခဏနဲ့ တိတ် းမလားလို့လေ .."

ရင်ခွင်ထဲမှာ ပိုက်ထားသည့် ဆလင်ဘာက်ခ်လေးကို ကြိုးကို ပခုံး ပြန်ဆွဲချိတ်ရင်း လွှတ်လိုက်ကာ ...

"သူ ငါ့ကို မေးသေးလား .."

အပြင်မှာ ဖိနပ်တွေ့နေသဖြင့် သူ ပြန်ရောက်နေပြီပဲ မှတ်လိုက် ...

"နင်တို့ကို ခေါ်ခေါ်ပြောပြော ရှိရဲ့လား .."

"မပြောဘူး .."

"နင် မေးခွန်းတွေချည်း မေးနေမယ့်အစား ဒီမှာ ခဏဝင်ထိုင်ဦး း.. မဟုတ်ရင်လည်း ကိုယ့်အခန်းဟို တန်းဝင်ပြီး အဝတ်စား လဲ.. ဆေး နားလိုက်တော့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ခနဲ .. နင်တို့ ဘာတွေ ဖြစ်ထားကြလို့လဲ ဟင်.. ဒီလူတွေကို ကိုယ့်ကြောင့် ဘာမှ မဖြစ်စေချင်ဘာပါ ..၊

စိုးရိမ်တကြီး ဖြစ်သွားသည့် ပေဖူး မျက်နှာလေးကို ကြည့်၍ ေ... က သက်ပြင်းချရင်း ခေါင်းကုတ်၏။

"မသိဘူး.. ဟိုကောင်ကလည်း မိုးရေတွေထဲမှာ ပြန်လာပြီး အခ... ထဲ တန်းဝင်သွားတယ် .. ထူးထူးမြတ် ကလည်း ဖုန်းဆက် .."

"တီ .."

သူ စကားမဆုံးခင် ကားတွေရပ်သည့်အောက်ကို ဦးတည်သွ... သည့် ကားတစ်စီးက ခပ်ဖြည်းဖြည်းလိမ့်ရင်း ဟွန်းတီးလိုက်သဖြ... သူတို့ လှည့်ကြည့်လိုက်မိကြ၏။

ထူးထူးမြတ် ..၊

"လိုက်လာပြီ .. ဖုန်းဆက်တာ ဟိုကောင် မကိုင်ဘူးထင်တယ်.. ကျွတ်!..."

ရာဇ ကတော့ ရှုံ့မဲ့သွားသည့် မျက်နှာနှင့် ဆိုဖာမှာ ပက်ခနဲ သွ... ထိုင်ချကာ ...

"ရုပ်က မယားကြီးက ယောကျ်ားကို မယားငယ် လာဖမ်းတ... ကျနေတာပဲ .."

"ရာဇ .. ယော့ကောင် .."

"ဘာလဲ ..၊ ဒီစကားမျိုးက ဒီတိုင်းပြောမှ ရုပ်လုံး ပေါ်တာ .."

"ပေါ်ပေါ်မပေါ်ပေါ် မင်း ပြောတာ ဘယ်သူ့ကို ထိခိုက်နေသ... မတွေးမိဘူးလား .."

ရာဇ က ပေဖူး ကို လှမ်းကြည့်၍ ...

"ပေဖူး ကို ထိခိုက်အောင်ပြောတာ မဟုတ်ဘူး.. အဲ့ဒီတစ်ယော... ပိုင်စိုးပိုင်နင်းနိုင်လွန်းလို့ ကြာလေ မေတ္တာတုံးလေ ဖြစ်လာတာ .."

ခနဲ ငြိမ်ကျသွားသည်။ ရာဇ က ပေဖူး ကို ကြည့်၍ ...





"ဆောရီးဟာ .. စကားလုံး ကြမ်းသွားပေမယ့် ဖြစ်နေတာ ဒီတိုင်း .. အစတုန်းက ဆက်ထုံး ကလည်း သူ့ကို ချစ်ပါတယ် .."

"အံမာကွာ .. ခုတော့ မချစ်တာ ကျနေတာပဲ .."

ခနဲ က မခံချင်သည့်လေသံနှင့် ပြောလျှင် ရာဇ က ခေါင်းခါ၍...

"ခုတော့ အရင်ကလောက် မဟုတ်တော့ဘူး ခနဲ .. ဆက်ထုံး ... သူ့ဘာသာ စီးပွားရေးလမ်းကြောင်းတွေ ရှာတယ် .. သူ့ကိုယ်သူ ...ော့ လူတတ်ကြီး ဖြစ်ပြီ ထင်နေတာ .."

"အဲ့ဒါ ဘာမှားနေလို့လဲ .."

ပေဖူး က တကယ်ကို ဘာမှ မသိတဲ့သူပါ ..၊ ဆက်ထုံး ဘယ်လို ...မ်းကြောင်းတွေ ဖွင့်ပြီး ဝင်ငွေ ဘယ်လောက်ထိရအောင် ရှာဖွေနိုင်ပြီ ...တာလည်း မသိခဲ့ ..။

"ဆက်ထုံး က အောက်ကားတွေ လိုက်သိမ်းပေးတဲ့အလုပ်မှာ ...ငွေနဲ့ တော်တော် အဆင်ပြေနေတာလေ ..၊ ဘယ်လောက်ထိ ပြေနေ ...လဲဆိုတာ သူ ကားဖိုး သွင်းထားတာတွေ ပေါ်လာမှ ငါတို့ သိတာ.."

"ဟုတ်တယ်ဟ .."

ခနဲ က အပြင်ကိုလည်း လှမ်းကြည့်ကာ ...

"ဆက်ထုံး က သူ့ဟာသူ လွတ်လွတ်ခါခါ လှုပ်ရှားနေတယ် ...င်ပေမယ့် သူနဲ့ပတ်သက်တဲ့ လူကြီးပိုင်းတွေက ထူးထူးမြတ် နဲ့ ပတ် ...က်တဲ့လူတွေချည်းပဲ ဖြစ်နေတယ် ..၊ ငါတို့ကတော့ ဒါ မရိုးသားဘူး ...ု့ ထင်တာပဲ .."

"ဘယ်လို မရိုးသားတာလဲ .."

"ထူးထူးမြတ် က လည်တယ် .. ဒါပေမယ့် စီးပွားရေးလောကမှာ ...ော့ ဒီလောက် မဟုတ်သေးပါဘူး .. ဆက်ထုံး နဲ့ပတ်သက်တာတွေကို ...ကိုင်ချင်လို့ ဦးအောင်ထက် ဆိုတဲ့ပုဂ္ဂိုလ်က လုပ်နေတာတွေပဲ နေမှာ"

"ခနဲ .. တိုးတိုး ပြော .. အိမ်ရှေ့ ရောက်နေပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"မရောက်သေးဘူး ရာဇ .. ငါတို့ရှေ့က ပါကင်မှာ ဟိုဘက်တိုက် က ဈေးစပ်ပွဲအတွက် လာကြတဲ့ ညှိုသည်ကားတွေချည်းပဲ ညပ်နေ တာ .. သူ့ကား ပါကင်ထိုးဖို့အတွက် ဆီနှစ်ပုလင်းလောက် ကုန်အောင် ပတ်ရှာရဦးမှာ .."

ခနု က သိနေပြီးသားကို အပိုင်အနိုင် ပြောကာ ခုန စကားကို ပြန်ဆက်၏။

"သူတို့ သားအဖက သိပ်ပွင့်လင်းတာ .. သူ့သမီး အခြေအနေကို သိနေလို့ ကောင်းကောင်းကြီး အကွက်ရွှေ့နေတာ အသိသာကြီး .. ကောင်လည်း ဘာမှ မတတ်နိုင်ဘူးလေ .. ဝင်ငွေလေးက ဖြောင့်နေ တော့ ပွင့်နေတဲ့လမ်းကြောင်း မှန်သမျှကလည်း သူတို့နဲ့မှ မလွတ်တာ"

"မလွတ်ကင်းတာနဲ့ပဲ ချုပ်ကိုင်ခံရတာမျိုးကတော့ သဘာဝမကျ ပါဘူးဟာ .. သူတို့က အစတည်းက အောင်မြင်နေတဲ့ စီးပွားရေးသမား တွေပဲ .. သူတို့နဲ့ သိကျွမ်းနေတဲ့ လူကြီးပိုင်းတွေ များပြားနေတာ ဘာ ဆန်းလို့လဲ .."

"နင် မသိပါဘူး ပေဖူး ရာ .. အဲဒီလူတွေကို ကျွန်မက လက်တို့ ပြောထားတာပါ .. ရှင့်ကို ကူညီဖို့ ကျွန်မ သေချာ မှာထားပေးခဲ့တာ ဘာညာတွေပေါ့ ..၊ ဒီလို ထုတ်ပြောကာမှတော့ ကိုယ် လိုအပ်လို့ တောင်းယူခဲ့တာ မဟုတ်ပေမယ့် ကျေးဇူးရှင်လို့ သတ်မှတ်လိုက်ရတာ လေ .. အခု ဆက်ထုံး ညစ်နေတာ နင့်ကိစ္စရော .. အဲ့ဒါတွေရောပဲ -

"သူ ပြောတာလား .."

"ဟုတ်တယ် .. ဒါပေမယ့် မပြောတာတွေကိုပါ ဆွဲတွေးကြည့် တာလည်း ပါတာပေါ့ .. ဥပမာဟာ .."

ခနု က အားတက်သရော စလိုက်ပြီးမှ ဒဏ်ရာဖြစ်ခဲ့သည့် ပါးချိုင့် ကို ပြန်စမ်း၏။ ပြီးမှ ...

"ကိုချမ်း နဲ့ နင့်ကို လက်ထပ်ပေးဖို့ စိတ်ကူးပြီး ဟိုဘက်မှာ





ကားစလိုက်တယ်လေ .. တကယ်က စိတ်ကူးဖြစ်တဲ့အတိုင်း အင်ထရို င်ကြည့်လိုက်တာပဲ .. ဒါပေမယ့် ပရိသတ်က အင်ထရိုမှာပဲ ငြိမ်ကျ သွားတော့ ပြီးဆုံးတဲ့အထိ ဆိုရဖို့ ဖြစ်လာတာပေါ့ .."

"ဘာပဲဖြစ်ဖြစ် သူ့ချစ်သူ သဝန်တိုမှာစိုးလို့ ငါ့ကို လက်ထပ်ပေး ဖို့ စိတ်ကူးခဲ့တာပဲ .. ငါကလည်း သူ အဆင်ပြေရင် ပြီးတာပဲဆိုပြီး ဆုံးဖြတ်ခဲ့တာပါ .."

"အဲ့ဒီမှာ ရှုပ်ကုန်တာပဲ .. ကျွတ်!..."

ရာဇ က ပြောပြီး နေရာမှ ပြန်ထရပ်လိုက်ကာ ...

"ရှင်းဖို့ကို မလွယ်တော့ဘူး ..၊ သွားမယ် .. တော်ကြာ မဟောသီမ ါဝါတွေအပြည့်နဲ့ ရောက်လာတော့မှာ .."

သူ ထွက်သွားပြီး မရှေးမနှောင်းမှာဘဲ ထူးထူးမြတ် ရောက်လာ၏။ သက်တောက်နေသော ပုစွန်ဆီရောင်ရဲရဲနှင့် နှုတ်ခမ်းအစုံကလည်း အရောင်တူပဲ ဖြစ်၏။ ဆံပင်တွေကို ပါးရိုးလေးတစ်ဖက်မှာ ခပ်နွဲ့နွဲ့ ဆင်းခွင့်ပေးထားကာ နားသယ်စပ်တစ်ဖက်မှာ ပုလဲတန်း ဘီးကုပ်နဲ့ အပြောင် သိမ်းတင်ထား၏။

ပြီးတော့ ဒေါင်းမြီးလို ရောင်စုံရစ်ထားသည့် နားဆွဲအရှည် အပြား ကြီးက ထိုနားတစ်ဖက်မှာပဲ ဆန်းပြားစွာ ဖေးတင်နေသည်။ သူမကို ဘယ် အချိန်ကြည့်ကြည့် မရိုးအီနိုင်သော ပြင်ဆင်မှုများနှင့် လှနေသည်သာ..၊

"မနု .."

တံခါးဝမှာ ခြေစုံရပ်၍ ခဏ ကြည့်နေပြီးမှ ခနု ကို ခေါ်သည်။ ပြီးတော့ လှမ်းဝင်လာကာ ပေဖူး ကို ကြည့်တော့ မတွေ့တန်သလိုလို ..၊

"ယူက ခုမှ အပြင်က ပြန်လာတဲ့ပုံပဲ .. ဆက် နဲ့ အတူတူ သွား ဘာလား .."

"ဟင့်အင်း .. မဟုတ်ဘူး .."

ပေဖူး ပျာပျာသလဲ ဖြေပေမယ့် သူမက ဘဝင်ကျပုံ မပေါ် ..၊



www.burmeseclassic.com

www.burmeseclassic.com



"မနု .."

"ပြော .."

မနု မျက်နှာက ချဉ်တူးတူးပုံ ပေါက်နေလျက် ...

"ငါ့နာမည် ခေါ်ကောင်းလို့ ခေါ်နေတာလား .."

"အမလေး .. ဆက်ဆံရေးကလည်း ကြလှချေလား .."

သူမကို မကြည့်မှန်း ထူး ကလည်း သိသည်။ ဒါပေမယ့် ဂရုစိုက် လည်း မရှိ ..၊

"ငါ ဖုန်းဆက်တာ သူ့ကို ပြောလိုက်သေးလား .."

"ပြောရအောင် ပြန်လာတည်းက တံခါးကို မဖွင့်ဘူး .."

"ဘာ!... သူ အပြင်သွားတယ် .. ဟုတ်လား .."

အကြည့်က ပေဖူး ဆီ တန်းခနဲ ရောက်၏။ ပေဖူး က ခေါင်းခါ

"တို့နဲ့ မဟုတ်ပါဘူး .."

"ဟုတ်နေတော့ရော ဘာဖြစ်သွားနိုင်လို့လဲ .. ဒီမှာ အတူတူ နေ ကြတဲ့လူတွေ ..၊ နင် သိချင်တာတွေ ရှိသေးရင် ဟိုကောင့်ကို တံခါး သွားခေါက် ..၊ ဖွင့်ပေးရင် ဝင်မေးလိုက်ပေါ့ .."

"နင်ကချည်းပဲ ဘာဖြစ်လို့ ရှေ့က ဖြေနေတာလဲ မနု .. သူ ငါက ဘာတွေ ပြောနေလို့လဲ .."

"မပြောရသေးပေမယ့် နင့်မေးခွန်းတွေက ရင့်တယ် .. သူ့ခေါင်း က မြို့သူတွေလို သိပ်မရင့်ဘူး .. ငါက အဆင်ပြေအောင် ဖြေပေးတာ"

ထူး မျက်နှာ သိသာစွာ တင်းသွားသည်။

"ငါ ဖုန်းဆက်တာ အခါနှစ်ဆယ်လောက် ရှိနေပြီ .. လုံးဝမကိုင်"

"ဒါ သူ့အခွင့်အရေးပဲဟာ .. အပြင်မှာ သွားလာရင်း မကိုင် လို့ .. အသံဖျောက်ထားလို့ .. အခန်းထဲမှာ ဆိုတော့လည်း အိပ်ပျော် လို့... ဘာညာတွေ ဖြစ်နိုင်တာပဲ .. နင် ဒေါကန်ပြီး ရောက်လာတာ ရှော့ခ် ရှိလို့ ပြောတာ .."





"ဘာ!..."

"ဆက်ထုံး လည်း ဒီနေ့ ကြည့်ရတာ သိပ်အဆင်မပြေပုံ မပေါ်ဘူး.. တနာနဲ့ သတိပေးတာ .."

ပြောပြီးတာနှင့် မနု က ရာဇ လိုပဲ အတွင်းဘက်ကို လှည့်ဝင်သွား၏။ ထိုအခါ ထူး ရဲ့အကြည့်တွေက ပေဖူး ဆီ ရောက်ကာ ...

"မေ တို့နဲ့ သွားတွေ့တာလား ..၊ ကိုချမ်း နဲ့လား .."

ဒါက မစပ်စုသင့်သော သူများရဲ့အတွင်းရေး ..၊

ပေဖူး ဒီမေးခွန်းမျိုးကို မျှော်လင့်မထားသဖြင့် အံ့ဩသလိုလေး န်ကြည့်၏။

ပြီးတော့ မနု တို့နဲ့အတူ သူမရှေ့ကနေ ရှောင်ထွက်မသွားမိတာ ကို နောင်တကြီးစွာ ရလျက် ...

"တို့က သိချင်လို့ မေးတာပါ .. ဆက် နဲ့ စကားပြောရတာ ဆင်မပြေတော့ စိတ်လည်း အရမ်းညစ်နေတယ် .."

ရင်းနှီးချင်တာလိုလို .. တောင်းပန်သလိုလိုနှင့် သူမက အနားကို လျှောက်လာကာ ...

"ယူက အလှတွေ ပြင်လာတော့ .. တို့က စိုးရိမ်လာတယ် .."

"ဟင်!... ဘယ်လို .."

စကားကောင်းပြောလိုက် .. ပိသာလေးနဲ့ ဘားပစ်လိုက် .. လုပ် နေတော့ ပေဖူး မျက်စိလည်သွား၏။

သူမက ဘာလဲ ..၊ ရင်ဖွင့်နေတာလား .. ရန်စနေတာလား ..။

စူးရဲသည့် မျက်လုံးအစုံသည် ကြောင်တောင်တောင် ပြန်ကြည့်နေ သည့် ပေဖူး ရဲ့ မျက်ဝန်းတို့မှာ စူးစိုက်လျက် ...

"မိန်းမသားချင်းပဲ ယူ့ ကိုယ်ချင်းစာနိုင်မှာပါ .."

"ဘာကိုလဲ ဟင် .."

"ကျွတ်!..."



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်နှာ မဲ့သွားကာ ...

"ကြောင်တောင်တောင်နဲ့ကွာ .. အဲ့ဒါကြောင့် ယူ နဲ့ ယုန်ထ ကြောင်ထင် ပြောမိတာကို ဆက် ဒေါကန်သွားတာ ..၊ ယူ့လို မိ ကလေးနဲ့မှ အထင်လွဲရလား တဲ့ .."

ပေဖူး ရင်နင့်သွားသည်။ မြင်တာ သိ .. ကြားတာ သိ ဆိုတ ထက် သိပ်မပိုခဲ့သော မှတ်ဉာဏ်၏စွမ်းအားသည် စကားအသွားအလ ကို အကဲခတ်ဖို့ထိ ခရီးမရောက်ဘဲ လှိုက်ခနဲ ဆို့နင့်သွားတာနှင့် မျ ရည်က ဝေ၏။

"ဒါပေမယ့် တို့ချင်းတော့ နားလည်နေတာပဲ နော် .. ဟုတ်တ မို့လား .. ဆက် လိုလူကို မကြိုက်ပါဘူးဆိုရင် အဲ့ဒီမိန်းမ ကန်းနေလို့

အပြောတို့က ရိုင်းသည်။ ပြီးတော့ ပခုံးချင်း မထိတထိ ကပ်၍

"မင်း အလှတွေ ပြင်တတ်လာတာ ဆက် ကို စိတ်ကူးယဉ်ပြ တော့လား .. ကိုချမ်း ကို မုန်းနေတာလား .."

"နင် ဘာတွေ ပြောနေတာလဲ .."

"ဟွန်း .. တို့ကို နင်လို့ ပြောလိုက်တာလား .."

သူမက ပေဖူး ကို အထင်မြင်သေးသော မျက်ဝန်းတို့ဖြင့် စုန်ခ ဆန်ချီကြည့်ကာ ...

"ဟုတ်တယ် .. ယူက ဆက် နဲ့ အသက်အတူတူဆိုတော့ တို့ ရွယ်တူပဲ .. ဒါပေမယ့် အဆင့်ချင်း ကွာတယ် နော် .."

နားထဲမှာ ခါးသွားသည်။ ပြီးတော့ နှုတ်ခမ်းအစုံက တင်းတင်း သွားခဲ့ပြီး ...

"ကွာခြားချက်ဆိုတာ နှိုင်းယှဉ်မှ ဖြစ်တာပါ .."

"အို .. စူပါ တော်လ်ကီပါလား .."

ပေဖူး က သူမကို စိုက်ကြည့်၍ ...

"တို့က ဘယ်သူ့ကိုမှ မစပ်စုဘူး .. မနှိုင်းယှဉ်ဘူး ..၊ အရာရာ





ကိုယ့်ရဲ့အထက်မှာ မိုးနေတယ်ဆိုတဲ့ အစွန်းရောက် နှိမ့်ချခြင်းနဲ့ အေးချမ်းစွာ နေချင်တဲ့သူ .."

"ဒါဆိုလည်း .."

"နင့်ဘာသာ ကိုယ့်အဆင့်နဲ့ကိုယ် နေတတ်အောင် နေပါ .."

"အေး .. ဒါပေမယ့် မြို့သူမြို့သားဆိုတော့ မျက်စိပွင့် နားပွင့် ရှိတာ တောသူထက်တော့ ပိုတယ် .."

"အဲဒီတော့ ပိုသိတာတွေ ကြွားဦးမလို့လား .."

"မသိတတ်လွန်းတဲ့ နင့်ကိုတော့ ကြွားရာကျကျ မကျကျ ပြောပြရဦးမှာပဲ ..၊ ယောကျ်ားလေးတွေ ဘယ်နှစ်မျိုး ဘယ်နှစ်စားလောက် ရှိသလဲဆိုတာ မသိပေမယ့် ယောကျ်ားဆိုတဲ့အမျိုးက ထိတွေ့မှုမှာ ပျော်ဝင်သွားကြတာပဲ .."

သူမက မိုက်ရိုင်းရဲတင်းသော မျက်ဝန်းတို့ကို မျက်မှောင်ကုတ်လိုက်ခြင်းဖြင့် ပို၍ ရူးရဲစေကာ ..

"ပြီးတော့ တောသား ရဲတော့ ဆွဲထုတ် တဲ့ .. နင် ဒီထိ လိုက်လာရဲတယ်ဆိုတည်းက နင့်ရဲ့ ရဲရင့်မှုကို အသိအမှတ်မပြုလို့မှ မရတော့တာ.."

ပေဖူး ပါးပြင်လေးတွေ နီမြန်းလာကာ လက်သီးနှစ်ဖက် ဆုပ်မိ၏။

"ရှင်းရှင်းပြောမယ် ပေဖူးလွှာ .. သူများ အထင်မြင်သေးတာ မခံချင်ရင် မလုပ်သင့်တဲ့အလုပ်မျိုးကို မလုပ်ပါနဲ့ ..၊ ဥပမာ ယောကျ်ားတွေချည်း ရှိနေတဲ့ ဒီနေရာ လာနေတာမျိုး .."

"နင်!..."

"ပြောတာကိုပဲ နားထောင်စမ်းပါ.. ဟွန်း.. ရှက်တတ်ရင် ပြီးတော့မှ အခန်းထဲပြေးဝင်ပြီး အိပ်ဆေးတစ်ပုလင်းလောက် မော့ချပစ်လိုက်.."

ထူး ရဲ့စကားလုံးတွေက ကြာလာလေ မောက်မာရိုင်းစိုင်းလေနှင့်...

"နင့်ကြောင့် ပြောရခက် .. ဆိုရခက်နဲ့ ဆက် မရှုနိုင် မ ယ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရပြီ ...၊ သူက မပြောသရွေ့ နင် ဘယ်ထိ မျက်နှာပြောင်ပြောင်နဲ့ ဆက်နေဦးမှာလဲ ..."

သူမက နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်ပြီးမှ ...

"ပြောမှ သိ .. ထိမှာ နာတာ ဘာမျိုးလဲ သိလား .."

ပေဖူး မျက်ရည်တွေ ပြည့်အိုင်လာတာကို စိုက်ကြည့်ကာ ဆက်မပြောတော့ဘဲ မဲ့သည်။

ပြီးတော့ ချာခနဲ လှည့်ဝင်သွားပုံက သူမသည်သာ လုံးဝ အနိုင်...

ပေဖူး မျက်လုံးထဲမှာ မျက်ရည်တွေကြောင့် ဝေဝါးနေသလို ရှက်သည့်စိတ်ကြောင့် ဘာကိုမှ မသိတော့ ...၊

"ထူးထူးမြတ် .."

လှုပ်ရှားနေသည့်ပုံရိပ်ကို မှန်း၍ ပခုံးတစ်ဖက်ကို ဖက်ခနဲ ဆွဲလှည့်လိုက်သည်။ ထူးထူးမြတ် ၏ကိုယ် တစ်ပတ်လည်ပြီး မျက်နှာရှေ့ ပြန်ရောက်လာသည်နှင့် ...

"ဖြန်း .."

"အား!..."

တအားလွှဲ၍ ရိုက်ချလိုက်သည့် ရိုက်ချက်က ထူး ကို ဆောင့်တွန်းပစ်လိုက်သလို တစ်ကိုယ်လုံး လန်ထွက်သွားပြီးမှ ခွေခနဲ ပုံကျ၏။

"အား!... သေပြီ .."

ထူး ရုတ်တရက် ဘာမှ မမြင်ရအောင် မှောင်မိုက်သွားကာ တရိပ်ရိပ် မူးဝေလာခြင်းကြောင့် ကိုယ့်ကိုယ်ကိုယ် သတိလစ် ပြိုလဲတော့မှာကို သိလိုက်သည်။

ဒါပေမယ့် ကိုယ့်ကို ဒီလို အနိုင်နဲ့ပိုင်းတာမျိုးကို မခံနိုင်...၊

ပုလောင်ကျိန်းစပ်နေဆဲ ပါးပြင်ကို နာကျင်စွာ ပွတ်သပ်ရင်း ပါးစပ်ထဲမှာ ငန်ကျိကျိအရသာကို ခံစားမိလိုက်၏။

သွေးတွေ ...၊





တစ်သက်နဲ့တစ်ကိုယ် သွေးထွက်သံယိုဖြစ်ဖို့ မပြောနဲ့ .. လက်နဲ့တောင် အရွယ်ခံခဲ့ဖူးတာ မဟုတ် ...၊

ခေါင်းကို ဆတ်ခနဲ ခါပစ်လိုက်ရင်း...

မူးမိုက်သွားသည့် အာရုံတွေကို စုစည်းလိုက်သည်။ ပြီးတော့ ဆလင်းဘက်ခ်ကို ဖွင့်လိုက်ပြီး ...

"ဟင်!..."

မိန်းမကိုင် မောင်းပြန်ဓားလေးက လက်ခနဲ ...၊

ဓားကို မြင်လိုက်မှ သူမ ဘယ်လောက်ထိ သတိလက်လွတ် ရိုက်ပစ်လိုက်မှန်း ပေဖူး သတိဝင်လာသည်။

နှုတ်ခမ်းထောင့်မှာ သွေးစနှင့် ထူး ရဲ့မျက်နှာက စူးစူးရဲရဲ ဖြစ်နေကာ ဓားကိုင်၍ ချက်ချင်း ကျုံးထသည်။

"နင့်လို အဆင့်အတန်းမရှိတဲ့ တောသူမက ငါ့ကိုရိုက်တာ.. ခွေးကိုက်ခံရသလိုပဲ ...၊ လာခဲ့ .. သေစမ်း .."

"ဟင့်အင်း .. မ .. မလုပ်နဲ့ .."

လက်ကာရင်း နောက်ပြန်ဆုတ်နေမိစဉ် ထူး က အတင်းကပ်တက်လာကာ ကာနေသည့်လက်ကို ဓားနဲ့ ဝိုက်ဆွဲပစ်၏။

"အား!..."

အသားကို ထိမိသလား .. မထိမိဘူးလား မသိခင် ဓားဆိုသည့် အသိကြောင့် ပေဖူး လန့်အော်မိ၏။

"ဟွန်း .."

ထူးထူးမြတ် က သရဲပူးနေသလို ရဲတင်းသည့် ခြေလှမ်းတို့ဖြင့် မတွန့်မဆုတ် တိုးလာရင်း မဲ့ကာ ...

"နင့်လို မိန်းမကို ငါက ဆောင်ကျခံပြီး မသတ်ဘူး .. ငါ့ပါးကို ရိုက်တဲ့ ပြစ်ဒဏ်ပဲ နင် ခံရမှာ .. ဒါပေမယ့် ဗဲလဲ့န်(စ်)တော့ မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"အား!..."

နောက်ထပ် မျက်နှာကို ရည်ရွယ်၍ လက်ပြန်ဝိုက်ချက်မှာ ပေဖူး ဘယ်လိုမှ မလွတ်တော့မှန်း သိကာ မျက်လုံးတွေ မှိတ်ချလိုက်ပြီး စူးရူး ဝါးဝါး အော်မိ၏။

"ဟိတ် .."

ဆက်ထုံး ရဲ့အသံမှန်း သိလိုက်သလို ဘုမကို နောက်ကနေ ဖက်၍ ဆွဲမွှေ့လိုက်ခြင်း ဖြစ်ကာ ...

"အား!..."

"ဟင်!... ထုံး .."

"ဆက်ထုံး .."

ထူးထူးမြတ် ကိုယ့်ဓားကို အလန့်တကြား ပြန်ကြည့်ကာ ဒယိမ်း ဒယိုင်ဖြစ်နေဆဲ ဆက်ထုံး ရဲ့ပခုံးက သွေးစင်းကြောင်းကြီးဆီ မျက်လုံး တွေ ပြန်ရောက်မိလျှင် ...

"ဆက် .. ဆက်ထုံး .."

ဘယ်လိုမှ မထင်မှတ်ခဲ့ပါ ..၊ မျက်နှာကနေ ရင်ဘတ် .. လက် မောင်း .. ဘယ်ကိုထိထိ အရေပြားကိုတော့ ကောင်းကောင်းကြီး ဒုက္ခ ပေးဖို့ ဒေါသတွေ ပွက်ပွက်ဆူနေခဲ့၏။

ဒါပေမယ့် ဆက်ထုံး ကို မဟုတ်ဘဲနှင့် ...

"အား!..."

ဆက်ထုံး ပေဖူး ကို ဖက်ထားရင်း နံရံမှာ ပခုံးစောင်းနဲ့ ကပ်ကျ သွားသည်။ ထိုအခါကျမှ ရင်ခွင်ထဲမှာ မြုပ်ကွယ်မတတ် ဖက်ထားသည့် ပေဖူး ကို ထူးထူးမြတ် မြင်သည်။

"ဩော် .."

ကိုင်ထားသည့်ဓားကို လွှတ်ချပစ်ကာ လက်သီးဆုပ်၏။ ပြီးတော့ အံတင်းတင်းကြိတ်ကာ ...





"သူ့အတွက် ရှင်က အသက်ပင် သေရောလား .. ဒါပေါ့ .. တန်ရာ တန်ရာချင်းပဲလေ .."

နှုတ်ခမ်းကို ဖိကိုက်ထားရင်းနဲ့မျက်ရည်တွေ ပြည့်ဘက်လာ၏။ ပြီးတော့ ကျနေသည့် ဆလင်းဘက်ခ်ကို ကောက်ကာ ပြေးထွက်သွား လေသည်။

"ဟာ!..."

"ဆက်ထုံး .. ဆက်ထုံး .. ဘာတွေ ဖြစ်ကြတာလဲ .."

ခနု သည် နားကြပ်ဖြုတ်ရင်း တအံ့တသြ ပြေးလာကာ ရာဇ က ယောက်မကြီး ကိုင်လျက် ...

"လုပ်ကြပါဦးဟ .. ရာဇ .. ကားရှိတယ် .. ဒီထိ မောင်းယူလာ ခဲ့ .."

"မလုပ်နဲ့ .."

ဆက်ထုံး က ဒါပဲပြောကာ သူ့ဟာသူ ထရပ်သည်။

မှုခင်းမှတ်ရာတွေ ဖြစ်ကုန်မှာစိုးကာ အခြေအနေကို ဖုံးဖိအုပ်ဆိုင်း ထားလိုက်သော်လည်း ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"အဆောက်အဦးအသစ်တွေ နားမှာ သွပ်စတွေပေါ် ဖင်ထိုင်လဲမိလို့ပါ ဆရာ .. ဒဏ်ရာတော့ မပြင်းပါနဲ့ .. မေးနိုင်ရောဂါ ကာကွယ်ဆေးလေး ထိုးပေးပါ .."

"ဒဏ်ရာကြည့်ရမှ အတိမ်အနက် မှန်းလို့ ရမှာပေါ့ကွယ်.. မင်းတို့လူနာက အဖျားဝင်နေပြီ .. တော်ကြာ .."

"အဲ .. အဲ့ဒါလေးပါ ကြည့်ကျက်လုပ်ပေးပါ ဆရာရယ် .. သူ့ဒဏ်ရာကို ပြရမှာစိုးလို့ ဆရာဝန် မပင့်ပါနဲ့ လုပ်နေလို့ မနည်း ပြောထားရတာပါ .."

ဆရာဝန်ကို ချော့မော့ ဖျောင်းဖျရတာ တစ်မျိုး ..၊ ဆက်ထုံး က တစ်မျိုး ..၊

ဒီကြားထဲ ပေဖူး က မျက်ရည်လည်ရွဲနှင့် ...

"ထုံး .. ထုံး ဘယ်လိုနေလဲ ဟင် .. ထုံး .."

"ဟ .. ဆေးရှိန်နဲ့ မှိန်းနေတာလေ .. ဘာလို့ အတင်းနှိုးနေတာလဲ .."





"သတိလစ်သွားတာဆိုရင် လူက မနိုးရင် သူ သတိပြန်လည်လာမှာ မဟုတ်တော့ဘူး .."

"မလစ်ပါဘူး .. ဒီကောင်က သိပ်စိတ်မာတာ .."

"အေးလေဟာ .. အိပ်နေတာပါ .."

ဖြူဝင်းသည့် မျက်နှာပြင်က အနည်းငယ် နီချင်နေ၏။ ထူတန်းသော မျက်ခုံးအစုံသည် ပန်းနုရောင်မျက်နှာပြင်ထက်မှာ ထင်းနေသဖြင့် နေမကောင်းဖြစ်နေတာတောင် တင့်တယ်နေဆဲပါ ..၊

ပေဖူး မျက်ရည်နှစ်စက် အပြိုင်ကျလာကာ ...

"ငါ့ကြောင့် .. ငါ စိတ်မထိန်းနိုင်ဖြစ်ပြီး ပါးရိုက်လိုက်မိတာ.."

"လာပြန်ပြီဟာ .."

"ဒါပဲ ပြောနေတာပဲ .. နင် .."

ညီအစ်ကိုနှစ်ယောက်စလုံး ညည်းသံတွေ ပြိုင်တူ ထွက်လာကြတာ ...

"နင် သေချာ မပြောပြပေမယ့် ပါးရိုက်မိတယ်ဆိုတည်းက ရိုက်ချင်လောက်အောင် ဖိုက ပြောဆိုနေလို့ပေါ့ .. ထူးထူးမြတ် ရဲ့စိတ်ခတ်ကို ငါတို့က သိပြီးသား .."

"မသေကောင်း မပျောက်ကောင်း ဖြစ်သွားလို့သာ စိုးရိမ်နေရတာ .. ငါကတော့ ဒီလိုဖြစ်သွားတာ ကျေးဇူးတောင် တင်သေးတယ်.."

"ဟင်!... မနေ .. နင် ဘယ်လို ပြောလိုက်တာလဲ .."

"ဟုတ်တယ်လေ .. အခု ပြတ်သွားပြီ .. မဟုတ်ရင် တစ် ဆက်တည်း ဆက် ပြီး အိမ်ရှေ့မှာတင် ပါကင်လာလုပ်တော့မှာ .. မိန်းကလေးဖြစ်ပြီး တကယ်ရှားတယ် .."

"တော်ပါတော့ ခနဲ ရယ် .. ထုံး ကြားသွားရင် ငါတို့က သူများမကောင်းကြောင်းတွေ ဝိုင်းဖွဲ့ပြောနေတယ် ထင်သွားပါ့မယ် .. အားလုံး ခုလိုဖြစ်ကုန်ကြတာ ငါ့ကြောင့်ပါ .."



www.burmeseclassic.com

www.burmeseclassic.com



"ပြောရင်းနဲ့ ပါလာပြန်ပြီ .."

"ဟုတ်တယ် .. သူများက ပါးစပ်နဲ့ပြောရင် ကိုယ်လည်း ပါးစပ်နဲ့ပဲ ပြန်ပြောရမှာ .. ငါ့ကြောင့် .."

"အား!... ကျွတ် .. ကျွတ်!..."

မျက်ရည်တွေ ကျလာပေမယ့် အားပါးတရ မရှိက်ငိုမိသေးခင် ဆက်ထုံး ပက်လက်ကနေ တစောင်း လှည့်လာ၏။

"ထုံး .. ထုံး ဖြည်းဖြည်း လှုပ်လေ .. ငါ ထိန်းထားပေးမယ် .."

"အား!... မကိုင်နဲ့ .. ငါ့ဟာငါ ထိန်းမယ် .."

မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့ကာ စောင်းလျက်သားဖြစ်အောင် တော်တော် ကြိုးစားနေရသည့် ဆက်ထုံး အဖြစ်ကြောင့် ပေဖူး ငုတ်တုတ်ထိုင်ရင်း အသံတိတ် ငိုနေခဲ့၏။

"ဆက်ထုံး .. မင်း ဘယ်လိုနေသေးလဲ .. ဒဏ်ရာက ကိုယ့်ဘာသာ ဆေးထည့် ပတ်တီးစည်းထားရတာ ငါ လန့်တယ် နော် .. နေရတာ အဆင်မပြေရင်လည်း အချိန်အခါကောင်းတုန်း ပွင့်ပွင့်လင်းလင်း ပြော.."

"ရတယ် .."

ဆက်ထုံး က စောင်းလိုက်ဟာလည်း မဟုတ်ပြန်ဘဲ ရှိကာ ကိုယ်ကို ပြုပြင် လှုပ်ရှနေရင်း တစ်ယောက်တည်း အဆင်မပြေ ဖြစ်နေ၏။

"အဆင်မပြေဘူးလား .. သိပ်မလှုပ်နဲ့လေကွာ .."

"သွေးတွေ ထွက်ကုန်ပြီ ..၊ ထုံး .. ထုံး ရယ် မလှုပ်ပါနဲ့ဆို .."

ပေဖူး ထိမလို ကိုင်မလိုနှင့် ပျာယာခတ်ရင်း နောက်တော့ ဟီးခနဲ ငိုချလိုက်၏။

"ကျွတ်!... နာနေရတဲ့အထဲ ဘယ်လို ဖြစ်နေတာလဲ .."

"အဲ့ဒါကို ပြောနေတာပေါ့ .. ငါ့တစ်ဝက် ပေး ဆိုပြီး မျှခံလို့လည်း မရဘူး .. ဘယ်ကိုမှလည်း မကိုင်နဲ့ တဲ့ .. ငါ ဘာလုပ်ပေးရမှာလဲ .."





"ဘာမှ မလုပ်နဲ့ .. အဲ့ဒီ ငိုသံကြီး မကြားရရင် ပြီးရော .."

ငိုသံ မထွက်နဲ့ ဆိုတော့ ပါးစပ်ပိတ်ပြီး ရှိုက်နေသဖြင့် မနု က ပြုံးစိစိနှင့် မျက်နှာလွှဲထား၏။

မှုန်ကုပ်ကုပ် ဆက်ထုံး မျက်နှာနဲ့ ပေဖူး ကို ကြည့်ကာ ရာဇ က လည်း ရယ်ချင်လာသည့်မျက်နှာကို ပါးကုတ်လိုက် .. နဖူးကုတ်လိုက်နှင့် အကာအကွယ် ယူနေရသည်။

"ဒီလိုလုပ်ပါလား ထုံး ဟင် .. နင် ထူးထူးမြတ် နာမည်ကိုလည်း ပြောရတော့ဘူး .. ငါတို့က တစ်အိမ်တည်း နေကြတာဆိုတော့ ဆရာ ခန့်က ယုံမှာပါ .."

ငိုနေရင်း သွက်သွက်လက်လက် ထဖြစ်လာပြီး ပြောတော့ ဆက်ထုံး က ပေစောင်းစောင်းနဲ့ ကြည့်သည်။ သူမက သဘောမပေါက် ..၊

"ဒီလိုလေ .. ရာဇ တို့နဲ့ဆိုရင် ယောက်ျားချင်း ပြဿနာက ရှင်းလို့ လွယ်ဘူး .. နင်နဲ့ ငါ ရန်ဖြစ်ပြီး ငါက လုပ်လိုက်တာလို့ ပြောလေ.."

"ဘာ!..."

"အဲ့ဒီလိုပြောပြီး ဆရာဝန် ပြလိုက်ပါဟယ် .. မိုးချုပ်သွားမှ နင် ရေမိုးနာလာရင် .."

"ဟား .. ဟား .. ဟား ..."

မနု က မျက်နှာငုံ့ထားပြီး ပခုံးတွေ လှုပ်အောင် ရယ်သည်။ ပြီးတော့ ...

"ကောင်းပါတယ် .. အဲ့ဒါဆိုရင် ဆရာဝန်က လင်မယားလားလို့ မေးမှာပဲ .. ခေါင်းသာ ညိတ်လိုက်ကြ .."

"ဟယ်!... မဟုတ်တာ .."

ပေဖူး နဲ့ ဆက်ထုံး မျက်လုံးချင်း ဆုံသွားကြသည်။ ကိုယ်ပြောတဲ့ စကား အမိပ္ပာယ် ဤသို့ သက်ရောက်ဖို့ရှိမှန်း မသိခဲ့သဖြင့် ဆက်ထုံး ကို တောင်းပန်သလို ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .. ငါ .. ငါ အဲဒီလိုသဘောနဲ့ ပြောတာ မဟုတ်ပါဘူး ထုံး ရယ် .. နင် တစ်ခါပြောပြီးတည်းက ငါ့စိတ်ထဲမှာ အဲ့ဒါမျိုး မတွေးခဲ့ပါဘူး .. တကယ်ပါ .."

"ပေဖူး ရာ .. နင့်ကိုရော ဘယ်သူက အဲဒီလို အထင်ခံချင်နေပါတယ် ပြောလို့လဲ .."

တော်တော်တုံးပါလားဆိုသည့် စိတ်မရှည်သောမျက်နှာနှင့် ရာဇ က ခေါင်းခါရင်း ...

"မား လက်နက်တွေနဲ့ မိန်းကလေးတစ်ယောက်က ခုခံပြီ ဆိုတည်းက လင်မယားချင်း ရန်သတ်တာမျိုးမှ မဟုတ်ဘူးဆိုရင် အဲ့ဒါ ဆက်ထုံး က နင့်ကို ဘလက္ကာယ .."

"ရာဇ ရယ် .. ပေါက်ကရ .."

"ပေါက်ကရ မဟုတ်ဘူး .. ဆရာဝန်က အဲ့ဒီနှစ်မျိုးပဲ တွေးမှာ.."

"အေးလေ .. ပြီးတော့ ဒဏ်ရာက သိပ်မနက်တာပဲ ရှိတာ .. ပခုံးကနေ စလွယ်ဆွဲခြစ်လိုက်တာ နည်းတာ မဟုတ်ဘူး .."

"အဲ့ဒါ တကယ်ဆို ရမ်းသမ်းဆွဲခြစ်တာ မဟုတ်ဘူးနော် .. ဆက်ထုံး က ကျောနဲ့ ခံပေးလိုက်လို့ ပခုံးကနေ ထိတာ .. နင့်ကိုသာ ထိရင် မျက်နှာကနေ ရင်ဘတ် .. အမလေး!..."

ပြောနေရင်း ကြက်သီးထသလို မနု က ပခုံးတွန့်၏။

"ဟုတ်ပါတယ် .. အဲ့ဒါက မားဒဏ်ရာကြီးဆိုတော့ သံဆိပ်တွေ ဘာတွေ တက်ပြီး .."

"ကဲပါ ပေဖူး ရယ် .. မေးခိုင်ကာကွယ်ဆေးလည်း ထိုးပြီးပြီ .. ဒဏ်ရာအတွက်လည်း ဆေးတွေ ထိုးပေးခဲ့တယ် .. ခုမှ ထပ်ပြီး ကျောပြေးလုန့်ဖို့ မလိုတော့ပါဘူး .."

**ရာဇ** နဲ့ **မနု** က ဆက်ထုံး နဲ့ ခိုက်ရန်ဖြစ်ထားသည့်ပုံစံ အစအန လေးတောင် မျက်နှာပေါ်မှာ မရှိဘဲ ပုံမှန်အတိုင်း ပြောဆို ရယ်မောနေ





၏။ ဆက်ထုံး ကတော့ မျက်နှာပူနေသလိုပါ ...၊ ဖြစ်ထားခဲ့တာ နွေးနွေးကြီးမို့ မနု မျက်နှာတောင် အညိုအမည်းစွဲနေတာ မပျောက် း ...၊

သူ နေ့လယ်တည်းက ပြန်ဝင်လာပြီး ရေစိုအင်္ကျီတွေ လဲပြီးတာနှင့် င်းတွေ ကိုက်လာသဖြင့် ဝင်အိပ်ပစ်လိုက်သည်။

အိပ်မပျော်နိုင်ခင်စပ်ကြားမှာ ပေဖူး နဲ့ ငြိမ်းချမ်းအောင် တို့၏ ပ်တွေကို မြင်ယောင်ကာ လူးလူးလှိမ့်လှိမ့်နဲ့ပါ ...၊

ထူး ဆီက ဖုန်းဝင်လာတာကိုလည်း မကိုင်ဖြစ် ...၊ ပြီးတော့ မနု ဆီကို ဆက်နေတာ ကြားသေးသည်။ နောက်တော့ သူ အိပ်ပျော်သွား ။

စကားသံတွေကြောင့် နိုးလာတာလား .. နိုးလာခဲ့လို့ စကားသံတွေ းရတာလား ...၊

ဘာမှန်းတော့ မသိပေမယ့် မနု က ရာဇ ကို ပြောသည့် စကား မှာ ထူး ရောက်လာသည်ဆိုတာကို ကြားသည်။

သူမ ဆိုလျှင် အိပ်ခန်းထဲထိ ဝင်လာပြီး ခေါင်းထုတ်ဖို့ နှီးစပ်နေသဖြင့် က်ဖေးကနေ ထွက်ခဲ့ရင်း ခေါင်းရင်း ဒန်းပေါ်မှာ ငုတ်တုတ်ထိုင်နေ တာ ပေဖူး အော်သံ ကြားလိုက်မှ ...

"အ!..."

"ထုံး .."

"ရတယ် .."

"ဆက်ထုံး ရာ.. မင်းကလည်း နာနေရင်လည်း နာတယ်ပေါ့.. မင်း ခါအော်ရင် ပေဖူး ဖြစ်သွားတာ ကင်းထိုးလိုက်တာ ကျနေတာပဲ.."

မနု က ရယ်ရင်း စနောက်နေကာ ...

"ဘယ်လိုလဲ .. ဒဏ်ရာ အနာသက်သာအောင် ဆေးထိုးပေးခဲ့ ယ်လို့ ပြောသွားတယ် .. မင်း နာနေလား .."



www.burmeseclassic.com

www.burmeseclassic.com



"ခုမှ ဖြစ်ထားတဲ့ဥစ္စာ ...နာတာပေါ့ကွ .. မင်း ခံကြည့်ပါလား"

ရန်ဖြစ်ဖော် ရလာသဖြင့် မနု က ကျေနပ်သွားသည့် မျက်နှာ ပြုံးနေ၏။

လက်သီးတစ်လုံးလုံး အထိုးခံရပေမယ့် ကိုယ့်စရိတ်နဲ့ ကို ကျေနပ်ပေးရသည့်ပြင် ထိုပုဂ္ဂိုလ် မျက်နှာကြီးပုတ်ပွကို ကြည့်ပြီး တာလည်း ကသိကအောက်နဲ့ပါ ...။

ခုမှပဲ စိတ်ချမ်းသာရာ ရကာ ...

"ချစ်တုန်း မုန်းစကား ပြောရဦးမယ်ကွာ .. ငါ့ဘက်က ကျေ ပါတယ် .. မင်းက အထင်လွဲပြီး ဒေါကန်သွားတာဆိုတော့ ရင်ထဲ ကျန်နေသေးမှာ စိုးလို့ပါ .."

မနု က စကား ပြန်စသည်။ ပြီးတော့ ရာဇ ကို ကြည့်၍ ပြန်လှည့် ကာ ...

"ဟိုနေ့ညက ဖြစ်ရတဲ့ကိစ္စမှာ ရာဇ နဲ့ ငါတို့က ပေဖူး အပေါ် တကယ့် မရိုးသားစိတ်နဲ့ ပြောတာ မဟုတ်သလို မင်းတို့ကို စော်ကား ချင်တဲ့စိတ်လည်း မရှိခဲ့တာ အမှန်ပါ .."

"ဟုတ်တယ် ဆက်ထုံး .. ဒါကိုတော့ မင်း နားထောင်ပေး ပါ .."

ရာဇ နဲ့ မနု တို့က စိတ်ကူးထားကြသည့်အတိုင်း သူတို့ အကော အထည်ဖော်ခဲ့တာကို ပြောပြကြသည်။

"ငါတို့ မှားသွားတာက ပေဖူး ကိုလည်း မပြောရသေးဘူး မင်းကို ပြောမိတော့လည်း ရင်းနှီးပြီးသားစိတ်နဲ့ ရယ်မောမပျက် ပြော မိတယ် .. 'ထောင်တန်တဲ့စကား ရယ်လျှင် ပေါ့'ဆိုတာ မင်း ဒေါ ထွက်တာကို ငါတို့ နားလည်ပါတယ် ...၊ တကယ်တော့ ငါတို့ ရင်းနှီးလို့ စကားမှားတာပါ .. ဒီတိုင်းလုပ်ဖို့ မပြောနဲ့ ပေဖူး ကို ငါတို့ ကိုယ့်ညီမလေးတစ်ယောက်လို မြင်မြင်ချင်း ခင်မင်ခဲ့ကြတာ .."





"သူ့ကို မြင်တာနဲ့ ဘယ်လို ဖြူစင်တဲ့မိန်းကလေးလဲ ဆိုတာကို တယ် .. မင်းကို ခင်သလို မင်းရဲ့ ညီမလေးအဖြစ်နဲ့ပဲ ငါတို့ သူ့ကို မင်ခဲ့ကြတာပါ .."

ခပ်လွဲလွဲ လုပ်နေသည့် ဆက်ထုံး မျက်နှာက ဒီဘက်ကို ဒီဂရီ စွာ တည့်မတ်လာကာ တွန့်ကုတ်နေသော မျက်ခုံးတို့က ပြေပြစ် ပြီဖြစ်လျက် ...

"ငါလည်း ဒီလောက်ထိ မပေါက်ကွဲသင့်ဘူးဆိုတာ ပြီးသွားတော့ ားမိပါတယ် .. မင်းတို့က ငါ့အပေါ် အများကြီး ကူညီခဲ့သလောက် ဆိလည်း မိတ်ဆွေကောင်း ပီသနေတုန်းပဲ .."

"ဒါတွေ မပြောပါနဲ့ကွာ .. ငါတို့တွေ ပဋ္ဌာန်းဆက်ကြောင့် ချစ် ခင်ကြတယ်ပဲ မှတ်စမ်းပါ .."

အားလုံး ပြုံးပြုံးရယ်ရယ်တွေ ဖြစ်ကုန်ကြလျက် ပေဖူး ကတော့ ်ရှည်ကျရင်း ရယ်နေ၏။

ပြီးတော့ ပြောသေးသည် ...၊

"ပြန်တည့်သွားကြပြီပေါ့ .. ငါ ပျော်လိုက်တာ .." တဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၆)

"အံမာ .. လူမမာက စားပွဲတွေ ဘာတွေ ထိုင်လို့ပါလား .."

အပြင်မှာ မနက်စာ သွားဝယ်လာသည့် ခနု က အထုပ်တွေ စားပွဲပေါ်မှာ ချလိုက်ရင်း ဆက်ထုံး မျက်နှာကိုပဲ ငုံ့ကြည့်သည်။

"ဘာလဲ .. ခေါက်ဆွဲပြုတ်လား .."

"ဟုတ်တယ် .. သူ ညှော်မိမှာစိုးလို့ ထမင်းမကြော်တော့ ခေါက်ဆွဲပြုတ် လုပ်လိုက်တာ .."

"ဒါဆိုလည်း ပြောပါလား .. ဒီမှာ ဝယ်လာတာ အများကြီး"

"ငါတို့အတွက် မပါဘူး ခနု ရေ .. အဲ့ဒီက စပါယ်ရှယ်တွေ အတွက် .."

ရာဇ က အိပ်ရာနိုးလာကာစ မှုန်အစ်အစ်မျက်နှာနှင့် ဝင်လာ ဆက်ထုံး ဘေးမှာ ခုံဆွဲထိုင်တာတောင် တစ်ခါတည်း ထိုင်ချလိုက်တာ မဟုတ် .. ခေါက်ဆွဲပြုတ်ပန်းကန်ထဲကို ခေါင်းစိုက်မတတ် ငုံ့၍ အနံ့ခံ ပြီးမှ ..

"အား .. မွှေးလိုက်တာကွာ .. ယမ်ယမ် မဟုတ်ဘူးဟ .. ခေါက် ဆွဲလုံးကြီးတွေ .."





ထိုင်ချလိုက်ပြီး ဘယ်သူ့ကိုမှ ခေါင်းစဉ်မတပ်ဘဲ သတင်းပို့သေး သည်။ ထို့ပြင် ..

"ကြက်အူချောင်းတွေရော .. ဘာလဲ ဟိုဥစ္စာက .."

"ကြက်ရင်ပုံလေး တစ်ခြမ်းကို ဖွဲ့ရလွယ်အောင် ဓားနဲ့မွှန်းပြီး ထည့်ပြုတ်ပေးထားတာ .."

"ကြည့်စမ်း .."

ခနု က သေချာ လာကုန်းကြည့်ကာ ..

"အေးကွာ .. ငါတောင် စားထိုးခံချင်လာပြီ .."

တစ်ယောက်ပြီးတစ်ယောက် လာကုန်းကြည့်နေသဖြင့် ဆက်ထုံး ကောင်းကောင်းသောက်လို့ မရတော့ဘဲ ဖြစ်လာကာ ..

"အထိုးခံချင်ရင်လည်း လာ .. မား မလိုဘူး ..၊ ဒီတူနဲ့ အသား ပေါက်အောင် ထိုးလို့ ရတယ် .."

"တကယ်တော့ ဘယ်ခံချင်မလဲကွ .. လူမမာ မဟုတ်ပေမယ့် မျက်နှာမလိုက်ဘဲ ကျွေးသင့်တာကို သိအောင် ပြောရတာပေါ့ .."

ပေဖူး က ကြက်အူချောင်းတွေနဲ့ ခေါက်ဆွဲပြုတ်ပန်းကန်ကြီးကို အလယ်မှာ လာချပေးလိုက်ပြီး ပြုံးကာ ..

"ဒီမှာ ရော့ .."

"ဟား!... တွေ့လား .. တွေ့လား .. ပြောလိုက်တာနဲ့ ရွှေ့ရောက် လာတာ .."

"အေးလေ .. မပြောရင် ရောက်ချင်မှ ရောက်မှာ .."

"အစတည်းက ထုံး ကို တစ်ဝက်ပဲ ပြုတ်ပေးတာပါ .. အဲ့ဒီမှာက တစ်ဝက် .. တစ်ယောက်တစ်ပွဲတော့ မရဘူး .. အတူတူ သောက် .."

"ကြက် .. ကြက် ဘယ်မှာလဲ .."

ခနု က မွှေနှောက်ရှာပြီး အရစ်ရှည်နေ၏။ ဆက်ထုံး က ရယ်ကာ..

"ကြက် ရှာတာ ပန်းကန်ထဲမှာ ရှာလို့ ရမလားကွ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် .."

"မင်း ရှာနေတာ ပြောတာ .."

"ကြက်သားကွ .."

"ငါလည်း ကြက်သားပဲ ပြောတာ .."

ပေဖူး က ရယ်နေကာ ပန်းကန်လွတ်တွေ တစ်ချပ်စီ ချ၍ မေ ပယ်လာသည့်ဘူးတွေကို ဖွင့်ရင်း ...

"အဲ့ဒါ ကိုရီးယား ခေါက်ဆွဲထုပ်လေ .. တစ်ထုပ်ကို ရှစ်ရာ ငါးဆယ်တောင် ပေးရတာ .. ဈေးကြီးပေမယ့် ကောင်းတော့ ကောင်း တယ် ..၊ မနက်က ကစ်ချင်းမက်တ်ကို သွားရင်းနဲ့ အဲဒါလေးတစ်ထုပ် တွေ့လို့ .."

"အံမာ .. အပိုတွေ မပြောနဲ့ ပေဖူး .. ငါ့ကိုကျတော့ မနက်စာ ..ားဝယ်ပေးပါ .. အိမ်မှာ ရော့မလုပ်ချင်လို့တဲ့ .. သူကတော့ ကစ်ချင်း ..တောင် ပြေးလိုက်သေးတယ် .."

"ဟယ်!... နင်ကလည်း ဒါက တစ်လမ်းကျော်လေးတင်ဟာ .."

"ပြီးတော့ တစ်ထုပ်ပဲရှိတော့တယ်လေး ဘာလေးနဲ့ မျက်နှာလိုက် ..ပိုက်တယ်ပေါ့ .."

"ကျေနပ်လိုက်စမ်းပါကွာ .. တူကို မတူတာတော့ ကျေနပ်အေး လိုက်စမ်းပါ .. ဟွန်း .."

ရာဇ က မဲ့ချိတ်ချိတ်မျက်နှာနှင့် ခေနပခုံးကို ပုတ်၍ ဆက်ထုံး ကို လှမ်းကြည့်ကာ ...

"ပေဖူး ရဲ့ ရုပါဟီးရှိုးလေ .. မားနဲ့ ပြေးထိုးတာကို ကျော့ပေး ..ိုက်တာ နည်းနည်းနောနေ ..ေ ..ဘာတွေ မဟုတ်ဘူး .."

"ဟော့ကောင်တွေ .. မတည့် ..အောင် စမလာနဲ့ .."

ပြောဖို့ ကြိုးစားနေကြ..ာက ဒီစကားကို ဒီအဖြစ်ထိ ရောက်ရှိ ..ခဲ့သည်။ မြုပ်ကွယ်နေသော စစ်မှန်သည့် ကြင်နာချစ်ခြင်းတွေကို





ပေဖူး နဲ့ ဆက်ထုံး တစ်ယောက်ကိုတစ်ယောက် နားလည်သင့်နေပြီဖို့—

"ဘာကို စမလာနဲ့လဲ ဆက်ထုံး .. အခုက အဆုံးသတ်ရမယ့် အပိုင်းကို ရောက်နေတာ .."

ပြောပြီး ပေဖူး ကို လှမ်းကြည့်၍ ...

"နီးလွန်းလို့ ဝေးနေကြတာ မင်းတို့ .."

"ဟုတ်တယ် .. ကွဲကြ ကွာကြမယ်လည်း ဖြစ်ရော မင်းတို့ တည် ငြိမ်နိုင်ကြသေးလား .. ပြော .."

ခေါက်ဆွဲပြုတ်တွေချည်း ငုံ့စားနေကာ ဆက်ထုံး မျက်နှာ မော့ မလာတော့ပေ ..၊ ပေဖူး လည်း ဘူးတွေကို ထပ်ကိုင်သွားပြီး အမှိုက်ခြင်း ထဲ သွားမပစ်ဘဲ ဘောစင်ပေါ် တင်လို တင် ..၊

ပြန်ယူပြီး ဘယ်မှာ ချရမှန်း မသိဘဲ ကိုင်ထားမိလို မိ ..၊

ဆက်ထုံး ဘယ်လိုပြန်အော်လိုက်မလဲဆိုတာကို နားစွင့်ရင်း ရင်ခုန် သံတွေက မားနဲ့ လိုက်ထိုးခံရစဉ်ကထက် ပြင်းထန်နေခဲ့သည်။

"ထူး ကို ဘေးမှာထားပြီး မင်း ထင်သလောက် ပျော်ရွှင် ကျေနပ် ခဲ့ရဲ့လား ..၊ စဉ်းစားပါဦး .."

"အေးလေကွာ .. ပေဖူး ကို ကိုချမ်း လာငြိနေပြီဆိုလည်း ဖြစ်နေ တဲ့ မင်းမျက်နှာကြီးက .."

"ကဲ .. တော်ကြစမ်းပါကွာ .."

"ဘာလဲ .. ရင်ခုန်သံတွေမြန်ပြီး ချိုမှန်းငန်မှန်း မသိ ဖွတ်ကြီး မျိုချနေတာ .. ပန်းကန်ထဲမှာ ကုန်သွားလို့လား .."

"မင်းတို့ ကွာ .."

လှမ်းကြည့်လိုက်တော့ ပေဖူး မရှိတော့ပေ ..၊

"လျှောက်ပြောမနေကြစမ်းပါနဲ့ .. တော်ကြာ ဟိုတစ်ယောက်က ထင်ရာမြင်ရာတွေ တွေး .. ပြီးတော့ ပြောချင်ရာ ပြော .."

"အဲ့ဒါလေးတွေကြောင့်ပဲ ပေဖူး က ဘယ်သူနဲ့မှ မတူတဲ့ ချစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



လေး ဖြစ်နေတာမို့လား ..၊ မင်း ကိုချမ်း နဲ့ တွေ့ပေးလိုက်တာနဲ့ ဟိုက တန်းခနဲ ပါလာတာလေ .. နောက်တစ်ယောက်နဲ့ တွေ့ပေးကြည့်ဦး မလား .. ဒို့ထက် မပိုရင်တောင် ဒီတိုင်းပဲ နေမယ်ဆိုတာ ငါ ပြောရဲ တယ် ..”

“အဲ့ဒီတော့ ဘာဖြစ်လဲ ..”

“ရှာနားကမြက် ဆက်ထုံး မစားဘူး လုပ်မနေစမ်းပါနဲ့ ..”

“ဟာ၊... သူတောင်းစား ..”

ခေါက်ဆွဲပြုတ်ကို ခေါင်းချင်းဆိုင်သောက်ရင်း ခနု က ရာဇ ကို တွန်း၍ ရယ်သည်။ ရာဇ က ပခုံးချင်း ပြန်တိုက်ကာ ...

“ဆက်ပြော .. မင်း တော်လ်ကီ လန်းတယ် ..”

ပြောရင်း တခွိခွိ ရယ်၏။ ခနု က မျက်နှာကို ဆက်ထုံး ဘက် တိုးကာ ...

“တကယ် နော် ဆက်ထုံး .. ငါ ရယ်စရာပြောနေတာ မဟုတ် ဘူး ..”

“ဘာနဲ့မှ ကာကွယ်ဖို့လည်း မကြိုးစားနဲ့ .. ယောကျ်ားချင်း နား လည်တယ် .. မင်း ပေဖူး ကိုလည်း တကယ်တမ်းကျတော့ ဆုံးရှုံးမခံနိုင် ဘူး .. ထူးထူးမြတ် နဲ့လည်း အခိုင်အမာ ငြိနေပြီးပြီ .. အဲဒီမှာ မင်း မျက်နှာကြီး ဆဒ္ဒန်ဆင်မင်း ပေါက်တဲ့အီး မှန်သွားသလို ..”

“ဟော့ကောင် .. ရိုးရိုးအီးမှန်ရင်လည်း ရတယ် ..”

“မကဘူး .. ဒီကောင့်မျက်နှာမှာ မှန်တဲ့ အီးလုံးက တော်တော် ကြီးနိုင်တယ် ..”

ရာဇ တို့ စကားကြောင့် ဆက်ထုံး ပန်းကန်ကို ဘေးရွှေ့လိုက်ရင်း ရယ်နေမိ၏။

“တွေ့လား .. လူကြီးရှက်တော့ ရယ်တယ် တဲ့ .. ဒီကောင် ဝန်ခံ သွားပြီ ..”





သူတို့ အတင်းကြီး လိုရာ တွန်းပို့နေပေမယ့် ဆက်ထုံး ထ တကယ်ပဲ အသံတိတ်နေသဖြင့် ...

“ဆက်ထုံး ..”

ရာဇ က ပခုံးကို ဖက်၍ အနားနား ကပ်ကာ ...

“မင်းနဲ့ ထူးထူးမြတ် ဇာတ်လမ်းက ပြီးပြီ .. ပေဖူး ကို ဖွင့်ပြော လိုက်တော့ကွာ ..”

“နေစမ်းပါကွာ ..”

“ဘာ နေစမ်းပါလဲ .. ဒီတိုင်း နေနေရင် မင်း ကျန်ခဲ့မှာနော် .. ကိုချမ်း ဒီတစ်ခါ ဘန်ကောက်က ပြန်လာရင် မင်းနဲ့ လာတွေ့မှာလို့ ငါတို့ အတိအကျ သိပြီးပြီ ..”

ဆက်ထုံး မျက်နှာပျက်သွားပေမယ့် နေရာမှ ထရပ်လိုက်ကာ ...

“သူနဲ့ ငါ မကြာမကြာ တွေ့နေတာပဲ .. ဘာဖြစ်လဲ ..”

“အဲဒီလို မဟုတ်ဘူး ဆရာရေ့ .. ဆရာ့ကို အုပ်ထိန်းသူလို သဘော ထားပြီး ပေဖူး ကို တောင်းမှာ ..၊ ဟွန်း .. အဲဒီပုဂ္ဂိုလ်ကလည်း ပေဖူး က ကိုကြီး ခေါ်လိုက်တာနဲ့ အဲဒီတည်းကများ ပျော်တွဲ စီးကျနေသလား မသိဘူး ..”

“ဘာလဲကွာ .. ကြားရတာကြီးက ..”

“နှလုံးပီတိ ဂွမ်းဆီထိတာ လေ .. ပြီးတော့ မီးနဲ့ချိပ် တွေ့သလို.. မီးညှိသွားတဲ့ ဖယောင်းတိုင်လို အရည်ပျော်ရခြင်းအကြောင်း အမျိုးမျိုး ကဲ့သို့ .. ဟဲ .. ဟဲ ..”

ရာဇ က သူ့စကားနဲ့သူ အများကြီး ရှင်းပြနေရကာ ခေါင်းလည်း ကုတ်၏။

“နေဦး .. အဲဒီနေ့တည်းက ငါ မေးမလို့ ..”

“ဘာကိုလဲ ..”

“ကိုကြီးလို့ ဘယ်သူ ခေါ်ခိုင်းတာလဲ ..”



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တည်းက ရင်ထဲမှာ အောင့်သက်သက်ကြီး ကျန်ရစ်သည့် ကိစ္စကို ခုမှပဲ မေးဖြစ်တော့သည်။

"အဲ့ဒါ မင်းကို ပြောဖြစ်သေးတယ်ကွာ .. မင်းတို့ဆီကို လာကြတာချင်း အတူတူ ကိုချမ်းနဲ့ ပါကင်မှာဆုံပြီး သူက ငါတို့ကို လာနှုတ်ဆက်တာ .. အဲဒီမှာ ပေဖူး က ကားထဲမှာ လက်ကိုင်ပဝါ ကျန်ခဲ့တာကို ငုံ့ကောက်ပြီး တံခါးပြန်ပိတ်လိုက်တော့ သူ့ရင်ဘတ်ကို ရိုက်မိသလို ဖြစ်သွားတယ် .."

"အဲ့ဒါနဲ့ ကိုကြီး ခေါ်လိုက်ရတာလား .."

"ဩော် .. မင်းကလည်း .. ပေဖူး က ဟိုးအရင် အင်းယားလိတ်ခ်မှာ ဦးလေး ခေါ်မိလို့ ဆွဲထုတ်ခံရတော့မလို ဖြစ်တာကို ပညာရထားတာလေ .."

"ဘာမှ မဆိုင်ဘူး .."

ဆက်ထုံး က ဘယ်လို ရှင်းပြလို့မှ ကျေနပ်ပုံမရှိသောမျက်နှာနှင့် မဲ့ရွဲ့နေ၏။ ဓနု ကလည်း မရမက ..၊

"ဆိုင်တယ်တော့ လုပ်လိုက်ကွာ .. ကိုယ့်ကြောင့်လည်း တစ်ဖက်က ထိခိုက်မိသွားသေးတယ် .. တကယ်လည်း အစ်ကိုအရွယ်ပဲ ဥစ္စာ.. 'ကိုကြီးရယ်.. ဆောရီးပါနော်' ဘာညာဆိုတာမျိုး မပြောသင့်ဘူးလား.."

"မပြောသင့်ဘူး .."

"ဒါကတော့ မင်းဆန္ဒလေ .. ပေဖူး က 'ကိုကြီး'လို့ ခေါ်တယ် ဆိုတည်းက မင်းရင်ထဲ ကြွက်ဝင်သွားတာမို့လား .."

"ဘယ်ကလာ ကြွက်ရမှာလဲ .. ခါချဉ်ကောင်တွေ အုံလိုက် ပြုတ်ကျသွားတာ .."

ရာဇ က ခပ်တည်တည်ပြော၍ စောင်းကြည့်လိုက်သေးသည်။

"တစ်ကောင်တလေ ပြန်ထွက်လာလို့ ရေလေးနဲ့တောင် မျှောချလိုက်သေးတယ် .."





"ဟုတ်တယ် .. သူ မြင်တယ် .."

"မြင်ရုံတင် ကမလား .. မင်းရင်ထဲမှာ ဖြစ်ပျက်နေတာတွေ ငါ မပြောချင်လို့ .."

"မဟုတ်ဘူး ယောကောင် .. အဲ့ဒီဘဲ အိုဗာဖြစ်နေတာကို ကြည့်မရတာ .."

"လိုချင်ရင် အိုဗာ ဖြစ်လာကြတာပဲကွ .. မင်းရဲ့ ထူးထူးမြတ် အိုဗာဖြစ်နေတာတွေကို ငါတို့ ဘယ်လောက်ထိ ကြည့်မရ ဖြစ်နေမလဲ တွေးသာ ကြည့် .."

"ဒါက ဒီလိုရှိတယ်လေ .."

"ဘယ်လို ရှိတာလဲ .."

"သူတို့က ငါ ချိန်းပေးမှ ပထမဆုံး တွေ့ဖူးကြတာ .."

"မင်းရဲ့ ထူးထူးမြတ် လည်း မင်းကို စတွေ့ဖူးတည်းက အိုဗာပဲ ဆို .."

ဆက်ထုံး က ပခုံးတွန့်လိုက်ပြီး ဘာမှ မဖြေ ..၊

"လုပ်မနေစမ်းပါနဲ့ .. ကိုယ့်ကို အိုဗာနေတာကျတော့ ဘဝင်မြှေ့နေပြီးတော့ .."

"ငါက ယောကျ်ားလေးပဲကွ .. သူက မြှေ့စရာလား .."

"တွေ့လား ပေါ်ပြီ .."

"ဒါပဲလေ .."

သုံးယောက်စလုံး ထမင်းစားပွဲကနေ ထလာကြပြီး ဒီမှာပဲ မိုးတိုးမတ်တတ်နှင့် ...

"မင်း ပေဖူး ကို လုံးဝ အတိအကျ ချစ်နေပြီ ဆက်ထုံး ရှောင်မနေနဲ့ .."

"ယောကောင် .. နေဦးလေ .."

ရာဇ က ကပ်ပြောနေရင်း ဆက်ထုံး ဘာမှမပြောဘဲ ရှောင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့ မနု က လက်ကို ဆွဲထားကာ ...

"မင်းက ဘာလဲ .. ပေဖူး က ထူးထူးခြွတ် လို ဘွဲ့ရ သူဌေးသမီး မဟုတ်လို့လား .."

ဆက်ထုံး မျက်နှာ ဆတ်ခနဲ လှည့်လာပုံက ဒေါသတွေနှင့် ...

"ဒီတိုင်း မေးရတော့မှာပဲလေ .. ဘာဖြစ်ဖြစ် ဟုတ်ရင် ဟုတ်တယ် .. မဟုတ်ရင် မဟုတ်ဘူး ဝန်ခံပေါ့ .. ငါတို့ချည်းပဲ .."

"ဟုတ်တယ် .."

"ဘာ!..."

ဝန်ခံလိုက်တော့လည်း ရာဇ ရော မနု ပါ မျက်နှာတွေ တင်းသွားကြ၏။ ဒါပေမယ့် ဆက်ထုံး က မျက်နှာလွှဲပစ်ကာ ...

"သူ့ကို ငါ မင်းတို့ရှေ့မှာပဲ ပြောခဲ့တာ မင်းတို့ မကြားဘူးလား.."

"ကြားတယ်လေ .. မင်း ဆင်းရဲတာကို မကြိုက်ဘူး .. သူဌေးသမီး ကိုပဲ စိတ်ဝင်စားတယ်ဆိုတာ .."

"ဟုတ်တယ် .."

"ခုထိ .. အဲဒီတိုင်းပဲလား .."

ဆက်ထုံး မဖြေ ...।

မနု က သူ့မျက်နှာရှေ့မှာ သွားရပ်ကာ ...

"အစတုန်းက မင်းတို့ ငယ်သူငယ်ချင်းစိတ်နဲ့ပဲကွ .. ချစ်တဲ့စိတ် ဆိုတာလည်း ဒီလို အချိန်မျိုးမှာ ငုပ်စိတ်ထဲမှာပဲ တိတ်တိတ်ဆိတ်ဆိတ် ပုန်းကွယ်နေတတ်တာမျိုး .. အဲ့ဒါ ဘာလဲဆိုတော့ မင်းတို့က မကွဲမကွာ အမြဲနေလာကြတော့ ဆန်းပြားနေပြီလား .. ရိုးသားနေဆဲလားဆိုတာ ကိုယ်တိုင် သတိထားမိဖို့ လွယ်မလား .."

ဆက်ထုံး က သက်ပြင်းရှည်ကြီး ချကာ ပခုံးက ဒဏ်ရာကို စမ်း၍ အပြင်ကို လျှောက်ထွက်သွားသည်။

မနု က ဘေးကနေ အတူလျှောက်နေရင်း ...





"သူငယ်ချင်းဆိုတဲ့ စိတ်နဲ့ပဲ မပြောရဲတာ မရှိဘူး .. ခဏ်...[illegible] မရှိဘူး ...। အဲဒီအချိန်တုန်းက ပေဖူး ကိုယ်တိုင် 'နင် ငါ့ကို ယူမှာ...[illegible]' လို့ မင်းမျက်နှာကို ကြည့်ပြီး မေးခဲ့တာပဲ .. အခု သူ မေးရဲဦးမလား မင်း ကြည့်လိုက် ...। သူ မင်းရှေ့မှာ ရှက်တတ်နေပြီ .."

ဆက်ထုံး ခြေလှမ်းတုံ့သွား၏။ ဒါ အရှိက်ထိစေသည့်စကား ...।

"မင်းကိုယ်မင်းလည်း ပြန်ဆန်းစစ်ပါဦး ဆက်ထုံး ရာ .. ပေဖူး ကို အရင်လို နင်ပဲငဆတွေ ပြော ...। လက်ဆွဲ တွန်းထိုးနေတာတွေ ဆိုးဆိုးဆတ်ဆတ် လုပ်လို့ ရသေးရဲ့လား .."

ဒါလည်း မသေချာတော့ပါ ...। ပေဖူး နဲ့ အကြည့်ချင်းဆုံလိုက်တာ တောင် ရင်ခုန်သံ ပါမပါ မသိပေမယ့် သူပဲ မျက်နှာလွှဲရတဲ့အဖြစ်တွေ ခဏ ခဏ ...।

ဒါတွေကို ဒေါသဖြစ်နေလို့ .. စိတ်တိုလို့ အမျိုးမျိုးသော ခေါင်းစဉ်တွေ တပ်ခဲ့ပေမယ့် ...

"မင်း သူ့ကို ရင်ခုန်နေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် နားမလည်သေးရင်လည်း အခု ပေဖူး ဆီ သွားလိုက်လေ .."

"ဘာသွားလုပ်ရမှာလဲ .."

"သူ့ကို စေ့စေ့ကြည့်ပြီး မင်းရင်ထဲမှာရှိတဲ့ စကားတွေ ပြောလိုက်.. မုန်းတာဖြစ်ဖြစ် .. ချစ်တာဖြစ်ဖြစ် .."

ဆက်ထုံး က ခေါင်းခါသည်။

"မလိုတော့ဘူး .."

"ဘာဖြစ်လို့လဲ .."

"သူလည်း ကိုချမ်း နဲ့ အဆင်ပြေနေပြီ .. ကိုချမ်း ကလည်း လူကောင်းတစ်ယောက်ပါပဲ .. ပြီးတော့ ငါ့ထက် အများကြီး အရည်အချင်း ရှိပါတယ် .."

"ခုတော့ မင်း ချစ်နေတာကို ဝန်ခံပြီလား .."

*



www.burmeseclassic.com

www.burmeseclassic.com



ဆက်ထုံး က မဲ့ပြုံးနှင့် မျက်နှာငုံ့ရင်း ငြိမ်နေ၏။ ခနက အားမလို အားမရကြည့်ရင်း ...

"အစတည်းက ပေဖူး ခေါင်းထဲမှာ မင်း တွေးခဲ့တာတွေ ဘာမှ မရှိဘူး ဆက်ထုံး .."

"ခုထိ အရင်အတိုင်းပဲလို့ ပြောချင်တာလား .."

ပြန်မေးလိုက်တော့ ခနု ကြောင်တောင်တောင် ပြန်ကြည့်၏။ ဆက်ထုံး က ပခုံးက ဒဏ်ရာပေါ်မှာ ခပ်ဖွဖွတင်ထားသည့် လက်ကို ပြန်ချ၍ ဘောင်းဘီအိတ်ထဲ ထည့်ကာ ...

"ရိုးသားပါတယ်လို့ ပြောခဲ့တဲ့ ငါ့စကားတွေကို အလကား အဖြစ် မခံနိုင်ဘူး .. မင်းတို့လည်း နောက်ထပ် မစနဲ့တော့ .."

ပြော၍ အခန်းဆီ လျှောက်ထွက်သွား၏။

"ဟော့ကောင် .. မင်းကွာ .. အဲ့ဒါ အဓိပ္ပာယ် မရှိဘူး .. ဒီနေ့ ရိုးသားပေမယ့် မနက်ဖြန် ရိုးသားချင်မှ ရိုးသားမှာပေါ့ ..၊ အမြဲတမ်း ရိုးသားပါ့မယ့်အကြောင်း ဘယ်ခုံရုံးမှာ မှတ်ပုံတင်နဲ့တကွ လက်မှတ် ထိုးခဲ့လို့လဲ .."

ဆက်ထုံး ကြားပေမယ့် အခန်းထဲကိုပဲ ပြန်ဝင်လာခဲ့မိသည်။

ရင်ထဲမှာ ဒဏ်ရာထက် ပို၍ နာကျင်နေတာကို လူ မသိစေချင် တော့ပါ ..၊

ပြတ်တောက် စိမ်းကားတဲ့စကားတွေကို ကိုယ်ပဲ ပြောခဲ့သည်။ တခြားသော ယောက်ျားတစ်ယောက်ယောက်နှင့် လက်ထပ်ပေါင်းသင်း ရမည်ဆိုတာလည်း ကိုယ်ပဲ တိုက်တွန်းခဲ့တာ ဖြစ်၏။

ထိုစဉ်က သူမ ငိုယိုတောင်းပန်ခဲ့တဲ့ မျက်ရည်စက်တွေ ..၊

"တောက်!..."

"ဒုန်း .."

"အမလေး!..."





ရှိုးကေ့စ်ပေါ်ကို လက်သီးနဲ့ ဇိုက်ထိုးလိုက်မိစဉ် ပေဖူး ရဲ့အော်သံ သးကို နောက်က ကြားလိုက်ရကာ ...

"ထုံး .. ထုံး ဘာဖြစ်လို့လဲ .."

ရေနွေးဇလုံလေးနှင့် ဆေးထည့်ဖို့ ပစ္စည်းတွေပါသော ခြင်းလေး စ်ဖက် ကိုင်ကာ ပေဖူး သူ့နားကို အပြေးတစ်ပိုင်း ရောက်လာ၏။

"လက် .. လက် ပြစမ်း .. ဒီလက်နဲ့ ထိုးလိုက်တာလား .. ပေါက်ပြ န်ပြီလား မသိဘူး .."

ကိုင်ထားတာတွေကို စားပွဲပေါ်မှာ သွားချထားလိုက်ပြီး ...

"ဘာတွေ ဒေါသထွက်နေတာလဲ ဟင် .. ခနု တို့နဲ့ စကားပြော ဆောင်မပြေ ဖြစ်လာတာလား .. လက် ပြစမ်းပါ .."

သူ့လက်ကို အတင်း ဆွဲယူပြီး ဖြန့်ကြည့်၏။

"ဘာမှမဖြစ်ဘူး .. ဖယ် .."

"အို .. ကြည့်ရမှ ဖြစ်မယ် .. ပြ ..'

"ပေဖူး .. ငါ ရှိုးကေ့စ်ကို ကျိုးအောင် မထိုးနိုင်ပေမယ့် နှင့်မျက်နှာ တ်သွားအောင် ထိုးလို့ ရတယ်နော် .."

"ဘာ!..."

"ဖယ်ပေး .. ရှေ့က .."

စိုးရိမ်နေသည့် မျက်နှာလေးက ဟိုအရင်ကအတိုင်း ရန်ဖြစ်ဖို့ ဆင်သင့် ဖြစ်သွားခဲ့လျှက် ...

"ဖယ်မှာပါ .. လူမမာမို့လို့ သည်းခံနေတာ .. ပြီးတော့ .."

ပြီးတော့ ဆိုပြီး မျက်စောင်းထိုး၍ မော့ကြည့်ကာ ...

"ငါကြောင့် ဒဏ်ရာ ရထားလို့ .."

ဒါ ဟုတ်မှာပါ ..၊ ကိုယ့်ဘက်က နာကျင်ရဖို့တွေ ပြောင်းလဲလာခဲ့ မယ့် သူမကတော့ နာကြည်းစရာတွေအဖြစ် မှတ်ထားခဲ့မယ်ဆိုရင် ငြိမ်းပြီးရင်း စိမ်းလို့ ရနေတာပဲ ..။

www.burmeseclassic.com



"ရတယ် .. မလိုဘူး .."

ပေဖူး လက်လှမ်းလိုက်တာနှင့် ကိုယ်တစ်ခြမ်း ဆုတ်ရှောင်လိုက်ကာ ...

"နင့်ကြောင့် ဒဏ်ရာရတာလို့ တွေးပြီး ကျေးဇူးတွေလည်း တင်မနေနဲ့ .. ငါ့ရည်းစား ဆောင်ကျမှာစိုးလို့ နင့်ကို ကယ်တာ .."

"ဘာ!..."

ဆက်ထုံး က ပြောပြီးတာနှင့် အခန်းပြင်ကို ပြန်ထွက်သွားဖော်ငေးကြောင်ကြောင်လေး ရပ်ကျန်ခဲ့ရင်း ပေဖူး ငိုချင်လာတာကို မျက်တောင်တွေ တဖျပ်ဖျပ် ခတ်နေမိသည်။

မဟုတ်ဘူး .. အဲ့ဒါ တမင် ပြောသွားတာ ..။

ခေါင်းခါရင်း ဒါကို လက်မခံနိုင်စွာ တားဆီးနေပေမယ့် ..။

ဘာဖြစ်လို့ မဟုတ်နိုင်ရမှာလဲ ပေဖူး .. ထူးထူးမြတ် က သူချစ်သူနင်ကသာ ..။

မျက်တောင်တွေ ခတ်နေလည်း မရ ..။

ခေါင်းတွင်တွင်ခါနေပေမယ့်လည်း မျက်ရည်စက်တို့ တသေသော ကျလာကြ၏။

မဟုတ်ဘူးဆိုတာက မဖြစ်နိုင်သလို ..။

ဟုတ်တယ်ဆိုတာကလည်း ဖြစ်နိုင်တာပါပဲ ..။

နောက်ဆုံး အဖြေထွက်တော့ သူမအတွက် ဘာကျန်ခဲ့သလဲ = နင် ငိုပေမယ့် အလကား ..။





## အခန်း (၃၇)

"ဆက်ထုံး .."

"ဟင် .. ဘာလဲကွာ .."

"မင်း နေကောင်းရဲ့လား .. ဘယ်လိုနေလဲ .."

"ဟား .. လာပြန်ပြီ .. ဘာလုပ်တာလဲ ..၊ အဲဒီလက်က .."

ရာဇ လက်ကို ပုတ်ချလိုက်ပြီး ဒဏ်ရာမရှိတဲ့ဘက်က တံတောင်နဲ့ဘက်၍ ငုတ်တုတ်ထိုင်လိုက်၏။

"ပတ်တီးတောင် ဖြေတော့မှာ .. ဘာတွေ လာဖြစ်နေကြတာလဲ .."

ပြောသည့်မျက်နှာက ရှုံ့မဲ့နေကာ ...

"ဟိုလာကိုင် .. ဒီလာကိုင်နဲ့ စိတ်ရှုပ်တယ် .."

"အံမာ .. လူမမာက လူမမာလို ပြုစုချင်အောင် မနေဘူး .."

ရာဇ ကလည်း နဖူးစမ်းဖို့ တပြင်ပြင်ဖြစ်နေသည့် လက်ကို မကြိုးစားတော့ဘဲ ခုတင်ဘေးမှာ ဆောင့်ခနဲ ဝင်ထိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန် ရှိပြီလဲ .. ပေဖူး က နေ့လယ်စာတောင် ချက်ပြီး နေပြီ .."

"အဲဒီတော့ .. ဘာဖြစ်လဲ .."

"မင်း ဒီလောက်ထိ အိပ်နေတော့ .."

"ဘာလဲ .. သေနေပြီ ထင်လို့လား .."

"ဟုတ်တယ် .. ငါ မင်းရဲ့ ဝင်လေထွက်လေ စမ်းမလို့ နှာခေါင်းမှာ .."

လက်ညှိုးကို ကန့်လန့်ကွေးလေး လုပ်ပြရင်း နှာခေါင်းနား တိုးလာတော့ ဆက်ထုံး မျက်နှာ လွှဲရှောင်ကာ လက်ကို ပုတ်ချပစ်၏။

ရာဇ က မျက်နှာကို ခပ်တည်တည် ပြင်ဆင်လိုက်ကာ လက်တစ်ဖက်က ပေါင်ပေါ်မှာ ခါးထောက်သလို ခပ်ကားကားထောက်၍ ..

"ပေဖူး ကို မင်း ဘာဖြစ်လို့ အော်ထုတ်လိုက်တာလဲ ဆက်ထုံးရာ .. သူ့ခမျာ မိုးလင်းလာတည်းက မင်းကို ခေါ်ကြည့်လိုက် .. ပြန်ထွက်လာပြီး မင်း စားသောက်ဖို့ လုပ် .. ပတ်တီးဖြေဖို့တွေ ပြင်ဆင်နဲ့ .."

"အဲဒါ ဘာဖြစ်လဲ .."

"အချိန် အရမ်းလင့်လာလို့ မင်းကို နှိုးတာပါ .. နောက်ဖေးမှာ အလုပ်လုပ်ရင်း မျက်ရည်တွေ ကျနေတာ သနားပါတယ် .."

"မင်း သူ့ကိုပဲ သနားရမှန်း သိနေလား .."

"ဟင်!..."

ရာဇ နားမလည်သလို ဖြစ်သွားပြီး ဆက်ထုံး ကို သေချာကြည့်၏။

မျက်နှာသည် သုန်မှုန်နေလေမယ့် အိပ်မှုန်စုံမွှားပုံစံ မဟုတ်လေ ..

"မင်း အစောကြီးတည်းက နိုးနေတာလား .."

"အိပ်ကို မအိပ်ရသေးတာ .."

"ဟင်!..."





"ငါးနာရီလောက်က မျက်နှာထသစ်လိုက်တယ် .. ပန်းသီးတစ်စိတ်စားပြီး ပြန်အိပ်ဖို့ ကြိုးစားတာလည်း မရဘူး .."

"ဘာဖြစ်လို့လဲ .. မင်းပုံစံက ဒဏ်ရာနဲ့သက်ဆိုင်ပုံလည်း မပေါ်ပါဘူး .."

ဆက်ထုံး နဖူးကိုပွတ်နေရင်း မျက်လုံးတွေကို မှိတ်ပစ်သည်။

"ဟင်း .."

ရာဇ သက်ပြင်းချလိုက်ရင်း ...

"ပေဖူး နဲ့ ပတ်သက်တာလား .."

ဆက်ထုံး က မဖြေ ..၊

"ငါ့ကို မနေ ပြောသားပဲ .. မင်းကိုက မဟုတ်လောက်တာကို ကြီးကြီး တွေးနေတာကိုးကွ ..၊ မင်းက ကတိတွေ စကားတွေ တည်နိုင်ရအောင် ပေဖူး ရဲ့ တကယ့်အုပ်ထိန်းသူလား .. ပြီးတော့ ..."

"မဟုတ်ဘူး ရာဇ .. ငါ ဂရုစိုက်နေတာ အဲဒီကိစ္စတွေက အဓိက မဟုတ်ဘူး .."

"ဘာက အဓိက လဲ .."

"ငါ .."

ဆက်ထုံး က ပြောဖို့ပြင်ပြီးမှ ပြောရခက်နေသလို မျက်နှာရှုံ့တွသွားကာ ...

"ငါ သူများကို မစာနာတတ်ခဲ့သလောက် ငါ အဲဒီလိုဖြစ်မှာတော့ လက်မခံနိုင်ဘူး .."

"ဘာလဲ .."

"သူ ဘယ်သူ့ကို ရွေးချယ်ပြီးပြီ ဆိုတဲ့စကား .."

"မင်းကလည်းကွာ .. ဒါက ..."

"အဲဒီစကား သူ ပြောလာရင် ငါ သူ့လို မငိုတတ်တဲ့အတွက် ဘာလုပ်မိမလဲဆိုတာ မပြောနိုင်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဖုန်းသံကြောင့် ရာဇ က ထသွားကာ စားပွဲပေါ်ကနေ ... ၍ ...

"ထူးထူးမြတ် .."

ပြောပြီး သူ့လက်ထဲကို ထည့်ပေး၏။ ဆက်ထုံး က ဖုန်းကိုင်... ကျွတ်ခနဲ ဖြစ်ပြီးမှ ...

"ဟလို .."

"ဆက် .."

"ပြောလေ .."

"ယူနဲ့ တို့ ဆွေးနွေးချင်တယ် .."

"မလိုဘူး ..၊ အားလုံး ပြီးပြီ .."

နောက်ထပ် မြည်လာပေမယ့် သူ မကိုင်တော့ဘဲ ရှစ်ခါမြော... ခေါ်မှ ...

"ထူး .. မင်းကို ကိုယ် ဒေါသအလျောက် ပြောလိုက်တာ မဟုတ်... ဘူးနော် .. မင်းနဲ့ ကိုယ် တွဲခဲ့မိတာ ကိုယ်က ငတုံး .. ငကြောင် .."

"... ... ... ..."

"ယောက်ျားဖြစ်ပြီး အထင်ကြီးစရာကောင်းတဲ့ မိန်းမကို ရှာ... ချင်တာလေ ..၊ ဒါပေမယ့် တကယ်အထင်ကြီးထိုက်တဲ့ မိန်းမမျိုး ... မတွေ့ခဲ့ဘူး .. အဲဒါကြောင့် ဆက်ရှာရဦးမယ် .."

"... ... ... ..."

"ဟုတ်တယ် .. ချမ်းသာတဲ့မိန်းမတွေပဲ ဖြစ်ရင်ဖြစ်မယ် ..၊ ဒါ... မယ့် စိတ်မထင်ရင် မထင်သလို ကြောင်တတ်တဲ့ အချစ်မူးသမား... တော့ မပါဘူး .."

စိတ်တွေ နောက်ကျိရှုပ်ထွေးကာ ဖုန်းက တခြား .. ကတ်ဒ်တ... လုပ်ပြီး ပစ်ချထားလိုက်မိ၏။

"မင်း သူ့ကိုလည်း ပြတ်နေပြီ .. အစတည်းက ချစ်ခဲ့တာမှ မဟုတ်...





...ဘာကွာ .. ဘာကျန်သေးလို့လဲ ..၊ ပေဖူး က မင်းကို ချစ် .."

"တော်တော့ကွာ .. ငါ တောင်းပန်ပါတယ် ..၊ ပေဖူး ကိုလည်း ...နား မလာပါစေနဲ့ .. ငါ သူ့နားမှာ မနေချင်ဘူး ..၊ သူနဲ့ နီးနီးနေလို့ ...ဖြစ်ဘူး .."

ပြောပြီး နေရာမှထရပ်ကာ ရေချိုးခန်းဆီကို ထွက်လာခဲ့သည်။ ...ဒီတိုင်းကျန်နေခဲ့ကာ သူ ပြန်လာတော့ မရှိတော့ပေ ..၊

ဝတ်ထားသည့် ရှပ်အင်္ကျီကို လဲကာ ဘောင်းဘီ လဲဝတ်ပြီးကာ ... ..

"အား!..."

"ဘာဖြစ်လို့ ဘောင်းဘီတွေချည်းပဲ ဝတ်နေတာလဲ ထုံး ရယ်.."

ခါးပတ်ချိတ်နေရင်း လက်ပြန်ရှပ်လိုက်သည့် တစ်ချက်မှာ ကျော... ...က အောင့်သွားသဖြင့် ညည်းသံ ထွက်သွားမိ၏။

ပေဖူး က အခန်းဝမှာ ဘယ်လိုရောက်လာသည် မသိ ..၊

"ဟ .. ဘာဖြစ်လို့ ဝင်လာတာလဲ ..၊ ဒီမှာ ဘောင်းဘီဝတ်နေတာ ...မြင်ဘူးလား .."

"မြင်လို့လေ .. ငါ ဝိုင်းကူ .."

ပြောရင်း ဝင်လာသည့်ခြေလှမ်းက အနားကျမှ တုံ့၏။ ပြီးတော့ ... ..

"နင် ခါးပတ်ချိတ်ရုံပဲမို့လား ..၊ ငါ .."

"မလိုဘူး .."

"အင်္ကျီက လက်တစ်ဖက် မထည့်ရသေးဘူး .. ငါ ကူပေးမယ်.."

မျက်စိရှေ့ ရောက်လာသည့် ပေဖူး ရဲ့တစ်ကိုယ်လုံးက ဇေဒါရောင် ...သားလို ပြောင်အိအိဝတ်စုံရဲ့အောက်မှာ အလှအပတွေအားလုံး ထင်း...နေအောင် ပြထားသလို ရှိ၏။

ထိုပြင် သူမကိုင်လာသည့် လက်ကိုင်အိတ်ကို စားပွဲပေါ် လှည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားထားလိုက်တော့ ကျောလယ်တည့်တည့်မှာ မီးခိုးရောင်ဇာပန်းထိုး
နှင့် အပါးသားလေး ကန့်ထည့်ထားသေးသည်။

ဘယ်ဘယ်လက်တစ်ဖက်လုံးကလည်း ထိုဇာနဲ့ပဲဖြစ်ကာ ညာဘက်
လက်မှာကျတော့ ဇာကို အပေါ်ယံပိုင်းမှာပဲ ဝေ့လ်ကင်းရှုးတွေ ကြိုး
ချည်ထားသလို ပုံဖော်ပြီး ချည်ထားတာ လက်မောင်းတစ်ဝက်ထိ ..

လက်မောင်းတစ်ဖက်သည် ဖေဒါရောင်အင်္ကျီစပဲဖြစ်ကာ ထ
ဖက်ကတော့ ကျောပြင်မှာလို အပေါ်ပိုင်းမှာ ဇာဖောက်၍ ကြိုးချည်ထား
တာမျိုး ..။

ဒီအင်္ကျီစတွေ သူမ ကိုင်တွယ်နေတတ်တာ ညဦးနက်သန်းခေါင်
ထိ ..။

ဒါဆို ဒါတွေကို သူမကိုယ်တိုင် ဒီဇိုင်းထုတ်ပြီး ချုပ်နေတာလား..

မေ တို့က ကက်တလောက်တွေ ရှာပေးကြတယ်ဆိုပြီး ဒီလောက်
ထိ ဖြစ်လာအောင် သူမ တကယ် ကြိုးစားနေတာလား ..။

တွက်ကြည့်ရင် အချိန် ဘယ်လောက်ကြာသေးလို့လဲ ..။

မျက်နှာလေးမှာ မိတ်ကပ်ပြေပြေ နှုတ်ခမ်းနီဖျော့ဖျော့ လက်လ
လေးတွေနှင့် သူမ ပြင်တတ်နေပါပြီ ..။ ပြီးတော့ မျက်တောင်ကေ
ကော့နက်နေတာလည်း လက်ရာမြောက်၏။

ဘေးကျယ်ပိုက်ထားသည့်လည်စည်းမှာ ပိုးတီလို ငါးမူးကွင်းကွေ
ထပ်ထားသည့် ပုံဆန်းနှင့် လည်ကပ်ကြိုး တစ်ကုံး ..။

ဒါက သူ အော်လိုက်လို့ ငိုသွားရှာတဲ့ ပေဖူးလွှာ ရဲ့ ပုံစံလား..

"ရပြီ .. ဖယ် .."

"ကြယ်သီး တပ်ရဦးမှာလေ .."

သူ ဖယ်ချပေမယ့် ပေဖူး က သူ့လက်ကို ပြန်တိုက်ချပြီး ကြယ်
သီးတွေ ရအောင် တပ်သည်။

ပြီးတော့ ...





"ငါ အပြင်သွားစရာ ရှိလို့နော် .. ကြာလည်း ကြာမှာမို့လို့ ..။
နင့်အတွက် နေ့လယ် အဆာပြေစားဖို့ပါ လုပ်ထားခဲ့တယ် ..။ အဲဒါ
စားပြီးမှ ဆေးသောက် သိလား .. ပြီးတော့ ငါ လာမှ ပတ်တီးဖြေတော့
နော် .."

အင်္ကျီကြယ်သီးတွေ စုံအောင်တပ်ပြီးမှ မလွှတ်သေးဘဲ ကိုင်ထား
ပြီး မော့ကြည့်၍ မှာနေသည်။

ကော်ဖီရောင်ရဲနေသော ဆံနွယ်ပျော့ပျော့လေးတွေ ပခုံးထက်မှာ
ဝဲနေသော ပေဖူး သည် ဟိုအရင်က တောသူကောင်မလေးမှ မဟုတ်
တော့ဘဲ ..။

"ငါ့ကို ဘာကြည့်နေတာလဲ ထုံး ရယ် .. နင် ငါ့ကို အနားလာတာ
မကြိုက်မှန်း ငါ သိပါပြီ ..။ ဒဏ်ရာကိုတော့ ငါ ပြုစုပါရစေ .. ငါ့ကို..
ငါ့ကို ထပ်ပြီး မောင်းမထုတ်ပါနဲ့ .."

မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ် ဖြစ်လာတာ ချက်ချင်း ..။

ပြီးတော့ မျက်ခမ်းစပ်လေးတွေ .. နှာသီးဖျားလေးတွေ ရဲချိတ်လာ
ကာ ရှိုက်သံတွေ ပါလာခဲ့၏။

ခုတင်ပဲ ဘာမှမသက်ဆိုင်တဲ့အရပ်က သူနာပြုတစ်ယောက်လို
ပေါ့ပေါ့ပါးပါးလေသံနှင့် ပြောနေခဲ့သူ ..။

သူမ ဘယ်လောက်ထိ ဟန်ဆောင်ချုပ်ထိန်းပြီး ဝင်လာခဲ့တာမှန်း
သိလိုက်ကာ ရင်ထဲမှာ လှိုက်ခနဲ ခါ၏။

ထိုပြင် ပြင်ဆင်ထားသည့် မျက်နှာလေးလှလှလေးပေါ်ကို မျက်
ရည်တွေ ဖြတ်ဆင်းလာမှာ စိုးကာ သူမ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်
၍ ...

"မော့ထား .. မော့ထားပြီး မျက်ရည်တွေ ပြန်သိမ်း .."

"ဟင်!..."

"မငိုရဘူး .."



www.burmeseclassic.com

www.burmeseclassic.com



လေဖူး ပခုံးလေး ကျုံ့ကာ သူ ဆွဲ'မ'လိုက်တဲ့အတိုင်း မော့မော့လေး ပါလာခဲ့သည်။

မျက်ဝန်းတို့ ဆုံစည်းရင်း မျက်နှာနှစ်ခုသည် အနေးဆုံး ရင်ခုန်သံတို့ဖြင့် နီးကပ်လာခဲ့သည်။

"ကျွတ်!..."

မျက်နှာတို့ ထိကပ်မလိုဖြစ်လာခဲ့လျှင် ဆက်ထုံး တင်းခနဲ အံကြိတ်ကာ မျက်နှာကို ရှောင်ပစ်လိုက်သည်။

လေဖူး ရဲ့ခါးလေးကို သိမ်းဖက်၍ ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားလိုက်ရင်း ...

ဒီအချိန်တွေမှာ ငါ့ရင်ခုန်သံတွေကို လွှတ်ပေးလိုက်ရင် အဆုံးအစမဲ့ အနမ်းတွေနဲ့ ငါ နင့်ကို ဖွင့်ပြောမိတော့မှာ ...။

ပွေ့ပိုက်ထားခြင်းသည် တင်းကျပ်လာသည့်နောက် သူ့ကျောပြင်ကို ပြန်ဖက်ရင်း လေဖူး ငိုပစ်လိုက်မိသည် ...။

ထုံး ရယ် .. နင်နဲ့ ငါ .. ဘာ့ကြောင့်လဲ ...။





## အခန်း (၃၈)

"ပတ်တီးဖြေလိုက်တာ သက်သာရဲ့လား ဟင် .."

"အင်း .."

ညည့်ခန်းမှာ တီဗွီထိုင်ကြည့်နေသည့် သူ့နား ကပ်လာခဲ့ရင်း ...

"ငါလေ မော်ဒယ်လ်တွေနဲ့ ဒင်နာလိုက်စားရင်း .. အဲဒါကလည်း အလုပ်အတွက် အရမ်း လိုအပ်လို့ပါ .. မေ က အကုန်အကျခံပြီး စီစဉ်တာလေ .."

သူမဘာသာ လာရှင်းပြနေတာပေမယ့် နားထောင်နေရင်း စိတ်ကိုတော့ အလုပ်ပေးနေခဲ့မိ၏။ မျက်လုံးက တီဗွီမှာ ရှိပေမယ့် ...

"သွားတုန်းက ငါ နေ့လယ်က ဝတ်ထားတဲ့ ဒီဇိုင်းကို မေ က ဓာတ်ပုံရိုက်ယူထားပြီး တစ်ဆင့် ပြပေးမှာရယ် .. အဲဒါ ဟိုရောက်တော့ .."

"ဘယ်သူက မေးနေလို့လဲ .. နင် ဘယ်သွားမယ်ဆိုတာလည်း ငါ သိတာ မဟုတ်ဘူး .."

"နင် သိတယ်လေ .. နင့်ကို ငါ အပြင်သွားမယ် လို့ .."



www.burmeseclassic.com

www.burmeseclassic.com



"အပြင် .. ဟုတ်တယ် ပြောတယ် ..၊ အပြင်ဆိုတာ ဘယ်ဖြစ်ဖြစ် အပြင်တွေချည်းပဲ .. တိုက်ခန်းရှေ့က ကားပါကင်လား .. ရန်ကင်း တစ်ကွက်လုံး ဘယ်ထိလဲ ..၊ ပဲခူး တည်င် အကုန်လုံး အပြင်တွေပဲလေ.. ဒီမှာ ငါက ပြောရင် ငါ့အလွန် ..၊ မော်ဒယ်ရှော်နဲ့ တွေ့လာတာလား.. ငြိမ်းချမ်းအောင် နဲ့လား .. ငါ့ကို ညာနေစရာ မလိုဘူး .. ပြော .."

"နင် ဘာတွေ စွပ်စွဲနေတာလဲ .."

"သိလို့ မေးနေတာ .. မမေးဘဲနေဖို့ပေမယ့် အနားလာပြီး လူကို ငေါ့းလို လှိမ့်နေလို့ .."

"မဟုတ်ဘူး .."

"ပေဖူး .."

"ငါ မဟုတ်ဘူး နော် .. ထုံး ကိုချမ်း နဲ့လည်း .."

"ဒီနေ့ မိုးမလင်းခင်တည်းက သူ ရောက်နေတာ .."

"အဲ့ဒါ ငါ သိတောင် မသိဘူး .."

"ဟား .. ဟား ..."

"ထုံး .. နင် ငါ့ကို အဲဒါမျိုးတွေ စွပ်စွဲပြီး အနိုင်မယူနဲ့ သိလား..၊ ကိုချမ်း နဲ့ မပြောနဲ့ .. မိတ်ဆွေသူငယ်ချင်းကိစ္စ တွေ့တာတောင် ငါ မပြောဘဲ မသွားဘူး .. မနက်ကလည်း ပြောဖို့ ဝင်လာတာ .. အဲ့ဒါ..."

သူ ဘာမှအပြောမခံဘဲ နင်ချည်းလွှတ်နေလို့ စကားတွေက လိုရင်းကို မရောက်ခဲ့ပေ ..၊

စိတ်ကောင်းလေး ဝင်ပြီး လူကို နူးနူးညံ့ညံ့ ပွေ့ပိုက်လာခဲ့တော့လည်း သူ့တစ်ဖက်တည်း ခံစားချက်နဲ့ဖြစ်ကာ .. ပြီးတော့လည်း ဘာမှ မပြောဘဲ 'နင် သွားပါတော့' တဲ့ ..၊

"တော်ပြီ .. ခုလည်း မပြောနဲ့တော့ ..၊ ကိုချမ်း က ငါ သဘောတူလို့ တွေ့ပေးခဲ့တဲ့လူပဲ .. နင့်ဘက်မှာ အခွင့်အရေး ရှိတယ် .."

"ထုံး .. အဟင့် .."





ပေဖူး ဘာမှလည်း မပြောနိုင်ဘဲ ငိုပြီး ထထွက်သွားသော သည်။ မကြာခင် မှာ ထွက်လာကာ ...

"မင်းကလည်း ဆက်ထုံး ရာ .."

"ပြောမနေနဲ့ကွာ .."

"မပြောလို့ ရမလားကွ .."

"ရတယ် .. မပြောနဲ့ .."

ဆက်ထုံး က ဒေါသမပါတော့သည့်လေသံနှင့် ပြောကာ မျက်နှာကို လက်ဝါးနဲ့ပွတ်ရင်း ဆိုဖာမှာ ပခုံးတစောင်း မှီချလိုက်၏။

စောစောက ဒေါတွေကြီးနေသည့် ဆက်ထုံး မဟုတ်တော့သလို လူက ဗုန်းဗုန်းလဲ မတတ် ..၊

"သူ ငါ့နား မကပ်အောင်လုပ်ဖို့ ဒီလမ်းပဲ ရှိတယ် .."

"ဒါဆိုရင်တော့ ဒီလမ်းမျိုးပဲ မင်း ထွင်နေရဦးမှာပဲ .. ပေဖူး လည်း ငိုချည်းပဲ ငိုနေရမှာ ..၊ ငါ ပြောရဲတယ် .. သူက မျက်ရည်ခြောက်တာနဲ့ မင်းနား ကပ်လာမှာပဲ .."

"ငါ သူ့ကို စေ့စေ့တောင် မကြည့်ရဲအောင် ဖြစ်နေပြီ .."

"ဘာ!..."

"ကျွတ်!..."

ဆက်ထုံး သူ့ကိုယ်သူ မကျေနပ်ဖြစ်နေသည့် မျက်နှာကြီးနှင့် ရှုံ့မဲ့နေကာ ...

"ငါ ရင်တွေခုန်ပြီး ဘာဖြစ်ဖြစ် နမ်းပစ်ချင်တဲ့စိတ်တွေ ဖြစ်လာတော့ .."

တိုးတိတ်သောရင်ဖွင့်သံတွေကို နားထောင်ရင်း မှာ တောင် ပါးစပ် ဟောင်းသား ဖြစ်ခဲ့၏။

"ငါ မိန်းကလေးတစ်ယောက်ကို နမ်းဖူးပါတယ် .. ဒါပေမယ့် အဲဒီလို ရင်ခုန်တာမျိုး မခံစားခဲ့ဖူးဘူး ..၊ သူ့ကို ငါ စိတ်ကူးနဲ့ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိတာတောင်မှ ပူရှိန်းပြီး လက်ဖဝါးတွေမှာ ကျဉ်ခဲလာတယ် .. ငါ ကြောက်တယ် မနု .."

"အဲဒါ အချစ်ပဲလေကွာ .."

"မဖြစ်ဘူး .."

"ဘာဖြစ်လို့လဲ .."

"သူ အများကြီး ပြောင်းလဲနေပြီ .. အဲ့ဒီ ပြောင်းလဲခြင်းတွေထဲမှာ .."

"မင်းကို ချစ်နေတဲ့စိတ်ကတော့ မပြောင်းလဲနိုင်ပါဘူးကွာ .."

"ဘာဖြစ်ဖြစ် ငါ မလေးနက်ခဲ့ဘူး .. သိပ်ပြီး တွေးတာတောတာတွေလည်း ဝါသနာမပါဘူး .. ဒါပေမယ့် အခု ငါ အဲဒါတွေ မဟုတ်တော့ဘူး ..၊ ငါ့ဘက်က ပြောင်းလဲခြင်းတွေက ငါ့အတွက် အဝါကဒ် ပြထားသလိုပဲ .. ငါ ဘာဖြစ်မလဲဆိုတာ ကိုယ့်ဘာသာ ခံစားနေမိတယ် .."

ကိုယ့်စကားကို နာကျင်စွာ ခံစားရင်း မဲ့ကာ ...

"မထင်ရဘူးနော် .. အမြဲတမ်း အတူတူရှိနေခဲ့တဲ့ အရင်းနှီးဆုံး သူငယ်ချင်းဆိုတဲ့ မိန်းကလေးကိုလေ ..."

"မင်းကိုယ်မင်း ခုမှ ပြောင်းလဲသွားတယ်လို့ ထင်နေလို့ပါကွာ.. သူနဲ့ပတ်သက်ပြီး မင်းပါးစပ်က ပြောသလောက် လက်တွေ့မှာ ဥပေက္ခာထားနိုင်ခဲ့သလား ..၊ သူ့အတွက် မင်း ပူပန်တာတွေ .. ဒေါသဖြစ်တိုင်း အော်ငေါက် ကြိမ်းမောင်းနေတာတွေ .. အဲဒါတွေက .."

"ငါ့ကို နှစ်သိမ့်မနေပါနဲ့ကွာ .."

သူ စိတ်ဓာတ်ကျဆင်းစွာ ထရပ်ရင်း လက်ထဲမှာပါလာသည့် ကျောမှီခေါင်းအုံးလေးကို ဆိုဖာပေါ် ပြန်ပစ်ချစဉ် ...

"မက်ဆေ့ချ် ထင်တယ်"

ဆိုဖာလက်တင်ပေါ်မှာ ပေဖူး ရဲ့ဖုန်းက စခရင်န် လင်းနေဆဲ..၊ သူ ကောက်ယူပြီး ဖွင့်ဖတ်လိုက်သည်။





ပေဖူး ...

မင်းတို့ ထူး နဲ့ ပြဿနာတက်ကြတာကို သူ ပြောလို့ ကိုယ် သိပြီးပြီ၊

မင်းနဲ့ ဆက်ထုံး ဘယ်လိုချိတ်ဆက်တွေနဲ့ ကိုယ်တို့ကို လှည့်စားခဲ့ကြတာလဲ ..၊

မင်းတို့ရဲ့ ဖောက်ပြန်မှုကြောင့် ထူး ကိုယ်ထိလက်ရောက်တွေ ဖြစ်ခဲ့တယ်ဆိုတာထိ သိခဲ့ရတယ် ..၊

ဒါပေမယ့် ကိုယ်ကတော့ မင်းပါးစပ်က ပြောတာကို ကြားချင်သေးတယ် .. မင်း မှန်တယ်ဆိုရင် ခု ချက်ချင်း ကိုယ့်ကို လာတွေ့ပါ ..၊

ရှိုင်ရယ်ဂါးဒင်းနံမှာ စောင့်နေမယ် .. မင်း မလာရင်လည်း ကိုယ်က ဒီအတိုင်း တိတ်တိတ်ဆိတ်ဆိတ် ပြီးသွားမှာ မဟုတ်ဘူးနော် ..

သစ္စာရှိရှိ ချစ်မယ့်သူ

"မက်ဆေ့ချ်လား .. များလှချေလားဟ .."

"ဟုတ်တယ် .. ပေဖူး ကို သွားပေးလိုက် .. ရော့ .."

"ဘာလဲ .. ငါ ဖတ်လို့ ရလား .."

"ဖတ်မနေနဲ့ .. ကိုချမ်း က ချိန်းထားတာ .."

"ဟာ .. အဲဒါ မင်းက လွှတ်မလို့လား ..၊ ဆက်ထုံး .. မင်း ပေဖူး ရဲ့သဘောကိုလည်း မေးသင့်သေးတယ် နော် .. မင်းနဲ့ ထူးတူးမြတ်ပြတ်သွားပြီဆိုတာ ပေဖူး သိတယ် .."

"အဲဒီတော့ ..."

"သူ့စိတ်ကူးတွေ ပြောင်းရင် ပြောင်းနေမှာပေါ့ .."

ဆက်ထုံး က ခပ်မှဲ့မှဲ့ ကြည့်၍ ...

"အဲဒါ သွားပေးလိုက် .. သူ ဘာလုပ်မှာလဲဆိုတာ သူ့စိတ်ကူးပဲ.."

"ပြီးရော ..၊ သူ ဆုံးဖြတ်ရင် မင်းလည်း ဆုံးဖြတ်ဖို့ ပြင်ထား.."

ပြောပြီး ထွက်လာခဲ့ပေမယ့် နေ့ က မက်ဆေ့ချ်ကို ဖွင့်ဖတ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



၏။ ပေဖူး ကို ခေါ်ပေးလိုက်တော့ သူမက လက်ကိုင်ပဝါနဲ့ နှပ်ညှစ်ရင်း တံခါးဖွင့်လာပြီး လှမ်းယူ၏။

"အဲဒီမက်ဆေ့ချ် ဖတ်လိုက်ဦး .. ကိုချမ်း ဆီက .."

"ဟင်!..."

ပေဖူး လှုပ်ရှားသွားကာ ဖုန်းကို ယူလိုက်ပြီး တံခါးပိတ်၏။ ခနှ မျက်မှောင်ကုတ်သွားမိသည်။ သူမ ထိတ်လန့်သွားတာလား ..၊ ဝမ်းသာအားရ ဖြစ်သွားတာလား..၊ ညှော်ခန်းကို သူ ပြန်ထွက်လာတော့ ထရပ်လိုက်ပြီးသည့် ဆက်ထုံး က ပြန်ထိုင်နေလျက် ...

"ပျော်သွားတယ် မို့လား .."

ဟင်!...

ခနှ အံ့သြသွား၏။ နောက်ကများ လိုက်ချောင်းကြည့်လို့လား..၊ ဒါပေမယ့် ကိုယ်တိုင်လည်း မသေချာဘဲနဲ့ ထင်ကြေးမပေးနိုင် ..၊

"မင်းကလည်းကွာ မက်ဆေ့ချ်က တမင်လာတွေ့စေချင်လို့ ခြိမ်းခြောက်တာနဲ့တောင် တူသေးတယ် .. ပြီးတော့ ခုပဲ မိုးချုပ်နေပြီ ..၊ ပေဖူး က .."

"ထုံး .."

ပြောလို့မှ မဆုံးသေးခင် ပေဖူး က ဝတ်ထားပြီးသည့် အဖြူရောင်ဂါဝန်လေးပေါ်မှာ အပေါ်ထပ်အင်္ကျီ အဝါရောင်လေး ထပ်ဝတ်ပြီး ထွက်လာ၏။

"ငါ .. ငါ ကိုချမ်း နဲ့ သွားတွေ့မှ ဖြစ်မယ် .."

မက်ဆေ့ချ်ကို ဆက်ထုံး လည်း ဖတ်ပြီးပြီလို့ တွက်ကာ ပေဖူး က တစ်ခါတည်း ခွင့်ပန်၏။

"ငါ့ကြောင့် နင့်သိက္ခာကိုပါ မထိခိုက်စေချင်လို့ပါ .. ပြီးတော့ ထူးထူးမြတ် ဘယ်လောက်ထိ ပြောထားလဲဆိုတာ ငါ သိချင်တယ် ..၊ ငါတို့ မရှင်းဘဲ ဒီတိုင်း ငြိမ်နေလို့ မဖြစ်ဘူး .."





"ပေဖူး .. အဲ့ဒါ နင် ဒီအချိန်ကြီး .."

"ရတယ် ခနှ .. ခုမှ ခုနစ်နာရီပဲ ရှိသေးတယ် ..၊ မနက်ကျရင် ဘာဖြစ်လာမလဲဆိုတာ တစ်ညလုံး ငုတ်တုတ်ထိုင်ပြီး တွေးမနေချင်ဘူး"

ပြောပြီးတာနှင့် ဆလင်းဘက်ခ်ကို ထပ်ဆွဲတင်ကာ ချက်ချင်း ထွက်လာခဲ့မိသည်။

ဆက်ထုံး ရော ခနှ ပါ မျက်နှာတွေ မကောင်းတာကို သိပေမယ့်...

"ပေဖူး... နင် နားထောင်နေတာလား... ငါ့ကို စကားပြန်ပြောခဲ့ ..."

"ဟား .. ဟား .. ဟား ... သိပ်ဟုတ်တာပေါ့ ပေဖူး ရယ် .. ငါ ယ်ပယ်နယ်နယ်ကို ပြောထားတာ ..၊ နင်တို့ကို အိပ်ခန်းထဲမှာ တ်မထိန်းနိုင်တာနဲ့ ဓားနဲ့ ထိုးလိုက်မိတယ်လို့ .."

"သူကတော့ မယုံသေးပါဘူး .. နင်နဲ့တွေ့ပြီးမှ ယုံမယ် တဲ့ .. ပေမယ့် ငါက ဂရုမစိုက်ပါဘူး .. ကိုချမ်း နာမည် ပါနေလို့ သူ င်းဦးမယ်ဆိုတာကို စောင့်နေတာ .. နင်သာ ဆက်ထုံး နဲ့ အိုခေပြီဆိုပြီး ါကို မရှင်းတော့ဘဲနေလို့ကတော့ နင်တို့အကြောင်းကိုလေ အင်တာ က်ပေါ်မှာ ဖွပစ်လိုက်မယ် .."

"ကိုချမ်း ကို ဖယ်ထားပြီးမှ နင်တို့နှစ်ယောက်အကြောင်းကိုပဲ မှာ .. ဟုတ်တာတွေရော မဟုတ်တာတွေရောပေါ့ ..၊ နင်တို့ ဘယ် ူတော့မှ တိုးလို့ မရတော့အောင်" တဲ့ ..။

ထူး ပြောသွားသည့်စကားတွေကို တွေးရင် တကွစီ တား၍ ကား ါမှာထိုင်လိုက်မိတဲ့အထိ စိတ်နဲ့ လူက မကပ်ဘဲ ရင်တွေပါ တုန်နေ၏။

ခနှ ဖုန်းလာပေးလို့ မက်ဆေ့ချ် ဖွင့်ဖတ်နေတုန်းမှာ ထူး ရဲ့ ဖုန်း င်လာခဲ့တာ ဖြစ်သည်။ ဖုန်းခေါ်ချိန်နဲ့ မက်ဆေ့ချ် ရောက်တဲ့အချိန် ာလည်း သိပ်မကွာ ..၊

ပြောကြတာကလည်း ဒီအကြောင်းအရာမို့ သူတို့ တွေ့ပြီးကြတာ ား ..၊ ဒါမှမဟုတ် အခု အတူတူ ရှိနေကြတာလား ..။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ဒါကလည်း အရေးမပါသေးပေ ..।

ကြောက်စရာကောင်းတာက ထူးထူးမြတ် ရဲ့ပါးစပ်က ထင်သလို လျှောက်ပြောနေမည့် မဟုတ်တမ်းတရားစကားတွေပဲ ဖြစ်သည်။

သူမ ပြောသွားတာတွေ အပိုမဟုတ်နိုင်မှန်း မေဖူး သိသည်။ ဖုန်းထဲမှာ ပြောတာတွေထက် အများကြီး ပိုဆိုးတာတွေ ပြောဖို့လည်း သူမ ပါးစပ်က ဝန်လေးမှာ မဟုတ် ..।

ဒါကို ဒီည သွားရှင်းမှ ဖြစ်မည်။

ကိုချမ်း အထင်မြင်လွဲမှာထက် ထုံး ရဲ့ ဒေါသကြီးတတ်ပုံနဲ့ ကိုယ့်ရဲ့သိက္ခာအတွက် သူမ ဒီည ထွက်မလာလို့ မဖြစ် ..।

ဒါကို သူမ ခြေလှမ်းပျက်နေပြီလို့ ထုံး နဲ့ မနု တို့ ထင်ကျွန်ခဲ့လိမ့်မည် ..। ပြန်သွားလျှင် ရှင်းရမည့်ပြဿနာကလည်း သေးသေးကွေးကွေး မဟုတ်နိုင် ..।

သူမအဖြစ်က ဘာနဲ့ တူနေသလဲ ..।

'ရှေ့တိုးတော့ ထမ်းပိုး .. နောက်ဆုတ်တော့ လှည်းတုတ် ..'

ဒါမှမဟုတ်လျှင် ...

"ရှေ့မှာ တင်းပုတ် .. နောက်မှာ ခလုတ်' ဆိုတာမျိုးလား ..।

မျက်ရည်တွေ ပြည့်လာလိုက် .. ဆံပင်တွေသပ်၍ မျက်နှာမော့လိုက် .. မျက်တောင်တွေ ခတ်လိုက် ..।

အဲ့ဒါ ငါပဲ ထုံး ရယ် ..।

မေဖူးလွှာ ဆိုတဲ့ မိန်းမ ..।





အခန်း (၃၉)

"ဆက်ထုံး .."

သူ ထရပ်လိုက်တာနှင့် မနု က ခေါ်ကာ သူ့နား ရောက်လာ၏။

"မိန်းကလေးတစ်ယောက် မဟုတ်တမ်းတရား အပြောခံရတော့ ရှက်မှာပေါ့ကွ .. အဲ့ဒါကို ရှင်းဖို့ .."

"ဘာကြောင့်သွားသွား ငါ သူ့ကို မတားဘူးလို့ ဆုံးဖြတ်ပြီးသား .."

သူမ ထွက်လာတာ မြင်လိုက်တည်းက ရင်ခွင်တစ်ခုလုံးက ဟင်း ...င်းပွင့်သွားသလိုပါ ..।

သူမ တစ်စုံတစ်ခုကို ပြတ်သားစွာ ရွေးချယ်လိုက်ပြီဆိုသည့် အသိ ...က တစ်ကိုယ်လုံးကို အမှန်ကြိတ်စက်ထဲ ထည့်ခံလိုက်တာနဲ့ တူ ...လား ..।

ဘယ်လို ဝေဒနာဆိုးလဲ ..।

'နင် ငါ ခွင့်မပြုဘဲ သွားခွင့်မရှိဘူး .. ခု ပြန်ဝင်စမ်း' ဆိုတဲ့ အမိန့် ...သူ မပေးနိုင်တော့ပါ ..।



www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်ကလို သူမ ပက်ခနဲ ပြန်ပြောပြီး ရန်တွေ့မှာလား..၊ ဒါမှ မဟုတ် ငိုရင်း နပ်သုတ်ရင်းနဲ့ သွားပါရစေလို့ တောင်းပန်မှာလား ..

သေချာတာက သူ ဘာကိုမှ ကြားနိုင်စွမ်း မရှိ ..၊ သူ့ရင်ဘတ်ထဲမှာ ဘာတွေဖြစ်နေပါသလဲ ..၊

'ချစ်ပါရစေ .. လက်ထပ်ပါရစေ'လို့ တစာစာ တောင်းဆိုနေတတ်ခဲ့သည့် သူမက ခုတော့ သူ့အဖြစ်ကို 'သနားပါတယ်'ပြောပြီး ရှောင်ရယ်နိုင်ခဲ့ပြီ ..၊

ရှက်လည်း ရှက်မိပါ၏၊ ရှက်ပေမယ့်လည်း လူတွေလည်း သိကုန်ပါပြီ ..၊

မငိုတတ်ပေမယ့် မနေတတ်သည့်မျက်နှာကို ဘယ်မှာ ပြေးဝှက်ရမှန်း မသိအောင် နေရခက်နေတာက လူကို ပို၍ အဖြစ်ဆိုးစေ၏။

ခုလောက်ဆို သူမကတော့ ကိုယ်နဲ့ ရိုးသားပါသည့်အကြောင်းတွေကို ရင်ဖွင့်ပြောပြဖို့အတွက် အမောတကော ကြိုးစားနေလိမ့်မည်။

သူ ခန့်မှန်းတဲ့အတိုင်း မဟုတ်ခဲ့ဘဲ ပေဖူး အဖြစ်ဆိုးနေတာကို ညအမှောင်ထုက ဖုံးကွယ်ထားသဖြင့် ဘယ်သူမှ မသိနိုင် ..၊

"အား!... ကျွတ် .. ကျွတ်!..."

"ဆင်း .. ဆင်းစမ်း .."

"အား!..."

ကိုယ့်ကိုယ်ကိုယ် သတိမလစ်အောင် ထိန်းရင်း ထူး ရဲ့ အကြမ်းပတမ်း တွန်းထိုးဆွဲခေါ်ရာအတိုင်း ပေဖူး ဒရွတ်တိုက် ပါသွားခဲ့၏။

သူမ ဘယ်ကိုမှ မသွားရသေးဘဲ ကားပေါ်ကဆင်းပြီး ပလက်ဖောင်းအတိုင်း လျှောက်လာတုန်းပဲ ရှိသေးသည်။

"ဒုတ် .."

"အား!..."

နောက်က ပြေးကပ်လာတာကို သိလိုက်သဖြင့် ရှောင်တော့ ရှောင်





လိုက်သေးတာမို့ ရိုက်ချက်က အနည်းငယ် [illegible] သွားကာ ပုံလဲသွားပေမယ့် သတိတော့ မလစ်သေး ..၊

"မိန်းမ .. နင် မေ့မြောမသွားနဲ့ နော် .. [illegible] ငါ [illegible] နိုင်ဘူး..၊ လာစမ်း .."

ထူးထူးမြတ် အသံကို ကြားသည်။ ကိုချမ်း ငါ [illegible] တွေးမိသော်လည်း ပေဖူး ခေါင်းမထူနိုင်ခဲ့ပေ ..၊

ကိုယ့်ကို မကောင်းတာ တစ်ခုခု ကြံစည်နေပြီကို [illegible] တော့ပြန်နိုင် .. မရှောင်တိမ်းနိုင်ခဲ့ဘဲ ...

"ထူးထူးမြတ် .. ငါ .. ငါ့ကို မထားခဲ့ပါနဲ့ .."

"မထားခဲ့ပါဘူး .. နင့် တစ်ယောက်တည်း ရက်ရက်စက်စက် ဘယ်ထားပါ့မလဲ .."

"ချောက် .."

"ဟင်!... ထူးထူးမြတ် .. ထူးထူးမြတ် ဘာလုပ်တာလဲ ... နင် ဘယ်မှာလဲ .."

အခန်းတစ်ခုဆိုတာ သိလိုက်သည့်အချိန်မှာ မှောင်အတိ ကျသွားခဲ့ချေ့ ...

"ဟလို .. ကိုချမ်း လား .. နောက်ကျရင်တော့ မရဘူး နော် .. ဒီက အပြစ်ရှိတဲ့လူမို့လို့ ပြန်ကူညီပေးတာ .."

"ဂျိမ်း .."

ဖုန်းပြောနေရင်း အပြင်ကို ထွက်သွား၍ တံခါးပိတ်လိုက်သံပါ ကြားလိုက်ရ၏။ ပြီးတော့ ...

"အာ .. ဒါတော့ ကိုချမ်း သဘောပဲလေ .. သုံးယောက်တောင်မှ ဘား ..၊ ယူက ဒါမျိုးကတော့ အသည်းမာတယ် နော် .."

ပေဖူး အပြင်ကအသံကို နားစွင့်ရင်း ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုချမ်း နဲ့ ထူး ဘာတွေ အချိန်းအချက် လုပ်နေကြတာလဲ ...

ဘုရား!... ဘုရား ...၊

သူမ ဘဝပျက်ရတော့မည် ...၊ ကိုချမ်း အဲဒီလောက်ထိ တ
ကြံစည်ခဲ့တာဆိုလျှင် သူမအတွက် လွတ်မြောက်ခွင့်ဆိုတာ ဘယ်
မရှိနိုင်တော့ပေ ...၊

မလုပ်ပါနဲ့ ...၊ ထူးထူးမြတ် မသွားရဘူး ...၊

ခေါင်းကဒဏ်ရာ သွေးတွေကျနေတာကိုလည်း သတိမထား
တော့ဘဲ တံခါးရှိရာကို လေးဖက်တွားသွားမိ၏။

"ဒိုး ... ဒိုး ..."

"ထူးထူးမြတ် ... ထူးထူးမြတ် ... ငါ့ကို သနားပါ ...၊ မိန်းမသား
စာနာပါဟယ် ... ငါ ... ငါ တောင်းပန်ပါတယ် ...၊ ငါ့ကို နင် ကြိုက်
နိုင်းပါ ... ဒီလိုတော့ မနှိပ်စက်ပါနဲ့ ... ငါ့ကို ကြိုက်သလို နှိပ်စက်
ပါ ...၊ ထူးထူးမြတ် ..."

"ဒုန်း ..."

တံခါးရှေ့မှာ သူမ ရှိနေသည်မို့ ပေဖူး ရဲ့ တံခါးကိုထု၍ လူး
ငိုကြွေးရင်း တောင်းပန်နေသံတွေကို ဒီတိုင်း ကြားနေရသည်။

ကျေနပ်အားရလွန်းကာ တံခါးနားက ခွာ၍ အသံမထွက်အော
ရယ်နေရတာ မျက်နှာသည် မော့သွားလိုက် ... ရှေ့ငိုက်သွားလိုက် ...

ပြီးတော့ ခါးထောက်၍ ဗိုက်ကိုပါ ဖိထားရသေးသည် ...၊ အ
သည်းလှိုက် ရယ်ချင်နေတာ မဟုတ်ဘဲနှင့် ဒေါသနှင့် အောင်နိုင်ခြင်း
လူကို ကျေနပ်မှုတွေ ပေးနေခဲ့၏။

ထိုနေရာမှ တစ်လှမ်းချင်းခွာခဲ့ရင်း ကားနားကိုရောက်မှ ဖုန်
သေချာထောင်ကြည့်ပြီးမှ ကားသောမှာ မီးရပ်လိုက်သည်။ ပြီးမှ —

"ဟလို ... ကိုချမ်း ..."

"... ... ... ..."





"ကိုချမ်း ကလည်း အဲလိုတော့ မပြောနဲ့လေ ... အဟွန်း... ဟွန်း..."

"... ... ... ..."

"လက်ဆောင်ပြန်ပေးတယ်လို့ သဘောထားပြီး လာယူ နော် ...၊
ဒါပဲ ... မကြည်မလင်နဲ့ လာရင်တော့ မပေးတော့ဘူး ..."

"... ... ... ..."

"အဟွန်း ... အဟွန်း ... ဆောရီးပါ ဆိုမှ ..."

ရယ်ပြီးရင်း ရယ်နေသည့် ကိုယ့်ရဲ့ ချိတ်ဆက်အောင်မြင်မှုတွေ
အတိုင်း ထူး ကျေနပ်အားရလို့ မဆုံး ...၊

သူမ ရယ်သံတွေ မပြီးဆုံးခင် နောက်ထပ် တစ်နေရာကို ထပ်ခေါ
၍ ...

"အေး ... ခုချက်ချင်း ရောက်အောင် လာကြတော့ ...၊ သုံးမိနစ်
အတွင်း ..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

"လာစမ်းပါကွာ .. ပြန်ထိုင်စမ်းပါ မင်းကလည်း .. ဒီမက်ဆေ့ချ်က ခြိမ်းခြောက်ထားတာကြီးပါ .. မင်းက တစ်မျိုးတွေးနေပေမယ့် ငါ့စိတ်ထဲမှာ ပေဖူး လာအောင်လို့ တမင်တကာများ .."

"မနု .."

"ဟင် .."

ဆက်ထုံး က သူ့ဘက်ကို လှည့်ရပ်ပြီး ဆွဲထားသည့်လက်ကို ခါချပစ်သည်။

"သူနဲ့ ငါ့ကို မသင်္ကာလို့ ဒေါကန်နေတဲ့စကားတွေလေ ..၊ မင်းသေချာ ဖတ်လိုက်ရဲ့သားနဲ့ ခုချိန်ထိ ဘာဖြစ်လို့ နားမလည်တာလဲ .. သူ အဲဒီလို အထင်မခံနိုင်လို့ အချိန်အခါကိုတောင် ဂရုမစိုက်ဘဲ ထသွားတာ .."

ဆက်ထုံး မျက်နှာ သွေးအေးခက်ထန်မှုတွေ တဖြည်းဖြည်း ပိုတိုးလာခဲ့လျက် ...





"ယောက်ျားတစ်ယောက်က တခြားလူတစ်ယောက်ရဲ့ အသေအချာကြားတာနဲ့ ဒီလို ရုပ်ပျက်ဆင်းပျက် ပေါက်ကွဲတယ်ဆိုတာ အထူးသဖြင့် မိန်းမတစ်ယောက်ဆီက ဒီလိုစကားမျိုး .."

"ဒါကကွာ ဘယ်လိုစကားတွေပြောပြီး ယောက်ျားတစ်ယောက်ရဲ့ဒေါသတွေကို တူးဆွလိုက်သလဲမှ မသိတာ .."

"အဲဒီထိ တွေးပေးဖို့ ငါ စိတ်မဝင်စားဘူး မနု .. ထူး နဲ့ ကိုချမ်း ဘာတွေပြောဖြစ်ခဲ့သလဲဆိုတာထက် ကိုချမ်း အပေါ်မှာ ပေဖူး ဘယ်လောက်ထိ .."

"အဲ့ဒါ မင်းထက် ပိုမယ်ဆိုတာတော့ မဖြစ်နိုင်ဘူး ဆက်ထုံး ..၊ မင်းကွာ .. ပေဖူး ကို နားလည်ဖို့ ကြိုးစားစမ်းပါ .."

"မိန်းမတစ်ယောက်ကို မင်း ချစ်တတ်လာတဲ့အခါကျမှ ဒီလို အဖြစ်တွေ ကြုံလာတဲ့အခါ နားလည်မှုတွေနဲ့ အိမ်ကနေ အေးဆေး ငုတ်တုတ်ထိုင်စောင့်နေနိုင်အောင် ကြိုးစား .."

ပြောသည့်စကားသံကိုက နာကျင်မှုတို့နှင့် လှိုင်းထန်နေကာ မနု ရှေ့ကနေ လှည့်ထွက်လာခဲ့သည်။

"ဆက်ထုံး .. ဟော့ကောင် ဘာလဲကွာ ..၊ မင်းက ဘယ်ကိုလဲ .."

ဆက်ထုံး က ပြန်လှည့်မကြည့်ဘဲ ...

"ငါ ညဥ့်နက်တဲ့အထိ ပြန်မလာရင် စောင့်မနေနဲ့ ..၊ တံခါးပိတ်ထားလိုက် .."

"ဟာ!... မင်း .."

ဒီကောင် ဘားတွေဘာတွေ ဝင်ပြီး မော့နေရင် မလွယ် ..၊

ထိုစဉ် ဖုန်းသံကြားလိုက်သဖြင့် မနု ဝမ်းသာအားရ ဖြစ်သွား၏။ သူ ထင်သည့်အတိုင်း ဆက်ထုံး ခြေလှမ်းတုံ့သွားကာ အိတ်ထဲကို နှိုက်လိုက်လျှင် ...

"ဘယ်က ဖုန်းလဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဆက်ထုံး ဆောကို သူ ရောက်သွားပြီး ဖုန်းကို ငုံ့ကြည့်သည်။ ထိုအချိန်မှာ ရာဇ က ကားသော့ကိုင်ရင်း ရှေ့က ဝင်လာကာ ...

"ဘယ်သူ့ဖုန်းကို မျှော်နေကြတာလဲ .."

သူ မေးပေမယ့် ဘယ်သူကမှ မဖြေဘဲ ခနှ ကလည်း ဖုန်းကိုပဲ သဲမဲကာ ...

"unknow ကွ .. ဘယ်သူလဲ မသိဘူး ...၊ ကိုင်လိုက်ပါကွာ .."

ဆက်ထုံး က အကြာကြီး ကြည့်နေပြီးမှ ကိုင်၏။

"ဟလို .."

"ဆက်ထုံး ငါပါကွာ ...၊ ပေဖူး .."

"သူ လာနေပြီထင်တယ် .. မရောက်သေးရင် သူ့ဆီ ခေါ်ပေါ့.."

"ဘယ်လို!... မင်း ဘာပြောလိုက်တာလဲ .."

ကျွတ်!...

ကိုယ့်ဘာသာ ခံစားချက်တွေနဲ့ နင့်နေတာကိုလည်း လူသိမခံချင်... ဖုန်းကိုပယ်၍ 'ကျွတ်' ခနဲ ညည်းမိရင်း ...၊ ပြီးမှ ...

"ကိုချမ်း ဒီမှာ .."

"ဩော် .. တော်သေးတာပေါ့ .. လိုင်းကျသွားတာလားလို့ ...၊ ငါ ပေဖူး ရဲ့ဖုန်းကို အရင်ခေါ်တာ .. ငါ ခေါ်လို့ မရဘူး .."

ဆက်ထုံး နားထောင်ရင်း မျက်မှောင်ကုတ်သွားသည်။

"ရန်ကုန်ကို မနက်ကိုးနာရီတည်းက ရောက်တာကွာ .. အဲဒါ အလုပ်တွေရှုပ်နေပြီး ဖုန်းတောင် မဆက်နိုင်ခဲ့ဘူး .. ဖုန်းဆက်ဖို့ သတိရတော့ ငါ့ညီ့သည်တစ်ယောက်က ရုံရိုက်ရောဂါသည်ကွာ .. သူ့ရောဂါ ဖောက်လာပြီး ဆေးရုံပြေးတင်ရပြန်ရော .. ဒါပေမယ့် ထူးထူးမြတ် နဲ့တော့ တွေ့ဖြစ်လိုက်တယ် .. အရေးကြီးပြောစရာရှိတယ် ဆိုလို့ပါ .."

ဆက်ထုံး အကြည့်တွေ ခနှ ဆီ ရောက်သွားကာ ရာဇ ကလည်း အနားမှာရှိနေသဖြင့် စပီကာဖွင့်လိုက်၏။





"ဆက်ထုံး .. မင်း နားထောင်နေလား .."

"အင်း .. ပြောပါ .."

"အိုခေ .."

ငြိမ်းချမ်းအောင် က ဆက်ထုံး အသံကြားမှ ကျေနပ်သွားပုံ ပေါ်ကာ ...

"ပေဖူး ဆီကို ဖုန်းဆက်တာပေမယ့် အခု သူ့ဆီ ခေါ်မရလို့ မဟုတ်ပါဘူး .. သူနဲ့ပြောဖြစ်ရင်လည်း ငါ မင်းဆီ ခေါ်မှာပဲ ...၊ ထူးထူး မြတ် ဆီမှာ ငါ့ဖုန်း ပါသွားတယ် .."

"ဘာ!..."

"ဟာ!... ဆက်ထုံး လုံးဝ ရှောခ်မရှိဘူး နော် .. အဲဒီလို ပြောဆို မကောင်းတာတွေ ဖြစ်လာမှာစိုးလို့ ငါက ဦးအောင် ဆက်ပြောတာ..၊ ငါ့ဖုန်း သူ့ဆီမှာရှိရခြင်းက ငါ့ဖုန်းကို သူ့ဖုန်းနဲ့မှားပြီး သူက ကောက်သွားတာ .. ငါက ကိုယ့်ဖုန်းကို သတိမရတဲ့သူ .. ဒါပဲ .."

ခနှ နဲ့ ဆက်ထုံး တို့ နားထောင်ရင်း မျက်နှာတွေပျက်နေကြတာကို ရာဇ က ဘာတွေဖြစ်နေကြတာလဲဆိုသည့်အကြည့်နှင့် အသံတိတ် မေးဆတ်မေး၏။

ဆက်ထုံး က ဘာကိုမှ စိတ်ဝင်စားပုံမရှိဘဲ မျက်နှာကြီးတစ်ခုလုံး စိုးရိမ်မှတ်နှင့် ပျက်ကျနေကာ ခနှ ကလည်း လက်ကာသည်။

"သူက အရေးကြီးတာပြောဖို့ရှိတယ်ဆိုလို့ ဆေးရုံရှေ့နားက ကန်တင်းမှာပဲ ထိုင်ဖြစ်တာပါ .."

ဆက်ထုံး တစ်ခုခု မေးမည်ထင်ကာ ငြိမ်းချမ်းအောင် စကားရပ်ပြီး ခဏကြာအောင်တော့ စောင့်တတ်ပေမယ့် သူပဲ ဆက်ပြောသွားခဲ့ပြီး...

"မင်းနဲ့ အဆင်မပြေ ဖြစ်ထားကြတာလား .. မဖြေနိုင်ရင် မဖြေပါ နဲ့ ...၊ ငါလည်း နားထောင်နေရပေမယ့် မင်းတို့နှစ်ယောက်ကြားမှာ ဆိုးသည် ကောင်းသည် ဘာမှမပြောခဲ့ဘူး .. အဲဒီထဲက ပေါ်လာကာမှ



www.burmeseclassic.com

www.burmeseclassic.com



ပေဖူး ဆီက သိချင်တာလေးရှိတာနဲ့ ဖုန်းကို ရှာမိတော့ ဖုန်း မရှိတော့ဘူး .. အဲဒါလည်း ဘယ်မှာကျန်ခဲ့မှန်း စဉ်းစားလို့ကို မရပါဘူးကွာ .. သူ့ဘာသာ ဖုန်းဆက်ပြောမှပဲ ငါ့ဖုန်း သူ့ဆီမှာမှန်း သိတာ .."

"ကိုချမ်း .."

"ဟော .. ပြောလေ .."

"ပေဖူး ဆီ ဖုန်းမဆက်ဖြစ်ဘူးပေါ့ .."

"အေး .. ဟုတ်တယ် .. ငါ တကယ်ကို ဗျာများနေလို့ပါကွာ ... အဲ့ဒါကိုလည်း ..."

"မက်ဆေ့ချ်တွေ ဘာတွေ ပို့မိသေးလား .."

ငြိမ်းချမ်းအောင် တိတ်ကျသွားသည်။ ပြီးမှ သူ့ကိုယ်သူ အပြစ်ရှိနေသလို လေသံနှင့် ...

"ဆောရီးပါ ညီလေး ရာ .. ဖုန်းဆက်ဖို့တောင် မေ့ရသလားလို့ မင်း ပြောရင်လည်း ခံရတော့မှာပဲ .."

"တောက်!..."

"ဟာ!... ဆက်ထုံး .. ငါ တကယ် အပြစ်ရှိသွားရင် တောင်းပန်.."

"မဟုတ်ဘူး ကိုချမ်း .. ပြဿနာ ကြီးကြီးတက်ပြီ .."

"ဟင်!..."

"ကိုချမ်း ရဲ့ဖုန်း သူ့ဆီမှာ ဘယ်အချိန်တည်းကလဲ .."

"နေ့လယ်တည်းကပဲ .."

"အဲ့ဒါ အခုပဲ ဖုန်းလိုချင်တယ် .. ဘယ်မှာယူရမလဲ ပြန်မေးပေးစမ်းပါ .. ပေဖူး ကို သူ ခေါ်ထုတ်သွားတယ် .."

"ဘာ!..."

ဖုန်းကိုင်ရင်း ဆက်ထုံး ပြေးထွက်သွားတော့ မနု ပါ ပြေးလိုက်၏။ ရာဇ က ပြေးတော့ လိုက်လာပေမယ့် မနု လက်ကိုဆွဲကာ ကားသော့ ထည့်ပေးကာ ...





"ငါ အိမ်စောင့်နေမယ် .."

ပြော၍ ကျန်ရစ်ခဲ့၏။

သူတို့ ပြောရင်း ပြေးနေကြတာဖြစ်ကာ ...

"ဗျာ .. မကြားရဘူး .. ကားစက်နှိုးနေလို့ .."

"သူက လာယူဖို့ ပြောနေတာကွ .. ငါက ညဘက်ကြီး မသွားချင်လို့ .. ဘာတွေဖြစ်ကုန်ကြတာလဲကွာ ... ငါ ပြောပြမယ် .. သေချာ မှတ်ထားဦး .."

နေရာ သိရသည်နှင့် ငြိမ်းချမ်းအောင် ပြောနေသေးတာကို ဂရုမစိုက်နိုင်အဲ ဖုန်းကို ပိတ်ပစ်လိုက်ပြီး ...

"မနု .. အင်းယားလမ်းဘက်ကို မောင်း .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၁)

"ဟင်!..."

ကော်ဖီဆိုင်၏ ရှေ့ဆုံးကခုံမှာ ထိုင်စောင့်နေတာမို့ ကားဝင်လာတာကိုရော ဆက်ထုံး နဲ့ မနု တို့ ပြေးဆင်းလာတာကိုပါ မြင်လိုက်ကာ...

"ဆက် .."

ထူး ကယောင်ကတမ်း ထရပ်လိုက်မိ၏။ ပြီးတော့ ဆိုင်၏ ဆား တံခါးကနေ ကတိုက်ကရိုက် ပြေးဆင်းခဲ့၏။

"ဟိုမှာ ထူးထူးမြတ် .. ပြေးပြီ .. ပြေးပြီဟ .."

"မင်း ဟိုဘက်က လိုက် .."

"အေး .. မလွှတ်စေနဲ့နော် .. တော်တော် အောက်တန်းကျတဲ့ မိန်းမ .."

မနု မှောင်ရိပ်ဘက်ထဲ ပြေးဝင်ခဲ့ရင်း စိုးရိမ်စိတ်နှင့် ဒေါသကြောင့် အသံကို မထိန်းဘဲ အော်ပြောလိုက်မိ၏။

ထိုအချိန်မှာ ပေဖူး အမှောင်ကို ထိတ်လန့်ကာ တံခါးကိုထုရိုက်ရင်း လက်တွေ အံ့သေလာခဲ့သည်။ ထူးထူးမြတ် ကို ခေါ်နေရင်း အသံတွေလည်း ပြာ၏။





ဒါပေမယ့် ဒီ့ထက်ဆိုးဝါးသော ဘဝပျက်ရမည့်ဒုက္ခဆိုးကြီးတစ်ခု မကြာခင် ရောက်လာတော့မည်ကို သူမ မသိခဲ့ပေ ..၊

"ကလစ် .."

ဟင်!...

တံခါးဖွင့်လိုက်သံ ကြားသည်နှင့် ထူး ပြန်ရောက်လာသည်ထင်ကာ တံခါးနားကနေ ကမန်းကတန်း ဆုတ်လိုက်မိ၏။ သို့သော် ...

"ဟင်!... ရှင် .. ရှင်တို့ ..."

"ဟား .. ရှယ်လေးဟ .."

"ဟား .. ဟား .. ဟား ..."

"ဟိတ်ကောင် .. မီးပြန်ပိတ်လိုက်စမ်းပါ .."

"ဘာလဲကွ .. အခွင့်အရေး အပြည့် ရထားတာ .. ဘာကို နိုးချောင်းနိုးဝှက်လုပ်စရာ လိုလို့လဲ .."

မီးရောင်အောက်မှာ ယောကျာ်းသုံးယောက်သည် အကျည်းတန်ရုပ်ဆိုးလွန်းသော ယုတ်မာသည့်မျက်နှာကြီးတွေမှာ သွားအဖြီးသားနှင့်—

"ငါတော့ ဘာမှ မသောက်နိုင်တော့ဘူး .."

"သိပါတယ် .. မင်းအကြောင်း .."

"သိမနေနဲ့ ချက်ဖောင်း .. သုံးမိနစ်အတွင်းလို့ ပြောထားတာနော် .. အခု ငါတို့ ဆယ်မိနစ်ကြာမှရောက်တာ .. ဘာတွေတိုင်ပင်ကိုက်ထားတာလဲ မသိဘူး .. ရေခဲတွေ အမြည်းတွေနဲ့ အကျအန စည်းစိမ်ယစ်မနေနဲ့"

"ဟကောင်ရ .. ဒါမျိုးကို ပြီးစလွယ်သဘောထားလိုက်ရင် နမြောစရာကြီး ဖြစ်သွားမှာပေါ့ .. ကိုယ့်လက်ထဲ ရောက်လာရင် ကိုယ့်ပစ္စည်းပဲ .."

"ဟုတ်တယ် .. တံခါးပိတ်လိုက် ..၊ ဒါ ကိုယ့်အခွင့်အရေး .."

"ဘာလုပ်တာလဲ .. ရှေ့မတိုးနဲ့ နော် .."



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း .."

"ဗွမ် .."

"ဟ .. ပစ်တယ် ကြည့်စမ်း .."

ပေဖူး အရိုက်ခံထားရသဖြင့် မူးနောက်နွမ်းနယ်နေတာတွေ ဘာမှ မရှိတော့ဘဲ အခန်းထဲမှာ လှည့်ပတ်ပြေးသည်။

ပြီးတော့ တွေ့သမျှ လက်လှမ်းမီသမျှ ပစ္စည်းအကြီးအငယ်တွေနှင့် ဆွဲလွှဲပစ်ပေါက်၏။ တစ်ခန်းလုံးသည် ပြေးလွှား လဲပြိုသံတို့နှင့် ဆူညံသွားကာ ...

"အား!..."

"ဟား .. ဟား .. ဟား ..."

"ချစ်စရာလေးကွာ .. လတ်လတ်ဆတ်ဆတ်လေး .."

"ဟီး .. ဟီး .. ကုသိုလ်မရပေမယ့် ဝမ်းတော့ ဝမှာပဲ .."

"ဟုတ်တယ်.. ဒါကမှ အဆိပ်အတောက်ကင်းတဲ့ ငါတို့အတွက်.."

"ဖြန်း .."

"အား!..."

"ကြည့်စမ်း .. ငနာမလေး လက်သွက်နေတာ .."

"လွှတ် .. အား!..."

ပေဖူး ဝတ်ထားသည့် အပေါ်ထပ်အကျီလေး ကိုယ်မှာ မရှိတော့ပေ ..၊

ဘဝပျက်ပြီဆိုသည့် တုန်လှုပ်ခြင်းကြောင့် ပေဖူး ကိုယ့်ခေါင်းကို လက်တွေနဲ့ ဖက်ကွယ်ကာ ရူးရူးဝါးဝါး အော်ပစ်လိုက်၏။

"သွား .. သွားကြ .. ဘီလူးတွေ .. တိရစ္ဆာန်တွေ .. ထုံး ရေ .. ကယ်ပါဦး .. ထူးထူးမြတ် ငါ့ကို လာခေါ်ပါ .. ငါ ရှိခိုးပါတယ် ..၊ ကယ်ကြပါဦး .."

"ဒုန်း ..."





"ဟာ!..."

"ဒုန်း .. ဝုန်း ..."

"ဟေ့ကောင် .. အပြင်မှာ ဘာဖြစ်တာလဲ .."

ပေဖူး ကို အမဲဖျက်သလို အတင်းဆွဲလွဲကာ ဖျက်ဆီးဖို့ ကြိုးစားနေကြသည့် သုံးယောက်စလုံး အပြင်ကထုနှက်နေသည့် အခန်းတံခါးဆီ အာရုံတွေ ရောက်ကုန်ကြ၏။

"ဒုန်း .."

"ဝုန်း .."

ဆက်တိုက် ထုနှက်နေခြင်းမှ တံခါးရွက်က ဝုန်းခနဲ ဆောင့်ပွင့်သွား၏။

အခန်းထဲမြင်ကွင်းကြောင့် ဆက်ထုံး မျက်လုံးတွေပါ ပြာ၏။ အခင်းအကျင်းမဲ့သော ခုတင်ကြီးပေါ်မှာ ပေဖူး သည် နံရံထောင့်မှာ ဒူးနှစ်လုံးကြား မျက်နှာကပ်၍ ပုစွန်တုပ်ကွေးလို ...၊

"တောက်!... ခွေးသူတောင်းစားတွေ .."

"ဘုန်း .."

"အား!..."

"သေစမ်း .. ရော့ .."

"ချ .. အဲဒီကောင်တွေကို မသေရုံချပြီး ထောင်ချပစ်မယ် .."

အပေါ်ပိုင်းအကျီတွေ မပါဘဲ ကျားကောင်းမောင်းသန်ယောကျ်ားကြီးတွေကိုကြည့်ကာ ဆက်ထုံး ရဲ့ဒေါသက မုန်တိုင်းမွှေတဲ့အတိုင်း...၊

"ဟိတ်ကောင် .. ငါတို့က သူများ ပိုက်ဆံပေးခိုင်းလို့ လုပ်တာ.."

"ငါတို့ကို ချမ်းသာပေးပါ .. ဘာမှလည်း မဖြစ်သေးပါဘူး .."

"ကဲကွာ .. ခိုင်းတိုင်း လုပ်ဦး .."

"ခွပ် .."

"အား!..."



www.burmeseclassic.com

www.burmeseclassic.com



ထောင်ချခံရတော့မည်ဆိုသည့် အသိစိတ်နှင့် သုံးယောက်စလုံး ပြေးဖို့ပဲ ခြေလှမ်းပြင်နေကြကာ နှစ်ယောက်သမားကို မယှဉ်နိုင်ဘဲ ဖြစ်နေကြ၏။

"ဒုတ် .."

"အ!.. သေပြီ .."

"ကိုင်းကွာ .."

"အား!..."

သူတို့က ပြေးဖို့ပြင်လေ ဆက်ထုံး နဲ့ ခနေ က ညို့သကျည်းတွေကို ချည်း ရည်ရွယ်၍ ထိခိုက်အောင် လုပ်လေ..၊

"ဆက်ထုံး .. ဆက်ထုံး မလုပ်နဲ့တော့ .. သေသွားလိမ့်မယ် .."

ခနေ ကိုယ်တိုင်က အားပါးတရကြီး တိုက်ခိုက်နေရင်း ဆက်ထုံး လက်လွန်တော့မှာကို သတိထားမိကာမှ ပြေးလွှား တားရသည်။

"ဆက်ထုံး တော်ပြီး ဟော့ကောင် .. တရားခံက သူတို့လည်း မဟုတ်ဘူး .."

ဆက်ထုံး လက်ထဲက တစ်ပေလောက်ရှိသည့် ကားစက်နှိုးသော သံခေါက်သံကြီးကို မရမက ဖြေယူပြီး ဖျောင်းဖျနေရသည်။ တော်တော် ခဲယဉ်းနေတော့မှ ...

"ပေဖူး ဘာဖြစ်နေသလဲ မသိဘူး .. ဟိုမှာ သွားကြည့်ဦး .."

ဆက်ထုံး ရဲ့ အသက်ရှူသံပြင်းပြင်းနှင့် လှုပ်ရှားမှုတွေ ရပ်တန့်သွား၏။

ပြီးတော့ ပေဖူး ကို လှမ်းကြည့်သည် ..၊ သူမသည် ထိုနေရာလေးမှာပဲ ခွေကျ ငြိမ်သက်လျက် ..၊





## အခန်း (၄၂)

"ဟင်!... ထုံး .."

မျက်လုံးတွေ ပွင့်လာသည်နှင့် သူမအားမှာ ငုတ်တုတ်ထိုင်နေသူက ဆက်ထုံး ..၊

"ငါ .."

သူမ မျက်လုံးတွေ ပြူးခနဲ ဖြစ်သွားကာ ကိုယ့်ရင်ဘတ်ပေါ်ကို လက်တို့နှင့် ကာလိုက်၏။

"ဘာမှမဖြစ်တော့ဘူး .. ပြီးသွားပြီ .."

"ထုံး ရယ် .."

ပေဖူး ဝေါက်ခနဲ ထထိုင်ကာ ဆက်ထုံး ရင်ခွင်ထဲ တိုးဝင်ပြီး တရှိုက်ရှိုက်ငို၏။ အကြောက်လွန်သည့်သောကနှင့် ရှက်လွန်းသောစိတ်တို့ ပေါင်းစည်းကာ ဆက်ထုံး တို့ကို မြင်လိုက်တာနှင့် 'ငါ လုံခြုံပြီ' ဆိုသော ယုံကြည်ချက်နှင့် စိတ်ကိုလျှော့ချလိုက်တာ ဘာဆိုဘာမှ မသိတော့..၊

"နင်တို့သာ ရောက်မလာရင် .. ဒီ့ထက်နည်းနည်းလေး နောက်ကျပြီးမှ ရောက်ရင်လေ .. ငါ .."

ပြောရင်း ကလေးလို အော်ငို၏။

"အခု ဘာမှမှ မဖြစ်တာ တိတ်တော့ဟာ .. စိတ်ညစ်ရတဲ့အထဲ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

ဆက်ထုံး မျက်နှာက ညှိုးနွမ်းနေကာ ပေဖူး ကိုယ်လေးကို မသိမသာ တွန်းဖယ်၍ ...

"အပြင်မှာ ကိုချမ်း ရှိတယ် .."

"ဘယ်လို!..."

ပေဖူး အံ့သြသွားပြီး နာရီကြည့်မိသည်။ ညဥ့်နက်ပြီလို့ မဆိုသာပေမယ့် ဆယ်နာရီ ရှိနေပြီ ..၊ ဆက်ထုံး က ဆံပင်တွေကို ထိုးသိပ်တင်နေရင်း မျက်နှာငုံ့လျက် ...

"နင် သတိရအောင် သူ စောင့်နေတာ .."

"ဘာလုပ်ဖို့လဲ .."

"ဘာ!..."

မျက်ရည်တွေနှင့် မျက်နှာကို ဆက်ထုံး က မှုန်ကုတ်ကုတ် ပြန်ကြည့်၏။

"ဘာလုပ်ဖို့လဲ ဟုတ်လား .. နင်ရော မက်ဆေ့ချ်ရတာနဲ့ မစူးစမ်း မဆင်ခြင်ဘဲ ထွက်သွားတာ ဘာလုပ်ဖို့လဲ .."

ပေဖူး ခေါင်းခါရင်း မျက်ရည်တွေကို သုတ်၍ ...

"ငါ သူ့ကို တွေ့ချင်လို့ သွားတာ မဟုတ်ဘူး .."

ခန ဖုန်းလာပေးပြီးမှ ထူးထူးမြတ် ဖုန်းထပ်ခေါ်ပြီး ပြောသွားသည့် စက်ဆုပ်စရာတွေကို ပေဖူး က ကုန်စင်အောင်တော့ မပြောရဲပေမယ့်—

"သူက ငါတို့ရဲ့သိက္ခာတွေကို စုတ်ပြတ်သွားအောင်လုပ်ဖို့ ပြောနေတာ.. ငါ သူပြောသလောက် အကုန်ပြန်ပြောဖို့တောင် ပြောလို့မထွက်လို့ပါ ..၊ ပြီးတော့ ငါ သူ့ကို ရိုက်လိုက်မိတည်းက နင့်ချစ်သူဆိုတဲ့အသိနဲ့ အပြစ်ကြီးတစ်ခု ကျူးလွန်လိုက်မိသလို ခံစားနေခဲ့ရတယ် .."

ဘာမှမပြောဘဲ ဆက်ထုံး က နှုတ်ခမ်းတွေကို သိသာစွာ မဲ့ပစ်၏။

"နောက်ပြီး နင်က ငါ့ကို စကားလည်း ကောင်းကောင်း မပြော





တော့ .."

"ပြောရင်လည်း သဘာဝကျကျ ပြောစမ်းပါဟာ..၊ ဘာလဲ .. နင် သူ့ပါးကိုရိုက်လိုက်လို့ ငါက တင်းနေတယ်.. အဲလိုမျိုးလား.. ဟွန်း.."

ဆက်ထုံး က မရယ်ချင်ဘဲ ရယ်ကာ ဆံပင်တွေ သပ်နေရင်း ...

"ငါ့ကျောက ဒဏ်ရာကရော .."

"ဟင်!..."

"သူ့ကို နင် ရိုက်လိုက်လို့ ငါက တုံ့ပြန်ခဲ့တာလား .."

ပေဖူး မျက်လုံးအကြောင်သားနှင့် ငေးနေ၏။

"ပုံပြင်ပြောတယ်ဆိုတာလည်း နားထောင်တဲ့လူမှာ သေရာပါ စွဲလမ်းသွားအောင် ပြောတတ်ရတယ် .. နင့်ပုံပြင်ကို ဘာလုပ်ရမလဲ ..၊ မှတ်ထားရမလား .. ဟားတိုက် ရယ်ပေးရမလား .."

"နင် ကြိုက်သလို လုပ်လိုက်ပါ .. ငါ့အတွက်က ရယ်စရာ ငိုစရာတွေ ငါ ဖြစ်ခဲ့ရသမျှ နင့်ကြောင့်ချည်းပဲ .. နင်နဲ့ချည်းပဲ ပတ်သက်တာ.."

ပြောရင်းနဲ့ ငိုမိပြန်၏။ သူမကိုယ်ပေါ်မှာ ဆက်ထုံး ရဲ့ ရှပ်အင်္ကျီ ကွက်စိပ်လက်ရှည် ဝတ်ပြီးဖြစ်နေတာကို ငုံ့ကြည့်မိရင် နှပ်ညှစ်လိုက်မိချင် ...

"မသုတ်လိုက်နဲ့ .."

တစ်ရှူးထုပ်လေး သူမရင်ခွင်ထဲ ရောက်လာ၏။ ပြီးတော့ သူပဲ ပြန်ကောက်ယူကာ တစ်ရှူးစတွေ သုံးလေးစ ဆွဲထုတ်ပေးပြီးမှ ပြန်ချ၍...

"ဘာမှပြောမနေနဲ့ .. ထားလိုက်တော့ .."

"ဟင့်အင်း .. မသွားနဲ့ .."

တစ်ရှူးနဲ့ တစ်ဖက်ကသုတ်ရင်း တစ်ဖက်က သူ့ကို ဆွဲထားကာ...

"ငါ နင်နဲ့ပဲ နေချင်တယ် .."

ပြောရင်း တစ်ရှူးကို ပစ်ချသည်။ ပြီးတော့ သူ့လက်မောင်းကို ဖက်တွယ်မှီရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို သူများနဲ့ မပေးစားပါနဲ့တော့ ထုံး ရယ် .. ငါ ဟန်မဆောင်နိုင်တော့ဘူး သိလား .. ကိုချမ်း ကိုရော နောက်ထပ် တစ်ယောက် ယောက်နဲ့ဖြစ်ဖြစ် ဒီတစ်ခါ ထပ်ပေးစားရင် ငါ ရွာကိုပဲပြန်တော့မယ်.."

ဆက်ထုံး က သူမမျက်နှာလေးကို ငုံ့ကြည့်၏။ ကိုယ့်လက်မောင်းမှာ မျက်နှာလေး ကပ်မှီနေတာမို့ သူမရဲ့နှဖူးပြေပြေလေးက သူ့မေးဖျားနဲ့ မထိတထိ ..၊

"နှင် ထူးထူးမြတ် ကိုပဲ လက်ထပ်မှာဆိုရင်လည်း .."

"သူ့ကို ငါ ထောင်ကျအောင် ချုပစ်မလို့.. နှင့်သိက္ခာကြောင့် ထိန်းနေလိုက်တာ .."

"ဟင်!... ထူး ကို .."

"ဟုတ်တယ် .."

ဆက်ထုံး မျက်နှာသည် ရှုံ့ရှာသလိုလည်း မဲ့နေကာ တင်းလည်း တင်းနေလျက် ...

"တော်တော်မိုက်ရိုင်းတဲ့ မိန်းမ .. သူ တမင်တကာ ကိုချမ်း ဆီက ဖုန်းခိုးထားပြီး အကွက်ချ စီစဥ်တာ .. ကိုချမ်း ကိုလည်း ဖုန်းပြန်ပေးမယ်ဆိုပြီး ချိန်းသေးတယ် ..၊ နင့်ကို ကိုချမ်း နဲ့ ပေါင်းပြီး ကြံစည်တာလို့ လို .."

"ဘုရား!... ဘုရား .."

ပေဖူး ရင်ဘတ်လေးဖိပြီး မျက်လုံးတွေပါမှိတ်၍ ဘုရားတသည်။ ထိုမျက်နှာလေးကို ငုံ့ကြည့်ရင်း ဆက်ထုံး ရဲ့ လက်တစ်ဖက်က သူမ ပခုံးလေးကို သိမ်းဖက်လာကာ ...

"နင့်အတွက် ငါ ကာကွယ်ပိုက်တည်းက သူ သိတယ် .."

"ဘာကိုလဲ ဟင် .."

"ငါ့ရဲ့စိတ် ဘယ်မှာလဲဆိုတာ .."

"ဟင်!... ဘယ်လို .."





ပေဖူး စိတ်ဝင်တစား ထဖြစ်ကာ သူ ဖက်ထားသည့်လက်ကို ဖယ်ချပြီး ငေါက်ခနဲ ကိုယ်လေးမတ်၏။

"ပြန်ပြောစမ်းပါ .. နင် .. နင့်ရဲ့စိတ် .."

ပြုံးယောင်သမ်းနေသည့် ဆက်ထုံး မျက်နှာက တစ်စုံတစ်ခုကို သတိရသွားသလို ညို့ခနဲ ဖြစ်သွားခဲ့ပြီး ...

"ဒီလိုပဲ ရောက်ချင်ရာ ရောက်နေတာ .."

"နင့်ဆီမှာလို့ ပြောလိုက်စမ်းပါကွာ .. ပြောလို့ ရပါပြီ .."

ခနနဲ့ ရာဇ တို့ တံခါးကို တစ်ဝက်လောက်ကျအောင် တွန်းဖွင့်လိုက်ကြပြီး အထဲကိုလည်း ဝင်မလာကြဘဲ ပြုံးစိစိမျက်နှာတွေနှင့်—

"ကိုချမ်း ကို ငါတို့ ပြောလိုက်ပြီ .."

"ဘာကြည့်တာလဲ ..၊ တကယ် ပြောနေတာ .."

ခန က တံခါးဘောင်မှာ ပခုံးစောင်းနဲ့မှီ၍ လက်ပိုက်လိုက်ရင်း—

"ထူးထူးမြတ် ခါးတစ်ချောင်းနဲ့ပတ်ရမ်းသွားတာကစပြီး ခု ဖြစ်တဲ့အထိ ပြောပြလိုက်တာ ဘာမှတောင် ထပ်ပြီး တိုက်တွန်းဖို့မလိုဘူး နားလည်သွားတာ .."

ဆက်ထုံး မျက်နှာမထားတတ်သလို ဖြစ်သွားကာ နေရာမှ ထရပ်ပြီး ပီကေထုတ်၏။ ရာဇ က ရယ်ကျဲကျဲနှင့် မေးဆတ်ပြကာ ...

"ဒီကောင် နွားသိုးကြိုးပြတ် ဖြစ် .. အဲ ... ရိုင်းသွားသလား ..၊ မရိုင်းဘူး မို့လား .."

"ပြောပြီးကာမှ .. သူတောင်းစား .."

မျက်နှာကြီး နီရဲသွားကာ ပီကေအိတ်ခွံနှင့်ပစ်ပေါက်ပြီး ဆက်ထုံး က ဆဲသည်။

"မှန်တာပြောရင် ကြားရဆိုးတယ်ကွ .. မင်း အကုန်လုံးကို ရန်လုပ်ပြီး မစားနိုင် မအိပ်နိုင်ဖြစ်နေတာ ပေဖူး က လွဲရင် အားလုံး သိတယ်..၊ အခု ကိုချမ်း ကဆို မင်းမျက်လုံးတွေ အမူအရာတွေ အကဲခတ်မိ



www.burmeseclassic.com

www.burmeseclassic.com



နေတည်းက မင်း ပေဖူး ကို ချစ်နေတယ်ဆိုတာ သူ ရိပ်မိတယ်တဲ့ ..

ဒီတစ်ခါ ပေဖူး ခုတင်ပေါ်ကနေ ဆင်းရပ်လိုက်တာဖြစ်ကာ လက်သီးဆုပ်လေး နှုတ်ခမ်းမှာကပ်လျက် မယုံနိုင်တာလား ..၊ ရှက်နေတာလားတော့ မသိ ..၊

"ဒါကြောင့် ပေဖူး ကိုလည်း အကျပ်ရိုက်သွားလောက်အောင် သူ ဖွင့်အတင်း ဘာမှမတောင်းဆိုခဲ့ပါဘူးတဲ့ .. မင်းတို့ချင်းပဲ လက်ထပ်သင့်တာပါတဲ့ .. သူ့ဘာသာ ဆုံးဖြတ်ပြီး ထပြန်သွားတာ .."

"ငါ ထင်သားပဲ .. ကိုချမ်း အပြင်မှာစောင့်နေတယ်ထင်ပြီး မင်း အုံပုန်း ထပ်လုပ်မလို့ .."

"မနဲ့ .."

"မင်း မဟုတ်ဘူးလား ..၊ ခုပဲ ..."

"ကဲ့ .. မင်းတို့ တော်မှာလား .. ငါ ဆွဲထုတ်ရမလား .."

"အံမာ .."

"အေးလေ ကြည့်စမ်း ..၊ ဆွဲတောင်ထုတ်ဦးမယ် တဲ့ .. ငါတို့မှာတော့ ကိုချမ်း နားလည်သွားအောင် မင်းတို့ချင်း ပေးဆပ်နေကြတာတွေကို ပြောပြလိုက်ရတာ .."

ဆက်ထုံး မျက်နှာ ပြုံးယောင်သမ်းလာကာ ပီကေဝါးရင်း ပေဖူး ကို လှည့်ကြည့်သည်။ ပေဖူး က မျက်ခုံးလေးတွေ တွန့်ကုတ်နေကာ ဘာကို စဉ်းစားနေသည် မသိ ..။

"ကိုချမ်း မပြောနဲ့ ထူးထူးမြတ် တောင်မှ ပေဖူး ကို မင်း ချစ်နေတာ အစတည်းက အကဲခတ်မိတယ် ..၊ ဒါကြောင့် ပေဖူး ကိုချည်မည်းခြေတင်ပြီး မကျေနပ် ဖြစ်နေတာ .."

"ဟုတ်တယ် ပေဖူး .. နင့်လောက်တုံးတာလည်း နင်ပါပဲဟာ .. ဒီကောင် အော်ငေါက်နေတာတွေကို ဆူတယ် မာန်တယ်ချည်းပဲ ထင်နေတယ် ..၊ ရန်လုပ်နေတိုင်း မုန်းလို့မဟုတ်ဘူးဆိုတာ အခုကနေ





သေတဲ့အထိ မှတ်သွားလိုက်တော့ .."

ရာဇ က မဲ့ရွဲ့ကဲ့ရဲ့ပြီး လှည့်ထွက်သွားကာ ...

"မနက်ကျရင် မင်းတို့နှစ်ယောက် ငါတို့ကို ကောင်းကောင်း ကျွေးမွေးဆပ်ဖို့ ပြင်ထား .."

"ဟုတ်တယ် .. ဒါပဲ .."

ခနေ ကလည်း ပြောစရာတွေရှိသေးပေမယ့် လက်ညှိုးထောင်ပြရင်း လှည့်ထွက်သွားကာ တံခါးကိုပါ ဆွဲစေ့သွားသေးသည်။ သူ ပေဖူး ဘက်ကို လှည့်လိုက်လျှင် သူမက အနားကို လျှောက်လာနေပြီ ဖြစ်ကာ ...

"ထုံး .."

"ပြော .."

"သူတို့ပြောသွားတာတွေ တကယ်လား ဟင် .."

"ဘာလဲ .."

"နင်က .. နင်က .. ငါ့ကို ..."

"ဘာဖြစ်လဲ .."

"ချစ် .."

"ပြောစမ်းပါ .. ခုကျမှ မပြောရဲတော့ဘူးလား .."

"သိရင်လည်း ဖြေပါလား .."

"မေးမှ ဖြေရမှာလေ .. နင် ဘာမေးမလို့မှန်း မသိဘဲ ဘာ ဖြေရမှာလဲ .."

ပေဖူး ရင်တွေခုန်နေကာ ဆံပင်တွေ ဖိသပ်ချရင်း စိတ်ကိုထိန်းတာလည်း မရ ..၊ ထုံး ကို ချစ်တာတွေ အမြဲတမ်းပဲ ပြောလာခဲ့တဲ့ဥစ္စာ ဘာဖြစ်တာလဲ ..၊

ဆက်ထုံး က ပီကေကို သွားကြားထဲမှာ ဖိကြိတ်ထားရင်း ရယ်သည်။ ပေဖူး မြင်သွားတော့ ပါးပြင်လေးတွေ ရဲသွားကာ ...

"မနက်ကျမှပဲ မေးတော့မယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ခုပဲ မေးစမ်းပါ .."
"အို .. ထုံး .."
သူမ ရှောင်ထွက်သွားဖို့ ပြင်တာနှင့် ဆက်ထုံး က ဆွဲဖက်ထားလိုက်ကာ ...
"မေးလေ .."
"ဟင့်အင်း .. ဆက်ထုံး .. ငါ .."
"ဘာဖြစ်လို့လဲ .."
"နင် .. နင့်မျက်နှာ နောက်ဆုတ်လိုက်စမ်းပါ ..၊ ငါ ဘယ်လိုကြီးမှန်း မသိဘူး .. ဒူးတွေ တုန်နေတယ် .."
"အဲ့ဒါ ချစ်နေလို့ .."
ပေဖူး အမှတ်တမဲ့မော့လိုက်တော့ ဆက်ထုံး ရဲ့ နှာခေါင်းချွန်ချွန်က သူမပါးပြင်လေးနဲ့ မထိတထိ ကျီစယ်နေကာ ...
"အမြဲတမ်း ပြောရဲနေတာတွေက ရင်ခုန်သံ မပါဘူး.. အခု မပြောရဲတော့တာ ရင်တွေခုန်နေလို့ .."
"နင် .. နင်ရော အဲလိုမျိုး ..."
ဆက်ထုံး က ရယ်လိုက်ရင်း ...
"နားထောင်ကြည့်လေ .."
သူမ မျက်နှာလေးကို ရင်ခွင်ထဲမှာ ဖိကပ်ပေးလိုက်သည်။ဒါပေမယ့် ရင်တုန်ပန်းတုန်ဖြစ်နေသည့် နားထဲမှာလည်း ဘာမှလည်း မကြား...၊ တစ်ကိုယ်လုံးမှာလည်း ဓာတ်လိုက်သလို ကျဉ်ခဲနေကာ ...
"လွှတ်ပါ ထုံး ရယ် .. ငါ ငိုချင်သလိုကြီး သိလား .."
"နားထောင်ခိုင်းနေတာလေ .. မကြားရဘူးလား ..၊ ရင်တွေ ဒီလောက် ခုန်နေတာ .."
"မသိဘူး .. ငါ့ရင်ဘတ်ကြီး လှုပ်နေတာက ပိုဆိုးနေတာ .."
"ဟား .. ဟား .. ဟား ..."





"ဘာ ရယ်တာလဲ .. လွှတ်လို့ ဆိုမှ .."
"ပေဖူး .."
"ဟင် .."
"ငါ ပီကေစားရင် နင် ကြိုက်တယ်ဆို .."
"အင်း .."
"စားကြည့်ချင်တယ် ဆိုတာရော မှတ်မိလား .."
"အင်း .."
"ခု .. စားကြည့်လို့ ရပြီ .."
"ဟင်!..."
ပေဖူး နားမလည်ဘဲ သူ့မျက်နှာကို မော့ကြည့်လိုက်လျှင် ...
"ဟာ!... ဟင့်အင်း .. ဘာလုပ်တာလဲ ..၊ ထုံး နော် .."
"ပီကေ ကျွေးမယ် .."
"မစားတော့ဘူး .."
"မရဘူး .."
ပျော်စရာတွေ ရောက်လာတဲ့အခါ စိတ်ညစ်စရာ ဆင်းရဲခြင်းအပေါင်းကို မေ့သွားတတ်ကြသည်လား ..၊ ပေဖူး သူ့ရင်ခွင်ထဲမှာ ခေါင်းတိုးကွယ်ရင်း အားလုံးကို မေ့သွားခဲ့လေသည်။
ရိုင်းစိုင်းယုတ်မာသော လူကြမ်းကြီးသုံးယောက်နဲ့ ထူးထူးမြတ်...
ဆက်ထုံး နဲ့ သော်လည်းကောင်း၊ ငြိမ်းချမ်းအောင် နဲ့သော်လည်းကောင်း ဘယ်သူကမှ မြတ်နိုးတန်ဖိုးထား၍ ရှေ့လက်တွဲလိုခြင်း မရှိတော့အောင် သူမဘဝကို ဖျက်ဆီးဖို့ ကြံစည်ခဲ့၏။
ထိုအကြံအစည်သာ အောင်မြင်ခဲ့ပါလျှင် ငြိမ်းချမ်းအောင် နဲ့ ဆက်ထုံး ရဲ့ အမုန်းမီး ဘယ်ထိ လောင်မြိုက်နိုင်မည်ဆိုတာ မသိ ..၊
ဘယ်သူတွေ သေပြီး ဘယ်သူတွေ ထောင်ကျမလဲ ..၊
ပေဖူး ဆိုသော သူမ၏ဘဝသည် ကံကြမ္မာ၏ မျက်နှာသာပေးမှု



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှာ ယောကျ်ားကောင်းတို့၏ ကာကွယ်ခြင်းဖြင့် ...

"ငါ အရမ်းကျေးဇူးတင်တာပဲ သိလား .."

"ဘာကိုလဲ .."

"အားလုံးကိုပဲ ..၊ မကောင်းမှုတွေကနေ လွှဲဖယ်ပေးခဲ့တဲ့ ကံကြမ္မာကိုရော .. နင့်ရယ် .. ခနဲ့ တို့ရယ် .. ကိုချမ်း ကိုရောပဲ .."

"ကျေးဇူးတွေ သူတို့ကို တင် .. ငါက ကျေးဇူးတွေ မလိုချင်ဘူး.."

"ထုံး နော် .."

"ဒီမှာ လူကို ကြည့် .."

"မကြည့်ချင်ပါဘူး .. သွား .."

ဆက်ထုံး က ရယ်လိုက်ပြီး နဖူးချင်း တိုက်ပစ်လိုက်သည်။

"အား .. သေပါပြီ .."

ပေဖူး နဖူးလေးပွတ်ရင် မော့လာတော့ ပြန်ငုံ့သွားလို့မရအောင် မေးဖျားလေးကို ကိုင်ထားလိုက်မိကာ ...

"ငါကတော့ ဆူဆူငေါက်ငေါက် ငါ့ကို 'ထုံး'လို့ပဲ စွဲစွဲမြဲမြဲ ခေါ်နေတဲ့ တစ်ယောက်တည်းသော ကောင်မလေးကို ချစ်တယ် ..၊ အဲဒီကောင်မလေးရဲ့အချစ်တွေကိုလည်း ငါပဲ ရချင်တယ် .. ဒါပဲ .."

ပေဖူး က ပီတိတွေ ဖြာသွားသည့် မျက်နှာလေးနှင့် ပြုံးနေ၏။ ဒါပေမယ့် ဖြတ်ခနဲ တည်သွားကာ ...

"သွားပါ .. ငါကချည်းပဲ ချစ်ပါရစေလို့ ပြောနေရတာ ..၊ သူကမှ ခုနကထိ .."

"ခုနကထိ ခင်ဗျားရဲ့လူကြီးက ငုတ်တုတ်ထိုင်စောင့်နေတာလေ"

"အဲဒီလူကြီးကို ဘယ်သူက ဖန်တီးတာလဲ .."

"ဖန်တီးပေးတိုင်း ချစ်စရာလား .."

"ဘယ်သူက ချစ်တယ် ပြောနေလို့လဲ .."

"မချစ်တဲ့မျက်နှာကြီးက 'ကိုကြီး ကိုကြီး'နဲ့ မပါမပြီး .."





"ဒါကတော့ .."

"တော်ပြီ .. အဲဒါတွေ မပြောနဲ့တော့ ..၊ ခု ပြောရင် ခု ထပြီး လူသတ်ချင်စိတ် ပေါက်လာတယ် .."

"ဟယ် .. ငါ့ကိုလား .."

"ပါချင် ပါမှာပေါ့ .. ပြောလို့ မရဘူး .."

"ထုံး နော် .. တကယ်ဒေါသဖြစ်နေတဲ့ ရုပ်ကြီးနဲ့ .."

ပေဖူး က ဆက်ထုံး မျက်နှာကို သေချာကိုင်ပြီး အပီအပြင် မော့ ငေးနေ၏။ အဟုတ်ကြီး စိတ်တိုသွားတာ အမှန်ပေမယ့် အဲဒီလို ကြောင်တောင်တောင်နိုင်တာတွေကြောင့် ရယ်ချင်သွားတာလည်း တကယ်..၊

"နင် ငါ့ကို ဒေါသတွေ တကယ်ဖြစ်နေခဲ့တာပေါ့ .."

"ဟုတ်တယ် .. လူကို ချစ်တယ် ချစ်တယ်နဲ့ ..၊ သူများနဲ့ ယူပါလား ဆိုတော့လည်း ယူမယ့်ပုံ .."

"သြော် .. နင်ပဲ ပေးစားတာလေ .."

"ခင်ဗျားကို အဲဒီလူနဲ့တွဲပြီး ပထမဆုံး မြင်လိုက်ရတဲ့နေ့တည်းက ဒီမျက်နှာမှာ ဘာရုပ်ပေါက်နေလဲ နည်းနည်းမှ သတိမထားမိဘူးလား.."

"မထားမိဘူး .."

ပေဖူး က ခပ်ရွှဲရွှဲ ပြန်ဖြေကာ သူ့ရင်ဘတ်ကိုပါ တွန်းပစ်လိုက်ပြီး မျက်စောင်းထိုး၏။

"ငါ့ကို မယူနိုင်ပါဘူး .. ချမ်းသာချင်ပါတယ်လို့ ရက်ရက်စက်စက် ပြောပြီးတော့ ငါကပဲ အလိုက်တသိ ပြန်ချစ်ပေးရဦးမယ် ..၊ ဟွန်း.. တော်တော် တရားကျဖို့ကောင်းတဲ့ လူ .."

"တရားကျဖို့ စိတ်မကူးနဲ့ဦး .. လောကီ လောကုတ္တရာကိစ္စတွေ ခုမှ စရမှာ အများကြီးပဲ .."

ဆက်ထုံး က ပေဖူး တစ်ကိုယ်လုံးကို ဖက်လုံးလေး ဖက်သလို သိမ်းပိုက်ဖက်ထားလိုက်ကာ ဆံနွယ်လေးတွေကို မျက်နှာနဲ့ တိုက်ပွတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်ရင်း ...

"ချစ်တယ် .."

"ဟင်!..."

"အရမ်းချစ်တယ် .. လူသတ်ချင်လောက်အောင် သဝန်တိုလာတာ ကိုယ့်ကိုယ်ကိုယ်တောင် မထင်ဘူး ဟကယ် .."

"အဲဒါနဲ့တောင် ဟန်ဆောင်ထားသေးတယ် .."

"မသိဘူးကွာ .. အဲဒီအချိန်တွေမှာ နင့်ဘက်က ပြန်သိလာမယ့် အချစ်ကိုပဲ လိုချင်နေတာ ...၊ အကြည့်လေးတစ်ချက် .. စကားလေးတစ်ခွန်း ဘာဖြစ်ဖြစ် အဲဒီစကားက ငါ့ကို အားလုံးထက် ပိုလိုအပ်နေတယ် ဆိုတာပဲ .."

ပါးချင်းကပ်ဆေးရင်း အတင်းဖိကပ် နမ်းသည်။ ပေဖူး ကိုယ်တိုင် ရင်တွေခုန်နေကာ စကားတွေ ပြန်ပြောနေမိပြီး ဘာသံမှလည်း မထွက်နိုင် ...၊

ခုချိန်မှာ စကားပြောလိုက်လျှင် ဘယ်လိုအသံမျိုးကြီး ဖြစ်နေမလဲ...၊

"ငါ့ကို ချစ်လား .."

"အင်း .."

"ဘယ်လောက်ထိလဲ .."

"အရမ်းပဲ .."

မျက်နှာချင်းဆိုင် လှည့်ယူပြီး ဖက်ထားလိုက်တော့ ရင်ခုန်သံချင်း နီးစပ်ကာ ပို၍ နားလည်ခဲ့ကြပြီး ...

"နင် မချမ်းသာချင်တော့ဘူးလား ဟင် .."

"အခု ချမ်းသာသွားပြီ .."

"ဟင်!..."

ဆက်ထုံး က ရယ်ကာ ပေဖူး ရဲ့မေးဖျားလေးကို မော့ယူပြီး စိုက်ကြည့်သည်။





"ခုချိန်မှာ ထူး နဲ့ ကိုချမ်း တို့ ရင်ထဲမှာ ဘာတွေဖြစ်နေပြီလဲ [illegible] တွေးကြည့်ပါလား .."

"အဲဒါ ဘာဆိုင်လို့လဲ .."

"ဒုက္ခဆင်းရဲကြီးစွာ ခံစားနေကြရတာလေ .. သူတို့ ချမ်းသာတာ တွေကြောင့် ပျော်နေကြလို့လား .."

ပေဖူး ပျော်သွားသည်။ သူ့ခါးကို တပ်မက်မြတ်နိုးစွာ [illegible] ရင်း ...

"ငါ ခုနေ သေသွားမယ်ဆိုရင်တောင် ငါ့မျက်နှာက ပြုံးနေမှာ သိလား .."

"မသေနဲ့ဦး .. မောင်တစ်ထမ်း မယ်တစ်ရွက် ရှာဖွေ စုဆောင်းပြီး သားတွေ သမီးတွေ မွေးရဦးမှာ .."

"အဟွန်း .."

"နင် မဆင်းရဲစေရပါဘူး ပေဖူး ရယ် .. ငါတို့ဘဝအတွက် ငါ့မှာ ခွန်အားတွေ ရှိပါတယ် .."

"အင်း .. ငါရောပဲ .. နင်နဲ့သာ နေရမယ်ဆိုရင်လေ .."

"ဆက်ပြော .."

"မသိဘူး .. အရမ်းပျော်နေတာ .. နင့်ရင်ခွင်ထဲမှာ မျက်လုံးမှေး မှိတ်ပြီး အကြာကြီး နေချင်တယ် .."

"ဟာ .. ဒီလိုတော့ ဘယ်ရမလဲ ...၊ ပျင်းစရာကြီး .."

"အို .. ထုံး ဘာလဲ .."

"ပီကေ တူတူစားရအောင် .."

မျက်နှာကိုမော့ယူပြီး သူ ဝါးနေတဲ့ပီကေကို မျက်နှာနား ကပ်ပြ[illegible]

ဟိုတုန်းကဆို သူ ပီကေစားတိုင်း 'နင် အဲဒါစားနေရင် နှုတ်ခမ်း[illegible] တွေက အရမ်းကြည့်ကောင်းတာပဲ'လို့ သူမ ပြောဖြစ်တာ [illegible]

ဒါပေမယ့် ခုတော့ ...



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"မစားချင်ပါဘူး .."

"ဟိုတုန်းက ဘယ်သူ တောင်းတောင်းစားတာလဲ .."

"ထုံး နော် .."

"ဟုတ်တယ်လေ .. ကုန်နေပါပြီဆိုတာတောင် ပါးစပ်ထဲက ထုတ်ပေးပါ ဆိုပြီးတော့ .."

"ဟင့်အင်း .. အဲဒါ ဟိုတုန်းက .."

"ငါက ခုမှ ထုတ်ကျွေးချင်နေတာ .."

"ထုံး နော် .. လွှတ် .. ဟင့်အင်း .."

သူ ဘာလုပ်မယ်ဆိုတာ သိနေသဖြင့် ပေဖူး အတင်းရုန်းနေမိသည်။ ထိုစဉ် ...

"ဒုန်း .."

"အမေ့ .."

တံခါးသည် ပြင်းထန်သော ထိခတ်သံကြီးနှင့်အတူ မြည်ဟီးတုန်ခါသွားခဲ့လျက် ...၊ ပေဖူး လည်း ဆက်ထုံး ရင်ခွင်ထဲမှာ ငြိမ်ငြိမ်သက်သက်လေး ဖြစ်သွားခဲ့ပြီး ...၊

ကျေးရွာရှင်တွေ မနက်ကျရင် များများ မျိုးနိုင်ပါစေ.. ဝါးနိုင်ပါစေ..၊

ခန နဲ့ ရာဇ ကို ဆက်ထုံး ကြိတ်၍ မေတ္တာပို့ရင်း ...

အချစ်ဖြင့်သာ ချမ်းသာလိုကြောင်း ...၊

*ဝရိုသတ်အတွက်*

*ထာဝရ*



www.burmeseclassic.com